www.burmeseclassic.com

BURMESE CLASSIC .com

# IMPHAL

By
Lieutenant General
Sir Geoffrey Evans
K.B.E., C.B. D.S.O
and
Antony Brett-James

# အင်ဖာတိုက်ပွဲ

တက္ကသိုလ်
နန္ဒမိတ်

မြန် မာ မြန်

www.burmeseclassic.com

www.burmeseclassic.com


စီစဉ်သူ
ညက်ပွင့်(စက်မှု)

မျက်နှာဖုံးဒီဇိုင်း ညက်ပွင့် (စက်မှု)
အဖုံးဓလင် Best Color
အတွင်းဓလင် ကိုဦး
Logo ဒီဇိုင်း ပန်းချီကိုကျော်သိုက်နှင့် (Q.C)
တွန်ဖျူတာ မောင်မောင်မြတ်နှင့်ဧယျာမြေ
စာစည်း မောင်သာယာ

၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ၊ တန်ဖိုး (၈၀၀) ကျပ်

ပုံ နှိပ် မှတ် တမ်း

စာမူခွင့်ပြုချက်အမှတ် - ၇၉/၂၀၀၃ (၉) နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၇/၂၀၀၄ (၆) အရ
မာကျူရီအော့ဖ်ဆက်၊ ဦးစွန်းတော်သူ (၀၅၅၅၇)၊
အမှတ်(၄၉)၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ
အတွင်းစာသားနှင့် မျက်နှာဖုံးကို ရိုက်နှိပ်ကာ၊
ဦးလှမိုး (ညက်ပွင့်-စက်မှု) (မှတ်ပုံတင်အမှတ်-၀၃၉၄၉)၊
ဧယျာမြေစာပေတိုက်၊ တိုက်(၇၂၄)၊ အခန်း (၁၈)ပ-ထပ်၊
မဟာဗန္ဓုလလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့မှ
ဒုတိယအကြိမ်. . . အုပ်ရေ (၅၀၀) ထုတ်ဝေသည်။


ဧယျာမြေစာစဉ် -(၄၄)

# တက္ကသိုလ်နန္ဒမိတ်
(မြန်မာပြန်)

# အင်ဖာတိုက်ပွဲ
(ဒုတိယအကြိမ်)

IMPHAL

*By*

Lieutenant General Sir Geoffrey Evans
K.B.E., C.B.D.S.O. And
Antony Brett James

ဧယျာမြေ


စာပေတိုက်

တိုက်နံပါတ် (၇၂၄)၊ အခန်း(၁၈)-ပထပ်၊ (၁၇×၁၈)လမ်းကြား၊
မဟာဗန္ဓုလလမ်း၊ လသာမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း -၂၅၀၆၆၈


www.burmeseclassic.com

www.burmeseclassic.com

## အင်ဖာတိုက်ပွဲ

ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာပြည်မှ ဆုတ်ခွာသွားသော ဗြိတိသျှတပ်များကို အိန္ဒိယပြည်အင်ဖာမြို့အထိ လိုက်လံတိုက်ခိုက်သော ဂျပန်တပ်မတော်၏ ထိုးစစ်တိုက်ပွဲ မှတ်တမ်းဝတ္ထုကြီး ဖြစ်သည်။

စစ်ဝတ္ထုကြီးများကို ကြိုက်နှစ်သက်သူများ၊ တိုက်ပွဲမှတ်တမ်းများကို လေ့လာလိုသူများ၊ ဖတ်မှတ်လေ့လာသိမ်းဆည်းထားရမည့် စာအုပ်ဖြစ်သည်။

**ဧေယျာမြေ**

**စာပေတိုက်ရဲ့သမိုင်းမှတ်တိုင်တစ်ခု**

## မြန်မာပြန်သူ၏အမှာ

အင်ဖာသည် မြန်မာပြည် အနောက်မြောက်နယ်စပ်နှင့် မိုင်(၅၀) သာကွာဝေးသည်။ မိုင်(၅၀)ဆိုသောခရီးမှာ မော်တော်ကားလမ်း၊ မီးရထားလမ်းပေါက်သောဒေသ၌ တစ်နာရီ နှစ်နာရီမျှသာကြာသော ခရီးဖြစ်လေသည်။

သို့သော် အင်ဖာနှင့် မြန်မာပြည် အနောက်မြောက်နယ်စပ်ကြားတွင် တောများ၊ တောင်များ၊ မြစ်များခံလျက် ရှိသည်။

အင်ဖာသည် ပထဝီဝင်အနေအထားအရ မြန်မာပြည်တွင် ပါဝင်သောနယ်တစ်ခုမဟုတ်။ သို့သော် (၁၉၄၄)ခုနှစ်တွင် မြန်မာပြည်လုံးဆိုင်ရာ စစ်နယ်မြေဒေသမှူးအဖြစ် တာဝန်ယူသွားခဲ့သော ဂျပန်ဗိုလ်ချုပ်ကြီး ကဝါဘီကမူ စစ်ရေးအရ အင်ဖာသည် မြန်မာပြည် စစ်မျက်နှာတွင် ပါဝင်သည်ဟု သတ်မှတ်ခဲ့၏။

အင်ဖာသည် အင်္ဂလိပ်အစိုးရက တိုက်ရိုက်အုပ်ချုပ်သော ပဒေသရာဇ်စနစ် ထွန်းကားရာ မဏိပူရပြည်၏မြို့တော်တည်း။

အင်ဖာရွှေမြို့တော်တည်ရှိရာ အင်ဖာလွင်ပြင်သည် ပင်လယ်ရေမျက်နှာပြင်မှ ပေ (၂၆၀၀)ခန့်သာ မြင့်သော်လည်း အင်ဖာလွင်ပြင်၏ သုံးဖက်သုံးတန်တွင် ပေ (၈၀၀၀)ကျော် မြင့်သော တောင်စဉ်တောင်တန်းများဝန်းရံလျက်ရှိသည်။

ထို့ကြောင့် ဂျပန်စစ်သည်တော်များက အင်ဖာကို ဂျပန်စကားပုံဖြင့်တင်စား၍ *"တကာနိန္နိဟနား . . တောင်ထိပ်ပေါ်မှ ပန်းကလေး"* ဟု ခေါ်ဝေါ်ခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ယခင်က လူသူအရောက်အပေါက်နည်းကာ မည်သူကမျှ အရေးစိုက်ရမှန်း မသိခဲ့သော အင်ဖာသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်းတွင် ဖက်ဆစ်နှင့် ဖက်ဆစ်ဆန့်ကျင်သူများ၏ စစ်ခင်းရာ စစ်တလင်းကြီး ဖြစ်လာခဲ့ကာ၊ ဂျပန် ဗိုလ်ချုပ်ကြီး ကဝါဘီနှင့် အင်္ဂလိပ် ဗိုလ်ချုပ်ကြီး ဝီလျံဆလင်း, ဂျပန်ဗိုလ်ချုပ်ကြီး မတ္တာဂူချီနှင့် အင်္ဂလိပ်ဗိုလ်ချုပ်ကြီး စကွန်းတို့ ဉာဏ်ကစားရာ စစ်တုရင်ခုံကြီးဖြစ်လာခဲ့သည်။

ဂျပန်ဗိုလ်ချုပ်ကြီး မတ္တာဂူချီနှင့် အင်္ဂလိပ်ဗိုလ်ချုပ်ကြီး စကွန်းတို့ စစ်တက်ပုံ၊ စစ်ငင်ပုံ၊ စစ်မြှုပ်ပုံ၊ စစ်ဆုတ်ပုံတို့မှာ သေနင်္ဂဗျူဟာအရာတွင် ကျွမ်းကျင်လိမ္မာလှသည်။ ထို့ကြောင့်လဲ ကမ္ဘာအရပ်ရပ်ရှိ စစ်ပါရဂူများက အင်ဖာသို့ရင်တဖိုဖို အသည်းတထိတ်ထိတ်နှင့် လှမ်း၍ကြည့်နေခဲ့ရ၏။ အင်ဖာသည်သာ ဂျပန်လက်ထဲသို့ကျသွားလျှင် အိန္ဒိယပြည်ကြီး၏ လုံခြုံရေးသည်လည်း များစွာစိုးရိမ်ဖွယ်ရာ ဖြစ်လာတော့မည်ဖြစ်၏။

အင်ဖာတိုက်ပွဲသည် အာရှအရှေ့တောင်ပိုင်းတွင် ဖက်ဆစ်နှင့် ဖက်ဆစ်ဆန့်ကျင်သူများ၏ အရှုံးအနိုင်ကို အဆုံးအဖြတ်ပေးမည့် တိုက်ပွဲကြီးဖြစ်လာပေပြီ။

ပြင်ဦးလွင်မြို့ရှိ စစ်ဌာနချုပ်မှနေ၍ ကွပ်ကဲနေသော ချင်းတွင်းကို ထောင်နှင့်ချီ၍ ဖြတ်ကူးကာ တိုက်ခိုက်ခဲ့သော အင်ဖာတိုက်ပွဲကို အသေးစိတ်နီးပါးမျှ မြန်မာပြည်ဆို၍ တင်ပြလိုက်ပါသည်။

တက္ကသိုလ်နန္ဒမိတ်
၂၃-၇-၁၉၆၅

◆◆◆

(၁)

လက်ဝှေ့ကျော်နှစ်ဦး . . .

တစ်ဦးကား အင်္ဂလိပ်၊ တစ်ဦးကား ဂျပန်။

ပထမအချီတွင် ဂျပန်လက်ဝှေ့ကျော်သည်ကမ္ဘာ့ချန်ပီယံဘွဲ့ထူးကို အချိန်ကြာမြင့်စွာ ဆွတ်ခူးထားခဲ့သော အင်္ဂလိပ် လက်ဝှေ့ကျော်ကြီးအား ကြိုးဝိုင်းအပြင်နှင့်တူသော ချင်းတွင်းအနောက်ဘက်ကမ်း၏ ဟိုမှာဘက်သို့ လွင့်စဉ်သွားသည်အထိ ထိုးသတ်လိုက်နိုင်သည်။

ကြိုးဝိုင်းကား မြန်မာပြည်။ အချိန်ကား (၁၉၄၂)ခုနှစ်အတွင်း။

ကမ္ဘာ့လက်ဝှေ့စင်မြင့်သို့ ဖွတ်အတင်းတက်လာသော ဂျပန်သည် တရားမဝင်သော တံတောင်ဆစ်နှင့် ဒူးကိုပါ အသုံးပြုကာ နယ်ချဲ့ချန်ပီယံဘွဲ့ထူးကြီးကို ဆွတ်ခူးရယူထားသော အင်္ဂလိပ်လက်ဝှေ့ကျော်ကြီးအား အငိုက်တွင် အရှိုက်ကိုထိုးလျက် ပထမအချီတွင် အနိုင်ယူခဲ့၏။

(၁၉၄၃)ခုနှစ် နှစ်ဦးပိုင်းသို့ ရောက်လာသောအခါ လက်ဝှေ့ကျော်နှစ်ဦးစလုံးပင် ဒုတိယအချီအတွက် အဘက်ဘက်မှ ပြင်ဆင်လျက်ရှိနေကြလေသည်။ (၁၉၄၃)ခုနှစ်တွင် ဂျပန်သည် မြန်မာပြည်တစ်ပြည်လုံးကို သူတို့ ခန့်မှန်းထားသည်ထက်ပင် အချိန်များစွာ စော၍သိမ်းပိုက်နိုင်ခဲ့ရာ ထိုနှစ် မေလသို့ရောက်လာသောအခါ သိမ်းပိုက်ရရှိထားသော မြန်မာပြည်ကိုပင် ကာကွယ်ရင်း ခံစစ်ပြု၍ပင်နေရမည်လား၊ သို့တည်းမဟုတ် အိန္ဒိယသို့ဆက်လက်ချီတက်၍ ထိုးစစ်ဆင်ရမည်လားဟူသော ပြဿနာနှင့်ရင်ဆိုင်လာရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်စစ်သူကြီးအချို့က အိန္ဒိယပြည်၏အရှေ့မြောက်ဘက်တံခါး ဖြစ်သော အာသံကို ချက်ချင်းပင် ဆက်လက်တိုက်ခိုက်ရန် တိုက်တွန်းကြလေသည်။

သို့သော် အိန္ဒိယသို့ ဆုတ်ခွာသွားခဲ့ရသော အင်္ဂလိပ်တို့က ရခိုင်ဘက်ဆီသို့ ခြိမ်းခြောက်လာသဖြင့် ထိုတိုက်တွန်းချက်ကို ချက်ချင်းလက်ငင်းအကောင်အထည်ဖော်ရန် တွန့်သွားခဲ့ရသည်။

တဖန် (၁၉၄၂)ခုနှစ် ကုန်ခါနီးတွင် မြန်မာပြည်အလယ်ပိုင်းနှင့် အိန္ဒိယပြည်မကြီးအား ဗဟိုပြုနေသော အင်ဖာကို တိုက်ခိုက်သိမ်းယူရန် အကြံပေါ် ပေါက်လာပြန်သည်။

တိုကျိုရှိ ဘုရင့်တပ်မတော်ဌာနချုပ်နှင့် စင်္ကာပူရှိ အာရှအရှေ့တောင်ပိုင်းဆိုင်ရာ ဂျပန်စစ်ဌာနချုပ်တို့က ထိုအကြံကို လိုလိုလားလားပင် လက်ခံခဲ့ကြ၏။

မြန်မာပြည်ရှိ အမှတ်(၁၅) ဂျပန်တပ်မတော်အား အင်ဖာကို တိုက်ခိုက်သိမ်းယူရန်အတွက် အစီအစဉ်ရေးဆွဲရန် တာဝန်ပေးခဲ့သည်။

၎င်းအကြံကို ထောက်ခံသူများက အင်္ဂလိပ်တို့သည် ခံစစ်အတွက် အကွက်ကျကျ ပြင်ဆင်ထားခြင်း မရှိသေးသည့်အပြင် အင်ဖာသည် မြန်မာပြည်အလယ်ပိုင်းနှင့် မြောက်ပိုင်းဒေသအား ပြန်လည်တိုက်ခိုက်ရန်အတွက် ဗဟိုကျသောနေရာဖြစ်နေခြင်း စသောအကြောင်းများကို တင်ပြကြသည်။

၎င်းတင်ပြချက်များမှာ အမှန်တကယ်လည်း ဟုတ်မှန်လှသည်။

သို့သော် အင်ဖာတိုက်ပွဲကို အထူးတာဝန်ယူ၍ တိုက်ခိုက်ရမည့် ဂျပန်စစ်သူကြီးနှစ်ဦးက အင်ဖာအား ချက်ချင်းဆက်လက်တိုက်ခိုက်ရေးကို ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ကြ၏။

မိမိတို့၏ စစ်သည်တော်များ အလုံးအရင်းဖြင့် ချီတက်နိုင်ရန်အတွက် ရထားလမ်း၊ ကားလမ်း ဟူ၍ လုံးဝမရှိရုံမက တောအတန်တန်၊





တောင်အဆင့်ဆင့်က လမ်းမှပိတ်ဆို့လျက်ရှိကာ ဖြတ်သန်းချီတက်ရမည့် ဒေသမှာ ရောဂါလည်း ထူပြောလှချေသည် ဟူသောအကြောင်းပြချက်ဖြင့် ကန့်ကွက်ခဲ့သည်။ ၎င်းအကြောင်းပြချက်များမှာလည်း အမှန်တကယ်ပင် ဟုတ်မှန်လှချေသည်။ ၎င်းကဲ့သို့ ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ကြသော စစ်သူကြီးနှစ်ဦးအနက် မုတ္တာဂုချီမှာ နောင်အခါတွင် အင်ဖာတိုက်ပွဲ၌ အရေးအပါဆုံးသော ဇာတ်ဆောင်တစ်ဦးဖြစ်လာသည်ကို တွေ့ရပေမည်။

သို့ဖြင့် အင်ဖာအား ချက်ချင်းဆက်၍ တိုက်ခိုက်ရန် ပြဿနာမှာ နှစ်ဖက်အငြင်းအခုန်ကြားတွင် ချောင်ထိုးထားခြင်းခံရသည့် အဖြစ်သို့ ရောက်လာကာ အမှတ် (၁၅)ဂျပန်တပ်မတော်သည်လည်း ခံစစ်ဖြင့်သာ (၁၉၄၂)ခုနှစ်ကုန်အောင် အချိန်ကို စောင့်နေခဲ့ရလေသည်။

(၁၉၄၃)ခုနှစ် နှစ်ဦးပိုင်းသို့ ရောက်လာကြသောအခါ ဂျပန်၏ အာဏာပိုင်များအဖို့ အင်ဖာတိုက်ပွဲအစီအစဉ်ကို ပြန်၍ သုံးသပ်စရာအကြောင်းများပေါ် ပေါက်လာသည်။

(၁၉၄၃)ခုနှစ် နှစ်ဦးပိုင်းဖြစ်သော ဇန်နဝါရီလတွင် ဗိုလ်မှူးချုပ်ဝင်းဂိတ်ဦးစီးသော ခြင်းဖစ်စစ်ကြောင်းများသည် လူတိုင်းက ဖြတ်ကျော်ရန်ခဲယဉ်းလှသည်ဟု ယူဆထားသော တောတောင်ကန္တာရကြီးကိုဖြတ်၍ ဂျပန်များအုပ်စိုးထားသော မြန်မာပြည်အလယ်ပိုင်းသို့ ထိုးဖောက်ဝင်ရောက်ကာ ရန်သူ့စစ်ကြောင်းများနောက်မှနေ၍ လှုပ်ရှားနေခဲ့ကြသည်။

၎င်းလှုပ်ရှားမှုမှာ အင်္ဂလိပ်တို့က ထိုးစစ်ကြီးဆင်နွှဲရန်အတွက် ပဏာမလှုပ်ရှားမှုပင် ဖြစ်လေသလားဟု ဂျပန်စစ်အာဏာပိုင်များကစိုးရိမ်လာကြတော့သည်။ မြန်မာပြည်မြောက်ပိုင်းတွင်လည်း (၁၉၄၂)ခုနှစ်က မောင်းထုတ်ခံခဲ့ရသော ယူနန်တရုတ်တပ်မတော်သည်လည်း လူသူနှင့် လက်နက်များ အားပြန်လည်စုဆောင်းကာ တရုတ်-မြန်မာလမ်းမကြီးအား အမေရိကန်အကူအညီဖြင့် ပြန်လည်ဖွင့်နိုင်ရန် ကြိုးစားလာသည်ကို တွေ့နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



မဏိပူရတွင် အင်္ဂလိပ်တို့သည် အင်ဖာလွင်ပြင်၌အခြေစိုက်စခန်းကြီးဖွင့်လှစ်ကာ အင်ဖာမှနေ၍ အရှေ့နှင့်တောင်ဘက်အရပ်များသို့ လမ်းများကိုဖောက်လုပ်ခဲ့ထွင်လျက် အင်ဖာအနီးတွင်လည်း လေယာဉ်ကွင်းအသစ်အဟောင်းများကို တိုးချဲ့ပြင်ဆင်ဖောက်လုပ်နေကြသည်ကို ဂျပန်အာဏာပိုင်များ ကြားသိလာရသည်။

ဤအကြောင်းပြချက်သုံးရပ်က တစ်ခုတည်းသော ပန်းတိုင်ဆီသို့ ဦးတည်ညွှန်ပြနေသည်။

မဟာမိတ်တို့၏ တန်ပြန်ထိုးစစ်ပင်တည်း။

မဟာမိတ်တို့သည် (၁၉၄၃)ခုနှစ်စောစောပိုင်းတွင်ပင် မြန်မာပြည်အားတန်ပြန်ထိုးစစ်ဆင်ကြလိမ့်မည်ဟု ဂျပန်စစ်အာဏာပိုင်များက ယူဆလာကြသည်။

တန်ပြန်ထိုးစစ်ဆင်မည့် မဟာမိတ်တို့၏ အခြေစိုက်စခန်းကြီးဖြစ်သော အင်ဖာအား ယခုထက် အင်အားပြည့်မလာမီ မိမိတို့က စ၍ချေမှုန်းလိုက်ခြင်းက နောက်လာမည့်အန္တရာယ်ကို ကြိုတင်ကာကွယ်သည် မမည်ပါလား။

ဖြစ်ပေါ်လာသော အခြေအနေသစ်ကို ဖြေရှင်းရန်အတွက် မြန်မာပြည်ရှိ စစ်အာဏာပိုင်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းခဲ့သည်။

အဖွဲ့သစ်တွင် ဗိုလ်ချုပ်ကြီး ကဝါဘီက မြန်မာပြည်လုံးဆိုင်ရာဗိုလ်ချုပ်ကြီးအဖြစ် တာဝန်ယူ၍ မြန်မာပြည်မနှင့် ရခိုင်ရှိဂျပန်တပ်များကို ထိန်းသိမ်းအုပ်ချုပ်ရန်နှင့် အမှတ် (၁၅)ဂျပန်တပ်မတော်က မြန်မာပြည်အလယ်ပိုင်း၊ မြောက်ပိုင်းနှင့် ယူနန်စစ်မျက်နှာတို့တွင် တာဝန်ယူရမည်ဖြစ်သည်။

မြန်မာပြည်ရှိ၏ဂျပန်စစ်အာဏာပိုင်အဖွဲ့ကို အသစ်ပြန်လည်ဖွဲ့စည်းရာ၌ ဗိုလ်ချုပ်မတ္တာဂူချီအား အမှတ် (၁၅) ဂျပန်တပ်မတော်ကိုတာဝန်ပေးလိုက်ခြင်းမှာ အတော်ပင်ထူးခြားသော အချက်တစ်ရပ်ဖြစ်၏။





အသက် (၅၆)နှစ်ရှိ မတ္တာဂူချီမှာ စိတ်ခက်ထန်သလောက် လက်အောက်ငယ်သားများက ဖိန့်ဖိန့်တုန်အောင်ကြောက်ရသူဖြစ်ပြီး တစ်ခုခုကိုလုပ်မိလျှင်လည်း မဖြစ်မနေ ဇွတ်တရွတ်လုပ်တတ်သူဟု နာမည်ကြီးနေသူဖြစ်၏။

မတ္တာဂူချီ၏ အမှတ် (၁၅) တပ်မတော်တွင် တပ်မသုံးခုပါရှိသည့်အနက် အမှတ် (၅၆)တပ်မက ယူနန်တရုတ်တပ်များကိုစောင့်ကြည့်နေပြီး အမှတ်(၁၈)တပ်မက မန္တလေး အနောက်မြောက်ဘက် မိုင်(၂၅၀) အကွာရှိမြန်မာပြည်မြောက်ပိုင်းဒေသတစ်လျှောက်ကို တာဝန်ယူရကာ အမှတ်(၃၃)တပ်မက အနောက်ဘက်နှင့် အနောက်မြောက်ဘက်မှ ချင်းတွင်းကိုဖြတ်ကာ မန္တလေးသို့လာရောက်တိုက်ခိုက်မည့် ရန်သူများကို တားဆီးလျက်ရှိသည်။ ဗိုလ်ချုပ်ကြီး မတ္တာဂူချီ၏လက်အောက်တွင် ရိက္ခာ၊ ဆေးဝါး၊ ရုံးအဖွဲ့သားများကိုပါ ထည့်သွင်းရေတွက်လိုက်မည်ဆိုပါက စုစုပေါင်း လူအင်အား ၁၀၀၀၀၀(တစ်သိန်း) ရှိနေလေသည်။

(၁၉၄၂)ခုနှစ်က တပ်မတစ်ခုကို အုပ်ချုပ်နေရစဉ် အင်ဖာအားတိုက်ခိုက်ရန် အပြင်းအထန်ကန့်ကွက်ခဲ့သော မတ္တာဂူချီသည် တပ်မတော်တစ်ခုအား ချုပ်ကိုင်ရသည့် ဗိုလ်ချုပ်ကြီးဖြစ်လာသောအခါ အင်ဖာအားနှောင့်နှေးခြင်းမရှိဘဲ တိုက်ခိုက်သိမ်းယူရန် လောဆော်၍လာတော့သည်။

ဝင်းဂိတ်၏ *ခြင်းဒစ်စစ်ကြောင်းများကပင် ဖြတ်ကျော်၍မရ* ဟု ယူဆနေသော တောတောင်ကန္တာရကြီးကို ကျော်နင်း၍ လာနိုင်ခဲ့ပါလျှင်သူ၏အမှတ် (၁၅) ဂျပန်တပ်မတော်ကြီးသည်လည်း အချိန်ကောင်း ရာသီကောင်းသည့်အခါသမယတွင် ပြင်ဆင်မှုကောင်းကောင်းလုပ်၍ ဖြတ်ကျော်ခြင်း မလုပ်နိုင်စရာမရှိဟု မတ္တာဂူချီသည် တွက်ကိန်းချမှတ်လိုက်၏။ ထို့ကြောင့် မတ္တာဂူချီသည် မြန်မာပြည်စစ်နယ်မြေ ဒေသလုံးဆိုင်ရာအာဏာပိုင်ဖြစ်သော ဗိုလ်ချုပ်ကြီးကဝါဘီအား အင်ဖာနှင့် ပတ်သက်၍သူ့ထင်မြင်ချက်များကို လက်ခံလာစေရန် လှုံ့ဆော်လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့တိုင်အောင် *ကာဝါဘီ*၏ ဌာနချုပ်နှင့် မတ္တာဂူချီ၏ ဌာနချုပ်မှ အချို့အဖွဲ့ဝင်များက မတ္တာဂူချီ၏အကြံအစည်ကို ကန့်ကွက်နေကြသေးသည်။ သူတို့က အင်ဖာကို တိုက်ရန်အတွက် တပ်ဖွဲ့များ အလုံအလောက် ရနိုင်ရန် ခဲယဉ်းခြင်းနှင့် တပ်ဖွဲ့များလုံလောက်အောင်ရနိုင်သည်ဆိုပြန်လျှင်လည်း အလွန်များပြားသော တပ်ဖွဲ့များကို နောက်မှနေ၍ ရိက္ခာထောက်ရမည့်လုပ်ငန်းမှာ များစွာခက်ခဲလှသည်ဟု အကြောင်းပြကြ၏။

အိန္ဒိယရှိ အင်္ဂလိပ်တို့၏ ဆက်သွယ်ရေးလမ်းကြောင်းနှင့် မြန်မာပြည်ရှိ ဂျပန်တို့၏ သယ်ယူပို့ဆောင်ရေးအခြေအနေကို ယှဉ်၍ကြည့်လိုက်ပါက ဂျပန်တို့ကပင် သာနေသေးသည်ကို တွေ့ရမည်ဖြစ်သည်။

အိန္ဒိယပြည်မှနေ၍ အင်ဖာသို့ရောက်နိုင်သည့်လမ်းမှာ ကုန်းလမ်းတစ်လမ်းသာရှိသော်လည်း ရန်ကုန်မှ မြစ်ကြီးနားသို့လည်းကောင်း၊ ချင်းတွင်းမြစ်ကမ်းပေါ်ရှိ မြို့များပေါ်သို့လည်းကောင်း ရောက်နိုင်သည့်လမ်းများမှာ များပြားလှသည်။

တစ်ခုခုလုပ်မိလျှင် မဖြစ်မနေ ဇွတ်လုပ်တတ်သော မတ္တာဂူချီသည် သူ့အကြံအစည်ကို ဟန့်တားနေသူများ၊ ဟန့်တားချက်များကို ဘေးသို့ပုတ်၍ထုတ်လိုက်ကာ စူးစူးစိုက်စိုက်ပင် သူ့အကြံအစည်ကို ဆင့်ကဲဆင့်ကဲတင်ပြလာသည်။ သို့ဖြင့် တိုကျိုရှိ ဘုရင့်ဌာနချုပ်နှင့် စင်ကာပူရှိ အာရှအရှေ့တောင်ပိုင်းဆိုင်ရာ ဂျပန်စစ်ဌာနချုပ်တို့က မတ္တာဂူချီ၏အကြံအစည်ကို တဖြည်းဖြည်းသဘောတူလာတော့သည်။

ရက်များ ကုန်ဆုံးလာသည်နှင့်အမျှ ဂျပန်ပြည်ရှိ တိုကျိုအစိုးရက မတ္တာဂူချီ၏အကြံအစည်ကို ပို၍ပို၍ ထောက်ခံလာသည်။

ဤသို့ထောက်ခံလာသည်မှာလည်း အကြောင်းမဲ့ မဟုတ်ပါချေ။

ဂျပန်သည် စစ် စ၍ဖြစ်လာသည့် အချိန်မှ တိုတောင်းလှသော တစ်နှစ်အချိန်အတွင်း အရှေ့မြောက်ဘက်ရှိ အလွန်ဝေးကွာလှစွာသော *အလူရှန်ကျွန်း*များကိုလည်းကောင်း၊ ပစိဖိတ်သမုဒ္ဒရာအတွင်းတွင် တောင်





ဘက်အလွန်ကျသော **နယူးဂီယာနာ**ကိုလည်းကောင်း သိမ်းပိုက်နိုင်ပြီး ဂျပန်အင်ပါယာကြီးကို အလွန်ကျယ်ပြန့်စွာ တိုးချဲ့နိုင်ခဲ့၏။

သို့ကြောင့်လည်း ဂျပန်တိုင်းသူပြည်သားတို့၏ စိတ်ဓာတ်မှာလည်း ဂျပန်အစိုးရက ဦးဆောင်၍ ဆင်နွှဲနေသော စစ်ကြီးကြောင့် များစွာတက်ကြွ၍လာခဲ့သည်။

သို့သော် (၁၉၄၃)ခုနှစ်သို့ ကူးလာသော အချိန်တွင်ကား အခြေအနေအရပ်ရပ်မှာ တစ်မျိုးပြောင်းလာတော့သည်။

ဂျပန်သည် အလွန်ဝေးကွာသော အလူရှန်ကျွန်းစုများမှဆုတ်ခွာလာရကာ တောင်ပိုင်း ပစိဖိတ် သမုဒ္ဒရာအတွင်းတွင်လည်း ဂျပန်တပ်များသည် မဟာမိတ် ရေတပ်ဗိုလ်ချုပ်ကြီး မက်အာသာ၏ နှိမ်နင်းခြင်းကို ခံနေရသည်။

*ဝေါ်ဇတူးမြောင်း၊ ကိုရယ်ဆီး၊ မစ်ဒ်ဝေးကျွန်း၊ နယူးဂီယာနာ*နှင့် အခြားသောဒေသများတွင် ဂျပန် ကြည်းတပ်၊ ရေတပ်၊ လေတပ်များသည် ဆက်ကာဆက်ကာ အထိနာတော့သည်။ ထို့ကြောင့်လည်း ဂျပန်တိုင်းသူပြည်သားတို့၏စိတ်ဓာတ်မှာ တဖြည်းဖြည်း ကျဆင်း၍လာခဲ့၏။

ဂျပန်အစိုးရသည် လူထုစိတ်ဓာတ် မြှင့်တင်ရေးအတွက် လက်ညှိုးထိုးပြစရာ အောင်ပွဲတစ်ခုခုကို အရေးတကြီး အလိုရှိနေလေ၏။ မြန်မာပြည်ဘက်ဆီမှအောင်ပွဲသည် စိတ်ဓာတ်မြှင့်တင်ရေး ဆေးတစ်လက်ပင်ဖြစ်နိုင်ကောင်းပေစွ။ ဤအောင်ပွဲသည် တိုက်ပွဲဖြစ်ပွားရာ အရပ်တွင်သာ သိရှိထင်ရှားသည့် တိုက်ပွဲမျိုး မဖြစ်စေရဘဲ တိုင်းသိပြည်သိ ဂျပန်ကသိသည့် အောင်ပွဲမျိုးဖြစ်စေရမည်။

အိန္ဒိယပြည်တွင် ထိတ်လန့်တကြားဖြစ်စေကာ အိန္ဒိယအစိုးရအားကျိုးလန့်စာစား ဖြစ်စေရမည့် အောင်ပွဲမျိုးလည်း ဖြစ်လာကာ မြန်မာပြည်မြောက်ပိုင်းကို ဝင်ရောက်တိုက်ခိုက်လာရန် တာစူနေသော အင်္ဂလိပ်တို့၏ ခြေလှမ်းကိုလည်း ဖမ်း၍ရိုက်လိုက်သော အောင်ပွဲမျိုးဖြစ်လာစေရမည်။



www.burmeseclassic.com

www.burmeseclassic.com



ဤအောင်ပွဲသည် မဟာမိတ်တို့အဖို့ အလူးအလဲခံလိုက်ရသောပွဲလည်း ဖြစ်လာနိုင်သည်။ ဤဆေးနည်းမှာ အမှန်စင်စစ် တိုကျိုတွင် စစ်ဖြင့် ကစားနေသူများအဖို့ အလွန် လိုအပ်သော ဆေးနည်းပင်ဖြစ်တော့သည်။

သို့သော် ဆေးနည်းရရှိစေကာမူ ဆေးအမယ်များကို စုဆောင်းရန်ကား မလွယ်ကူ။ ဂျပန်စစ်အာဏာပိုင်များသည် (၁၉၄၃)ခု ဇွန်လမှ အစပြုကာ ဩဂုတ်လရောက်သည်အထိ အင်ဖာတိုက်ပွဲနှင့် ပတ်သက်၍ ဆွေးနွေးပွဲများကို စင်္ကာပူနှင့် ရန်ကုန်တွင် အဆက်မပြတ် ပြုလုပ်ခဲ့ကြ၏။

ဆွေးနွေးပွဲတိုင်း အမြဲပါရှိနေသောအာရုံတာမှာ သတင်းထောက်လှမ်းရေး၊ ဖြတ်သန်းချီတက်ရမည့် နယ်မြေအခြေအနေ၊ လိုအပ်သော တပ်ဖွဲ့အရေအတွက်နှင့် ရိက္ခာပင်ဖြစ်သည်။

လိုအပ်သော တပ်ဖွဲ့အရေအတွက်ကို ဆွေးနွေးကြရာတွင် တပ်မသုံးခုခွဲဆိုလျှင် လုလောက်လေပြီဟု သဘောတူကြ၏။ ဤတပ်မများကို ဦးဆောင်၍ ချီတက်မည့် ဗိုလ်ချုပ်ကြီး မုတ္တာဂူချိ၏ အမှတ် (၁၅)ဂျပန်တပ်မတော်သည် ချင်းတွင်းကို ဖြတ်ကျော်ပြီးသည်နှင့်တပြိုင်နက် နောက်မှနေ၍ ရိက္ခာထောက်မည့်အစီအစဉ်ကို ဆွေးနွေးကြရာတွင်မူ စိုးရိမ်ရမည့်အချက်များစွာ တွေ့ရှိလာကြ၏။

ရန်သူဖြစ်သော အမှတ် (၁၄) အင်္ဂလိပ်တပ်မတော်၏အင်အား၊ အခြေအနေနှင့် ခရီးလမ်းပန်း အကြောင်းကို ဆွေးနွေးကြသောအခါတွင်မူ ပို၍ပင် စိတ်ရှုပ်စရာဖြစ်လာတော့သည်။

မည်သို့ပင်ဖြစ်စေ မဏိပူရပြည်နှင့် မဏိပူရပြည်၏မြို့တော်ဖြစ်သော အင်ဖာအား တိုက်ခိုက်သိမ်းယူရန်အတွက် အမှတ် (၁၅) ဂျပန်တပ်မတော်က အစီအစဉ်များရေးဆွဲစေ ဟူသော ဆုံးဖြတ်ချက်ကို ဂျပန်စစ်အာဏာပိုင်တို့က (၁၉၄၃)ခု စက်တင်ဘာလအတွင်းတွင် ချမှတ်လိုက်တော့၏။





အမှတ် (၁၅)တပ်မတော်၏ ဦးစီးချုပ်ဖြစ်သူ ဗိုလ်ချုပ်ကြီး မုတ္တာဂူချိမှာမူ ဤအမိန့် ထွက်မလာမီကတည်းကပင် မိမိ၏ဘက်တော်သားဖြင့် အင်ဖာတိုက်ပွဲအတွက် အသေးစိတ်အစီအစဉ်ကို ရေးဆွဲနေပေပြီ။

မုတ္တာဂူချိက အင်ဖာတိုက်ပွဲ အစီအစဉ်ကို ယူ-စစ်ဆင်ရေးဟု အမည်ပေးထားသည်။ သူ့လက်အောက်တွင် အမှတ် (၁၅)၊ (၃၁)၊ (၃၃) တပ်မသုံးခုအပြင် အိန္ဒိယအမျိုးသားတပ်မတော်မှ တိုက်ရည်ခိုက်ရည် အရှိဆုံးသော တပ်မတစ်ခုက ထက်ဝက်ခန့်ရှိနေမည်ဖြစ်သည်။

ဤတပ်မများအနက်(၁၉၄၂)ခုနှစ်က မြန်မာပြည်ကိုတိုက်ရာတွင် အပြောင်မြောက်ဆုံးဖြစ်ခဲ့သော အမှတ် (၃၃)တပ်မမှ အချို့သော တပ်များသည် ကလေးမြို့ အနောက်ဘက်တွင်လည်းကောင်း၊ ကဘော်ချောင်း တောင်ဘက်အဆုံးတွင်လည်းကောင်း အင်္ဂလိပ်တပ်များနှင့် ရင်ဆိုင်တိုက်ခိုက်နေပြီဖြစ်သည်။

အမှတ် (၁၈)ဂျပန်တပ်မအား အနားပေးရန်အတွက် ဩဂုတ်လကမှ မြန်မာပြည်သို့ရောက်လာသော အမှတ် (၃၁)တပ်မသည် ချင်းတွင်းမြစ်ကမ်းပေါ်ရှိ ဟုမ္မလင်းသို့ ရောက်ရှိနေပြီဖြစ်သည်။

သို့သော် နောက်ဆုံးတပ်မဖြစ်သော အမှတ် (၁၅)ဂျပန်တပ်မမှာ ယိုးဒယားပြည်တွင်ပင် ရှိနေသေးလျက် မြန်မာပြည်သို့ အလျင်အမြန် ပြောင်းရွှေ့ရောက်ရှိရန် လိုနေလေသည်။

ဂျပန်ဘက်တွင်ရှိနေသော အိန္ဒိယအမျိုးသားတပ်မတော် ဆိုသည်မှာ လူအင်အားမည်မျှရှိသည်ကို မသိရ။

ဤတပ်မတော်မှာ (၁၉၄၁)ခုနှစ်က အိန္ဒိယမှ ထွက်ပြေးလွတ်မြောက်လာသော အိန္ဒိယနိုင်ငံရေး ခေါင်းဆောင်ကြီး တစ်ဦးဖြစ်သူ ဆုဘတ်ချန္ဒြာဘို့စ် ကိုယ်တိုင်ဦးစီး၍ ဖွဲ့စည်းထားသောတပ်ဖြစ်သည်။

ဤတပ်တွင် မလေးရှားသို့ရောက်ရှိနေသော အိန္ဒိယအရပ်သားများ၊ အစိုးရအမှုထမ်းများနှင့် စစ်သုံ့ပန်း အများအပြားပါဝင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်များ မလေးရှားကို ဝင်ရောက်တိုက်ခိုက်ပြီးနောက် စုဆောင်းသိမ်းသွင်းခဲ့သူများပင် ဖြစ်သည်။

(၁၉၄၄)ခု ဇန်နဝါရီလဆန်းသို့ ရောက်လာသောအခါ တိုကျိုရှိ စစ်အာဏာပိုင်များက မြန်မာပြည် စစ်အာဏာပိုင်ဖြစ်သူ ဗိုလ်ချုပ်ကြီး ကဝါဘီထံသို့ အင်ဖာတိုက်ပွဲဆင်နွှဲရန် ခွင့်ပြုကြောင်း အကြောင်းကြားစာ ရောက်ရှိလာသည်။ ဇန်နဝါရီလကုန်ခါနီးတွင် ကဝါဘီက ဗိုလ်ချုပ်ကြီး မတ္တာဂူချိအား နောက်ဆုံးတိုက်မိန့်ကို ထုတ်ပြန်ပေးသည်။

*အင်ဖာတိုက်ပွဲကို မတ်လဆန်းတွင် စ၍ဆင်နွှဲရပေတော့မည်။*

ဤတိုက်ပွဲကို မဆင်နွှဲမီ ရန်သူဖြစ်သော အမှတ် (၁၄) အင်္ဂလိပ်တပ်မတော်မှ ဗိုလ်ချုပ်ကြီးဆလင်း၏အာရုံကို တစ်ဖက်တွင် စူးစိုက်၍ နေစေရန်အတွက် ဆလင်း၏လက်အောက်ရှိ အမှတ် (၁၅)တပ်မကြီးအား ဖေဖော်ဝါရီလဆန်းမှ စ၍ အခြား ဂျပန်တပ်များက တိုက်ခိုက်စေသည်။ ဆလင်း၏ အမှတ် (၁၅)တပ်မကြီးမှ အမှတ် (၅)နှင့်(၇) တပ်မနှစ်ခုသည် ရခိုင်ပြည်မြောက်ပိုင်းတွင် လှုပ်ရှားလျက်ရှိနေလေသည်။

ဂျပန်ဗိုလ်ချုပ်ကြီး မတ္တာဂူချိသည် တိုင်းသိပြည်သိ ဂျပန်က သိသောအောင်ပွဲကြီးကို ရယူရန်အတွက် သွက်လက်စွာပင် ဆောင်ရွက်ခဲ့ပါ၏။ သို့သော် အဆင့်ဆင့်သော ဆွေးနွေးပွဲများ၊ အစောင်စောင်သော အစီရင်ခံစာများ၊ အမျိုးမျိုးသော ကန့်ကွက်ချက်များကြောင့် (၁၉၄၃)ခုနှစ်ဦးလောက်တွင် ဆင်နွှဲရမည့် အင်ဖာတိုက်ပွဲသည် တစ်နှစ်တိတိပင် ဖင့်နွှဲ၍ သွားခဲ့ရ၏။

ဤအချိန်အတောအတွင်းတွင် (၁၉၄၂)ခုနှစ်က မြန်မာပြည်မှ ဆုတ်ခွာလာခဲ့ရသော အင်္ဂလိပ်တို့သည် စစ်ပွဲကြီးအောင်နိုင်ရေးအတွက် အဖက်ဖက်မှ ပြင်ဆင်တိုးချဲ့ရန် အချိန်ရခဲ့တော့၏။ ဗိုလ်ချုပ်ကြီး မတ္တာဂူချိသည် အင်ဖာအား အဘက်ဘက်မှ လေမုန်တိုင်းကြီး ဝင်၍ မွှေသလို မွှေ၍ တိုက်ရန် စီစဉ်ထားသည်။





ဗိုလ်ချုပ်ယာနဂိဒါ ဦးစီးသော အမှတ် (၃၃)တပ်မသည် မတ်လ (၈)ရက်နေ့တွင် ရန်သူ၏အမှတ် (၁၇)တပ်မအား အငိုက်ဖမ်း၍ တိုက်ခိုက်ပြီးနောက် တီးတိန်-အင်ဖာလမ်းကို တီးတိန်မြောက်ဘက် မိုင်(၄၀) အကွာရှိ တွန်းဇံမှနေ၍ ဖြတ်တောက်ရန်၊ သို့ဖြင့် အင်ဖာသို့ဆုတ်ခွာရန် တစ်လမ်းတည်းသာရှိသော ရန်သူအမှတ် (၁၇)တပ်မကို ဝိုင်းထားရန်၊ ထို့နောက် ယာနဂိဒါသည် တီးတိန်-အင်ဖာလမ်းကို မိုင်တိုင်(၁၀၀)မှနေ၍ ပိတ်ဆို့ထားရန်၊ သို့ဖြင့် အင်ဖာမှနေ၍ အမှတ် (၁၇)တပ်မအား စစ်ကူပေးရန်လာမည့်ရန်သူများကို ဟန့်တားထားနိုင်မည် ဖြစ်သည်။

ထို့ပြင် ယာန ဂိဒါသည် ဖို့ဝှိုက်တွင် တပ်စွဲထားသော အမှတ် (၁၇)တပ်မမှ တပ်အချို့ကိုလည်း စောင့်ကြည့်ထားရမည်ဖြစ်ပြီး တစ်ချိန်တည်းတွင်ပင် ဗိုလ်ချုပ်ကလေးယာမာမိုတို ဦးစီးသော အမှတ် (၃၃)တပ်မမှရဲရင့်သန်မာသည့် တပ်ဖွဲ့တစ်ဖွဲ့က ကဘော်ချောင်အတိုင်း တမူးသို့ချီတက်ရမည်ဖြစ်သည်။

ဗိုလ်ချုပ် ယာနဂိဒါ ဦးစီးသော အမှတ် (၃၃)တပ်မက ဤသို့ချီတက်ပြီးနောက် (၇)ရက်မြောက်သော မတ်လ (၁၅)ရက်နေ့တွင် ဗိုလ်ချုပ်ဆာတိုတို့ ဦးစီးသော အမှတ် (၁၅)နှင့် (၃၁)တပ်မနှစ်ခုက ချင်းတွင်းကို တစ်ပြိုင်နက်ဖြတ်ကျော်၍ ယာမာဥချိက အင်ဖာအနောက်မြောက်ဘက်မှတိုက်ကာ အင်ဖာ-ကိုဟီမားလမ်းကို ဖြတ်တောက်ရန် ဗိုလ်ချုပ်ဆာတို၏ အမှတ်(၃၁)တပ်မက ကိုဟီမားကို တိုက်ရိုက်သိမ်းပိုက်ရန်၊ သို့ဖြင့် အင်ဖာသို့စစ်ကူသွားမည့်တပ်များကို ဟန့်တားထားရန်ဖြစ်သည်။

ဗိုလ်ချုပ်ကြီး မတ္တာဂူချိ၏လက်အောက်တွင် အမှုထမ်းရသော ဗိုလ်ချုပ်သုံးဦးအနက် ဗိုလ်ချုပ် ယာနဂိဒါမှာ ထွင်ဉာဏ်ရှိသူ၊ ဉာဏ်ပညာထက်မြက်သူဟု သတင်းကြီးသူဖြစ်သည်။ သူသည် ဂျပန်ထဲတွင် အတော်အရပ်ရှည်သူဖြစ်ပြီး စစ်ဗိုလ်ချုပ်များတွင် တွေ့နိုင်ခဲသော မျက်နှာသေမျက်နှာရှိသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် အစစ,အရာရာတွင် အစိုးရိမ်လွန်တတ်သည်။

ဗိုလ်ချုပ် ယာမာဥချိမှာ ဝက်စ်ပွိုင့်စစ်တက္ကသိုလ်တွင် တက်ရောက်သင်ကြားဖူးသူဖြစ်ပြီး လူယဉ်ကျေးတို့၏ အမူအရာလက္ခဏာကို ဆောင်သူဖြစ်သည်။ ဝါရှင်တန်ရှိ ဂျပန်သံရုံးတွင် စစ်သံမှူးအဖြစ်လည်း ဆောင်ရွက်ခဲ့ဖူးသည်။ သူသည် စစ်ပွဲ စ,ကတည်းကပင် အင်္ဂလိပ်၊ အမေရိကန်တို့၏ လူအင်အား၊ ပစ္စည်းအင်အား၊ စက်မှုလက်မှုအင်အားကို ကောင်းစွာပြင်ဆင်မှုမလုပ်ဘဲနှင့် အလျင်စလို အန်တုခဲ့ခြင်းကို မကျေမနပ်ဖြစ်နေခဲ့သည်ဟု ဆိုလေသည်။

ဗိုလ်ချုပ်ဆာတိုမှာ တိုက်ပွဲတွင် ရဲရင့်လှသလောက် အခြားအချိန်များတွင် ပျော်ပျော်ပါးပါး လွတ်လွတ်လပ်လပ် နေတတ်ပြီး စည်းကမ်းကလနားကြီးခြင်းကို အရွဲ့တိုက်တတ်သူဖြစ်သည်။

အင်ဖာတိုက်ပွဲကို ကြီးကြပ်ကွပ်ကဲရသော ဗိုလ်ချုပ်ကြီးမတ္တာဂူချိနှင့်စစ်မြေပြင်သို့ ကိုယ်တွေ့လက်တွေ့ဆင်း၍ ဦးစီးရသော သူ့လက်အောက်မှ ဗိုလ်ချုပ်သုံးဦး၏အကျင့်အကြံအလေ့အထမှာ တစ်မျိုးစီ ထူးခြား၍နေလေသည်။

ဗိုလ်ချုပ်ယာနဂီဒါသည် ရန်သူ့အမှတ် (၁၇)တပ်မအား ဝိုင်းဝန်းပိတ်ဆို့ကာ ချေမှုန်းပစ်လိုက်ပြီးနောက် မြောက်ဘက်သို့ ဆက်လက်ချီတက်လျက် အင်ဖာလွင်ပြင်သို့ တောင်ဘက်မှ ဝင်ရောက်ရမည်ဖြစ်သည်။

ယာမာမိုတို ဦးစီးသောတပ်ဖွဲ့က တမူးသို့ ရောက်ရှိပြီးနောက် အနောက်ဘက်သို့ ဆက်၍ချီတက်ကာ ပုလဲမှ ရန်သူများကို မောင်းထုတ်ရမည်။ ထို့နောက် အင်ဖာလွင်ပြင်ကို အုပ်စိုးနေသော တောင်ကုန်းကို သိမ်းပိုက်ထားရမည် ဖြစ်သည်။

ဗိုလ်ချုပ်ကြီးမတ္တာဂူချိ၏ အင်ဖာချီတက်တိုက်ခိုက်ရေး အစီအစဉ်မှာပိုင်ပိုင်နိုင်နိုင်ရှိလှသည်။ သို့သော် ရိက္ခာနှင့် ခဲယမ်းက ပြဿနာ ဖြစ်နေသေးသည်။





ဂျပန်စစ်သားများမှာ ဆင်းဆင်းရဲရဲ စားသောက်နေထိုင်တတ်သူများဖြစ်၍ ဆန်အိတ်ကလေး တစ်အိတ်ကို ခါးပတ်တွင် ချိတ်ထားလိုက်လျှင် (၁၀)ရက်စာလောက် ဖူလုံနိုင်သည်။ သို့တိုင်အောင် ထိုဆန်အိတ်ကလေးများကို (၁၀)ရက်ကြာတိုင်း စစ်သားတိုင်း၏ခါးပတ်တွင် ချိတ်ပေးနိုင်ဖို့အရေးမှာ မသေးငယ်လှ။ အထူးသဖြင့် အမှတ် (၁၅)နှင့် အမှတ် (၃၁)တပ်မတို့ ချီတက်ရမည့်ခရီးတွင် ရိက္ခာကို မော်တော်ကားများဖြင့် လိုက်ပို့ရန် လမ်းပန်းဟူ၍တစ်ခုမျှမရှိသလို ဤတပ်မ နှစ်ခုနောက်မှ တကောက်ကောက်လိုက်၍ ရိက္ခာများကို သိုလှောင်ထားရန်လည်း မဖြစ်နိုင်ချေ။

ရိက္ခာနှင့် ခဲယမ်းပြဿနာသည် တမူး-အင်ဖာလမ်း၊ တီးတိန်-အင်ဖာလမ်း နှစ်ခုကို အလျင်အမြန် သိမ်းပိုက်နိုင်ရေးပေါ်တွင် တည်နေသည်။ တစ်နည်းအားဖြင့်ဆိုလျှင် အင်ဖာကိုပင် အမြန်နိုင်ဆုံးတိုက်ခိုက်သိမ်းပိုက်နိုင်ရေးပေါ်၌ တည်နေ၏။

တမူး-အင်ဖာလမ်း၊ တီးတိန်-အင်ဖာလမ်း နှစ်လမ်းကိုသာ မြန်မြန်ထက်ထက် သိမ်းယူလိုက်နိုင်မည်ဆိုလျှင် အင်္ဂလိပ်များထံမှ ဖမ်းဆီးရမိသော ရိက္ခာများ၊ မော်တော်ယာဉ်များဖြင့်ပင် လောလောလတ်လတ်တွေ့နေရသော ပြဿနာကို ဖြေရှင်းပစ်နိုင်ကာ ဤမော်တော်ယာဉ်များဖြင့်ပင် မြန်မာပြည်အလယ်ပိုင်းမှ ရိက္ခာနှင့် ခဲယမ်းများကို ဤလမ်းနှစ်လမ်းမှ သယ်ယူလာခြင်းအားဖြင့် ရှေ့တွင်တွေ့ရမည့် အခက်အခဲများကိုလည်း အလွယ်တကူပင် ဖြေရှင်းသွားနိုင်မည်။

ဤကား ဗိုလ်ချုပ်ကြီးမတ္တာဂူချိ၏ တွက်ကိန်းတည်း။

ဤသို့ အလားအလာရှိနေသည့်တိုင် မတ္တာဂူချိက တပ်ဖွဲ့တိုင်းတစ်လစာ ရိက္ခာများသယ်ဆောင်လာကြရမည်ဟု အမိန့်ထုတ်ထားသည်။ ချီတက်ရာလမ်းတွင်ရှိသော ရွာများမှလည်း ရိက္ခာများ စုဆောင်းရမည်ဟုညွှန်ကြားထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရိက္ခာနှင့် ခဲယမ်းများကို သယ်ဆောင်သွားရန်အတွက် ဆင်များ၊ လားများနှင့် နွားလှည်းများ အတော်အသင့်ပါရှိ၏။ သို့သော် ရှိသမျှနှင့် မလုံလောက်။ ထို့ကြောင့် တပ်ဖွဲ့တိုင်းတွင် အချို့သော စစ်သည်တော်များမှာ ကူလီအဖြစ် ယာယီအမှုထမ်းကြရမည် ဖြစ်၏။ ဝန်တင်တိရစ္ဆာန်အဖြစ် အသုံးပြုလာခဲ့သော ကျွဲများ၊ နွားများမှာ ဝန်တင်ရန် မလိုတော့သည့် အချိန်တွင် ရိက္ခာအဖြစ်သို့ ပြောင်းပစ်နိုင်သည့် အချက်ကလည်း ရှိနေသည်။

အဖက်ဖက်မှ အခွင့်အလမ်းသာနေသော မိမိ၏ အမှတ် (၁၅) တပ်မတော်ကြီးသည် အင်္ဂလိပ်တို့၏အခြေစိုက်စခန်းကြီးဖြစ်သော အင်ဖာအား တစ်လအတွင်း ချီတက်တိုက်ခိုက် သိမ်းယူနိုင်မည်။ ထို့နောက် မိုးကျလာသည်နှင့် တပြိုင်နက် အင်ဖာတွင် ခံစစ်ပြု၍နေမည်။

ဤကား. . .

ဂျပန်ဗိုလ်ချုပ်ကြီးမတ္တာဂူချီ၏ အသေးစိတ်အစီအစဉ်တည်း။

◆◆◆

## (၂)

ပထမအချီတွင် အရှိက်ကို အထိုးခံလိုက်ရပြီးနောက် ကြိုးဝိုင်းအပြင်ဘက်သို့ လွင့်စဉ်သွားခဲ့ရသော အင်္ဂလိပ် ဗိုလ်ချုပ်ကြီးဆလင်းသည် ဒုတိယအချီပွဲ စရန် အချက်ပေးသံကို ကြားရသော (၁၉၄၄)ခုနှစ် ဇန်နဝါရီလ လဆန်းချိန်၌ *အာသံပြည်၊ လီဒိုမြို့၊* မောင်းတောအထိ ကျယ်ပြန့်သောစစ်မျက်နှာကို ကွပ်ကဲလျက်ရှိနေပေပြီ။

မြောက်ဘက်အရပ်တွင်ရှိသော လီဒိုမှ တောင်ဘက်အရပ်တွင်ရှိသော မောင်းတောသို့ မျဉ်းဖြောင့်ဆွဲလိုက်လျှင်ပင် မိုင်ပေါင်း (၅၀၀-၆၀၀)အတွင်း ရှိနေသည်။ တစ်နည်းအားဖြင့်ဆိုလျှင် ဗိုလ်ချုပ်ကြီးဆလင်းသည် အိန္ဒိယ-မြန်မာနယ်စပ်တလျှောက်တွင် စစ်မျက်နှာဖွင့်ထားလိုက်ခြင်းပင်တည်း။

အင်ဖာမြောက်ဘက် မိုင်(၂၅၀)အကွာရှိ လီဒိုတွင် ဗိုလ်ချုပ်ကြီးဆလင်း၏ကွပ်ကဲမှုအောက်သို့ ရောက်နေသော အမေရိကန် ဗိုလ်ချုပ်ကြီးစတီးဝဲလ် ဦးစီးသည့် တရုတ်တပ်မ သုံးခုရှိနေ၏။

စတီးဝဲလ်သည် ဟူးကောင်းမြစ်ဝှမ်းအတိုင်း အရှေ့တောင်ဘက်သို့ ဆင်းကာ လီဒိုမှ မြစ်ကြီးနားသို့ ရောက်နိုင်မည့် လီဒိုလမ်းမကြီးကို ဖောက်လုပ်နေပြီး လီဒိုလမ်းသည် တရုတ်-မြန်မာလမ်းဟောင်းနှင့် ဆက်မိရန် ရည်စူးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်ဖာ အနောက်တောင်ဘက် မိုင်(၃၀၀)အကွာရှိ ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်းတွင် ဗိုလ်ချုပ်ကြီးဆလင်း၏ ကွပ်ကဲမှုအောက်သို့ ရောက်နေသော အမှတ် (၁၅)တပ်မကြီးက မောင်းတော-ဘူးသီးတောင်လမ်းအတိုင်း ရန်သူကို ရင်ဆိုင်နေသည်။ အင်ဖာလွင်ပြင်တွင်မူ ဗိုလ်ချုပ်ကြီးစကွန်း ဦးစီးသော အမှတ်(၄) တပ်မကြီးက ဌာနချုပ်ဖွင့်ကာ မြောက်ဘက်တီးတိန်အထိ မိုင်(၂၀၀) ကျယ်သော စစ်မျက်နှာကို ကာကွယ်ထားသည်။

အမှတ် (၁၅)တပ်မကြီးနှင့် အမှတ် (၄)တပ်မကြီးကြားတွင် တိုက်ရိုက်ဆက်သွယ်နိုင်သော လမ်းဟူ၍ မရှိ။ တောထူသော တောင်များ၊ မတ်စောက်သော ချောက်ကမ်းပါးများ၊ တောင်ကျရေကြောင့် ကမ်းလျှံနေသောချောင်းများဖြင့်သာ ခွဲးရောယှက်တင် ကွန်ရက်အသွင်ဖြစ်နေကာ လမ်းဟူ၍ မည်မည်ရရ ခေါ်မရသော ကန္တာရဖြင့်သာ ပြီးနေလေသည်။

ထို့ကြောင့် တပ်မကြီးတစ်ခုမှတစ်ခုသို့ စစ်ကူပို့ရေးမှာ များစွာနှောင့်နှေးရုံသာမက အချိန်မှီရောက်ရှိလာရန်လည်း မည်သို့မျှ မျှော်လင့်စရာမရှိ။ အင်ဖာမှ ရခိုင်ကမ်းရိုးတန်းသို့ စစ်ကူပို့လျှင်ဖြစ်စေ၊ ရခိုင်ကမ်းရိုးတန်းမှ အင်ဖာသို့ စစ်ကူလာလျှင်ဖြစ်စေ တပ်မတစ်ခုသည် ရက်သတ္တပတ်ပေါင်း သုံးပတ်ကြာမှ ရောက်လာတတ်လေသည်။

အင်ဖာတွင်ဌာနချုပ်ဖွင့်ထားသော အမှတ်(၄)တပ်မကြီးမှ အမှတ် (၇)တပ်မသည် ချင်းတောင်ရှိ တီးတိန်တွင်လည်းကောင်း၊ အမှတ် (၂၀) တပ်မသည် ချင်းတွင်းစစ်မျက်နှာရှိ တမူးတစ်ဝိုက်တွင်လည်းကောင်း တပ်စွဲလျက်ရှိပြီး အမှတ် (၂၃)တပ်မနှင့် အမှတ် (၂၅၄)တင့်ကား တပ်မဟာတို့မှာ တပ်ကူများအဖြစ် အင်ဖာတွင်ပင် လျှိုထားသည်။

အမှတ် (၄)တပ်မကြီးကို ဦးစီးထားသော ဗိုလ်ချုပ်ကြီး စကွန်းသည် မိုင်(၂၀၀)ခန့် ကျယ်သော စစ်မျက်နှာ၌ တပ်မနှစ်ခုကို တီးတိန်နှင့် တမူးတစ်ဝိုက်တွင် တပ်စွဲကာ ရန်သူဝင်လာနိုင်မည့် လမ်းမှန်သမျှတွင် အစောင့်အနေချထားစေသည်။





တီးတိန်တစ်ဝိုက်တွင် တပ်စွဲထားသော ကိုဝင်း၏ အမှတ် (၁၇) တပ်သည် ဖို့ဝိုက်မှ ကလေးမြို့အထိ ကင်းအထပ်ထပ်ချထားရင်း ဂျပန်တို့၏ အမှတ် (၃၃)တပ်မမှ တပ်ဖွဲ့ကလေးများဖြင့် တိုက်ပွဲကလေးများ ဖြစ်ပွားလျက်ရှိသည်။

ကိုဝင်း၏ အမှတ် (၁၇)တပ်မ တောင်ဘက် တောင်ပံတွင် ဒုဗိုလ်မှူးကြီး အက်စ်ဝဲလ် ဦးစီးသော ချင်းလဲဗီးတပ်ရှိသည်။

၎င်းတပ်ကို အတ်စ်ဖို့စ်ဟု ခေါ်လေ့ရှိသည်။

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီက လူများဖြတ်သန်းကျော်နင်း၍ မရနိုင်ဟု ယူဆခဲ့သော ကန္တာရကို ဝင်းဂိတ်နှင့် ဂျပန်စစ်ဗိုလ်များက လက်တွေ့ကျော်နင်း၍ ပြလိုက်သောအခါ မည်မျှခက်ခဲသည်ဟု ယူဆထားသော ကန္တာရကိုဖြစ်စေ လက်လွှတ်၍ မထားရဲလောက်အောင် ဖြစ်လာခဲ့၏။

ထို့ကြောင့် အတ်စ်ဖို့စ်မှ ချင်းလဲဗီးတပ်အား အမှတ် (၁၇) တပ်မ၏တောင်ဘက်တောင်ပံတွင် နေရာယူစေပြီး အနောက်ဘက်သို့ လှုပ်ရှားလာသမျှသော ဂျပန်တို့၏ခြေလှမ်းကို စောင့်ကြည့်ရန် တာဝန်ပေးထားသည်။

တမူးတစ်ဝိုက်တွင် တပ်စွဲထားသော ဂရေဆီ ဦးစီးသည့် တပ်မဟာတစ်ခုအား ကဘော်ချောင်းအတိုင်း တောင်ဘက်သို့ အားစမ်းရန် စေလွှတ်ထားပြီး အခြားတပ်မဟာတစ်ခုက ယုမြစ်ဝှမ်းအတိုင်း ချင်းတွင်းဆီသို့ ဦးတည်လှုပ်ရှားလျက်ရှိကာ တတိယတပ်မဟာတစ်ခုကလည်း ချင်းတွင်းမြစ်ကမ်းပေါ်ရှိ စစ်တောင်းဆီသို့ ချီတက်နေသည်။

အမှတ် (၂၀)တပ်မ၏ မြောက်ဘက်တောင်ပံတွင် အမှတ် (၁၂) နယ်ခြားစောင့်တပ်က တပ်မနှင့် မိုင်(၂၀)ခန့် အကွာမှနေ၍ တပ်မ၏ ဘယ်ဘက်တောင်ပံကို စောင့်ကြပ်နေပြီး ချင်းတွင်းကို ဖြတ်ကျော်မည့် ရန်သူများကိုလည်း သတိထားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ တပ်တောင်တာ ဗိုလ်ထုနှင့် လူစုက စောင့်ကြပ်လျက်ရှိသော မိုင် (၂၀၀)ခန့်ရှည်သည့် ချင်းတွင်စစ်မျက်နှာတွင် ဗွီ-တပ်ဖွဲ့ကလေးများကလည်း ရန်သူ့သတင်းများကို ပိပိရိရိ ထောက်လှမ်းရင်း တိတ်ဆိတ်စွာ လှုပ်ရှားနေသည်။

ဗွီ-တပ်ဖွဲ့များအနက် တီးတိန်၏အနောက်တောင်ဘက်ရှိ လူရှေ့တောင်တန်းတွင် တာဝန်ယူထားသော တပ်ဖွဲ့တစ်ခုမှာ အတော်ပင်ထူးခြားလှသည်။

စစ်ကြီးမဖြစ်မီကပင် လူရှေ့တောင်တန်းတွင် နေထိုင်ခဲ့ကြသော အင်္ဂလိပ်အမျိုးသမီးကြီး မစ္စပရေဟမ်ဘောင်ဝါ ဦးစီးသော နာဂအဖွဲ့သားများသည် အင်ဖာ အနောက်ဘက်ရှိ တောင်တန်းများတွင် တာဝန်ယူခဲ့ကြ၏။

ဤအဖွဲ့များအပြင် အာသံလက်နက်ကိုင်တပ်မှ ဂေါ်ရခါးများ ခေါင်းဆောင်သော ဒေသအလိုက် ဖွဲ့စည်းထားသည့် ကျေးရွာကာကွယ်ရေးအစုကလေးများသည် ရန်သူ၏လှုပ်ရှားမှုမှန်သမျှကို သတင်းပေးရာ၌ အမှန်တန်ဖိုးရှိလှသည်။

ထိုနည်းတူ တပ်မဟာများမှ စေလွှတ်ထားသော တိုက်ကင်းအဖွဲ့ငယ်များ၏ ထောက်လှမ်းချက်မှာလည်း ရန်သူ့စစ်ဆင်ရေးတစ်ရပ်လုံးကို ရုပ်လုံးပေါ်လာအောင် အထောက်အကူပေးနိုင်ခဲ့သည်။ ဂျပန်စစ်ဗိုလ်နှင့် အကြပ်များသည် အထက်မှပေးသော အမိန့်စာများ၊ ခဲတံ အနီအပြာများဖြင့် မှတ်သားထားသော ချီတက်ရာလမ်းကြောင်းပြ မြေပုံများကို ဘေးကင်းရာတွင် သိုသိုသိပ်သိပ် သိမ်းဆည်းမထားဘဲ တိုက်ပွဲဖြစ်ပွားရာနေရာများသို့ အလွယ်တကူယူလာတတ်ကြသည်။

အင်ဖာအရှေ့ဘက် မိုင်သုံးဆယ်ခန့် အကွာတွင် (၁၉၄၄)ခုနှစ်နှစ်ဦးပိုင်းက ဖြစ်ပွားခဲ့သော တိုက်ပွဲကလေးတစ်ခုမှ ဖမ်းဆီးရမိသည့် ဂျပန်စစ်ဗိုလ်တစ်ဦး၏ စစ်လွယ်အိတ် တစ်လုံးထဲတွင် သူတို့၏အမှတ်





(၁၅)တပ်မက အင်ဖာလွင်ပြင်အား မြောက်ဘက်နှင့် အနောက်မြောက်ဘက်မှ မည်သို့တိုက်ခိုက်မည်ကို ဖော်ပြထားသည့် အစီအစဉ်ကို တွေ့ရှိရသည်။

(၁၉၄၄)ခု၊ မတ်လအတွင်းတွင် နယ်ခြားတပ်မှ တိုက်ကင်းထွက်သွားကြသော တပ်ကြပ်ကလေးဂျော့ ခေါင်းဆောင်သည့်အဖွဲ့သည်လည်း အရေးကြီးသော စာရွက်စာတမ်းများကို ဖမ်းဆီးရမိခဲ့သဖြင့် ဂျော့မှာ ဆုတံဆိပ်အပ်နှင်းခြင်းခံခဲ့ရသည်။

တမူးတောင်ဘက် မိုင်(၂၀)ခန့်အကွာတွင် ဂျော့ ပါဝင်သော နယ်ခြားတပ်ခွဲက အခြေစိုက်ထောက်လှမ်းရေးစခန်းတစ်ခုကို ဖွင့်ထားခဲ့သည်။

တစ်နေ့တွင် ဂျော့ ခေါင်းဆောင်သော တိုက်ကင်းအဖွဲ့သည် တောများ၊ တောင်များကိုဖြတ်၍ တောင်ဘက်သို့ဆင်းကာ ကင်းထောက်လာစဉ် တမူးဘက်သို့ ဦးတည်လျက်ရပ်ထားသော ကားတစ်စီးကို အမှတ်မထင် တွေ့လိုက်ရသည်။ ကားထဲတွင် ဂျပန်အရာရှိသုံးဦး ထိုင်နေသည်။

ကားခေါင်မိုးပေါ်တွင် ဂျပန်စစ်သားအချို့က တောင်မြောက်ဝဲယာကို ကြည့်နေကြ၏။ ကင်းထောက်ထွက်လာသော ရန်သူ့မော်တော်ကားပင် ဖြစ်၏။

ဂျော့နှင့် သူ့အဖွဲ့သားများက ရန်သူများ လက်တုံ့ပြန်ရန် အချိန်မရနိုင်လောက်အောင်ပင် ကားပေါ်ရှိ ရန်သူတစ်ပြုံလုံးကို သုတ်သင်ပစ်နိုင်သည်။ ဂျော့သည် ရန်သူအရာရှိသုံးဦးထံမှ တွေ့ရှိရသမျှ စာရွက်စာတမ်းများကိုယူ၍ စခန်းသို့ ပြန်လာခဲ့ကာ ထိုစာရွက်စာတမ်းများကို ထောက်လှမ်းရေးဌာနသို့ အပ်လိုက်၏။

ထိုစာရွက်စာတမ်းများတွင် မကြာမီ ကဘော်ချောင်းအတိုင်း ချီတက်တိုက်ခိုက်ယူရန် သူတို့၏စစ်ဆင်ရေးအစီအစဉ်တစ်ခုလုံး ပါလာသည်ကို လူတိုင်းပင် အံ့သြစွာတွေ့ကြရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



အမှတ် (၄)တပ်မကြီးမှ ထောက်လှမ်းရေးဌာနချုပ်သည်ချင်းတွင်း အရှေ့ဘက်ကမ်းမှ ရန်သူတို့၏လှုပ်ရှားမှုကို ပို၍ တိတိကျကျသိနိုင်ရန် အတွက် အထူးထောက်လှမ်းရေး အဖွဲ့ငယ်များကို ဇက်တပ်ဖွဲ့ဟု အမည် ပေး၍ အရှေ့ဘက်ကမ်းသို့ စေလွှတ်ခဲ့သည်။

အဖွဲ့ဝင်များမှာ ယခင်က ဤနယ်မြေဒေသတွင် လုပ်ကိုင်ဖူးသော သစ်တောအရာရှိများ အများဆုံးဖြစ်သည်။

သူတို့သည် မိုင်(၄၅၀)အတွင်း သတင်းပို့နိုင်ယူနိုင်သော ကြိုးမဲ့ ကြေးနန်းစက်ကလေးများဖြင့် မိမိတို့၏ ယခင်က လူယုံတော်များကို အား ကိုး၍ လျှို့ဝှက်စွာလှုပ်ရှားနေကြလေသည်။

သို့ဖြင့် အမှတ် (၄)တပ်မကြီးသည် လွန်ခဲ့သောနှစ်ပေါင်း (၂၄၀၀) က **တရုတ်စစ်သူကြီးဆွန်းစု** မိန့်ကြားခဲ့သော "သင့်ရန်သူအား သိလော့" ဟူသော စကားကို နည်းအမျိုးမျိုးဖြင့် အကောင်အထည်ဖော်လျက် ရှိနေ လေသည်။

မြန်မာပြည်နယ်စပ်နှင့် မိုင် (၅၀)သာကွာသော၊ ယခင်က လူသူ အရောက်အပေါက် မရှိသလောက်ဖြစ်ခဲ့သော၊ ပင့်လယ်ရေမျက်နှာပြင်မှ ပေ(၂၆၀၀)ခန့်သာမြင့်သော်လည်း သုံးဖက်သုံးတန်မှ ပေ(၈၀၀၀)ကျော် မြင့်သော တောင်စဉ်တောင်တန်းများ ဝန်းရံလျက်ရှိသော ပဒေသရာဇ် စနစ်ထွန်းကားရာ *အင်ဖာရွှေမြို့*တော်သည် မကြာမတင်ပင် ကမ္ဘာ တစ်ခွင်၌ ထင်ရှားကျော်ကြား၍လာရန် အချိန်နီးကပ်လာနေပေပြီ။

◆◆◆

**(၃)**

ဖေဖော်ဝါရီလဆန်းသည့်အချိန်မှစ၍ ဂျပန်တို့၏လှုပ်ရှားမှုမှာ ရခိုင်ကမ်းမြောင်ဒေသ မြောက်ပိုင်းတွင် ပိုမိုပြင်းထန်လာခဲ့၏။

ရန်သူသည် ချင်းတွင်းစစ်မျက်နှာတွင် တပ်ဖြန့်ထားသော အမှတ် (၄)တပ်မကြီးအား တိုက်ခိုက်ရန် စွယ်ရောင်ပြရင်း၊ ရခိုင်မှ အမှတ်(၁၅) တပ်မကြီးကို တကယ်ပင်တိုက်တော့မည်လောဟု ထင်မှတ်လာရ၏။

ဂျပန်စစ်ဗိုလ်နှင့် အကြပ်များထံမှ အလွယ်တကူ ဖမ်းဆီးရမိသော စာရွက်စာတမ်းများမှာ ရန်သူ၏ပရိယာယ်ပင် ဖြစ်လေသလား ဟုပင် တွေးလာရသည်။

စစ်ပွဲဆိုသည်မှာ ရန်သူနှင့်ယှဉ်တွဲ၍ ပြိုင်ပွဲဝင်ရသည့်ကိစ္စဖြစ်ရာ အင်္ဂလိပ်တို့ဘက်မှ ပရိယာယ်ဝေဝုစ်သုံးသလို ဂျပန်ကလည်း အစွမ်းရှိ သမျှ အနိုင်ရအောင် ကြံမည်မှာ သေချာလှသည်။

ထို့ကြောင့် (၁၉၄၄)ခု၊ ဖေဖော်ဝါရီလ (၂၉)ရက်နေ့သို့ ရောက်လာ သည့်တိုင် ရန်သူ၏ရည်ရွယ်ချက်ကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက်ပေးနိုင် ရန် အခက်တွေ့နေရတော့သည်။

အင်္ဂလိပ်တို့က အင်ဖာတွင် အခြေစိုက်စခန်းကြီးကို ကြီးကြီး ကျယ်ကျယ်ဖွင့်၍ ထားလိုက်ခြင်းမှာ မြန်မာပြည်ထိုးစစ်ကြီးကို ဆင်နွှဲအံ့ ဟူသော ရည်ရွယ်ချက်ကြီးဖြင့် ဖွင့်ထားခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုမူ ရန်သူက အင်္ဂလိပ်တို့ထက် ဦးအောင်ထိုးစစ်ဆင်မည့် အရိပ်နိမိတ်ကို မြင်လာရသည်။

အင်ဖာမှာ လေယာဉ်ကွင်းများ၊ ရိက္ခာနှင့်ခဲယမ်း သိုလှောင်ရာ ဌာနများ၊ ဆေးရုံများ၊ ယာဉ်အမျိုးမျိုး ပြင်ဆင်သည့် အလုပ်ရုံများဖြင့် ရန်သူများအဖို့ တိုက်ခိုက်ချင်စရာ သော့ချက်ဌာနကြီးဖြစ်နေတော့သည်။

ဤအခြေစိုက်စခန်းကြီးသာ ရန်သူ့လက်သို့ ရောက်သွားရလျှင် အင်္ဂလိပ်တို့သည် မဏိပူရတွင် နောက်ထပ် နာလန်မထူနိုင်သည့် အခြေသို့ရောက်ရပေတော့မည်။

ထို့ကြောင့် အင်ဖာစစ်မျက်နှာကို ဦးစီးနေရသော ဗိုလ်ချုပ်ကြီး စကွန်းအဖို့ တက်လာသည့် ရန်သူမှန်သမျှအား အင်ဖာမှနေ၍ ကြံ့ကြံ့ခံကာ တိုက်ထုတ်ရန်သာ ကျန်တော့သည်။

သို့သော် ဤကဲ့သို့ တိုက်ထုတ်ရန်မှာ အပြောလွယ်သလောက် အလုပ်ခက်ကြသည်။ အဘယ်ကြောင့်ဆိုသော် မိုင်(၂၀၀)ခန့် ကျယ်ပြန့်သောစစ်မျက်နှာတစ်လျှောက်တွင် မိမိတွင်ရှိသမျှ တပ်များကိုဖြန့်၍ ရံထားရပြီး ထိုတပ်များကို အရေးကြုံက ပြန်၍စုရန် လမ်းပန်းခက်ခဲနေသောကြောင့်တည်း။

စကွန်းအား လာရောက်တိုက်ခိုက်မည့် ဂျပန်တို့၏အင်အားနှင့် စကွန်းတွင် ရှိနေသောအင်အားမှာ အကြမ်းအားဖြင့် တူညီနေသည်ဟု ပင်ဆိုနိုင်ပါသည်။

သို့သော် ရန်သူသည် တိုက်ပွဲဖြစ်နေစဉ်အတွင်း နောက်ထပ် တပ်မတစ်ခုကို ခေါ်ယူရရှိနိုင်သည့်အခြေအနေတွင်ရှိကြောင်းကို ထောက်လှမ်းရရှိထားသော သတင်းအချို့က အရိပ်အမြွက်ပြနေသည်ကို တွေ့နေရသည်။

သည်အတိုင်းသာမှန်လျှင် ရန်သူ့အင်အားသည် စကွန်းထက် များစွာသာနေလေတော့သည်။





စကွန်းတွင် လေကြောင်းအင်အားအနေဖြင့် ရန်သူ့ထက် သာနေသည်မှာ သေချာသည်။ ဘုရင့်လေတပ်မတော်မှ လေတပ်အုပ်စု (၇)ခုက အချိန်မရွေး စကွန်း၏အမှတ် (၄)ကြည်းတပ်မကြီးအား အကူအညီပေးရန် အသင့်ရှိနေသည်။ ရန်သူ့ဘက်တွင် ဤကဲ့သို့ အမြဲတမ်း လေတပ်အင်အား ကန့်သတ်၍ ပေးထားခြင်းမရှိ။

တင့်ကားတပ်နှင့် အမြောက်တပ်တွင်လည်း အင်္ဂလိပ်တို့ဘက်က ပင် အင်အားသာနေသည်ဟု ဆိုရမည်ဖြစ်သည်။ သို့သော် ရိက္ခာထောက်ပံ့ရေးတွင်မူ ရန်သူက အင်္ဂလိပ်တို့ထက် များစွာ အခွင့်အရေးသာနေလေသည်။ အဘယ်ကြောင့်ဆိုသော် ဂျပန်စစ်သားများသည် အစားအနေဆင်းဆင်းရဲရဲဖြင့် စစ်တိုက်နိုင်သောကြောင့်ပါတည်း။

ဂျပန်သည် ပို၍များပြားလာကာ အင်အားအတွက် စားနပ်ရိက္ခာကို ဝန်တင်တိရစ္ဆာန်များဖြင့်သော်လည်းကောင်း၊ အထမ်းသမားများဖြင့်သော်လည်းကောင်း အချိန်မှီရရှိအောင် ကြိုးစားနိုင်သည့် အခွင့်အလမ်းရှိနေ၏။

ထို့ပြင် ဂျပန်တို့အတွက် မန္တလေး-မြစ်ကြီးနား ရထားလမ်းမှ ချင်းတွင်းဆီသို့ ဖြာထွက်လျက်ရှိသော အတော်အသင့်ကောင်းမွန်သည့် လမ်းသုံးလမ်းကလည်း ရိက္ခာထောက်ရန် အသင့်ရှိနေသည်။

ဤလမ်းသုံးသွယ်သည် ရထားလမ်းဆုံးရာဖြစ်သော ဒိုင်မာပူမှ မဏိပူရပြည်ရှိ အင်ဖာသို့လာသည့် လမ်းခရီးထက်ပင် ခရီးပိုတိုသေးသည်။ လမ်းသုံးလမ်းသည် တစ်လမ်းလျှင် ပျမ်းမျှကြေး မိုင်(၁၁၀) ခန့်သာရှည်သော်လည်း ဒိုင်မာပူ-အင်ဖာလမ်းမှာမူ (၁၃၃)မိုင်ရှည်နေသည်။ အင်ဖာ-တီးတိန်လမ်းမှာလည်း မိုင်(၁၆၀)အထိ ရှည်နေလေသည်။

ထို့ကြောင့် ရန်သူသည် စကွန်းထက် လျင်မြန်စွာ ရိက္ခာများကို သယ်ယူပို့ဆောင်ပေးနိုင်မည်မှာ သေချာနေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



အမှတ် (၄)တပ်မကြီး၏ တပ်ဖြန့်၍ချထားပုံကို ကြည့်လိုက်ခြင်းအားဖြင့် စကွန်းသည် ခံစစ်ကိုသာပြုရပါမူ အခြေအနေကောင်းနှင့် တွေ့နိုင်မည် မဟုတ်သည်မှာ သေချာနေသည်။

အမှတ် (၁၇)တပ်မရှိရာ တီးတိန်နှင့် အမှတ် (၂၀)တပ်မရှိရာ တမူးတို့ကြားတွင် တောကြီးများ၊ တောင်ကြီးများက မိုင်(၂၀၀)ခန့်ဆန့်၍ ခက်ခဲအောင်လုပ်ထားကြသည်။

ထို့ကြောင့် တပ်မတစ်ခုမှ အခြားတစ်ခုသို့ တပ်ကူပို့လိုလျှင် ထိုတပ်ကူသည် မိမိရှိနေသည့်နေရာမှပထမဆုံး အင်ဖာသို့ ပြန်လာရမည်။ ထိုမှတစ်ဖန် မိမိအကူသွားလိုရာသို့ ပြန်၍ထွက်ရပေဦးမည်။

သဘာဝကပေးထားသော နယ်မြေအနေအထားကြောင့် အမှတ် (၄)တပ်မကြီးသည် ဂျပန်အမှတ် (၁၅)တပ်မတော်၏ တဖိတည်းဖိခြင်းကို တိုက်ပွဲအစတွင် ဆက်၍ဆက်၍ ခံနေခဲ့ရ၏။

သို့သော် သဘာဝနယ်မြေအနေအထားအရ ဗိုလ်ချုပ်ကြီးဆလင်း အကြံပေးသလို ကန့်သတ်သော ထိုးစစ်ကို ထိုးရန်လည်း သင့်လျော်နေပြန်၏။

ဗိုလ်ချုပ်ကြီးစကွန်းသည် စောစောက စီစဉ်ထားသည့်အတိုင်း **ကန့်သတ်သောထိုးစစ်**ကို ထိုးလိုက်သော် ယခုဖြန့်ထားသည့် တပ်အနေအထားအတိုင်းဆက်လက်ထားရန်နှင့် အင်ကြီးအားကြီးဖြင့် ထိုးလာသော ရန်သူ့ထိုးစစ်ကို ခံစစ်ပြု၍ အနိုင်ယူလိုသော် ဖြန့်ထားသည့်တပ်များကို ပြန်၍ စုရမည်သာဖြစ်သည်။

တပ်များ ဆက်လက်ဖြန့်ထားရေးနှင့် ပြန်လည်စုစည်းရေးကို ဆုံးဖြတ်ရန်မှာ ရန်သူ့အကြံအစည်ကို ကေန်ဒိဋ္ဌသိရှိမှသာလျှင် ဖြစ်နိုင်မည်။ ယခုမူ ဖေဖော်ဝါရီလကုန်သည်အထိ ရန်သူ့ရည်ရွယ်ချက်ကို ထင်ထင်လင်းလင်းမသိရသေး။ သည်အထဲတွင် ရှေ့တန်းစစ်မျက်နှာ၌ ထောင်နှင့်ချီ၍ရှိနေသော အထမ်းအလုပ်သမားများ၊ အဆောက်အအုံအလုပ်သမား





များအရေးကလည်း ကမ္ဘာမီးလောင်ရာတွင် ဆီမီးခွက် ထ,တောက်သလို ဖြစ်နေပြန်သည်။

အကယ်၍ ရန်သူသည် အင်အားအလုံးအရင်းကြီးစွာဖြင့် ထိုးစစ်ကြီးချီလာခဲ့သော် ရှေ့တန်းစစ်မျက်နှာတွင် ရောက်နေသည့် ထောင်ပေါင်းများစွာသော အလုပ်သမားများအား အင်ဖာအနောက်ပိုင်းသို့ အရောက်ပြန်လည်ခေါ်ဆောင်ရေးမှာ ပြဿနာကြီးပင် ဖြစ်လာပေတော့မည်။

လက်နက်မကိုင်တတ်သော ထောင်ပေါင်းများစွာသော အလုပ်သမားများသည် ရန်သူချီတက်လာပြီဟု ကြားသည်နှင့်တပြိုင်နက် သွေးရူးသွေးတန်းဖြစ်ကာ ပြေးကြ လွှားကြ လုပ်လာကြလျှင် အခြေအနေမှာ ထိန်းမရသိမ်းမရ ဖြစ်လာကြပေတော့မည်။

ယခုအချိန်တွင် ရန်သူ့ရည်ရွယ်ချက်ကို တိတိကျကျမပြောနိုင်သေးသော်လည်း အဆိုးတကာ့အဆိုးဆုံး အခြေအနေနှင့် ရင်ဆိုင်လာရလျှင် မည်သို့ပြုလုပ်ရမည်ကို ကြိုကြိုတင်တင် စီမံကိန်းဆွဲထားသင့်ပြီဟု ဗိုလ်ချုပ်ကြီးစကွန်းက စဉ်းစားမိသည်။

သို့သော် မည်သို့စီမံကိန်းဆွဲမည် ဆိုသည်မှာလည်း ပြဿနာတစ်ရပ်ဖြစ်လာပြန်တော့သည်။ မည်သည့်အချိန်တွင် **ကန့်သတ်သော ထိုးစစ်**ကိုထိုးရန် အမိန့်ပေးမည်ဆိုသည်မှာလည်း ပို၍ပင်ခက်လာလေသည်။

အမှတ် (၁၇)နှင့် (၂၀)တပ်မတို့သည် တီးတိန်နှင့်တမူးတွင် ခြေကုပ်စခန်းချနိုင်ရန်အတွက် အသက်ပေါင်းများစွာ သွေးပေါင်းများစွာကို စတေးခဲ့ကြရ၏။ ထို့ကြောင့်လည်း ထိုတပ်မနှစ်ခုမှ စစ်သည်ရဲမက်တော်တို့၏စိတ်တွင် ထိုးစစ်ဆင်နွှဲလိုသည့် ဆန္ဒက ပြင်းပြလျက်ရှိနေသည်။

ထို့ပြင် အမှတ် (၁၄)တပ်မတော်ကြီးက မြန်မာပြည်အား ထိုးစစ်ဆင်၍ တိုက်ခိုက်တော့မည်ဟူသော စောစောပိုင်းက သတင်းများကြောင့် ရဲမက်စစ်သည်တော်တိုင်းပင် ပြိုင်ပွဲဝင်ရမည့် မြင်းလို တကြွကြွရှိနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ဖြစ်နေသော အခြေအနေတွင် ရှေ့တန်းစစ်မျက်နှာသို့ ရောက်နေသော အမှတ် (၁၇)နှင့် (၂၀)တပ်မတို့အား အင်ဖာသို့ပြန်လည် ခေါ်ယူစုစည်းလိုက်သော် အရှိန်ပြင်းစွာ တက်ကြွနေသော စစ်သည်ရဲမက်တော်တို့၏ စိတ်ဓာတ်ကို တစ်ကြိမ်တည်းနှင့် ချေမှုန်းပစ်လိုက်သကဲ့သို့ ရှိပေတော့သည်။

ထို့ပြင် ဤသို့ ပြန်လည်ခေါ်ယူလိုက်ပြီးသော်လည်း ရန်သူက ဘယ်လိုမှ ထိုးစစ်ဆင်၍တက်မလာခဲ့သော် မဟာအရှက်တော်ကွဲရသည့် ကိန်းမျိုးနှင့် ကြုံနေမည်ကိုလည်း စိုးရိမ်ရသေးသည်။

အကယ်၍ ဤတပ်မနှစ်ခုအား ရန်သူက အင်အားအလုံးအရင်းဖြင့် ထိုးစစ်ပြုလာသောအချိန်တွင်မှ ပြန်လည်ခေါ်ယူလိုက်လျှင် တပ်မနှစ်ခုသည် အားချင်းမမျှသဖြင့် ပြန်၍မလာနိုင်တော့ဘဲ ရန်သူ့လက်တွင် တပ်လုံးပျောက်သည်အထိ ချေမှုန်းခြင်းခံရမည့် အန္တရာယ်ကြီးကလည်း တစ်ဖက်မှရှိနေပြန်သည်။

အခြေအနေအရပ်ရပ်ကို အဖက်ဖက်မှ အပြန်ပြန်အလှန်လှန် သုံးသပ်နေသော ဗိုလ်ချုပ်ကြီးစုကွန်းသည် အဖြေကို ကောက်ချက်ထုတ်လိုက်သည့်အခါတိုင်း မိမိ၏တပ်များအား ယခုဖြန့်ချထားသည့်နေရာတွင် ဆက်လက်ထားရှိရေးမှာ လွန်စွာတာဝန်ကြီးကာ အန္တရာယ်လည်း များလှသည်ကို သတိပြုမိသည်။ တိုက်ပွဲအစတွင် ဤတပ်မနှစ်ခုသာ ရန်သူ၏ သုတ်သင်ချေမှုန်းခြင်းကို ခံလိုက်ရလျှင် မိမိအဖို့ စ,ကတည်းက အရှုံးကို အခြေခံ၍တိုက်နေသည်သာ ဖြစ်ပေတော့မည်။

အမှတ် (၁၇)တပ်မအား အင်ဖာသို့ခေါ်ယူထားပြီး အမှတ် (၂၀) တပ်မအား တမူးမှနေ၍ တိုက်စေရလျှင်. . .

သို့သော် ပြဿနာကြီးတစ်ခုလုံးက ပြေလည်၍မသွား။

ရန်သူကအလုံးအရင်းဖြင့် ထိုးစစ်ဆင်လာသည်နှင့်တပြိုင်နက် ဖြန့်ချထားသော တပ်များအားလုံး အင်ဖာတွင် စုစည်းနေရန်မှာ အမိက။





ရန်သူ့ဘက်မှထိုးစစ်ကြီးဆင်လာပြီဟု သိရသည်နှင့်တစ်ပြိုင်နက် ဖြန့်ချထားသော တပ်များကို စုစည်းလိုက်ခြင်းဖြင့် မိမိဘက်မှ ဆက်သွယ်ရေးလမ်းကြောင်းများက ရှည်ရာမှတိုလာသလောက် ရန်သူ့ဘက်မှ ဆက်သွယ်ရေးလမ်းကြောင်းများက ရှည်၍လိုက်လာမည်သာ ဖြစ်သည်။

သို့ဖြစ်၍ ရှည်လျားသော ဆက်သွယ်ရေးလမ်းကြောင်းအဆုံးတွင် ရှိနေမည်ဖြစ်သောရန်သူ့အား နောက်မှနေ၍ ရိက္ခာနှင့်ခဲယမ်းများထောက်ပံ့ရေးမှာလည်း ခရီးပို၍ကြာလာကာ ဒုက္ခလည်း ပို၍လာပေတော့မည်။

ရန်သူသည် ချင်းတွင်းနှင့် ပို၍ပို၍ဝေးလာကာ အင်ဖာလွင်ပြင်နယ်နိမိတ်နှင့် ပို၍ပို၍နီးလာသည်နှင့်အမျှ ပို၍ကြီးမားသော အန္တရာယ်နှင့်သာ ရင်ဆိုင်တိုးလာပေတော့မည်။ အင်ဖာလွင်ပြင်ပတ်ဝန်းကျင်သည် အခြားဒေသများထက် ပြန့်ပြူးကာ တောများတောင်များလည်း ကင်းရှင်းသည်။

ဤကဲ့သို့သော နေရာတွင် မိမိ၏တင့်ကားတပ်နှင့် လေတပ်အား အက်ကုန်ဖွင့်၍ တိုက်စေလျှင် ရန်သူသည် ဆက်ကာဆက်ကာ နာ၍သွားပေတော့မည်။ ထို့ပြင် ရန်သူအား မိုးကျလာသည့်မေလသို့ ရောက်သည်အထိ အချိန်ဆွဲ၍ ခံစစ်ပြုထားလိုက်လျှင် ရန်သူသည် သဘာဝတရားကြီး၏နှိပ်စက်ခြင်းဒဏ်ဖြင့်ပင် မရှုမလှ ခွေးကျ,ကျရပေတော့မည်။

ဤသို့အဆုံးသတ်နိုင်ရန်အတွက် အင်ဖာမှနေ၍ တပ်များကို စုစည်းကာ ခံစစ်ပြုခြင်းသည်သာလျှင် နည်းမှန်လမ်းမှန် ဖြစ်ပေတော့မည်။ သို့သော် မည်သည့်အချိန်တွင် ဖြန့်ချထားသော တပ်များအား အင်ဖာသို့ ပြန်၍စုစည်းလာရန် အမိန့်ပေးပါမည်နည်း။ ဤမေးခွန်းသည် ဗိုလ်ချုပ်ကြီးစုကွန်းအတွက် များစွာ အခက်ပွေ့စေတော့သည်။

ရန်သူ့ထိုးစစ်ကြီး ရောက်မလာနှင့်မီ တပ်မနှစ်ခုအား စောစောစီးစီးပြန်၍ စုစည်းထားရေးမှာ အမြီးကုပ်သည့် နောက်ဆုတ်ဝါဒသာ ဖြစ်ချေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ထောင်ပေါင်းများစွာသော အလုပ်သမားတို့ဖြင့် နေ့မအား ညမအားဖောက်လုပ်ခဲ့ရသော လမ်းများမှာ ရန်သူတော်ကြွချီလာရန်အတွက် ရွှေကော်ဇောခင်းပေးသကဲ့သို့ ရှိနေပေတော့မည်။

ဗိုလ်ချုပ်ကြီးစကွန်းသည် အထွေထွေ ဝေဖန်သုံးသပ်ချက်များကို ပြန်လည်စိစစ်ပြီးနောက် စစ်ဆင်ရေးအစီအစဉ်တစ်ရပ်ကို ရေးဆွဲကာ အမှတ် (၁၄)တပ်မတော်၏ အာဏာပိုင်ဖြစ်သော ဗိုလ်ချုပ်ကြီးဆလင်းထံ တင်ပြလိုက်၏။

စကွန်း၏စစ်ဆင်ရေးအစီအစဉ်မှ အနှစ်သာရကို ဗိုလ်ချုပ်ကြီးဆလင်းက ပြုပြင်ပြောင်းလဲခြင်းမပြု။ မည်သည့်နည်းဖြင့်မဆို အင်ဖာမှနေ၍ကြံ့ကြံ့ခံရန်။

ဤကား စကွန်း၏စစ်ဆင်ရေးအစီအစဉ်မှ အနှစ်သာရတည်း။

ဤသို့ ကြံ့ကြံ့ခံရန်အတွက် အမှတ် (၁၇)တပ်မသည် စကွန်းထံမှ အမိန့်ရလျှင်ရချင်း တီးတိန်မှ အင်ဖာသို့ လျင်မြန်နိုင်သမျှ လျင်မြန်စွာ ဖောက်ထွက်ဆုတ်ခွာလာရမည်ဖြစ်ပြီး မိုင်တိုင်အမှတ် (၄၀)နှင့် (၅၀)ကြားတွင် တပ်မဟာတစ်ခုအား နောက်မှလိုက်လာသည့်ရန်သူကို ခုခံတားဆီးရန်ချန်ထားခဲ့သော မိုင်တိုင် (၃၆)သို့အရောက်တွင် ချန်ထားခဲ့သော တပ်မဟာ၏ ဆက်သွယ်ရေးလမ်းကြောင်းကို ကာကွယ်ရန်အတွက် တပ်ဖွဲ့တစ်ခုကို ထပ်မံချထားခဲ့လျက် ကြွင်းသမျှတပ်ဖွဲ့များက အင်ဖာသို့ လာရောက်စုရုံးရမည်ဖြစ်သည်။

အမှတ် (၁၇)တပ်မကို ဦးစီးအုပ်ချုပ်သူ ကိုဝင်သည် တီးတိန်မှ ဖောက်ထွက်ဆုတ်ခွာလာရင်း လမ်းတလျှောက်ရှိ တံတားများကို ဖောက်ခွဲဖျက်ဆီးပစ်ခဲ့ရမည်ဖြစ်၏။ ဤကဲ့သို့ အမှတ် (၁၇)တပ်မက ဆုတ်ခွာနေစဉ် ဂရေဆီ၏အမှတ် (၂၀)တပ်မက တမူးမှတောင်ဘက်သို့ဆင်း၍ ဖြန့်ထားသောတပ်မဟာများကို တမူးတွင်ပင် ပြန်၍ စုထားကာ ရန်သူများ အလုံးအရင်းဖြင့် တက်မလာသေးသမျှ တမူးတွင်ပင် တပ်စွဲထားရမည်။





ထို့နောက် ရန်သူများ အလုံးအရင်းဖြင့် တက်လာတော့မည့်လက္ခဏာကို တွေ့လာရပြီး ဗိုလ်ချုပ်ကြီးစကွန်းထံမှ အမိန့်ရသည်နှင့် တစ်ပြိုင်နက် ဂရေဆီသည် ရိက္ခာသို လှောင်ရေးစခန်းဖြစ်သော မိုးရဲသို့ တပ်ဆုတ်လာရမည်။ မိုးရဲတွင် လမ်းအလုပ်သမားများ၊ လမ်းဖောက်သည့် ကိရိယာများ အင်ဖာသို့ ပြောင်းရွှေ့ပြီးသည်အထိ တပ်စွဲနေရသည်။

ထို့နောက် အင်ဖာလွင်ပြင်သို့ ဝင်ရောက်နိုင်သော ရှန်နမ်ဆီသို့ တဖြည်းဖြည်း တပ်ဆုတ်၍လာကာ ရှန်နမ်မှနေ၍ ချီတက်လာသော ရန်သူကို တားဆီးခုခံရမည်။ မိုးရဲမှ အင်ဖာသို့ ပြန်၍ မပို့နိုင်တော့သည့် ရိက္ခာပစ္စည်းမှန်သမျှကိုလည်း မီးရှို့ဖျက်ဆီးပစ်ခဲ့ရမည် ဖြစ်သည်။

ဤအချိန်တွင် အင်ဖာတွင်တပ်စွဲထားသော ရောဘတ် ဦးစီးသည့် အမှတ် (၂၃)တပ်မမှ တပ်မဟာတစ်ခုက မြောက်ဘက်မှနေ၍ တမူးသို့ ချီလာမည့် ရန်သူ့တပ်များကို ခုခံတိုက်ခိုက်ရန် ခုခရယ်သို့ရောက်နေပြီး ကြွင်းကျန်သမျှတပ်ဖွဲ့များက ကိုဟီမား-အင်ဖာလမ်းကို အစွမ်းကုန်ကာကွယ်ထားရမည် ဖြစ်သည်။ ရောဘတ်သည် အမှတ် (၅၀)လေထီးတပ်မဟာ၊ အမှတ်(၂၅၄)တင့်ကားတပ်မဟာများပါဝင်သော သူ၏အမှတ် (၂၃)တပ်မဖြင့် ဤတာဝန်ကို ကျေပွန်စွာထမ်းရွက်နိုင်မည်ဟုမျှော်လင့်ရသည်။

အင်ဖာလွင်ပြင်ရှိ လေယာဉ်ကွင်းများ၊ ရိက္ခာဂိုဒေါင်များ၊ ဆေးရုံများကို စောင့်ရှောက်နေသည့် တပ်များသည် အကယ်၍ ရန်သူက ဝိုင်းဝန်းလုပ်ကြံခြင်းခံရလျှင် (၁၀)ရက်တိတိ အရှုံးမပေးလက်မမြှောက်ဘဲ ခုခံနေနိုင်ရန်အတွက် လိုအပ်သမျှ ရိက္ခာ၊ ခဲယမ်းနှင့် ရေကိုပါသိုလှောင်ကာ မိမိတို့နေရာများကို ခံတပ်သဖွယ် ခိုင်ခိုင်လုံလုံရှိနေရန် အမိန့်ပေးထားသည်။ ကိုမီလာတွင် ဌာနချုပ် ပြုလုပ်ထားသော ဗိုလ်ချုပ်ကြီးဆလင်းသည် အမှတ်(၄)တပ်မကြီး ဌာနချုပ်ရှိရာ အင်ဖာသို့ လေယာဉ်ဖြင့် အမြဲလိုလိုလာရောက်ကာ စစ်မြေပြင်တွင် လက်တွေ့ဦးစီးနေရသော ဗိုလ်ချုပ်ကြီးစကွန်းနှင့် တိုင်ပင်ဆွေးနွေး အကြံပေးလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



တီးတိန်နှင့် တမူးတွင်ရှိနေသော အမှတ် (၁၇)နှင့် အမှတ် (၂၀) တပ်မနှစ်ခုအား မည်သည့်အချိန်တွင် တပ်ဆုတ်လာရန် အမိန့်ပေးရမည့် တာဝန်ကိုလည်း စစ်မြေပြင်တွင် လက်တွေ့ဦးစီးနေရသော ဗိုလ်ချုပ်ကြီး စကွန်းအား လွှဲအပ်ထားသည်။

ရန်သူနှင့် ရင်ဆိုင်ရတော့မည့် ရက်သည် တဖြည်းဖြည်း နီးကပ်၍ လာလေသည်။ စောင့်နေရသော ရက်များသည် ရင်ဖိုစရာကောင်းလှ ပါချေ၏တကား။

◆◆◆

(၅)

ယခုအချိန်၌ ငါတို့၏တပ်မတော်သည် ရှိမ်းဆာယာဖိုမောက်၍ ကိုယ်ယောင်ဖျောက်နိုင်လောက်သည်အထိ စွမ်းပကား ထက်မြက်၍ လာခဲ့ပေပြီ။ အိန္ဒိယပြည်ကြီးပေါ်တွင် ငါတို့၏တက်နေရောင်အလံတော်ကြီးကို စိုက်ထူဝင့်ကြွားနိုင်ရန်လည်း အချိန်များစွာ မလိုတော့။

ငါတို့၏ ဤယူစစ်ဆင်ရေးကြီးကို ကမ္ဘာတစ်ခုလုံးနှင့်တကွ ငါတို့၏သန်းပေါင်း(၁၀၀)မျှသော ပြည်သူလူထုကြီးက စောင့်ကြည့်လျက် ရှိနေ သည်ကို ရဲဘော်တို့ သတိမူကြလော့။

ဤစစ်ဆင်ရေးကြီး၏ ပင်ကိုသဘာဝဓာတ်ခံကပင် အောင်မြေမှ အောင်ပန်းပေါက်ကာ အောင်စည်တီးလျက်ရှိရာ ငါတို့သည် ဤစစ်ဆင်ရေးမှ ပေါ်ထွက်လာမည့်အောင်ပွဲဖြင့် ဤစစ်ကြီး၏လမ်းကြောင်းကို ငါတို့ အလိုရှိသလို လွှဲပြောင်းပေးနိုင်ရုံသာမက ဤစစ်ကြီး၏ နိဂုံးကို ငါတို့သာ အဆုံးအဖြတ်ပေးနိုင်သည့် အလားအလာလည်း ရှိနေပေပြီ။

ထို့ကြောင့် ငါတို့သည် ငါတို့တွင်ရှိသမျှ ကာယအင်အား၊ ဉာဏအင်အား မှန်သမျှကို အစွမ်းကုန် အသုံးပြုလျက် ငါတို့၏ရည်မှန်းချက်သို့ မရောက်မနေ ချီတက်ကြရပေတော့မည်။

ရဲဘော်တို့ . . .

ဤစစ်ဆင်ရေးကြီး၏ အဓိက သော့ချက်မှာ အမြန်ဆုံးချီတက်၍ အများဆုံးအောင်ပွဲရအောင် တိုက်ခိုက်ရန်ဖြစ်သည်ကို အစဉ်သတိပြုကြ ပေလော့။



www.burmeseclassic.com

www.burmeseclassic.com



ငါတို့၏ချီတက်ရာလမ်းကြောင်းတွင် တောအထပ်ထပ်၊ တောင်အဆင့်ဆင့်၊ မြစ်အတန်တန် တားဆီးလျက်ရှိနေလင့်ကစား ငါတို့သည် ဤသဘာဝအတားအဆီးများကို ကြီးစွာသော တောမီးကြီးပမာကျော်နင်းလွှန်မြောက်လျက် ငါတို့၏ရန်သူအား အပြီးအပိုင် ချေမှုန်းသုတ်သင်ကာ အောင်ပွဲကြီးကို ရယူကြရပေတော့မည်။ ရာဇဝင်အဆက်ဆက်တွင် တလက်လက်ထွန်းပြောင်နေခဲ့သော ငါတို့သူရဲကောင်းများ၏ ခြေရာကိုနင်းကာ ငါတို့သည် ငါတို့၏မဟာတာဝန်ကို ထမ်းဆောင်ကြပါစို့။ ဤစစ်ဆင်ရေးကြီးတွင် ပါဝင်သောအရာရှိမှအစ ရဲဘော်အဆုံး အားလုံးသော ရဲမက်စစ်သည်တော်တို့သည် သေသည်အထိ တိုက်ခိုက်ကြလော့။

ဤကား အင်ဖာတိုက်ပွဲမစမီ ရက်သတ္တသုံးပတ်ခန့်က ဗိုလ်ချုပ်ကြီးမတ္တာဂူချီက သူ၏အမှတ် (၁၅)တပ်မတော်အား တပ်လှန့်လိုက်သော ကြေငြာချက်ပင်တည်း။

(၁၉၄၄)ခု၊ မတ်လ(၇)ရက်နေ့တွင် ဂျပန်တို့၏အမှတ်(၃၃)တပ်မသည် အင်္ဂလိပ်တို့၏အမှတ် (၁၇)တပ်မအား ချေမှုန်းသုတ်သင်ရန်နှင့် အမှတ်(၂၀)တပ်မအား ဖြိုခွင်းရန်အကြံဖြင့် တီးတိန်နှင့် တမူးသို့ စစ်ကြောင်းနှစ်ကြောင်းခွဲ၍ ချီတက်လာလေသည်။

ကသော်မြစ်ဝှမ်း ရာဇဂြိုဟ်တွင် အခြေစိုက်ထားသော ဗိုလ်မှူးအိုဂဝါနှင့်ဗိုလ်မှူးဆိုက်တို ဦးစီးသော တပ်ဖွဲ့နှစ်ခုသည် တောလမ်း၊ တောင်လမ်းအတိုင်း ချီတက်လာကာ မဏိပူရမြစ်ကူးတံတားကို အုပ်မိုး၍နေသော ကျူတန်တောင်တန်းကို ထိန်းသိမ်းထားကြသည်။

တမူးသို့ ချီတက်လာသော အမှတ် (၃၃) တပ်မစစ်ကြောင်းတွင် (၂၁၃)တပ်ဖွဲ့မှ တပ်ရင်းတစ်ရင်းနှင့် အမှတ်(၁၄)တင့်ကားတပ်ဖွဲ့မှ အလတ် တန်းစား(၂၁)စီး၊ အပေါ့စားတင့်ကား အစီး (၄၀)ပါလာသည်။ တပ်မတွင်ရှိသမျှ အမြောက်တပ်အားလုံးလိုလိုလည်း ဤစစ်ကြောင်းနှင့် အတူချီတက်လာသည်။





ဤစစ်ကြောင်းကို ဦးစီးသူ ယာမာမိုတိုက တမူးသို့ရောက်လာသည့်အချိန်တွင် ချင်းတွင်းကို ဖြတ်ကျော်ပြီးဖြစ်နေသော အမှတ် (၁၅)တပ်မမှ စစ်ကူရနိုင်မည်ဟု တွက်ထားသည်။

တီးတိန်သို့ချီတက်လာသော စစ်ကြောင်းသည် မတ်လ (၈)ရက်နေ့တွင် တီးတိန်တောင်ဘက် (၁၅)မိုင်အကွာမှနေ၍ မဏိပူရမြစ်ကို ဖြတ်ကူးကာ အင်ဖာလမ်းရှိ မိုင်တိုင်အမှတ် (၁၆၀)ကို ချုပ်ကိုင်ထားရန် ရည်ရွယ်ထားသည်။

ရန်သူ့တပ်များသည် မတ်စောက်သော တောင်များနှင့် ထူထပ်သောတောများကို ညအချိန်တွင်သာ ဖြတ်ကျော်လျက် မြောက်ဘက်ခရီးအတိုင်း ချီတက်လာကြခြင်းဖြစ်ရာ အင်္ဂလိပ်ဘက်မှ ကင်းထောက်လေယာဉ်များက မည်သို့မျှ ရှာမတွေ့အောင် ဖြစ်နေတော့သည်။

မတ်လ (၉)ရက်နေ့တွင် အမှတ် (၁၀) ဂေါ်ရခါးတပ်ဖွဲ့မှ တိုက်ကင်းထွက်ရင်း မိမိအဖော်များနှင့်ကွဲကာ အထီးတည်းကျန်နေရစ်ခဲ့သော ရဲဘော်တစ်ယောက်သည် မိမိတပ်ဖွဲ့ရှိရာသို့ ပြန်ရောက်လာပြီး အလွန်အရေးကြီးသော သတင်းတစ်ခုကို ပို့လိုက်၏။

သူသည် မဏိပူရမြစ်ကို ဖြတ်ကူးနိုင်သည့် နေရာတစ်ခုကိုအုပ်မိုးနေသော တောင်ကုန်းတစ်ခုပေါ်၌ တစ်ယောက်တည်းအမောဖြေနေခိုက် လူအင်အားအလွန်များပြားသော ဂျပန်စစ်ကြောင်းတစ်ကြောင်းကို မြစ်အနောက်ဘက် ကမ်းပေါ်၌ မနေ့တစ်နေ့က တွေ့မြင်ခဲ့ရပါသည်ဟု ဆိုသည်။ ထိုနေ့တွင်ပင် အင်ဂျင်နီယာအရာရှိတစ်ဦးကလည်း သူ၏နေ့စဉ်မှတ်တမ်း၌ “တီးတိန်မှာ ပွဲကြီးပွဲကောင်းတော့ စနေပြီ၊ ဂျပန်တွေကို ကြည့်ရတာ သိပ်ယုတ်မာ ကောက်ကျစ်ပုံရတယ်” ဟု မှတ်ချက်ရေးသားခဲ့သည်။ ဤအရာရှိကဲ့သို့ပင် အခြားအရာရှိများကလည်း ရန်သူသည် တဖြောင်းဖြောင်းနှင့် လက်ခမောင်းခတ်၍ တက်လာပြီဟု ယူဆကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် တိုက်ပွဲဖြစ်လျှင် ရှိနေရန်မလိုသော ကူလီတပ်ဖွဲ့၊ စစ်မြေပြင်တိရစ္ဆာန်၊ ဆေးရုံစသော အဖွဲ့များကို ယခုအချိန်မှ စတင်၍ အင်ဖာသို့ ပြန်ပို့ရန်သင့်နေပြီဟု သဘောရရှိကြ၏။

ရောက်ရှိလာသော သတင်းများအရ ရန်သူတပ်များသည် မတ်လ (၁၀)ရက်နေ့က အင်္ဂလိပ်စစ်သားများက ဖောက်ခွဲဖျက်ဆီးပစ်ခဲ့သည့် ကေဘာယ်လ်ကြိုးတံတားရှိရာသို့ ရောက်နေပြီဟူ၍ဖြစ်သည်။

ထို့အတူ ရန်သူများသည် အခြားကြိုးတံတားတစ်ခုရှိရာ တူဘဲလ်မှနေ၍ မဏိပူရမြစ်အတိုင်း ဆင်များဖြင့် စုန်ဆင်းလာပြီဟူ၍လည်း ကြားနေရသည်။

ထို့ပြင် ကနေဒီတောင်ကုန်း၏ တောင်ဘက်တွင်လည်း ရန်သူ့အမြောက်သံ မော်တာသံများမှာ ခါတိုင်းထက် လက်သံပြောင်နေသည်ကို ကြားနေရသည်။ ကိုဝင်၏ဌာနချုပ်တပ်သားများနှင့် လေယာဉ်ကွင်း၊ ဆေးရုံနှင့် ရိက္ခာဂိုဒေါင်များကို စောင့်နေရသော တပ်ဖွဲ့များသည် ခံကတုတ်ကျင်းများကို စ၍တူးကြရတော့သည်။

မတ်လ (၁၁)ရက်နေ့တည်း။

မတ်လ (၁၃)ရက်နေ့တွင် ဂျပန်စစ်ကြောင်းတစ်ခုနောက်မှ ကူလီထမ်းပို့ရာမှ ပြန်လာသော ချင်းရွာသားတစ်ယောက်ကို ကင်းအဖွဲ့တစ်ခုက ဖမ်းဆီးရမိသည်။

ထိုရွာသားက ဂျပန်များ မိုင်တိုင်အမှတ် (၁၀၀)သို့ ချီတက်သွားကြောင်း ပြောပြသည်။ထိုနေ့ည ရှစ်နာရီခွဲကျော်ကျော်ကလေးတွင် အမှတ် (၄)တပ်မကြီး၏ ဗိုလ်ချုပ်ကြီးဖြစ်သူ စကွန်းက အမှတ် (၁၇)တပ်မ ဦးစီးဖြစ်သူ ကိုဝင်အား တပ်မကို အင်ဖာသို့ ဆုတ်လာရန် တယ်လီဖုန်းဖြင့် လှမ်း၍ အမိန့်ပေးလိုက်၏။

စကွန်းမှာ အင်ဖာနှင့် တီးတိန်လမ်းပေါ်ရှိ မိုင်တိုင် (၁၀၉) ရိက္ခာဂိုဒေါင်ကို စောင့်ရှောက်နေရသော တပ်ဖွဲ့ခေါင်းဆောင်ထံမှ ရန်သူတပ်





များသည် ရိက္ခာစခန်း၏အနောက်ဘက် မိုင်အနည်းငယ်အကွာသို့ပင် ရောက်နေကြောင်း၊ စခန်းတွင် အလုပ်သမား (၅၀၀၀)ရှိနေပြီး တိုက်ခိုက်ရေးတပ်ဖွဲ့ဆို၍လည်း ဝန်ထမ်းတပ်ခွဲတစ်ခုနှင့် စက်သေနတ် တပ်ခွဲ (၃)ခွဲသာရှိနေကြောင်း၊ စခန်းမှာ မြေပြန့်တွင်တည်ရှိနေပြီး ဂိုဒေါင်များကိုလည်း နေရာအနှံ့ဖြန့်၍ ထားရသောကြောင့် ခုခံကာကွယ်ရန် များစွာအခက်တွေ့ကြောင်း သတင်းပို့ချက်အရ ကိုဝင်အား ဆုတ်ခွာလာရန် အမိန့်ပေးလိုက်ခြင်းဖြစ်၏။

ကိုဝင်သည် စကွန်းထံမှ ဆုတ်မိန့်ရပြီး (၂၁)နာရီအတွင်း တီးတိန်ပတ်ဝန်းကျင် (၁၅)မိုင်ပတ်လည်မှ မော်တော်ယာဉ်များနှင့် စစ်သည်တော်များကို တောများတောင်များပေါ်မှကျော်ကာ မိုင်(၂၀)အကွာသို့ရောက်နေသော ရှေ့တန်းစခန်းမှ စစ်သည်ရဲမက်များကို တီးတိန်သို့ ပြန်၍ခေါ်ယူနေရသည်။ ပြီးမှ ခြေလျင်တပ်သား (၁၆၀၀၀)၊ မော်တော်ယာဉ် (၂၅၀၀)၊ လား (၃၀၀)ကို တီးတိန်မှစ၍ ဆုတ်ခွာရသည်။

မတ်လ (၁၃)ရက်နေ့ည ရှစ်နာရီခွဲကျော်ကျော်တွင် ဆုတ်မိန့်ရသော ကိုဝင်သည် (၁၅)မိုင်၊ မိုင်(၂၀) တပ်ဖြန့်၍ထားရသော တပ်မတစ်ခုလုံးကို မတ်လ (၁၄)ရက်နေ့ ညနေ (၅)နာရီတိတိအချိန်၌ တီးတိန်ကို ကျောခိုင်းစေနိုင်ခဲ့၏။ သို့သော် ထိုအချိန်တွင်ပင် ဂျပန်တို့၏အမှတ် (၂၁၄) တပ်ဖွဲ့သည် တီးတိန်-အင်ဖာလမ်းပေါ်ရှိ မိုင်တိုင် (၁၀၉)သို့ ချဉ်းကပ်လာနိုင်ကာ ကိုဝင်၏ဆုတ်ခွာရေးလမ်းကြောင်းကို ဖြတ်တောက်ပစ်နိုင်ခဲ့လေပြီ။

တီးတိန်တစ်မြို့လုံးမှာ ရိက္ခာများ၊ ဂိုဒေါင်များ၊ စစ်တန်းလျားများကို မီးတင်ရှို့ခဲ့သည့်အတွက် မီးတောက်မီးလျှံများဖြင့် ညီးညီးတောက်ပြောင်နေသည်။

စစ်သည်ရဲမက်တို့မှာ လျင်မြန်နိုင်သမျှ လျင်မြန်အောင် ဆုတ်ခွာနေရင်း ဂျပန်ရေဒီယိုမှအသံလွှင့်ချက်ကို မပြုံးဘဲဝါးလုံးကွဲရယ်နေကြရ၏။



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်တို့ဘက်မှ တပ်ဖွဲ့တစ်ခုမှာ မဏိပူရမြစ်ကူး စခန်းတစ်ခုဖြစ်သော တုန်းဇံတွင် အဝိုင်းခံရသည်မှအပ တပ်မတစ်ခုလုံး ကောင်းမွန်စွာ တီးတိန်မှ ထွက်ခွာလာနိုင်ကြသည်ကို စစ်သည်ရဲမက်တိုင်း အသိဖြစ်သည်။ သို့ပါလျက် ဂျပန်ရေဒီယိုက အင်္ဂလိပ်တို့၏ အမှတ် (၁၇)တပ်မတစ်ခုလုံးကို တီးတိန်တွင် ပြုတ်ပြုတ်ပြုန်းသည်အထိ ဂျပန်တပ်ကြီးက ချေမှုန်းလိုက်ပြီဟု သတင်းလွှင့်နေလေသည်။

"တပ်လုံးပြုတ်သည်အထိ ချေမှုန်းခံလိုက်ရသော ရန်သူတပ်မတစ်ခုအဖို့ နောက်ဆုံးအချိန်တွင် မည်မျှကြောက်လန့်တုန်လှုပ်နေမည်ကို စဉ်းစား၍သာကြည့်ကြပါတော့ရှင်. . ."

ဂျပန်အသံလွှင့်ဌာနမှ အသံရှင် အမျိုးသမီးက လေယူလေသိမ်းကောင်းကောင်းနှင့် မဟုတ်မတရားလုပ်ကြံ၍ သယ်နေစဉ် ကိုဝင်၏တပ်မက ပထမ(၂၄)နာရီချီတက်ပွဲ၌ ချောကလက် လှေကားထစ်ကိုပင်ကျော်လွန်ကာ မိုင်တိုင်အမှတ် (၁၄၄)သို့ပင် ချဉ်းကပ်လာနိုင်ခဲ့ပြီ ဖြစ်၏။ မိုင်(၂၀)တိတိကို ပထမတစ်နေ့တည်းဖြင့် ခရီးပေါက်လာခဲ့ခြင်းပင်တည်း။

ရန်သူ့အမှတ် (၂၁၄)တပ်ဖွဲ့မှ အင်အားကောင်းသော တိုက်ကင်းတစ်ဖွဲ့သည် မတ်လ (၈)ရက်နေ့တွင် တုန်းဇံနှင့် ကပ်နေသော အရှေ့ဘက်မှ တောင်ကုန်းများကို တိုက်ခိုက်လာသည်။ တုန်းဇံမှာ မဏိပူရမြစ်ကူးတံတားကို အုပ်မိုးထားသော အချက်အချာနေရာဖြစ်သည့်အလျောက် ကိုဝင်က နောက်ထပ်စစ်ကူများ စေလွှတ်၍ ခုခံကာကွယ်စေသည်။ ရန်သူသည် အင်အားထပ်၍ဖြည့်ကာ (၂၁၄)တပ်ဖွဲ့တစ်ခုလုံးဖြင့် တုန်းဇံကိုသိမ်းယူရန် ကြိုးပမ်းလာသည်။ မတ်လ (၁၆)ရက်နေ့တွင် ရန်သူ့တပ်ဖွဲ့မှ တပ်ရင်းတစ်ရင်းသည် တုန်းဇံမြောက်ဘက်ရှိ တောထဲတောင်ထဲမှနေ၍ တီးတိန်-အင်ဖာလမ်းရှိ မိုင်တိုင်အမှတ် (၁၃၂)သို့ လစ်ထွက်ချီတက်နိုင်ကာ လမ်းတစ်ဖက်တစ်ချက်ရှိတောင်ကုန်းများပေါ်တွင် နေရာယူထားလိုက်နိုင်သည်။





(၁၆)ရက်နေ့ညတွင် အခြေအနေမှာ ရှုပ်ထွေးနေတော့၏။

ကိုဝင်သည် အမှတ် (၆၃)တပ်မဟာအား တုန်းဇံမှနေ၍ မိုင်တိုင် (၁၃၂)သို့ ချီတက်တိုက်ခိုက်စေသည်။

ရန်သူ့စခန်းကို ပထမတွင် တပ်ခွဲတစ်ခွဲဖြင့် အားစမ်းကြည့်သည်။ မရ။ (၁၇)ရက်နေ့တွင် အမြောက်တပ်၊ လေတပ်နှင့် တင့်ကားပစ်အမြောက်တပ်များအကူအညီဖြင့် တိုက်ခိုက်သည်။ ရန်သူ့ဘက်မှ တပ်ရင်းတစ်ရင်းတွင် ထက်ဝက်ကျော်ကျော် ကျဆုံးကျန်ရစ်ခဲ့သည်ကို တွေ့ရ၏။

အကယ်၍သာ ရန်သူသည် အလုံးအရင်းကြီးစွာဖြင့် ဤနေရာကိုပိတ်ဆို့ထားခဲ့ချေသော် ကိုဝင်အတွက် များစွာ အခက်တွေ့စေမည့် နေရာဖြစ်၏။

မိုင်တိုင် (၁၃၂)တွင် ရန်သူ့ဘက်မှ ဝက်ဝက်ကွဲအောင်ခံလိုက်ရစေကာမူ ဂျပန်အသံလွှင့်ဌာနမှ အသံရှင်က. . .

"တီးတိန်နှင့် တုန်းဇံတွင် ရန်သူတပ်မသည် ဖရိုဖရဲပြိုကွဲသွားပြီးနောက် ရန်သူတို့သည် ထရပ်ကားအစီးပေါင်း (၁၅၀၀)ဖြင့် မဏိပူရမြစ်ကမ်းနံဘေးအတိုင်း ခွေးပြေးဝက်ပြေး ပြေးရင်း နိပ္ပွန်တပ်မတော်ကြီး၏ချေမှုန်းခြင်းကို ဆက်၍ခံနေရပြန်ကြောင်း။ ယခုအချိန်တွင် အမှတ် (၁၇)တပ်မ၏ ဦးစီးဖြစ်သူသည် သူ၏တပည့်လက်သားအချို့နှင့်အတူ အင်္ကျီမပါဗလာကိုယ်ထီးဖြင့် တောင်ကျရေလျှံနေသော ချောင်းများကို ဖြတ်ကူးကာ အိန္ဒိယနယ်စပ်သို့ချဉ်းကပ်ရောက်ရှိအောင် ကြိုးစားနေရပြီဖြစ်ကြောင်း။ ချင်းတောင်မှနေ၍ မြန်မာပြည်တစ်ခုလုံးကို ပြန်လည်သိမ်းယူမည်ဟု ကြုံးဝါးနေခဲ့သော ရန်သူတို့၏အမှတ် (၁၇)တပ်မသည် နိပ္ပွန်တို့၏စစ်ဆင်ရေးကြီးစပြီးနောက် (၁၂)ရက်မြောက်သည့်နေ့တွင် လုံးဝချေမှုန်းခြင်းခံခဲ့ရပေပြီ" ဟု ဝါယောကန်နေခဲ့၏။

မိုင်တိုင် (၁၀၉)တွင်ကား အင်္ဂလိပ်တို့၏အခြေအနေမှာ ဆိုးနိုးဝါးဝါးပင် ဖြစ်နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြူးသော မြေနေရာနှင့် သုံးရေသောက်ရေ အလွယ်တကူရရှိစေနိုင်ရန် ဤစခန်းမှ ရိက္ခာဂိုဒေါင်များကို ချောင်းကမ်းနံဘေးတွင်ဆောက်လုပ်ထားခဲ့သည်။ လက်နက်မကိုင်တတ်သော အလုပ် သမား (၅၀၀၀)ခန့် ဤစခန်းတွင်ရှိနေပြီး သူတို့အား အကာအကွယ်ပေးနိုင်သည့် စစ်သည်အင်အားက နည်းပါးလျက်ရှိရာ ရန်သူသည် စခန်းအနောက်ဘက်ရှိ တောင်ကုန်းကို သိမ်းယူလိုက်ပြီးနောက် တီးတိန်-အင်ဖာလမ်းကို ဤနေရာမှနေ၍ ဖြတ်တောက်လိုက်ခြင်းဖြစ်လေသည်။

မတ်လ(၁၄)ရက်နေ့တစ်နေ့လုံး ဤစခန်းရှိ စစ်သည်ရဲမက်များက မျက်နှာချင်းဆိုင်ရှိ ရန်သူများကို မော်တာဖြင့် တဝုန်းဝုန်းထုနေသည်။ မှောင်စပျိုးလာသည့်အချိန်တွင် ရန်သူက ဤစခန်းကို ဝိုင်း၍ပစ်ခတ်နေသည့်အသံများက ပို၍များလာလေသည်။ သို့တိုင်အောင် သူနာပြုကားတစ်စီးက ည(၁၀)နာရီအချိန်တွင် ဤလမ်းမှ ဖြတ်၍သွားနိုင်ခဲ့သေးသည်။

ဤစခန်းရှိ စစ်သည်ရဲမက်တို့သည် မတ်လ (၁၇)ရက်နေ့သို့ ကူးလာသည်အထိ ရန်သူကို ခုခံနေကြရ၏။

(၁၆)ရက်နေ့ညတွင် အလုပ်သမား (၅၀၀၀)ကို အိန္ဒိယအမျိုးသားအရာရှိတစ်ဦးကခေါင်းဆောင်ကာ တောလမ်းတောင်လမ်းများမှခေါ်ထုတ်သွားနိုင်ခဲ့သည်။ (၁၇)ရက်နေ့သို့ အကူးတွင်မူ ဤစခန်းကို စွန့်လွှတ်ခဲ့ရန် အမိန့်ရောက်လာ၏။ ဤအချိန်တွင် ဆရာဝန်များက ဒဏ်ရာရနေသော စစ်သားတစ်ယောက်ကို ခွဲစိတ်ကုသနေဆဲပင် ရှိသေး၏။ နောက်ရန်တပ်အဖြစ်ကျန်ခဲ့သောစစ်သားများက ရန်သူကိုအတော် ကြာအောင် ခုခံနေပြီးနောက် မိုင်တိုင်(၁၀၉)စခန်းကို စွန့်လွှတ်ခဲ့ကြရ၏။ ရန်သူသည် ကြွင်းကျန်ခဲ့သောရိက္ခာများ၊ ထရပ်ကားများနှင့် စစ်တန်းလျားများကို ရရှိသွားခဲ့တော့၏။ မတ်လ (၂၄)ရက်နေ့တွင် ဤစခန်းကို ပြန်လည်သိမ်းယူရန်အတွက် ကင်မရွန် ဦးစီးသော အမှတ် (၄၈)တပ်မဟာက မိုင်တိုင် (၁၁၀) အရှေ့ဘက်တောင်ကုန်းများမှနေ၍ ချီတက်တိုက်ခိုက်သည်။





ရှေ့ပြေးချီ အမှတ် (၉)တပ်ရင်းသည် တောင်ကုန်းပေါ်ရှိ စက္ကာဝံရွာကို သိမ်းပိုက်နိုင်ရန် ကြိုးစားသည်။ သို့သော် တပ်လန်၍ ပြန်ကျလာ၏။

*စက္ကာဝံ*တောင်တန်းသည် မိုင်တိုင် (၁၀၉)ခနန်းကို အုပ်မိုးလျက်ရှိရာ ဤတောင်ကုန်းသည် တိုက်ပွဲ၏အချက်အချာဖြစ်နေတော့သည်။

ဒုတိယအကြိမ်အဖြစ် *ဟယ်ဒလီ* ခေါင်းဆောင်သော ဂေါ်ရခါးတပ်က စက္ကာဝံကို အပြင်းတက်ရောက်တိုက်ခိုက်သည်။ နောက်မှပါလာသောအမြောက်တပ်က စက္ကာဝံတောင်တန်းကို သစ်ပင်များ ပြုတ်ပြုတ်ပြုန်းအောင်ပစ်ခတ်ပေးနေပြီး မော်တာတပ်ဖွဲ့ကလည်း တောင်ကုန်းတစ်ခုလုံးကို အပ်နှင့်လိုက်၍စိုက်သလို ပိုက်စိပ်တိုက်၍ ပစ်ပေးသည်။

ပထမ တက်သွားသောတပ်ခွဲမှာ ရှေ့မတိုးနိုင်အောင်ဖြစ်နေစဉ် ဒုတိယတပ်ခွဲက မောင်းပြန်သေနတ်များကို လိုင်လှိုင်သုံး၍ တောင်ကုန်းထိပ်သို့တက်သည်။ *"အာရိုး-ဂေါ်ရခါလီ"*ဟူသော ဂေါ်ရခါးစစ်သားများ၏စစ်ကြွေးကြော်သံက ဘဝင်လှုံအောင် ပေါ်ထွက်လာပြီး ချက်ချင်းပင်တိတ်ဆိတ် သွား၏။

တပ်ခွဲတစ်ခုလုံးမှ ဂေါ်ရခါးစစ်သားများအားလုံး ဗုန်းဗုန်းလဲ၍ သေပွဲဝင်ခဲ့လေသလား။

*ဟယ်ဒလီ*က ပြေးတက်သွားသောအခါ သူ့ဂေါ်ရခါးတပ်က စက္ကာဝံတောင်ကုန်းကို သိမ်းပိုက်ပြီးဖြစ်နေသည်ကို အံ့သြစွာတွေ့ရတော့၏။ တောင်ကုန်းပေါ်တွင် ရန်သူ့အလောင်းများသည် ရှုမကောင်းအောင်၊ မြင်မကောင်းအောင်ပင် အပိုင်းပိုင်းပြတ်ကာ ပြန့်ကျဲနေလေသည်။

တောင်အောက်သို့ လှမ်းကြည့်လိုက်သောအခါ ခြေဖဝါးနှင့်တင်ပါးတစ်သားတည်းနေအောင် ပြေးလွှားကြသော ဂျပန်လေးငါးယောက်ကို တွေ့လိုက်ရ၏။

ဤအကြိမ်မှာ တိုက်ပွဲမှထွက်ပြေးသော ဂျပန်စစ်သားများကို ပထမဆုံးမြင်လိုက်ရသော အကြိမ်ပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော နှစ်ရက်လောက်က မိုင်တိုင် (၁၀၉)တွင် ဖမ်းဆီးရမိသောမော်တော်ကားဖြင့် လမ်းသလားနေကြသော ရန်သူများကို ကင်းထောက်အဖွဲ့များက တွေ့ခဲ့ကြရ၏။

ယခုမူ စခန်းကြီးတစ်ခုလုံး ဆိတ်သုဉ်းနေလေသည်။

မှန်ပြောင်းဖြင့် ထပ်၍ကြည့်လိုက်သောအခါ စခန်းကြီးအတွင်းတွင် အသက်ရှိသော သတ္တဝါဆို၍ လားတစ်ကောင်၊ ကြက်တစ်ကောင်၊ ခွေးတစ်ကောင်ကိုသာ တွေ့ရ၏။ ဖရိုဖရဲဖြစ်နေသော အိပ်ရာလိပ်များ၊ ဖွင့်လက်စတန်းလန်းနှင့်ရှိနေသော အရက်ပုလင်းများက ရန်သူသည် ဤစခန်းမှ ကသုတ်ကရက်နှင့် ရုတ်တရက်ထွက်သွားရကြောင်း သက်သေခံနေကြ၏။ စက္ကဝံတောင်ကုန်းပေါ်မှဆင်းကာ မိုင်တိုင် (၁၀၉)စခန်းသို့ ရောက်လာသောအခါ ဂျပန်စစ်သားများ လှံစွပ်ထိုးလေ့ကျင့်ထားသော အိန္ဒိယစစ်သားနှစ်ဦး၏အလောင်းကို ပထမဆုံးတွေ့ရသည်။

ရန်သူသည် ဤစခန်းကို စွန့်ခွာခဲ့သော်လည်း မိုင်တိုင် (၁၀၅)ရှိ တောင်ကုန်းမှနေ၍ တီးတိန်နှင့် အင်ဖာလမ်းကို ပိတ်ဆို့ထားပြန်သည်။

မိုင်တိုင် (၁၀၅)ရှိ တောင်ကုန်းမှာ ထရံကိုထောင်၍ ထားသလို မတ်စောက်သည်။ သေနတ်ကတစ်ဖက်၊ ကျောပိုးအိတ်က တစ်ဖက်နှင့် ဤတောင်ကုန်းသို့ တက်ဖို့အရေးမှာ ခက်ခဲလှသည်။ ဟယ်ဇလီသည် အလားတူပင် မတ်စောက်သော်လည်း ရန်သူတပ်စွဲထားခြင်းမရှိသော အခြားတောင်ကုန်းသို့တက်ကာ ထိုမှတစ်ဆင့် ပန်းကန်ပြားနှင့်တူသော တောင်ကမ်းပါးယံအစွန်းမှနေ၍ ရန်သူရှိရာ တောင်ကုန်းကိုတက်တိုက်ရန် ဆုံးဖြတ်လိုက်သည်။

မတ်လ (၂၄)ရက်နေ့ ည(၂)နာရီခွဲအချိန်တွင် ဟယ်ဇလီ ဦးစီးသော တပ်ရင်းမှ ဗိုလ်မှူးမာတင် ခေါင်းဆောင်သည့် တပ်ခွဲက စချီတက်သည်။ (၁၅)မိနစ်အကြာတွင် ဒုတိယတပ်ခွဲမှာ နောက်မှထပ်၍ လိုက်သွားသည်။





ကျန်တပ်ခွဲနှင့် တပ်ရင်းဌာနချုပ်က နောက် (၃)နာရီတိတိကြာပြီး ရှေ့မှချီတက်သွားသော တပ်ခွဲများနောက်သို့ လိုက်သွားသည်။ နာရီဝက်ခန့်ကြာလျှင်ပင် (၃)နာရီကြာမျှ စော၍ထွက်သွားသော တပ်ခွဲနှစ်ခွဲကို မှီတော့၏။

တောင်တက်ခရီးသည် ခက်ခဲလှချေ၏တကား။

မှောင်နှင့်မဲမဲထဲတွင် ခြေချစရာဆို၍မရှိသလောက်ပင် ဖြစ်နေသည်။ စစ်သည်ရဲမက်တို့သည် တောင်နံရံတွင်ပေါက်နေသော သစ်ပင်ပုကလေးများကို တွဲလောင်းခို၍သာ တက်လိုက် နားလိုက် လုပ်နေကြရတော့၏။

ရှေ့ဆုံးမှချီနှင့်သော ဗိုလ်မှူးမာတင်၏တပ်ခွဲမှာ အခက်ဆုံး အခဲဆုံးအကြန့်ကြာဆုံးအလုပ်နှင့် ရင်ဆိုင်တိုးနေရလေသည်။ တစ်ကြိမ်တွင်မူ တပ်ခွဲသည် လှည့်၍ပတ်၍ ကိုင်၍တွယ်၍ တက်စရာတစ်ခုမျှ မရှိသော ပေ (၂၀)ခန့်မြင့်သည့် တောင်နံရံနှင့် လာ၍တွေ့နေသည်။

တပ်ခွဲမှ တပ်ကြပ်ကလေး ဆန်းဗဟာဒူးသည် ဤသဘ္ဘာဝအတားအဆီးကို ရုပ်ရှင်ဆန်ဆန်ပင် ကျော်နင်းလွန်မြောက်အောင် ဆောင်ရွက်လိုက်၏။ သူသည် သူ့တပ်စိတ်မှ ရဲဘော်များအား တောင်နံရံကို လှံစွပ်တပ်ထားသည့် သေနတ်များဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ပစ်သွင်းစေပြီး တောင်နံရံတွင်စိုက်နေသည့်သေနတ်များကို လှေကားထစ်များသဖွယ် လက်နှင့်ကိုင်၍ တောင်ထိပ်ပေါ်သို့ အရောက်တက်ကာ ရန်သူကို အငိုက်ဖမ်းလိုက်နိုင်သည်။

တပ်ကြပ်ကလေး ဆန်းဗဟာဒူးသည် တောင်ထိပ်ပေါ်သို့အရောက်တွင် ရန်သူ့လက်ထဲမှ စက်သေနတ်ကို ဘယ်ဘက်လက်ဖြင့် ဖမ်းဆွဲပြီး ညာဘက်လက်ထဲရှိ သူ့တော်မီကို အတွဲလိုက်ဆွဲ၍ ဖြုတ်လိုက်သည်။ သူသည် တပ်စိတ်အား ပြန်လည်ခုခံလာသော ရန်သူကို ချေမှုန်းရန်အမိန့်ပေးရင်းပင် တောင်ထိပ်ပေါ်တွင် ကျဆုံးသွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အား ဖြတ်ထိုးညဏ်ရှိမှုနှင့် ရဲဝံ့စွန့်စားမှုအတွက် အိန္ဒိယ လူရည်ချွန်ဆုကို သေဆုံးပြီးနောက်မှ ဂုဏ်ပြုချီးမြှင့်ခဲ့ရလေသည်။

တောင်ထိပ်ပေါ်တွင် တိုက်ပွဲဖြစ်နေစဉ် ဟယ်ဒလီ၏ တပ်ရင်းသည် လက်ဝဲဘက်မှ လှည့်ပတ်လျက် မတ်စောက်သော တောင်ကုန်းပေါ်သို့တက်နေသည်။ သစ်ပင်ပုကလေးများ ထူထပ်သောကြောင့် တပ်ရင်းသည် ရှေ့သို့ ကိုက် (၂၀)ခန့်သာ မြင်ခွင့်ရတော့သည်။

ဘီတပ်ခွဲက ရန်သူကို စ၍တိုက်သည်။ သို့သော် မအောင်မြင်။ တပ်ခွဲမှူးမှာဒဏ်ရာရသွားပြီး ဂေါ်ရခါးအရာရှိတစ်ဦးနှင့် တပ်ကြပ်အချို့ ကျဆုံးသည်။ သို့သော် ဘီတပ်ခွဲက ယခုအချိန်ထိရောက်မလာနိုင်သေး။ ရန်သူကိုမတိုက်ခိုက်ဘဲ သည်အတိုင်း လက်ပိုက်၍ ကြည့်နေပါကလည်း တောင်ကုန်းပေါ်တွင်ဆက်၍ နေနိုင်တော့မည်မဟုတ်။

၎င်းတောင်ကုန်းကို သိမ်းယူနိုင်ရန် အဘယ်မျှ စွန့်စွန့်စားစား တက်လာခဲ့ရသည်ကိုလည်း ရဲဘော်ရဲဘက်တိုင်း သိနေကြသည်။

ဟယ်ဒလီသည် မတတ်သာတော့ သည့်အဆုံးတွင် ဘီတပ်ခွဲမှ ဒဏ်ရာရနေသော တပ်ခွဲမှူးကိုပင် ဒုတိယအကြိမ်တိုက်ခိုက်ရန် အမိန့်ပေးလိုက်ရတော့သည်။ ရန်သူ၏ဘန်ကာများက ထိုးဖောက်၍ မရနိုင်လောက်အောင်ခိုင်ခံ့လှသည်။

တည်ဆောက်ထားပုံအနေအထားကလည်း ဘန်ကာတစ်ခုကိုတိုက်လျှင် အနည်းဆုံးအခြားဘန်ကာနှစ်ခုကပါ တိုက်ခိုက်ခြင်းကို ခံနေရသည့် အနေအထားဖြစ်သည်။

ဒုတိယအချီတိုက်ပွဲတွင် ဘီတပ်ခွဲသည် ပို၍အထိနာရတော့သည်။ တပ်ခွဲမှူးကိုယ်တိုင် ကျဆုံးသွားကာ တပ်ခွဲတစ်ခွဲလုံးတွင် အရာရှိအရာခံ ဟူ၍ မကျန်အောင်ဖြစ်သွားရပြီး တပ်ကြပ်ကလေးတစ်ယောက်သည်သာ အမြင့်ဆုံးရာထူးအဆင့်အတန်းဖြစ်၍ ကြွင်းကျန်သမျှရဲဘော်များကို အုပ်ထိန်းနေရတော့သည်။





၎င်းအချိန်တွင်ပင် ဘီတပ်ခွဲရောက်ရှိလာသဖြင့် အခြေအနေကို ထိန်း၍ ရလာတော့သည်။

သို့သော် ရဲမက်စစ်သည်တော်တို့တွင် ရိက္ခာမရှိ၊ ကားမရှိ၊ ဆေးဝါး၀န်မရှိ၊ လက်နက်ခဲယမ်း ပိုပိုလျှံလျှံမရှိဘဲ ဖြစ်နေတော့၏။

တောင်ကုန်းမှာ များစွာမတ်စောက်လှရာ လေးလေးလံလံပစ္စည်းဆို၍ တစ်ခုမျှ သယ်ယူမလာနိုင်အောင် ဖြစ်နေသည်။ ကြိုးမဲ့ကြေးနန်းစက်များမှာလည်း နောက်ထပ် ဓာတ်အားသွင်းထားသည့် ဓာတ်အိုးများ နည်းပါးနေသဖြင့် အဆက်အသွယ်ပြုလုပ်၍ မရတစ်ချက်၊ ရတစ်ချက် ဖြစ်လာသည်။

စစ်သည်ရဲမက်တော်တို့သည် တောင်အောက်မှပြန်၍ တက်လာမည့်ရန်သူကို သတိကြီးစွာထား၍စောင့်ရင်း တစ်ညလုံးဒုက္ခခံနေကြရ၏။ မိုးလင်းသည့်အချိန်တွင် တပ်စုနှစ်စု ရောက်လာသည်။ တောင်ထိပ်ပေါ်မှ နေ၍ တစ်ညလုံး ဒုက္ခပေးနေခဲ့သော ရန်သူအချို့သည် တောင်ထိပ်ကို စွန့်ခွာပြေးကြ၏။

ကိုဝင်၏တပ်ဦးက မိုင်တိုင် (၁၀၉)ရှိ ရိက္ခာစခန်းသို့ ချီတက်တိုက်ခိုက်နေစဉ် နောက်ရန်တပ်အဖြစ် ကျန်ရစ်ခဲ့သော အမှတ် (၆၁)တပ်မဟာပါဝင်သည့် တပ်များမှာ ရန်သူ၏ပြင်းပြင်းထန်ထန် တိုက်ခိုက်ခြင်းကို (၇)ညတိုင်တိုင် ဆက်၍ခံနေရလေသည်။

ရန်သူ၏အမှတ် (၂၁၄)တပ်ဖွဲ့သည် တီးတိန်မှစစ်ကူများခေါ်ယူလိုက်သည်။ ခြေလျင်တပ်များအပြင် အမြောက်တပ်နှင့် အပေါ့စားတင့်ကား (၅)စီးလည်း ပါသည်။

ကိုဝင်၏နောက်ရန်တပ်သည် သံဆူးကြိုး အတားအဆီးများ၊ မိုင်းဗုံးများ၊ အလတ်စား စက်သေနတ်များဖြင့် ခုခံနေစဉ် အမြောက်တပ်ကလည်း တက်လာသော ရန်သူ့တင့်ကားများကို တည့်တည့်ကြီး ဖြိုခွင်းပစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

မတ်လ (၂၄)ရက်ညတွင် ရန်သူသည် ကိုဝင်း၏နောက်ရန်တပ်ကို အပြီးအပိုင် ချေမှုန်းမည်ဟူသော ဆုံးဖြတ်ချက်ဖြင့် သုံးကြိမ်တိုင်တိုင် မြင်းကုန်းနှီးနှင့်တူသော ကျူးတန်တောင်ကုန်းကို သဲသဲမဲမဲ တိုက်ခိုက်သည်။ ကိုဝင်း၏နောက်ရံတပ်က ရန်သူအလောင်းပေါင်း (၂၅၀)ကျော်ခန့် ကျကျန်ရစ်ခဲ့အောင် တိုက်ခိုက်နိုင်ခဲ့သည်။

တိုက်ပွဲပြီး၍ ခံကတုတ် ပတ်ဝန်းကျင်တဝိုက်တွင် စာရင်းကောက်ယူလိုက်သောအခါ ရန်သူ့အလောင်းပေါင်း (၆၀၀)ကျော်ခန့်ကို ရေတွက်တွေ့ရှိရတော့သည်။

ကိုဝင်း၏ နောက်ရန်တပ်သည် ကျူးတန်မှ မဆုတ်ခွာမီ မဏိပူရ မြစ်ကူးတံတားကို ဖောက်ခွဲဖျက်ဆီးပစ်ခဲ့လေသည်။

◆◆◆

(၅)

ဖုန်ထူသော တမူး-ကလေးဝလမ်းကို နမန္တာချောင်းက ဆယ်မိုင်ကွာလောက်တွင် ဖြတ်သွားသည်။ ထိုနေရာတွင် တင့်ကားအကြီးစား (၁၆)စီးပါသော တင့်ကားအုပ်စု(၁)ခု၊ အဝေးပစ် အမြောက်အချို့နှင့်အတူ ဗိုလ်မှူးချုပ်ဂျင်မီ၏ဌာနချုပ် ရှိနေလေသည်။

ဂျင်မီ၏တာဝန်မှာ သူ့တပ်ဖွဲ့မှ ရာဇပုတ္တန လက်နက်ကိုင်တပ်သားများ ကဘော်ချောင်းအတိုင်း တောင်ဘက်သို့ မြေစမ်း၍ ခရမ်းပျိုးသလို ရန်သူအင်အားကို ထောက်လှမ်းကြည့်ရှုနေရန်နှင့် တစ်ချိန်တည်းတွင် မော်တော်ကားသွားနိုင်သည်ဆိုသော တမူး-ကလေးဝလမ်းအငိုင်းမြောက်ဘက်မှ တက်လာနိုင်သည့် ရန်သူများကို တားဆီးရန်ဖြစ်၏။

ဂျင်မီ၏ဌာနချုပ်မှ တောင်ဘက် (၆)မိုင်ကွာ ဝက်တုတ်ရွာတဝိုက်ကို ဖြတ်၍စီးဆင်းသွားသော နန်ခချောင်းကမ်းဘေးတွင်လည်း အမှတ် (၁၁၄)အမြောက်တပ်ဖွဲ့တစ်ခု ရှိနေသည်။ ဤတပ်ဖွဲ့လည်း ယခုအချိန်၌ ခြေလျင်တပ်ဖွဲ့အဖြစ် လှုပ်ရှားနေ၏။

ဤတပ်ဖွဲ့သည် တမူးသို့တက်လာမည့် ရန်သူ့ပင်မစစ်ကြောင်းကို တားဆီးရန်နှင့် မိုးရဲရှိ ရိက္ခာထောက်စခန်းကြီးကို ကာကွယ်ရန်ဖြစ်သည်။ ဤတပ်ဖွဲ့ကို နောက်မှနေ၍ စစ်ကူပေးရန်အတွက် အမှတ် (၉)စစ်မြေပြင်အမြောက်တပ်ကလည်း အသင့်ရှိနေသည်။


www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ ရန်သူက ဝက်တုတ်ကို ပန်းဝိုက်ကာ ချီတက်သွားမည်ဆိုလျှင်လည်း အင်္ဂလိပ်တို့လက်တွင်းမှ ဂျပန်များ လွတ်မသွားနိုင်စေရန်အတွက် ဝက်တုတ်ရွာ၏အနောက်ဘက် (၂)မိုင်အကွာရှိ မိုင်တိုင်အမှတ်(၁၆)အနီးတွင် အမှတ် (၂)တပ်ရင်းမှ သံချပ်ကာတပ်စုများနှင့်အတူ ခြေလျင်တပ်သား (၁၀၀)ခန့်က နေရာယူထားပြီး ဖြစ်နေ၏။

ဝက်တုတ်မှာ ရွာဟောင်းနှင့် ရွာသစ်ဟူ၍ နှစ်ရွာရှိသည်။

ဝက်တုတ်ရွာသစ်ကိုဖြတ်၍ စီးဆင်းသွားသော နန်းခချောင်းသည်ကိုက်(၃၀၀)ခန့်ကျယ်သည်။ ကမ်းပါးနှစ်ဖက်မှာလည်း ဆင်ခြေလျှောမျှသာ မြင့်တက်နေသည်။ သို့သော် ချောင်းကွေ့၍ သွားသည့်နေရာတွင်ကမ်းပါးသည် ပေ(၂၀)ခန့်မြင့်နေလေရာ တင့်ကားများအတွက် အဆင်းအတက်ခက်ခဲနေစေတော့သည်။

ယခုကဲ့သို့သော နွေရာသီ အချိန်တွင် နန်းခချောင်းသည် (၁)ပေမျှသာနက်ကာ (၁၅)ပေခန့်သာ ကျယ်တော့၏။

သို့သော် ချောင်းကွေ့တွင်မူ ရေသည် (၄)ပေခန့်နက်နေလေသည်။ ချောင်းရိုးတစ်လျှောက်တွင် (၁၀) ပေခန့် မြင့်သော မြက်ပင်ရှည်ကြီးများပေါက်ရောက်လျက်ရှိရာ ဤမြက်တောထဲတွင် လူဝင်၍နေပါကတစ်ဖက်နှင့်တစ်ဖက် ကိုက်(၃၀)လောက်သာ မြင်နိုင်လေသည်။

အမှတ် (၁၁၄)အမြောက်တပ်ဖွဲ့၏ ဘယ်ဘက် ကိုက်(၁၀၀၀)ခန့်အကွာရှိ နန်းခချောင်းကွေ့တစ်ခုတွင် နယ်ခြားတပ်ဖွဲ့တစ်ခုက ကွေ့ပတ်၍တက်လာမည့်ရန်သူကို ချုံခိုတိုက်ခိုက်ရန် နေရာယူထားပြီး ကျွန်းတောကြီးအတွင်းတွင် ချောင်းဝှမ်းအတိုင်း တက်လာမည့် ရန်သူကို လှုပ်ရှားတိုက်ခိုက်မည့် ဂေါ်ရခါးလက်နက်ကိုင် တပ်ဖွဲ့တစ်ဖွဲ့က ဝန်တင်လားများနှင့်အတူရှိနေသည်။

ဤတပ်ဖွဲ့နှစ်ဖွဲ့၏အင်အားသည် တစ်ဖွဲ့လျှင် တပ်ရင်းတစ်ရင်းစာမျှရှိသည်။





ဤတပ်ဖွဲ့များထက် ရှေ့တန်းစစ်မျက်နှာကျသော ဆန်ပယ်ချောင်းတွင်လည်း တပ်ခွဲတစ်ခွဲက ရန်သူလှုပ်ရှားမှုကို စောင့်ကြည့်နေ၏။

နမန္တာချောင်းဘေးရှိ ဂျင်မီ၏ဌာနချုပ် အရှေ့ဘက်တွင် မက်ကင်ဇီ၏တပ်မဟာက မော်နှင့်ကျောက်ချောတွင် နေရာယူကာ ချင်းတွင်းမကဘော်ချောင်းသို့ တက်လာသည့်လမ်းများကို ထိန်းသိမ်းထားသည်။

အနောက်ဘက်တွင် ကဘော်ချောင်းမှ အင်ဖာလွင်ပြင်သို့ တိုက်ရိုက်ရောက်နိုင်သော မွန်တီတောလမ်းကို ဂျင်မီ၏တပ်မဟာမှ အမှတ်(၁၄)တပ်ရင်းနှင့် အမှတ် (၁၃)နယ်ခြားလက်နက်ကိုင်တပ်များကို ဗိုလ်မှူးကြီးယန်းက အုပ်ချုပ်၍စောင့်ကြပ်နေသည်။

ဤတပ်ဖွဲ့ စောင့်ကြပ်နေရသော ဒေသတွင် မတ်စောက်သောတောင်များ၊ သစ်ပင်ထူသောတောများ၊ ကြီးမားသလောက်မြင့်သော သစ်ပင်များဖြင့် ပြည့်နှက်လျက် ရှိနေသည်။

အမှတ် (၁၄)တပ်ရင်းသည် လွန်ခဲ့သော နိုဝင်ဘာလက ရှူဂနုသို့ရောက်လာပြီးနောက် ရှူဂနုမှ ကလေးဝ-တမူးလမ်းမသို့ ရောက်သည်အထိ ဂျစ်ကားများသွားနိုင်သောလမ်းကို အပန်းတကြီး ဖောက်လုပ်ခဲ့ရာမတ်လသို့အရောက်တွင် ပြီးမြောက်ခဲ့လေသည်။

ဤလမ်းကား ထင်းဇင်းမြောက်ဘက် မိုင်အနည်းငယ်အကွာတွင်အသစ်ဖြစ်ပေါ်လာသောလမ်းတည်း။ ဤလမ်းသည် မွန်တီ၊ ခန်ဂရိုးနှင့်ကင်ဂွိုင်တို့ကိုဖြတ်လျက် ကလေးဝ-တမူးလမ်းနှင့် မြောက်ဘက်ထင်းဇင်းတွင်သွား၍ဆုံသည်။ ယခင်က ကွေ့ကွေ့ကောက်ကောက်နှင့် လူသွားလမ်းသာသာ မျှရှိသော လမ်းဟောင်းကို တောကြီးမျက်မည်းထဲ၌ ဂျစ်ကားသွားနိုင်အောင် ဖောက်နိုင်ခဲ့သည့်အတွက် ချီးကျူးဖွယ်ကောင်းလှသည်။

အမှတ် (၁၄)တပ်ရင်းမှ တိုက်ကင်းများသည် ဂျပန်တို့၏ ရိက္ခာနှင့်မော်တော်ယာဉ်များ စခန်းချစုရုံးထားရာ ရာဇဂြိုဟ်သို့ ရောက်သည်အထိကင်းထောက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ရာဇဂြိုဟ်မှ ရန်သူများ၏ လှုပ်ရှားမှုကို အချိန်မီ သတင်းပို့နိုင်ရန် အတွက် ထောက်လှမ်းရေးအဖွဲ့တစ်ဖွဲ့ကို ထင်းဇင်းတောင်ဘက် (၁၀)မိုင် အကွာတွင် ကြိုးမဲ့ကြေနန်းစက်တစ်လုံးဖြင့် နေရာချထားသည်။

ဤအဖွဲ့ကလေးသည် မတ်လ (၄)ရက်နေ့တွင် ရန်သူနှင့် အမှတ်မထင်တွေ့ဆုံတိုက်ပွဲဖြစ်ပွားသည်။ အချိန်တိုတောင်းသလောက် ပြင်းထန်သောတိုက်ပွဲတွင် ဤအဖွဲ့ကလေးသည် မြန်မာပြည်တွင် ပထမဆုံးတွေ့ရသော ဂျပန်တို့၏အပေါ့စားတင့်ကားများအနက် တစ်စီးကို ကျွမ်းထိုးမှောက်ခုံဖြစ်သွားအောင် ဖျက်ပစ်နိုင်ခဲ့၏။

ကဘော်ချောင်းဆီသို့ ရန်သူက တင့်ကားများသယ်ယူလာသည်ဟူသောသတင်းမှာ အင်္ဂလိပ်တို့အတွက် အထူးအဖိုးတန်လှပေသည်။

ဗိုလ်မှူးကြီးယန်းသည် ဤသတင်းကို ကြားလျှင်ကြားချင်း တိုက်ခိုက်ရေးအဖွဲ့များကို ‹စေလွှတ်ကာ ရန်သူတို့၏ချီတက်မှုကို နှောင့်နှေးအောင်အနှောင့်အယှက်ပေးစေသည်။ မတ်လ (၁၃)ရက်နေ့တွင် နယ်ခြားလက်နက်ကိုင်တပ်ဖွဲ့များသည် ချီတက်လာသော ရန်သူများအား အများအပြားထိခိုက်ကျဆုံးအောင် တိုက်ခိုက်ပြီးနောက် ကိုယ်ယောင်ဖျောက်ပစ်လိုက်၏။

ရန်သူထံမှ ဖမ်းဆီးရမိသော မြေပုံတစ်ခုအရ ဂျပန်ဗိုလ်ချုပ်ယာမာမိုတိုသည် ဝက်တုတ်ရွာသို့ မတ်လ(၁၀)ရက်နေ့အရောက် ချီတက်ရန်စီစဉ်ထားကြောင်းတွေ့ရ၏။ ယခုကား မတ်လ (၁၃)ရက်သို့ပင် ရောက်နေလေပြီ။ ယန်း၏စစ်သည်တော်များသည် ယာမာမိုတို၏တပ်များကိုတွန်းလှန်၍ မပစ်နိုင်သည့်တိုင်အောင် နှောင့်နှေးအောင်ကားတိုက်ခိုက်နိုင်ခဲ့ပေပြီ။ ဤအချိန်တွင် မိုင်တိုင် (၁၆)အနီး၌ နေရာယူထားသောတပ်ဖွဲ့မှ ဂေါ်ရခါးတပ်သားအချို့သည် ဝက်တုတ်ရွာနှင့်ခပ်လှမ်းလှမ်းတွင် ပုန်းအောင်း၍ ရန်သူ့အခြေအနေကို စောင့်ကြည့်နေကြပြီး ထင်းဇင်းကိုလည်း သွားရောက်တိုက်ခိုက်ရန် စီစဉ်နေကြ၏။





မတ်လ (၁၃)ရက်နေ့တွင် *ဒုဗိုလ်မှူးကြီးဂွတ်ဖရေ* ဦးစီးသောတပ်ရင်းလည်း ရောက်လာမည်ဖြစ်သည်။ ဤအခိုက်အတန့်တွင်ပင် သယ်ယူ၍သွားနိုင်မည့် တင့်ကားဖျက်လက်နက်ဆန်း ရောက်လာသည်အထိစောင့်ပါဟု အမိန့်ရောက်လာသည်။

ပိုင်ယက်ဟုခေါ်သော ဗုံးတပ်၍ပစ်ရသောလက်နက်ပင်ဖြစ်သည်။ သို့သော် ခက်နေသည်မှာ မည်သူမျှ ထိုပိုင်ယက်ကို မမြင်ဖူးမကိုင်ဖူးခြင်းပင် ဖြစ်၏။

ပိုင်ယက် ပစ်ခတ်ကိုင်တွယ်နည်း သင်တန်းကို တက်ဖူးသောတပ်ကြပ်ကလေးမှာလည်း မိုင်တိုင်(၁၆)တွင် ကျန်နေရစ်ခဲ့သည်။

ရှေ့တန်းအကျဆုံးသော **ဆန်လဲချောင်း**တွင် တာဝန်ယူနေရသော **ဗိုလ်မှူးမိုက်ရော်ဘတ်**၏တပ်ခွဲသည် မတ်လ (၁၃)ရက်နေ့ ညနေသို့ရောက်လာသောအခါ ထင်းဇင်းမှဆင်းလာသော ရန်သူ့တင့်ကားသံများကို ကြားလာရလေသည်။

တပ်ခွဲသည် လားများပေါ်တွင် ပစ္စည်းများအဆင်သင့်တင်ထားကာ ဆန်လဲ တစ်ဖက်ကမ်းမှ ရုတ်တရက် ပေါ်ထွက်လာမည့် ရန်သူ့တင့်ကားများကို စောင့်၍ကြည့်နေကြ၏။

သို့သော် အချိန်သာကြာ၍ သွားသည်။ တင့်ကားသံများသာ ပို၍ကျယ်လာသည်။ တင့်ကားများကား ဆန်လဲချောင်းတစ်ဖက်ကမ်းမှ ပေါ်မလာ။

ရန်သူသည် မိုက်ရော်ဘတ်၏လက်ယာဘက်ရှိ နနီခချောင်းတွေ့မှချီတက်သွားခြင်း ဖြစ်လေသည်။

မကြာမီပင် ရန်သူ့ဘက်မှ ပစ်ခတ်လိုက်သော အမြောက်သံများကိုကြားကြရ၏။ ရန်သူ့တင့်ကားသံနှင့် အမြောက်သံများကို မကြားရသည်မှာ အတန်ကြာနေသော စစ်သည်တော်များအဖို့ စိတ်တုန်လှုပ်စရာဖြစ်နေတော့၏။


www.burmeseclassic.com

www.burmeseclassic.com



လ,ထွက်လာသည်နှင့်တစ်ပြိုင်နက် မိုက်ရော်ဘတ်၏တပ်ခွဲသည် တောလမ်းအတိုင်း မော်သို့ဆုတ်လာခဲ့၏။ ရန်သူ့တင့်ကားတပ်ကမူ ကလေး၀-တမူး လမ်းမကြီးအတိုင်း တပ်ခွဲနှင့် မျဉ်းပြိုင်၍ ချီတက်လာကြလေသည်။

မိုက်ရော်ဘတ်၏စစ်သားများသည် ဝန်တင်ထားသော လားများသွားနိုင်ရန်အတွက် လမ်းကိုထွင်၍နေရသည်ဖြစ်ရာ ဝါးတောကို ဓားဖြင့်ခုတ်သံများမှာ တစ်တောလုံးဆူညံနေကာ တစ်ဖက်မှ မျဉ်းပြိုင်တက်လာသောရန်သူ့တပ်က အတိုင်းသားကြားနိုင်လောက်သည်။

သို့သော် ရန်သူ့ဘက်တွင် တင့်ကားများက ဆူညံမြည်ဟည်းနေသောကြောင့် တော်ပါသေး၏။

မိုက်ရောဘတ်၏တပ်ခွဲနှင့် ရန်သူ့စစ်ကြောင်းမှာ တစ်ခါတစ်ခါတွင် တစ်တပ်နှင့်တစ်တပ် ကိုက် (၃၀)ခန့်သာ ကွာနေသည်ဟု ထင်ရ၏။

နောက်တစ်နေ့ နံနက် (၄)နာရီခန့်တွင် တပ်ခွဲသည် ရန်သူ့စစ်ကြောင်းနှင့် အတန်ပင် အလှမ်းကွာသော နေရာသို့ ရောက်လာသည်။ ထို့ကြောင့် စစ်သည်တော်များသည် မော်ရှိ ဂေါ်ရခါးတပ်မဟာနှင့် မဆုံမိခင် တစ်ရေးလောက်မှေးခွင့်ရရှိသွားကြ၏။

ဝက်ကုတ်ရွာသစ်တွင် ပိုင်ယက်လက်နက်သစ်များကို စောင့်ဆိုင်းနေသောတပ်ဖွဲ့သည် ရောက်လာပြီဖြစ်သော လက်နက်အသစ်များနှင့် သင်ကြားသူထံမှ ပစ်ခတ်ကိုင်တွယ်နည်းကို သင်ယူရန်ပြင်ဆင်နေစဉ် ရန်သူ့လေယာဉ်တစ်စင်းက နိမ့်နိမ့်ကလေးပျံဝဲ၍ကင်းထောက်သွားသည်။

လေယာဉ်ပျောက်သွားပြီးသည့်နောက် လေးငါးမိနစ်ခန့်အကြာတွင် ရန်သူ့အမြောက်ဆန်တစ်ခုက ကျရောက်ပေါက်ကွဲလာတော့သည်။

ကြမ်းတမ်းထူထပ်သော တောထဲတောင်ထဲတွင် တစ်တပ်နှင့်တစ်တပ် အဆက်အသွယ်လုပ်ရသည်မှာ ခက်ခဲလှသည်။

အထူးသဖြင့် ညအချိန်တွင် ပို၍အနှောင့်အယှက်များသည်။





ထို့ကြောင့် မတ်လ (၁၄)ရက်နေ့ နံနက်သို့ရောက်မှ ရန်သူ့တင့်ကားတပ်သည် ဆန်လဲချောင်းကို ဖြတ်ကျော်ချီတက်သွားပြီဖြစ်ကြောင်းကြားသိရတော့၏။

ထိုနေ့ညနေ ငါးနာရီခန့်သို့ ရောက်လာသောအခါ ဝက်တုတ်ရွာဟောင်းကို မျက်နှာမူ၍ ကတုတ်ကျင်းတူးကာ နေရာယူထားသော ဂေါ်ရခါးလက်နက်ကိုင်တပ်များ ရှိရာသို့ ရန်သူ့အမြောက်ဆန်များ ကျရောက်ပေါက်ကွဲလာသည်။ မှောင်စပျိုးသည်နှင့် တစ်ပြိုင်နက် ရန်သူ့တင့်ကားသံများ ရုတ်တရက်ပေါ်ထွက်လာလေသည်။

ဝက်တုတ်ရွာဟောင်းတွင် တိုက်ပွဲဖြစ်ပွားနေလေပြီ။ဂေါ်ရခါးတပ်များက ဘိုဖာအမြောက်များ၊ (၂၅)ပေါင်ဒါအမြောက်များဖြင့် တက်လာသော ရန်သူ့တင့်ကားများကို ဖြိုခွင်းကြသည်။ လက်ဝဲတောင်ပံမှ မမျှော်လင့်ဘဲတက်လာသော ရန်သူ့ခြေလျင်တပ်သားများသည် ဂေါ်ရခါးများ လက်ယာတောင်ပံနှင့် ဝင်၍တိုးနေတော့သည်။ ည (၁၀)နာရီသို့ ရောက်လာသောအခါ ရန်သူ့တင့်ကားများသည် တောင်ဘက်သို့ ဆုတ်ခွာသွားတော့သည်။

သို့သော် (၁၅)ရက်နေ့ နံနက် (၂)နာရီတွင် ရန်သူ့တင့်ကားသံများ တစ်ဖန်ပြန်၍ ပေါ်လာသည်။ ဤအကြိမ်၌ ရန်သူသည် ဂေါ်ရခါးတပ်များကို ကွင်းရှောင်၍ရနိုင်မည့်နေရာကို ရှာနေသည်ဟု ထင်ရ၏။

တင့်ကားသံများသည် ပို၍ပို၍ကျယ်လာကာ ပို၍ပို၍နီးလာသည်။ ထို့နောက် ရုတ်တရက် တိတ်ဆိတ်သွားပြန်သည်။

နောက်ထပ် (၂)နာရီမျှကြသည်အထိ ရန်သူသည် တုတ်တုတ်မျှ မလှုပ်ဘဲ ငြိမ်သက်နေ၏။ ဂေါ်ရခါးတပ်သားများမှာ ရန်သူ့အကြံကို ခန့်မှန်း၍မရနိုင်အောင် ဖြစ်နေတော့၏။

ရန်သူသည် ထိုညအဖို့ ထိုနေရာတွင်ပင် စခန်းချအိပ်စက်နေခြင်းဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂေါ်ရခါးတပ်မှ ဝန်ထုပ်ဝန်ပိုးများတင်ထားသော လားအကောင် (၁၄၀)သည် အသံဗလံ တစ်ခုမျှမထွက်အောင် ငြိမ်သက်စွာရပ်နေကြ၏။ တပ်ကြပ်ကလေးတစ်ယောက်သည် စခန်းအရှေ့ဘက်သို့ လေးဖက်တွား၍တက်ရင်း ရန်သူ့အရိပ်အခြည်ကို အကဲခတ်ကြည့်လိုက်၏။

ရန်သူ့တင့်ကားတပ်သည် သူတို့တပ်နှင့် ကိုက် (၇၀)ခန့်သာ ကွာဝေးသည့်နေရာတွင် ညအိပ်စခန်းချနေသည်ကို အံ့ဩစွာတွေ့လိုက်ရလေသည်။

ထို့ကြောင့် တစ်ခုတည်းသော သင်တန်းတက်ဖူးသည့် ပိုင်ယက်အဖွဲ့အား ရန်သူ့နောက်ဘက်မှနေ၍ တိုက်ခိုက်ရန် အပူတပြင်း စီစဉ်ရတော့၏။

တင့်ကားဖျက် ပိုင်ယက်အဖွဲ့က ရန်သူ့နောက်မှနေ၍ ပစ်ခတ်သည်နှင့်တစ်ပြိုင်နက် ရှေ့တွင်ရှိနေသည့် ဂေါ်ရခါးတပ်က မော်တာအကူအညီဖြင့် ရန်သူ့ညအိပ်စခန်းကို ဝင်စီးရန် အချိန်ကိုက်ထားသည်။

သို့သော် အရေးကောင်း ဒိန်းဒေါင်းဖျက် ဆိုသလို တိုက်ပွဲစတင်ရန် အချိန်ရောက်ခါနီးမှ ချောင်းထဲသို့ ရေခပ်ဆင်းလာသော ဂျပန်စစ်သားတစ်ယောက်သည် ဂေါ်ရခါးတပ်မှ ကင်းသမားတစ်ဦးနှင့် ဝင်တိုးမိကာ ပစ်သံခတ်သံများပေါ်လာပြီး ရန်သူကို တပ်လှန့်၍ နှိုးလိုက်သကဲ့သို့ ဖြစ်ရတော့၏။

သို့နှင့်ပင် ခဲလေသမျှ သဲရေကျ ဖြစ်ကာ မတ်လ (၁၅)ရက်နေ့ နံနက် (၆)နာရီသို့ကူးလာခဲ့ရလေသည်။ ဤအချိန်တွင် အင်္ဂလိပ်တင့်ကား (၆)စီးက ဂေါ်ရခါးတပ်ရင်းနှစ်ရင်းရှိရာသို့ စစ်ကူရောက်လာသည်။

အမှတ် (၁၆)မိုင်တိုင်ကို တိုက်ခိုက်လာသော ရန်သူ့တပ်မှာလည်း တင့်ကားတပ်များကြောင့် တပ်လန်၍ ကျသွားသည်။

ယာမာမိုတိုသည် ဂေါ်ရခါးတပ်များကို ဖောက်ထွက်နိုင်မည့် လမ်းကို ရှာနေရလေသည်။





ရန်သူသည် ထုံးစံအတိုင်းပင် အမှောင်ပျိုးလာသည်နှင့် တစ်ပြိုင်နက်လှုပ်ရှားစပြုလာသည်။ သို့သော် ကျွန်းရွက်ခြောက်များကို လေတိုက်နေသံကြောင့် တင့်ကားသံများမှာ မထင်မရှားသာ ကြားနေရ၏။

လေငြိမ်သွားသည့် ည (၁၂)နာရီအချိန်တွင် ဒုဗိုလ်မှူးကြီး ဝွတ်ဖရေက ရန်သူ့တင့်ကားများ စုရုံးနေမည်ဟု ခန့်မှန်းထားသောနေရာကို အမြောက်ဖြင့် ပစ်စေသည်။

ဝွတ်ဖရေ၏ခန့်မှန်းချက်မှာ တိကျမှန်ကန်လှသည်။

ချက်ချင်းဆိုသလို ရန်သူ့တင့်ကားသံများပေါ်ထွက်လာပြီး ရှေ့သို့တက်လာသံကို ကြားရ၏။ ရန်သူသည် ဂေါ်ရခါးတပ်များ နေရာယူထားသောနေရာကို ရှောင်ကာ မြောက်ဘက်သို့တက်သွားသည်။

ကင်းသမားတစ်ယောက်က ရန်သူ့ အလတ်စားတင့်ကား (၁၀)စီးနှင့် အပေ့ါစားတင့်ကား(၁၂)စီးကို လ,ရောင်ဖြင့် မြင်လိုက်ရ၏။ တင့်ကားများနောက်တွင် လော်ရီကား (၇)စီး, (၈)စီးစာ ရန်သူ၏စစ်သားများလိုက်ပါလာလေသည်။

ဤအချိန်တွင်ပင် မော်မှဆုတ်ခွာလာသော မိုက်ရော်ဘတ်၏တပ်ခွဲသည် ရန်သူတပ်တစ်တပ်ကို ချုံခို၍အောင်မြင်စွာတိုက်ခိုက်နိုင်ပြီးနောက် ဂျပန်အရာရှိတစ်ဦးကို သုံ့ပန်းအဖြစ် ဖမ်းဆီးရမိလာသည်။ ဤစွမ်းဆောင်မှုကြောင့် မိုက်ရောဘတ်သည် စစ်သူရဲကောင်းဘွဲ့ကို ရရှိခဲ့လေသည်။

မတ်လ (၁၆)ရက်နေ့ညတွင် ဂေါ်ရခါးတပ်ခွဲနှစ်ခုနှင့် တင့်ကားနှစ်စီးက လွှန်ခဲ့သောညက ရန်သူ့တင့်ကားများ ချီတက်ရာလမ်းကြောင်းမှနေ၍ ကာဆီးပိတ်ဆို့ထားသည်။ နမန္တာချောင်းဘေးရှိ ဂွင်မီ၏တပ်မဟာနှင့် တယ်လီဖုန်းရော ကြိုးမဲ့ကြေးနန်းအဆက်အသွယ်ပါ ပြတ်တောက်နေသည်။ ပို၍ မှောင်လာသည်နှင့်တစ်ပြိုင်နက် ရန်သူသည် ဂေါ်ရခါးတပ်ခွဲနှစ်ခွဲကို ဖောက်ထွက်နိုင်ရန် အပြင်းအထန်ကြိုးစားလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂေါ်ရခါးများသည် ဓားကောက်များကိုပင်ကိုင်ကာ အနီးကပ်တိုက်ပွဲဆင်နွဲရတော့လေသည်။

စက်သေနတ်ကျည်ဆန်ထိပ်ဖူးများ ထိမှန်သဖြင့် တဝုန်းဝုန်းထ၍ လောင်ကျွမ်းလာသော ကျွန်းရွက်ခြောက်မီးများမှာ တထိန်ထိန်လင်းနေပြီး တင့်ကားများမှ ဓာတ်ဆီတိုင်ကီများကိုပင် ဆူဝေ၍ကျလာမတတ် ဖြစ်စေသည်။ သို့သော် မီးမှာ ရုတ်တရက်ငြိမ်ကျသွားသဖြင့် တော်သေးတော့၏။

လ,ထွက်လာသည်နှင့်တပြိုင်နက် ရန်သူသည် နောက်သို့ ယို့စပြုလာသည်။ ဤတိုက်ပွဲတွင် ဂေါ်ရခါး(၄)ယောက်ကျပြီး (၁၄)ယောက် ဒဏ်ရာရသည်။

မတ်လ (၁၇)ရက်နေ့သို့ ရောက်လာသောအခါ မြက်ပင်ရှည်များနှင့် ကျွန်းတောထဲတွင် နေရာယူထားသော တပ်ရင်း(၂)ရင်းမှာ အအိပ်ပျက်သောဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်၍ လာတော့၏။ သူတို့နှင့်အတူရှိနေသော တင့်ကား(၆)စီးမှာ နမန္တာချောင်းဘေးရှိ တပ်မဟာဌာနချုပ်သို့ ဓာတ်ဆီနှင့်ခဲယမ်းများ ထပ်ဖြည့်ရန်သွားရမည့်အခြေသို့ရောက်နေသည်။

ဒဏ်ရာရနေသော ဂေါ်ရခါးစစ်သား (၁၄)ယောက်ကို တင့်ကားအစောင့်အရှောက်ဖြင့် ပြန်ပို့ရန်စီစဉ်ကြသည်။ ထို့နောက် နနီခနှင့်နမန္တာချောင်းအကြားသို့ရောက်လာသော ရန်သူ့တင့်ကားများကို ဖယ်ရှားသုတ်သင်ပစ်ရန် တပ်မဟာဌာနချုပ်သို့ အစီရင်ခံရန် ဆုံးဖြတ်ကြသည်။

မတ်လ (၁၇)ရက်နေ့ နေ့လယ်ဘက်တွင် နမန္တာချောင်းသို့သွားသည့်လမ်းပေါ်မှ ပစ်သံခတ်သံများ ရုတ်တရက်ပေါ်ထွက်လာပြီး မီးခိုးလုံးများလှိမ့်၍ တက်လာသည်ကို မြင်ကြရ၏။

အမှတ် (၁၁၄)တပ်ဖွဲ့သည် နမန္တာလမ်းအတိုင်း ဌာနချုပ်ရှိရာသို့ ဆုတ်ခွာနေပြီဟု ကြားရသည်။ ဂွတ်ဖရေအဖို့ ဌာနချုပ်နှင့် အဆက်အသွယ်ပြတ်နေသဖြင့် ဘာကြောင့် (၁၁၄)တပ်ဖွဲ့ ဆုတ်သွားသည်ကို နားမလည်နိုင်ဖြစ်နေသည်။





ဤအချိန်တွင် တင့်ကား(၆)စီးအစား စစ်ကူရောက်လာသော တင့်ကားတပ်မှ ခေါင်းဆောင်က. . .

"ကျွန်တော့်ဆီကို ကျွန်တော်တို့ တင့်ကားအုပ်စုခေါင်းဆောင်က ဝယ်လင်တန်ဆိုတဲ့ စကားဝှက်တစ်လုံး ကြိုးမဲ့ကြေးနန်းနဲ့ ပို့လိုက်ပါတယ်"

. . . ဟု ဂွတ်ဖရေထံ သတင်းပို့လိုက်၏။

ဝယ်လင်တန်မှာ တမူးတွင်ဌာနချုပ်ဖွင့်ထားသော အမှတ် (၂၀) တပ်မ၏ခေါင်းဆောင်ဖြစ်သော ဗိုလ်ချုပ် ဂရေဆီက ကဘော်ချောင်းတွင် ဖြန့်၍ချထားသော တပ်များအား ရိက္ခာထောက်စခန်းကြီးဖြစ်သော မိုးရဲ၌စုရုံးစုနေရန် လျှို့ဝှက်စွာပေးလိုက်သောအမိန့်တည်း။

ကဘော်ချောင်းတွင် ဖြန့်ချထားသော တပ်မှန်သမျှ မိုးရဲသို့ ဆုတ်ရလေတော့မည်။

ဒုဗိုလ်မှူးကြီး ဂွတ်ဖရေသည် ပထမအဆင့်အနေဖြင့် တပ်ဖွဲ့များအား မိုင်တိုင်အမှတ် (၁၆)သို့ ဆုတ်ရန်အမိန့်ပေးလိုက်ပြီး သယ်ယူမသွားနိုင်သမျှ ပစ္စည်းများကို မီးပုံ၍ရှို့စေသည်။ ဝတ်တုတ်ရွာသစ်ထဲတွင် ပုန်းအောင်းရှောက်ရှိနေသော ဂျပန်လက်ဖြောင့်တပ်သားများကလည်း ဂွတ်ဖရေ၏တပ်ဖွဲ့များကို အနှောင့်အယှက်ပေးနေလေသည်။

နေ့လယ် (၁၂)နာရီတွင် နယ်ခြားစောင့်တပ်များက ဦးဆောင်ကာ မိုင်တိုင် (၁၆)သို့ ဆုတ်လာခဲ့ကြ၏။ မကြာမီပင် ရန်သူ၏ချုံခိုတိုက်ခိုက်ခြင်းကို ခံရတော့သည်။ ရန်သူသည် ဝန်တင်လားများရှိရာသို့ပစ်ပေးနေရာ ဆုတ်ခွာသည့်စစ်ကြောင်းတစ်ခုလုံးမှာ လားထိန်းများလက်မှ အတင်းရုန်းကန်ထွက်ပြေးနေသော လားများကြောင့် ဝရုန်းသုန်းကားဖြစ်လာလေတော့၏။

စောစောကပင် ဒဏ်ရာတစ်ချက်ရထားသော ဂွတ်ဖရေမှာ လား(၂)ကောင်နှင့်အတူ ချောင်းကမ်းပါးစပ်ထဲသို့ လုံးထွေးလိမ့်ကျသွားပြီး ရေထဲတွင် ကိုယ်တစ်ပိုင်းမြုပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤအချိန်တွင် လက်ပစ်ဗုံးတစ်လုံးက ကမ်းပါးစပ်အနီးသို့ ကျရောက်ပေါက်ကွဲလာသည်။ ပခုံးတွင်ချိတ်ထားသော ကျောပိုးအိတ်က ခေါင်းပေါ်သို့ရောက်နေကာ လား(၂)ကောင်ကလည်း ကမ်းပါးစပ်အပေါ်ပိုင်းတွင်ရှိနေသဖြင့် ဂွတ်ဖရေအဖို့ လက်ပစ်ဗုံး အစအနကလေးများလောက်သာ ထိမှန်ခံရပြီး ကြီးကြီးကျယ်ကျယ် ဒဏ်ရာမရခဲ့ပေ။

စစ်ကြောင်းသည် လူ (၂၀)စီ (၂၅)စီ ပါဝင်သော အစုအဝေးများဖွဲ့ကာ လမ်းခွဲ၍ ဆက်လက်ဆုတ်ခွာလာခဲ့ကြရသည်။

ဒဏ်ရာရနေသော အင်္ဂလိပ်နှင့် ဂေါ်ရခါးစစ်သား (၅၀)ခန့်ကို နယ်ခြားစောင့်တပ်က တပ်ခွဲ(၂)ခွဲဖြင့် စောင့်ရှောက်၍ ကွေ့ကောက်သော တောလမ်းအတိုင်း သယ်ယူလာခဲ့ကြ၏။ ဤစစ်ကြောင်းသည် ည(၁၁)နာရီခန့်တွင်လည်း ရန်သူတပ်စုကလေးတစ်ခု၏ ချောင်းမြောင်းတိုက်ခိုက်ခြင်းကို ခံခဲ့ရသေးသည်။

ဂေါ်ရခါးတပ်မှ **ဆေးမှူးကြီး**ပင်တိုသည် လူနာ(၅၀)အား နှစ်ရက်တိုင်တိုင် ဆေးဝါးကုသပေးရင်း တမူးတောင်ဘက်သို့ရောက်လာသည့်အထိ တောလမ်းတောင်လမ်းများမှဖြတ်၍ သယ်ယူလာခဲ့သည်။ သူသည် ဤဆောင်ရွက်ချက်အတွက် စစ်သားကောင်းဆုတံဆိပ်ကို ရရှိခဲ့လေသည်။

မတ်လ (၁၉)ရက်နေ့သို့ ရောက်လာသောအခါ နနိခချောင်းရိုးရှိ မြက်တောကြီးနှင့် ချောင်းနှင့်အလှမ်းမကမ်းရှိ ကျွန်းတောကြီးတွင် နေရာယူထားခဲ့ကြသော ဂျင်မီဦးစီးသည့် အမှတ် (၁၀၀)တပ်မဟာမှ တပ်ရင်း(၂)ရင်းသည် မိုးရဲတွင် ရုံးစုနေကြပေပြီ။

ဤတပ်မဟာသည် ရှေ့တန်းစခန်းဖြစ်သော နနိခနှင့် နမန္တာတို့မှ ဆုတ်ခွာလာခဲ့ရသော်လည်း ဂျပန်ဗိုလ်ချုပ် ယာမာမိုတို၏ ချီတက်မှုခရီးစဉ်ကို (၇)ရက်ကြာအောင် အနှောင့်အယှက်ပေးနိုင်ခဲ့ကြပေသည် မဟုတ်ပါလား။

◆◆◆

**(၆)**

ဂျပန်ထိုးစစ်ကြီးစရန် အရှိန်ယူနေသည့်အချိန်တွင် အမှတ် (၂၀)တပ်မ၏ဌာနချုပ်သည် တမူးမှ စစ်တောင်းသို့သွားသော လမ်းဘေးရှိတောထဲ၌ ဖွင့်လှစ်လျက်ရှိသည်။

တပ်မဌာနချုပ်အနီးတွင် အရေးပိုင်၏ရုံးရှိသည်။ အရေးပိုင်ရုံးအနီးတွင် လူ (၂၅၀)ခန့်ပါဝင်သော ပုလိပ်အဖွဲ့တစ်ဖွဲ့ရှိသည်။ အရေးပိုင်နှင့်ရာဇဝတ်ဝန်တို့သည် အလုပ်သမားများရရှိရေး၊ မြို့ရွာများမှ အရပ်သူအရပ်သားများကို ဘေးကင်းရာသို့ ပြောင်းရွှေ့ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးနေသည်။

စစ်တောင်းမှ ချင်းတွင်းသို့ဆင်းသည့် လမ်းတွင် ဖိုးဆင်ဟုနာမည်ကြီးနေသော ဒုဗိုလ်မှူးကြီးဘီးလ်စီလျှံ၏ ဆင်တပ်ခွဲသည် လမ်းဖောက်ခြင်း၊ တံတားခင်းခြင်း၊ မြေဖို့ခြင်း၊ နင်းကြမ်းခင်းခြင်း အလုပ်များဖြင့် မအားနိုင်အောင်ဖြစ်နေသည်။

ဝက်တုတ်ရွာတစ်ဝိုက်တွင် တိုက်ပွဲဖြစ်လာသောအခါ လမ်းဖောက်နေသော အလုပ်သမား (၂၀၀၀၀) နှစ်သောင်းနှင့် အသွားနှေးသလောက်အလုပ်တွင်ကျယ်သော မြေတူးစက်ကြီးများ၊ မြေညှိစက်ကြီးများနှင့် ဆင်များကို အင်ဖာသို့ ပြောင်းရွှေ့ရန် အမိန့်ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားအင်အားနှင့်ပစ္စည်းကိရိယာများ အရေအတွက် အပြင်ဆင်များကိုပါပေါင်းထည့်လိုက်လျှင် ဤမျှများပြားသော လူ, ပစ္စည်းနှင့်ဆင်များကို ရှေ့တန်းစခန်းဖြစ်သော စစ်တောင်း-ချင်းတွင်းလမ်းမှ အင်ဖာသို့အရောက်ပြန်၍ တပ်ခေါက်ရမည့်အရေးမှာ ရင်မအေးစရာပင်ဖြစ်၏။

သို့သော် ကြိုတင်ပြင်ဆင်ကာ လေ့ကျင့်ထားမှုကြောင့် ဤအလုပ်သမားတပ်ဖွဲ့ကြီးကိုရွှေ့ပြောင်းရာ၌ အားလုံးပေါင်း (၄)ရက်သာကြာသည်။

ဤသို့ အင်ဖာလမ်းပွင့်သွားသည့်အတွက်လည်း အားလုံးလိုလိုပင်စိတ်အေးသွားသည်။ အရေးရှိ၍ ဆုတ်ရမည်ဆိုလျှင် တိုက်ရည်ခိုက်ရည်ရှိသည့် စစ်သားချည်းဆုတ်ရမည်ဖြစ်၍ မထောင်းသာလှ။

ဂျပန်ထိုးစစ်ကြီး အလုံးအရင်းဖြင့်ချီတက်လာလျှင် ဗိုလ်ချုပ်ဂရေဆီသည် မိမိ၏အမှတ် (၂၀)တပ်မအား အင်ဖာလွင်ပြင်ကို အုပ်မိုး၍ထားသော ရှန်နမ်တောင်တန်းမှနေ၍ ခုခံရမည် ဟူသော အမှတ် (၄)တပ်မကြီးမှ ဗိုလ်ချုပ်ကြီးစကွန်း၏အမိန့်မှာ မြေပုံပေါ်တွင် လိုက်နာရန်လွယ်သလောက် လက်တွေ့တွင် ခက်ခဲလှသည်။

စစ်တောင်းလမ်းပေါ်မှနေ၍ ချင်းတွင်းကို တပ်ရင်း (၂)ရင်းဖြင့်စောင့်ကြည့်နေသော အမှတ် (၈၀)တပ်မဟာသည် ပထမဆုံး ဆုတ်ခွာလာပြီးနောက် ရှန်နမ်တောင်ကြားလမ်း၏ အရှေ့ဘက်အဝတွင် တပ်စွဲကာတစ်ချိန်တည်းတွင်ပင် ဇီးဘုံတံတားကို ကာကွယ်စောင့်ကြပ်နေရမည်ဖြစ်သည်။

ဤတံတားကိုသာ ရန်သူလာရောက်ဖောက်ခွဲလိုက်လျှင် အမှတ် (၂၀)တပ်မ၏ ဆုတ်ခွာရေးအစီအစဉ်မှာ အလွန်ပင် အခက်အခဲတွေ့နိုင်စရာရှိသည်။

ဒုတိယဆုတ်ခွာမည့်တပ်မှာ ဂျင်မီ၏ အမှတ် (၁၀၀)တပ်မဟာဖြစ်သည်။ ဤတပ်မဟာသည် ကဘော်ချောင်းတောင်ဘက်မှနေ၍ မိုးရဲသို့ဆုတ်ရမည်။ ထိုမှတဖန် တန်နောင်ပါးသို့ ထပ်၍ ဆုတ်ရဦးမည်။





ထို့နောက် ရှန်နမ်တောင်တန်းသို့ ဆက်လက်ဆုတ်ခွာလာကာ နေရာယူရပေမည်။

တတိယဆုတ်ခွာရမည့်တပ်မှာ အမှတ် (၁၄)နှင့် အမှတ် (၁၂)နယ်ခြားစောင့်တပ်ရင်း (၂)ရင်းဖြစ်သည်။ အမှတ် (၁၄)တပ်ရင်းသည် မွန်ဘီလမ်းကြောင်းအတိုင်းဆုတ်လာကာ ရှုဂနုတွင် တပ်စွဲလျက် အမှတ် (၁၂)တပ်ရင်းသည် ယန်ဂိုပိုကီလမ်းအတိုင်းလာကာ သီတာတွင် နေရာယူထားရမည်။

စတုတ္ထနှင့် နောက်ဆုံးဆုတ်ခွာရမည့်တပ်မှာ ယုမြစ်မှနေ၍ ယုဝရွာ အထိ တပ်ဖြန့်ထားသော အမှတ် (၃၂)တပ်မဟာဖြစ်သည်။ ဤတပ်မဟာသည် မိုးရဲသို့ဆုတ်လာပြီးနောက် အသင့်ပြင်ဆင်ထားသော ခံကတုတ်နှင့် သံဆူးကြိုးဝိုင်းများတွင် တပ်ချလျက် မိုးရဲမှရိက္ခာပစ္စည်းများအင်ဖာသို့ ပြောင်းရွှေ့နေသည်ကို ကာကွယ်ပေးနေရမည်။ ထို့နောက် မိုးရဲမှ ဆက်လက်ဆုတ်လာကာ ရှန်နမ်တောင်တန်းနောက်ဘက်တွင် စစ်ကူတပ်အဖြစ် ရှိနေမည်ဖြစ်၏။

မတ်လ (၁၆)ရက်နေ့တွင် အမှတ် (၄)တပ်မကြီး၏ ဗိုလ်ချုပ်ကြီးစကွန်းသည် ဂရေဆီ၏ အမှတ် (၂၀)တပ်မအား ရှန်နမ်သို့ ဆုတ်ခွာလာရန်အမိန့်ပေးလိုက်၏။စစ်တောင်းသွားလမ်းဘေးတောထဲရှိ ဂရေဆီ၏ဌာနချုပ်မှ (ဝယ်လင်တန်) လျှို့ဝှက်စကားလုံးသည် တပ်မဟာအသီးသီးဆီသို့ မတ်လ (၁၇)ရက်နေ့တွင် ရောက်ရှိလာတော့၏။

ယုမြစ်တစ်ဝိုက်မှဆုတ်လာသော အမှတ် (၃၂)တပ်မဟာမှ တပ်ရင်း (၂)ရင်းနှင့် ပန်ချာပီ၊ ဂေါ်ရခါးတပ်ဖွဲ့များပါသော တပ်သည် မတ်လ (၂၀)ရက်နေ့တွင် တမူးတောင်ဘက် (၂)မိုင် (၃)မိုင်ကွာ ကလေးဝသို့သွားသည့် လမ်းတစ်ဖက်တစ်ချက်၌ နေရာယူလိုက်ပြီးနောက် တက်လာမည့်ယာမာမိုတို၏တပ်များကို စောင့်နေစဉ် ဤတပ်မဟာမှ ကျန်တပ်ရင်း(၁)ရင်းက မိုးရဲသို့ရောက်အောင် ချီတက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤအချိန်တွင် အေတင့်ကားအုပ်စုမှ တင့်ကား (၆)စီးသည် တောင်ဘက်မိုင်အနည်းငယ်သာ ကွာသော နမ္မန္တာချောင်းဘေး၌ ရန်သူ့တင့်ကား (၆)စီးကို ရင်ဆိုင်တိုက်ခိုက်နေရ၏။

အင်ဖာတိုက်ပွဲစဉ်တလျှောက်လုံး၌ ဤအကြိမ်သည် ပထမဆုံးနှင့် နောက်ဆုံးအကြိမ် တင့်ကားချည်းသက်သက် တိုက်ခိုက်ရသော တိုက်ပွဲပင်တည်း။

အင်္ဂလိပ်တို့၏တင့်ကား (၆)စီးသည် ရန်သူ့တင့်ကား (၆)စီးအနက် (၅)စီးကို ဖျက်ဆီးချေမှုန်းလိုက်နိုင်ပြီးနောက် မိမိတို့ဘက်တွင် တစ်စုံတစ်ရာမျှ အထိအခိုက်မရှိဘဲ အမှတ် (၃၂)တပ်စွဲလျက်ရှိသော တမူးတောင်ဘက်သို့ ချောမောစွာရောက်လာနိုင်ကြ၏။

*ဤတိုက်ပွဲမှစ၍ ဂျပန်တို့သည် မည်သည့်အခါမျှ အင်္ဂလိပ်တို့ကို တင့်ကားချည်းသက်သက် ယှဉ်၍မတိုက်တော့ချေ။*

မှောင်စပျိုးသည်နှင့်တပြိုင်နက် တပ်မဟာမှ စေလွှတ်ထားသော တိုက်ကင်းအဖွဲ့များ ပြန်ရောက်လာကြ၏။ ရန်သူ့အရိပ်အခြည်မတွေ့ရ။ အချိန်က တဖြည်းဖြည်းကုန်လာသည်။ လ,မှာ ထွက်လာခြင်းမရှိသော်လည်း ကြယ်များထွန်းလက်နေကြသဖြင့် ကောင်းကင်မှာလင်းနေသည်။

ခံကတုတ်ကျင်းများတွင် နေရာအသင့်ယူထားသော တပ်သားများနှင့် တပ်မဟာမှူးဖြစ်သူ မက္ကင်ဇီတို့သည် ခပ်ဝေးဝေးမှလာနေသော ရန်သူ့တင့်ကားစက်သံများကို ကြားလာရလေသည်။

မက္ကင်ဇီသည် တင့်ကားပစ်အမြောက်တပ်မှ ဗိုလ်ကို သူ့အနီးသို့ ခေါ်ယူထားပြီး ရဲဘော်အားလုံးကိုလည်း သူ့အမိန့်ရမှ ပစ်ရန်ညွှန်ကြားပေးထားသည်။ ပွဲဦးတွင် မက္ကင်ဇီက အတန်ကြာအောင်သည်းခံ၍ စောင့်နေပြီးနောက် တင့်ကားပစ်အမြောက်တစ်လက်အား ရှေ့ဆုံးမှရန်သူ့တင့်ကားကိုပစ်ရန် အမိန့်ပေးလိုက်၏။ အမြောက်ပစ်သံနှင့် တင့်ကားကို အမြောက်ဆန်ထိမှန်သံမှာ ပတ်ဝန်းကျင်တစ်ခုလုံး ပဲ့တင့်ထပ်သွားသည်။





ချက်ချင်းဆိုသလိုပင် ရှေ့ဆုံး ခံကတုတ်ကျင်းများမှ ရဲဘော်များက ရှိရာလက်နက်များကို သွန်၍တိုက်ခိုက်ကြ၏။ အသံမှာ ဝရဲအိုးပွက်သလို ဆူညံနေတော့သည်။

ရန်သူ့ဘက်မှပြန်၍ ပစ်ခတ်စပြုလာသည်နှင့်တစ်ပြိုင်နက် စောစောကပင်နေရာယူထားသော မက္ကင်ဇီ၏အမြောက်တပ်သည် ခံစစ်အနေအထားဖြင့် ပစ်ခတ်လာတော့သည်။ မက္ကင်ဇီ၏တပ်ရင်း(၂)ရင်း နောက်တွင်ရှိနေသော အမှတ် (၉)စစ်မြေပြင် အမြောက်တပ်နှင့် (၂၅)ပေါင်ဒါ အမြောက်တပ်ဖွဲ့က တပ်ရင်း(၂)ရင်း၏ ခေါင်းပေါ်မှကျော်ကာ ရှေ့ဆုံးသို့ ရောက်လာသော ရန်သူ့တပ်များနှင့် (၂၅)ကိုက်အကွာတွင် တဖွဲဖွဲကျ ရောက်ပေါက်ကွဲနေတော့၏။

လရောင်မရှိသောကြောင့် သေချာစွာမမြင်ရသော်လည်း ရန်သူ့တပ်များသည် တိကျလှသော အင်္ဂလိပ်တို့၏အမြောက်များကြောင့် အလူးအလဲခံနေရပြီဟု ယူဆရသည်။

တိုက်ပွဲတစ်ခုလုံးမှာ စစ်စစ်ပေါက်ပေါက် မိနစ်သုံးဆယ်ခန့်သာ ကြာလိုက်၏။ မိုးလင်း၍ ရန်သူချီတက်လာရာ လမ်းတစ်လျှောက် ကင်းထောက်၍ကြည့်လိုက်သောအခါ တွန့်လိမ်ကောက်ကွေးနေသော တင့်ကားတစ်စီးနှင့် တင့်ကားတစ်ဝိုက်နှင့် လမ်းဘေးတောထဲတွင် အသက်ပျောက်နေသော ဂျပန်စစ်သားများစွာကို တွေ့ရသည်။ မက္ကင်ဇီသည် တပ်ရင်း (၂)ရင်းအား မိုးရဲသို့ ဆက်၍ချီလာစေသည်။ ဗိုလ်ချုပ်ကရေဆီနှင့် အမှတ် (၁၀၀)တပ်မဟာမှ ဂျင်မီတို့လည်း မိုးရဲသို့ရောက်နေသည်ကို တွေ့ရ၏။

ဤအချိန်တွင် အမှတ် (၈၀)တပ်မဟာသည် အမှတ် (၁၂)နယ်ခြားစောင့်တပ်မပါဘဲ စစ်တောင်း-ချင်းတွင်းလမ်းမှ ပြန်၍ဆုတ်လာကာ အမှတ် (၂၀)တပ်မ၏ အသက်သွေးကြောကြီးဖြစ်သော ပုလဲ-တမူးလမ်းတွင် နေရာယူလိုက်ပြီးနောက် *ဇီဘုံတံတား*တွင် အခိုင်အမာတပ်စွဲ၍ စောင့်ကြပ်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချင်းတွင်းမြစ်ကမ်းပေါ်ရှိ သောင်ထွတ်ဒေသကို စောင့်ကြည့်နေသော အမှတ် (၈၀)တပ်မဟာမှ အမှတ် (၁၂)နယ်ခြားစောင့်တပ်သည် သောင်ထွတ်နယ်တစ်ဝိုက်၌ အမှတ် (၁၅)ဂျပန်တပ်မ ရောက်ရှိနေကြောင်းသိလာရသည့်အချိန်မှစ၍ တက်ကြွစွာလှုပ်ရှားနေခဲ့၏။

ရန်သူဘက်ကလည်း ဝင်းဂိတ်၏ ခြင်းဒစ်တပ်ဖွဲ့များ မြန်မာပြည်အလယ်ပိုင်းသို့ ဝင်ရောက်လာသည့်အချိန်မှစ၍ ချင်းတွင်းအနောက်ဘက်ကမ်းကို ပို၍ဂရုစိုက်လာကြသည်။ အမှတ် (၁၂)နယ်ခြား စောင့်တပ်ကိုအုပ်ချုပ်နေသော ဗိုလ်မှူးကြီးမီဇန်သည် တမူးမြောက်ဘက် (၂၅)မိုင်အကွာရှိ မြို့သစ်တွင် ဌာနချုပ်ဖွင့်ထားသည်။

သောင်ထွတ်တွင် ပထန်စစ်သားများပါသော ဘီတပ်ခွဲကလည်းကောင်း၊ တုန်ဟဲနှင့် ကဘော်ကြားတွင် စီတပ်ခွဲကလည်းကောင်း နေရာယူထားပြီး တစ်တပ်နှင့်တစ်တပ် တယ်လီဖုန်းအဆက်အသွယ် ပြုလုပ်ထားသည်။ အခြားတပ်ဖွဲ့ကလေးများ ချထားသောနေရာမှာ တလောင်းချောင်းနှင့် စေတီရွာများတွင်ဖြစ်သည်။

မတ်လ (၁၅)ရက်နေ့ညတွင် မီဇန်သည် ရှေ့တန်းသို့ရောက်နေသောတပ်ခွဲများသို့ ခဲယမ်းများ နောက်ထပ်ပို့သင့် မပို့သင့် စဉ်းစားနေစဉ် အရှေ့ဘက်ကမ်းမှ ရန်သူများလှုပ်ရှားနေသည် ဟူသော သတင်းကို ရရှိတော့၏။

များမကြာမီ တုန်ဟဲရှိ စီတပ်ခွဲက ကဘော်တွင် ပစ်သံ၊ ခတ်သံများ ကြားရကြောင်း သတင်းရောက်ရှိလာပြန်သည်။ မီဇန်သည် ဒီတပ်ခွဲအား ချက်ချင်းပင် သောင်ထွတ်တွင်ရှိသော ဘီတပ်ခွဲ ပြန်လည် ဆုတ်ခွာရေးကို ကူညီရန်နှင့် သောင်ထွတ်မှတက်လာမည့် ရန်သူများကို ဟန့်တားရန် စေလွှတ်လိုက်၏။ ဘီတပ်ခွဲမှူးက ရန်သူ (၅၀၀)ခန့်သည် လှေများဖြင့် ချင်းတွင်းကို သောင်ထွတ်မှဖြတ်ကူးလာကြောင်း၊ ထိုတပ်များကို ဆီးကြိုတိုက်ခိုက်နေကြောင်းဖြင့် ထပ်မံသတင်းပို့သည်။





မတ်လ (၁၆)ရက်နေ့ဘက်သို့ ကူးလာသောအခါ စီတပ်ခွဲမှ လူအင်အားများစွာပါသော ဂျပန်စစ်သားများ နှင့် အိန္ဒိယအမျိုးသားများ တပ်မတော်သည် ကဘော်မြောက်ဘက် (၃) မိုင်ခန့်မှနေ၍ ချင်းတွင်းကို ဖြတ်ကျော်သွားပြီး အခြေအနေမှာ ရှုပ်ထွေးနေသည်ဟု သတင်းရသည်။

မတ်လ (၁၆)ရက်နေ့ အရုဏ်ကျင်း၍ အလင်းသို့ရောက်လာသောအခါ ရန်သူ့တပ်များသည် အင်အားအများအပြားဖြင့် ချင်းတွင်းကို လျင်မြန်စွာ ဖြတ်ကျော်လာကြောင်း သိရတော့၏။

ရန်သူ့တပ်များသည် ဘီ, စီနှင့် ဒီတပ်ခွဲများကို ကစဉ့်ကလျားဖြစ်သွားအောင် ထိုးဖောက် တိုက်ခိုက်၍ ချီတက်လာသည်။

ဗိုလ်မှူးကြီးမီဇန်သည် တပ်ခွဲများဖြင့် တယ်လီဖုန်းအဆက်အသွယ်ယူရင်း ဖြစ်ပျက်နေသမျှကို ဗိုလ်ချုပ်ကြီး၊ စကွန်းထံသို့လည်းကောင်း ဗိုလ်ချုပ်ဂရေဆီထံသို့ စီကာစဉ်ကာ သတင်းပေးပို့နိုင်ခဲ့၏။ ဤသတင်းများမှာ ကန့်သတ်သော ထိုးစစ်ဆင်နွှဲရန် ဆုံးဖြတ်ထားသော ဗိုလ်ချုပ်ကြီးစကွန်းအတွက် များစွာတန်ဖိုးရှိလှသည်။

(၁၆)ရက်နေ့ နေ့လည် (၁၁)နာရီအချိန်တွင် ဒီတပ်ခွဲမှ ရောက်လာသောသတင်းမှာ စိုးရိမ်စရာကောင်းနေတော့သည်။

ရန်သူ့တပ်များသည် ဒီတပ်ခွဲစောင့်ကြပ်နေသော နေရာကိုဖြတ်ကျော်သွားပြီး တပ်ရင်းဌာနချုပ်သို့ ရှေးရှုချီတက်နေသည်။ ဒီတပ်ခွဲလည်း ဆုတ်ခွာရန်ပြင်ဆင်နေပြီဟူသော သတင်းတည်း။

မီဇန်သည် ကြိုတင်စီစဉ်ထားသည့်အတိုင်း တပ်ခွဲများကို ယန်ဒိုပိုကီသို့ ဆုတ်လာရန် အမိန့်ပေးပြီး သူ့ဌာနချုပ်ကိုလည်း ဆုတ်ခွာရန်ပြင်ဆင်သည်။

မတ်လ (၁၇)ရက်နေ့တွင် ဒီတပ်ခွဲသည် မီဇန်၏ဌာနချုပ်ကို ချီလာပြီး ရန်သူများ မြို့သစ်ကို သိမ်းယူလိုက်ပြီဖြစ်ကြောင်း သတင်းပို့သည်။



www.burmeseclassic.com

www.burmeseclassic.com



တုန်ဟဲနှင့် သောင်ထွတ်မှ တပ်ခွဲများလည်း နောက်(၂)ရက်အတွင်း ပင်ပန်းနွမ်းနယ်စွာဖြင့် ယန်ဂိုပိုကီသို့ ရောက်လာကြ၏။

တပ်ခွဲများမှ စစ်သည်တော် (၂၀၀)ခန့်မှာ ကျဆုံး၊ ဒဏ်ရာရနှင့် ပျောက်ဆုံးစာရင်းတွင် ပါလာတော့သည်။

မတ်လ (၂၀)ရက်နေ့တွင် မီဇန်သည် သူ၏နယ်ခြားစောင့်တပ်ဖွဲ့ကို ယန်ဂိုပိုကီမှ သီတာသို့ချီတက်စေသည်။ သီတာတွင် အမှတ် (၈၀) တပ်မဟာနှင့် ပြန်၍ဆက်သွယ်မိလေသည်။

တပ်ရင်းတစ်ရင်းစာမျှသာရှိသော အမှတ် (၁၂)နယ်ခြားစောင့်တပ်ဖွဲ့သည် ဒီရေအလားတက်လာသော ရန်သူတို့၏လှုပ်ရှားမှုကို ဘောလုံးပွဲမှ တိုက်ရိုက်အသံလွှင့်နေသလို ဗိုလ်ချုပ်ကြီးစကွန်းနှင့် ဗိုလ်ချုပ်ကြီးဂရေဆီတို့ထံ သတင်းပို့နိုင်ခဲ့ခြင်းမှာ ကန့်သတ်သောထိုးစစ်အတွက် အလွန်ပင်တန်ဖိုးရှိခဲ့လေသည်။

◆◆◆

(ရ)

ရှေ့တန်းစစ်မျက်နှာနှင့် မိုင် (၂၀၀)ခန့်ကွာဝေးသော ပြင်ဦးလွင်ဌာနချုပ်တွင် ဂျပန်ဗိုလ်ချုပ်ကြီး မတ္တာဂူချီသည် မတ်လ (၁၇)ရက်နေ့က အခြေအနေများကို ကြည့်၍ များစွာနှစ်ထောင်းအားရဖြစ်လျက် ရှိသည်။

အင်ဖာထိုးစစ်ကြီးသည် မျှော်လင့်ထားသည့်အတိုင်း အစကောင်းနေပေပြီ။ အစကောင်းလျှင် အနှောင်းလည်း သေချာပေတော့မည်။

သူ၏အမှတ်(၁၅) နီပွန်တပ်မတော်ကြီးသည် အင်ဖာအား အရပ်ရှစ်မျက်နှာမှ ချီတက်တိုက်ခိုက်နေပြီး အင်္ဂလိပ်များမှာမူ မြန်မာပြည်တိုက်ပွဲတွင် (၁၉၄၂)ခုနှစ်က ကျင့်သုံးခဲ့သော စာအုပ်ကြီးအတိုင်း စစ်မျက်နှာအရပ်ရပ်မှ တစ်ဆုတ်တည်းဆုတ်၍နေသည် မဟုတ်ပါလား။

ယခုအချိန်၌ ကဘော်ချောင်တစ်ခုလုံးလိုလိုပင် **ဗိုလ်ချုပ်ယာမာမိုတို၏** လက်တွင်းသို့ သက်ဆင်းကျရောက်နေကာ မကြာမြင့်မီပင် ဗိုလ်ချုပ်ယာမာဥချိကလည်း သူ၏အမှတ် (၁၅)တပ်မဖြင့် တမူးမြောက်ဘက်မှ အားကုန်ဖိလာမည်ဖြစ်ရာ ထိုဖိအားသည် ယာမာမိုတိုအား ပို၍ခြေလှမ်းသွက်အောင် ဖန်တီးပေးပေတော့မည်။

အင်ဖာထိုးစစ်ကြီးကို နီပွန် စစ်အာဏာပိုင်များ သဘောတူလက်ခံလာအောင် အပူတပြင်းစေ့ဆော်ခဲ့သော ငါသည် အလွန်တော်သော ငါပါတကား။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီး မတ္တာဂူချီသည် မတ်လ (၁၇)ရက်နေ့ အဖြစ်အပျက်များကိုကြည့်၍ အဖန်တလဲလဲ နှစ်သိမ့်ခြင်း စိတ္တသုခကို ခံစားနေမိလေသည်။

အင်ဖာသည် ရက်များမကြာမီအတွင်း ငါ၏လက်ခုပ်ထဲမှ ရေဖြစ်ရပေတော့မည်။

ဘုရင့်စစ်အာဏာပိုင်အဖွဲ့ကလည်း အင်ဖာတွင်တွေ့မြင်နေရသော အထွေထွေအခြေအနေကိုကြည့်၍ ကျေနပ်နေ၏။ အရာခပ်သိမ်းသည် ဂျပန်တို့အတွက် ကုဿာသယ လိုတိုင်းရအောင် ဖန်တီးဖြစ်ပေါ်နေလေသည်တကား။

စီစဉ်ထားသည့်အတိုင်းပင် ဂျပန်တို့၏ အမှတ် (၁၅)နှင့် အမှတ် (၃၁)တပ်မတို့သည် မတ်လ(၁၅)ရက်နေ့တွင် သောင်ထွတ်နှင့် ဟုမ္မလင်းမှ ချင်းတွင်းကိုဖြတ်၍ ကူးနိုင်ခဲ့ကြ၏။

အမှတ် (၁၅)တပ်မဆိုလျှင် ချင်းတွင်းအား အလုံးအရင်းဖြင့် ဖြတ်ကျော်ရေးကို အံ့ဩဖွယ် အတုယူဖွယ်ကောင်းလောက်အောင် ပြုလုပ်နိုင်ခဲ့၏။

ကောင်းကင်မှတက်ကြည့်၍လည်း မမြင်နိုင်၊ မြေပြင်မှ လှမ်းကြည့်၍လည်း မမြင်ရသော မတ်လ (၁၅)ရက်နေ့ နေဝင်ခါနီးအချိန်တွင် ရနိုင်သမျှသော လှေများကို အရှေ့ဘက်ကမ်းတစ်လျှောက်တွင် စုထားလိုက်သည်။

နေဝင်သွားသည်နှင့်တစ်ပြိုင်နက် ထိုလှေများကို လေးစင်းတစ်တွဲ၊ ငါးစင်းတစ်တွဲစီ ဖောင်ဖွဲ့၍ ထိုဖောင်များပေါ်တွင် နင်းကြမ်းခင်းလိုက်၏။ ထို့နောက် ဖောင်များကို ဘေးချင်းယှဉ်၍တွဲလိုက်ကာ မြစ်ပြင်ပြည့်မျှရပြီ ဟုထင်ရသောအခါ အစွန်ဆုံးသောဖောင်ကို ရေစီးထဲသို့ မျှောချလိုက်၏။

တစ်ခုနှင့်တစ်ခု ပတ္တာဆက်သလိုဆက်ထားသော ဖောင်များသည် ရေစီးနှင့်မျောပါသွားပြီး မကြာမီပင် အနောက်ဘက်ကမ်းထိပ်သို့ ဒိတ်ခနဲသွား၍ငြိကာ တံတားဖြစ်သွားတော့သည်။





သည်တံတားပေါ်မှ ရိက္ခာ၊ ခဲယမ်း၊ လက်နက်နှင့် အခြားပစ္စည်းများတင်ထားသော လားများ၊ မြင်းများနှင့် လူသည်များသည် ချင်းတွင်းကို အခန့်သားဖြတ်ကျော်ကာ အင်ဖာသို့ ခရီးဆက်ကြသည်။

ဂျပန်တို့သည် ချင်းတွင်းကို ဤနည်းဖြင့် တစ်ညလုံး ဖြတ်ကူးကြပြီးနောက် မိုးလင်းခါနီးလာသည်နှင့်တစ်ပြိုင်နက် အနောက်ဘက်ကမ်းသို့ ဒုတ်ဒုတ်ထိအောင်ရောက်နေသော အစွန်ဆုံးဖောင်ကို မော်တော်ဖြင့် အထက်သို့ ဆန်၍ဆွဲသွားသည်။

ပတ္တာဆက်သလိုဆက်ထားသော ဖောင်များသည် တစ်နွယ်ငင် တစ်စင်ပါ ဆိုသလို မော်တော်ဘုတ်နောက်မှ တောက်လျှောက်လိုက်ပါသွားကြလေသည်။ ထို့နောက် အရှေ့ဘက်ကမ်းတွင် ချောင်ကောင်းကောင်းနေရာသို့ ရောက်လာသောအခါ ဖောင်တံတားကြီးကို ပုံဖျက်၍ ဝှက်ထားလိုက်တော့သည်။

နောက်တစ်နေ့ ညသို့ရောက်သောအခါ ဤနည်းအတိုင်းပင် ကျန်သောတပ်များကို ဖြတ်ကူးစေသည်။ သို့ဖြင့် ဂျပန်တပ်ဖွဲ့ကြီးသည် မှဲ့တစ်ပေါက်မစွန်းဘဲ သဘာဝအတားအဆီးကြီးဖြစ်သော ချင်းတွင်းကို ဖြတ်ကျော်နိုင်ခဲ့ကြ၏။

သို့သော် ဗိုလ်ချုပ် ယာမာဥချိ ခမျာမှာ ချင်းတွင်းဖြတ်ကျော်ရေးအောင်ပွဲကြီး၌ သူ့တပ်မတွင်ပါဝင်ရမည့် တပ်များအနက်ခြေလျင်တပ်ရင်း (၃)ရင်းနှင့်အမြောက်တပ်ဖွဲ့တစ်ခုမှာ ယိုးဒယားမှ မြန်မာပြည်သို့အရောက် ခရီးရှည်ကြီးချီတက်ကာ လမ်းတစ်ဝက်တွင် ရှိနေရသည့်အတွက် စိတ်စနောင့်စနင်းဖြစ်ရသေးသည်။ ယာမာဥချိ၏အစီအစဉ်မှာ စစ်ကြောင်း (၂)ကြောင်းခွဲ၍ ချီတက်ရန်ပင်ဖြစ်သည်။ လက်ယာစစ်ကြောင်းတွင် လူ (၃၀၀၀)၊ မြင်းနှင့်နွား (၂၀၀၀)ပါဝင်ပြီး သံဂဟတ်သို့ ပထမချီတက်ကာ၊ ထိုမှ ကန်ဂလားတုန်ဘီသို့ ခရီးဆန့်လျက် အင်ဖာကို မြောက်ဘက်နှင့်အနောက်မြောက်ဘက်မှ တိုက်ခိုက်ရန်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဤလက်ယာစစ်ကြောင်း၏ ညာဘက်တွင် အင်ဂျင်နီယာများ ပါဝင်သော တပ်ရင်းတစ်ရင်းသည် တစ်ကိုယ်တော်တည်း ချီတက်ရင်း လက်ယာစစ်ကြောင်းအား စစ်ကူပေးရန်မလိုပါက အင်ဖာ-ကိုဟီမားလမ်းကို ဖြတ်တောက်ရမည်ဖြစ်၏။

တပ်ရင်းတွင်ပါလာသော အင်ဂျင်နီယာများ၏တာဝန်မှာ ရိက္ခာနှင့်ခဲယမ်းများ လွယ်ကူစွာပေးပို့နိုင်ရန်အတွက် တပ်ရင်းနှင့်အတူ ချီတက်ရင်း တောလမ်းကို ခုတ်ထွင်ဖြုပြင်သွားရန်ဖြစ်သည်။

လက်ဝဲစစ်ကြောင်းတွင်လည်း လူအင်အား၊ ဝန်တင်တိရစ္ဆာန်များ၏အင်အားမှာ (၂၀၀၀၊ ၃၀၀၀)ခန့်ပါဝင်မည်ဖြစ်ပြီး ချင်းတွင်းကို ဖြတ်ကျော်ပြီးသည်နှင့်တစ်ပြိုင်နက် ကန်ဂလားတုန်ဘီသို့ မြန်နိုင်သမျှ မြန်မြန် ချီတက်ရန်ဖြစ်သည်။

ယာမာဥချိနှင့် သူ၏အမှတ် (၁၅)တပ်မဌာနချုပ်သည် ဤလက်ဝဲစစ်ကြောင်းနှင့်အတူ ချီတက်လိုက်ပါလာရန် စီစဉ်ထားသည်။ တပ်ရင်းတစ်ရင်းနှင့် အမြောက်တပ်ဖွဲ့တစ်ခုသည် ဤစစ်ကြောင်းနှင့်အတူ ချင်းတွင်းကို ကျော်ပြီးနောက် ကဘော်ချောင်သို့ ရောက်သောအခါ တောင်ဘက်သို့ဆင်းသွားပြီး တမူးကို မြောက်ဘက်မှနေ၍ တိုက်ရန်ဖြစ်သည်။ ဤတပ်ရင်းသည် ထိုသို့တိုက်ရာ၌ ဗိုလ်ချုပ်ယာမာမိုတို၏အမိန့်ကို နာခံ၍ တိုက်ရမည်ဖြစ်၏။

စစ်ကြောင်း(၂)ခုစလုံးတွင် အိန္ဒိယအမျိုးသားတပ်မတော်မှ တပ်ဖွဲ့များပူးတွဲပါဝင်သည်။ ဂျပန့်လက်ဝေခံ အိန္ဒိယအမျိုးသားတပ်မတော်သည် အင်္ဂလိပ်စစ်တပ်မှ အိန္ဒိယအမျိုးသားများနှင့် ဂေါ်ရခါး အမျိုးသားများအား အင်္ဂလိပ်စစ်တပ်ကိုစွန့်ခွာ၍လာခဲ့ကြရန် အကြိမ်ကြိမ်တိုက်တွန်း လှုံ့ဆော်ဝါဒဖြန့်ခဲ့သော်လည်း အောင်မြင်ခဲ့ခြင်းမရှိခဲ့။

ဂျပန် အမှတ် (၃၁)တပ်မ၏တာဝန်မှာ ကိုဟီမားအား တိုက်ခိုက်သိမ်းပိုက်ရန်ဖြစ်၏။





တပ်မကို ဦးစီးရသော ဗိုလ်ချုပ်ဆာတိုသည် ချင်းတွင်းကို စစ်ကြောင်း(၃)ကြောင်းဖြန့်၍ ဖြတ်ကူးရန်နှင့် လက်ယာနှင့်အလယ်စစ်ကြောင်း (၂)ခုက ဟုမ္မလင်းမြောက်ဘက်မှနေ၍ ကိုဟီမားသို့ တိုက်ရိုက်ချီတက်ရန် စီစဉ်ထားသည်။

လက်ဝဲစစ်ကြောင်းတွင် ဆာတိုနှင့်တကွ သူ၏ဌာနချုပ်ပါ လိုက်ပါပြီး ချင်းတွင်းကို ဟုမ္မလင်းမှဖြတ်ကူးကာ ဥခရုယ်ကို သိမ်းယူရန်ဖြစ်သည်။

ထို့နောက် အနောက်မြောက်ဘက်အတိုင်း ဆက်လက်ချီတက်၍ အင်ဖာ-ကိုဟီမားလမ်းမှ ဆီးကြိုလျက် အင်ဖာမှဆုတ်လာမည့် အင်္ဂလိပ်တပ်များကို တိုက်ရန် လက်ယာနှင့်အလယ် စစ်ကြောင်း(၂)ကြောင်းက ကိုဟီမားကို သိမ်းယူရာတွင်လည်း တတ်နိုင်သမျှ စစ်ကူပေးရန်ဖြစ်သည်။

မြောက်ဘက် ထမန်သီမှ တောင်ဘက် သောင်ထွတ်အထိရောက်သော ချင်းတွင်းမြစ်တစ်လျှောက်တွင် ဂျပန်တို့၏ အလုံးအရင်းဖြင့် မြစ်ဖြတ်ကူးပွဲမှာ အထူးအောင်မြင်လျက်ရှိသည်။

အနောက်ဘက်ကမ်းသို့ကူးလာသောရန်သူတပ်များအား အင်္ဂလိပ်တို့ဘက်မှဟန့်တားမည့်တပ်မှာ အမှတ် (၁၂)နယ်ခြားစောင့် တပ်တစ်တပ်သာရှိသည်။

ထို့ကြောင့် မတ်လ (၁၆)ရက်နေ့သို့ ရောက်လာသောအခါ တပ်မ (၂)ခုသည် မိမိတို့ပစ်မှတ်ရှိရာသို့ လျင်မြန်စွာချီတက်နိုင်သည့် အခြေတွင် ရှိနေပေပြီ။

ဤအချိန်တွင် ဗိုလ်ချုပ်ယာနဂီဒါ အုပ်ချုပ်ရသော အမှတ် (၃၃) တပ်မမှ တပ်ဖွဲ့အများအပြားပါသော တပ်ကြီးသည် အောင်ပွဲများ တဖြိမ့်ဖြိမ့်ရလျက်ရှိသည်။ ယာနဂီဒါသည် တီးတိန်-အင်ဖာလမ်းကို နေရာပေါင်းများစွာမှ ပိတ်ဆို့ထားနိုင်ကာ ကိုဝင်၏ အမှတ် (၁၇)တပ်မ၏ ဆုတ်ခွာရေးလမ်းကြောင်းကို ဖြတ်တောက်လိုက်နိုင်ပြီး တပ်ရန်အဖြစ် ထိုးထား



www.burmeseclassic.com

www.burmeseclassic.com



သော ဗိုလ်ချုပ်ကြီးစကွန်း၏တပ်များထဲမှ အချို့တပ်များကိုပင် ဆက်လက်၍ အောင်းမထားနိုင်တော့ဘဲ ချက်ချင်းလက်ငင်းထုတ်၍ သုံးလာရအောင် အခြေအနေကို ဖန်တီးနိုင်ခဲ့၏။ အမှတ် (၃၃)တပ်မမှ တိုက်ရည်ခိုက်ရည်ပြည့်ဝသော တပ်ဖွဲ့ကို သီးခြားအုပ်ချုပ်ထားသော ယာမာမိုတိုမှာ အစပထမ၌ ကဘော်ချောင်တွင် ဂရေဆီ၏ အမှတ် (၂၀)တပ်မ၏ ထိုးနှက်ချက်ကို ခပ်သွက်သွက်ကလေးခံနေရရှာသည်။

သို့သော် မတ်လ (၂၂)ရက်နေ့သို့ရောက်လာသောအခါ သူသည် အင်္ဂလိပ်တို့၏ ရိက္ခာစခန်းကြီးတစ်ခုဖြစ်သော မိုးရဲကို သိမ်းမိသည့်တပ်များနှင့် အဆက်အသွယ်ရလာကာ အခြေအနေကောင်းလာသည်။

သူသည် အင်္ဂလိပ်တို့၏အမှတ် (၂၀)တပ်မအား မိမိတို့၏ အခြားတပ်များက မည်သို့ဆက်လက်၍ ဒုက္ခပေးနေသည်ကို စောင့်ကြည့်နေဦးမည်ဟု ဆုံးဖြတ်လိုက်၏။

သူသည် တပ်ရင်းတစ်ရင်းစာလောက်ရှိသော တပ်ဖွဲ့တစ်ခုအား စောစောကပင် မွန်ဘီရှိ အမှတ် (၁၃) နယ်ခြားလက်နက်ကိုင်တပ်ကို မောင်းထုတ်ရန် စေလွှတ်ထားပြီး မွန်ဘီကို သိမ်းမိပါက တီးတိန်-အင်ဖာလမ်းအတိုင်း ချီတက်လာမည့် အမှတ် (၃၃)ပင်မစစ်ကြောင်းကြီးကို အကူအညီပေးရန် ညွှန်ကြားထားခဲ့၏။

ထို့ပြင် အခြားတပ်ရင်းတစ်ရင်းကိုလည်း အင်ဂျင်နီယာများနှင့်အတူ တမူး-ပုလဲလမ်းကို တန်ဂိုပါးမှနေ၍ ဖြတ်တောက်ရန်နှင့် ဇီးဘုံတံတားကို ဖောက်ခွဲဖျက်ဆီးပြီးနောက် မိုးရဲရှိ အင်္ဂလိပ်တပ်များအား မြောက်ဘက်မှ စစ်မြှုပေးရန် အမိန့်ပေးထားခဲ့သည်။

ဤတပ်ဖွဲ့နှစ်ဖွဲ့က သူညွှန်ကြား အမိန့်ပေးသည့်အတိုင်း ပြုလုပ်လာနိုင်သည့်အချိန်တွင် အမှတ် (၁၅)တပ်မမှ တပ်ရင်းတစ်ခုကို မြောက်ဘက်မှပင် ထပ်၍ စစ်မြှုပေးစေပြီး သူကိုယ်တိုင်ဦးစီးသောတပ်များက မိုးရဲကို ပြင်းပြင်းထန်ထန်ကြီး လုပ်ကြံနိုင်မည်ဟု တွက်ကိန်းချထားခဲ့၏။





ဤကား မတ်လ(၂၂)ရက်နေ့တွင် တမူးနှင့် တီးတိန်နယ်မြေတစ်ဝိုက်၌ ဖြစ်ပေါ်နေသောအခြေအနေများဖြစ်သည်။ အင်ဖာအနောက်မြောက်ဘက် (၃၅)မိုင်ခန့်အကွာ သံဂဟတ် ပတ်ဝန်းကျင်တွင်လည်း ဥခရယ်ကိုသိမ်းယူရန် ဦးတည်ချီတက်လာသော ဂျပန်တပ်ကြီးနှင့် ဥခရယ်ကို ခုခံကာကွယ်မည့် အင်္ဂလိပ်တပ်ကြီးတို့ အပြင်းထန်ဆုံးသော တိုက်ပွဲကြီးကို ဆင်နွှဲရန် စောင့်၍နေသောအချိန်တည်း။

ဤအချိန်တွင်ပင် ဗိုလ်ချုပ်ကြီးစကွန်း၏အမှတ်(၄)တပ်မကြီးအား စစ်ကူပေးရန်အတွက် ရခိုင်စစ်မျက်နှာမှ အမှတ် (၅) အိန္ဒိယတပ်မသည် လေကြောင်းဖြင့် တဖွဲဖွဲရောက်လာနေသည်ကိုမူ ရန်သူများ သိရှိရိပ်စားမိခြင်း မရှိခဲ့ချေ။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

(၈)

အမှတ် (၅) အိန္ဒိယတပ်မမှာ အထူးပင် တိုက်ရည်ခိုက်ရည်ပြည့်ဝသောတပ်ဖြစ်သည်။ ရခိုင်စစ်မျက်နှာတွင် တောကြီးမျက်မည်းထဲ၌ (၆) လကြာမျှ သဲသဲမဲမဲ တိုက်ခိုက်ခဲ့ရသေးသည်။

တပ်မကိုဦးစီးသူ ဗိုလ်ချုပ်ဘရစ်ချ်မှာလည်း အပွဲပွဲတွင် နွှဲခဲ့ဖူးသူဖြစ်၏။

အင်ဖာတွင် ဂျပန်တို့က ထိုးစစ်ကြီးပြုလာသောကြောင့် သူ့တပ်မသည် အမှတ် (၂၅) အိန္ဒိယတပ်မ ရခိုင်သို့ ရောက်လာသည်နှင့် တစ်ပြိုင်နက် အင်ဖာသို့ချက်ချင်းချီတက်ရမည့် အစီအစဉ်ရှိနေသည်ကိုလည်း သူသိရှိထားပြီးဖြစ်သည်။

ရခိုင်မှ အင်ဖာသို့ ရောက်သည်အထိ ကုန်းလမ်းခရီး၊ မီးရထား၊ ကားလမ်းခရီးဖြင့်သာ သူ့တပ်မကို ခေါ်ဆောင်သွားရမည်ကို ကြိုတင်တွက်ချက်ပြီးသားဖြစ်နေသည်။

ဗိုလ်ချုပ်ဘရစ်ချ်သည် မောင်းတောနှင့် မလှမ်းမကမ်းတွင်ရှိနေသော သူ့ဌာနချုပ်ရှေ့တွင် ကုလားထိုင်တစ်လုံးချ၍ ဖြစ်ပေါ်လာသော အခြေအနေအရပ်ရပ်ကို ဝေဖန်သုံးသပ်နေစဉ် အိန္ဒိယစစ်ဌာနချုပ်မှ အမိန့်တစ်ခုရောက်ရှိလာသည်။





အင်ဖာအခြေအနေမှာ အလွန်ဆိုးနေသဖြင့် ဘရစ်ချ်၏အမှတ် (၅)တပ်မသည် လေကြောင်းဖြင့် အင်ဖာသို့အမြန်ဆုံး ချီတက်လာရမည် ဟူသောအမိန့်တည်း။

လေကြောင်းဖြင့် ချီတက်လာရမည်ဆိုသဖြင့် စစ်သည်ရဲမက်များကိုသာမက အမြောက်များ၊ လားများနှင့် ဂျစ်ကားများကိုပါ လေယာဉ်ဖြင့် တင်၍ ပြောင်းရွှေ့ရပေတော့မည်။

အမိန့်တွင် "အခြေအနေ အလွန်ဆိုးနေသည်" ဟု ပါရှိသဖြင့် ရခိုင်စစ်မျက်နှာမှ အင်ဖာစစ်မြေပြင်ပေါ်တွင် ခြေချမိလျှင်ချမိချင်း တိုက်ပွဲအတွင်းသို့ ချက်ချင်းဆင်းသွားနိုင်အောင် အစစ,အရာရာကလည်း အသင့်ဖြစ်နေရန်လိုသည်။ လေယာဉ်ဖြင့် သယ်ယူ၍ မဖြစ်နိုင်သော ပစ္စည်းပစ္စယများကိုမူ စောစောကစီစဉ်ထားသည့်အတိုင်း ကုန်းလမ်း၊ ရထားလမ်းများဖြင့် သယ်ယူရလေတော့သည်။

ယခုအချိန်၌ အစားထိုးမည့် အမှတ် (၂၅)တပ်မမှ တပ်အချို့သည် ရခိုင်စစ်မျက်နှာသို့ရောက်ရှိနေပြီး ဗိုလ်ချုပ်ဘရစ်ချ်ထံမှ တာဝန်များကို လွှဲယူအံ့ဆဲဆဲရှိနေသဖြင့် အင်ဖာသို့ လေကြောင်းဖြင့်ချီတက်ရေး အစီအစဉ်မှာ တစ်ဝက်တစ်ပျက် လွယ်ကူနေသော်လည်း လေယာဉ်ထဲတွင် ကုန်အချိန်အဆကို စံနစ်တကျ ထည့်သွင်းရေးမှာမူ အခက်အခဲပြဿနာဖြစ်လာတော့သည်။

အေးချမ်းသောကာလ၌ သေးငယ်သောတပ်ဖွဲ့ကလေးတစ်ခုအား လေကြောင်းဖြင့် သယ်ယူပြောင်းရွှေ့ရေးတွင်ပင် ပြင်ဆင်မှုများစွာပြုလုပ်နေရရာ ယခုကဲ့သို့ တပ်မတစ်ခုအား အပူတပြင်းရွှေ့ပြောင်းရမည်ရှိသောအခါ ပြဿနာအမျိုးမျိုးတွေ့ရတော့၏။

လေယာဉ်တစ်စင်းတွင်တင်နိုင်သည့် ကုန်အလေးချိန်၊ ကုန်ပစ္စည်းအမျိုးအစား၊ ထည့်သွင်းနည်းစနစ်၊ မည်သည့်အချိန်တွင် မည်သည့်လေယာဉ်ကွင်း၌ ရပ်နားမည် ဟူသော အချိန်ဇယား စသည်တို့ကို သေချာတွ



www.burmeseclassic.com

www.burmeseclassic.com



နားလည်ကျွမ်းကျင်စေရန်အတွက် ရဲဘော်များအား သီတင်းပတ်ပေါင်း အတော်ကြာမျှ သင်တန်းတက်ခိုင်းရမလိုဖြစ်နေ၏။ သည်အထဲတွင် လေကြောင်းဖြင့် ချီတက်ရန်အတွက် မည်သည့် လေယာဉ်အမျိုးအစားကို စင်းရေမည်မျှရနိုင်မည်ဟု ကြိုတင်သိမထားရသောကြောင့်လည်း လေကြောင်းဖြင့် ပြောင်းရွှေ့ရေးမှာ စိစဉ်တွက်ချက်ရန် ခက်လာသည်။

သည်အထဲတွင် ဌာနချုပ်အလုပ် အမှုဆောင်အဖွဲ့နှင့် အမှုထမ်းများမှာ လေကြောင်းဖြင့် ပြောင်းရွှေ့ချီတက်ရေးကို တစ်ခါမျှမကြုံဖူးသောကြောင့် ပို၍ခက်လာပြန်သည်။

တစ်ဖန် အနီးဆုံးလေယာဉ်ကွင်းဖြစ်သော ဒိုဟာဇရီမှာ မြောက်ဘက်မိုင်(၁၀၀)ခန့်အကွာတွင်ရှိပြီး ဒိုဟာဇရီသို့ သွားမည့်လမ်းတွင် ချောင်းကို နှစ်ကြိမ်မျှဖြတ်နေရသဖြင့် လေယာဉ်ကွင်းသို့သွားရသည့် ခရီးကပင် အတော်ဖင့်နွဲ့စေပြန်၏။ လမ်းမှာ မည်မျှဖုန်ထူသနည်းဆိုပါလျှင် တစ်ရက်တွင် ကုလီရာပေါင်းများစွာငှား၍ ဖုန်မထ,အောင် ရေဖျန်းပေးနေရခြင်းကပင် လမ်း၏သရုပ်ကို သက်သေထုတ်၍ပြနေပြန်သည်။

ဒိုဟာဇရီ လေယာဉ်ကွင်းနှင့် အင်ဖာမှာ လေကြောင်းခရီးအားဖြင့် မိုင်(၂၅၀)ကျော်ကလေးသာ ရှိသည်။ ထို မိုင်(၂၅၀)အတွက် တွက်လိုက်ချက်လိုက် စီစဉ်လိုက်ရသည့် ဒုက္ခမှာ ကြီးမားပါဘိခြင်း။

သို့သော် တွက်ချင်တိုင်း တွက်နေ၍မဖြစ်၊ တပ်မဟာတစ်ခုကို အမြန်ဆုံးပို့ပေးပါဟု အမိန့်ထပ်၍ရောက်လာသည့်အတွက် ဖြစ်သလိုပင် စီစဉ်ရတော့၏။

လေယာဉ်များသည် ရန်သူသိမ်းပိုက်ထားသော နယ်မြေအချို့ကို ဖြတ်၍ ပျံသန်းရမည်ဖြစ်ပြီး ရန်သူ့တိုက်လေယာဉ်များ ရောက်ရှိနိုင်သော ခရီးအကွာဝေးမှလည်း မောင်းနှင်ရမည်ဖြစ်ရာ လေယာဉ်တစ်စင်းထဲတွင် တစ်ခုခုကို တတ်ကျွမ်းသူများချည်း စုပြုံ၍ ပါမသွားရအောင် သတိထားရ၏။





အကယ်၍ တတ်ကျွမ်းသူများချည်း ပါသွားသောလေယာဉ်သည် ရန်သူ၏ပစ်ချခြင်းကို ခံရပါက တပ်မအတွက် ကြီးကျယ်သော ဆုံးရှုံးမှုဖြစ်နေပေတော့မည်။

လေကြောင်းဖြင့်ချီတက်ရေးကို အပူတပြင်းစီစဉ်ကြရာ အမြောက်တပ်ဖွဲ့တစ်ခုအတွက်ရေးဆွဲထားသော အချိန်ဇယားကို ကြည့်ပါက မည်မျှအပူတပြင်းနိုင်လှသည်ကို တွေ့ရမည်ဖြစ်၏။

*တနင်္လာနေ့ ညနေ (၂)နာရီ. . .*

*တိုက်ပွဲတွင်ပစ်ခတ်နေဆဲ အမြောက်များကို ရုပ်သိမ်း၍ စုရုံးရမည့်နေရာသို့ ချီတက်ရန်။*

*အင်္ဂါနေ့ . . .*

*ရုံးစုသည့်နေရာမှ ဒိုဟာဇရီ လေယာဉ်ကွင်းသို့ ကုန်းလမ်းအတိုင်း ချီတက်ရန်၊ ညနေ (၄)နာရီ (၃၀)မိနစ်ခန့်တွင် သတ်မှတ်ထားသော နေရာသို့ရောက်ရန်။*

*အင်္ဂါနေ့ ညနေ (၆)နာရီမှ ဗုဒ္ဓဟူးနေ့ နံနက် (၅)နာရီထိ။*

*အမြောက်များကိုဖြုတ်၍ လေယာဉ်တွင်တင်ရန်။*

*ဗုဒ္ဓဟူးနေ့ . . . အင်ဖာသို့ ပျံရန်။*

*အမြောက်များကို လေယာဉ်ကွင်းတွင်လည်းကောင်း၊ အနီးအနားတွင်လည်းကောင်း ပြန်လည်တပ်ဆင်ရန်။*

*ကြာသပတေးနေ့ အင်ဖာစစ်မျက်နှာရှိ စခန်းတစ်နေရာတွင် အမြောက်တပ်ဖွဲ့က ပါဝင်ပစ်ခတ်နေရန်။*

မတ်လ (၁၈)ရက်နေ့တွင် အမှတ် (၁၂၃)ခြေလျင်တပ်မဟာကို အင်ဖာသို့ ပထမဆုံး လေကြောင်းဖြင့်ချီတက်စေသည်။ ရခိုင်စစ်မျက်နှာမှ အမှတ် (၅)တပ်မအား အင်ဖာစစ်မျက်နှာသို့ ပို့ဆောင်ရေးကို ထိပ်တန်းအထူးလျှို့ဝှက်ချက်အဖြစ် ကျင့်သုံးရမည်ဟု ညွှန်ကြားထားရာ များစွာသောအရာရှိများမှာ ဒိုဟာဇရီလေယာဉ်ကွင်းပေါ်သို့ ရောက်လာသော



www.burmeseclassic.com

www.burmeseclassic.com



အချိန်၌ ရခိုင်စစ်မျက်နှာမှ အနားပေးရန်အတွက် အိန္ဒိယသို့ ပြန်ရတော့မည်ဟုပင် ထင်မှတ်နေကြတော့၏။

အမေရိကန်လေတပ်မှ ဗိုလ်မှူးကြီးတစ်ဦးနှင့် အမှတ် (၁၄)တပ်မတော်မှ ရွှေ့ပြောင်းကြီးကြပ်ရေးအရာရှိဖြစ်သူ ဗိုလ်မှူးတစ်ဦးက မတ်လ (၁၇)ရက်နေ့တွင် လေယာဉ်ကွင်းအနီး၌ စုရုံးနေသော အမှတ် (၁၂၃)တပ်မဟာမှလားများ၊ ဂျစ်ကားများနှင့် စစ်သားများကို လေယာဉ်ထဲတွင် နေရာယူနည်းကို သင်ကြားပေးသည်။

တပ်မဟာတစ်ခုအား တစ်နေ့တည်းနှင့်ခရီးထွက်နိုင်အောင် စီစဉ်ရသည်မှာ လွယ်ကူလှသည် မဟုတ်။ လေယာဉ်ကွင်းကလည်း မြေကြီးကိုမာအောင်ဖိထောင်း၍လုပ်ထားသော တစ်ခုတည်းသော လေယာဉ်ကွင်းဖြစ်ရာ ပို၍အခက်အခဲတွေ့ရသည်။

သို့သော် တစ်ခါဖူးမျှ လေယာဉ်ဖြင့်မသွားဖူးသော ရဲဘော်များနှင့် ဒိုဟာဇရီ-အင်ဖာ လေယာဉ်လမ်းကြောင်းတွင် တစ်ခါဖူးမျှ မမောင်းနှင်ဖူးသော လေသူရဲများသည် တွေ့ရသမျှသော အခက်အခဲများကို သွေးအေးအေးဖြင့် ရင်ဆိုင်နိုင်ကြ၏။

မတ်လ (၁၇)ရက်နေ့ မှောင်စပျိုးသည့်အချိန်တွင် လေယာဉ်အချို့ထပ်၍ရောက်လာကြသည်။ တစ်ညလုံး လားများ၊ ဂျစ်ကားများ၊ မြင်းများနှင့်လက်နက်များကို စနစ်တကျ ထည့်သွင်းနေရတော့၏။

လေသူရဲများသည် မတ်လ (၁၈)ရက်နေ့မှ (၂၉)ရက်နေ့အထိ တစ်နေ့လျှင် နှစ်သုတ်စီ ပျံသန်းပေးခြင်းအားဖြင့် အမှတ် (၅)တပ်မတစ်ခုလုံးကို အင်ဖာသို့ဘေးမသီရန်မခဘဲ ပို့ဆောင်ပေးနိုင်ခဲ့ကြ၏။

တပ်မမှ တပ်မဟာတစ်ခုကိုမူ ကိုဟီမားအား ဆက်ကာကွယ်ရန်အတွက် ဒိုင်မာပူသို့ တိုက်ရိုက် ပျံသန်းပေးပို့ခဲ့ရသေးသည်။ မြေပြင်အဖွဲ့သားများနှင့် လေတပ်အမှုထမ်းများ၏ စွမ်းဆောင်မှုမှာလည်း ချီးကျူးလောက်ပါပေသည်။





ရခိုင်စစ်မျက်နှာရှိ ဒိုဟာဇရီ လေယာဉ်ကွင်းတွင် စစ်သည်တော်များ၊ လက်နက်များနှင့် အခြားပစ္စည်းများအား လေယာဉ်ထဲသို့ ထည့်သွင်းရခက်သလို ဤလူနှင့် ပစ္စည်းများကို အင်ဖာတွင်ပြန်၍ ထုတ်ယူရသည်မှာလည်း ခက်ခဲလှချေသည်။

အင်ဖာရှိ အဓိက လေယာဉ်ကွင်းကြီးမှာ ရိက္ခာနှင့်ခဲယမ်းများတင်ဆောင်လာသော လေယာဉ်အများအပြား ဆင်းသက်သည့်လေဆိပ်ကြီးဖြစ်လေရာ စစ်သားများတင်ဆောင်လာသော လေယာဉ်များအတွက် နေရာမပေးနိုင်လောက်အောင် ဖြစ်နေ၏။ ထို့ကြောင့် ဒိုဟာဇရီမှ စစ်သားများတင်လာသော လေယာဉ်များကို အင်ဖာတဝိုက်တွင် တကွဲတပြားရှိနေသော လေယာဉ်ကွင်း(၃)ကွင်းသို့ ခွဲ၍ဆင်းစေရသည်။ ထိုအခါ တပ်ရင်းတစ်ရင်းတည်းမှ စစ်သားများမှာ သုံးနေရာကွဲသွားကာ ပြန်စုရန်အချိန်လိုလာပြန်သည်။

ဤအခက်အခဲကို လေယာဉ်ကွင်းတိုင်းတွင် ထိန်းသိမ်းညွှန်ပြသူများကို တာဝန်ပေးထားခြင်းအားဖြင့် ဖြေရှင်းသည်။

ဗိုလ်ချုပ်ဘရစ်ချ်၏ အမှတ် (၅)တပ်မ ရခိုင်စစ်မျက်နှာမှ ရောက်လာသည့်အချိန်တွင် အင်ဖာအခြေအနေမှာ ရန်သူ့လက်သို့ နေ့ကျတော့မလား၊ ညကျတော့မလားဟု စိုးရိမ်ရလောက်အောင် ဆိုးရွားနေတော့၏။

ရန်သူသည် လေယာဉ်ကွင်းနှင့် မိုင်(၃၀)ကျော်ကလေးသာ ကွာသောနေရာသို့ပင် ရောက်နေပေပြီ။ ထို့ကြောင့် အချို့သောတပ်ဖွဲ့များမှာ လေယာဉ်ကွင်းပေါ်တွင် ခြေချမိသည်နှင့်တပြိုင်နက် တိုက်ပွဲရှိရာသို့ တန်း၍ချီတက်ကြရတော့သည်။

တပ်မဟာတစ်ခုမှ ဗိုလ်မှူးချုပ်တစ်ဦးမှာ အင်ဖာလေယာဉ်ကွင်းပေါ်သို့သက်ဆင်းမိသည်နှင့်တစ်ပြိုင်နက် သူ့တပ်မဟာမှ တပ်ရင်း(၂)ရင်းမှာ လီတန်တိုက်ပွဲ၌ ပါဝင်တိုက်ခိုက်နေပြီး အခြားတပ်ရင်း(၁)ရင်းမှာ ကိုဟီမားသို့ချီတက်ရာတွင် ပါဝင်နေကြောင်းတွေ့ရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



လီတန်နှင့် ကိုဟီမားမှာ ဆန့်ကျင်ဘက်အရပ်များတွင် တည်ရှိနေရာ တပ်မဟာ၏ ဗိုလ်မှူးချုပ်လုပ်သူမှာ မည်သည့်တိုက်ပွဲသို့လိုက်၍ အမိန့်ပေးရမည်ကိုပင် မဝေခွဲတတ်အောင် ဖြစ်ရလေသည်။

တပ်ရင်းမှူးတစ်ဦးမှာလည်း သူ ရောက်လာသည့် အချိန်တွင် သူ့တပ်ရင်းမှာ အလျင်ရောက်နှင့်နေသော တပ်ခွဲ(၂)ခွဲသည် ရှေ့တန်းစစ်မျက်နှာသို့ တစ်လမ်းစီခွဲ၍ ချီတက်နေကြောင်း ကြားသိရသည့် အဖြစ်မျိုးနှင့်ကြုံခဲ့ရတော့သည်။

မည်သို့ပင်ဖြစ်စေ အမှတ် (၅)တပ်မ၏လေကြောင်းဖြင့် ချီတက်ရေးမှာ ချို့ယွင်းချက်ကလေး တစ်ခုစ,နှစ်ခုစ ရှိသည်မှအပ ကောင်းမွန်ချောမောစွာ အောင်မြင်ခဲ့လေသည်။

◆◆◆

(၉)

ချင်းတွင်းအရှေ့ဘက်ကမ်းတွင် ရန်သူတို့၏လှုပ်ရှားမှုကို ပိုမိုများပြားစွာ တွေ့လာရသည်နှင့်တစ်ပြိုင်နက် အမှတ် (၄)တပ်မကြီး ဌာနချုပ်သည် အင်ဖာရှိဘန်ဂလိုများတွင် ဖွင့်ထားရာမှ အင်ဖာမြောက်ဘက် တောထူထပ်သော တောင်များရှိရာသို့ ပြောင်းရွှေ့လာခဲ့၏။

ယခင်က တပ်မကြီးဌာနချုပ်နှင့် အဓိကလေယာဉ်ကွင်း တည်ရှိရာစက်ဝိုင်းထဲတွင်ပင် ဗိုလ်ချုပ်ကြီးမှအစ အိန္ဒိယအမျိုးသား ကူလီအထိ အဆင့်အတန်း အမျိုးမျိုးရှိသူ လူပေါင်း (၅၀၀၀၀)ခန့် ရှိနေခဲ့၏။

ဤလူများအနက် (၁၆၀၀၀)မှာ လက်နက်ဆို၍ အလျဉ်းမရှိဘဲ (၁၇၀၀၀)မှာမူ တစ်သက်တွင် တစ်ခါမျှ သေနတ်မကိုင်ဖူးသူများ ဖြစ်ကြ၏။ ဤလူများအနက် တိုက်ပွဲတွင် ပါဝင်နိုင်မည့်သူများကို ရွေးထုတ်လိုက်သောအခါ လက်နက်ကိုင်တပ်သား (၂၅၀၀၀)သာ ရတော့သည်။ ကျန်လူများကို ကုန်းလမ်း၊ ရထားလမ်းများဖြင့် အိန္ဒိယပြည်မကြီးသို့ ပြန်ပို့ထားလိုက်၏။

မတ်လ (၁၅)ရက်နေ့မှစ၍ အပြင်းချီလာသော ရန်သူ့ထိုးစစ်ကြီးသည် မတ်လ (၁၉)ရက်နေ့သို့ ရောက်လာသောအခါ၌ အင်ဖာနှင့် (၄၆) မိုင်သာ ကွာတော့သည့်နေရာသို့ ခေါင်းပြူ၍လာနိုင်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဥခရယ်တောင်ဘက် (၈)မိုင်အကွာအဝေးရှိ သံဂဟတ်အနီးတွင် အင်္ဂလိပ်တို့ဘက်မှ အမှတ် (၅၀)လေထီးတပ်မဟာသည် ရန်သူတို့၏ (၃၀)တပ်မမှ ရှေ့ပြေးချီတပ်များနှင့် အပြင်းအထန် တိုက်ခိုက်နေရပေပြီ။

ဤတပ်မဟာသည် နောက်ပိုင်းအချိန်များ၌ လေထီးတပ်ဖြင့် စစ်ဆင်ရေးပြုလုပ်ရာတွင် အတွေ့အကြုံရနေစေရန်အတွက် အိန္ဒိယပြည်အနောက်မြောက်ဒေသမှ ဖေဖော်ဝါရီလက ရောက်လာခဲ့ခြင်းဖြစ်၏။

ဤတပ်မဟာတွင် တပ်ဖွဲ့တစ်ဖွဲ့လျှင်တပ်ရင်းတစ်ရင်းစာစီ မပြည့်တတ်သော အမှတ် (၁၅၂)နှင့် အမှတ် (၁၅၃)တပ်ဖွဲ့(၂)ခု။ အလတ်စားစက်သေနတ်တပ်ဆင်ထားသော တပ်ခွဲ(၁)ခွဲ၊ ဝန်ထမ်းတပ်ဖွဲ့ (၁)ခုနှင့် စစ်မြေပြင်သူနာပြုတပ်ဖွဲ့(၁)ခု ပါဝင်သည်။

အမှတ် (၁၅၂)တပ်ဖွဲ့သည် သံဂဟတ်သို့ မတ်လ (၁၄)ရက်နေ့တွင်ရောက်ရှိလာသည်။ သံဂဟတ်တွင် တပ်စွဲနေသော အမှတ် (၄၈)တပ်မဟာသည် တီးတိန်လမ်းအတိုင်း ချီတက်ရမည်ဟု အမိန့်ရထားသည့်အတိုင်း လေထီးတပ်မဟာအတွက် စစ်ကူပေးမည့်တပ်အချို့ကို ချန်ထားခဲ့ပြီး မတ်လ (၁၆)ရက်နေ့တွင် ထွက်ခွာသွားသည်။ အမှတ်(၁၅၂) တပ်ဖွဲ့သည် သံဂဟတ်သို့ချီတက်လာစဉ် ဒယ်အိုးပိုင်းကြီးနှင့်တူသော လီတန်ကိုဖြတ်၍လာခဲ့ရသည်။

လီတန်သည် အင်ဖာမှ (၂၅)မိုင်အကွာတွင် တောင်များဝန်းရံကာ ဒယ်အိုးပိုင်းသဏ္ဌာန်တည်ရှိနေ၏။ ဤစခန်းတွင် လားများ၊ ရိက္ခာများ၊ ခဲယမ်းများ၊ လားနှင့်မြင်းများအတွက် အစာများနှင့် စစ်မြေပြင်သူနာပြုတပ်ဖွဲ့ထားရှိကာ အမှတ် (၅၀) လေထီးတပ်မဟာ၏ အုပ်ချုပ်ရေးဌာနလုပ်ထားလေသည်။

မတ်လ (၁၅)ရက်ညနေတွင် အမှတ် (၁၅၂)တပ်ဖွဲ့သည် သံဂဟတ်၌ အဆင်သင့်ရှိနေသော ခံကတုတ်ကျင်းများတွင် နေရာယူလိုက်ပြီး အမှတ် (၄၈)တပ်မဟာက စစ်ကူအဖြစ်ချန်ထားခဲ့ကာ ဒုဗိုလ်မှူးကြီးဂျက်





ဦးစီးသော အမှတ် (၅)ခြေမြန်တပ်က ကျောက်ကပ်စခန်း၌ အနားယူသည်။ ထိုနေ့ညတွင်ပင် ဂျပန်တို့၏အမှတ် (၁၅)နှင့် အမှတ် (၃၁)တပ်မတို့က ချင်းတွင်းကို စ၍ဖြတ်ကျော်နေလေသည်။

သံဂဟတ်သည် အင်ဖာလွင်ပြင်အတွက် ရှေ့တန်းစခန်းတစ်ခု အဖြစ်ယခုအချိန်၌ရှိနေသော်လည်း ထို့ထက်ရှေ့တန်းကျသော စခန်းကြီး (၂)ခုကရှိနေသေး၏။

ရှယ်ဒွန်-ထောင့်ချိုး အရှေ့ဘက်တွင် ကပ်လျက် ဘီတပ်ခွဲက တပ်စွဲထားကာ ပူရှိန်းနာဂရွာ၏ တောင်ဘက်ရှိ အမှတ် (၇၃၇၈)တောင်ကုန်းတွင် စီတပ်ခွဲက နေရာယူထားသည်။ ဤစခန်းကြီး (၂)ခုသည် ဥခရယ်သို့ ချဉ်းကပ်နိုင်သည့် လမ်းများကို စောင့်ကြပ်လျက်ရှိသည်။

မတ်လ (၁၇)ရက်နေ့တွင် အမှတ် (၅၀) လေထီးတပ်မဟာဌာနချုပ်သည် သံဂဟတ်သို့ ရောက်လာသည်။ အမှတ် (၁၅၃)တပ်ဖွဲ့မှာမူ လမ်းတွင်ပင် ရှိနေသေးသည်။ ဤအချိန်တွင် ဥခရယ် အရှေ့တောင်ဘက် (၁၂)မိုင်အကွာရှိ ဗီတပ်ဖွဲ့က သူတို့စခန်းကို အင်အား (၅၀)ခန့်ရှိသော ဂျပန်များ လာရောက်တိုက်ခိုက်နေပြီဖြစ်ကြောင်း သတင်းပို့လိုက်လေ၏။

မတ်လ (၁၈)ရက်နေ့ နံနက်ပိုင်းတွင် ခံကတုတ်များကို ပို၍ခိုင်မာအောင်ပြုလုပ်ရင်း ရိက္ခာ၊ ခဲယမ်းများနှင့် ရေများကို စခန်းအသီးသီးတွင် ပို၍သိုလှောင်နေကြ၏။

မတ်လ (၁၈)ရက်နေ့ နေ့လည်သို့ရောက်လာသောအခါ ပူရှိန်းရွာမှ နာဂအချို့ရောက်လာကာ သူတို့ရွာတွင် ဂျပန်စစ်သားများ ရောက်နေကြောင်း၊ အရေအတွက် မည်မျှရှိသည်ကို မသိကြောင်းဖြင့် စီတပ်ခွဲထံ သတင်းပို့သည်။ ပူရှိန်းမှ ဥခရယ်သို့ လာသည့်လမ်းပေါ်တွင် ခွဲ၍နေရာယူထားသော စီတပ်ခွဲသည် တပ်ခွဲတစ်ခုလုံးကို တပ်လှန့်ထားကာ မတ်လ (၁၈)ရက်နေ့ ညတစ်ညလုံး အထူးသတိဝီရိယထား၍ စောင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရန်သူသည် မတ်လ (၁၉)ရက်နေ့ နံနက် (၈)နာရီလောက်မှ ပူရှိန်းရွာမှ ထွက်ခွာလာကြောင်း သတင်းရရှိတော့၏။ ရန်သူ့အင်အားမှာ (၂၀၀)ခန့်ရှိကြောင်းဖြင့် ကင်းထောက်အဖွဲ့က သတင်းပို့သည်။

နံနက် (၉)နာရီခန့်တွင် ရှယ်ဒွန်-ထောင့်ချိုးတွင် အပန်းဖြေနေသော အမှတ် (၅)ခြေမြန်တပ်မှ ဒုဗိုလ်မှူးကြီး ဂျက်နှင့် သံဂဟတ်တွင် နေရာယူထားသော အမှတ် (၁၅၂)တပ်ဖွဲ့သည် လူအင်အား (၇၀၀)မှ (၉၀၀)အတွင်းရှိသော ရန်သူတပ်ရင်းတစ်ရင်း ချီတက်လာသည်ကို ကြည့်ကင်းစခန်းမှနေ၍ မြင်ကြရ၏။

ဤမျှအင်အားများသော ရန်သူများတက်လာသည်ကို မြင်ကြရသည့်အတွက် အားလုံးလိုလိုပင် မျက်လုံးပြူးကုန်တော့သည်။ များမကြာမီပင် စီတပ်ခွဲတပ်စွဲထားသော တောင်ကုန်းဘက်မှ ပစ်ခတ်သံများ ပေါ်လာတော့၏။ စီတပ်ခွဲအား ချက်ချင်းအကူအညီပေးရန်နှင့် ဥခရယ်သို့ ရောက်နိုင်သည့်တောလမ်းဟူသမျှကို ပိတ်ဆို့ထားရန်အပူတပြင်းစီစဉ်ရတော့၏။

အမှတ် (၅၀)လေထီးတပ်မဟာ၏ ဗိုလ်မှူးချုပ်သည် ရှေ့တန်းစခန်းများကို ကိုယ်တိုင်ကိုယ်ကျလာရောက်ကြည့်ရှုသည်။ သို့သော်အမှတ် (၁၅၃)တပ်ဖွဲ့မှာ ယခုတိုင် သံဂဟတ်သို့ ရောက်မလာသေးသည့်အတွက် မည်သို့မျှ အကူအညီမပေးနိုင်ဘဲ ဖြစ်နေရသည်။

စီတပ်ခွဲသည် မတ်လ (၁၉)ရက်နေ့တစ်ညလုံး မိမိတောင်ကုန်းကိုတက်၍သိမ်းရန် တိုက်စစ်ဆင်လာသော ရန်သူတို့ကို (၂)ကြိမ်တိုင်တိုင် သဲသဲမဲမဲ ခုခံ၍ မောင်းထုတ်ပစ်နိုင်သည်။

သို့သော် အကျအဆုံးကား များလှပါချေ၏။

တပ်ခွဲမှူးနှင့် အင်္ဂလိပ်အရာရှိတစ်ဦးမှာ ဤတိုက်ပွဲတွင် ကျဆုံးခဲ့ရှာသည်။ စီတပ်ခွဲအား စစ်ကူပေးရန် စေလွှတ်လိုက်သည့် တပ်ခွဲ၏ သတင်းကိုလည်း ဘာမျှမကြားရ။





မတ်လ (၂၀)ရက်နေ့တွင် အမှတ် (၅၀)လေထီးတပ်မဟာမှ ဒုတပ်မဟာမှူးသည် သံဂဟတ်မှ ရှယ်ဒွန်-ထောင့်ချိုးရှိ တပ်မဟာမှူးထံသို့ ဒုဗိုလ်မှူးကြီးဂျက်နှင့်အတူ ရောက်ရှိလာသည်။

ဤအချိန်တွင် အင်္ဂလိပ်အရာရှိဟူ၍ တစ်ဦးတည်းသာ အသက်ရှင်လျက်ကျန်ရှိတော့သော စီတပ်ခွဲမှ ဗိုလ်တစ်ယောက်က ရန်သူသည် တပ်ခွဲအား တဖြည်းဖြည်းဝါးမျိုလျက်ရှိသဖြင့် ဆုတ်ခွာလာတော့မည်ဟု သတင်းပို့နေသည်။

စီတပ်ခွဲမှလူအယောက်(၂၀)လောက်သာလျှင် အမှတ် (၇၃၇၈)တောင်ကုန်းတိုက်ပွဲ၌အသက်ရှင်၍ ပင်မတပ်သို့ ရက်သတ္တပေါင်း အတန်ကြာမှ ပြန်ရောက်လာတော့သည်။

ဤတောင်ကုန်းတိုက်ပွဲပြီးသည့်နောက် များမကြာမီ ဖမ်းဆီးရမိသောစာရွက်စာတမ်းများအရ ဤတောင်ကုန်းတိုက်ပွဲတွင် ရန်သူ့ဘက်မှ တပ်ရင်းတစ်ရင်းလုံးကို သုံး၍တိုက်ခိုက်ခဲ့ပြီး ဤတောင်ကုန်းတိုက်ပွဲတစ်ခုတည်းတွင်ပင် လူ (၄၀၀)ကျော် ထိခိုက်ကျဆုံးခဲ့ကြောင်း သိရလေသည်။

အမှတ် (၇၃၇၈)တောင်ကုန်းမှ စီတပ်ခွဲ၏ကံကြမ္မာကို သိရသည်နှင့်တစ်ပြိုင်နက် တက်လာသောရန်သူအား အင်အားနည်းသော တပ်ဖွဲ့ကလေးများဖြင့် ပြန်၍ခုခံနေခြင်းမှာ ကိုယ့်သေတွင်းကိုယ်တူးရာရောက်ကြောင်းသိလာကာ ဒုတပ်မဟာမှူးသည် တပ်ဖွဲ့အားလုံးအား ရှယ်ဒွန်-ထောင့်ချိုးမှနေ၍ စုပေါင်းခုခံတိုက်ခိုက်ရန် ညွှန်ကြားခဲ့သည်။

အမြဲစိမ်းလန်းစိုပြည်လှသည့် သစ်တောများနှင့်တောတောင်ထူထပ်သည့် ဒေသတွင် ရေရှားသည်ဆိုသည်မှာ ယုံတမ်းစကားပင်ဖြစ်စရာရှိသည်။ သို့သော် ရန်သူကိုခုခံနေရသော တပ်ဖွဲ့များအဖို့ကား တကယ်ပင်ရေရှားနေတော့၏။ ထို့ကြောင့် အမှတ် (၁၅၂)တပ်ဖွဲ့မှ တပ်ရင်းမှူးသည် ရိက္ခာ၊ ခဲယမ်းနှင့် ရေကို လေယာဉ်ဖြင့်ချပေးရန် အထက်သို့တောင်းဆိုရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မတ်လ (၂၁)ရက်နေ့ အရှေ့တက်သို့ရောက်သောအခါ အမှတ် (၁၅၂)တပ်ဖွဲ့နှင့် ဂျက်၏တပ်ရင်းမှတပ်များသည် စစ်ကူရောက်လာသော အမှတ် (၅၈၂) မော်တာတပ်ဖွဲ့နှင့်အတူ ရှယ်ဒွန်-ထောင့်ချိုး တစ်ဝိုက်တွင် စုရုံးလျက်ရှိပြီး တပ်ဖွဲ့အားလုံးကို ဂျက်က ဦးစီးအုပ်ချုပ်လျက်ရှိနေသည်။

စီတပ်ခွဲထွက်ခွာခဲ့ရာ တောင်ကုန်းသို့ ကင်းထောက်အဖွဲ့များ စေလွှတ်၍ထောက်လှမ်းရာတွင် ရန်သူ့တပ်ရင်းတစ်ရင်းက ကတုတ်ကျင်းများတူးနေပြီး ကျဆုံးသူများကို လမ်းဘေးတွင် စုပြုံမြှုပ်နှံရန် သယ်ယူနေကြောင်းသိရှိရသည်။

ထိုနေ့ နေ့လယ်ဘက်တွင် အမှတ် (၅၀)လေထီးတပ်မဟာမှူးထံမှ ဂျက်အား ရှယ်ဒွန်-ထောင့်ချိုး နှင့် သံဂဟတ်အကြားရှိ ကျောက်ကပ်စခန်းသို့ ထိုနေ့ညတွင် ဆုတ်ခွာလာရန် အမိန့်ရောက်လာသည်။

ဂျက်သည် ထိုနေ့တစ်နေ့လုံးပင် သယ်ယူနိုင်သမျှ ပစ္စည်းများကို ထုပ်ပိုး၍ မသယ်ယူနိုင်သော ပစ္စည်းမှန်သမျှကို မီးရှို့ဖျက်ဆီးရင်း မှောင်စပျိုးလာ၏။ ဤအချိန်တွင် ဂျက်၏ဌာနချုပ်ကလည်းကောင်း၊ တပ်မဟာဌာနချုပ်ကလည်းကောင်း ပို့နေကျရိက္ခာနှင့်ခဲယမ်းများကို မပို့ဘဲထားပါဟု အမိန့်ပေးရန် မေ့လျော့နေသည့်အတွက် လေယာဉ်ကရိက္ခာနှင့်ခဲယမ်းများ လာချပေးပြန်သည်။ ထို့ကြောင့် ဂျက်သည် နောက်ထပ်ရောက်လာသော ပစ္စည်းများကို ထပ်မံမီးရှို့ဖျက်ဆီးနေရပြန်သည်။

စစ်သည်တော်များမှာ "မော"နေရာမှ "ဟိုက်"လာအောင် ပင်ပန်းကြတော့၏။ သို့သော် မှားသည့်အချက်မှ အမြတ်ထွက်လာပုံကား . . .

ရန်သူက ဂျက်တို့အဖွဲ့သည် ရှယ်ဒွန်-ထောင့်ချိုးတွင် နောက်ထပ်ရောက်လာသော ရိက္ခာနှင့်ခဲယမ်းများဖြင့် နောက်ထပ် (၂၄)နာရီခန့် ဆက်လက်တပ်စွဲထားလိမ့်မည်ဟု ယူဆသွားကာ မတ်လ (၂၁)ရက်နေ့ ညဘက်တွင် ဂျက်တို့တပ်ဖွဲ့ဆုတ်ခွာသွားသည်ကို ဂရုမစိုက်မိဘဲဖြစ်သွားခဲ့လေသည်။





သုံးရက်တိုင်တိုင် ဆက်တိုက်တိုက်ခဲ့ရသော ဂျက်တို့တပ်ဖွဲ့သည် မောပန်းနွမ်းလျစွာ ချီတက်လာပြီးနောက် မတ်လ (၂၂)ရက်နေ့ နံနက် (၁၀)နာရီခန့်တွင် ခေတ္တစခန်းချရပ်နားကာ ထမင်းချက်ပြုတ်ကြရလေသည်။

ထိုအချိန်တွင် တပ်မဟာဌာနချုပ်မှ သံဂဟတ်သို့ အမြန်ချီတက်ခဲ့ရန် လမ်းရှင်းသည်ဟု အမိန့်ရောက်လာသည်။

စခန်းချရာနေရာမှ ဆက်၍ချီတက်လာခဲ့သော ဂျက်တို့တပ်ဖွဲ့သည် သံဂဟတ်သို့ မကြာမီကမှ ရောက်လာပြီးနောက် တိုက်ကင်းထွက်လာသော အမှတ် (၁၅၃)တပ်ဖွဲ့မှ အဖွဲ့နှင့် လမ်းတွင်သွား၍တွေ့သည်။

တိုက်ကင်းအဖွဲ့က သံဂဟတ်တွင် တပ်မဟာမှူးကိုယ်တိုင်ရှိနေပြီး လမ်းလည်းရှင်းနေပါသည်။ သို့သော် ရန်သူ့တပ်ကြီးတစ်တပ်မှာ ဥခရယ်မှနေ၍ သံဂဟတ်သို့ ရှေ့ရှုချီတက်နေကြောင်းဖြင့် သတင်းပို့သည်။

ရန်သူသည် ဒယ်အိုးပိုင်းကြီးနှင့်တူသော လီတန်သို့သွားရာလမ်းကိုဖြတ်တောက်ပြီးပေပြီ။ သံဂဟတ်ရှိရာမှလည်း သေနတ်သံ၊ အမြောက်သံများကြားနေရပေပြီ။

သံဂဟတ်သို့ ဂျက်တို့တပ်ဖွဲ့ မတ်လ (၂၂)ရက်နေ့ ညနေ (၄)နာရီခွဲတွင်ရောက်သွားသောအခါ တိုက်ပွဲမှာ စ,နေလေပြီ။

ဤအရပ်ဒေသတွင် သစ်ပင်တောတောင်ထူထပ်သည်မှန်သော်လည်း တောင်ဟူသမျှသည် ကတုံး(ခေါင်းတုံး)ဖြစ်နေပြီး မြက်နှင့်ပန်းပင်များသာပေါက်ရောက်နေသည်။ အချို့သော သစ်ပင်ကြီးများပေါ်တွင် သစ်ခွပန်းများသည် ဆွတ်ချူ၍မကုန်နိုင်အောင် ပွင့်နေကြ၏။

ပေ (၆၀၀၀)ခန့်မြင့်သော သံဂဟတ်သည် ပတ်ဝန်းကျင်တွင် လှပသော ရှုမျှော်ခင်းများဖြင့် နေချင့်စဖွယ် ဌာနကလေးဖြစ်နေသည်။

သို့သော် ယခုအချိန်၌ကား စစ်ဘေးစစ်ဒဏ်ကြောင့် ခြောက်ခြားဖွယ်ရာ ဒနလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



တောင်ကမ်းယံတစ်ခုပေါ်တွင် ကိုက် (၂၀၀)ရာခန့်သာကျယ်သော သံဂဟတ်မြို့ကလေးမှနေ၍ အမှတ် (၅၀)လေထီးတပ်မဟာသည် ရန်သူကို ကြံ့ကြံ့ခံ၍တိုက်ပေတော့မည်။

မြို့၏မြောက်ဘက်အစွန်ရှိ တောင်ကုန်းတစ်ခုပေါ်တွင် သစ်သားဖြင့်ဆောက်လုပ်ထားသော အမေရိကန် သာသနာပြုဘုရားရှိခိုးကျောင်းတစ်ခုလည်းရှိသည်။ ဤနေရာမှနေ၍ကြည့်လေလျှင် သံဂဟတ်ပတ်ဝန်းကျင်ကို ကောင်းစွာမြင်နိုင်သည်။ ဤဘုရားရှိခိုးကျောင်းရှိရာ တောင်ကုန်းသည်ပင် အပြင်းထန်ဆုံးတိုက်ပွဲဖြစ်ရာ စစ်မြေပြင်ဖြစ်လာခဲ့ရလေသည်။

တပ်မဟာမှူးသည် သံဂဟတ်ကဲ့သို့သော မြို့နေရာကျဉ်းကျဉ်းကလေးတွင် အမှတ် (၁၅၂)တပ်ဖွဲ့နှင့် အမှတ်(၁၅၃)တပ်ဖွဲ့။ ဂျက် ခေါင်းဆောင်သောတပ်ဖွဲ့များပါဝင်သော တပ်ရင်း(၃)ရင်း။ ခါလီဗဟာဒူး ဦးစီးသောတပ်ခွဲ(၂)ခွဲ။ အမှတ်(၁၅) တောင်ပေါ်ပစ် အမြောက်တပ်ဖွဲ့နှင့်လားများ။ အမှတ် (၅၈၂)မော်တာတပ်ဖွဲ့၊ ဝန်ထမ်းတပ်ဖွဲ့(၁)ခု။ စစ်မြေပြင်သူနာပြုတပ်ဖွဲ့ (၁)ခု၊ စုစုပေါင်း လူ (၃၀၀၀)နှင့် လား(၅၀၀)ခန့်ကိုနေရာချပေးထားသည်။

ထို့ကြောင့်လည်း ရန်သူက အမြောက်များ၊ မော်တာဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်သောအခါ သံဂဟတ်ရှိ စစ်ယည်ရဲမက်များမှာ ပစ်မလွဲနိုင်သည့် ပစ်မှတ်များဖြစ်နေရတော့၏။

သို့သော် ရန်သူများအတွက် အခက်ကြီးခက်စေသော ပြဿနာကား ရေပင် ဖြစ်၏။ တပ်မဟာသည်လည်း ရေကြောင့်ပင် အခက်တွေ့နေရသည်။ တပ်မဟာ နေရာယူထားသော သံဂဟတ် အဝန်းအဝိုင်းထဲတွင် ရေမရှိ။ အဝန်းအဝိုင်းအပြင်ဘက်ရှိ စမ်းရေပေါက်များမှရသည့် ရေမှာလည်း မလုံလောက်။ ရန်သူ့လက်ဖြောင့်တပ်သားများကလည်း စမ်းရေပေါက်များမှစောင့်၍ တပ်မဟာမှ ရေသယ်ရန်လာသူများကို ပစ်ခတ်နေကြသည်။





ထို့ကြောင့် ရေတစ်ခါသယ်မည်ဆိုလျှင် ရန်သူ့လက်ဖြောင့်တပ်သားများကို ပထမဆုံးရှင်းပစ်နေရတော့၏။

တပ်မဟာသည် ရှေ့တန်းခံကတုတ်ကျင်းများကို မြို့အပြင်ဘက်ရှိတောစပ်တွင်တူးထားပြီး ဌာနချုပ်ကိုမူ လွင်ပြင်တစ်ခုတွင် ကျင်းများတူး၍ဖွင့်ထားသည်။ ကြိုးမဲ့ကြေးနန်းစက်များကို အမိုးမိုးထားသော ကျင်းနက်နက်ထဲတွင် နေရာပေးထားသည်။

စစ်မြေပြင်သူနာပြုတပ်ဖွဲ့အတွက်လည်း ကတုတ်ကျင်းများပို၍တူးပေးထားသည်။ သို့သော် ဗုံးဆန်ပြီးသော အမိုးအကာ မရှိလေရကားလူနာနှင့်ဆရာဝန်များမှာ ပို၍ဒုက္ခရောက်ကြရတော့၏။

ကျင်းများကို နေရာတိုင်းတွင် နက်နက်တူးလိုပါသော်လည်း သုံးပေလောက် တူးမိလျှင်ပင် အောက်မှကျောက်သားခံနေသည်ကို တွေ့ရသောကြောင့် ဆက်၍မတူးနိုင်ဘဲ ဖြစ်နေရသည်။

ထို့ကြောင့် မြှုပ်ပြီးသား အလောင်းကောင်မှာ ဗုံးဆန်မှန်ပြီး မကြာခဏ ပြန်၍ပေါ်လာတော့သည်။ လားသေကောင်များကိုမူ ဘယ်လိုမှမြေမြှုပ်၍ မရ။ ရက်ကြာလာသောအခါ လူသေနှင့်လားသေများမှ ထွက်လာသည့်အနံ့မှာ လွန်စွာဆိုးဝါးနေတော့သည်။

ရန်သူသည် မတ်လ (၂၂)ရက်နေ့ညမှစ၍ ညစဉ်ညတိုင်းပင် သံဂဟတ်တောင်ကုန်းကို ကြောက်မက်ဖွယ်ကောင်းလောက်အောင် သဲသဲမဲမဲတိုက်ခိုက်သည်။

နေ့ဘက်တွင်မူ ရန်သူလက်ဖြောင့်တပ်သားများက ဒုက္ခပေးသည်။

သံဂဟတ်တိုက်ပွဲ ပထမရက်များအတွင်း အမှတ် (၅၀)လေထီးတပ်မဟာအတွက် ကံကောင်းသည့် အချက်တစ်ချက်တွေ့ရ၏။

တစ်နေ့ နေ့လယ်ဘက်တွင် စစ်ဗိုလ်တစ်ယောက်ခေါင်းဆောင်သော ရန်သူ့အဖွဲ့ကလေးတစ်ဖွဲ့သည် မြို့တွင်းစည်းဝိုင်းထဲသို့ အတင်းဖောက်ဝင်ရောက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤအဖွဲ့ကလေးကို ခုခံနေသူများက တစ်ယောက်မကျန် သုတ်သင်ပစ်လိုက်နိုင်သည်။ အလောင်းများကို ရှာကြည့်သောအခါ စစ်ဗိုလ်ဖြစ်သူ၏ဘေးလွယ်အိတ်ထဲမှ ခဲတံ အနီ၊ အပြာများဖြင့် တေးထားသော စစ်မြေပုံတစ်ခုကိုတွေ့ရ၏။ ဤမြေပုံတွင် အင်ဖာနှင့်ကိုဟီမားအား တပ်မဟာတစ်ခုစီဖြင့် ချီတက်တိုက်ခိုက်မည့် အစီအစဉ်ကို ဖော်ပြထားလေသည်။ ဂျပန် အမှတ် (၁၅)နှင့် အမှတ် (၃၁)တို့၏ အစီအစဉ်တည်း။

ဤမြေပုံမှာ အထူးပင် အဖိုးတန်လှသည်။ အမှတ် (၄)တပ်မကြီး ဌာနချုပ်သို့ ချက်ချင်းပေးပို့ရမည့် မြေပုံပင်ဖြစ်၏။

သို့သော် လမ်းပန်းအဆက်အသွယ်က အားလုံးပြတ်တောက်နေပေပြီ။ သံဂဟတ်တောင်ကုန်းတစ်ခုကိုလည်း ရန်သူက လေးဖက်လေးတန်မှ ဝိုင်းထားပေပြီ။ မည်သို့ပြုလုပ်ရပါအံ့နည်း။

မြေပုံကို မိတ္တူတစ်ခုထပ်၍ကူးကာ ထောက်လှမ်းရေးတပ်မှ တာဝန်ခံနှစ်ဦးအား မြေပုံတစ်ခုစီအပ်နှံပြီးနောက် မှောင်လာသည်နှင့်တစ်ပြိုင်နက် မိမိတို့ကြိုက်နှစ်သက်သည့်လမ်းမှ အင်ဖာသို့ အရောက်သွားရန် ညွှန်ကြားလိုက်၏။

ဤတာဝန်ခံနှစ်ဦးသည် ရန်သူများလက်မှ သီသီကလေးစီလွတ်မြောက်ကာ အင်ဖာသို့ ရောက်သွားခဲ့ကြလေသည်။

သံဂဟတ်တိုက်ပွဲသည် နောက်ထပ် (၄)ရက်တိတိကြာအောင် သဲသဲမဲမဲ ဖြစ်ပွားလျက်ရှိသည်။ ရန်သူသည် အမြောက်များ၊ မော်တာဗုံးများဖြင့် သွန်၍တိုက်ခိုက်သည်။

တပ်မဟာဌာနချုပ်နှင့် (၁၀)ကိုက်အကွာမှနေ၍ တောစပ်ရှိ ရန်သူများအား အဆက်မပြတ်ထုနေသော မော်တာအဖွဲ့တစ်ဖွဲ့မှာ ရန်သူဘက်မှပစ်ခတ်လိုက်သော အမြောက်ဆန်တစ်ခုတည့်တည့်ကြီး ထိမှန်ခံရကာ အရိုးတခြားအသားတခြားဖြစ်သွားရသည်။ မော်တာပြောင်းတစ်ခုလုံးမှာလည်း ပြုတ်ထွက်သွားတော့သည်။





တပ်မဟာဘက်မှ တောင်ပေါ်ပစ် အမြောက်တပ်ဖွဲ့ကလည်း ခေလှသည်တော့ မဟုတ်။ ကျောက်ကပ်စခန်းမှ ငှက်သိုက်ထောင့်ချိုးသို့ ချီတက်လာသည့် အင်အား (၂၀၀၊ ၃၀၀)ခန့်ရှိသော ရန်သူ့စစ်ကြောင်းတစ်ခုကို မုန့်မုန့်ညက်ညက်ဖြစ်အောင် ချေမှုန်းလိုက်နိုင်သည်။

အမြောက်တပ်ဖွဲ့သည် ချိန်သားကိုက်သလောက် မြန်မြန်လည်း ပစ်ခတ်နိုင်ရာ ရန်သူသည် မိမိပတ်ဝန်းကျင်တွင် ဘာဖြစ်နေသည်ကို မသိလိုက်ရဘဲ အသက်ပျောက်သွားကြရတော့၏။

တစ်ကြိမ်တွင် ရန်သူ့တပ်ဖွဲ့ကလေးတစ်ခုသည် တပ်မဟာချုပ်၏ အမြောက်တပ်ဖွဲ့တစ်ခုအတွင်းသို့ပင် ဝင်ရောက်လာနိုင်ကာ အမြောက်တပ်မှ ဗိုလ်နှစ်ဦးကို ပစ်သတ်နိုင်ခဲ့ကြ၏။ ဤအဖွဲ့မျိုးမှာ အသေခံတပ်ဖွဲ့မျိုးဖြစ်ရာ သူတို့သည် အမြောက်စခန်းအတွင်းမှ ပြန်၍ထွက်ခွာရန် အခွင့်မရကြတော့ချေ။ တစ်ဖက်နှင့်တစ်ဖက် အတိုက်ရပ်သည့် အချိန်ကလေးများတွင် နှစ်ဖက်စလုံးက အလောင်းကောက်ခြင်း၊ လူနာကောက်ခြင်း လုပ်ကြသည်။

(၄)ရက်ဆက်၍တိုက်ပြီးသည့်အချိန်တွင် ဒဏ်ရာရသူဦးရေမှာ (၂၀၀၊ ၃၀၀)ခန့်ရှိနေတော့၏။ လူနာများကို ကျင်းတိမ်တိမ်များ၌လည်းကောင်း၊ အကာအကွယ်မဲ့သော နေရာတွင်လည်းကောင်း ဖြန့်ကြဲ၍ထားရတော့သည်။

ဤကဲ့သို့သောအချိန်မျိုးတွင် အရေးကြီးသော ခွဲစိတ်ကုသမှုမျိုးကို မလုပ်နိုင်သောကြောင့် လူနာများအား မော်ဖီးယားကိုသာ တွင်တွင်ထိုးပေးနေရသည်။

ရေ၊ ရိက္ခာနှင့် ခဲယမ်းမှာလည်း အမြဲပင်လိုလျက်ရှိသည်။

ထို့ကြောင့် လေထီးဖြင့်ချပေးရန် အကြိမ်ကြိမ်ခေါ်ယူနေရ၏။

သို့သော် ရိက္ခာချသည့်နေရာမှာ အလွန်ကျဉ်းမြောင်းလှပေရာ အနည်းငယ်သောရိက္ခာမျှသာ တပ်မဟာသို့ ရောက်လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရေပါသောသံစည်များ မိမိတို့လက်သို့မရောက်ဘဲ ရန်သူ့ဘက်သို့ ရောက်သွားသည်ကို တွေ့နေရသော စစ်သည်တော်များအတွက် အတော်ပင်အခံရခက်နေတော့၏။ နှစ်ကြိမ်တိုင်တိုင် မိုးသဲသဲမဲမဲ ရွာချခဲ့သောကြောင့် ရေပြဿနာမှာ အခက်အခဲတွေ့နေရာမှ သက်သာရာရခဲ့သည်။

စစ်သည်တော်များသည် လေထီးဖြင့်ချပေးသော ရေစည်အချို့ကို လူနာများအတွက်ပေးပြီး သူတို့ကမူ အရာရှိမှ ရဲဘော်အထိ မြေကြီးပေါ်တွင် စုအိုင်နေသော မိုးရေများကို သောက်ကြသည်။ ၎င်းရေများမှာလည်း သွေးများ အညစ်အကြေးများဖြင့် ရောနေသောရေများသာ ဖြစ်ကြ၏။

ရေဝဝ,မသောက်ရသည့်အပြင် အိပ်ရေးကလည်း နေ့စဉ်ဆက်၍ ပျက်လာသောအခါ စစ်သည်တော်များသည် ပင်ပန်းလွန်းလှသဖြင့် မတ်တတ်ရပ်နေရင်းပင် အိပ်မိသည်အထိ ဖြစ်လာကြရသည်။

သံဂဟတ်မြောက်ဘက်မှ ဘုရားရှိခိုးကျောင်းရှိနေသော တောင်ကုန်းကို ဘတစ်ပြန်ကျားတစ်ပြန် တိုက်ခိုက်သိမ်းပိုက်ကြပြီးနောက် တပ်မဟာက ဘုရားရှိခိုးကျောင်းကို မီးတင်၍ရှို့လိုက်၏။ သို့ဖြင့် ရန်သူ့အတွက် အလွန်ကောင်းမွန်သော ကြည့်ကင်းစခန်းတစ်ခုကို ဖျက်ဆီးပစ်နိုင်ခဲ့ကြလေသည်။

မတ်လ (၂၆)ရက်နေ့ နံနက်တွင် ရန်သူသည် အမှတ် (၁၂၅)တပ်ဖွဲ့က ကာကွယ်စောင့်ကြပ်ထားသော စည်းဝိုင်းကို ပြင်းပြင်းထန်ထန် တိုက်ခိုက်လာပြန်သည်။ ၎င်းတပ်ဖွဲ့မှာ မတ်လ (၁၉)ရက်နေ့ကပင် စတင်၍ တိုက်ပွဲဝင်ခဲ့ရသဖြင့် ထိခိုက်ကျဆုံးသူများ တစ်စတစ်စများပြားလာကာ တပ်ဖွဲ့မှာ အင်အားလျော့ပါးလာခဲ့၏။ ထို့ကြောင့် ရန်သူသည် စည်းဝိုင်းအတွင်းသို့ အတော်ပင်ရောက်အောင် ထိုးဖောက်လာနိုင်ခဲ့သည်။

စစ်မြေပြင်သူနာပြုဆေးရုံ (၁)ခု၊ အမြောက်အချို့နှင့် မော်တာအချို့ကို အမှတ် (၁၅၂)စည်းဝိုင်းမှ အခြားနေရာသို့ ပြောင်းရွှေ့ရတော့လေသည်။





အမှတ် (၁၅၃)တပ်ဖွဲ့မှ အရာရှိ အရာခံ အကြပ်တပ်သားများသည် ဝင်ရောက်ထိုးဖောက်လာသော ရန်သူကို ညာသံပေး၍ တန်ပြန်တိုက်ခိုက်ကြသည်။ မော်တာတပ်ခွဲမှ ဗိုလ်တစ်ဦးကမူ သူ့ရဲဘော်များကို သီချင်းဆိုခိုင်းပြီး တက်လာသည့်ရန်သူများကို ဗုံးဖြင့်တအုန်းအုန်းထုစေသည်။ အမှတ် (၁၅၃)တပ်ဖွဲ့သည် အမှတ် (၁၅၂)တပ်ဖွဲ့ ဆုံးရှုံးသွားခဲ့သော နယ်မြေအားလုံးလိုလိုကို ပြန်၍သိမ်းပိုက်မိတော့၏။

မတ်လ (၂၆)ရက်နေ့ ညနေ (၆)နာရီခွဲတွင် တပ်မဟာမှူးက တပ်မှူးအားလုံးကို သူ့ဌာနချုပ်သို့ခေါ်ယူပြီး အင်ဖာရှိ အမှတ် (၂၃)တပ်မကို အုပ်ချုပ်ရသော ဗိုလ်ချုပ်ရောဘတ်ထံမှ ရောက်လာသောအမိန့်ကို ထုတ်ပြသည်။

*“သံဂဟတ်မှ ဖောက်ထွက်၊ တောင်စူးစူးကိုချီတက်၊ ပြီးနောက် အနောက်ဘက်သို့ ဆက်ချီတက်၊ လေကြောင်းနှင့် ကုန်းကြောင်းမှနေ၍ သင်တို့ကို ကူညီရန်လာလိမ့်မည်”*

သံဂဟတ်မှဆက်၍ ခုခံနေရမည့်အရေးမှာလည်း ခက်သည်။ ထိုးဖောက်၍ထွက်ရေးမှာလည်း ခက်သည်။ ၎င်းအခက်နှစ်ခက်ထက် ပို၍ခက်နေသည်ကား ထိခိုက်ဒဏ်ရာရနေသောရဲဘော်များ၏ပြဿနာတည်း။

တပ်မှူး၊ ဗိုလ်မှူးအပေါင်းတို့၏စိတ်ထဲတွင် ရဲဘော်ရဲဘက်များအတွက် မည်သို့မျှ အဖြေရှာ၍မထွက်နိုင်အောင်ရှိနေကြ၏။

လမ်းမလျှောက်နိုင်သော လူနာအချို့ရှိနေသလို သံဂဟတ်မှ အင်ဖာအထိ တောလမ်းတောင်လမ်းခရီးကြမ်း၏ဒဏ်ကို မခံနိုင်ဘဲ လမ်းတွင်ပင် အသက်ထွက်သွားမည့် လူနာများရှိနေသည်။

အချို့လူနာများမှာမူ ဒဏ်ရာက ပြင်းထန်လွန်းသဖြင့် လေးငါးနာရီအတွင်း အသက်ပျောက်သွားနိုင်သည့် အခြေအနေသို့ပင် ရောက်နေကြ၏။ တပ်မှူး ဗိုလ်မှူးအပေါင်းသည် ထိခိုက်ဒဏ်ရာရနေသော ရဲဘော်များအရေးကို အလေးပေး၍ အချိန်အတန်ကြာအောင် ဆွေးနွေးကြ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင် လမ်းလျှောက်၍လိုက်လိုသည့် ရဲဘော်တိုင်းအား အဖော်တစ်ယောက်စီပေးရန် ဆုံးဖြတ်လိုက်ရတော့၏။ အိပ်ရာမှ မထနိုင်အောင် ဒဏ်ရာရနေသူများကိုမူ ရန်သူ့လက်သို့ ဝ,ကွက်အပ်ခဲ့ရပေတော့မည်။

တပ်မဟာသည် မတ်လ (၂၆)ရက်နေ့ည (၁၀)နာရီခွဲတွင် မြို့တောင်ဘက်မှဖောက်ထွက်၍ တောင်အောက်သို့ရောက်သည်နှင့် တစ်ပြိုင်နက် အစုကလေးများခွဲ၍ အင်ဖာသို့ မိမိတို့ကြိုက်သလို ခရီးဆက်ကြရန် စီစဉ်သည်။

ထို့ကြောင့် စစ်သည်တော်များသည် အမြောက်များကို ရန်သူများ အသုံးပြု၍မရအောင် အရေးကြီးသော အစိတ်အပိုင်းများကို ဖျောက်ဖျက်ပစ်ရတော့သည်။

ည (၁၀)နာရီခွဲသည်နှင့်တပြိုင်နက် စစ်သည်တော်များသည် မိမိတို့ ကတုတ်ကျင်းထဲမှ အသံမမြည်အောင် လှုပ်ရှား၍ထွက်ကြကာ မြို့တောင်ဘက်မှနေ၍ တောထူထူရှိရာ အောက်ဘက်သို့ ဆင်းလာကြသည်။

ညမှာ ပိန်းပိတ်အောင် မှောင်နေသည်။ မြို့တောင်ဘက်မှာ မြို့အနောက်ဘက်နှင့် မြောက်ဘက်လောက် ရန်သူထူထပ်ခြင်း မရှိသောကြောင့်လည်း အထွက်ရမခက်လှ။

ရန်သူသည် ရဲဝံ့ပြောင်မြောက်စွာ တိုက်ခိုက်နေသော အမှတ် (၅၀)လေထီးတပ်မဟာကို ဤကဲ့သို့ တိတ်တဆိတ်ဆုတ်ခွာသွားလိမ့်မည် ဟုမျှော်လင့်ဟန်မတူချေ။

ထို့ကြောင့်လည်း တပ်မဟာနောက်မှ ထက်ကြပ်မကွာ လိုက်၍ တိုက်မည့် ရန်သူများအနည်းငယ်သာရှိခဲ့သည်။

တပ်မဟာမှ အစုကလေး များသည် ကြမ်းတမ်းသော တောလမ်းခရီးကို သုံးရက်တိုင်တိုင်အပြင်းနှင်ခဲ့ကြရပြီးနောက် အင်ဖာသို့ရောက်လာနိုင်ခဲ့ကြ၏။





မတ်လ (၂၂)ရက်နေ့မှစ၍ (၂၆)ရက်နေ့အထိ လေးဖက်လေးတန်မှ အင်အားများပြားစွာဖြင့် ဝိုင်းရံတိုက်ခိုက်ခဲ့သော ရန်သူများကို သံဂဟတ်မှ နေ၍ (၅)ရက်တိုင်တိုင် ခုခံနိုင်ခဲ့သော အမှတ် (၅၀)လေထီးတပ်မဟာကြောင့် ဂျပန်တို့၏အင်ဖာသိမ်းယူရေးအချိန်ဇယားသည်လည်း နောက်သို့ အလျားပေါင်းများစွာ ဆုတ်၍သွားခဲ့ရသည်။

သံဂဟတ်တိုက်ပွဲတွင် အများဆုံးပါဝင်ခဲ့သော ဂျပန်တို့၏ အမှတ် (၃၁)တပ်မမှ လက်ဝဲစစ်ကြောင်းမှာ ဤတိုက်ပွဲကြောင့် ရှေ့သို့ မတိုးနိုင်ဖြစ်နေခဲ့ရပြီး ဂျပန်တို့၏ အမှတ် (၁၅)တပ်မတစ်ခုလုံးမှာလည်း ချီတက်မှုရပ်တန့်သွားခဲ့ရသည်။ အမှတ် (၅၀)လေထီးတပ်မဟာအား တပ်လုံးပြုတ်သည်အထိ ချေမှုန်းရန်ကြံစည်ကြိုးပမ်းရာ၌လည်း ရန်သူများသည် နှာခေါင်းကျည်ပွေ့တွေ့သွားခဲ့ရ၏။

သံဂဟတ်တွင် အမှတ် (၅၀) လေထီးတပ်မဟာက (၅)ရက်တိုင်တိုင်ခုခံကာ ချီတက်လာသည့် ရန်သူများကို ဟန့်တားနိုင်ခဲ့သောကြောင့် အမှတ် (၄)တပ်မကြီး၏ ဦးစီးကြီးကိုင်ဖြစ်သော ဗိုလ်ချုပ်ကြီးစကွန်းသည် မိမိ၏တပ်များကို ပြန်လည်စုစည်းရန်ပို၍အချိန်ရခဲ့သည်။

ဤမျှသာမက ရခိုင်စစ်မျက်နှာမှ ဘရစ်ချ်၏အမှတ် (၅)တပ်မကို အင်ဖာစစ်မျက်နှာသို့ လေကြောင်းဖြင့် ချီတက်လာပြီးနောက် ရန်သူများ အင်ဖာလွင်ပြင်သို့ မချဉ်းကပ်နိုင်မီ နေရာယူထားနိုင်အောင် အခွင့်ပေးခဲ့သည်။ သို့ဖြင့် အင်ဖာ-ကိုဟိမားလမ်းကို ပို၍ရက်ကြာအောင် အသုံးပြုခွင့်ရရှိကာ အင်ဖာလွင်ပြင်မှ မလိုသောအလုပ်သမားများကို အိန္ဒိယပြည်မကြီးသို့ပို့ခြင်း၊ အင်ဖာလွင်ပြင်အတွက် အထူးအရေးကြီးသော ရိက္ခာနှင့်ပစ္စည်းများကို သွင်းယူလာခြင်း လုပ်နိုင်ခဲ့သည်။

သံဂဟတ်မှ ခုခံနေသူများသည် အင်ဖာတိုက်ပွဲကြီးအတွက် တာဝန်ကျေပွန်ခဲ့လေပြီ။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

တပ်မနှစ်ခုအား ရိက္ခာထောက်ရန် တည်ဆောက်ထားသော မိုးရဲ အတွင်းစည်းဝိုင်းသည် (၂)မိုင်ခွဲရှည်၍ (၁)မိုင်ခွဲကျယ်သည်။ ဤအတွင်း စည်းဝိုင်းကို အပြင်မှနေ၍ လုံခြုံအောင် ကာကွယ်ထားသော စည်းဝိုင်းမှာ ပတ်ပတ်လည် (၆)မိုင်ခန့်ကျယ်သည်။

ဤရိက္ခာထောက်စခန်းကြီးမှ ရိက္ခာ၊ ရေနံ၊ ဓာတ်ဆီ၊ ခဲယမ်းနှင့် လက်နက်များကို ဂျပန်များ၏ထိုးစစ်ကြီး စ,လာသည်နှင့် တစ်ပြိုင်နက် အင်ဖာသို့ပြန်၍ သယ်ယူပို့ဆောင်ရသောအလုပ်မှာ စိတ်ရှုပ်စရာကောင်း လှသည်။ ဤစခန်းကြီးအပြင် အခြားရိက္ခာထောက်စခန်းများလည်း ရှိနေ သေးရာ စခန်းအားလုံးကို တစ်ချိတည်းတွင် ပြောင်းရွှေ့ရေးသည် အခက် အခဲကြီးဖြစ်လာလေသည်။

မိုးရဲ ရိက္ခာထောက်စခန်းကြီးကို ရှန်နမ်မှလာသော လက်ဝဲဘက်ရှိ တောကြီးထဲတွင်တည်ဆောက်ထားသဖြင့် ရန်သူ့ကင်းထောက် လေယာဉ် များက ရှာမတွေ့နိုင်။ စခန်းကြီး၏အတွင်းစည်းဝိုင်းတွင် စခန်း၌ အလုပ် လုပ်သောစစ်သားများနေထိုင်ရန် တဲတန်းလျားများနှင့် ရိက္ခာသိုလှောင် သည့်ဂိုဒေါင်များရှိသည်။ လွယ်လွယ်နှင့်မပျက်စီးနိုင်သော ပစ္စည်းများကို တာလပတ်များဖြင့် ဖုံးအုပ်ထားသည်။ ဤပစ္စည်းများအပြင် ခြေထောက် လေးချောင်းပေါ်၌ အသက်ရှင်လျက်ရှိသော ရိက္ခာ (ဝါ) ကျွဲနှင့်နွား အကောင် (၂၀၀)ခန့်ကို လှောင်ထားသော ခြံလည်းရှိသည်။





ထို့ကြောင့် ဤစခန်းကြီးကို ရွှေ့ပြောင်းရမည့်အချိန်သို့ ရောက်လာ သောအခါ ဒုက္ခတွေ ပွေ၍လာတော့၏။ ဤရိက္ခာထောက်စခန်းကြီးကို အုပ်ချုပ်နေသူများသည် မတ်လ (၁၇)ရက်နေ့မှစ၍ ရန်သူများအတွက် အသုံးကျနိုင်မည့် ပစ္စည်းမှန်သမျှကို လော်ရီကားကြီးများဖြင့် အင်ဖာသို့ တဝီဝီပြန်၍ သယ်ယူနေကြရလေ၏။

*တီးတိန်-အင်ဖာလမ်း၊ တမူး-အင်ဖာလမ်းတစ်လျှောက်ရှိ* ရိက္ခာ ထောက်စခန်းများအားလုံးကို တစ်ချိန်တည်းတွင် ရွှေ့ပြောင်းနေရသော ကြောင့်လည်း မော်တော်ယာဉ်မောင်းသူများ၊ ထုပ်သူပိုးသူများ၊ စာရေး စာချီများမှာ နားခွင့်ပင်မရအောင် အလုပ်များနေကြ၏။

သယ်ယူပြောင်းရွှေ့ရေးမှာ အားလုံးအစီအစဉ်အတိုင်း ဖြစ်မလာ သော်လည်း ကြီးကျယ်သော အမှားအယွင်းဟူ၍ကား မရှိလှ။

သို့တိုင်အောင် မိုးရဲမှ ဓာတ်ဆီဂိုထောင်မှူးတစ်ယောက်သည် ဓာတ်ဆီတိုင်ကီအပြည့်ပါရှိသော လော်ရီအစင်း(၄၀)ကို မိုးရဲမှ တောင် တက်တောင်ဆင်းပေါ်များသော လမ်းအတိုင်း အင်ဖာသို့စေလွှတ်လိုက် သည့်အချိန်နှင့် မရှေးမနှောင်းတွင်ပင် အင်ဖာမှ ဓာတ်ဆီတိုင်ကီအပြည့် တင်လာသော လော်ရီအစင်း (၄၀)သည် မိုးရဲသို့ ခလုတ်မထိ ဆူးမငြိဘဲ ဆိုက်ဆိုက်မြိုက်မြိုက်ကြီးရောက်လာသည့် အဖြစ်မျိုးနှင့် ကြုံခဲ့ရလေတော့ သည်။

အမှတ် (၂၀)တပ်မ၏ဦးစီးဖြစ်သူ ဗိုလ်ချုပ်ဂရေဆီသည် ရိက္ခာ ထောက်စခန်းကြီးဖြစ်သော မိုးရဲသို့ အမှတ် (၃၂)တပ်မဟာမှ ဗိုလ်မှူးချုပ် မက္ကင်ဇီ ရောက်မလာမီ တစ်ရက်နှစ်ရက်ခန့်စော၍ ရောက်လာခဲ့၏။

မက္ကင်ဇီ၏အမှတ် (၃၂)တပ်မဟာသည် ယုမြစ်တစ်လျှောက်မှ ချီတက်လာပြီးနောက် တမူးတောင်ဘက် (၃)မိုင်ကွာမှနေ၍ ချီတက်လာ သောရန်သူ့တင့်ကားများကို ကျွမ်းပြန်၍ကျသွားအောင် တိုက်ခိုက်ခဲ့သည် ကို မှတ်မိကြပေလိမ့်ဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ဂရေဆီမှာ မိုးရဲစခန်းသို့ မိုးစုပ်စုပ်ချုပ်မှ ဌာနချုပ်နှင့် အတူရောက်လာခဲ့သဖြင့် ကတုတ်ကျင်းများကို ခပ်သုတ်သုတ်တူးပြီး ဂရေဆီအတွက် သီးသန့်မိုးကာတဲတစ်ခုကို ထိုးပေးကြရသည်။

ည (၁၀)နာရီထိုးသည်နှင့်တပြိုင်နက် ဂရေဆီသည် မိုးကာတဲအတွင်းရှိ ခေါက်ကုတင်ပေါ်တွင် လန်ကွတ်တီကိုဝတ်၍ လှဲချလိုက်သည်။

လွန်ခဲ့သောနေ့ရက်များမှာ ဗိုလ်ချုပ်အတွက် စိတ်မငြိမ်မသက်စရာနေ့များသာဖြစ်ခဲ့၏။

ဆုတ်စစ်သည် ထိုးစစ်ထက်ပင် ပို၍ စည်းကမ်းကျနဖို့လိုလေရာ တပ်မတစ်ခုကို စစ်မြေပြင်တွင်ဆင်း၍ ကိုင်နေရသော ဗိုလ်ချုပ်တစ်ဦးအဖို့ စိတ်မောလူမောဖြစ်စရာ ပြဿနာတွေ တစ်ပြုံတစ်ခေါင်းကြီးရှိနေလေသည်။

နမ္မန္တာချောင်းဘေးရှိ ဗိုလ်မှူးချုပ်ကျင်မီ၏အမှတ် (၁၀၀)တပ်မဟာနှင့်အတူရှိနေသော တင့်ကားအုပ်စုထံမှရောက်ရှိလာသော သတင်းများကြောင့်တစ်ဖုံ၊ အမှတ် (၁၂)နယ်ခြားစောင့်တပ်ဖွဲ့သည် ဆုတ်ခွာလာခဲ့ပါဟူသော အမိန့်ကို ရမှရပါလေသလားဟု စိတ်ပူရသည်ကတစ်မျိုး၊ ဒဏ်ရာရနေသောလူနာများကို မည်ကဲ့သို့ဖောက်ထွက်ခေါ်ယူလာရမည်ကိုမေးသည်က တစ်နည်းဖြင့် ဗိုလ်ချုပ်ဂရေဆီအတွက် ဦးနှောက်ခြောက်စရာ ပြဿနာတွေချည်းတွေ့ခဲ့ရသည်။

သည့်အထဲတွင် ဌာနချုပ်တစ်ခုလုံး ဆုတ်တော့မည့်ဆဲဆဲမှာ မှာထားသော ကြက်ဥ(၂၀၀၀၀)ရောက်လာသည်ကို မည်သို့ပြုလုပ်ရပါမည်လဲဟု လာ၍အမိန့်တောင်းခံသည့် ကိစ္စမျိုးကလည်းရှိနေသေးသည်။

ထို့ကြောင့် မိုးရဲသို့အရောက်တွင် လွန်ခဲ့သောရက်များက စိတ်ရောကိုယ်ပါ ပင်ပန်းခဲ့သမျှ စိတ်အေးလက်အေးနှင့် အတိုးချ၍ အိပ်တော့မည်ဟုဆုံးဖြတ်ကာ ဗိုလ်ချုပ်ဂရေဆီသည် စောစောပင် အိပ်ရာဝင်ခဲ့ကာ စောစောပင်အိပ်ပျော်သွားသည်။





သို့သော် ဗိုလ်ချုပ်ခမျာ ကြာကြာမအိပ်လိုက်ရပါချေ။

(၁၀)နာရီတွင် အိပ်ပျော်သွားပြီးနောက် နာရီဝက်ခန့်ကြာလျှင်ပင် ပစ်သံခတ်သံများ အရပ်ရှစ်မျက်နှာမှ ပေါ်ထွက်လာသည်။ ကျည်ဆန်ထိပ်ဖူးအချို့မှာ ဗိုလ်ချုပ်ဂရေဆီ အိပ်နေသော မိုးကာတဲအမိုးကိုပင် ဖြတ်၍ ပျံသန်းနေကြသည်။

“ဘယ်လိုအကောင်ကများ လက်သရမ်းနေသလဲ မသိပါဘူးကွာ”

ဗိုလ်ချုပ်ဂရေဆီသည် အိပ်ရာမှခုန်၍ထ,လိုက်ပြီး တဲအတွင်းတွင်စီးသည့် ညပ်ဖိနပ်ကို ပထမကောက်၍စွပ်လိုက်သည်။

ထို့နောက် “ဘာဖြစ်တာလဲဟေ့”ဟုအော်ရင်း မိုးကာတဲအနီးရှိ ပုန်းကျင်းတစ်ခု အတွင်းသို့ ဆင်း၍ဝပ်နေလိုက်၏။

ဤအချိန်တွင်ပင် ဗိုလ်ချုပ်ဂရေဆီ၏အထက်တန်းအမှုဆောင်အရာရှိနှင့် သက်တော်စောင့် ဂေါ်ရခါးစစ်သား (၅)ယောက်၊ (၆)ယောက်ခန့်မှာ ဗိုလ်ချုပ်ဝင်လိုက်သော ပုန်းကျင်းအတွင်းသို့ ရောက်နေသည်ကိုတွေ့ရ၏။ ည မှောင်နှင့်မည်းမည်းတွင် ပစ်သံခတ်သံများကိုသာ နားကွဲလုမတတ်ကြားနေရပြီး လှုပ်ရှားမှုဟူ၍ တစ်ခုမျှမတွေ့ရ။

ဗိုလ်ချုပ်ဂရေဆီသည် သေနတ်သံသုံးလေးစက္ကန့်မျှရပ်သွားသည့်အချိန်အတွင်း ပုန်းကျင်းမှ မိုးကာတဲအတွင်းသို့ လှစ်ခနဲဝင်ရောက်ကာ လန်ကွတ်တီအပေါ်မှထပ်ဝတ်ရန် ညဝတ်အင်္ကျီရှည်ကို လက်နှိပ်ဓာတ်မီးတစ်လက်ဖြင့် ထိုး၍ရှာကြည့်သည်။

သို့သော် လက်နှိပ်ဓာတ်မီးမှာ လက်ထဲမှလွတ်ကျသွားပြီး ပြန်၍ရှာမတွေ့အောင်ဖြစ်နေတော့၏။ သေနတ်သံများမှာ ပို၍ဆူညံလာကာ မိုးကာတဲခေါင်မိုးကိုလာ၍ ထိပြန်၏။ ဗိုလ်ချုပ်ဂရေဆီသည် လန်ကွတ်တီကလေးဖြင့်ပင် ပုန်းကျင်းရှိရာသို့ ပြန်ပြေးလာကာ ဝပ်နေလိုက်၏။

ပစ်သံခတ်သံများမှာ စ၍ ကြားရသကဲ့သို့ပင် ရုတ်တရက်တိတ်ဆိတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မိနစ်အနည်းငယ်ကြာသောအခါ မိုးကာတဲအနီးသို့ ချဉ်းကပ်လာသောခြေသံများကို ကြားလာရ၏။ ဗိုလ်ချုပ်ဂရေဆီ၏ကားကို မောင်းသောဒရိုင်ဘာ၏ခြေသံများပင် ဖြစ်သည်။

"ကျန်းကျန်းမာမာရှိပါရဲ့လား သခင်"

ဒရိုင်ဘာက လှမ်း၍ အသံပေးလိုက်၏။

"အေး, မင်းက ဘယ်သွားနေရတာလဲ"

ဗိုလ်ချုပ်ဂရေဆီက ပြန်မေးလိုက်၏။

"ပစ်သံခတ်သံကြားတော့ ကြားတဲ့နေရာကို ကျွန်တော်မျိုးသွားကြည့်ပါတယ် သခင်၊ နောက်ပြီး ကျွန်တော်မျိုးတို့ လူစုပြီး လာပစ်တဲ့ရန်သူကိုမောင်းထုတ်လိုက်ပါတယ် သခင်" ဟု ဒရိုင်ဘာက ပြန်၍အဖြေပေးလိုက်လေသည်။

နောက်တစ်နေ့နံနက်တွင် ဂျပန်တိုက်ကင်းအဖွဲ့တစ်ဖွဲ့က ပစ်သွားသော မောင်းပြန်သေနတ်ကျည်ဆန်ခွံများကို မိုးရဲစခန်းအနီးတွင် တွေ့ကြရတော့သည်။ ဤကား ရန်သူများ၏ ခြောက်လုံးလှန့်လုံး စစ်ဆင်ရေးများသာပင်တည်း။

ဂျပန်ဗိုလ်ချုပ် ယာမာမိုတိုက စေလွှတ်လိုက်သော အင်ဂျင်နီယာများပါသော သီးခြားတပ်ရင်းတစ်ရင်းသည် ရှန်နမ်သို့ချဉ်းကပ်သည့်လမ်းနှင့်ဇီးဘုံတံတားတွင် ဤကဲ့သို့သော ခြောက်လုံးလှန့်လုံး စစ်ဆင်ရေးပရိယာယ်များကို ကျင့်သုံးခဲ့ကြလေသည်။

မတ်လ (၂၅)ရက်နေ့တွင် ဂျင်မီ၏အမှတ် (၁၀၀)တပ်မဟာက ရှန်နမ်သို့ချီတက်သွားပြီး ဗိုလ်ချုပ်ဂရေဆီသည် ပင်မဌာနချုပ်ရှိရာ ပုလဲသို့ ထွက်ခွာသွားသဖြင့် မိုးရဲရိက္ခာထောက်စခန်းကြီးတွင် မတ္တင်ဇီ၏ အမှတ် (၃၂)တပ်မဟာသာ တာဝန်ယူ၍ကျန်နေရစ်တော့၏။ ရန်သူသည် မိုးရဲတွင်အင်္ဂလိပ်တို့၏အင်အားလျော့နည်းသွားသည်ကို သိသည်နှင့် တစ်ပြိုင်နက်အပြင်စည်းဝိုင်းကို မြောက်ဘက်မှနေ၍ တိုက်လာသည်။





သို့လှောင်ထားသမျှ ခဲယမ်းမီးကျောက်များမှာ အင်ဖာသို့ ပြန်၍ပို့ပြီးဖြစ်နေသော်လည်း ဓာတ်ဆီတိုင်ကီများ အများအပြားပင် စခန်းတွင် ကျန်နေသေးသည်။ အပြင်စည်းဝိုင်းမှာ ကျယ်လွန်းလှရာ မတ္တင်ဇီသည် တပ်ခွဲတစ်ခွဲစာလောက်နေရာကို ရသွားသောရန်သူကို ပြန်၍မတိုက်ဘဲ သည်အတိုင်းပင် လက်ပိုက်၍ကြည့်နေခဲ့၏။

သို့သော် ရန်သူသည် အတွင်းစည်းဝိုင်းထဲသို့ ဝင်ရောက်မလာနိုင်အောင် မတ္တင်ဇီက တပ်များကို ချထားပြီးဖြစ်သည်။ မတ်လ (၃၁)ရက်နေ့တွင် ကျန်ရှိနေသေးသော ရိက္ခာနှင့် ဓာတ်ဆီများကို ဖောက်ခွဲဖျက်ဆီး၍ ဆုတ်ခွာရမည်ဖြစ်သောကြောင့်လည်း များစွာစိုးရိမ်ပူပန်ရန်မရှိချေ။

ဆုတ်ခွာရမည့် လမ်းကြောင်းတစ်လျှောက်တွင်လည်း ဂေါ်ရခါးတပ်ရင်းတစ်ရင်းကို နေရာဖြန့်၍ချထားပြီးပေပြီ။

အမြောက် နှစ်လက်,သုံးလက်ကို အရာက်နှစ်ဆယ်ကျော်လောက် ပစ်နေသည်ဟု ထင်ရလောက်အောင် ပစ်ပေးနေရမည်ဟု ဆုတ်ခွာရမည့်ညနေက အမိန့်ပေးထားသည်။

ခြံထဲတွင်ရှိနေသော ကျွဲ၊ နွားအကောင်ပေါင်း (၂၀၀)ခန့်ကိုမူ ယူ၍လည်းမသွားနိုင်။ သည်အတိုင်းလည်း ချန်မထားခဲ့လိုသဖြင့် ဆုတ်ခွာမည့်နံနက်တွင် သားသတ်သမားများအားခေါ်၍သတ်ဖြတ်စေသည်။

ထို့ကြောင့် စခန်းကြီးတစ်ခုလုံးမှာ ယင်တလောင်းလောင်းနှင့် ဖြစ်လာတော့၏။ မတ်လ (၃၁)ရက်နေ့ နံနက်တွင်ပင် စပါးကိုထောင်များကို မီးတင်ရှို့၍ဖျက်ဆီးရသည်။

ကင်းထောက်စေလွှတ်ထားသောအဖွဲ့များက ရန်သူသည် ခါတိုင်းလိုပင် ငြိမ်သက်လျက်ရှိသည်ဟု သတင်းပို့နေ၏။

မတ်လ (၃၁)ရက်နေ့ ညဘက်သို့ရောက်လာသည်နှင့် တစ်ပြိုင်နက် ဓာတ်ဆီတိုင်ကီများကို ဖောက်ခွဲဖျက်ဆီးကာ မိုးရဲရိက္ခာထောက်စခန်းကြီးမှ ပုလဲသို့ တပ်မဟာတစ်ခုလုံး ဆုတ်လာခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ပေါင်တစ်သန်းဖိုးခန့်ရှိသော မာတ်ဆီနှင့် ရိက္ခာများကို ရန်သူ့လက်သို့ရောက်မည့်အစား မီးလောင်စာနှင့် ပြာပုံအဖြစ်ထားပစ်ခဲ့ပေပြီ။

ဧပြီလ (၁)ရက်နေ့တွင် ဗိုလ်ချုပ်ဂရေဆီ၏အမှတ် (၂၀)တပ်မသည် ပုလဲမှ ရှန်နမ်သို့ အပြီးအပိုင်ပြောင်းရွှေ့လာနိုင်တော့၏။

မြင်းကုန်းနှီးသဏ္ဍာန် တည်ရှိနေသော ရှန်နမ်တောင်ကုန်းတွင် ဂျင်မီ၏အမှတ်(၁၀၀)တပ်မဟာနှင့် အမှတ် (၈၀)တပ်မဟာတို့က တောင်ကုန်းနှင့် တောင်ပတ်ပတ်လည်တွင် နေရာယူထားပြီးပေပြီ။ အမှတ် (၁၃)နယ်ခြားလက်နက်ကိုင်တပ်ရင်းက ရှုဂနုတောင်ဘက် မိုင်အနည်းငယ်အကွာမှနေ၍ စောင့်ကြပ်နေသည်။

ဤအချိန်တွင်ပင် ဂျပန်တို့က အင်ဖာနှင့် ကိုဟီမားသွားလမ်းကို ဖြတ်တောက်လိုက်သည်။ အင်ဖာသည် အိန္ဒိယပြည်မကြီးနှင့် အဆက်အသွယ်ပြတ်သွားကာ အင်ဖာလွင်ပြင်တွင်ရှိနေသော ဗိုလ်ချုပ်ကြီး စကွန်း၏အမှတ် (၄)တပ်မကြီးမှာလည်း အထီးတည်းကျန်နေတော့သည်။

ပြင်ပကမ္ဘာနှင့် အဆက်အသွယ်လုပ်ရန် လေကြောင်းတစ်ခုတည်းသာရှိတော့လေ၏။

ဂျပန်တို့သည် ကြီးမားသောထိုးစစ်ကြီးဖြင့် အင်ဖာအား စ၍ဝိုင်းနေပေပြီ။

◆◆◆

(၁၁)

*"အရှေ့ဘက် တံခါးကြီးလဲ ပွင့်လတ္တံ့ . . . မဏိပူရပြည်ကြီးလဲ ပျက်လတ္တံ့."*

ဤစကားမှာ မဏိပူရပြည်မှ ကလေးသူငယ်တို့ ကစားခုန်စားရင်း ပြောလေ့ပြောထရှိသော တဘောင်စကားတည်း။

လူကြီးသူမများကမူ မဏိပူရပြည်သည် စစ်ကြီးဖြစ်လိမ့်မည်ဟု အဆိုပါ တဘောင်စကားကို အဓိပ္ပာယ်ကောက်ကြကုန်သည်။

အချို့သော ပုရောဟိတ်ကြီးများက (၁၉၄၄)ခုနှစ်တွင် ဂျပန်နှင့်ဖြစ်ပွားသော စစ်မှာ ဟိန္ဒူပုရာဏ်ကျမ်းများတွင် လာရှိသည့်အတိုင်း ဖြစ်ပွားသောစစ်ပင်ဖြစ်သည်ဟု မိန့်ဆိုကြလျက် အချို့သော ပဏ္ဍိတ်ကြီးများကမူ ယခုစစ်သည် ပုရာဏ်ကျမ်းများတွင်လာရှိသော စစ်မဟုတ်သေးကြောင်း၊ ပုရာဏ်ကျမ်းများ၏အဆိုမှာ. . .

*"မဏိပူရပြည်ကြီးတွင် မင်းသုံးပါးဆုံလိမ့်မည်၊ အရှိုးတောင်လိုပုံလိမ့်မည်၊ ပုဆိုးဝတ်စုံအနီနှင့် မင်းကနိုင်လိမ့်မည်၊ ထိုမင်းသည် အရှေ့ဘက်မှကြွချီလာလိမ့်မည်"* ဟု လာရှိသောကြောင့် ယခုထက် ကြီးကျယ်သောစစ်ကြီးဖြစ်ရဦးမည်ဟူ၍ ဟောကိန်းထုတ်ကြသည်။

မဏိပူရပြည် မဟာရာဇာပုဏ္ဏားတော်ကြီးက. . .

*"မဏိပူရပြည်တွင် (၁၉၄၄)ခုနှစ်၌ကပ်ကြီးသုံးပါး ဆိုက်လိမ့်မည်၊*

*ထိုကပ်ကြီးသုံးပါးကို ကျော်နင်းလွန်မြောက်စေရန်အတွက် မြတ်သောမင်းကြီးသည် အမျိုးဂုဏ်သိက္ခာ မြင့်မြတ်တော်မူသော သတို့သမီး*



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးအား ဒုတိယနန်းမတော်ကြီးအဖြစ် ချီးမြှောက်ကောက်ယူတော်မူပါလော့. . .

ဤသို့ ယတြာပြုခြင်းအားဖြင့် မဏိပူရရွှေပြည်သို့ရောက်လာသော ရန်သူဂျပန်တို့၏ စစ်တပ်ကြီးသည် နေလာလျှင် နှင်းပျောက်သကဲ့သို့ ကွယ်ပျောက်လွင့်စဉ်ကုန်ပါလိမ့်မည် ဘုရား . . . ”

. . ဟု ဇာတာစန်းလဂ်တို့ကို တွက်ချက်၍လျှောက်ထားသည်။

ထို့ကြောင့် မဏိပူရပြည်၏ မဟာရာဇာ မြတ်သောမင်းကြီးသည် (၁၉၄၄)ခု၊ မတ်လ (၁)ရက်နေ့၌ ပုဏ္ဏားတော်ကြီး အခါတော်ပေးသည့်အတိုင်း ကမလာဘတ္တာဒေဝီ အမည်ရှိသော အမျိုးဂုဏ်သိက္ခာမြင့်မြတ်သော သတို့သမီးငယ်ကို ဒုတိယကြင်ယာတော်အဖြစ် စုလျားရစ်ပတ်လက်ထပ်တော်မူလိုက်ရရှာလေတော့သတည်း။

မဏိပူရပြည်မှာ အိန္ဒိယပြည်မကြီးနှင့် တောင်ကြီးကမ်းကြီးများကာဆီးလျက်ရှိနေခဲ့သောကြောင့်တစ်ကြောင်း၊ မိမိပြည်မှထွက်သည့် ဆန်ရေစပါးများမှာ မိမိတို့ပြည်သူပြည်သားများပင် စား၍မကုန်နိုင်လောက်အောင်ပေါများခဲ့သောကြောင့်တစ်ကြောင်း ပြင်ပ ကမ္ဘာလောကကြီးနှင့် အဆက်အသွယ်ပြတ်ကာ အထီးတည်းတည်ရှိနေခဲ့၏။

ပြည်သူပြည်သားများသည် မိမိတို့စပါးကို မိမိတို့ကိုယ်တိုင် စိုက်သည်။ မိမိတို့ဝါဂွမ်းနှင့် မိမိတို့ ပိုးချည်ကို မိမိတို့ကိုယ်တိုင် ရက်လုပ်သည်။ မိမိတို့ သာမှုနာမှုများတွင် မိမိတို့ ဘိုးစဉ်ဘောင်ဆက်မှဆင်းသက်လာသောရိုးရာစရိုက်အတိုင်း ကျင်းပပြုလုပ်သည်။

စားရေရိက္ခာဖော်များကြွယ်ဝ၍ ငွေစက ရှားပါးသောကြောင့် ဈေးနှုန်းများမှာချိုလှသည်။

ဤကဲ့သို့ ကိုယ့်အရပ်နှင့် ကိုယ့်ဇာတ်နှင့် သာယာအေးချမ်းစွာရှိနေခဲ့သော မဏိပူရပြည်ကလေးသို့ အင်္ဂလိပ်စစ်တပ်များ ငွေထုပ်ကြီးကိုပိုက်၍ ရောက်လာသည်။





ယခင်က ကူလီတစ်ယောက်လျှင် တစ်မတ်ပေးပါက တစ်နေ့လုံးခိုင်းနိုင်သည်။ အင်္ဂလိပ်စစ်တပ်များ ရောက်လာသောအခါ ကူလီတစ်ယောက်၏တစ်နေ့လုပ်ခသည် (၅)ကျပ်အထိ တက်သွားတော့သည်။

ယခင်က တစ်မောင်း(ပေါင် ၈၀)လျှင် (၁)ကျပ်ခွဲသာ ဈေးနှုန်းရှိသော ဆန်မှာ (၄၀-၅၀-၆၀)ကျပ်အထိ ဈေးတက်သွားသည်။

ကြည်းတပ်မတော်နှင့် လေတပ်မတော်တို့က ရုံးများ၊ အဆောက်အအုံများ၊ လမ်းများ၊ လေယာဉ်ပြေးလမ်းကြောင်းများ၊ ဆေးရုံများ ဆောက်လုပ်ရန်အတွက် အလုပ်သမားနှင့်ဆောက်လုပ်ရေးပစ္စည်းများကို အလုအယက်ဈေးကြီးပေး၍ အပြိုင်အဆိုင် ငှားရမ်းဝယ်ယူနေသလို စစ်,စားသောက်ရိပ်သာများ၊ ကုန်လှောင်ရုံများကလည်း စားနပ်ရိက္ခာမှန်သမျှကို ဈေးသည်များဆိုသည့် ဈေးဖြင့် ဝယ်ယူနေကြ၏။

ဤသို့ ငှားရမ်းဝယ်ယူနေကြရသည်မှာလည်း စစ်သားဦးရေမှာ မဏိပူရပြည်တွင် အဆမတန်များပြားလာသောကြောင့်ပင် ဖြစ်၏။

တစ်ကြိမ်ကမူ မဏိပူရပြည်သူပြည်သား(၃)ယောက်လျှင်အင်္ဂလိပ်စစ်တပ်မှ စစ်သားက (၂)ယောက်ကျစီရှိနေခဲ့၏။

အင်္ဂလိပ်စစ်တပ်သည် ရွာသူကြီးများအား ဟင်းသီးဟင်းရွက်များအတွက် မျိုးစေ့များကို အခမဲ့ဖြန့်ဝေပေးကာ ကျေးရွာရှိ တောင်သူလယ်သမားများသို့ ထပ်ဆင့်ပေးစေသည်။ စိုက်ပျိုးရရှိလာသည့် ဟင်းသီးဟင်းရွက်များကို ကန့်သတ်ဈေးဖြင့် ပြန်လည်ရောင်းချရန်လည်း ကတိတောင်းထားသည်။ သို့သော် အသီးအရွက်များမှာ ယခုစိုက်၍ ယခုစားရသည်မဟုတ်ရာ ဈေးနှုန်းမှာတက်မြဲတက်နေတော့၏။

ယခင်က ပဲနိဝက်သာပေးရသော ကြက်ဥတစ်လုံးမှာ (၇)ပဲနိအထိတက်လာပြီး ခေါင်းရွက်ဗျတ်ထိုးဈေးသည်များကလည်း သူတို့၏ဟင်းသီးဟင်းရွက်များကို တစ်နေ့ထက်တစ်နေ့ ဈေးတင်၍သာ ရောင်းနေတော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့သော ကုန်ပစ္စည်းများကို ဈေးနှုန်းကန့်သတ်ထားသည်။

သို့သော် ကန့်သတ်သည့်ဈေးနှုန်းအတိုင်းရောင်းရန် တင်းတင်းကျပ်ကျပ် အရေးယူပေးဖို့ လိုလာပြန်သည်။ ကြက်ဥတစ်လုံးကို (၁)မူးသာ ကန့်သတ်ထားသော်လည်း (၅)မူးပေး၍ ဝယ်စားနေကြရသည်။

အင်ဖာအနောက်ဘက် တောင်ကုန်းများတွင်ရှိနေသည့် လိမ္မော်ခင်းများမှ လိမ္မော်သီးများကိုမူ တစ်လုံးလျှင် တစ်မတ်အထိဈေးတက်နေရာမှ တစ်ပဲအထိ ဈေးချ၍ရသည်။ စစ်တပ်မှ အဝယ်တော်များသည် တောင်ခြေရင်းများအထိသွားကာ လိမ္မော်ခင်းပိုင်ရှင်များထံမှ တိုက်ရိုက်ဝယ်ယူကြသောကြောင့်ပင်ဖြစ်၏။

မဏိပူရ ပြည်သူပြည်သားများသည် ကြံခင်းများ အများအပြားစိုက်ပျိုးလေ့ရှိသည်။ အခင်းမှရသော ကြံများကို လူများ၊ နွားများဖြင့်လှည့်ရသော ကြံကြိတ်စက်များဖြင့် အရည်ထုတ်ယူပြီးနောက် သကြားချက်လုပ်၍စားသုံးလေ့ရှိသည်။

သို့သော် ခေတ်မှီသော ချက်လုပ်နည်းမဟုတ်သဖြင့် သကြားမှာ နီညိုရောင် သကြားကြမ်းကြီးများဖြစ်နေ၏။

အင်ဖာသို့ အင်္ဂလိပ်စစ်တပ်များရောက်လာသောအခါ စစ်တပ်နှင့်အတူပါလာသော ဖြူဖြူလွှလွှသကြားများကို အရပ်သူအရပ်သားများ တွေ့ရတော့၏။ ထို့ကြောင့် ကြံပင်များကိုကြိတ်၍ နီညိုရောင်သကြားကြမ်းကြီးများ မချက်ကြတော့ဘဲ ကြံချောင်းများကို သည်အတိုင်းရောင်းချကာ ရသည့်ပိုက်ဆံဖြင့် သကြားဖြူများကို ဝယ်၍စားသုံးကြတော့၏။

ဤအချိန်မှစ၍ မဏိပူရ ပြည်သူပြည်သားများသည် သကြားဖြူကိုခံတွင်းတွေ့သွားကာ စစ်ကြီးပြီး၍ အင်ဖာတွင် အင်္ဂလိပ်စစ်တပ်များ မရှိတော့သော်လည်း အိန္ဒိယပြည်မကြီးမှဝယ်၍ စားသုံးခဲ့ကြလေသည်။ မြို့တိုင်း၊ ရွာတိုင်း၊ အိမ်တိုင်းတွင် တစ်မိုးစာအတွက် စပါးများ သိုလှောင်တတ်ကြသည်မှာ မဏိပူရပြည်သူတို့၏ရိုးရာဓလေ့ပင် ဖြစ်တော့သည်။





ထို့ကြောင့် အင်ဖာသို့ဂျပန်စစ်ကြီး ရောက်လာသည့်တိုင် ပြည်သူပြည်သားများသည် ဝမ်းစာအတွက် စိတ်သက်သာရာ ရခဲ့ကြ၏။

စစ်လမ်းကြောင်းကျသော တောလမ်းကျေးရွာများမှလည်းကောင်း၊ မြို့ငယ်ကလေးများမှလည်းကောင်း အင်ဖာမြို့တော်သို့တက်၍ ပြေးလာသော စစ်ပြေးဒုက္ခသည် ရာပေါင်းများစွာရှိခဲ့သော်လည်း မဏိပူရပြည်သူပြည်သားအများစုမှာမူ မိမိတို့ကျေးလက်တောရွာများတွင်သာ စစ်ကြီးကိုရှောင်တိမ်း၍နေထိုင်ခဲ့ကြ၏။

မတ်လ (၉)ရက်နေ့တွင် ဂျပန်စစ်တပ်ကြီးချီလာပြီ ဟူသောသတင်းကြောင့် အင်ဖာဆေးရုံရှိ လူနာများနှင့်သူနာပြုဆရာမကြီးများအားထိုနေ့နေ့လယ်တွင် အင်ဖာမှပြောင်းရွှေ့ရန် အမိန့်ရောက်လာသည်။

ထို့ကြောင့် လူနာ (၄၀၀)ခန့်ကို မော်တော်ကားများဖြင့် တင်၍ ကိုဟီမားသို့ ပို့ပေးနေပြီး ဆေးကုသမှုနှင့်ဆိုင်သော ကိရိယာများကို ထုပ်ပိုးနေသည်။

ဤအချိန်တွင် အမိန့်သစ်တစ်ခု ထပ်၍ရောက်လာပြန်သည်။

ဆေးရုံကို လူနာ (၅၀၀)ထားနိုင်အောင်ပြုပြင်၍ နောက်တစ်နေ့တွင် ပြန်ဖွင့်ပါဟူသော အမိန့်တည်း။

စစ်မက်ကြီးဖြစ်ပွားလာသည့်အချိန်တွင် ကသုတ်ကရက်နှင့် ရုတ်တရက်ဖြင့်ခေါ်လာသော အခြေအနေနှင့် အဖြစ်အပျက်များကို နေ့စဉ်မှတ်တမ်းဖြင့် မော်ကွန်းတင်ခဲ့သော ဆေးမှူးကြီး တက်တာဆဲလ်၏ မှတ်တမ်းမှာ စိတ်ဝင်စားစရာကောင်းလှသည်။

မတ်လ (၁၂)ရက်နေ့။ အခြေအနေရှုပ်ထွေးနေသည်။

ထုပ်ပိုးထားပြီးဖြစ်နေသော ဆေးများ၊ ဆေးကုကိရိယာများဖြင့် ဆေးရုံကို ပြန်၍ဖွင့်နိုင်ရန် ကြိုးစားရသည်။ ခွဲစိတ်ကုသသည့် ဆရာဝန်အဖွဲ့က ကိုမီလာသို့ လေယာဉ်ဖြင့် ထွက်ခွာသွားပြီဖြစ်သည်။

မြေငလျှင် အနည်းငယ်လှုပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မတ်လ (၁၇)ရက်နေ့တွင် သူနာပြုဆရာမကြီးအားလုံးနှင့် အင်္ဂလိပ်အမျိုးသမီးအားလုံးကို မော်တော်ကားဖြင့်လည်းကောင်း၊ လေယာဉ်ဖြင့်လည်းကောင်း အင်ဖာမှအိန္ဒိယသို့ ပို့လိုက်ရသည်။ အမျိုးသမီးအားလုံးက အင်ဖာမှ ထွက်ခွာသွားရန် ငြင်းဆန်နေသော်လည်း အာဏာပိုင်များမှာ မိမိတို့နှင့်ရင်ဆိုင်ရမည့် ရန်သူ့အကြောင်းကို နောကျေအောင် သိနေပြီးဖြစ်၍ အမျိုးသမီးများ၏ဆန္ဒကို ခေါင်းမာစွာဖြင့် ငြင်းဆန်ခဲ့ရလေသည်။

သူနာပြုဆရာမချုပ်ဖြစ်သော *မိုနီကာမက်ဒေါ်နယ်*မှာ မတ်လ (၁၇)ရက်နေ့၌ ပုလဲအထက်ဘက်ရှိ သူနာပြုစခန်းတစ်ခုသို့ ရောက်ရှိနေပြီး ရောက်လာသမျှ လူနာများကို နေ့မအား ညမအား ပြုစုကုသနေရသည်။ စစ်မြေပြင်သူနာပြုအဖွဲ့နှင့် ဆေးမှူးများမှာ ညဘက်တွင် အိပ်ရသည်ဟု မရှိဘဲ အရေးတကြီးရောက်လာသောလူနာများကို ခွဲစိတ်ကုသနေရသဖြင့် အပြင်တွင်တိုက်ပွဲအခြေအနေ မည်ကဲ့သို့ဖြစ်ပျက်နေသည်ကိုပင် မသိနိုင်အောင်ရှိနေတော့သည်။

ဤအချိန်တွင် ပုလဲပတ်ဝန်းကျင်ရှိ ကျေးရွာများမှ တောင်သူလယ်သမားကြီးများမှာ ထွန်တုံးကို နွားပခုံးတွင်တင်၍ လယ်ကွင်းထဲသို့ ဆင်းစပြုနေပေပြီ။ ရေအိုးကိုခေါင်းတွင် ကိုယ်စီရွက်ထားသော မဏိပူရသူများသည်လည်း သူနာပြုစခန်းရှိရာတဲရှေ့မှ ဖြတ်၍သွားနေပေပြီ။

ရေမှာ ချောင်းတွင်းသို့ဆင်း၍ လားများဖြင့် သယ်ယူနေရသဖြင့် သူနာပြုစခန်းအတွက် လုံလောက်သည်ဟူ၍မရှိ။ ထို့ကြောင့် ရေတစ်ဇလုံကိုပင် သွန်မပစ်ရက်ဘဲ ထပ်တလဲလဲသုံးနေရတော့သည်။

မတ်လ (၁၇)ရက်နေ့ နံနက်တွင် သူနာပြုဆရာမချုပ် **မိုနီကာမက်ဒေါ်နယ်**နှင့်အတူ သူနာပြုဆရာမကြီး စုစုပေါင်း (၄)ဦးကို အပြင်းအထန် ဒဏ်ရာရနေသော လူနာများကို သူနာပြုကား (၄)စီးဖြင့် ပုလဲမှ အင်ဖာအရောက်ပို့ပေးပြီး အင်ဖာမှ ဒိုင်မာပူသို့ လေယာဉ်ဖြင့် ခရီးဆက်စေသည်။





အခြေအနေမှာ ပို၍ဆိုးလာခဲ့ပေပြီ။

ဆေးမှူးကြီးကတ်တာဆဲလ် ၏ နေ့စဉ်မှတ်တမ်းစာအုပ်ကို ပြန်၍လှန်ကြည့်လိုက်လျှင်. . .

မတ်လ (၂၂)ရက်နေ့ . . .

လူနာ (၃၆၀)ကို လေယာဉ်ဖြင့် ပို့ပေးလိုက်သည်။ စစ်ပြေးဒုက္ခသည်စခန်းကြီးတစ်ခုကို ဆေးရုံလုပ်ထားရ၏။ သို့သော် ဆရာဝန်များတွင် ဆေးကိရိယာလည်းမရှိ၊ ဆရာဝန်ဝတ်စုံလည်းမရှိ၊ ဆေးအဖွဲ့သား (၆)ဖွဲ့သာရှိသည်။

မတ်လ (၂၃)ရက်နေ့ . . .

ထိုင်နိုင်သောလူနာများကို တစ်နေ့လုံးလေယာဉ်ဖြင့် ပို့နေရသည်။ သို့သော် ရှိသည့်လူနာမကုန်ခင် လူနာအသစ်များထပ်၍ ရောက်လာသည်။ ထို့ကြောင့် အခန်းများကို တိုးချဲ့ရတော့လေ၏။

ရန်သူများ မိုင် (၃၀)ခန့်အကွာသို့ ရောက်နေပေပြီ။

ယခုအချိန်၌ အရာခပ်သိမ်းပင် စစ်ဆန်နေတော့၏။

ဆေးရုံပတ်ပတ်လည်တွင် စစ်တပ်များချထားသည်။ ဆေးရုံတွင်းသို့ဝင်သောအခါ သတ်မှတ်ထားသော စကားဝှက်ကို ပြော၍ဝင်ရသည်။

လေယာဉ်အသွားအလာမှာမူ ခါတိုင်းလိုပင် အရှိန်မပျက်။

မတ်လ (၂၈)ရက်နေ့ . . .

သူနာပြုကားများနှင့် ထရပ်ကားများ တစီတတန်းကြီးရောက်လာသည်။ ကားပေါ်တွင်ပါလာသူများတွင် ဖျားနာသူအများအပြားပါဝင်ပြီး ဒဏ်ရာရသူ အနည်းငယ်သာရှိသည်။ ဆေးရုံတစ်ခုလုံးလျှံနေသည့်အပြင် ဝရန်တာမှာလည်း ပြည့်ကျပ်နေပေပြီ။

မတ်လ (၂၈)ရက်နေ့မှာ ဆေးမှူးကြီး တက်တာဆဲလ် ပါဝင်အမှုထမ်းရသော အမှတ် (၁၄)အထွေထွေဆေးရုံကြီး၏ရာဇဝင်တွင် စာတင်ထိုက်သောနေ့တစ်နေ့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤနေ့တွင် ဤဆေးရုံကြီးမှ ဆေးအဖွဲ့တစ်ဖွဲ့သည် အိန္ဒိယပြည် ဒေလီနှင့် လတ်ကနောင်းမြို့(၂)မြို့အကြားတွင်ရှိသော ဘရီလီမြို့မှ လူနာ (၆၀၀)အတွက် ဆေးနှင့် ဆေးကိရိယာများပါသည့် တန်ချိန် (၄၅၀)ရှိသော ပစ္စည်းများနှင့်အတူ မိုင်ပေါင်း (၂၁၀၀)ဝေးကွာသည့် ကန်ဂလားတုန်ဘီသို့ လေကြောင်းဖြင့် ရောက်ရှိလာကာ ရှေ့တန်းစစ်မြေပြင်တွင် ဆေးရုံတစ်ရုံ ဖွင့်လိုက်နိုင်သောကြောင့် ဖြစ်၏။ စစ်ဘက်ဆိုင်ရာတို့က ဤဆေးရုံပတ်ဝန်းကျင်သို့ ရန်သူများ ဝင်မလာနိုင်အောင် ကာကွယ်ပေးထားသဖြင့် စိုးရိမ်ရန်မရှိကြောင်း ဆေးအဖွဲ့အား စောစောကပင် ပြောထားခဲ့သည်။

ဆေးရုံမှာ မြက်ပင်နှင့် သစ်ပင်များ ထူထပ်သော ချိုင့်ဝှမ်းတစ်ခုကိုရှင်းလင်း၍ အုတ်ဖြင့်ဆောက်လုပ်ထားသော ခွဲစိတ်ကုသခန်း၊ ဓာတ်မှန်ခန်းနှင့် လူနာများအတွက် တဲကြီးထိုးကာ သန့်သန့်ပြန့်ပြန့် ကျယ်ကျယ်ဝန်းဝန်းဆောက်ထားသည်။

ဆေးရုံစတင်ဖွင့်လှစ်သည့်နေ့မှာ ဧပြီလ (၁)ရက်နေ့၊ စနေနေ့ဖြစ်သည်။ မတ်လ (၂၈)ရက် အင်္ဂါနေ့တွင် ဆေးအဖွဲ့ရောက်လာပြီး ပါလာသည့် ဝန်စည်စလှယ်များကို ကန်ဂလားတုန်ဘီတွင်ရှိနေသော အရပ်သားအလုပ်သမားများကသယ်ယူကာ ဆေးရုံအတွင်းနေသားတကျစီစဉ်သည်။

ထိုနေ့ ညနေဘက်တွင် နယ်လှည့်ရုပ်ရှင်အဖွဲ့က တောတွင်းတိုက်ပွဲများနှင့် ထိုးဖောက်ဝင်ရောက်သည့် တိုက်ပွဲများပါသော သည်လပ်စ်အော့ဖ်သည် မိုဟီကန် ရုပ်ရှင်ကားကိုပြသည်။

ထိုနေ့ညသို့ ရောက်သောအခါ တယ်လီဖုန်းဖြင့် အမိန့်တစ်ခု ရောက်လာသည်။ ဆေးနှင့် ဆေးကိရိယာများကို ထုပ်ပိုး၍ (၃)ရက်အတွင်း ဆေးရုံမှ ထွက်ခွာသွားရမည်ဟူသောအမိန့်တည်း။ မတ်လ (၂၉) ရက်နေ့ နေ့လယ်တွင် လူနာ (၅၀၀)အား လက်ခံကုသပေးရန် အသင့်ဖြစ်နေခဲ့သောဆေးရုံမှာ လမ်းဘေးတွင် အထုပ်အပိုးများအဖြစ်သို့ စုပုံရောက်နေရတော့၏။





ဤဆေးနှင့် ဆေးကိရိယာများသည် ဒိုင်မာပူသို့ မော်တော်ကားများဖြင့် ရောက်ကြရဦးမည်။ ထိုမှတစ်ဆင့် လေယာဉ်ဖြင့် ကိုမီလာသို့ ပြန်ကြရပေဦးမည်။

သံသရာလည်လိုက်ပုံမှာ မြန်ဆန်လွန်းလှချေ၏တကား။

ညမှောင်စပျိုးလာသောအခါ နောက်ဆုံးကျန်နေသော လော်ရီတားက ဂီယာသွင်း၍ ကိုဟီမားအထိ ခရီးပြင်းနှင်ရန် ဟန်ချီလိုက်သည်။ ကားပေါ်တွင် ဆေးပေးခန်းမှ ပစ္စည်းကိရိယာများနှင့်အတူ အင်္ဂလိပ်တပ်ကြပ်ကြီးတစ်ဦး လိုက်ပါလာသည်။

ဤတပ်ကြပ်ကြီးမှာ ဤအချိန်မှစ၍ နောက်လမည့်(၃)လအတွင်း ကိုဟီမားလမ်းကို နောက်ဆုံးသွားခဲ့ဖူးသော တစ်ဦးတည်းသော အင်္ဂလိပ်စစ်သားဖြစ်လာတော့သည်။ အဘယ်ကြောင့်ဆိုသော် ရန်သူသည် အင်ဖာ-ကိုဟီမားလမ်းကို ထိုနေ့ညရှစ်နာရီခွဲမှစ၍ ဖြတ်တောက်ပစ်လိုက်သောကြောင့်ပါတည်း။

ဆေးမှူးကြီးတက်တာဆဲလ်၏ နေ့စဉ်မှတ်တမ်းကို ပြန်၍လှန်ကြည့်လိုက်မည်ဆိုပါက. . .

မတ်လ (၂၉)ရက်နေ့ . . .

(၄၈)နာရီအတွင်း အင်ဖာရှိ ခံတပ်အတွင်းသို့ ပြောင်းရွှေ့ရန် သတိပေးထားသည်။

မတ်လ (၃၀)ရက်နေ့ . . .

လူနာ(၁၀၀၀)ကျော်နှင့် ကျွန်ုပ်တို့ဆေးအဖွဲ့သားများပါ နေမဝင်မီ ပြောင်းရွှေ့ပါဟု အမိန့်ထပ်လာသည်။ နေ့လယ်တွင် လူနာအားလုံးနှင့် အဖိုးတန်သော ပစ္စည်းမှန်သမျှကို ထရပ်ကားများထဲတွင် တင်၍ပို့လိုက်သည်။ ကျွန်ုပ်တို့ဆေးအဖွဲ့သားများမှာ ည (၁၁)နာရီမှ ခံတပ်သို့ရောက်သည်။ ကျွန်ုပ်တို့ဆေးရုံအတွက် နေရာကို တောင်ကလေးတစ်လုံးဘေးရှိ လှိုဏ်တစ်ခုအတွင်းတွင် ပေးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျဉ်းကျပ်လွန်းလှသည်။

အောက်ခံမြေကလည်း စွတ်စိုထိုင်းမှိုင်းနေသည်။

တဲတစ်ခုမျှမရှိ။ လေဟာပြင်တွင် အိပ်ကြရ၏။

မိုးကလည်း တစ်ညလုံးရွာလိုက်သည့်ဖြစ်ခြင်း။

မတ်လ (၃၁)ရက်နေ့ . . .

ဧပြီလ (၁)ရက်နေ့ . . .

ဆေးရုံ အဆောက်အအုံရှိရာသို့ ပြန်သွားပြီး ဆေးရုံရှိပစ္စည်းများကို ထရပ်ကားအစီး (၁၅၀)ဖြင့် သယ်ယူလာသည်။ ခံတပ်အတွင်းမှ ဆေးရုံကို ပို၍ကောင်းလာအောင် ပြုပြင်နေကြလေသည်။

သို့သော် ရေလည်းမရှိသေး၊ အိမ်သာလည်း မရှိသေး။

ဧပြီလ (၂)ရက်နေ့ . . .

ခံတပ်အတွင်းရှိ အခြားနေရာသစ်တစ်ခုသို့ ပြောင်းရွှေ့ရန်အမိန့်ရသည်။ နေ့လယ်စာ စားချိန်တွင်ရသော အမိန့်တည်း။

နက်ဖြန် နံနက် (၉)နာရီတွင် လူနာ (၁၀၀)အတွက် ခုတင်နှင့် ဆေးဝါးကုသရန် အားလုံးအသင့်ဖြစ်နေရမည်။

ညနေတွင် လူနာ(၄၀၀)အတွက် ရှိနေရမည်။

ဧပြီလ (၃)ရက်နေ့ . . .

လူနာ (၃၆၀)အတွက် အားလုံးအသင့်ရှိနေပေပြီ။

လူနာ (၂၀၀) မှာ ခုတင်ပေါ်သို့ပင် ရောက်နေပေပြီ။

ဧပြီလ (၄)ရက်နေ့ . . .

တစ်နေ့လုံး တဲချည်းထိုးနေရသည်။ ထိခိုက်ဒဏ်ရာရနေသူများ တဖွဲဖွဲရောက်နေသည်။ ဖျားနာသူအချို့လည်း ပါလာသည်။ ဤနေရာသစ်မှာလည်း ဆေးရုံအတွက် နည်းနည်းကလေးမှ မသင့်လျော်။ ဆေးရုံကို ချောင်းကလေးတစ်ခုက ဖြတ်၍စီးနေသည်။ ဆေးရုံအနောက်ဘက် ကိုက် (၁၀၀)ခန့်အကွာမှ သေနတ်သံများ ကြားနေရသည်။





ဆေးရုံအရှေ့ဘက်မှ အမြောက်သံများ တဒိန်းဒိန်းပေါ် ထွက်နေသည်။ အခြားတစ်ဖက်တွင် လက်နက်ခဲယမ်းများ သိုလှောင်ထားသော ဌာနကြီးရှိသည်။ (၂၅)ပေါင်ဒါ အမြောက်များမှာ တစ်ချိန်လုံး ဆူညံနေတော့၏။

ဧပြီလ (၅)ရက်နေ့ . . .

မြေအောက်တွင်တူးထားသော အိပ်စင်ကလေးများရလာသည်။ ခွဲစိတ်ကုသရန် နေရာလည်းရလာသည်။

ရန်သူ့လေယာဉ်များက လာရောက်တိုက်ခိုက်ပြီး လေယာဉ်ပစ်အမြောက်များက တဒိန်းဒိန်းပစ်ခတ်နေသည်။

တစ်ညလုံးလိုပင် အိပ်မရ။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

(၁၉၄၄)ခု ဖေဖော်ဝါရီလမှစ၍ အမှတ် (၂၂၁) ဘုရင့်လေတပ်မတော်ကို ဗိုလ်ချုပ်ကြီးဆလင်း၏ အမှတ်(၁၄) ကြည်းတပ်မတော်နှင့် လက်တွဲ၍ ရန်သူတို့အား ထိရောက်စွာ တိုက်ခိုက်ခဲ့သူမှာ ဗိုလ်ချုပ်ကြီး **စတာန်လေဗင်ဆင်** ဖြစ်သည်။

ဗင်ဆင်သည် သူ၏လေတပ်မတော်ဌာနချုပ်ကို ဆလင်း၏ဌာနချုပ်နှင့်တွဲ၍ ဖွင့်လှစ်ထားပြီး ကြည်းတပ်နှင့် လေတပ်တို့ အတိုင်အဖောက်ညီညီဖြင့် ရန်သူကို နှိမ်နင်းခဲ့ကြ၏။

ရန်သူနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရာတွင် ရှုံးလိမ့်မည်လော၊ နိုင်မည်လောဟု တွေးတောဒွိဟ သံသယဖြင့် အစိုးရိမ်ကြီး စိုးရိမ်နေခဲ့ရသည့် (၁၉၄၄)ခုနှစ်တစ်လျှောက်လုံး ဗင်ဆင်၏ဘုရင့်လေတပ်မတော်သည် အမေရိကန်လေတပ်မတော်နှင့် ပူးပေါင်းကာ ဂျပန်တို့အပေါ်တွင် လေကြောင်းအကဲသာမှုကို ရယူနိုင်ခဲ့၏။

အာရှအရှေ့တောင်ပိုင်း စစ်နယ်မြေသို့ အင်္ဂလိပ်တို့၏ *စပစ်ဖိုင်းယားလေယာဉ်များ* စတင်ရောက်ရှိလာသည့် (၁၉၄၃)ခု နိုဝင်ဘာလအထိ ဂျပန်တို့၏ **အော်စကာလေယာဉ်များ**မှာ အင်္ဂလိပ်တို့ *ဟာရီကိန်းလေယာဉ်များ*အတွက် တော်တော်နှင့်ဖြိုဖျက်၍ မပြိုနိုင်သည့်ရန်သူများဖြစ်ခဲ့၏။ ဂျပန်တို့၏ *ဒင်းနားကင်းထောက်လေယာဉ်ပျံ*များကလည်း အင်္ဂလိပ်ဟာရီကိန်းများထက်ပို၍လျင်မြန်နေပြီး အင်္ဂလိပ်တို့၏ရှေ့တန်းစခန်းများကိုလည်း ကောင်းစွာ ကင်းထောက်နိုင်ခဲ့ကြ၏။





သို့သော် စပစ်ဖိုင်းယား လေယာဉ်များရောက်လာပြီးနောက် သုံးလလောက်ကြာသည့်အချိန်အတွင်း စပစ်ဖိုင်းယား တိုက်လေယာဉ်များက ရန်သူ့လေယာဉ် (၄၄)စင်းကို ပစ်ချလိုက်နိုင်ကာ နောက်ထပ် (၁၃)စင်းကို ဖျက်ဆီးပစ်နိုင်သည်ဟု ယူဆရပြီး ထပ်မံ၍လည်း ရန်သူ့လေယာဉ် (၄၉) စင်းကို ချို့ယွင်းသွားအောင် တိုက်ခိုက်နိုင်ခဲ့ကြ၏။

ရန်သူ့ဘက်တွင် ဤမျှ အဆုံးအရှုံးအပျောက်အရှုံးများသော်လည်း အင်္ဂလိပ်တို့အတွက်မူ စပစ်ဖိုင်းယားလေယာဉ် (၇)စင်းသာ ပျက်ကျခဲ့ပြီး (၂)စင်းမှ လေသူရဲများကို ကယ်ဆယ်နိုင်ခဲ့သည်။

ထို့ကြောင့် ဂျပန်လေသူရဲများသည် စပစ်ဖိုင်းယားများကို ကြာလေပို၍ကြောက်လာလေလေဖြစ်လာကာ နောက်ပိုင်း အချိန်များတွင် ပစ်ဖိုင်းယားနှင့်တွေ့ပါက တိုက်ခိုက်ရန် မကြိုးစားဘဲ ခေါင်းနှင့်ကိုယ်အိုးစားမကွဲအောင်သာ ကြိုးစားကြတော့သည်။

(၁၉၄၄)ခုနှစ်အစတွင် ခရီးဝေးပျံသန်းနိုင်သော အမေရိကန် မတ်စတန်နှင့် လိုက်တနင်းလေယာဉ်များအလုံအရင်းဖြင့် အာရှအရှေ့တောင်ပိုင်းစစ်နယ်မြေသို့ ရောက်ရှိလာသည်။

ဤလေယာဉ်များသည် ရွှေဘိုကဲ့သို့သော ဂျပန်တို့တို့၏ ရှေ့တန်းလေတပ်စခန်းများကို သွားရောက်တိုက်ခိုက်ကြရာ ရန်သူ့လေယာဉ်အစင်း (၁၀၀)ကျော်ကို လေယာဉ်ကွင်းများပေါ်မှာ ထ၍မပြန်နိုင်မီ ချေမှုန်းဖျက်ဆီးနိုင်ခဲ့သည်။ ဤသို့ ဖျက်ဆီးနိုင်ခြင်းမှာ ရန်သူတို့ဘက်မှ အချက်ပေးကိရိယာများညံ့ဖျင်းမှုကြောင့်သာ ဖြစ်တန်ရာသည်။

ကောင်းကင်တိုက်ပွဲများတွင်လည်း ဤအမေရိကန်လေယာဉ်များသည် ရန်သူ့တိုက်လေယာဉ် (၇၆)စင်းကို ပစ်ချဖျက်ဆီးနိုင်ခဲ့သည်။

ရန်သူသည် သူ၏တိုက်လေယာဉ်များကို ရှေ့တန်းစခန်းများတွင် ဖြန့်၍မထားရဲတော့ဘဲ ကောင်းမွန်စွာ အကာအကွယ်ပေးနိုင်မည့် ရန်ကုန်ဒေသသို့ ပြောင်း၍ထားလာရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ရန်ကုန်မှ မဏိပူရသို့ လှမ်း၍ရိက္ခာထောက်ရသော ခရီးမှာ မိုင် (၆၀၀)နီးပါးရှည်ဝေး၍ လာရပြန်သည်။

တစ်ဖန် ယိုးဒယားပြည်အတွင်းရှိ ရန်သူ့အခြေစိုက် ရိက္ခာထောက် စခန်းများကိုလည်းကောင်း၊ ဗန်ကောက်မှ ရန်ကုန်သို့လာသည့် ရိက္ခာပို့ ဆောင်ရေးလမ်းကြောင်းကိုလည်းကောင်း အင်္ဂလိပ်နှင့် အမေရိကန်လေ ယာဉ်များက လာရောက်နှောင့်ယှက်နေပြန်သည်။

သို့ဖြစ်၍ ဗန်ကောက်လို အခြေစိုက်စခန်းမှ ပေးပို့လိုက်သော ရိက္ခာနှင့်စစ်ကူတပ်များမှာ အင်ဖာသို့ သီတင်း(၆)ပတ်ခန့်ကြာမှ ရောက် လာနိုင်တော့၏။

လေကြောင်းတွင် အင်္ဂလိပ်နှင့် အမေရိကန်တို့က ဂျပန်ထက် အကဲသာလာသောကြောင့်လည်း ဗိုလ်ချုပ်ကြီးစကွန်း၏ အမှတ်(၄)တပ်မ ကြီးကို အနီးကပ်ကာ တိုက်ရိုက်အကူအညီပေးလာနိုင်သည်။

အကယ်၍သာ ရန်သူ့တိုက်လေယာဉ်များက ကြားဖြတ်ကာ ဖိဖိ စီးစီးတိုက်နေနိုင်သည့် အင်အားရှိနေလျှင် အင်္ဂလိပ်နှင့် အမေရိကန် ဗုံး ကြဲလေယာဉ်များ၊ ဗုံးကြဲတိုက်လေယာဉ်များနှင့် ကင်းထောက်လေယာဉ် များသည် ယခုလောက် အတင့်ရဲနိုင်ကြမည် မဟုတ်ချေ။

ထို့ပြင် ရွှေ့တန်းစစ်မျက်နှာသို့ရောက်နေသော တပ်များအား လိုသမျှ ရိက္ခာနှင့်ခဲယမ်းများကို ယခုကဲ့သို့ လုံလုံလောက်လောက် လေ ကြောင်းဖြင့် ပို့ဆောင်ပေးနိုင်ခဲ့မည် မဟုတ်ချေ။

အင်ဖာအား ဝိုင်းဝန်းလုပ်ကြံရန် ချီတက်လာသော တပ်တစ်တပ် မှ ရန်သူ့တပ်မှူးတစ်ဦး၏ ဒိုင်ယာရီတွင် . . .

*"တပ်မှူးတစ်ဦးအနေဖြင့် ကျွန်ုပ်၏ပေါ့လျော့မှုကြောင့် ကျွန်ုပ်၏ စစ်သည်တော်များမှာ ရန်သူနှင့် မတိုက်ခိုက်ရမီပင် ကျဆုံးခဲ့ရရှာသည်။*

*ကျွန်ုပ်အား ခွင့်လွှတ်ပါရန် ဘုရင်မင်းမြတ်အား. . အနူးအညွတ် တောင်းပန်ပါ၏"*





ဟု ကြေကွဲဖွယ်ရာ မှတ်တမ်းတင်ထားပြီး အခြားတပ်မှူးတစ်ဦးက လည်း မိုးဖြိုင်ဖြိုင်ရွာနေသော ဇွန်လတွင် ဤသို့မှတ်ချက်ရေးထားသည်။

*"ရန်သူ့လေယာဉ်များမှာ နွေရော၊ မိုးရော၊ ဆောင်းပါ ကျွန်ုပ်တို့ ခေါင်းပေါ်တွင် အဆက်မပြတ်ရှိနေသည်။ ကျွန်ုပ်တို့သည် ဘာမျှမတတ် နိုင်ဘဲ ရန်သူ့လေယာဉ်များကို ကြည့်၍သာနေရတော့၏"*

ကားတပ်မှ သယ်ယူပို့ဆောင်ရေး အရာရှိတစ်ဦးကလည်း . . .

*"ရွှေ့တန်းစစ်မျက်နှာမှ ပြန်လာကြသည့် ကားမောင်းရဲဘော်တိုင်း ရန်သူ့လေယာဉ်များ၏ ကြောက်မက်ဖွယ်ရာ တိုက်ခိုက်ပုံကို ပြော၍မကုန် ဖြစ်နေကြ၏။*

*ရွှေ့တန်းစစ်မျက်နှာသို့ သွားရာလမ်းတစ်လျှောက်လုံးတွင် မီးလောင် ပျက်စီးကာ ချောက်ထဲသို့ထိုးကျနေသော ကားများဖြင့် ပြည့်နှက်နေလေ တော့သည်။ ကားမောင်းရဲဘော်များ၏ ကိုယ်ခန္ဓာများမှာလည်း ရန်သူ့ လေယာဉ်မှုပစ်ခတ်မှုကြောင့် ဆန်ကာပေါက်လို ဖြစ်နေတော့သည်"*

ဟု စိတ်မသက်မသာနှင့် ရေးသားထားခဲ့သည်ကို တွေ့ရ၏။

ဂျပန်များထံမှ ထောက်လှမ်းရရှိသော သတင်းတစ်ရပ်အရ ဂျပန် တို့၏ ကြည်းတပ်မ (၃)ခုက အင်ဖာအား ကုန်းကြောင်းချီတက်၍ တိုက် ခိုက်နေစဉ် ဂျပန်တို့၏အမှတ် (၅)လေတပ်မဟာမှာ မြန်မာပြည်ထဲတွင် "ခွေ"၍ နေခဲ့သည်ဟု ဆိုလေသည်။

တပ်မသုံးခုကို ဦးစီးတိုက်ခိုက်ရသော ဗိုလ်ချုပ် (၃)ဦးက လေတပ် မှ အကူအညီပေးရန် တကြော်ကြော်အော်ဟစ်၍တောင်းဆိုနေစဉ် အင်ဖာ တိုက်ပွဲကြီးတစ်ခုလုံးကို ကွပ်ကဲနေသော ဗိုလ်ချုပ်ကြီးမုတ္တာဂူချိက လေ ကြောင်းမှ ကူ၍တိုက်ပေးရန် မလိုဟု ဆုံးဖြတ်ခဲ့လေသည်။

အမှတ်(၅)လေတပ်၏ဦးစီးဖြစ်သူ ဗိုလ်ချုပ်တာဇိုကလည်း သူ့လေတပ်မှာ အင်္ဂလိပ်တို့၏လေတပ်အင်အားနှင့် မယှဉ်သာနိုင်အောင် လျော့နည်းနေကြောင်းသိရှိနေသည့်အတွက် လေကြောင်းမှ ရိက္ခာထောက်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းမပြုခဲ့သလို လေတပ်မှ ကြည်းတပ်များအား ကူ၍ ဗုံးကြဲတိုက်ခိုက်ပေးခြင်းလည်း မပြုခဲ့ဟု ဆိုလေသည်။

ရန်သူ့ကြည်းတပ်များကအင်ဖာရှိ ဗိုလ်ချုပ်ကြီးစကွန်း၏ အမှတ်(၄)တပ်မကြီးကို ဝိုင်းထားစဉ် ဗင်ဆင်၏လေတပ်နှင့် အမေရိကန်လေတပ်ကစစ်ကူလာသည့် စစ်သည်တော် (၁၂၀၀၀)ကို တစ်ဖွဲ့စီလီ၍ သယ်ယူပေးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသော စစ်သည်တော် (၁၀၀၀၀)ကို အင်ဖာမှ အိန္ဒိယပြည်မသို့ တင်ယူသွားနိုင်ခဲ့သည်။

ရန်သူကို ကြံ့ကြံ့ခံတိုက်ခိုက်နေသော စစ်သည်တော်များအတွက် သကြားတန်ချိန် (၄၂၃)၊ ဆန်တန်ချိန် (၉၁၉)၊ ဆေးရုံမှ လူနာများအတွက် ကြက်အရှင်တောင်ရေ (၅၀၀၀)၊ ကြက်ဥ (၂၇၅၀၀)၊ ဗီတာမင်ဆေးလုံး (၅၂၅၀၀၀၀)၊ လားနှင့်မြင်းစာအတွက် တန်ချိန် (၁၃၀၃)၊ ဓာတ်ဆီနှင့် စက်ဆီဂါလန်ပေါင်း (၈၃၅၀၀၀)၊ အင်္ဂလန်မှ ချောစာအိတ်ကြီးပေါင်း (၁၂၀၀၀)၊ စီးကရက်ဘူးပေါင်း(၄၃၄၇၅၇၆၀)နှင့် စုစုပေါင်း ရာရှင်ပေါင်ချိန်(၁၄၃၁၇၀၀၀)ကို လေကြောင်းမှနေ၍ ထောက်ပံ့နိုင်ခဲ့လေသည်။

◆◆◆

## (၁၃)

ရေရှည်ဆွဲ၍တိုက်ရသော စစ်ပွဲအချို့၌ တိုက်ပွဲဒီရေသည် ထိုးစစ်ဆင်လာသူအတွက်သော်လည်းကောင်း၊ ခံစစ်ပြုနေရသူအတွက်သော်လည်းကောင်း ကစ်ဖက်ဖက်အတွက် ပင်း၍တက်တတ်သော အချိန်အခါရှိတတ်သည်။ ဤအချိန်အခါမျိုးသည် စစ်ပွဲတစ်ပွဲနိဂုံးချုပ်မည့် နေ့ရက်များ များစွာလိုနေသေးသော်လည်း ဤအချိန်အခါက စစ်ပွဲ၏အရှုံးအနိုင်ကိုပိုင်နိုင်စွာ အဆုံးအဖြတ်ပေးနိုင်သော ဂုဏ်ထူးဝိသေသရှိသည်။

အင်ဖာကဲ့သို့သောရေရှည်တိုက်ပွဲ၌ ထိုးစစ်ဆင်လာသူနှင့် ခံစစ်ပြုနေသူနှစ်ဦးနှစ်ဖက်အနက် ခံစစ်ပြုနေသူဘက်မှတိုက်ပွဲဒီရေက ပင်း၍တက်လာကာ အနိုင်ကို ကြိုတင်၍ နိမိတ်ဖတ်ခဲ့သော အချိန်အခါကား (၁၉၄၄)ခု၊ ဧပြီလ (၄)ရက်နေ့တည်း။

အဘယ်ကြောင့်ဆိုသော် ဤနေ့ဤရက်ဤအချိန်ဤအခါ၌ အမှတ်(၄)တပ်မကြီး လက်အောက်တွင် ရှိနေသမျှသော တပ်မမှန်သမျှသည် အင်ဖာလွင်ပြင်တွင်လည်းကောင်း၊ လွင်ပြင်ပတ်ပတ်လည်တွင် လည်းကောင်း စုရုံးမိပြီးသားဖြစ်နေသောကြောင့်ပါတည်း။

တပ်မအားလုံး စုရုံးနေရာယူထားသော စစ်မျက်နှာမှာ မြင်းခွာပုံသဏ္ဌာန်ရှိလျက်မိုင်(၁၀၀)ခန့်ကျယ်သည်။ မြောက်ဘက်တွင် ကန်ဂလာတုန်ဘီ၊ တောင်ဘက်တွင် တီးတိန်လမ်းပေါ်၌ရှိသော တော်ဘန်အထိကျယ်၍ ကြားတွင် နန်ရှိဂန်၊ ကမန်ရှန်နန်နှင့် ရှုဂနု တိုက်ပွဲများဖြစ်ပွားလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကန်ဂလာတုန်ဘီနှင့် ကမန်တွင်နေရာယူထားသော ဘရစ်ချ်၏ အမှတ် (၅)တပ်မဟာက မြောက်ဘက်နှင့် အရှေ့မြောက်ဘက်မှ ထိုးစစ်ဆင်နေသော ရန်သူများကို တွန်းလှန်တိုက်ခိုက်နေစဉ် . . .

ဂရေဆီ၏ အမှတ် (၂၀)တပ်မက ရှန်နန်တွင် အခြေစိုက်တပ်စွဲကာ အင်ဖာလွင်ပြင်သို့ တမူးနှင့် အရှေ့တောင်ဘက်အရပ်မှ ဝင်ရောက်ရန်လုံးပန်းနေသော ရန်သူများကိုတိုက်ခိုက်၍လည်းကောင်း၊ ရောဘတ်၏ အမှတ် (၂၃)တပ်မက တောင်ဘက်စစ်မျက်နှာမှတက်လာသော ရန်သူများကို ပြင်းပြင်းထန်ထန် ချေမှုန်း၍လည်းကောင်း ရှိနေကြ၏။

ကိုဝင်၏အမှတ် (၁၇)တပ်မမှာမူ တီးတိန်မှဝိုင်းထားသော ရန်သူကိုဖောက်ထွက်လာပြီးနောက် တိုက်ပွဲတစ်လျှောက်တွင် ရရှိခဲ့သော ဒဏ်ရာဒဏ်ချက်များကို ဆေးဝါးကုသရင်း အင်ဖာလွင်ပြင်တွင်ပင် အရန်တပ်အဖြစ် အပန်းဖြေနေသည်။

ရန်သူက အင်ဖာ-ကိုဟီးမားလမ်းကို မတ်လ (၂၉)ရက်နေ့ည (၈) နာရီခွဲအချိန်တွင် ဖြတ်တောက်ပစ်လိုက်သည့်အချိန်မှစ၍ အင်ဖာနှင့် လွင်ပြင်ပတ်ဝန်းကျင်တွင် တပ်စွဲလျက်ရှိသော တပ်မ (၄)ခုမှ လူများ၊ လားများ၊ အမြောက်များ၊ မော်တော်ကားများ၊ တင့်ကားများ၊ သေနတ်များကို နေ့စဉ်လှုပ်ရှားနေနိုင်စေရန်အတွက် လေကြောင်းတစ်ခုတည်းဖြင့်သာ ရိက္ခာထောက်နေရတော့သည်။

ဤမျှအင်အားကြီးမားသော တပ်ဖွဲ့ကြီးတစ်ခုလုံးကို ဤသို့လေကြောင်းမှချည်း ရိက္ခာထောက်၍ စစ်တိုက်ခဲ့စေသောဖြစ်ရပ်မှာ ကမ္ဘာ့စစ်သမိုင်းတွင် ယနေ့အထိ ဤတစ်ခါသာ ကြုံဖူးသေးသည်။

အင်္ဂလိပ်တပ်များကို လေကြောင်းမှရိက္ခာထောက်နေသော်လည်း ရန်သူဂျပန်များအတွက်မူ ဤသို့လေကြောင်းမှရိက္ခာထောက်ပေးရန် အစီအစဉ်မရှိ။အင်ဖာတိုက်ပွဲကိုဆင်နွှဲရန် အပူတပြင်းလှုံ့ဆော်ပေးခဲ့ပြီးနောက် အင်ဖာတိုက်ပွဲကို ကွပ်ကဲနေရသော ဗိုလ်ချုပ်ကြီးမတ္တာဂူချီသည် တော





အတန်တန် တောင်အထပ်ထပ်ကို ကျော်ဖြတ်၍ ချီတက်လာရသော သူ့တပ်မများအတွက် လေကြောင်းဖြင့် ရိက္ခာထောက်ရေးကို စီစဉ်၍မပေးခဲ့။

ဂျပန်စစ်သည်တော်များသည် မိမိတို့ရိက္ခာကို မိမိတို့သယ်၍လည်းကောင်း၊ ရောက်လေရာ ဒေသ၊ ပေါက်လေရာရွာတိုင်းတွင် စစ်အမိန့်ဖြင့် ရိက္ခာရှာဖွေ၍လည်းကောင်း မိမိတို့ ဝမ်းစာရေးပြဿနာကို မိမိတို့ဖာသာ ဖြေရှင်းကြရသည်။

ထို့ပြင် ဖျားနာသူ၊ ဒဏ်ရာရသူများအား ဂျပန်တို့ခြေကုပ်ယူထားသည့် မြန်မာပြည်သို့ပြန်၍ သယ်ယူသွားရန်လေယာဉ်လည်း မရှိ။ အလျှင်စလို ပြုပြင်ထားသော တောလမ်းတောင်လမ်းများမှနေ၍ မပြောစလောက်သောလတ်ဆတ်သည့်ရိက္ခာနှင့် ခဲယမ်းအချို့ရောက်လာတတ်ပြီး ဒဏ်ရာပြင်းထန်သူများကို အထမ်းသမားများဖြင့် ထုတ်ယူသွားတတ်ကြသည်။

မိုးဖြိုင်ဖြိုင်ကျရန်လည်း တစ်လလောက်သာ လိုတော့သည်။

မည်သို့ပင်ဖြစ်စေ မတ္တာဂူချီကမူ အင်ဖာသည်တိုတောင်းလှသော အချိန်အတွင်းတွင်ပင် မလွဲမသွေ သူ့လက်ခုပ်ထဲမှရေ ဖြစ်လာရမည်ဟု စွဲစွဲမြဲမြဲ ယုံကြည်လျက်ပင်ရှိနေသည်။

အင်ဖာကိုသာသိမ်းမိလျှင် ယခုမျက်မှောက်ပြုနေရသော အုပ်ချုပ်ရေးဆိုင်ရာအခက်အခဲမှန်သမျှတို့သည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ပြေပျောက်ပြီးသား ဖြစ်နေပေတော့မည်။ အင်ဖာတွင် သူ၏ဂျပန်တပ်မတော်ကြီး စားနိုင်သည်ထက်ပိုနေသော ရိက္ခာများ၊ အသုံးပြုရန်လိုသည်ထက် ပိုနေသော ယာဉ်ရထားများ ရှိနေသည် မဟုတ်ပါလား။

ဂျပန်ဗိုလ်ချုပ်ကြီး မတ္တာဂူချီက သူ့တွက်ကိန်းနှင့်သူ ဟန်နေစဉ် အင်္ဂလိပ်ဗိုလ်ချုပ်ကြီးစကွန်းကလည်း မိမိအစီအစဉ်နှင့် မိမိ အသက်ရှူကွက်လေး တစ်ကွက်ရလာသည်ကို သတိပြုမိသာသည်။

စကွန်းအဖို့ အခက်အခဲပေါင်း၊ အကျပ်အတည်းပေါင်း၊ ပြဿနာပေါင်းများစွာရှိနေစေကာမူ သူနှင့် အမှတ် (၁၄)တပ်မတော်ကို အုပ်ချုပ်



www.burmeseclassic.com

www.burmeseclassic.com



နေသော ဗိုလ်ချုပ်ကြီးဆလင်းတို့ သဘောတူရေးဆွဲခဲ့သော အစီအစဉ်တွင် နံပါတ်တစ် ဖြစ်သော တက်လာသောရန်သူအား ကန့်သတ်သော ထိုးစစ်ကို ထိုးပြီးနောက် တပ်အားလုံးကို အင်ဖာလွင်ပြင်တွင် စုစည်းထားရန်ဟူသော အစီအစဉ်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်လေသည်။

ထို့ကြောင့် ထိုးစစ်ဆင်လာသော ရန်သူအား ချေမှုန်းသုတ်သင်ရန်ဆိုသော နံပါတ်နှစ် အစီအစဉ်ကို မည်ကဲ့သို့အကောင်အထည်ဖော်ရမည်ကိုသာ စကွန်းအဖို့ စဉ်းစားရန်လိုတော့သည်။

ဖမ်းဆီးရမိသော စာရွက်စာတမ်းများ၊ ခဲတံအနီအပြာများ တေးထားသော ရန်သူ့မြေပုံများ၊ သုံ့ပန်းများထံမှ မေးမြန်းဖြေကြားချက်များနှင့် စုံစမ်းထောက်လှမ်းချက်များအရ ရန်သူ၏အင်အား၊ ရန်သူ၏အခြေအနေ၊ ရန်သူ၏လှုပ်ရှားမှုနှင့် ရန်သူ၏ရည်ရွယ်ချက်များကို အတန်ပင် ထင်ထင်ရှားရှား သိလာရပြီဖြစ်၏။

အင်ဖာတောင်ဘက်တွင် ရန်သူဂျပန်တို့၏ အမှတ် (၃၃)တပ်မသည် ကိုဝင်၏အမှတ် (၁၇)တပ်မ၊ ရောဘတ်၏အမှတ် (၂၃)တပ်မ တို့၏လက်ချက်ကြောင့် အတော်ပင်အထိနာနေခဲ့ပြီဖြစ်သည်။

သို့တိုင်အောင် ရန်သူ့တပ်မမှာ. . အင်အားရှိမြဲရှိနေသေးလျက်နောက်ထပ် စစ်ကူတပ်များသာရရှိမည်ဆိုလျှင် တိုတောင်းလှသော အချိန်အတောအတွင်း ရှေ့တန်းစစ်မျက်နှာသို့ထွက်၍ တိုက်ခိုက်နိုင်မည့် အခြေအနေရှိနေသည်။

ရန်သူ၏ အမှတ် (၁၅)တပ်မမှာမူ အင်ဖာမြောက်ဘက်ရှိ ကန်ဂလာတုန်ဘီနှင့် အရှေ့မြောက်ဘက်ရှိ လီတန်အကြားတွင် ပြန့်လျက်ရှိသည်မှာ ထင်ရှားလှသည်။

၎င်းတပ်မတွင် တပ်ဖွဲ့နှစ်ခုသာ အင်ဖာစစ်မျက်နှာသို့ ရောက်ရှိနေပြီး ကျန်တပ်ဖွဲ့တစ်ခုမှာ အင်ဖာသို့ချီတက်လာဆဲပင် ရှိနေသေးသည်။





အမှတ် (၁၅)တပ်မ၏ဌာနချုပ်ကို ရှေ့တန်းစခန်းတစ်ခုဖြစ်သော ကဘုန်ရွာတွင် ချထားခြင်းကိုထောက်၍ ရန်သူသည် ၎င်းဘက်မှနေ၍ မကြာမီ ထိုးစစ်ဆင်လာတော့မည်ဟု အကဲခတ်ရသည်။

ရန်သူ၏အမှတ် (၃၁)တပ်မ မည်သည့်နေရာသို့ရောက်နေသည်ကို ထင်ထင်ရှားရှား မသိရသေးသော်လည်း ထိုတပ်မမှာ ကိုဟီမားကိုသာ တိုက်ခိုက်သိမ်းယူရန် ညွှန်ကြားထားကြောင်း သိရှိရသည်။ ထောက်လှမ်းရရှိချက်များအနက် စိတ်ဝင်စားဖွယ်ကောင်းသော အချက်တစ်ချက်မှာ ရန်သူ၏ထိုးစစ်အစီအစဉ်တွင် အင်္ဂလိပ်တို့၏ ဆက်သွယ်ရေးလမ်းကြောင်းများကိုသာ အဓိကပစ်မှတ်အဖြစ် သတ်မှတ်ထားချက်ပင်ဖြစ်၏။

အခြားစိတ်ဝင်စားဖွယ်ကောင်းသော အချက်တစ်ချက်မှာ ရန်သူ့တပ်မှူးများအား လက်ဝဲနှင့် လက်ယာတောင်ပံများတွင် မည်သို့ပင်ဖြစ်နေစေကာမူ သတ်မှတ်ထားသော ပစ်မှတ်ဆီသို့သာ အရောက်ချီတက်ရမည်ဟု အမိန့်ပေးထားချက်ပင်ဖြစ်၏။

ဂျပန်ဗိုလ်ချုပ်ကြီးမတ္တာဂုချိက အင်္ဂလိပ်တို့၏ဆက်သွယ်ရေးလမ်းကြောင်းများကို ဖြတ်တောက်ပစ်လိုက်သည်နှင့်တစ်ပြိုင်နက် အင်္ဂလိပ်နှင့်အင်္ဂလိပ်လက်အောက်ရှိ အိန္ဒိယတပ်များ၊ ဂေါ်ရခါးတပ်များသည် အင်ဖာမှ အိန္ဒိယပြည်မကြီးဆီသို့ ရောက်ရာပေါက်ရာ တောလမ်းတောင်လမ်းများဖြင့် ဆုတ်ခွာသွားကြလိမ့်မည်ဟု ယုံကြည်ခဲ့ကြောင်းမှာ ထင်ရှားလှသည်။

သို့သော် မတ္တာဂုချိ ယုံကြည်မျှော်လင့်ထားခဲ့သလို အင်္ဂလိပ်နှင့်အင်္ဂလိပ်လက်အောက်ရှိ တပ်များက အင်ဖာမှဆုတ်ခွာ၍သွားကြသော အခါ မတ္တာဂုချိသည် သူ၏ထိုးစစ်အစီအစဉ်ကို ပြန်လည်သုံးသပ်၍ အစီအစဉ်သစ်များပြုလုပ်လေမည်လား။

နောက်ထပ်စုံစမ်းရရှိသော သတင်းများအရ အချို့သော ဂျပန်တပ်မှူးများသည် သူတို့၏အင်ဖာထိုးစစ်ကြီး အရှုံးနှင့် ရင်ဆိုင်နေရပြီဖြစ်ယခုအချိန်တွင် စတင်ရိပ်စားမိလာကြသည့်အလျောက် သူတို့နှင့်ရင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



နေရသော အင်္ဂလိပ်များအား တတ်နိုင်သလောက် သတ်ဖြတ်ပစ်ကြရန် စိတ်ကူးပေါက်လာကြကြောင်း သိရသည်။

ဤထောက်လှမ်းရရှိချက်များအရ ရန်သူသည် အင်္ဂလိပ်တို့၏ ဆက်သွယ်ရေးလမ်းကြောင်းမှန်သမျှကို ပိုက်စိပ်တိုက်၍ ပြင်းပြင်းထန်ထန် လိုက်လံတိုက်ခိုက်လာရုံမက အင်္ဂလိပ်စစ်တပ်ကြီး ထက်ဝက်ခန့်ပြုန်းသွားအောင်လည်း ချေမှုန်းလာကာ အင်္ဂလိပ်တို့က မိုးရာသီစစ်ဆင်ရေး မလုပ်နိုင်အောင် ဖြစ်သည့်နည်းဖြင့် ဟန့်တားကြတော့မည်ကို ဗိုလ်ချုပ်ကြီး စကွန်းက တွက်ချက်မိလာသည်။

ယခုအချိန်၌ ရန်သူ့တပ်များသည် ရိက္ခာအခက်အခဲနှင့် မတွေ့ရသေး။ သို့သော် ခဲယမ်းမီးကျောက်များပြတ်သည့် အခက်အခဲနှင့်မူ မကြာမီတွေ့ရတော့မည်ဟု စကွန်းက ယူဆထားသည်။

ထို့ကြောင့် ရန်သူတို့၏ထိုးစစ်ကြောင်းကြီး (၃)ကြောင်းအနက် အလယ်ကြောင်းချီ အမှတ် (၁၅)တပ်မအား ပထမဆုံးပစ်မှတ်အဖြစ် သတ်မှတ်ကာ ချေမှုန်းရန်အချိန်ရောက်လာပြီဟု ဗိုလ်ချုပ်စကွန်းက ဆုံးဖြတ်လိုက်၏။

သို့သော် တီးတိန်-အင်ဖာလမ်းတစ်လျှောက်တွင် ဝိုင်းထားသော ရန်သူကိုဖောက်၍ထွက်ခဲ့ရာ၌ ထိခိုက်ကျဆုံးဒဏ်ရာရခဲ့သူပေါင်း (၁၂၀၀) ခန့်ရှိနေခဲ့သော ကိုဝင်၏အမှတ် (၁၇)တပ်မကို ပြန်၍နာလန်ထူနိုင်အောင်လည်း စောင့်ရဦးမည်။

သို့ဖြစ်၍ ရန်သူအား အပြီးသတ်ချေမှုန်းရေးတိုက်ပွဲကို ဧပြီလ (၁၂)ရက်နေ့ထက်စော၍ စ,နိုင်မည်မဟုတ်။

အပြီးသတ် ချေမှုန်းရေးတိုက်ပွဲကို . . ဧပြီလ (၁၂)ရက်နေ့တွင် စသည့်တိုင် အင်ဖာကို ရန်သူကအလစ်တွင် ဝင်မစီးနိုင်ရန်အတွက် တပ်မ (၂)ခုသည် အင်ဖာတွင် အမြဲရှိနေရမည်ဖြစ်ပြီး ကျန်တပ်မ (၂)ခုကိုသာ အင်ဖာလွင်ပြင် အပြင်ဘက်သို့ထွက်၍ တိုက်ခိုက်စေမည်ဖြစ်သည်။





ဤသို့တိုက်ခိုက်ရာ၌ ရန်သူသည် ယခုရှိနေသော တောထဲတောင်ထဲတွင်သာ ရှိနေမည်ဖြစ်ရာ တပ်မ (၂)ခုတွင်ပါဝင်သော တပ်မဟာများသည် မော်တော်ယာဉ်သယ်ယူပို့ဆောင်ရေးမှ လားဝန်တင်သယ်ယူပို့ဆောင်ရေးသို့ ပြောင်းလာရမည်ဖြစ်ကာ အကယ်၍လိုအပ်ပါက လေကြောင်းဖြင့် သယ်ယူပို့ဆောင်ရေးကိုချည်း အားကိုးရတော့မည်ဖြစ်၏။

သို့မှသာ ဆက်သွယ်ရေးလမ်းကြောင်းများကို ဖြတ်တောက်နေကျ ရန်သူများ မည်သို့မျှအနှောင့်အယှက်အပေးနိုင်ဘဲ ဖြစ်နေပေမည်။

အင်ဖာတွင်ရှိနေမည့် တပ်မ (၂)ခုနှင့် အင်ဖာအပြင်သို့ထွက်၍ တိုက်မည့် တပ်မ (၂)ခု၏ ရိက္ခာပြဿနာကိုစဉ်းစားရာ၌ တပ်မ (၄)ခုအား ယခုပေးနေကျ အပြည့်အဝပေးနေသည့် စံချိန်အတိုင်း ဆက်၍ပေးမည်ဆိုပါက မေလ (၅)ရက်နေ့အထိ လုံလုံလောက်လောက်ကြီး ပေးနေနိုင်သည်။ အပြည့်အဝပေးနေသည့်စံချိန်အတိုင်း မဟုတ်ဘဲ ထက်ဝက်သာ ပေးမည်ဆိုပါက တပ်မ (၄)ခုသည် မေလ(၁)လလုံး ကုန်သည်အထိ ယခုရှိနေသော ရိက္ခာကိုစားသွားနိုင်မည်ဖြစ်၏။

ဗိုလ်ချုပ်ကြီးစကွန်းသည် နောက်ထပ်ရိက္ခာမလိုဘဲ မေလ(၁)လလုံး စားသွားနိုင်မည့် အစီအစဉ်ကို ရွေးချယ်လိုက်သည်။

ရန်သူ့ဘက်တွင် ကြုံတွေ့လာရမည့် ရိက္ခာပြဿနာကို မှန်းဆ၍ ကြည့်လိုက်သောအခါ ရန်သူသည် အရပ်ရပ်တွင် တပ်ဖြန့်၍စားမည်ဆိုပါက နီးစပ်ရာကျေးရွာများမှ စားနပ်ရိက္ခာများကို ဧပြီလကုန်သည်အထိ လုံလုံလောက်လောက် ရနေနိုင်စရာရှိသည်။ ဧပြီလကုန်၍မှ အင်ဖာကို မသိမ်းနိုင်လျှင် ရန်သူသည် ရိက္ခာအတွက် အခက်ကြီးတွေ့ရတော့မည်မှာ သေချာသည်ဟု တွက်၍ရသည်။

ဗိုလ်ချုပ်ကြီးစကွန်းသည် ဤကဲ့သို့သော အကြောင်းအချက်အမျိုးမျိုးကို တွက်ဆပြီးနောက် အမှတ် (၁၇)နှင့် အမှတ် (၂၀)တပ်မအား အင်ဖာလွင်ပြင်တွင် အစောင့်ထား၍ အမှတ် (၅)နှင့် အမှတ် (၂၃)တပ်မ



www.burmeseclassic.com

www.burmeseclassic.com



(၂)ခုအား ရန်သူ၏အဓိက စစ်ကြောင်းကြီးဖြစ်သောအမှတ်(၁၅)တပ်မကို အင်ဖာလွင်ပြင်အမြှင်ဘက်သို့ ထွက်၍တိုက်ရန် ဆုံးဖြတ်လိုက်သည်။

အမှတ် (၁၇)နှင့် အမှတ် (၂၀)တပ်မ(၂)ခုသည် ရှန်နမ်မှ တီးတိန်-အင်ဖာလမ်းပေါ်ရှိ ဘီရှန်ပူတောင်ဘက်အထိ ကျယ်သော အင်ဖာလွင်ပြင်စည်းဝိုင်းကို တင့်ကားတပ်အချို့နှင့်အတူ လှည့်လည်လှုပ်ရှားနေသော တပ်မဟာတစ်ခုဖြင့် စောင့်ကြပ်ကာကွယ်နေရမည်ဖြစ်သည်။

အမှတ် (၅)နှင့် အမှတ် (၂၃)တပ်မ(၂)ခုတို့အနက် အမှတ် (၅) တပ်မသည် အင်ဖာမြောက်ဘက်ရှိ အင်ဖာ-ကိုဟီမားလမ်း တစ်ဖက်တစ်ချက်တွင် နေရာယူထားသော ရန်သူအမှတ် (၁၅)တပ်မမှာ တပ်များကို လိုက်လံချေမှုန်းရန်လည်းကောင်း . . .

အမှတ် (၂၃)တပ်မသည် အင်ဖာအရှေ့မြောက်ဘက်ရှိ လီတန်နှင့် ဥခရယ်မှ ရန်သူအမှတ် (၁၅)တပ်မကို ဖယ်ရှားပစ်ရန်လည်းကောင်း တာဝန်ယူရသည်။

ဗိုလ်ချုပ်ကြီးစကွန်းက သူ၏အပြီးသတ် ချေမှုန်းရေးတိုက်ပွဲ အစီအစဉ်ကို စ,ပင်မစ,ရသေးမီ ရန်သူသည် ထိုအစီအစဉ်ကြီး တစ်ခုလုံးကို ပျက်သုဉ်းသွားနိုင်လောက်သော ထိုးစစ်တစ်ခုကို အံ့ဩလောက်အောင် ဆင်နွှဲလာလေသည်။

ဖြစ်ရပုံကား ဤသို့တည်း။

ရန်သူ၏အမှတ် (၃၁)တပ်မမှ လက်ဝဲစစ်ကြောင်းသည် သံဂဟတ်တွင် အင်္ဂလိပ်တပ်များနှင့် တိုက်ပွဲအပြင်းအထန် ဖြစ်ပွားနေစဉ် အမှတ် (၃၁)တပ်မသည် သူ၏ပစ်မှတ်ဖြစ်သော ကိုဟီမားသို့လမ်းတွင် တွေ့ရသော အတားအဆီးများကို ဖယ်ရှားရင်း ချီတက်လျက်ရှိသည်။

ကိုဟီမားစစ်မျက်နှာနှင့်ပတ်သက်၍ ဖေဖော်ဝါရီလအတွင်းက ဗိုလ်ချုပ်ကြီးစကွန်း တွက်ချက်ထားခဲ့သည့် အချက်အလက်များမှာ ယခုအချိန်တွင် မြင်းကောင်းခွာလိပ်ဖြစ်နေသည်ကို တွေ့လာရ၏။





ဗိုလ်ချုပ်ကြီးစကွန်းသည် ကိုဟီမားစစ်မျက်နှာသို့ရောက်လာနိုင်မည့် ရန်သူ့အင်အားကို တွက်ချက်ခဲ့ရာ၌ မှားယွင်းစွာတွက်ချက်မိခဲ့လေသည်။

ချင်းတွင်းမှ ကိုဟီမားသို့ တိုက်ရိုက်ရောက်နိုင်သော ခရီးအကြားတွင် လမ်းဟူ၍မရှိဘဲ တောများ၊ တောင်များ၊ ချောင်းများသာ အဆင့်ဆင့်ကာဆီးလျက်ရှိသည်။ တောကျွမ်းပါသည်ဆိုသောဂျပန်တို့သည် ဤကန္တာရခရီးကြမ်းမှ လှမ်း၍တက်လာမည်ဆိုလျှင် တပ်မဟာတစ်ခုစာလောက်သာ ဖျစ်ဖျစ်ညှစ်ညှစ်မြည်အောင်တက်လာနိုင်မည် ဟု ဗိုလ်ချုပ်ကြီးစကွန်းက တွက်ချက်ထားခဲ့၏။

သို့သော် ဤကန္တာရခရီးကြမ်းမှ လှမ်းတက်ကာ ကိုဟီမားစစ်မျက်နှာသို့ရောက်လာသည့် ရန်သူ့အင်အားမှာ တပ်မတစ်ခုစာလောက်ပင် ရှိနေသည်ကို အံ့ဩစွာတွေ့ရတော့၏။

အမှတ် (၃၁)ဂျပန်တပ်မသည် တပ်ကြီးတစ်ခုလုံးလိုပင် ကိုဟီမားကို ခြိမ်းခြောက်နေပေပြီ။

မတ်လ (၃၀)ရက်နေ့တွင် အမှတ် (၃၁)တပ်မသည် ကိုဟီမားနှင့် မိုင်အနည်းငယ်သာကွာသော မြို့တောင်ဘက်သို့ ရောက်လာပြီးနောက် အင်ဖာ-ကိုဟီမားလမ်းကို ဖြတ်တောက်ပြီး ဖြစ်နေသည်။ ဤတပ်မသည် လမ်းတစ်ဖက်တစ်ချက်တွင် တပ်စွဲပြီးနောက် ကိုဟီမားကို ချက်ချင်းပင် ဆက်၍တိုက်သည်။ သို့သော် ဧပြီလ (၈)ရက်နေ့မှအစပြု၍သာ အပြင်းထန်ဆုံးသော ထိုးစစ်ကို ဆင့်ကဲဆင့်ကဲဆင်နွှဲလာသည်။

အမှတ် (၃၁)တပ်မ၏တောင်ဘက် တောင်ပံတွင်ရှိနေသော ဂျပန်အမှတ် (၁၅)တပ်မမှ တပ်အချို့သည် သံဂဟတ်တိုက်ပွဲတွင် စွယ်ယောင်ပြသဘောဖြင့် ပါဝင်ပြီးနောက် လီတန်သို့ဆက်၍ ချီတက်သွားသည်။

လီတန်တွင် အမှတ် (၅)တပ်မမှ ဒုတိယတပ်ရင်းတစ်ရင်းက ဘတ်နိုင်သမျှ ကာကွယ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်ချာပီစစ်သားများပါသော ဤတပ်ရင်းမှာ ရခိုင်စစ်မျက်နှာမှ အင်ဖာသို့ ပထမဆုံးလေကြောင်းဖြင့် ချီတက်လာသောတပ်ရင်းဖြစ်သည်။ မကြာမီပင် ဤတပ်ရင်းက တပ်တစ်တပ်အဖြစ် ပါဝင်နေသော အမှတ် (၁၂၃) တပ်မဟာသည် ရခိုင်မှ ရောက်လာသော လီတန်နှင့် (၁၂)မိုင်အကွာရှိ ယန်ဂါပိုကီတွင် နေရာယူလိုက်၏။

လီတန်မှတပ်ရင်းသည် တတ်နိုင်သလောက် ကာကွယ်ပြီးနောက် ရန်သူ့အင်အားက အဆမတန်များနေသောကြောင့် အမှတ် (၁၂၃)တပ်မဟာရှိရာသို့ ဆုတ်လာသည်။

ရန်သူက နောက်မှထက်ကြပ်မကွာလိုက်လာခြင်းမရှိသဖြင့် တပ်မဟာသည် ကမန်ချောင်တွင် အခိုင်အမာတပ်စွဲရန် အချိန်ရသွားလေသည်။

ကမန်ချောင်သည် အကျဉ်းဆုံးနေရာ၌ပင် ကိုက် (၈၀၀)ကျယ်နေသည်။ ဤကမန်ချောင်ကို ဥခရုယ်မှ လာသော လမ်းကဖြတ်သွားသည်။ ကမန်ချောင် တစ်ဖက်တစ်ချက်တွင် ကျောက်ခဲကဲ့သို့မာနေသော လယ်တောကြီးများရှိနေ၏။

လူနေအိမ်ခြေ (၁၀)အိမ်၊ (၁၅)အိမ်လောက်သာရှိနေခဲ့သော ကမန်ရွာကလေးတွင် ယခုအချိန်၌ (၁)အိမ်၊ (၂)အိမ်ခန့်သာ ကျန်နေတော့၏။ လယ်ကောကြီးထဲတွင် ကျွဲ၊ နွားနှင့် ကြက်၊ ဘဲအချို့မှာ လွတ်လွတ်လပ်လပ်ကြီး အစာရှာစားနေကြသည်။

ကမန်ချောင်တစ်ဖက်တစ်ချက်ရှိ တောင်များပေါ်မှမျှော်ကြည့်လိုက်လျှင် ယန်ဂါပိုကီ ဟိုမှာဘက်ရှိ အရပ်ဒေသများကို ရှင်းရှင်းကြီးမြင်နေရသည်။ တောင်များပေါ်တွင် မြက်ပင်ရှည်ကြီးများဖုံးလွှမ်းနေပြီး သစ်ပင်အနည်းငယ်သာရှိသည်။ သို့သော် ဤတောင်များပေါ်မှနေ၍ မြောက်ဘက်သို့ တက်လာသည်ဖြစ်စေ၊ တောင်ဘက်သို့ဆင်းလာသည်ဖြစ်စေ သစ်တောမှာ ပို၍ထူလာသည်ကို တွေ့ရမည်ဖြစ်၏။





ကမန်ချောင်တောင်ဘက်ရှိ တောင်များပေါ်တွင် ဒုဗိုလ်မှူးကြီး ဝုဖ်ဦးစီးသော တပ်ရင်းကနေရာယူထားပြီး မြောက်ဘက်ရှိတောင်များပေါ်တွင် ဒုဗိုလ်မှူးကြီးဟော့ကင်း အုပ်ချုပ်သော တပ်ရင်းက နေရာယူထားသည်။

ကမန်ချောင်အတိုင်း ချီတက်လာရမည့် ရန်သူဂျပန်များအတွက် ပို၍ အခက်အခဲတွေ့စေရန် ကမန်ချောင်တောင်ဘက်နှင့် မြောက်ဘက်ကိုဖြတ်လျက် အလွန်ထူထပ်၍ အလွန်ရှည်လျားမြင့်မားသော သံဆူးကြိုးအတားအဆီးကို စိုက်ထူထားသည်။

သံဆူးကြိုး အတားအဆီးသို့ ချဉ်းကပ်သည့်နေရာများတွင် မြေမြှုပ်ဗုံးများ၊ ခလုတ်တိုက်ဗုံးများ၊ အနှံ့အပြားချထားပြီး သံဆူးကြိုးထိပ် တစ်ဖက်တစ်ချက်တွင် စက်သေနတ်သမားများကို ထူထူကြီးချထားသည်။

သံဆူးကြိုး အတားအဆီး၏နောက်ဘက် (၂)မိုင်ကွာ လမ်းဘေးတစ်ဖက်တစ်ချက်တွင်လည်း အခိုင်အမာတပ်စွဲထားသော တပ်တစ်တပ်သည် တောထဲ၌ ကိုယ်ယောင်ဖျောက်လျက်ရှိနေ၏။ ဤစခန်းသို့ လီတန်မှ တပ်ရင်းရောက်ရှိလာလေသည်။

ဤစခန်း၏ နောက်ဘက်တွင် အမှတ် (၁၂၃)တပ်မဟာ၏ ဌာနချုပ်ကို ဖွင့်လှစ်ထားလေသည်။

ဌာနချုပ်တွင် အမြောက်တပ်၊ အင်ဂျင်နီယာတပ်၊ တင့်ကားတပ်နှင့် မြင်းတပ်မှ တပ်ဖွဲ့ အသီးသီးရှိနေသည်။ စစ်မြေပြင်သူနာပြုစခန်းကို ကျင်းနက်နက်တူးကာ အပေါ်မှ ဗုံးဆန်မှန်၍ မပေါက်ကွဲနိုင်သော အကာအကွယ်များဖုံးထားသည်။ အမျိုးမျိုးသော မိုင်းဗုံးများက ဌာနချုပ်စည်းဝိုင်းကို ရန်သူချဉ်းကပ်၍မလာနိုင်အောင် ဟန့်တားထားကြသည်။

သို့သော် ဤကဲ့သို့အခိုင်အမာတပ်စွဲထားသော ကမန်ချောင်စခန်းကို ပေ (၄၀၀၀)မြင့်သော **နန်ရှိဂမ်**တောင်ကြီးက ခပ်လှမ်းလှမ်းမှနေ၍ မိုးကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သံဂဟတ်မှဆုတ်ခွာလာခဲ့ရသော အင်္ဂလိပ်တပ်များသည် ရန်သူ့တပ်များ ဆက်လက်၍ ချီတက်လာ,မလာကို အမြဲကင်းထောက်လျက်ရှိနေကြ၏။

ရန်သူအလုံးအရင်းဖြင့် တက်လာမည့်အရိပ်အယောင်ကို မမြင်ရ။

သို့သော် ဧပြီလ (၄)ရက်နေ့ ညသန်းခေါင်သို့ ရောက်လာသည့်အခါတွင်ကား ကမန်ချောင် တောင်ဘက်တွင်တပ်စွဲထားသော တပ်ရင်းဆီမှ သေနတ်သံများ ပြင်းပြင်းထန်ထန် ပေါ်ထွက်လာတော့၏။

မကြာမီပင် ဌာနချုပ်စခန်းရှိအမြောက်တပ်အား ကူ၍ပစ်ခတ်ပေးရန် တောင်ဘက်ရှိတပ်ရင်းက မီးကျည်ဖြင့် အချက်ပြလာသည်။

ဌာနချုပ်၏အနောက်ဘက်တွင် နေရာယူထားသော အမှတ် (၂၀) အမြောက်တပ်က ချက်ချင်းပင် ရန်သူများရှိရာသို့ ပစ်ပေးသည်။

ရန်သူသည် လှိုင်းလုံးကြီးများ ဆင့်ကာဆင့်ကာ လှိမ့်၍ဝင်လာသကဲ့သို့ ကမန်ချောင်တောင်ဘက်တွင် တပ်စွဲထားသော ဝုဖ်၏တပ်ရင်းကို တိုက်သည်။

နံနက် (၃)နာရီသို့ ရောက်သောအခါ ကမန်ချောင်ကို ဖြတ်၍ကာဆီးထားသော သံဆူးကြိုးနှင့် မလှမ်းမကမ်းတွင် ရန်သူများ ကျင်းတူး၍ နေရာယူရန် ပြင်ဆင်လာသံကို ကြားလာရ၏။

မိုးလင်း၍ရန်သူများ ကျင်းတူးခဲ့သော နေရာသို့သွားကြည့်သောအခါ ရန်သူတစ်ယောက်မျှ မတွေ့ရ။ သံဆူးကြိုးအကာအကွယ်နှင့် အနီးတဝိုက်တွင်သာ ပြန့်ကျဲနေသော ရန်သူ့အလောင်းများကို တွေ့ရသည်။

သို့သော် ရန်သူ့လက်ဖြောင့်တပ်သားအချို့သည် သစ်ပင်များပေါ်တွင် ပုန်းအောင်း၍ဒုက္ခပေးနေလေသည်။ ရန်သူသည် ဝုဖ်၏တပ်ခွဲတစ်ခွဲနေရာယူထားသော တောင်ကုန်းတစ်ခု၏အစွန်းကို သိမ်းပိုက်ရန်ကြိုးစားလာပြန်သည်။ ဤအချိန်တွင်ပင် ဌာနချုပ်မှ တင့်ကားတပ်များရောက်ရှိလာသည်။





စစ်မျက်နှာအရပ်ရပ်မှ အခြေအနေအားလုံးကို အမြဲစောင့်ကြည့်နေသော အမှတ် (၅)တပ်မဦးစီးဖြစ်သူ ဘရစ်ချ်သည် ကမန်ချောင်သို့ ချက်ချင်းရောက်လာကာ ကိုက် (၃၀၀)ခန့်အကွာမှနေ၍ တိုက်ပွဲအခြေအနေကို ကိုယ်တိုင်ကိုယ်ကျလေ့လာအကဲခတ်သည်။

ရန်သူသည် တောင်ထိပ်အစွန်းတစ်ခုမှတစ်ခုသို့ ကူးပြောင်း၍ ခံစစ်ပြုလျက်ရှိရာ တင့်ကားတပ်တစ်ခုတည်းဖြင့် ဖြိုရန်ခက်နေသည်ကို တွေ့ရ၏။ ဝုဖ်၏တပ်ရင်းမှ တပ်ခွဲတစ်ခွဲသည် ရန်သူကို တောင်ထိပ်အစွန်းမှမောင်းကြရန် ကြိုးစားနေသည်။

သို့သော် ညနေ (၅)နာရီထိုးလာသည့်တိုင် ရန်သူများကြွင်းကျန်နေသေးသည်။

ဖမ်းဆီးရမိသော ဂျပန်သုံ့ပန်းတစ်ဦး၏ ပြောပြချက်အရ အမှတ် (၁၅)တပ်မမှာ ဂျပန်စစ်သား (၁၁၂)ဦး ဤတောင်ကုန်းကို တိုက်ခိုက်သိမ်းယူရန် တာဝန်ပေးခြင်းခံရသည်ဟု သိရသည်။

ပြန့်ကြဲနေသော ရန်သူ့ အလောင်း (၉၈)လောင်းကို တွေ့ရခြင်းအားဖြင့် ရန်သူ့ဘက်မှ (၁၃)ယောက်သာ အသက်ရှင်သည်ဟု ခန့်မှန်းရ၏။

အမှတ် (၅)တပ်မအတွက် ဤတိုက်ပွဲမှာ တပ်ဦးဘီလူးပါ ဆိုသလို ရန်သူတစ်ရာနီးပါးကို သုတ်သင်လိုက်နိုင်ခြင်းမှာ အင်ဖာစစ်မျက်နှာတွင် ပထမဆုံးအောင်ပွဲပင်ဖြစ်တော့သည်။

တပ်မသည် မကြာမီရက်အတွင်းပင် ဤမျှထက်ပြင်းထန်သော တိုက်ပွဲများနှင့် ရင်ဆိုင်ရတော့မည်ဆိုသည်မှာလည်း ပို၍သေချာလှတော့၏။ အဘယ်ကြောင့်ဆိုသော် ရန်သူသည် ကမန်ချောင်ကို မလွှဲမသွေကျော်ဖြတ်ကာ ချီတက်ရမည်ဖြစ်သောကြောင့်တည်း။

အမှတ် (၉)တပ်မဟာက ကမန်ချောင်တွင် တပ်စွဲနေသော အမှတ် (၁၂၃)တပ်မဟာသို့ ပြောင်းရွှေ့မလာမီကပင် ဂျပန်များသည် မိုဗွန်အနီးရှိ တောင်များတွင် နေရာယူနှင့်ပြီး ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤတောင်များသည် အင်ဖာလွင်ပြင်၏အရှေ့မြောက်ဘက်တွင် တည်ရှိပြီး အင်ဖာလွင်ပြင်ကိုစီး၍ မြင်နေရသော အနေအထားရှိသည်။

ရန်သူ့တပ်အချို့သည် မိုင်ခန်မှ ယခင်က အင်္ဂလိပ်တို့၏ရိက္ခာစခန်းဟောင်းဖြစ်သော ကန်ဂလာတုန်ဘီသို့ ဆင်းလာပြီးနောက် တိုက်ကင်းအဖွဲ့များကို အင်ဖာလွင်ပြင်အနောက်မြောက်ဘက်သို့ ရဲရဲဝံ့ဝံ့စေလွှတ်နေသည်။ အင်ဖာလွင်ပြင် အနောက်မြောက်ဘက်ရှိ တောင်များအကြားတွင် ရေကန်ကြီးတစ်ကန်ရှိရာ ထိုရေကန်မှနေ၍ အင်ဖာသို့ ရေများပေးသွင်းနေလေသည်။

ထို့ကြောင့် ရန်သူတို့၏လှုပ်ရှားမှုများမှာ များစွာစိုးရိမ်ကြောင့်ကြစရာဖြစ်နေတော့၏။ ရေကန်မှ ရေစုပ်စက်ကို စောင့်နေသူမှာ မဏိပူရလူမျိုး ဒရဝမ်ကြီးတစ်ဦးသာ ဖြစ်သည်။ သူ့တွင် လက်နက်ဆို၍ ဝါးရင်းတုတ်ကြီးတစ်ချောင်းသာရှိသည်။ တစ်မြို့လုံးအား ရေပေးနေသောရေကန်မှ ရေစုပ်စက်ကို စောင့်ကြပ်ရန် ဝါးရင်းတုတ်ကိုင်သော ဒရဝမ်ကြီးတစ်ဦးတည်းသာထားရှိသည် ဆိုသည်မှာ ယခုလို စစ်မက်ကြီးဖြစ်ပွားနေသော ကာလ၌ "ကဲ, မယုံချင်နေ"ဟု ဆိုရမလို ဖြစ်နေလေသည်။

တစ်ညသ၌ ဤဒရဝမ်ကြီးသည် ရေစုပ်စက်မှခွာကာ အခြားသို့ ကိစ္စတစ်ခုနှင့် သွားနေခိုက် ဂျပန်စစ်သားအချို့ရောက်လာပြီး ရေစုပ်စက်မှပစ္စည်းအချို့ကို ထုခွဲဖျက်ဆီးသွားသည်။ သူတို့အထင်တွင် ဤပစ္စည်းများကို ထုခွဲဖျက်ဆီးလိုက်ခြင်းဖြင့် ရေစုပ်စက်ကြီးဆက်၍ မလည်နိုင်တော့ဟု ယူဆထားဟန်တူသည်။

ဂျပန်စစ်သားအချို့က ထွက်ခွာသွားပြီးနောက် ဒရဝမ်ကြီးရောက်လာသောအခါ ရေစုပ်စက်မှပျက်စီးနေသော ပစ္စည်းများကိုတွေ့ရ၏။ ဒရဝမ်ကြီးသည် ဂျပန်စစ်သားအချို့ လာရောက်ဖျက်ဆီးသွားသည်ကို အလျဉ်းမသိသဖြင့် ကြောက်လန့်ခြင်းမဖြစ်မိသော်လည်း သူစိုးရိမ်သည်မှာ အလုပ်ပြုတ်မည့်အရေးသာဖြစ်သည်။





ထို့ကြောင့် သူသည် အရန်အဖြစ်ထားသော ရေစုပ်စက်အသစ်ကို စ၍ လည်လိုက်၏။

ဤအချိန်မှစ၍ အင်ဖာသို့ ခါတိုင်းလိုပင် ရေကောင်းရေသန့် ရောက်ရှိနေသည်မှာ ရန်သူ အဝိုင်းခံနေရရာမှ လွတ်မြောက်သည်အထိ ဖြစ်တော့သည်။

ဧပြီလ (၅)ရက်နေ့တွင် ဗိုလ်မှူးချုပ်ဆော်လမွန် ဦးစီးသောအမှတ် (၉)တပ်မဟာမှာ အင်ဖာအရှေ့ဘက်ရှိ တောင်ကုန်းပေါ်များသော ဒေသနှင့် ပေ(၁၀၀၀)ခန့်မြင့်၍ ကိုက် (၇၀၀၀)ခန့်ရှည်သော နန်ရှိဂမ်တောင်တန်းကို စောင့်ကြပ်ရန် တာဝန်ပေးခြင်းခံရ၏။

တပ်မဟာသည် ကန်ဂလာတုန်ဘီမှ ရိက္ခာများရွှေ့ပြောင်းရေးကိုလည်း စောင့်ကြပ်နေရသည်ဖြစ်ရာ နောက်ထပ်တိုးလာသော နယ်မြေဒေသအားလုံးကို တစ်ပြိုင်တည်းထိန်းထားရန်အတွက် လူအင်အားများစွာလိုနေတော့၏။ ထို့ကြောင့် တပ်ရင်း (၂)ရင်းလောက်နှင့် စောင့်ရှောက်သည့်တိုင် လုံလောက်နိုင်မည်မဟုတ်သော နန်ရှိဂမ်တောင်တန်းကို တပ်စု (၂)စုဖြင့်သာ စောင့်နေရသည်။

နန်ရှိဂမ်တောင်တန်းသည် ဗိုလ်ချုပ်ကြီးစကွန်း၏ အမှတ်(၄) တပ်မကြီးဌာနချုပ်နှင့် (၆)မိုင်ခန့်သာကွာသော ကန်ဂလာတုန်ဘီ လေယာဉ်ကွင်းနှင့်(၄)မိုင်သာဝေးသည်။ တောင်တန်းအကြားနှင့် အမှတ် (၄) တပ်မကြီးဌာနချုပ် ကန်ဂလာတုန်ဘီ လေယာဉ်ကွင်းတို့အကြားတွင် မိုးအဖွဲ့သားများသာ အများအပြားပါသည့် ကင်းဘုတ်များရှိသည်။

ထို့ကြောင့် ရန်သူ့တပ်များသာ နန်ရှိဂမ်မှ ဖောက်ထွင်းဝင်ရောက်လာခဲ့သော် တပ်မကြီးဌာနချုပ်နှင့် အဓိကလေယာဉ်ကွင်း၊ ရိက္ခာဂိုဒေါင်များ၊ ဓာတ်ဆီလှောင်ကန်များနှင့် ခဲယမ်းမီးကျောက်တိုက်များရှိရာ အင်ဖာစည်းဝိုင်းခံတပ်သို့ တောက်လျှောက်ကြီးရောက်သွားနိုင်သည့် အန္တရာယ်ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရန်သူများ ဤအချက်ကို သိသည် မသိသည်ကိုကား မပြောတတ်။

နန်ရှိဂမ်သည် ကွင်းပြောင်ပြောင်တွင် အထီးတည်းတည်ရှိနေသော တောင်တန်းငယ်ဖြစ်၏။ တောင်ထိပ်တွင် တောင်ကုန်းကလေးများသည် အသီးသီးဖြာထွက်ကာ တစ်ခုနှင့်တစ်ခု လျှိုကလေးများဖြင့် ဆက်စပ်လျက်ရှိသည်။ တောင်တန်း၏အမြင့်မှာ ပေ (၁၀၀၀)ရှိပြီး အရှည်မှာ ကိုက် (၇၀၀၀)ခန့်ရှိသည်။ သို့သော် နက်စောက်သောတောင်စောင်းများကြောင့် အတက်ရအဆင်းရ အလွန်ခက်သည်။ တောင်ထိပ်ပေါ်ရှိ တောင်ကုန်းကလေးများမှာ ကိုက်အနည်းငယ်မှ ကိုက် (၅၀၀)အထိ အသီးသီးကျယ်ဝန်းသည်။ မတ်စောက်သော တောင်စောင်းများ၌ မြက်ပင်ရှည်များနှင့်သစ်ပင်ပုကလေးများ ပေါက်ရောက်နေ၏။

တောင်ထိပ်ပေါ်တွင်၌ သစ်ပင်များပေါက်နေသော်လည်း ထူထပ်ခြင်းမရှိ။ အင်ဖာနှင့် အနီးဆုံးဘက်တွင် တောင်တန်းမှတောင်စွယ်နှစ်ခုသည် ကွင်းပြင်ပေါ်သို့ အုပ်မိုး၍ စွန်းထွက်နေသည်။

ကွင်းမှတောင်ထိပ် ပေါ်သို့အရောက် စစ်သားတစ်ယောက် ကျောပိုးအိတ်နှင့် သေနတ်ကို လွယ်၍တက်မည်ဆိုလျှင် တစ်နာရီခန့်တက်ရသည်။

နန်ရှိဂမ်သည် ထိုးစစ်ဆင်ရန်အတွက် အလွန်ကောင်းမွန်သော တောင်တန်းဖြစ်နေသလို ခံစစ်ပြုရန်အတွက်လည်း အလွန်ခိုင်မာသော သဘာဝခံတပ်ဖြစ်နေလေသည်။

ဧပြီလ (၆)ရက်နေ့တွင် ဒုဗိုလ်မှူးကြီးတစ်ဦးခေါင်းဆောင်သော အင်္ဂလိပ်တပ်စု(၂)စုသည် နေပူကျဲကျဲကြီးထဲတွင် နန်ရှိဂမ်တောင်တန်းကို တက်ရောက်ကြပြီးသည့်နောက် မှောင်စပျိုးလာသည်နှင့်တစ်ပြိုင်နက် ကတုတ်ကျင်းများတူး၊ သံဆူးကြိုးများကာ,ကာ တောင်တန်း၏တောင်ဘက်အစွန်းတွင် နေရာယူပြီးဖြစ်နေကြ၏။





ထိုနေ့ည (၃)နာရီအချိန်တွင် ဂျပန်တပ်ခွဲ(၂)ခွဲသည် မိုးသက်မုန်တိုင်းကျနေသည်ကို အကာအကွယ်ယူ၍ တောင်ထိပ်ပေါ်သို့တက်လာကာ အင်္ဂလိပ်တပ်စု (၂)စုကို ဝိုင်းဝန်းတိုက်ခိုက်သည်။

ဧပြီလ (၇)ရက်နေ့ နံနက် (၆)နာရီခွဲအချိန်သို့ ရောက်လာသောအခါ အင်္ဂလိပ်တို့ဘက်မှ (၂၄)ယောက်ကျဆုံးနေပြီး အဖက်ဖက်မှလည်း ဝိုင်းထားခြင်းကိုခံနေရသည်။ ထို့ကြောင့် ဒု-ဗိုလ်မှူးကြီးသည် မိမိ၏ရဲဘော်များအား ထိုးဖောက်၍ထွက်ရန် အမိန့်ပေးရတော့၏။

မြင်မြင်ထင်ထင်ရှိလာသည့်အချိန်တွင် အင်္ဂလိပ်လေတပ်က ဂျပန်များရှိနေသော တောင်ကုန်းကို လာရောက်တိုက်ခိုက် ဗုံးကြဲပေးသည်။ သို့သော် ဂျပန်များက တောင်ကုန်းကို အရအမိတွယ်ထားကြသည်။

ဤဂျပန်တပ်ခွဲ (၂)ခွဲမှာ အမှတ် (၁၅)တပ်မတွင် ပါဝင်သော အမှတ် (၅၁)တပ်ရင်းမှဖြစ်ရာ ရန်သူသည် နန်ရှိဂမ်တောင်တန်းကို တပ်ရင်းလိုက်အပိုင်စီးထားရန် အကြံရှိသည်ဟု ယူဆရသည်။

ဤမျှအချက်အချာကျသော နန်ရှိဂမ်တောင်တန်းကို ရန်သူ့လက်သို့ ဝ,ကွက်၍အပ်ရမည့်အရေးမှာ ရင်လေးဖွယ်ကောင်းလှသည်။

နန်ရှိဂမ်တောင်တန်းသည် ဗိုလ်ချုပ်ကြီးစကွန်း၏ အမှတ်(၄)တပ်မကြီး၌ာနချုပ်နှင့် (၆)မိုင်ခန့်သာကွာလှမ်းသော ကန်ဂလာတုန်ဘီလေယာဉ်ကွင်းနှင့် (၄)မိုင်သာဝေးသည်။ တစ်နည်းဆိုသော် နန်ရှိဂမ်တောင်တန်းသည် အင်ဖာစည်းဝိုင်းခံတပ်၏ တံခါးကြီးဖြစ်နေလေသည်။

ထို့ကြောင့် ဧပြီလ (၇)ရက်နေ့တွင်ပင် အိန္ဒိယစစ်သားများပါသော တပ်ခွဲ(၁)ခွဲကို တောင်ထိပ်ပေါ်သို့ စေလွှတ်၍ တပ်စွဲထားသော ဂျပန်များကိုမောင်းထုတ်စေသည်။

တောင်ထိပ်ပေါ်တွင် နေရာယူထားသော ဂျပန်တပ်ခွဲ(၂)ခွဲသည် ဧပြီလ (၆)ရက်နေ့ညနှင့် (၇)ရက်နေ့နံနက်က ဖြစ်ပွားခဲ့သော တိုက်ပွဲများ၌ အတော်ပင် အထိနာခဲ့ဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော် ရန်သူသည် ပြင်းပြင်းထန်ထန် ခုခံခြင်း မရှိသောကြောင့်ပါတည်း။

ဧပြီလ (၈)ရက်နေ့နှင့် (၉)ရက်နေ့များတွင် ရန်သူသည် နန်ရှိဂမ် တောင်ထိပ်ကို သိမ်းယူရန်အတွက် အပြင်းအထန် ကြိုးစားလာတော့၏။ တစ်ကြိမ်တွင် ရန်သူသည် တပ်ရင်း(၁)ရင်းလုံးကိုပင်သုံး၍ တိုက်ခိုက်လာသည်။

တိုက်ပွဲမှ ဖမ်းဆီးရမိသော ဒိုင်ယာရီတစ်ခုအရ ဂျပန်တို့သည် နန်ရှိဂမ်တောင်တန်းကို မည်သည့်နည်းနှင့်မဆို သိမ်းပိုက်ထားရန်နှင့် တိုက်ပွဲအတွင်းကျဆုံးသွားရသော ဂျပန်အရာရှိ (၄)ယောက်အတွက် ရက်ရက်စက်စက် လက်စားချေရန် ကြံစည်ထားကြောင်း သိရသည်။

ဧပြီလ (၁၀)ရက်နေ့ညဘက်တွင် ရန်သူသည် (၇၅)မီလီမီတာ အမြောက်အချို့ကို ယူလာနိုင်ပြီး ဤအမြောက်များအကူအညီဖြင့် တောင်ပေါ်တွင်တပ်စွဲထားသော အင်္ဂလိပ်တပ်ခွဲ(၁)ခွဲ၏ ရှေ့တန်းခံစစ်စခန်းကို ဧပြီလ (၁၁)ရက်နေ့ နံနက်တွင် သိမ်းယူလိုက်နိုင်သည်။

တပ်ခွဲသည် ထိခိုက်ဒဏ်ရာရသူများ များနေသောကြောင့်လည်းကောင်း၊ ခဲယမ်းများလျော့ပါးနေသောကြောင့်လည်းကောင်း တောင်ထိပ်ပေါ်မှ ဆင်းလိုက်ရသည်။ ထိုနေ့တွင်ပင် တပ်ခွဲ(၂)ခွဲဖြင့် ထပ်၍တိုက်သည်။ တပ်ခွဲမှူး(၁)ဦးနှင့် ရဲဘော်အချို့သာ ကျဆုံးသွားရသည်။

အောင်မြင်ခြင်း မရှိ။

ဧပြီလ (၁၁)ရက်နေ့ ညနေသို့ရောက်လာသောအခါ အခြေအနေမှာ ပို၍စိုးရိမ်စရာဖြစ်လာသည်။

အင်ဖာစည်းဝိုင်းခံတပ်သည်ပင်လျှင် ရန်သူ့လက်ထဲရောက်သွားလေမည်လားဟု စိုးရိမ်နေရတော့၏။ ကမန်ချောင်တွင် အခိုင်အမာ တပ်စွဲထားသော အိဗန်၏ အမှတ်(၁၂၃)တပ်မဟာမှာလည်း နောက်ဘက်မှ ရန်သူများချဉ်းကပ်လာသောကြောင့် အခြေအနေမကောင်းလှ။





ဧပြီလ (၁၂)ရက်နေ့ နံနက်တွင် အမှတ် (၁၂၃) တပ်မဟာမှ ဗိုလ်မှူးချုပ်အိဗန်နှင့် တင့်ကားတပ်မဟာမှ ဗိုလ်ချုပ်ကျူလီစကွန်းတို့ (၂)ဦးအား အမှတ် (၅)တပ်မဌာနချုပ်သို့ ခေါ်ယူကာ ဧပြီလ (၁၃)ရက်နေ့တွင် နန်ရှိဂမ် သိမ်းပိုက်ရေးတိုက်ပွဲဆင်နွှဲရန်အတွက် အမှတ် (၅)တပ်မမှ ဗိုလ်ချုပ်ကြီးဘရစ်ချ်က ဆွေးနွေးသည်။

ကျူလီစကွန်းမှာ အမှတ် (၄)တပ်မကြီးကို အုပ်ချုပ်နေသော ဗိုလ်ချုပ်စကွန်း၏ညီဖြစ်လျက် တင့်ကားဖြင့်စစ်ဆင်ရေးတွင် ထွင်၍တိုက်တတ်သူဖြစ်သည်။

ဆွေးနွေးပွဲသို့ ဖိတ်ခေါ်ခြင်းခံရသူ နောက်တစ်ဦးမှာ ဩစတြေးလျား အမျိုးသားလူငယ် လေတပ်ဗိုလ်ချုပ်ဖြစ်သူ *အာချာ* ဖြစ်သည်။

အင်္ဂလိပ်တို့က နန်ရှိဂမ်ကို ဗုံးကြဲလေယာဉ်များ၊ တိုက်လေယာဉ်များဖြင့် ဆင့်ကဲဆင့်ကဲ တိုက်ခိုက်ခဲ့သည်မှန်သော်လည်း ရန်သူသည် ခံကတုတ်ကျင်းများကို ပြင်ဆင်ရန်အချိန်ရခဲ့သောကြောင့် လေကြောင်းမှတိုက်ခိုက်မှုမှာ မထိရောက်သလိုဖြစ်နေခဲ့၏။

ထို့ကြောင့် နန်ရှိဂမ် တောင်ထိပ်သို့တက်၍တိုက်မည့်ခြေလျင်အဖွဲ့သည် လေတပ်၊ အမြောက်တပ်၊ တင့်ကားတို့၏ အကူအညီမပါဘဲ တောင်ထိပ်ကို သိမ်းနိုင်မည် မဟုတ်ကြောင်း သဘောတူကြသည်။

တောင်ထိပ်သို့ တက်ရောက်သိမ်းယူရန်အတွက် ဝုဖ်၏တပ်ရင်းကို တာဝန်ပေးလိုက်သည်။

အပေါ့စား ဗုံးကြဲလေယာဉ်အုပ်စု (၂)စု၊ အကြီးစား ဗုံးကြဲလေယာဉ် (၂၄)စင်း၊ အမှတ် (၅)တပ်မတွင်ရှိသမျှ အမြောက်တပ်အားလုံးအပြင် အလတ်စားအမြောက်များနှင့် တင့်ကားတပ် (၁)တပ်တို့က ဝုဖ်၏တပ်ရင်းကို ကူ၍တိုက်ပေးကြမည်ဖြစ်၏။ သို့သော် တင့်ကားများသည် မတ်စောက်သောတောင်စောင်းများ ကို တက်၍တိုက်နိုင်ပါမည်လား ဟူသော မေးခွန်းကို လက်တွေ့အဖြေထုတ်၍ ပြနိုင်ရန် လိုလာသည်။



www.burmeseclassic.com

www.burmeseclassic.com



တင့်ကားတပ်သာ တောင်ပေါ်သို့တက်လာနိုင်လျှင် ခြေလျင်ချီတက်တိုက်ခိုက်ရသော ဝုဖ်၏တပ်ရင်းအဖို့ တောင်ထိပ်မှ ရန်သူများကို မောင်းထုတ်ရာ၌ များစွာ အကူအညီရနိုင်မည်ဖြစ်၏။

တင့်ကားတပ်သည် မည်သည့်အခါကမျှ ဤကဲ့သို့ခက်ခဲသော မြေပြင်အနေအထားတွင် ပါဝင်တိုက်ခိုက်ခဲ့ခြင်း မရှိသေးသော်လည်း တင့်ကားဖြင့် စစ်ဆင်ရေးတွင် ပါရဂူ ဟု ဆိုလောက်သည့် *ကျူလီစတွန်း*ကမူ ဖြစ်နိုင်သည်ဟု ယုံကြည်နေ၏။ တင့်ကားတပ်ကို ကိုယ်တိုင်အုပ်ချုပ်ကွပ်ကဲနေမည့် *ယန်းဂါး*ကလည်း တောင်ထိပ်ပေါ်သို့ တက်နိုင်မည်ဟု ယုံကြည်နေသည်။ သို့သော် တွေးခေါ်စိတ်၊ ကြံထွင်စိတ်၊ ကြိုးစားချင်စိတ်ကင်းမဲ့သူများ အတွက်ကား မဖြစ်နိုင်သော အလုပ်သာတည်း။

ဝုဖ်၏တိုက်ပွဲအစီအစဉ်မှာ ဤသို့ဖြစ်၏။

ခြေလျင်တပ်ရင်းက တောင်ထိပ်ပေါ်သို့ ချီတက်နေစဉ် လေယာဉ်အုပ်စု (၃)ခုက တောင်ထိပ်ကို တံမြက်လှည်းသလို မွှမွှကျဲအောင် ဗုံးကြဲတိုက်ခိုက်ရမည် ဖြစ်သည်။ ပြီးလျှင် အမှတ် (၅)တပ်မမှ အမြောက် (၈၈)လက်ခန့်က တောင်ထိပ်ကို ဝိုင်း၍ ဖြိုပေးရန်ဖြစ်သည်။

ဤသို့ ဖြို၍ပြီးသောအခါ ဗုံးကြဲလေယာဉ်ပျံကြီးများက စက်သေနတ်ကိုချည်းသုံး၍ ပျံဝဲတိုက်ခိုက်နေရမည်။ တစ်ခါတစ်ခါတွင် ထိပ်ဖူးမပါသောကျည်ဆန်များကို ပစ်ပေးရမည်။

သို့ဖြင့် ရန်သူသည် မည်သည့်အချိန်တွင် အမှန်တကယ် ပစ်ခတ်တိုက်ခိုက်ခြင်းကို သေချာစွာမခန့်မှန်းနိုင်ဘဲ လေယာဉ်များ နီးကပ်လာသည်ကိုမြင်တိုင်း ခေါင်းမဖော်ဝံ့အောင် ဖြစ်နေပေလိမ့်မည်။

တောင်ထိပ်သို့ တက်ရောက်တိုက်ခိုက်မည့် တပ်ခွဲ (၂)ခွဲကို တစ်ခွဲလျှင် တင့်ကား (၃)စီးစီ ကူညီတိုက်ခိုက်ပေးမည်။

ဗိုလ်ကြီးအယ်ဒင် ဦးစီးသော ဘီတပ်ခွဲသည် နန်ရှိုဂမ်တောင်တန်းကို အရှေ့ဘက်တောင်စောင်းမှလည်းကောင်း၊ ဗိုလ်မှူးဂျူး ဦးစီးသော အေ





တပ်ခွဲသည် အနောက်တောင်စောင်းမှလည်းကောင်း ဧပြီလ (၁၃)ရက်နေ့ နံနက် (၁၀)နာရီခွဲတွင် တစ်ပြိုင်တည်းတက်ရောက်ရမည် ဖြစ်သည်။

ဒုဗိုလ်မှူးကြီးဝုဖ်သည် တပ်ရင်းဌာနချုပ်နှင့်အတူ တောင်တန်း၏ခြေရင်းရှိ သုတ္တဆိုသော ရွာကလေးတွင် ကြိုးမဲ့ကြေးနန်းစက်နှင့် စခန်းချနေပြီး တောင်ထိပ်ပေါ်သို့ တက်နေသော တပ်ခွဲ(၂)ခွဲနှင့်လည်းကောင်း၊ တောင်ခြေရင်းနှင့် ကိုက်(၃၀၀၀)ခန့်အကွာတွင်ရှိနေမည့် အမှတ် (၁၂၃) တပ်မဟာဌာနချုပ်နှင့်လည်းကောင်း အဆက်အသွယ် လုပ်နေရမည်ဖြစ်သည်။

တပ်မဟာဌာနချုပ်သည် နန်ရှိုဂမ်တောင်တန်း၏ အရှေ့နှင့် အနောက် တောင်စောင်းတိုက်ပွဲများကို ကိုက် (၃၀၀၀)အကွာမှကောင်းစွာမြင်နေရသလို တောင်ထိပ်ရှိ တောင်ဘက်အကျဆုံးသော တောင်ကုန်းကိုလည်း အမြဲစောင့်ကြည့်နေနိုင်မည် ဖြစ်သည်။

ထို့ကြောင့် ဧပြီလ (၁၃)ရက်နေ့ နံနက် (၄)နာရီ ထိုးသည်နှင့် တစ်ပြိုင်နက် ဝုဖ်၏တပ်ရင်းသည် ပန်ချာပီတပ်အား တာဝန်လွှဲပြောင်းပေးပြီးနောက် (၃)မိုင်ခွဲခန့်ကျယ်သော သွေ့ခြောက်နေသည့် လယ်ကွင်းပြင်ကြီးကိုဖြတ်ကာ နန်ရှိုဂမ်တောင်တန်း၏ခြေရင်းသို့ ချီတက်လာခဲ့၏။

ဤနေရာတွင် တင့်ကားများနှင့် အမြောက်တပ်၊ ရှေ့တန်းကြည့်ကင်းစခန်းတွင် တာဝန်ကျသည့်ဗိုလ်များ စုရုံးလျက်ရှိသည်။

တောင်ထိပ်ပေါ်ရှိ တောင်ကုန်းများပေါ်တွင် နေရာယူထားသော ဂျပန်များမှာ ချွတ်ချွတ်ကလေးမျှ အသံမကြားရအောင် ငြိမ်ချက်သားကောင်းလှသည်။

ဂျပန်များသည် လွန်ခဲ့သည့် (၃၆)နာရီအတွင်းက အင်ဖာသို့သွားသည့်လမ်းပေါ်တွင် လှုပ်ရှားနေသော မော်တော်ယာဉ်များ၊ တောင်ခြေရင်းကိုက် (၃၀၀၀)အကွာသို့ ပြောင်းရွှေ့လာသော အမှတ် (၁၂၃)တပ်မဟာဌာနချုပ်၏ လှုပ်ရှားမှုများ၊ အမှတ် (၂၈) စစ်မြေပြင် အမြောက်တပ်မှ



www.burmeseclassic.com

www.burmeseclassic.com



ချီတက်နေရာယူခြင်းများနှင့် တင့်ကားတပ်(၁)တပ်လိမ့်၍ ဆင်းလာပုံများကို ကိုက် (၁၀၀၀)ကျော်ကျော်ကလေးအကွာမှနေ၍ မြင်နေခဲ့ရ၏။

သို့တိုင် တောင်ထိပ်ပေါ်တွင် ငြိမ်ချက်သားကောင်းနေခြင်းမှာ ထူးဆန်းနေတော့၏။ နန်ရှိဂမ်တောင်ထိပ်ကို သိမ်းပိုက်နိုင်အောင် လုံးပန်းခဲ့ရသည့် စောစောက တိုက်ပွဲများတွင် အထိနာခဲ့သောကြောင့် ငြိမ်ချက်သားကောင်းနေခြင်းပင် ဖြစ်လေသလား။

တောင်ခြေရင်းသို့ ဝုဖ်၏တပ်ရင်းရောက်လာသည့်အချိန်တွင် မှောင်မြဲမှောင်လျက်ပင် ရှိသေးသည်။ သို့သော် နေထွက်လာသည်နှင့် တစ်ပြိုင်နက် လုပ်စရာကိုင်စရာတွေ တစ်ပုံတစ်ခေါင်းကြီး ရှိနေသည့်အတွက် စောစောက ကြိုး၍လာခဲ့ခြင်းဖြစ်၏။

ဝုဖ်သည် သူ၏စစ်သည်တော်များအတွက် လက်ဖက်ရည်ကျကျနှင့် ချိုချိုတစ်ခွက်စီတိုက်နိုင်အောင် တောင်ခြေရင်းတွင်ပင် စီစဉ်လိုက်၏။

နေထွက်လာသည်နှင့်တပြိုင်နက် ဝုဖ်သည် သူ၏တပ်ခွဲမှူး(၂)ဦးကိုခေါ်ကာ နယ်မြေအနေအထားကို တတ်နိုင်သမျှလိုက်လံပြသရင်း အသေးစိတ်ညွှန်ကြားချက်များပေးသည်။

(၁၀)နာရီခွဲရန် မိနစ်အနည်းငယ်အလိုတွင် အုပ်စုဖွဲ့၍ပျံသန်းလာသော အပေါ့စား ဗုံးကြဲလေယာဉ်သံများ ဆူညံစွာပေါ်ထွက်ပြီးနောက် နန်ရှိဂမ်တောင်ထိပ်ကို ထိုးစိုက်၍ ဗုံးကြဲသည့်စနစ်ဖြင့် တဝုန်းဝုန်းမြည်နေအောင် ဗုံးကြဲတိုက်ခိုက်တော့၏။

အပေါ့စား ဗုံးကြဲလေယာဉ်များက အပျိုတော် (၁၂)ခန်းဖြင့် ဖြန်းဖြန်းကွဲသွားအောင် အသုံးတော်ခံသွားပြီးနောက် အကြီးစား ဗုံးကြဲလေယာဉ်များရောက်လာကာ နန်ရှိဂမ်တောင်ထိပ်တွင် ဘီလူးထွက်,ထွက်နေပြန်သည်။ ဖုန်လုံးကြီးထဲတွင် သစ်ကိုင်းသစ်ခက် သစ်ရွက်ကြီးများနှင့်အတူ ခေါင်းတခြား, ကိုယ်တခြား, လက်တခြားဖြစ်နေသော အလောင်းကောင်များပျံတက်လာကြ၏။





တောင်ထိပ်တစ်ခုလုံး မဟာအဝီစိပွက်သလိုပွက်နေလေသည်။

ဘီလူးထွက်,ထွက်၍ မိနစ်(၂၀)ခန့်ကြာသွားပြီးနောက် စိန်ဝေဒါကြီး၏ပတ်ကြမ်းသံနှင့်တူလှသော အမြောက်ကြီး (၈၈)လက်တို့၏ ပစ်သံဆက်၍ ပေါ်ထွက်လာပြန်သည်။

နန်ရှိဂမ်တောင်ခြေရင်းမှ ကိုက် (၁၀၀၀)အကွာတွင် ဆိုင်းထောင့်ဆိုင်း၍ ပွဲကြည့်နေသော အမှတ် (၂၃)တပ်မဟာမှ ဗိုလ်မှူးချုပ်အီဗန်သည် (၁၀)နာရီခွဲသည်နှင့် တစ်ပြိုင်နက် အေနှင့် ဘီတပ်ခွဲ(၂)ခွဲက တင့်ကားတပ်နှင့်အတူ အရှေ့နှင့်အနောက် တောင်စောင်းများကို စ၍တက်နေသည်ကို တွေ့ရတော့သည်။

"ဧပြီလ (၁၃)ရက်နေ့ မနက်က နန်ရှိဂမ် တောင်ထိပ်ကို ကြည့်လိုက်ရတော့ သိပ်မြင့်တယ်လို့ ထင်သွားမိတယ်၊ (၂)ပေ၊ (၃)ပေလောက်မြင့်တဲ့ ချုံပုတ်ကလေးတွေ ခပ်ကျဲကျဲပေါက်နေတော့ ကိုယ့်လူတွေကိုယ်ထင်ထင်ရှားရှားပဲ မြင်နေရတယ်၊ တောင်ဟာတက်စမှာတော့ သိပ်စောက်ပေမယ့် တက်ရင်းတက်ရင်းနဲ့ပိုပြီး စောက်လာတာတွေ့ရတယ်၊ ကျွန်တော်တို့တပ်ခွဲကို တပ်စုတစ်စုက ဦးဆောင်ပြီးချီတက်တယ်၊ ဒီတပ်စုနဲ့အတူ တင့်ကားတစ်စီးပါ လိုက်ပါလာတယ်။

ရန်သူက တင့်ကားကို စပြီးပစ်မှာဖြစ်တော့ တင့်ကားကိုပစ်တဲ့ ကျည်ဆန်ထိပ်ဖူးတွေ တပ်ခွဲကိုလာပြီးမထိနိုင်အောင် ကျွန်တော်တို့ဟာ တော်တော်ကလေး နေရာဖြန့်ပြီးချီတက်ရတယ်၊ တင့်ကားဗိုလ်က ကျွန်တော်နဲ့အတူ တင့်ကားတစ်စီးနဲ့ လိုက်ပါလာတယ်။ ဒါပေမယ့် ကျွန်တော်တို့ဟာ သူတို့တင့်ကားက ကြိုးမဲ့ကြေးနန်းနဲ့ ချိတ်ဆက်လုပ်ထားတော့ တင့်ကားထဲက လူတွေကို အရေးကြီးလို့ ပြောစရာရှိရင် အသံကုန်ဟစ်ပြီးပြောရင်ပြော၊ မပြောရင် တင့်ကားနောက်မြီးမှာချိတ်ထားတဲ့ တယ်လီဖုန်းတနေပြီး ပြောတာပဲရှိတယ်၊ နေကလဲပူလိုက်တာ ချွေးဆိုတာ ပုလင်းကြီးတစ်ဝက်လောက်တော့ လူတစ်ယောက်စီက ဖျော့ဖျော့ကလေးထွက်မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဤကား ဘီတပ်ခွဲမှ ဗိုလ်ကြီးအယ်ဒင်က တောင်ခြေရင်းရှိ သုဌ ရွာတွင်နေရာယူထားသော ဒု-ဗိုလ်မှူးကြီးဝုဖ်နှင့် ကိုက် (၃၀၀၀) အကွာ ပွဲကြည့်နေသောဗိုလ်မှူးချုပ်အီဗန်ထံ လှမ်း၍ပို့လိုက်သောသတင်းဖြစ်၏။

အီဗန်၏ဌာနချုပ်တွင် အမှတ် (၅)တပ်မှ ဗိုလ်ချုပ်ဘရစ်ခ် ကိုယ်တိုင်ရောက်ရှိနေပြီး တင့်ကားစစ်ဆင်ရေး ပါရဂူ ကျူလီစကွန်းနှင့် တောင်ပေါ်သို့ရောက်နေသော တင့်ကားများကို အောက်မှနေ၍ ကြိုးမဲ့ ကြေးနန်းဖြင့် ကွပ်ကဲနေသော ယန်းဂါးတို့လည်း ရှိနေကြသည်။

ပွဲကြည့်နေသူများသည် ချီတက်နေသော ခြေလျင်တပ်ခွဲများကို မမြင်ရသော်လည်း တင့်ကားများကိုမူ အတိုင်းသားမြင်နေရ၏။

နောက်ဆုတ်လိုက် ရှေ့တိုးလိုက် ဘေးသို့ ယိမ်းလိုက်လုပ်ရင်း တောင်စောင်းကိုတက်နေသောတင့်ကားများသည် တစ်နာရီလျှင် တစ်မိုင် နှုန်းသာ မောင်းနေရသည်။

တင့်ကားမောင်းသူများမှာ အချိုးအစားမညီလှသော တောင်မျက်နှာပြင်ကြောင့် ရှေ့နောက်ဝဲယာကိုကြည့်၍ မမြင်နိုင်လောက်အောင် ဖြစ်နေရာ တင့်ကားတပ်ဗိုလ်များသည် တင့်ကားအံဖုံးကိုဖွင့်၍ ခေါင်းနှင့်ပခုံးကိုအပြင်သို့ထုတ်ကာ လမ်းညွှန်ပေးနေရတော့သည်။

ဤအချိန်တွင် အကြီးစားဗုံးကြဲလေယာဉ်ကြီးများက စက်သေနတ် ကျည်ဆန်ထိပ်ဖူးများကို တောင်ထိပ်ပေါ်သို့ မိုးသီးမိုးပေါက်ပမာ ပစ်သွင်းနေပြီး အမြောက်ကြီး(၈၈)လက်ကလည်း တောင်ထိပ်ကို တစ်ကွက်မျှ မလပ်ရအောင် တံဆိပ်ကပ်နေကြ၏။

တစ်ချိန်တည်းတွင်ပင် အင်္ဂလိပ်တို့၏ အမှတ် (၉)တပ်မဟာက နန်ရှိဂမ်သို့ ရန်သူများစစ်ကူမလွှတ်နိုင်အောင် နန်ရှိဂမ်တောင်တန်း၏ အနောက်ဘက်မျက်နှာမှ ရန်သူများကို စွယ်ယောင်ပြ၍ တိုက်ခိုက်နေပြီး အခြားတင့်ကားတပ်များက ကမန်ချောင်တစ်ဖက်တစ်ချက်ကို ပစ်ခတ်ပေးနေသည်။





နေ့လည် (၁၁)နာရီမခွဲမီ ဂျူး၏ ဘီတပ်ခွဲသည် တောင်ထိပ်ပေါ်သို့ ရောက်လာနိုင်တော့၏။ မကြာမီပင် အယ်ဒင်၏ဧအတပ်ခွဲသည်လည်း နောက်မှကပ်လျက် ရောက်လာသည်။ တပ်ခွဲ(၂)ခွဲမှ တင့်ကား (၆)စီးသည်လည်း တောင်ထိပ်ပေါ်သို့ ရောက်နေပေပြီ။

တောင်အောက်မှ တောင်ထိပ်ပေါ်သို့ ရောက်လာသည်အထိ ရန်သူတို့၏ဟန့်တားမှုကို ကြီးကြီးကျယ်ကျယ် မတွေ့ခဲ့ရသော်လည်း တောင်ထိပ်ပေါ်တွင် ခြေချမိသည်နှင့်တစ်ပြိုင်နက် အခြေအနေမှာ အပြောင်းလဲကြီးပြောင်းလဲ၍ လာခဲ့တော့၏။

မုန်တိုင်းမကျမီ လေငြိမ်၍နေသလို တောင်ထိပ်ပေါ်တွင်လည်း ပစ်သံခတ်သံများ လုံးဝရပ်သွားကာ ခဏမျှ တိတ်ဆိတ်သွားသည်။

ဤအခိုက်တွင်ပင် ခြေလျင်နှင့် တင့်ကားတပ်ဗိုလ်များက တောင်ထိပ်ပေါ်မှ နယ်မြေအနေအထားကို လှည့်ပတ်၍ အကဲခတ်လိုက်၏။

မားသွားကို ထောင်ထားသကဲ့သို့ ကျောက်ဆူးများထက်လှသော တောင်စောင်းတွင် တစ်ကြိမ်လျှင် တင့်ကားတစ်စီးသာ ချီတက်နိုင်သည့် နယ်မြေအနေအထားက ဖြစ်ပေါ်နေ၏။

ဤအချိန်တွင် လေတပ်နှင့် အမြောက်တပ်ကလည်း တောင်ထိပ်ပေါ်ရှိ ရန်သူ့ရှေ့တန်းစခန်းများကို ပစ်ခတ်မပေးနိုင်တော့ဘဲ ရပ်ထားရသည်။

ထို့ကြောင့် စောစောက လေတပ်၊ အမြောက်တပ်တို့ဖြင့် မီးလောင်တိုက်အသွင်းခံခဲ့ရသည့်တိုင် အသက်မသေ ကြွင်းကျန်နေသော ရန်သူများသည် ကျားနာခဲ ခဲ,သလို တပ်ခွဲ(၂)ခွဲနှင့် တင့်ကားများကို ကြောက်စရာကောင်းလောက်အောင် တိုက်ခိုက်လာကြတော့၏။

ပတ်ပတ်လည်တွင် ပြင်းထန်သော တိုက်ပွဲများဖြစ်နေစဉ် တင့်ကားများသည် တစ်ကြိမ်လျှင် တစ်လက်မလောက်သာ ရှေ့သို့ချီတက်နေရတော့သည်ဟု ဆိုရမလိုဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ ဂျပန်တပ်များသည် တင့်ကားနှင့် (၁၀)ကိုက်အတွင်း တွင်ရှိနေသလို တင့်ကားများကလည်း တုပ်ခွဲ(၂)ခွဲရှေ့မှ (၁၀)ကိုက်၊ (၁၅) ကိုက်အထိသာ ထိုးဖောက်ချီတက်နိုင်တော့သည်။ မြေမျက်နှာပြင် အနိမ့် အမြင့်က (၁)မိနစ်အတွင်း ထူးထူးခြားခြား ကွာခြား၍နေသောကြောင့် လည်း တင့်ကားမှအမြောက်များကို အနားသို့ကပ်လာသည့်ရန်သူများအား နှိမ့်၍ပစ်မရနိုင်အောင် ရှိနေ၏။ ထို့ကြောင့် တင့်ကားတပ်ဗိုလ်များသည် အဲဖုံးကိုဖွင့်၍ ကိုယ်တစ်ပိုင်း အပြင်သို့ထုတ်ကာ တင့်ကားမောင်းသူများ အားလမ်းညွှန်နေရသည်သာမက တင့်ကားအနားသို့ကပ်လာသော ရန်သူ များကိုလည်း လက်ပစ်ဗုံးဖြင့် ထုတန်ထု၊ ခြောက်လုံးပြူးဖြင့် ပစ်တန်ပစ် လုပ်နေရလေသည်။

တပ်မဟာဌာနချုပ်၏ပွဲကြည့်ဆောင်မှ မိမိတင့်ကားများ၏ချီတက် တိုက်ခိုက်ပုံကို အကဲခတ်နေသော ယန်းဂါးသည် နားကျပ်ကို နားတွင် တပ်ထားရင်း တင့်ကားအချင်းချင်းပြောနေသော စကားများကို ကြားနေရ လေ၏။ တစ်ချက်တစ်ချက်တွင် တင့်ကားတပ်ဗိုလ်မှူးက လှမ်း၍သတင်းပို့ နေသည်။ ဓားသွားကဲ့သို့ထက်သော တောင်စောင်းတွင် တစ်စီးချင်း မောင်း၍ တင့်ကားများက ရှေ့သို့တက်နေရ၏။

"ရှေ့ဆုံးတင့်ကားက တပ်ဗိုလ်ကျသွားပြီ"

"ဒုတိယတင့်ကားက တပ်ဗိုလ်ထိသွားပြီ"

ယန်းဂါးသည် တောင်ထိပ်မှရောက်လာသော သတင်းများကို နားထောင်ရင်း ဘုရားကိုပင် တ,မိလိုက်သည်။

တင့်ကားတပ်မှ ဗိုလ်မှူးကျဆုံးသွားပြီဖြစ်၍ ဗိုလ်အဆင့်အတန်း ရှိ အရာရှိတစ်ဦးအား ဆက်၍တာဝန်ယူရန် ယန်းဂါးက အမိန့်ပေးလိုက် သည်။

(၁၅)မိနစ်အကြာတွင် ထိုအရာရှိလည်း ကျဆုံးသွားပြီဖြစ်ကြောင်း သတင်းရောက်လာပြန်သည်။





တင့်ကားတပ်မှ အရာရှိများနှင့် အရာခံဗိုလ်များသည် တစ်ယောက် ပြီးတစ်ယောက် ထိခိုက်ကျဆုံးနေရလေသည်။

တင့်ကား (၆)စီးအနက် (၅)စီးမှ တပ်ဗိုလ်များသည် အလွန်တို တောင်းလှသော အချိန်အတွင်း သေလောက်အောင်ကြီးကျယ်သော ဒဏ် ရာများကို ရ၍လည်းကောင်း၊ အချို့မှာ ပွဲချင်းပြီးသွားကြ၍လည်းကောင်း၊ ယခုအချိန်၌ (၃)စီးစီ ပါဝင်သော တင့်ကားအုပ်စု (၂)စုကို အုပ်ချုပ်ရန် ရာထူး အကြီးဆုံးဆို၍ တပ်ကြပ်ကြီးအဆင့်အတန်းရှိသူ တရက်ဒေါက် တစ်ယောက်သာကျန်တော့သည်။

သေမင်းနှင့်ပြိုင်၍ အနိုင်လုနေရသော တိုက်ပွဲမှသတင်းများက ယန်းဂါးထံသို့ ကြိုးမဲ့ကြေးနန်းဖြင့် အဆက်မပြတ် ရောက်လာနေချိန်တွင် ယန်းဂါး၏ဘေးမှ မှန်ပြောင်းတစ်လက်စီ ကိုင်၍ ပွဲကြည့်နေသူများ ဖြစ် သော အမှတ် (၅)တပ်မမှ ဗိုလ်ချုပ်ဘာရစ်ချ်၊ တင့်ကားစစ်ဆင်ရေးပါရဂူ ကျူလီစကွန်းနှင့် အမှတ် (၁၂၃)တပ်မဟာမှ ဗိုလ်မှူးချုပ်အီဗန်တို့သည် အလွန်ထူးဆန်းသော ကကြိုးကကွက်တစ်ခုကို မမျှော်လင့်ဘဲ မြင်လိုက် ရလေသည်။

ဓားသွားကဲ့သို့ထက်လှသော တောင်စောင်းတွင် ကြိုးတန်းလျှောက် သလို တစ်လှမ်းချင်းချိန်ဆ၍ ရှေ့သို့တက်နေသော တင့်ကားများအနက် တင့်ကားတစ်စီးသည် ရပ်နေရာမှ ရှေ့သို့လှမ်း၍အတက်လိုက်တွင် ကြိုး တန်းလျှောက်သူ ကြိုးတန်းပေါ်မှခြေချော်၍ကျသွားသလို တောင်စောင်း ထိပ်ပေါ်မှ တအိအိလိမ့်ကျသွားသည်ကို တွေ့လိုက်ကြရ၏။

ပွဲကြည့်ပရိသတ်အားလုံးကပင် တင့်ကားနှင့် တင့်ကားတွင်လိုက် ပါလာသူများပါ အဖတ်ဆယ်မရအောင် ပျက်စီးသေဆုံးသွားကြပြီဟု မှတ် ယူခဲ့ကြ၏။ သို့သော် တိုက်ပွဲပြီး၍ တင့်ကားကျသွားသောအနောက်ဘက် တောင်စောင်း အောက်ဘက်သို့ သွား၍ကြည့်ကြသောအခါတင့်ကားသည် တောင်စောင်းထိပ်မှအောက်သို့ ပေ(၁၀၀)လောက်နက်သော မြေပြူးသည့်



www.burmeseclassic.com

www.burmeseclassic.com



လွင်ပြင်ကလေးတစ်ခုပေါ်တွင် အလိုက်သင့်ပင် ရပ်နေသည်ကို အံ့ဩစွာ တွေ့ရှိကြရပြီး တင့်ကားထဲတွင်ရှိနေသူများမှာလည်း အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားခြင်းမှအပ ခြစ်ရာကုတ်ရာ တစ်ခုလောက်ပင် ဒဏ်ရာရရှိခြင်း မရှိသည်ကို ကိုယ်တွေ့တွေ့ကြရတော့သည်။

တင့်ကားမှာ ချိန်းကြိုးတစ်ခုပြုတ်ထွက်သွားသည်မှအပ အားလုံး အကောင်းပကတိ ဖြစ်နေလေသည်။ နန်ရှိုဂမ်တိုက်ပွဲတွင် တင့်ကားတပ်မှ ဗိုလ်များသာ ထိခိုက်ကျဆုံးရသည် မဟုတ်ဘဲ ခြေလျင်တပ်မှ အရာရှိ၊ အရာခံများလည်း အတော်များများ ကျဆုံးဒဏ်ရာရခဲ့သည်။

တောင်စွန်း (၂)ခု၊ တောင်ထိပ်ပေါ်တွင် ပေါင်းဆုံသည့်နေရာသို့ ရောက်လာသော ဗိုလ်ကြီးအယ်ဒင်သည် မိမိ၏ဘီတပ်ခွဲကို ရပ်တန့်စေပြီး အေတပ်ခွဲမှ ဗိုလ်မှူးဂျူးကို လိုက်ရှာသည်။ အေတပ်ခွဲမှ နောက်ဘက်သို့ရောက်နေသော တပ်စုက ဗိုလ်မှူးဂျူး မည်သည့်နေရာသို့ ရောက်နေမှန်းမသိပါဟု သတင်းပို့သည်။

ဗိုလ်ကြီးအယ်ဒင်သည် တင့်ကားများနှင့် စစ်သားများကိုကျော်၍ ရှေ့သို့ပြေးထွက်လာသောအခါ မြောင်းကမ်းတစ်ခုအတွင်းတွင် သွေးထွက်လွန်ကာ သတိလစ်နေသော ဗိုလ်မှူးဂျူးကို တွေ့ရတော့သည်။

အယ်ဒင်သည် ဂျူးအား နောက်ဘက်သို့ သယ်ယူသွားရန် အမိန့်ပေးလိုက်ပြီးနောက် တပ်ခွဲ (၂)ခွဲကို အုပ်ချုပ်ရမည့်တာဝန်မှာ မိမိအပေါ်သို့ရောက်လာပြီဖြစ်ကြောင်း သတိပြုမိလိုက်သည်။ သူသည် တစ်ခဏ အတွင်းတွင်ပင် ဖြစ်ပေါ်နေသော အခြေအနေကို အကဲခတ်ကြည့်လိုက်၏။ ရှေ့သို့ရောက်နေသော တင့်ကားများနှင့် မိမိ၏စစ်သည်တော်များကို ဂျပန်တို့သည် အခြားတောင်ကုန်းတစ်ခု၏ နောက်ကွယ်မှ နေ၍ ပြင်းပြင်းထန်ထန် ပစ်ခတ်နေသည်ကို တွေ့ရသည်။

သူသည် လက်ထောက်အရာရှိဖြစ်သူ ဆူဗေဒါရမ်အား တပ်စု (၂၃)ဖြင့် ရန်သူရှိနေသော တောင်ကုန်းဘက်ကို လက်ယာဘက်မှ ပန်း၍





ချီတက်ရန်အမိန့်ပေးလိုက်ပြီး သူကိုယ်တိုင်မှာ တင့်ကားမှအမြောက်များဖြင့် ကာကွယ်ပစ်ပေးနိုင်ရန် စီစဉ်ရသည်။

အယ်ဒင်သည် အနီးဆုံးတင့်ကားတစ်စီးနောက်သို့ ပြေးကပ်သွားပြီး တင့်ကားနောက်ပိုင်းတွင်တပ်ထားသည့် တယ်လီဖုန်းမှနေ၍ ပစ်ပေးရမည့်ပစ်မှတ်ကို ညွှန်ကြားပေးသည်။ သို့သော် တင့်ကားတပ်ဗိုလ်က နားမလည်။ ထို့ကြောင့် သူသည် တင့်ကားရှေ့ပိုင်းသို့ လှမ်းခနဲကျော်တက်ကာ တင့်ကားတပ်ဗိုလ်အား သူလိုချင်သမျှကို ပြောပြနေရတော့၏။

တင့်ကားအံဖုံးထဲမှ ကိုယ်တစ်ပိုင်းထွက်နေသော တင့်ကားတပ်ဗိုလ်နှင့် တပ်ဗိုလ်အနားတွင်ရပ်၍ ရန်သူ့ဘန်ကာရှိရာသို့ လက်ညှိုးညွှန်ပြနေသော အယ်ဒင်တို့နှစ်ဦးမှာ သေကွင်းကို အလွန်ပင်နီးလှသည်။

သို့သော် သူတို့နှစ်ဦးသည် ရန်သူ့ဘန်ကာများရှိရာ ပစ်မှတ်ကို တည့်တည့်ကြီးတန်း၍ ဦးတည်မိကြပြီဖြစ်၏။

တင့်ကားမှ ပထမပစ်လွှတ်လိုက်သော အမြောက်ကျည်ဆန်က ရန်သူ့ဘန်ကာတစ်ခုကို တိုက်ရိုက်ပင်ထိမှန်သည်။ ဒုတိယကျည်ဆန်က ရန်သူ့ဘန်ကာရှိရာသို့ သွားနေစဉ် အယ်ဒင်မှာ ရင်ဘတ်တွင် အထိခံရကာ အောက်သို့ ပြုတ်ကျလာတော့သည်။

သူသည် အနီးရှိ စစ်သားတစ်ဦး၏အကူအညီဖြင့် ကြိုးမဲ့ကြေးနန်းစက်ရှိရာသို့ ဆုတ်လာကာ တောင်အောက်မှတပ်ရင်းမှူးဖြစ်သူ ဝုဖ်ထံ သတင်းပို့ခဲ့သေးသည်။ ခဏအကြာ၌ သူ့အား မော်ဖီးယားပြင်းပြင်းထိုး၍ တောင်အောက်သို့ သယ်ယူသွားကြတော့သည်။

ယခုအချိန်၌ အရာရှိတိုင်းပင် သေသူသေ၊ ဒဏ်ရာရသူရဖြစ်နေပြီးဖြစ်ရာ တင့်ကားအုပ်စု (၂)စုကို အုပ်ချုပ်ရန်အတွက် တပ်ကြပ်ကြီး တရက်ဒေါက်နှင့် ခြေလျင်တပ်ခွဲ (၂)ခွဲကိုအုပ်ချုပ်ရန် ဘီတပ်ခွဲမှ ဆူဗေဒါဆင်းသာ ကျန်ရှိတော့သည်။ တရက်ဒေါက်က အူရဒူစကားမပြောတတ်သော်လည်း ဆင်းက အင်္ဂလိပ်စကားပြောတတ်၍ တော်ပါသေး၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်စကားကိုသာ တစ်ယောက်နားမလည်သည့် အဖြစ်မျိုးနှင့်ကြုံလျှင် နန်ရှိဂမ်တိုက်ပွဲသည် မည်ကဲ့သို့ အဆုံးသတ်မည်ကို တွေးပင်မတွေးဝံ့စရာဖြစ်နေလေသည်။

ကရက်ဒေါက်နှင့် ဆင်းတို့နှစ်ယောက်က ရှေ့တွင်မည်ကဲ့သို့ဆက်လုပ်ရမည်ကို တိုင်ပင်ကြသည်။ ရန်သူများထံမှ ဒုက္ခအပေးဆုံးနေရာသုံးခုမှာ သုံးပွင့်ဆိုင်ရှိနေသော ဘန်ကာသုံးခုပင်ဖြစ်၏။

သူတို့နှစ်ယောက်သည် တင့်ကားများကို ရန်သူ့ဘန်ကာများနှင့် (၁၅)ကိုက်အကွာသို့ ရောက်သည်အထိချီတက်ရန်နှင့် ခြေလျင်တပ်က ပြင်းပြင်းထန်ထန် ဝင်ရောက်တိုက်ခိုက်ရန် သဘောတူကြသည်။

ရန်သူသည် ဘန်ကာများကို သစ်တုံးကြီးများဖြင့်ထပ်၍ ကာရံထားပြန်ရာမြေပြင်ပစ်အမြောက်ကြီးများနှင့်ဖြစ်စေ၊ လေယာဉ်မှတိုက်ရိုက်ဗုံးကြဲ၍ဖြစ်စေ တိုက်ခိုက်မှသာ ပြိုကွဲနိုင်မည့်အခြေရှိနေ၏။

တင့်ကားတပ်နှင့် ခြေလျင်တပ်တို့သည် တိုင်ပင်ထားသည့်အတိုင်း ရန်သူ့ဘန်ကာများကို တက်ရောက်တိုက်ခိုက်သည်။ သို့သော် ရှေ့သို့ (၅) ကိုက်လောက်သာ ရောက်နိုင်ပြီး ပြန်၍ဆုတ်လာရပြန်သည်။

ဒုတိယအကြိမ်တွင် ရန်သူ့ဘန်ကာများရှိရာ တောင်ထိပ်ပေါ်သို့ တင့်ကားတစ်စီးကိုတက်စေပြီး ကရက်ဒေါက်ကိုယ်တိုင်ဦးစီးသော တင့်ကားတစ်စီးက တောင်ကိုပတ်၍တက်သည်။ ဆင်းက ခြေလျင်တပ်သားများအား လက်ပစ်ဗုံးကို လှိုင်လှိုင်သုံးစေပြီးနောက် ဘန်ကာအနီးသို့ရောက်လျှင် လုံ့စွပ်ကိုင်တိုက်ပွဲဆင်နွှဲရန် အမိန့်ပေးထားသည်။

ဧပြီလ (၁၃)ရက်နေ့ နေ့လယ်(၂)နာရီအချိန်တွင် ရန်သူတို့၏ နောက်ဆုံး ဘန်ကာ(၃)ခုကို တင့်ကားတပ်နှင့် ခြေလျင်တပ်တို့က သိမ်းပိုက်နိုင်တော့၏။

သို့သော် အောင်ပွဲရသည့်ရဲဘော်များမှာ အပန်းမဖြေနိုင်သေး။ ရန်သူသည် မှောင်စပျိုးလာသည်နှင့်တစ်ပြိုင်နက် တန်ပြန်ထိုးစစ်ဆင်လာမည်မှာ သေချာလှရာ ရဲဘော်များသည် မိမိတို့တောင်ထိပ်စခန်းကို တင့်ကားများပေါ်တွင် အသင့်ယူဆောင်လာသော သံဆူးကြိုးများ၊ ပေါက်ပြားများဖြင့် ခိုင်လုံအောင် လုပ်နေရပြန်သည်။

ထိုနေ့ ညနေ (၃)နာရီတွင် တောင်ခြေရင်းရှိ တပ်ရင်းဌာနချုပ်မှ စေလွှတ်လိုက်သော ဗိုလ်ကြီးမူရေးရောက်ရှိလာကာ အေနှင့်ဘီ တပ်ခွဲ (၂)ခွဲ၏တာဝန်ကို လွှဲပြောင်းယူလိုက်သည်။ တင့်ကားများသည် ဒဏ်ရာရသူများကိုတင်ဆောင်ကာ သူနာပြုစခန်းရှိရာ တောင်အောက်သို့ တဖြည်းဖြည်းပြန်၍ ဆင်းနေပေပြီ။

ညနေ (၄)နာရီခန့်တွင် ဝုဖ်၏တပ်ရင်းတစ်ရင်းလုံး တောင်ထိပ်ပေါ်သို့ရောက်လာပြီး ထပ်၍တပ်စွဲထားလိုက်သည်။

ထို့ကြောင့် ည(၇)နာရီခန့်တွင် တောင်ထိပ်ကိုပြန်လည်သိမ်းပိုက်ရန် ထိုးစစ်ဆင်လာသော ရန်သူများသည် အကျအဆုံးများစွာနှင့် တပ်လန်၍ ပြေးကြရတော့၏။ မိုးလင်း၍တောင်တန်းတစ်လျှောက်တွင် ကင်းထောက်ကြည့်လိုက်သောအခါ ရန်သူတစ်ယောက်မျှ မတွေ့ရတော့။ ရန်သူသည် အင်ဖာနှင့်အနီးဆုံးသော **နန်ရှိဂမ်**ကို စွန့်ခွာသွားရပေပြီ။

တောင်ထိပ်ပေါ်တွင် ရန်သူ့အလောင်း (၁၀၀)ကျော်ကျော်ကို မြှုပ်နှံရပြီး တောင်တန်းတစ်လျှောက်တွင် ရန်သူ (၂၅၀)ကျော်ကျဆုံးကျန်ရစ်ခဲ့ကြောင်းတွေ့ရသည်။ ရန်သူ့ထံမှ (၇၅)မီလီမီတာ အမြောက်ကြီး (၂) လက်အပြင် စက်သေနတ်ကြီး (၅)လက်ကိုလည်း နောက်ဆုံးတိုက်ပွဲတွင် သိမ်းယူရရှိလိုက်၏။

ရန်သူသည် အင်ဖာလွင်ပြင်ကို (၄)လတိုင်တိုင် ဆက်လက်ဝိုင်းဝန်းပတ်ဆို့တိုက်ခိုက်ခဲ့ရာ၌ **နန်ရှိဂမ်**သည် ရန်သူများ အင်ဖာနှင့်အနီးဆုံးရောက်နိုင်သော နေရာဖြစ်ခဲ့လေသည်။

**နန်ရှိဂမ်တိုက်ပွဲ**ကို စီစဉ်ကွပ်ကဲသော **တပ်ရင်းမှူးဝုဖ်**သည် အမှုထမ်းကောင်းဆုကိုလည်းကောင်း . . .







www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးဂျူး၊ ဗိုလ်ကြီးအယ်ဒင်နှင့် ဆူဗေဒါရမ်တို့သည် သူရဲသတ္တိ ဆုကိုလည်းကောင်း . . .

ဆင်းနှင့် ကရက်ဒေါက်တို့သည် ထူးသောအမှုထမ်းကောင်း ဆုကိုလည်းကောင်း . . . အသီးသီးရရှိခဲ့ကြ၏။

နန်ရှီဂမ်သည် အင်ဖာလွင်ပြင်နှင့် (၆)မိုင်သာကွာသော အမှတ် (၄)တပ်မကြီးကို အုပ်ချုပ်နေသော ဗိုလ်ချုပ်ကြီးစကွန်း၏ ဌာနချုပ်နှင့် (၈)မိုင်သာ လှမ်းသည့်နေရာဖြစ်ခဲ့လေသည်တကား။

◆◆◆

## (၁၅)

နီပွန်တောင်ကုန်း၊ သီတာ၊ အရှေ့ကုရိတီနှင့် အနောက်ကရိတီး ဆရဂီ၊ ဂျီဘရော်လတာ၊ မော်လတာ. . .

ဤအမည်များကား မြင်းကုန်းနှီးသဏ္ဌာန်ရှိသော ရှန်နန်တောင် တန်းတစ်လျှောက်တွင် ထင်ရှားသော နယ်မြေအမှတ်အသားများကို စစ် သည်တော်များက ကင်ပွန်းတပ်ထားသော အမည်များသာဖြစ်သည်။

ဤတောင်ကုန်းများပေါ်တွင် အင်ဖာတိုက်ပွဲစဉ်တစ်လျှောက်၌ အပြင်းထန်ဆုံးသော တိုက်ပွဲကြီးများဖြစ်ပွားခဲ့လျက် ရာပေါင်းများစွာသော အင်္ဂလိပ်၊ အိန္ဒိယ၊ ဂေါ်ရခါးနှင့် ဂျပန်စစ်သည်တော်များ၏သွေးများသည် ချောင်းပေါက်အောင် စီးဆင်းခဲ့လေသည်။

ရှန်နန်တောင်တန်း၏တောင်ခြေနှင့် တောင်ကုန်းများပေါ်တွင် စိမ်းစိုနေသော သစ်ပင်ကြီးများသည် မြကမ္ဗလာကို လွှမ်းခြုံထားသကဲ့သို့ ရှိနေခဲ့၏။ သို့သော် တိုက်ပွဲကြီးများ ပြီးဆုံးသွားသည့်အချိန်တွင် တောင် ထိပ်ကြီးတစ်ခုလုံးသည် ပြန့်ကျဲနေသော သစ်မြစ်သစ်ဆုံများမှအပ ကတုံး (ခေါင်းတုံး)ကြီးဖြစ်၍ ကျန်ရစ်ခဲ့တော့၏။

ပူအိုက်သော နွေရာသီများ၌ ပေ (၅၀၀၀)မြင့်သော ရှန်နန်တောင် ထိပ်ပေါ်သို့တက်၍ အင်ဖာလွင်ပြင်အား ငေးမျှော်၍ကြည့်ရင်း အပန်းဖြေ ရသည်မှာ အရသာရှိလှသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးရာသီတွင် တောင်တန်းတစ်ခုလုံးသည် မြူခြေဆိုင်းလျက် ထိုင်မှိုင်းစွတ်စိုနေပြီး ဆောင်းရာသီတွင် စိမ့်နေအောင်အေးနေတတ်သည်။

ပုလဲမှနေ၍ မော်တော်ကားလမ်းအတိုင်း အရှေ့ဘက်သို့ (၆) မိုင်ခန့်တက်လာခဲ့သောအခါ လမ်းသည် ဆံထိုးကဲ့သို့ကွေ့ကောက်လာပြီးနောက် တမူးသို့သွားသည့် မော်တော်ကားလမ်းတစ်ခုလုံးကို လှမ်း၍မြင်နေရသော *ကြည့်ကင်းတောင်*သို့ ရောက်သည်။

ဤတောင်ထိပ်မှ ကြည့်လိုက်လျှင် အရှေ့ဘက်သို့ နိမ့်၍ နိမ့်၍ဆင်းသွားသော တောင်စဉ်တောင်တန်းတောင်ကုန်းများကို မြင်ရသည်။ အရှေ့ဘက် အစွန်ဆုံးတွင် လွှသွားကိုထောင်ထားသလို အချွန်အတက်များဖြင့် ပြည့်နေသောတောင်ကား **ဆရဂီတောင်ကုန်း**တည်း။

ဤတောင်စဉ်တောင်တန်းများ၏ထိပ်တွင် အချို့နေရာ၌ ကိုက်(၄၀)ခန့်သာကျယ်ပြီး လမ်းတစ်ဖက်တစ်ချက်တွင် မတ်စောက်သော ချောက်ကမ်းပါးကြီးများ ရှိနေကြ၏။

*အင်ဖာ-တမူး* မော်တော်ကားလမ်းသည် ဤတောင်စဉ်တောင်တန်းများ၏ နံရံကိုဖြတ်၍ ဆင်းသွားပြီး ဆရဂီအလွန်ကလေးတွင် ဂျစ်ကားသာသွားနိုင်သော လမ်းတစ်လမ်းနှင့်ဆုံမိသည်။ ဤလမ်း၏မြောက်ဘက်တွင် **သီတာတောင်ကုန်း**သို့ရောက်သော တောလမ်းရှိသည်။

**သီတာ**တောင်ကုန်းမှာ ကဘော်ချောင်မှတက်လာသော တောလမ်းများဆုံစည်းရာနေရာဖြစ်၏။ ထိုကြောင့် ရန်သူသည် အရှေ့ဘက်မှ အနောက်ဘက်သို့ချီလာလျှင် ဤလမ်းအတိုင်းသာချီလာရမည်ဖြစ်သည်။

**ဆရဂီ**၏အရှေ့တောင်ဘက်တွင်ရှိသော **နီပွန်တောင်ကုန်း**မှ အနောက်ဘက်မှ **ရှန်နန်တောင်ထိပ်**သို့ မျဉ်းဖြောင့်ဆွဲလိုက်လျှင် (၃)မိုင်ခွဲခန့်သာ ခရီးကွာသည်။ အကယ်၍သာ ရန်သူသည် (၁၂)ရာသီသုံးလေယာဉ်ကွင်းရှိသော ပုလဲကိုသိမ်းပိုက်နိုင်ပြီး ပုလဲနှင့်ကပ်နေသော ရိက္ခာစခန်းကိုသာ စီးမိသွားလျှင် ရန်သူ့အတွက် အင်ဖာအား ဆက်လက်သိမ်း





ယူရန် အခြေခံ စခန်းကောင်းကြီးတစ်ခု ရသွားရုံမက တမူးမှ အင်ဖာသို့ ရိက္ခာနှင့်ခဲယမ်းများ လွယ်ကူစွာထောက်နိုင်မည့် အင်ဖာ-တမူးလမ်းကြီးကိုလည်း အုပ်စီးထားနိုင်မည်မှာ မုချဖြစ်သည်။

ထို့ကြောင့်လည်း ဗိုလ်ချုပ်ယာမာမိုတိုသည် ဤလမ်းအတိုင်းချီဘက်လာကာ အင်ဖာအား (၄)လတိုင်တိုင် ဝိုင်းဝန်းလုပ်ကြံခဲ့ခြင်းဖြစ်၏။

ဧပြီလ (၁)ရက်နေ့တွင် *ဒုဗိုလ်မှူးကြီးဗိုက်ကား* ဦးစီးသော ဂေါ်ရခါးတပ်ရင်းတစ်ရင်းသည် ရိက္ခာစခန်းကြီးတစ်ခုဖြစ်သော မိုးရဲမှ **ဇီးဘုံ**ဘားတဝိုက်တွင် တပ်စွဲထားသော အမှတ်(၂၀)တပ်မဟာကို ဖြတ်သန်းလျက် ရှန်နန်တောင်တန်းတွင် နေရာယူထားသော အမှတ် (၁၀၀)ဌာနချုပ်သို့ လော်ရီကားများဖြင့် ပြန်၍လာခဲ့၏။

ဇီးဘုံမှလွန်လာပြီးနောက် *တန်ဂိုပါး*သို့ရောက်ရန် မိုင်ဝက်ခန့်အလိုတွင် ရှေ့မှပစ်သံခတ်သံများကို *ဗိုက်ကား* ကြားရတော့သည်။ သူသည် သူ့စစ်ကြောင်းကို ရပ်တန့်နေရန် အမိန့်ပေးပြီးနောက် အစောင့်စစ်သားအချို့ကိုခေါ်ယူ၍ ရှေ့သို့စုံစမ်းရန် ထွက်လာခဲ့၏။

များမကြာမီ လမ်းဘေးတွင်ရပ်ထားသော တင့်ကားတစ်စီးကို တွေ့ရ၏။ တင့်ကားမှ တပ်ဗိုလ်သည် တောင်ဘက် ကိုက်(၅၀၀)ခန့်အကွာတွင်ဘည်ရှိနေသော တောင်တစ်လုံးကို မှန်ပြောင်းဖြင့်ကြည့်နေသည်။

ထိုတောင်ထိပ်ပေါ်မှ ပစ်သံခတ်သံများက ပြင်းပြင်းထန်ထန်ပေါ်ထွက်နေ၏။

ထိုတောင်ကား နီပွန်တောင်ကုန်းတည်း။

"ကျုပ်တို့ ဒီနေရာက ဖြတ်ပြီးသွားလို့ ဖြစ်ပါမလားဗျ"

"ဖြစ်ပါတယ်၊ တောင်အောက်ကို ဘယ်သူမှ ဂရုစိုက်နေဖို့ အချိန်ရမှာ မဟုတ်ပါဘူး"

တင့်ကားတပ်ဗိုလ်ထံမှ အကြံပေးစကားကိုကြားရပြီးနောက် ဗိုက်ကားသည် သူ့စစ်ကြောင်းကို တောင်ခြေရင်းမှဖြတ်၍ ချီတက်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



လမ်းတစ်လျှောက်လုံးတွင် မဲ့တစ်ပေါက်မျှမစွန်းဘဲ ပန်ဂျပ်တော ကုန်း၌ တပ်ရင်းသည် နေရာယူလိုက်နိုင်သည်။

ပန်ဂျပ်တောင်ကုန်းကား တမူးမှ အင်ဖာလွင်ပြင်သို့မရောက် နောက်ဆုံးတည်ရှိနေသော တောင်တစ်လုံးတည်း။

ဤတောင်ကုန်းပေါ်မှနေ၍ကြည့်လျှင် ပုလဲလေယာဉ်ကွင်း ထင်းထင်းကြီးမြင်နေရပြီး ရှန်နန်တောင်တန်းသို့ ရှေးရှုနေသော လမ် တစ်ပိုင်းတစ်စကိုလည်း တွေ့ရသည်။

သို့သော် အရှေ့ဘက်သို့ မျှော်လိုက်လျှင်ကား စိမ်းစိုသော သ တောကြီးများဖြင့် ဖုံးနေသော တောင်စဉ်တောင်တန်းများနှင့် လျှိုမျ ကသာ မင်းမူနေသည်။

သုံးပတ်လုံးလုံး တိုက်ပွဲနှင့်သာ ရင်ဆိုင်ခဲ့ရသောတပ်ရင်းအဖို့ ယ လို သက်သောင့်သက်သာနှင့် ချီတက်လာနိုင်ကာ အေးအေးဆေးဆေး ရာယူနိုင်ခဲ့သဖြင့် ဝမ်းသာနေကြ၏။ သို့သော် ကြာရှည်ဝမ်းမသာလိုက် ပါချေ။ နောက်တစ်နေ့ နေ့လယ်တွင်ပင် ဗိုက်ကား၏တပ်ရင်းသည် နီပွန် တောင်ကုန်းကို သိမ်းယူရန် တာဝန်ပေးခြင်းခံရတော့၏။

ရန်သူသည် တောင်ထိပ်ပေါ်ရှိ အချင်းကိုက် (၃၀)ခန့်ရှိမည့် ချိုင့် ကြီးတစ်ခုတွင် နေရာယူထားသည်။ တောင်ခြေတွင် သစ်ပင်နှင့်ချုံပုတ် ကလေးများရှိသော်လည်း အထက်ဘက်သို့တက်လာတိုင်း သစ်ပင်အကာ အကွယ်မရှိသလောက် နည်းပါးလာကာ ပို၍လည်းမတ်စောက်လာသည်။

သည်အထဲတွင် လေတပ်မှအကူအညီလုံးဝမရနိုင်ဟု ဆိုသော ကြောင့် ရှိသမျှ အမြောက်နှင့် တပ်ရင်းတွင်ပါလာသော မော်တာများကို သုံး၍တိုက်ခိုက်ရပေတော့မည်။ တောင်ထိပ်၏အနေအထားမှာ တပ်ခွဲ တစ်ခွဲထက် ပို၍ လှုပ်ရှား တိုက်ခိုက်နိုင်မည်မဟုတ်ဟု ဗိုက်ကားက တွက် ဆလိုက်ပြီး နေ့လယ် (၂)နာရီအချိန်တွင် ဂေါ်ရခါးတပ်ခွဲတစ်ခွဲကို တောင် ထိပ်ပေါ်သို့ ချီတက်စေသည်။





ချိုင့်ဝှမ်းနှင့် ပတ်ဝန်းကျင်ကိုလည်း မော်တာဗုံးများလှိုင်လှိုင်ပစ် ပေးနေသည်။ သို့သော် ရန်သူ့ဘက်မှ တစ်ချက်မျှပစ်သံမကြားရ။

တပ်ခွဲသည် ချိုင့်ဝှမ်းနှင့် (၁၀)ကိုက်သာ ကွာတော့သည်အထိ ချီတက်သွားပြီးနောက် လုံ့စွပ်တိုက်ပွဲဆင်နွှဲရန် ပြင်ဆင်လိုက်သည်။

ဤအချိန်အထိ ရန်သူက တစ်ချက်မျှမပစ်သေး။

တပ်ခွဲသည် ညာသံပေးရင်း ထချိုင့်ဝှမ်းဆီသို့ ပြေး၍တက်လိုက် သောအခါတွင်ကား ရန်သူသည် လက်ပစ်ဗုံးများကို တအုန်းအုန်းမြည် အောင်ဖောက်ခွဲကာ တပ်ခွဲကိုရင်ဆိုင်တော့၏။

ရန်သူက အနီးကပ်၍ထုနေသောကြောင့် တပ်ခွဲသည် အထိနာ သွားကာ တောင်အောက်သို့ ပြန်ဆုတ်လာခဲ့ရသည်။အတန်ကြာပြီးနောက် ဒုတိယအချီတက်ရောက်တိုက်ခိုက်ရာတွင်လည်း အထိနာပြန်သည်။

ထို့ကြောင့် မှောင်စပျိုးလာသည့်အချိန်တွင်မှသာ အခြားတပ်ခွဲ တစ်ခွဲဖြင့် တက်ရောက်လုပ်ကြံတော့မည်ဟု ဗိုက်ကားက ဆုံးဖြတ် လိုက် ၏။ သို့သော် ညတိုက်ပွဲမှာလည်း အောင်မြင်ခြင်းမရှိ။

(၂)ရက်အကြာတွင် ဗိုက်ကား၏တပ်ရင်းပါဝင်သော အမှတ် (၁၀၀)တပ်မသည် ပုလဲသို့ ပြောင်းရွှေ့လာခဲ့ရသဖြင့် နီပွန်တောင်ကုန်း သည် ရန်သူများလက်ထဲတွင်ပင် ကျန်နေရစ်ခဲ့လေသည်။

ဧပြီလ (၁၁)ရက်နေ့တွင် အမှတ် (၁၀၀)တပ်မဟာ၏တာဝန်ကို လွှဲပြောင်းယူခဲ့ရပြီးနောက် ရှန်နန်တောင်တန်း၏ ကာကွယ်ရေးကိုကြိုး ကိုင်နေရသော အမှတ် (၈၀)တပ်မဟာမှ ဗိုလ်မှူးချုပ်ဆမ်၏အမှတ် (၁) တပ်ရင်းက လေတပ်အကူအညီဖြင့် နီပွန်တောင်ကုန်းကို တက်ရောက် သိမ်းယူနိုင်ခဲ့၏။

တပ်ရင်းဘက်မှ အရာရှိ (၂)ယောက်နှင့် ရဲဘော် (၁၇)ယောက် ကျဆုံးကာ အရာရှိ (၆)ယောက်နှင့် ရဲဘော် (၆၂)ယောက် ဒဏ်ရာရခဲ့ လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဤတောင်ကုန်းကို အမှတ် (၁၂)နယ်ခြားစောင့်တပ်မှ တပ်ခွဲတစ်ခုက ဆက်လက်ထိန်းသိမ်းထား၍ တစ်ပတ်ခန့်အကြာတွင် ရန်သူသည် တင့်ကားများကို အသုံးပြု၍လည်းကောင်း၊ တင့်ကားများမပါဘဲနှင့်လည်းကောင်း အကြိမ်ကြိမ်တိုက်ခိုက်ပြီးနောက် တောင်ထိပ်ကို တက်ရောက်သိမ်းယူပြန်သည်။ အမှတ်(၂၀)တပ်မမှ ဗိုလ်ချုပ်ဂရေဆီက ဤတောင်ကုန်းကို ထပ်၍ သိမ်းယူရန် မလိုတော့ဟုဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် **နီပွန်တောင်ကုန်း**သည် ရန်သူ့လက်ထဲတွင် ဇူလိုင်လ ကုန်သည်အထိရှိနေခဲ့တော့သည်။

ဤတောင်ကုန်းတွင် လက်တစ်ကမ်းတိုက်ပွဲများ သဲသဲမဲမဲဖြစ်ပွားနေစဉ် ရန်သူတပ်အချို့သည် အင်ဖာလွင်ပြင်သို့ အမှတ် (၂၀)တပ်မ တပ်စွဲထားသော နေရာများမှ ကြားဝင်၍ လစ်ထွက်နိုင်မည့်လမ်းပေါက်ကိုရှာနေကြ၏။ ရန်သူသည် **နီပွန်တောင်တန်း**မြောက်ဘက် (၆)မိုင်ခန့်တွင်တည်ရှိနေသော **သီတာတောင်ကုန်း**ကို သွား၍ မျက်စိကျတော့၏။

သီတာတောင်ကုန်းမှာ အခြားတောင်များနှင့် အဆက်အစပ်မရှိဘဲ အထီးတည်း တည်နေရုံသာမက တောင်ကုန်း၏မျက်နှာစာ(၃)ဘက်တွင် ပို၍မြင့်သော တောင်(၃)လုံးက သီတာတောင်ကုန်းကို အုပ်မိုး၍နေသောကြောင့် သီတာတောင်ကုန်းမှာ အလွယ်တကူနှင့် သိမ်းယူနိုင်မည့်အခြေအနေရှိနေသည်။

ဧပြီလ (၁၄)ရက်နေ့ နံနက်တွင် ကြည့်ကင်းတောင်၌ တပ်စွဲထားသော ဂေါ်ရခါးလက်နက်ကိုင်တပ်ဖွဲ့မှ တပ်ခွဲတစ်ခွဲသည် (၁၈)မိုင်မျှ ချီတက်ပြီးနောက် သီတာတောင်ကုန်းတွင်ရှိနေသော မဒရာစီတပ်ခွဲထံမှ တာဝန်လွှဲပြောင်းယူသည်။ အချင်းကိုက် (၅၀)ခန့်ကျယ်သော တောင်ထိပ်ပေါ်တွင် ကတုတ်ကျင်းများ ထပ်၍တူးကာ သံဆူးကြိုး ထူထူကာပြီး တောင်ကုန်းပတ်ဝန်းကျင်တွင် မိုင်းဗုံးများ၊ ခလုတ်ဗုံးများ မြှုပ်ထားပြီးမှ တပ်ခွဲသည် အိပ်စက်အနားယူသည်။





သို့သော် ထိုနေ့ည (၃)နာရီခန့်တွင် ရန်သူဘက်မှပစ်ခတ်လိုက်သော(၇၅)မီလီမီတာ အမြောက်ဆန်များကြောင့် အားလုံးလိုလိုပင် လန့်၍နိုးကြတော့၏။

သီတာတောင်ကုန်းစခန်းတွင် အနေကြာခဲ့သော မဒရာစီတပ်သည် ကတုတ်ကျင်းများကို အပေါ်မှ အဖုံးမပါဘဲ တည်ဆောက်ထားခဲ့ခြင်းကြောင့် မနေ့ညနေကမှရောက်လာသော ဂေါ်ရခါးတပ်ခွဲသည် ရန်သူ့အမြောက်ဒဏ်ကို လူလူကြီးခံရတော့၏။

ရန်သူသည် (၁)နာရီခွဲတိတိကြာအောင် အမြောက်နှင့်လှမ်း၍ပစ်နေပြီးနောက် မော်တာနှင့် ဆက်၍ထုကာ (၆)လက်ထက်မနည်းသော အလတ်စားစက်သေနတ်များဖြင့် အရပ်(၄)မျက်နှာမှ အတွဲလိုက်ဆွဲ၍ပစ်နေတော့သည်။

တပ်ခွဲသည် သီတာတောင်ကုန်းပတ်ဝန်းကျင်မှ မိုင်းဗုံးများထ၍ပေါက်ကွဲတော့မှပင် ရန်သူ့ခြေလျင်တပ်များ ချီတက်လာကြောင်းသိလိုက်ရသည်။ ဝုန်းခနဲ ဝုန်းခနဲ ထ,၍ပေါက်ကွဲနေသော လက်ပစ်ဗုံးများမှမီးရောင်ကြောင့် ဓားလွတ်ကိုင်၍လည်းကောင်း၊ ညာသံပေး၍လည်းကောင်း တက်လာသောရန်သူများကို မြင်နေရ၏။

သို့သော် ရန်သူသည် ကာရံ ထားသော သံဆူးကြိုးအတားအဆီးကိုကား ဖောက်ထွက်ခြင်းမပြုနိုင်။

လှိုင်းများလို တပ်စိတ်တစ်စိတ်ပြီးစိတ်စိတ် တက်လာသောရန်သူများသည် သံဆူးကြိုးအတားအဆီးနားသို့ ရောက်သည်နှင့် တစ်ပြိုင်နက် တုံးလုံးပက်လက်ဖြစ်ကုန်ကြရတော့၏။

ရန်သူသည် ခဏမျှအတိုက်ရပ်သွားပြီး အိန္ဒိယအမျိုးသားတပ်မတော်မှ စစ်သားအချို့အား ရှေ့တန်းသို့ ထုတ်လာကာ အင်္ဂလိပ်တပ်ခွဲမှ ဂေါ်ရခါးအမျိုးသားရဲဘော်များအား နိုင်ငံရေးအရ ဂျပန်တို့နှင့်ပူးပေါင်းတိုက်ခိုက်ရန် ဖိတ်ခေါ်နေသည်။


www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ချုံပုတ်များအောက်တွင်ရှိနေသော ရန်သူအချို့၏စကားပြောသံများအရ ရန်သူသည် သံဆူးကြိုးအတားအဆီးအား နည်းသစ်ထွင်၍ ဖောက်ထွင်းဝင်ရောက်ရန် ကြိုးစားနေကြောင်း၊ ရှေ့တန်းခံကတုတ်ကျင်းများတွင် နေရာယူထားသော ဂေါ်ရခါးတပ်စုက သတင်းပို့သည်။

သံပိုက်လုံးအရှည်တစ်ခုထဲတွင် ယမ်းဘီလူးများကိုထည့်ပြီး သံဆူးကြိုးအကွက်ထဲသို့ ထိုးသွင်းပြီးနောက် ခလုတ်ကိုဆွဲ၍ဖောက်ခွဲသောနည်းမှာ ဂျပန်တို့ နောက်ပိုင်းအချိန်တွင် သုံးလာသောနည်းဖြစ်သည်။

ဤ စစ်မြေပြင်ဖြစ်လက်နက်ကို ဘင်္ဂလိုတော်ပီဒို အင်္ဂလိပ်တို့က ခေါ်ကြသည်။ ဤတော်ပီဒိုများကို စု၍ဖောက်ခွဲလိုက်ခြင်းဖြင့် သံဆူးကြိုးအတားအဆီးတွင် အကွက်လိုက်ပေါက်ပြသွားတတ်သည်။

ဤပေါက်ပြသွားသောအပေါက်မှ အတင်းတိုးဝင်ရန် ဂျပန်တို့ကြံနေခြင်းဖြစ်၏။

တပ်စုမှူးဖြစ်သူ ဟာဗီဒါမင်းဗဟာဒူးသည် လက်ပစ်ဗုံးအပြည့်ပါသော ဘေးလွယ်အိတ်(၂)လုံးကိုလွယ်လျက် ကတုတ်ကျင်းထဲမှ အပေါ်သို့ခုန်တက်လိုက်ကာ ဘင်္ဂလိုတော်ပီဒိုများ ဖောက်ခွဲရန်ကြံနေသော ရန်သူများရှိရာသို့ ပြေးတက်သွားသည်။ သူ့နောက်မှ ရဲဘော်တစ်ယောက်သာ အဖော်ပါသည်။

မင်းဗဟာဒူးသည် ရန်သူနှင့်မျက်နှာချင်းဆိုင်တွင် ရဲရဲကြီးရပ်လိုက်ပြီးနောက် တော်ပီဒိုကို သံဆူးကြိုး အတားအဆီးထဲသို့ ထိုးသွင်းနေသော ရန်သူ့အုပ်ထဲသို့ လက်ပစ်ဗုံးများကို ဆက်၍ဆက်၍ ပစ်ထည့်လိုက်လေသည်။ ပေါက်ကွဲလိုက်သော လက်ပစ်ဗုံးများမှမီးရောင်ကြောင့် သံဆူးကြိုးအတားအဆီးပေါက်သွားလျှင် အတင်းဝင်စီးရန် စောင့်နေသော ရန်သူတစ်စုကို နောက်ဘက်နားတွင်မြင်ရ၏။ မင်းဗဟာဒူးသည် သူ့တပ်စုမှအပေါ့စားမောင်းပြန်သေနတ်ကိုင် ရဲဘော်များအား ရန်သူများကို ပစ်ထည့်ရန် အော်၍ အမိန့်ပေးလိုက်လေသည်။





ချက်ချင်းပင် အတွဲလိုက်ဆွဲလိုက်သော မောင်းပြန်သေနတ်သံများ ပွက်လောထသွားသည်။

မင်းဗဟာဒူးသည် နောက်ဆုံးကျန်နေသော လက်ပစ်ဗုံးတစ်လုံးကို ရှုပ်ရှုပ်ထွေးထွေး အလဲလဲအပြိုပြိုဖြစ်နေသော ရန်သူ့အကြားသို့ ပစ်သွင်းလိုက်ပြီးနောက် မိမိကတုတ်ကျင်းရှိရာသို့ ပြန်ပြေးရန် ကိုယ်ကိုလှည့်လိုက်သည်။ ဤအချိန်တွင် ရန်သူ့လက်ဖြောင့်တပ်သားတစ်ယောက်က သူ့ဖိနပ်ကိုချွေလိုက်သည်။

သူနှင့်အဖော်ပါလာသော ရဲဘော်သည် ရန်သူ့လက်ဖြောင့်တပ်သားအား ကလဲ့စားချေပြီးနောက် လဲကျနေသော မင်းဗဟာဒူးအား ပခုံးတွင်ထမ်း၍ ကတုတ်ကျင်းရှိရာသို့ ပြေးလာခဲ့သည်။

ရန်သူ့ဘက်မှပစ်ခတ်လိုက်သော ကျည်ဆန်များမှာ မိုးသီးမိုးပေါက်လို ကျနေလေသည်။ ဤရဲဘော်သည် သူ၏စွမ်းဆောင်မှုကြောင့် အိန္ဒိယအမှုထမ်းကောင်းဆုကို ရရှိခဲ့သည်။

သူသည် တိုက်ပွဲတွင်ရရှိခဲ့သောဒဏ်ရာများကြောင့် မကြာမီ ကွယ်လွန်သွားခဲ့သည်။ တိုက်ပွဲပြီး၍ ရန်သူများ၏အကျအဆုံးကို လိုက်လံကြည့်ရှုသောအခါ မင်းဗဟာဒူး၏တပ်စု တပ်စွဲထားသောနေရာနှင့် မျက်နှာချင်းဆိုင်တွင် ရန်သူ့အလောင်း (၁၆၀)ကျော်ကျော် တွေ့ရသည်။

ယင်းတို့အနက် (၁၃)ယောက်မှာ အရာရှိများဖြစ်ပြီး ထိုအရာရှိများအနက် တစ်ယောက်မှာ ဗိုလ်မှူးအဆင့်အတန်းရှိသူ ဖြစ်ကြောင်းတွေ့ရလေသည်။

ရန်သူသည် အထိအနာကြီးနာသွားသောကြောင့် ဆက်၍မတိုက်တော့ဘဲ ရပ်နေပြီး (၁၅)ရက်နေ့ အရုဏ်တက်ချိန်ရောက်မှ လာ၍တိုက်ပြန်သည်။ ဂေါ်ရခါးတပ်ခွဲဘက်တွင် ကျဆုံးဒဏ်ရာရသူများအတွက် အစားထိုးရန်ဆို၍ တပ်ခွဲဌာနချုပ်မှ ရဲဘော် (၅)ယောက်နှင့် ထမ်းစင်သယ်သော ရဲဘော်အချို့သာ ရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤအကြိမ်တွင်လည်း ရန်သူသည် သံဆူးကြိုးအတားအဆီးကို ဖောက်၍ ဝင်မလာနိုင်ဘဲ တပ်လန်၍သွားခဲ့သည်။

နံနက် (၇)နာရီတွင် ရန်သူသည် သီတာတောင်ကုန်း တိုက်ပွဲ၌ မိမိတို့အရှုံးကို ဝန်ခံသည့်အနေဖြင့် ဆုတ်ခွာသွားကြတော့၏။ ဝေါ်ရခါး တပ်ခွဲဘက်မှ (၁၀)ယောက်ကျပြီး (၁၇)ယောက် ဒဏ်ရာရခဲ့လေသည်။

တိုက်ပွဲတစ်ခုတွင်တွေ့တတ်သော အဆင်မပြေမှုအတိုင်း သီတာတောင်ကုန်းတွင် ကျန်နေခဲ့သော မဒရာစ်ကြိုးမဲ့ကြေးနန်းအဖွဲ့သည် စစ်ကူပေးရန် တပ်ရင်းသို့သတင်းပို့ခဲ့သော်လည်း စက်ပျက်နေသဖြင့် (၃) နာရီတိုင်တိုင် အဆက်အသွယ်မရဘဲ နေခဲ့ရသည်။

ဧပြီလ (၁၅)ရက် နေဝင်စတွင်မှတပ်ရင်းသည် လမ်းတွင်ရန်သူနှင့်အနည်းငယ်တိုက်ပွဲဖြစ်ပြီးနောက် သီတာတောင်ကုန်းသို့ ရောက်လာနိုင်တော့၏။ ဤတောင်ကုန်းတိုက်ပွဲတွင် မင်းဗဟာဒူး၏တပ်စုရှေ့မှ တွေ့ရသော ရန်သူ့အလောင်း (၁၀၀)ကျော်အပြင် ခလုတ်တိုက်ဗုံး မြေမြှုပ်ဗုံးများ မြှုပ်ထားသည့် တောင်ကုန်းပတ်ဝန်းကျင်၌လည်း ရန်သူ့အလောင်း (၈၀)ခန့် ထပ်၍တွေ့ရသည်။

နောက်ပိုင်းအချိန်များတွင် ဖမ်းဆီးရမိသော စာရွက်စာတမ်းများအရ သီတာတောင်ကုန်းတိုက်ပွဲတွင် ဂျပန်စစ်သား (၅၀၀)ခန့် ထိခိုက်ဒဏ်ရာရခဲ့သည့်အနက် (၃၀၀)ခန့် သေဆုံးခဲ့သည် ဟု သိရလေသည်။

ဝေါ်ရခါးတပ်ခွဲတွင် (၁၆)ယောက်ကျဆုံး၍ အယောက်(၃၀)ဒဏ်ရာရခဲ့သည့် စာရင်းနှင့်စာသော် ရန်သူတို့၏အကျအဆုံးမှာ များပြားလှတော့သည်။ သို့သော် ယာမာမိုတိုကား ရှန်နန်တောင်တန်းကို သိမ်းယူရရှိရန် မိုက်မိုက်ကန်းကန်းပင် ဆက်၍ထိုးစစ်ဆင်နေလေသည်။

ယာမာမိုတိုသည် ရှန်နန်တောင်ထိပ်ကို သူ၏အဓိကပစ်မှတ်အဖြစ် သတ်မှတ်ထားသော်လည်း ပုလဲကို တောင်ဘက်မှတက်ရောက်တိုက်ခိုက်ရန်ကား မေ့ထားခြင်းမရှိပါချေ။





သူသည် အိန္ဒိယအမျိုးသားတပ်မတော်မှ ဂန္ဒီတပ်ရင်းအား အိန္ဒိယအမျိုးသားတပ်ရင်းမှူး၏ အစွမ်းအစဖြင့် ပုလဲကို တောင်ဘက်မှတက်၍ သိမ်းယူရန် တာဝန်ပေးခဲ့သည်။

ဤအကြိမ်သည် အိန္ဒိယအမျိုးသားတပ်တစ်တပ်အား ကိုယ်တိုင်အုပ်ချုပ်ကွပ်ကဲ၍ ကိုယ်တိုင်တိုက်ခိုက်ခဲ့သော ပထမအကြိမ်နှင့် နောက်ဆုံးအကြိမ်ပင် ဖြစ်တော့သည်။

ဂျပန်လက်အောက်ခံ ဤတပ်ရင်းသည် ပုလဲတောင်ဘက်(၆)မိုင်ကွာတွင် လူအင်အား(၂၅)ယောက်မျှသာပါသော ဂေါ်ရခါး တပ်ဖွဲ့တစ်ဖွဲ့၏ချုံခိုတိုက်ခိုက်မှုကြောင့် တပ်ရင်းပြုတ်မျှအထိနာကာ တပ်လန်၍ပြေးကြတော့သည်။

ဖမ်းဆီးရမိသော အရာရှိတစ်ဦး၏ပြောပြချက်အရ အသက်မသေကြွင်းကျန်နေသော စစ်သားများသည် မိမိလက်နက်များကို လမ်းပေါ်တွင် စွန့်ပစ်၍ တမူးဘက်သို့ ထွက်ပြေးသွားကြကြောင်း သိရသည်။

ဤအချိန်တွင် ရှန်နန်တိုက်ပွဲမှာ နာရီချိန်သီးကဲ့သို့ တစ်ဖက်နှင့်တစ်ဖက် အနိုင်အရှုံးရှိနေကြ၏။

တောင်ကုန်းများမှာ သူ့လက်သို့ရောက် လိုက်၊ ငါ့လက်သို့ရောက် လိုက်ဖြင့် အပြောင်းအလဲမြန်နေတော့သည်။ တောင်ကုန်းများပေါ်တွင် ဂျပန်အလောင်းများထပ်နေသလို အင်္ဂလိပ်နှင့် ဂေါ်ရခါးစစ်သားများ၏ သွေးများကလည်း ချောင်းပေါက်နေလေသည်။

နိပွန်တောင်ကုန်းကို ရန်သူ့လက်မှတိုက်ယူနိုင်ခဲ့သော အမှတ်(၈၀)တပ်မဟာမှ အမှတ်(၁)တပ်ရင်းသည် တစ်ပတ်ခန့် အကြာတွင် တရိတ်နှင့် ဆိုက်ပရပ်တောင်ကုန်းများကို လွှဲပြောင်းတာဝန်ယူရပြန်သည်။

လက်တစ်ကမ်းတိုက်ပွဲများ၊ သွေးချောင်းစီးတိုက်ပွဲများသည် အရှေ့ကရိတ်၊ အနောက် ကရိတ်တောင်ကုန်းများတွင်လည်းကောင်း၊ ဆရင်ဂျီတောင်ကုန်းများတွင်လည်းကောင်း တိုက်ဖြစ်နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ရန်သူတပ်များက နီပွန်တောင်ကုန်းကို စ၍သိမ်းယူနိုင်ခဲ့သည့်အချိန်မှစ၍ အမှတ် (၂၀)တပ်မမှ တပ်စိတ်၊ တပ်စု၊ တပ်ခွဲ၊ တပ်ရင်းနှင့် တပ်မဟာများသည် (၁)လနှင့်(၁၅)ရက်ခန့်ကြာအောင် ကြောက်မက်ဖွယ် တိုက်ပွဲများကို နေ့စဉ်ဆက်၍တိုက်နေခဲ့ကြရသည်။

ထို့ကြောင့် မေလ(၁၃)ရက်နေ့တွင် အမှတ် (၂၃)တပ်မအား ရှန်နန် တောင်တန်းနှင့် အင်ဖာ-တမူး လမ်းတစ်လျှောက်ရှိ တောင်ကုန်းများကို တာဝန်ယူရန် ဗိုလ်ချုပ်ကြီးစကွန်းက အမိန့်ပေးလိုက်တော့သည်။

အမှတ်(၂၀)တပ်မသည် ရန်သူ၏တိုက်ခိုက်မှုကြောင့်သွေးအလိမ်းလိမ်းပေကျံနေရသော်လည်း ယာမာမိုတို၏ ပုလဲသို့အရောက် ထိုးဖောက်ချီတက်ရေးကို ဖွဲ့သတ္တိရှိရှိဖြင့် ခုခံတွန်းလှန်ခဲ့သည် မဟုတ်ပါလား။

ဤအချက်သည်ပင်လျှင် အမှတ် (၂၀)တပ်မမှ စစ်သည်တော်များအတွက် ဖြေသိမ့်စရာဖြစ်တော့သည်။

တပ်မကိုအုပ်ချုပ်သူ ဂရေဆီသည် မိမိနှင့်ရဲဘော်ရဲဘက်တို့၏ အစွမ်းကို သွေးဖြင့်ရင်း၍ ဖော်ထုတ်နိုင်ခဲ့ပေပြီ။

◆◆◆

(၁၅)

အမှတ်(၂၀)တပ်မ ကဘော်ချောင်မှတပ်ရုပ်သွားသည့်အချိန်တွင် မက္ကင်ဇီ၏အမှတ် (၂၃)တပ်မမှာ အမှတ် (၃၂)တပ်မကို အုပ်ချုပ်နေသော ဗိုလ်ချုပ်ကိုဝင်၏လက်အောက်သို့ လွှဲပြောင်းခြင်းခံရပြီး တီးတိန်-အင်ဖာ လမ်းမိုင်တိုင်အမှတ် (၃၂)၊ အမှတ် (၄၉)တပ်မဟာနေရာတွင် ဝင်ရောက်တာဝန်ယူရသည်။

မိုင်တိုင် (၃၂)ရှိ စခန်းတည်နေပုံမှာ လုံလုံခြုံခြုံမရှိသဖြင့် မက္ကင်ဇီသည် ကိုဝင်နှင့်လည်းကောင်း၊ ဗိုလ်ချုပ်ကြီးစကွန်းနှင့်လည်းကောင်း၊ တိုင်ပင်ပြီးနောက် ဘီရှန်ပူတွင် တီးတိန်-အင်ဖာလမ်းကို ခွ၍နေရာယူလိုက်ပြီး အမှတ် (၄၉)တပ်မဟာကို အနားယူစေသည်။

ဤအချိန်၌ တီးတိန်-အင်ဖာလမ်းအတိုင်း အင်ဖာသို့တက်ရောက်ချီတက်နေခဲ့သော ဂျပန်တပ်များသည် အကြိမ်ကြိမ် တပ်လန်၍ကျနေသဖြင့် တီးတိန်-အင်ဖာ မော်တော်ကားလမ်းမကို ရှောင်ကာ ဘီရှန်ပူဆီချာလမ်းအတိုင်း ချီတက်၍ အင်ဖာကိုအနောက်ဘက်မှ ဝင်စီးရန်ကြံစည်နေကြပြန်သည်။

ဧပြီလ(၁၅)ရက်နေ့ညတွင် ဂျပန် (၃)ယောက်သာပါသော အသေခံအဖွဲ့ကလေးတစ်ဖွဲ့သည် ဆီချာလမ်း မိုင်တိုင် (၃၁)ရှိ ပေ (၃၀၀)ခန့်ကျယ်သောကြိုးတံတားကို အသေခံ၍ဖောက်ခွဲသွားခြင်းက လည်းကောင်း၊ ဘီရှန်ပူတောင်ဘက်တွင် ဂျပန်စစ်သားများ စုရုံးနေသည်ကို ထောက်လှမ်းတွေ့ရှိရခြင်းကလည်းကောင်း ဂျပန်တို့သည် တီးတိန်-အင်ဖာလမ်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



လယ်ကွင်းများကို အခိုက်အတန့်အားဖြင့် ရှောင်ရှားကာ တောင်ပေါ်မှ ကျော်၍ ချီတက်ရန်ပြင်ဆင်နေကြောင်း ဗိုလ်မှူးချုပ်မက္ကင်ဇီက ကောင်းကောင်းကြီးသိလာသည်။ ဘီရှန်ပူ-ဆီချာလမ်းမှာ ဂျစ်ကားသွားနိုင်ရုံလောက်သာကျယ်သော မြေနီလမ်းကလေးဖြစ်လျက် အချို့နေရာများတွင် ကျောက်တုံးကြီးများခံနေပြီး အချို့နေရာတွင်မူ မြေပျော့များခံနေသည်။

ဤလမ်းသည် ဘီရှန်ပူမှ (၄)မိုင်အကွာသို့အရောက်တွင် ပေ (၂၅၀၀)ခန့်အထိ မြင့်တက်လာပြီးနောက် ပေ (၅၀၀)ခန့်မြင့်သော တောင်ကြောကို တောင်ကုန်းအမှတ်(၅၈၄၆)အကြားတွင် ဖြတ်ကျော်ကာ မိုင်တိုင်(၃၁)တွင် ပေ(၃၀၀)ခန့်ကျယ်သော ကြိုးတံတားတစ်ခုဖြင့် တောင်ကျပ်ကြီးတစ်ခုကိုဖြတ်ကူးလျက် ဆီချာသို့ ဦးတည်နေ၏။

အမှတ် (၅၈၄၆)တောင်ကုန်းမှာ ဘီရှန်ပူ-ဆီချာလမ်းကို အုပ်မိုးနေသော တောင်တစ်လုံးဖြစ်ပြီး တောင်ပေါ်တွင်ထူထပ်နေသော ဝါးရုံတောများ မင်းမူနေသည်။ တောင်ကုန်း၏မြောက်ဘက်တွင်လည်း ဖောက်ထွင်းရန် ခဲယဉ်းသော ဝါးတောကြီးများရှိသည်။ မြောက်ဘက်တွင် ဝါယာလက်တိုင်ဟောင်း (၂)ခုကို တွေ့ရှိသည်ကို အစွဲပြု၍ ဝိုင်ယာလက်တောင်ကုန်းဟု အမည်ပေးထားသော တောင်ကုန်းရှိသည်။

အမှတ် (၅၈၄၆)တောင်ကုန်းမှ အရှေ့မြောက်ဘက်သို့ တစ်မျှော်တစ်ခေါ်ကြီးတည်ရှိနေသော တောကြီးမှာ သစ်ပင်ဝါးပင်များဖြင့် များစွာထူထပ်လျက်ရှိရာ တပ်ခွဲတစ်ခွဲသည် ကိုက် (၄၀၀)ရှည်၍ (၃)ပေခန့်ကျယ်သောလမ်းကလေးတစ်ခုကို (၂)ရက်တိုင်တိုင် ခုတ်ထွင်နေရသည်။

ထို့ကြောင့် အင်္ဂလိပ်တပ်များသည် ဝိုင်ယာလက်တောင်ကုန်းကို ရရှိရန်အတွက် ဂျပန်တပ်များနှင့် တစ်လတိုင်တိုင် သူတစ်ပြန် ငါတစ်ပြန် တိုက်ခိုက်နေရတော့၏။ ဘီရှန်ပူအခြေစိုက်စခန်းမှ တောင်ဘက်သို့ ဆင်းလာသော အင်္ဂလိပ်တပ်များမှာလည်း မိုင်တိုင် (၂၄)ထက်ပို၍ တောင်ဘက်သို့ မဆင်းနိုင်ဘဲ ဖြစ်နေသည်။





ဂျပန်တပ်များသည် မိုင်တိုင် (၂၄)မြောက်ဘက် (၄)မိုင်ကွာရှိ ငသောက်ကုန်းရွာတွင် အခိုင်အမာတပ်စွဲလျက် တီးတိန်-အင်ဖာလမ်းတစ်ဖက်တစ်ချက်၌ နေရာယူထားသောကြောင့်တည်း။

ငသောက်ကုန်းရွာသည် လေကြောင်းမှတိုက်ခိုက်၍ မရအောင် အနေအထားကောင်းနေသောကြောင့် လာမည့် (၃)လအတွင်း တိုက်ပွဲပေါင်းများစွာဖြစ်ပွားခဲ့ရသည့် စစ်တလင်းဖြစ်လာရတော့သည်။

ငသောက်ကုန်းနှင့် ရှန်နန်တောင်တန်းမှာ မြန်မာပြည်တိုက်ပွဲတွင်လည်းကောင်း၊ အင်ဖာတွင်လည်းကောင်း အမြောက်ဖြင့် အများဆုံးအပစ်ခံရသည့်ဌာနများ ဖြစ်ခဲ့သည်။

ငသောက်ကုန်းရွာရှိ သစ်သားအိမ်များမှာ သစ်ပင်ဝါးပင်များကြားနှင့် လျှိုများအကြားတွင် တည်ရှိနေရာ ခံစစ်ပြုရန်အတွက် သဘာဝခံကတုတ်များ ဖြစ်နေလေတော့သည်။ တစ်ရွာလုံးတွင် ငှက်ပျောတောနှင့် ဝါးရုံတောများ ရှိနေသောကြောင့်လည်း ခုခံနေသူများအတွက် ကျည်ကွယ်မျက်ကွယ်ဖြစ်နေတော့၏။ ရွာကိုဖြတ်၍စီးဆင်းနေသော စမ်းချောင်းကလေးကလည်း အင်္ဂလိပ်ဘက်မှ တင့်ကားများ လွယ်လွယ်နှင့် ဖြတ်၍မရနိုင်အောင် အတားအဆီးဖြစ်နေပြန်၏။

ငသောက်ကုန်းနှင့်ကပ်နေသော ရွာ(၂)ရွာမှအပ ရွာပတ်ဝန်းကျင်တွင် ပျော့အိနေသော လယ်ကွင်းများနှင့် ဗွက်အိုင်များသာရှိသည်။ ရွာနှင့်ပို၍လှမ်းသော အရှေ့ဘက်တွင် လော့တတ်ကန်တော်ကြီးရှိသည်။

ဗိုလ်မှူးချုပ်မက္ကင်ဇီသည် ပထမအကြိမ်တွင် တင့်ကားများပါသော တပ်ခွဲတစ်ခွဲဖြင့်လည်းကောင်း၊ ဒုတိယအကြိမ်တွင် တပ်ရင်းတစ်ရင်းတစ်လုံးကိုသုံး၍လည်းကောင်း ငသောက်ကုန်းကို တိုက်စစ်ဆင်သည်။

သို့သော်ရန်သူများသည် တင့်ကားပစ်အမြောက်များကို တောင်တွင် ဥမင်လိုက်ခေါင်းတူး၍ နေရာယူထားကြရာ မက္ကင်ဇီ၏တပ်များဘက်မှ ပစ်လိုက်သော အမြောက်ဆန်များမှာ တောင်ခြေရင်းသို့လည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်တို့၏အမှတ် (၃၃)တပ်မမှ စစ်ဦးစီးအရာရှိချုပ်ဖြစ်သူ မူရတ္တာမှာ ပုပြီး ဝ,သလောက် အရက်နှင့်မိန်းမကို ကြိုက်သူဖြစ်သည်။ ရန်ကုန်ရှိ ဂျပန် ဆောင်ကြာမြိုင်မှ ဂေရှာမယ်ကလေးများက သူ့အားချစ်စနိုးဖြင့် အချစ်တော်ကြီးဟု ခေါ်လေ့ရှိကြသည်။

၎င်းအချစ်တော်ကြီးသည် ယခုအချိန်တွင် ဒေါသချောင်းချောင်း ထွက်လျက်ရှိသည်။ မူရတ္တာသည် တုံးဆိုတိုက်, ကျားဆိုကိုက်မှ ကြိုက်သူ ဖြစ်ရာ တွန့်ဆုတ်နေသော ဆကူနှင့် ဘယ်လိုမှပနံမစားဘဲ ဖြစ်နေသည်။

မူရတ္တာသည် ဆကူအား နန်ကန်သို့ရောက်နေသော သူ၏တပ်ရင်း နှင့်အတူ လိုက်ပါချီတက်ပြီး ဆီချာလမ်းပေါ်ရှိ အင်္ဂလိပ်တပ်များကို ဖျောင်ကွင်း၍ချီတက်ရန် အမိန့်ပေးတော့သည်။

ဆကူက လမ်းတစ်လျှောက်တွင်ရှိသော အင်္ဂလိပ်တပ်များကို ပထမဆုံး ချေမှုန်းရန်လိုကြောင်း သို့မဟုတ်ပါက ရန်သူသည် အမြဲခြိမ်းခြောက် ဒုက္ခပေးနေမည်ဖြစ်ကြောင်း၊ လမ်းတစ်လျှောက်ရှိ တောင်ထိပ်များပေါ်တွင် အခိုင်အမာတပ်စွဲနေသော အင်္ဂလိပ်တပ်များကို ချေမှုန်းရန်အတွက် အမှတ် (၃၃)တပ်မတစ်ခုလုံးလောက်ပင် လိုမည်ဟု ခန့်မှန်းရကြောင်း၊ တပ်မတစ်ခုလုံးကိုအုပ်ချုပ်နေသူ ဗိုလ်ချုပ်ယာနာဂီဒါမှာ ရန်သူ၏တိုက်ခိုက်မှုအင်အားနှင့် သယ်ယူပို့ဆောင်ရေးအင်အားကို သိထားဟန်မတူကြောင်းဖြင့် ပြန်၍အကြောင်းပြသည်။

အမှတ် (၃၃)တပ်မကို အစဉ်းစားလွန်တတ်သော်လည်း ချင့်ချိန်နိုင်စွမ်းရှိသော ဗိုလ်ချုပ်ယာနာဂီဒါထက် မိုက်မိုက်ကန်းကန်း တစ်ဇွတ်ထိုးလုပ်တတ်သော မူရတ္တာက ကြီးကိုင်လျက်ရှိရာ သူတို့နှစ်ဦးအကြားတွင် စိတ်ဝမ်းကွဲပြားမှုများရှိနေကြောင်း သတင်းများကို ကြားလာရသည်။

ဆကူ၏ အမှတ် (၂၁၄)တပ်ဖွဲ့မှစစ်သည်တော်များမှာ အထူးပင် စိတ်ဓာတ်ကျလျက်ရှိသည်။ အောင်ပွဲရတော့မည့်ဆဲဆဲတွင်မှ အင်္ဂလိပ်တို့၏အမှတ် (၅)တပ်မက ရခိုင်စစ်မျက်နှာမှ အင်ဖာသို့ လေကြောင်းဖြင့်





စစ်ကူရောက်ရှိလာခြင်းမှာ ဂျပန်များအတွက် ရေဆန် လေဆန်နှင့် တိုးမိပြီဖြစ်ကြောင်းကိုလည်း စစ်သည်တော်များက ရိပ်မိနေကြပြီဖြစ်၏။

အင်္ဂလိပ်တို့ဘက်မှ အင်အားတိုးလာသလောက် မိမိတို့ဘက်မှ အင်အားမတိုးလာသည့်အပြင် တစ်နေ့ထက်တစ်နေ့ လျော့လာသည်ကိုလည်း ကိုယ်တွေ့တွေ့နေကြရသည်။

အင်ဖာတိုက်ပွဲမစမီက အမှတ် (၂၁၄)တပ်ဖွဲ့တွင်တပ်ရင်း(၃)ရင်း လူ (၄၃၀၀)ရှိခဲ့သည်။ ၎င်းလူများအနက် (၃၇၀၀)မှာ အင်ဖာသို့ချီရာတွင် ပါဝင်ခဲ့ကြ၏။ ယခု လူ (၁၁၀၀)ခန့်သာ ကျန်နေတော့သည်။

အမှတ်(၃)တပ်ရင်းမှ လူ(၆၀၀)ခန့်သာ စစ်မျက်နှာနောက်ပိုင်းတွင် မသေမပျောက်ဘဲ ရှိနေသေးသည်။ အမှတ် (၃၃) ဂျပန်တပ်မကို အုပ်ချုပ်နေရသူ ယာနာဂီဒါအဖို့ ပို၍ စိတ်ဓာတ်ကျစရာနှင့် ခံပြင်းစရာဖြစ်လာပုံကား အင်ဖာတိုက်ပွဲကြီးကို ပြင်ဦးလွင်မှနေ၍ ကွပ်ကဲနေသော ဗိုလ်ချုပ်ကြီးမတ္တဂူချိကိုယ်တိုင် အမှတ် (၃၃)ဌာနချုပ်သို့ မမျှော်လင့်ဘဲ ရုတ်တရက်ရောက်လာခြင်းပင်ဖြစ်သည်။

ထိုနေ့ကား ဧပြီလ (၂၂)ရက်နေ့တည်း။

ဘယ်လက်က ဓားအိမ်ကို စိစိပါအောင် ဆုပ်ကိုင်ထားပြီး ညာလက်က ဓားအိမ်မှ ထွက်နေသော ဓားရိုးကို ဓားအိမ်ဝတွင် စိတ်ဆိုးမာန်ဆိုးနှင့်ဆောင့်နေသော မတ္တာဂူချိ၏ နှုတ်ခမ်းမွေးနှစ်ဖက်သည် ဒေါသကြောင့် အပေါ်သို့ကော့ထောင်ကာ စကားပြောလိုက်တိုင်း မာန်ဖီနေသော ကျားတစ်ကောင်၏ကျင်စွယ်လို ကြောက်စရာကောင်းလောက်အောင် လှုပ်ရှားနေသည်။

အင်ဖာသို့ချီတက်လာခဲ့သော ဂျပန်တပ်မ (၃)ခုအနက် ယာနာဂီဒါ၏တပ်မမှာ အင်ဖာသို့နောက်ဆုံးမှ ရောက်လာနိုင်ခဲ့သည်။

ဘီရှန်ပူ-ဆီချာလမ်းကို ဖြတ်တောက်ရန် တာဝန်ယူထားခဲ့သော်လည်း ယခုအချိန်တွင် ဆီချာလမ်းပေါ်သို့ပင် မရောက်သေး။



www.burmeseclassic.com

www.burmeseclassic.com



တောင်ကိုကျော်၍လည်းကောင်း ကျရောက်နေပြီး ရန်သူ့အမြောက်များကို မဖျက်ဆီးနိုင်ဘဲ ဖြစ်နေလေသည်။

ပထမနှင့် ဒုတိယအကြိမ်တိုက်စစ်တွင် တင့်ကား(၃)စီးမှာ ရန်သူ့လက်ချက်ဖြင့် ပျက်စီးသွားခဲ့ရသဖြင့် မက္ကင်ဇီသည် ခေတ္တမျှ အတိုက်ရပ်ထားသည်။ အင်ဖာ-ကိုဟီမားလမ်းမှာ ဖြတ်တောက်ခြင်းခံနေရပြီး တင့်ကားများကို လေကြောင်းမှပို့၍ မဖြစ်နိုင်သည်ကတစ်ကြောင်း၊ သောက်ကုန်းထက် အရေးကြီးသော ရှေ့တန်းစစ်မျက်နှာများတွင် တင့်ကားကို ပို၍သုံးရန် လိုနေသည်ကတစ်ကြောင်း စသည်တို့ကြောင့် အတိုက်ရပ်ထားလိုက်ခြင်းဖြစ်၏။

ရန်သူသည် ပြန်၍ဆုတ်သွားသော မက္ကင်ဇီ၏တပ်များနောက်သို့ လိုက်၍မတိုက်ဘဲ ဘီရှန်ပူမြောက်ဘက် (၄)မိုင်ကွာရှိ နန်ကန်ရွာကို ဗဟိုပြုလျက် လူသူစုရုံးနေသည်။ ရန်သူသည် နန်ကန်နှင့် ကိုးခဒင်ရွာနှစ်ရွာအကြားတွင် လျှို့ဝှက်စခန်းတစ်ခုကို ဖွင့်ထားပြီး အင်္ဂလိပ်တပ်များက ဘီရှန်ပူ-ဆီချာလမ်းကို အသုံးမပြုနိုင်အောင် ဒုက္ခပေးနေလျက် တစ်ချိန်တည်းတွင်ပင် လျှို့ဝှက်စခန်းမှ အင်ဖာသို့ အနောက်တောင်ဘက်မှ ချီတက်တိုက်ခိုက်နိုင်ရန် လုံးပန်းနေသည်။

ရန်သူသည် ဘီရှန်ပူ-ဆီချာလမ်းနှင့် သေနတ်တစ်ကမ်းအကွာရှိ တောင်ကုန်းများတွင် လက်ဖြောင့်စစ်သားများ၊ ချုံခိုတိုက်ခိုက်ရေးအဖွဲ့ငယ်များကို နေရာယူခိုင်းထားသည်။ အင်္ဂလိပ်တို့ဘက်ကလည်း လမ်းတစ်လျှောက်တွင် ဒုက္ခပေးမည့် ရန်သူများကို ရှင်းလင်းနေသည်။ သို့ဖြစ်၍ သော့ချက်ဖြစ်သော တောင်ကုန်းများတွင် တိုက်ပွဲများနေ့စဉ်ဆက်၍ ဖြစ်နေတော့သည်။ တောတောင်ထူထပ်သော ဒေသဖြစ်၍ ကြိုးမဲ့ကြေးနန်းအဆက်အသွယ်မှာ ညံ့ဖျင်းနေသလို ကိုယ့်တပ်မှ ပစ်ခတ်လိုက်သော အမြောက် ကျည်ဆန်များ ကိုယ့်ကိုပြန်၍မထိအောင်လည်း အထူးသတိပေးနေရလေသည်။





ရန်သူက တောင်များကို ဥမင်ဖောက်၍ အမြောက်များကို ဆင်ထားသောကြောင့်လည်း ဖြိုခွဲ၍ မရနိုင်အောင်ဖြစ်နေသည်။ အင်္ဂလိပ်တို့ဘက်မှ အခက်တွေ့နေသကဲ့သို့ ဂျပန်တို့ဘက်တွင်လည်း အခက်အခဲများကို ရင်ဆိုင်နေရ၏။

ဧပြီလ(၁၇)ရက်နေ့တွင် ဂျပန်အမှတ် (၃၃)တပ်မမှ စစ်ဦးစီးအရာရှိချုပ်ဖြစ်သူ ဗိုလ်မှူးကြီးမူရတ္တာက အမှတ် (၂၁၄)တပ်ဖွဲ့ဦးစီးဖြစ်သူ ဗိုလ်မှူးကြီးဆက္ကူထံသို့ တယ်လီဖုန်းဆက်၍. . .

"ခင်ဗျားတပ်ဖွဲ့က အခုထက်ထိ ဘာဖြစ်လို့ ဆီချာလမ်းပေါ်ကို မရောက်နိုင်သေးတာလဲ၊ ခင်ဗျားတပ်ဖွဲ့နောက်ကျနေတာနဲ့ အမှတ်(၂၁၅)တပ်ဖွဲ့က ဘီရှန်ပူကို တိုက်စစ်ဆင်ဖို့ဟာကို ဆိုင်းနေရတယ်"

ဟု လှမ်း၍ဆူသံကို ကြားရမည်ဖြစ်သည်။

ဆက္ကူက သူ့တပ်များကို တိတိကျကျခန့်မှန်း၍ မရနိုင်သော ရန်သူများနှင့် ရင်ဆိုင်နေရကြောင်း ဆီချာလမ်းပေါ်တွင်ရှိနေသော ရန်သူ့တပ်များမှာ သံမဏိတံတိုင်းကြီးကို ထိုးဖောက်နေရသလို ခိုင်ခံ့လှကြောင်းဖြင့် အဖြေပေးနေသည်။

ဤအချိန်တွင်ပင် ဂျပန်ရေဒီယိုက. . .

"ရန်သူများသည် အင်ဖာသို့မရောက်မီ နောက်ဆုံးခံစစ်ကြောင်းမှနေ၍ မနိုင်မနင်းခုခံနေရကြောင်း၊ ယခုအချိန်တွင် ကျွန်ုပ်တို့ နီပွန်တပ်မတော်ကြီး၏ လိုက်လံသုတ်သင်ခြင်းကိုရှောင်တိမ်းရင်း နောက်သို့ ဆုတ်ခွာနေပြီဖြစ်ကြောင်း"

"အင်္ဂလိပ်တို့၏ အမှတ် (၁၄)တပ်မတော်သည် ယနေ့အချိန်ထိ စစ်သားပေါင်း (၃၀၀၀၀)တို့၏အသက်ကို ဆုံးရှုံးနေပြီး အင်္ဂလိပ်တို့၏ သေနာပတိချုပ်ကြီး မောင့်ဘက်တန်မှာ အင်ဖာတိုက်ပွဲအတွက် တစ်နေ့လျှင် လေယာဉ် အစင်း (၅၀၀)အဆုံးရှုံးခံ၍ တိုက်နေရကြောင်း"

စသည်ဖြင့် အသံလွှင့်ကြေညာနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ဤကဲ့သို့ဖြစ်ရသည်။ ဘာကြောင့် တာဝန်မကျေပွန်ရသည်ကို မဏ္ဍာဂူချီက ဒေါသတကြီးဖြင့်မေးနေ၏။

ဒေါသလည်းထွက်၊ ရှက်လည်းရှက်နေသော ယာနာဂီဒါသည် လူအင်အားလျော့နည်း၍လာသည့်အတွက်ဟု အကြောင်းပြ၍လျှောက်လဲပါ၏။ သို့သော် သူ့အကြောင်းပြချက်ကို မဏ္ဍာဂူချီက တစ်စက်ကလေးမျှ လက်မခံပေ။ သူ့လိုပင် လူအင်အားလျော့ပါးလာသော အမှတ် (၁၅)နှင့် အမှတ်(၃၁)တပ်မတို့က ဘာကြောင့်ရန်သူကို ပြင်းပြင်းထန်ထန် တိုက်နေနိုင်ပါသလဲ။

မဏ္ဍာဂူချီသည် ယာနာဂီဒါကို ဆက်၍ပင်စကားမပြောတော့ဘဲ ယာနာဂီဒါ၏ ဦးစီးအရာရှိချုပ်ဖြစ်သူ ဗိုလ်မှူးကြီးမူရတ္တကို အရေးယူ၍ ပြောနေတော့သည်။

မဏ္ဍာဂူချီသည် သူ့အစီအစဉ်အရ သူ့အစီအမံကို သူကိုယ်တိုင် ယုံကြည်လျက်ရှိရာ သူမျှော်လင့်သည့်အတိုင်း အင်ဖာတွင် အောင်ပွဲမလွဲ မသွေခံရမည်ဟု တစ်ထစ်ချမှတ်ထားခဲ့၏။

ထို့ကြောင့်လည်း အယောက် (၂၀)ခန့်ပါသော ဂေရှာမယ် အဖွဲ့တစ်ဖွဲ့ကို ပြင်ဦးလွင်မှ ကလေးဝသို့ အသင့် ရောက်ရှိနေရန် အမိန့်ပေးထားသည်။ အင်ဖာတွင် အောင်မြေနင်းသည့်နေ့၌ ဤဂေရှာမယ်အဖွဲ့အား ကလေးဝမှ အင်ဖာသို့ ခေါ်ယူလိုက်ရန်ပင်ဖြစ်၏။ ယခုမူ မဏ္ဍာဂူချီသည် မှန်းချက်နှင့်နှမ်းထွက် ကွာချင်တိုင်းကွာနေသည်ကို တွေ့နေရလေသည်။

ယာနာဂီဒါနှင့် တစောင်းစေးနှင့် မျက်ချေးဖြစ်နေသော မူရတ္တက ယခုအခြေအနေတွင် မှန်းသလောက်မအောင်မြင်သေးစေကာမူ ဆထက်ထမ်းပိုးတိုး၍ ကြိုးစားလိုက်ပါမူ အောင်မြင်မှုနှင့် ပို၍နီးလာမည်ဖြစ်ကြောင်း၊ အမှတ် (၃၃)တပ်မသည် ဘီရှန်ပူ-ဆီချာလမ်းကို တောင်ဘက်မှ အတင်းတိုး၍ ချီတက်ပြီး တစ်ချိန်တည်းတွင် ဘီရှန်ပူအနီးရှိ တောင်ကုန်း





များမှနေ၍ ထိုးစစ်ဆင်သင့်ကြောင်း တင်ပြပြီးနောက် ဤသို့ နှော့င့်နှေးနေရခြင်းမှာ အမှတ် (၂၁၄)တပ်ဖွဲ့မှ ဆကူ၏အပြစ်လည်းပါကြောင်း အစီရင်ခံလေသည်။

မဏ္ဍာဂူချီသည် ဆကူအား ချက်ချင်းအခေါ်လွှတ်ပြီး တာဝန်ဆက်၍ ယူ,မယူမေးသည်။ ဆကူက လူအင်အားလျော့နည်းလာမှုကြောင့်ဟု အကြောင်းပြသည်။ သူ့တပ်ဖွဲ့မှ အမှတ် (၁)တပ်ရင်းကို ပြန်လည်ခေါ်ယူပေးပါဟုလည်း တောင်းဆိုသည်။

မဏ္ဍာဂူချီက ပြန်ခေါ်ရန် အချိန်မရှိတော့ကြောင်း ရှိသမျှအင်အားဖြင့် ရန်သူများသိမ်းပိုက်ထားသော ဘီရှန်ပူ-ဆီချာလမ်းပေါ်မှ တောင်ကုန်းများကို ပြန်လည်ရယူနိုင်အောင် တိုက်ရမည်ဟု အမိန့်ပေးသည်။

ဤအချိန်၌ ဆကူလက်အောက်ရှိ တပ်ဖွဲ့များအနက် တပ်ခွဲ(၁)ခွဲတွင် လူ (၈၀)ခန့်သာရှိသည်။ထို့ပြင် အခြားတပ်ခွဲ(၁)ခွဲတွင်လည်း လူ (၂၀)သာ အင်အားရှိတော့သည့် အခြေအနေနှင့်ရင်ဆိုင်နေရလေသည်။

မည်သို့ပင်ဖြစ်စေ အမှတ် (၃၃)တပ်မမှ အမြောက်တပ်ဖြင့် ကူညီတိုက်ခိုက်ပေးမည် ဆက်၍သာတိုက်ဟု မူရတ္တက ဝင်ပြောလိုက်၏။

ဤဆွေးနွေးပွဲတွင် တပ်မတစ်ခုကို အုပ်ချုပ်နေရသော ဗိုလ်ချုပ်ဖြစ်သူ ယာနာဂီဒါခမျာမှာ ပါဝင်ခြင်းမခံရဘဲ မိမိ၏တဲအတွင်းတွင်သာ စိတ်မချမ်းမသာဖြစ်နေရရှာသည်။ ဖြစ်ရပ်များမှာ သူစိုးရိမ်ခဲ့သည့် အတိုင်း ပင်တောက်လျှောက်ကြီး ဖြစ်လာတော့၏။

အမှတ် (၃၃)တပ်မမှာ တွန်းဇံနှင့် တီးတိန်လမ်းတစ်လျှောက်တွင် သဲသဲမဲမဲတိုက်ခိုက်ခဲ့ရသော တိုက်ပွဲများကြောင့် အင်ဖာသို့တက် ရောက်တိုက်ခိုက်ရန်နှင့် အင်အားတောင့်တင်းသော ရန်သူကို ရင်ဆိုင်ရန် အလွန်ပင်အားအင်ဆုတ်ယုတ်လျက် ရှိသည်။

အမှန်ဆိုလျှင် အင်ဖာအားတိုက်ခိုက်မည့် အစီအစဉ်ကိုပင် ဖျက်ပစ်လိုက်ဖို့ကောင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယာနာဂီဒါသည် ဗိုလ်ချုပ်ကြီး မတ္တာဂူချီနှင့်တွေ့ဆုံ၍ အင်ဖာအား တိုက်ခိုက်မည့် အစီအစဉ်ကို ရှေ့ဆိုင်းရန် တင်ပြမည်ဟု ဆုံးဖြတ်လိုက်၏။

သူသည် ဆုံးဖြတ်လိုက်သည့်အတိုင်းပင် ဗိုလ်ချုပ်ကြီး မတ္တာဂူချီနှင့် တွေ့ဆုံခွင့်တောင်းဆိုပြီးနောက် အင်ဖာတိုက်ခိုက်ရေး အစီအစဉ်ကို ရှေ့ဆိုင်းရန် ကြိုးစား၍တင်ပြသည်။

သို့သော် သူပြသော အကြောင်းအချက်များကို မှန်လျှင်မှန်သည့်အတိုင်း ထောက်ခံဝံ့သော ဌာနချုပ်အရာရှိများ မရှိကြလေသောကြောင့် သူကြိုးစားချက်မှာ အရှုံးနှင့်ရင်ဆိုင်ခဲ့ရရုံမက သူမှာလည်း ပြစ်တင်ရှုတ်ချခြင်းကို ခံခဲ့ရတော့၏။

ယာနာဂီဒါမှာ ဤကဲ့သို့ အနှိမ်ခံရသည်သာ မဟုတ်သေး၊ အတွင်းကျိတ်၍လည်း အနှိမ်ခံရသေးသည်။

ဗိုလ်ချုပ်ကြီးမတ္တာဂူချီသည် ဗိုလ်မှူးကြီးမူရတ္တာထံသို့ အကယ်၍လိုအပ်ခဲ့လျှင် ဗိုလ်ချုပ်ယာနာဂီဒါ၏အမိန့်အတိုင်း အခါခပ်သိမ်းလိုက်၍လုပ်ရန်မလိုကြောင်း၊ အင်ဖာတိုက်ပွဲပြီးသည်နှင့် တစ်ပြိုင်နက် ယာနာဂီဒါ၏နေရာတွင် မူရတ္တာအား အစားထိုး၍ ခန့်ထားမည်ဖြစ်ကြောင်းဖြင့် လျှို့ဝှက်ညွှန်ကြားခဲ့လေသည်တကား။

◆◆◆

(၁၆)

မေလ (၁၄)ရက်နေ့တွင် ဗိုလ်မှူးကြီး ဆကူ၏အမှတ် (၂၁၄)ဂျပန်တပ်ဖွဲ့အား နန်ကန်ရွာသို့ချီတက်ပြီးနောက် အင်ဖာအားတပ်ရင်း (၂)ရင်းဖြင့် တိုက်ခိုက်နိုင်ရန် အသင့်ရှိနေစေရမည်ဟု အမိန့်ရောက်လာလေသည်။ တပ်ဖွဲ့သည် တောတောင်ထူထပ်သော ဒေသကို ဖြတ်ကျော်၍ ဆီချာလမ်းမြောက်ဘက်ရှိ နန်ကန်သို့ချီတက်ရမည်ဖြစ်သည်။

အစီအစဉ်မှာ အင်ဖာသို့ အနောက်မြောက်ဘက်မှ ချဉ်းကပ်ချီတက်ရင်း အင်္ဂလိပ်တို့၏ဆုတ်ခွာရေးလမ်းကြောင်းကို ဖြတ်တောက်ရန်ဖြစ်သည်။ ဤအချိန်တွင် အမှတ်(၂၁၅)တပ်ဖွဲ့နှင့် အခြားတပ်များက အင်္ဂလိပ်တပ်များ အခိုင်အမာတပ်စွဲထားသော ဘီရှန်ပူကို မုန်တိုင်းတိုက်သလို တိုက်ခိုက်ချေမှုန်းပြီးနောက် တောင်ဘက်မှနေ၍ အင်ဖာကို ဝင်ရောက်လုပ်ကြံရမည်ဖြစ်သည်။

အစီအစဉ်မှာ ကောင်းလှသည်။

ကောင်းသည်ဟုလည်း ဗိုလ်မှူးကြီးဆကူက ယုံကြည်သည်။

သို့သော် ခက်နေသည်မှာ အမှတ် (၂၁၅)တပ်ဖွဲ့က ဘီရှန်ပူကို တိုက်ခိုက်သိမ်းယူ၍မရဘဲ အရှုံးနှင့် ရင်ဆိုင်ခဲ့ရသော . . အရှုံးဆိုသည်မှာလည်း ထူးဆန်းတော့သည့်အရာမဟုတ်တော့။

သူတို့သည် တစ်ရှုံးတည်းရှုံး နေသည်မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



အမှတ် (၂၁၅)တပ်ဖွဲ့က ဘီရှန်ပူကို တိုက်ခိုက်သိမ်းယူ၍ မရနိုင်သော် သူ၏အမှတ် (၂၁၄)တပ်ဖွဲ့မှာ ချီတက်ရင်းတန်းလန်း အထီးတည်းဖြစ်လာကာ ကျားရှေ့တွင် မှောက်လျက်လဲသည့် သားကောင်အဖြစ်မျိုးနှင့် ကြုံလာရမည်ကို စိုးရိမ်မိသည်။

ဘီရှန်ပူ-ဆီချာလမ်းတစ်လျှောက်ရှိ တောင်များပေါ်တွင် ပျားအုံများသဖွယ် တပ်စွဲလျက်ရှိသော ရန်သူများအား အမှတ် (၃၃)တပ်မတစ်ခုလုံးကိုသုံး၍ ပထမဦးစွာ ချေမှုန်းပြီးမှ အင်ဖာကိုတိုက်သင့်သည်ဟု ဗိုလ်မှူးကြီးဆကူက စဉ်းစားမိသည်။

သို့သော် စဉ်းစားရုံမျှသာ. . .

တပ်ဖွဲ့သည် ဆီချာလမ်းကို မေလ (၁၆)ရက်နေ့ညတွင် ဘေးမသီရန်မခဘဲ ဖြတ်ကျော်ပြီးနောက် (၁၇)ရက်၊ (၁၈)ရက်နေ့တွင် ညဦးသာတစ်ခါမျှမရောက်ဖူးသော လမ်းခရီးကို စမ်းတဝါးဝါးချီတက်ရ၏။

မေလလယ်သို့ ရောက်နေပြီဖြစ်၍ မိုးက တဖြုန်းဖြုန်းရွာကာ တောင်ကလည်း တဝုန်းဝုန်းပြိုကျနေပြီး တောင်ကျချောင်းများကလည်း ရေရှူးပေါက်လာသည်။

စစ်သည်ရဲမက်တို့သည် ရေစီးသန်သောချောင်းများကို ညအမှောင်ထဲတွင် ဖြတ်ကူးရင်း ရေစီးနောက်သို့မျောပါကာ အသက်ပျောက်နေကြရ၏။ လမ်းတစ်လျှောက်လုံးမှာ ရေများဖြင့်ပြည့်နေရာ ရဲမက်တို့သည် ရင်စို့လောက်ရှိသော ရေကို ဆန်၍ချီတက်နေကြရလေသည်။

“ဒီလိုမျိုး ဆိုးဝါးတဲ့ရာသီမျိုးမှာ ဒီလိုခရီးပြင်းချီဖို့ အမိန့်ပေးတာကိုက. . .”

ခဏာရပ်နားသည့်အချိန်တွင် စစ်သည်တစ်ယောက်က ညည်းညူလိုက်လေ၏။

“စစ်ဆိုတာ ဘယ်လိုအဓိပ္ပာယ်များ ရှိသေးလို့လဲ”

အခြားတစ်ယောက်က ဝင်ထောက်လိုက်သည်။





သက်ဆိုင်ရာအဖွဲ့ခေါင်းဆောင်က မိမိ၏စစ်သည်တော်များအား စစ်စည်းကမ်းနှင့် မညီသော စကားများကို မပြောကြရန် ဟန့်တားနေလေသည်။

ဆီချာလမ်းမြောက်ဘက်ရှိ နန်ကန်ရွာတွင် အခြေစိုက်လျက် တပ်ဖြန့်ထားသော အမှတ် (၂၁၄)တပ်ဖွဲ့၏လှုပ်ရှားမှုကို အင်္ဂလိပ်များက ဂရုစိုက်၍ အကဲခတ်နေသည်။

ဆကူ၏တပ်ဖွဲ့သည် ဘူရီသဖားလမ်းအတိုင်း အင်ဖာကို ခြိမ်းခြောက်လာနိုင်သည်။ ဆီချာလမ်းမှ ကိုးခဒင်တောင်တန်းတစ်လျှောက်သို့ ဆင်းလာမည့် ကိုဝင်၏အမှတ်(၁၇)တပ်မမှ တပ်အချို့၏လှုပ်ရှားမှုကိုလည်း ဒုက္ခပေးနိုင်သည်။ ငသောက်ကုန်းသို့သွားသည့် လမ်းတစ်ဖက်တစ်ချက်မှနေ၍လည်း အင်္ဂလိပ်တပ်များကို တိုက်ခိုက်နိုင်သည်။

ဤသို့ လေ့လာအကဲခတ်၍ ရရှိလာသော အချက်အလက်များမှာ ဂျပန်တို့၏ကြံရွယ်ချက်နှင့် တစ်ထပ်တည်းကိုက်ညီနေသည်ကို တွေ့ရ၏။ ဖမ်းဆီးရမိသော စာရွက်စာတမ်းများမှ ဆကူ၏အမှတ် (၂၁၄) တပ်ဖွဲ့သို့ ပေးပို့သည့် ညွှန်ကြားလွှာတစ်ခုတွင်. . .

*“ရန်သူနောက်ပိုင်းကို ညအချိန်တွင် သွေးအေးအေးနှင့် ရုတ်တရက်ဝင်စီးခြင်းမှာ ရန်သူကို ထိတ်လန့်အောင်လုပ်ရာတွင် အကောင်းဆုံးနည်းဖြစ်သည်”*

*“အမြောက်တပ်များကို လိုသည်ထက်ပိုအောင်သုံးနိုင်သော ရန်သူအားသုတ်သင်ရမည့်နည်းမှာ ဤနည်းသာရှိသည်၊ ဤနည်းဖြင့် အမြတ်ထုတ်ကြ”*

. . . ဟုဖော်ပြပါရှိလေသည်။

ဘီရှန်ပူ-ဆီချာလမ်း၏ မြောက်ဘက်တွင်ရှိသော နယ်မြေအနေအထားမှာ တောများ၊ တောင်များ၊ ချောက်ကမ်းပါးများဖြင့် စောင်းထောင်ဖီလာဖြစ်နေသော အနေအထားတည်း။



www.burmeseclassic.com

www.burmeseclassic.com



ဓားသွားကဲ့သို့ထက်ကာ ဆံပင်တစ်ပင်မျှမပေါက်သော ဦးခေါင်းနှင့်တူသောတောင်များသည် ထိုးထိုးထောင်ထောင်နှင့် ရှိနေကြသည်။

သည်တောင်များပေါ်တွင် အင်္ဂလိပ်နှင့် ဂျပန်စစ်တပ်များသည် အပြိုင်အဆိုင် နေရာယူထားကြသည်။

တောင်ထိပ်များမှာ အကာအကွယ်ယူစရာ သစ်ပင်များမရှိသည်ကတစ်ကြောင်း၊ တစ်ကြိမ်လျှင် တပ်ခွဲ(၁)ခွဲလောက်သာ လှုပ်ရှားနေနိုင်သောကြောင့်ကတစ်ကြောင်း၊ တစ်ဖက်ကို အခြားတစ်ဖက်က တောင်ထိပ်ပေါ်မှမောင်းချရန် မတတ်နိုင်ဘဲဖြစ်နေကြသည်။

ဧပြီလ (၁၈)ရက်နေ့တွင် ကိုဝင်၏အမှတ် (၁၇)တပ်မမှ အမှတ် (၁၂)နယ်ခြားစောင့်တပ်သည် ဤနယ်မြေမှ ရန်သူများကို မောင်းထုတ်ရန်ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့။

ရန်သူသည် ဆီချာလမ်းမြောက်ဘက်တွင် ခိုင်ခိုင်မာမာကြီး အခြေစိုက်ထားနိုင်ခဲ့ပြီဖြစ်၏။ မည်သို့ပင်ဖြစ်စေ အင်္ဂလိပ်တိုက်ကင်းအဖွဲ့များက ဂျပန်တို့၏ ရိက္ခာပို့ဆောင်ရေး အဖွဲ့ငယ်ကလေးများကို ဒုက္ခပေးနိုင်ခဲ့လေသည်။

ရန်သူ၏အမှတ် (၂၁၅)တပ်ဖွဲ့က ဘီရှန်ပူကို လေမုန်တိုင်းတိုက်သလို တိုက်ခိုက်ချေမှုန်းရန် ပြင်ဆင်လာသည့်အချိန်တွင် ဆီချာလမ်းမြောက်ဘက်မှ တိုက်ပွဲများမှာ စစ်သည်တော်များ၏အာရုံမှ ခဏအဖို့ ပျောက်ကွယ်သွားရတော့သည်။

ဘီရှန်ပူတွင် ဗိုလ်မှူးချုပ်မက္ကင်ဇီ၏အမှတ် (၃၂)တပ်မဟာက အခိုင်အခန့် တပ်စွဲထားလျက် ရှိနေလေသည်။

မေလ (၂၀)ရက်နေ့ ည(၁)နာရီခွဲအချိန်တွင် မက္ကင်ဇီ၏ဌာနချုပ်နှင့် ခံတပ်စည်းဝိုင်းအတွင်းရှိ အမြောက်တပ်သားအားလုံးပင် စည်းဝိုင်းအရှေ့ဘက်မျက်နှာမှ ပေါ်ထွက်လာသော ပစ်သံ၊ ခတ်သံ၊ အော်သံ၊ ဟစ်သံများကြောင့် လန့်၍နိုးလာကြတော့၏။





မိုးလင်း၍တိုက်ကင်းအဖွဲ့များ ကင်းထောက်သွားကြသောအခါ ဘီရှန်ပူလမ်းအရှေ့ဘက်တွင် ရန်သူ့တပ်သားများသည် ဘန်ကာများကို ဆောက်၍ အခိုင်အမာနေရာယူထားကြသည်ကို တွေ့ကြရလေသည်။

ရန်သူသည် ဆီချာသို့သွားသည့်လမ်းခွတွင်လည်း နေရာယူပြီးနေပေပြီ။ သို့သော် ရန်သူ့အင်အားမှာ များလှသည်တော့မဟုတ်။ (၁၅၀၊ ၂၀၀)ခန့်သာ ရှိသည်။ ရန်သူသည် အလတ်စားစက်သေနတ်များကို ကိုင်ဆောင်လျက် ဘီရှန်ပူ အနောက်မြောက်ထောင့်တွင် နေရာယူထားခြင်းဖြစ်လေသည်။ အုံ့ဩစရာကောင်းနေသည်ကား ကောင်ရေ(၃၀၀)လောက်ရှိသော လားများကို ဤနေရာတွင် တွေ့နေရခြင်းပင်ဖြစ်၏။

ဤဝန်တင်လားများမှာ ဘာ့တန်၏အမှတ် (၆၃)တပ်မဟာမှ တပ်အချို့က တောင်ခြေများရှိ ရန်သူများကို နှိမ်နင်းရန် လိုက်သွားခဲ့ရာမှ စားကျက်တွင်လွှန်ထားခဲ့သော လားများပင်ဖြစ်သည်။

ဘီရှန်ပူခံတပ်စည်းဝိုင်းအတွင်းမှ လီဂလန့်အမျိုးအစား တင့်ကားများက ရန်သူရှိရာသို့ ထွက်ခွာလာသောအခါ မိုးသည်းထန်စွာရွာနေသဖြင့် ထင်သလောက်မြန်မြန်ထက်ထက်မချီတက်နိုင်ဘဲ ဖြစ်နေ၏။

ရန်သူသည် မြောင်းတိမ်များ၊ ကတုတ်ကျင်းတိမ်များတွင် နေရာယူထားကြသည်။ တင့်ကားမှအမြောက်များဖြင့် ပစ်ခတ်ပေးပြီးနောက် ပန်ချာပီစစ်သားများက ရန်သူ့ဘန်ကာများကို တက်ရောက်သိမ်းပိုက်ရန်သွားကြသောအခါ ရန်သူသည် ကျည်အားများများသုံး၍ ပစ်ခတ်လာတော့၏။အချို့သော ဂျပန်စစ်သားများသည် လားများရှိရာသို့ တိုးဝင်ထွက်ပြေးကြသည်။ ယခုအချိန်တွင် ဒီအတိုင်းရပ်၍နေသော လားအကောင် (၁၀၀)ခန့် ရှိနေသေးသဖြင့် ပန်ချာပီစစ်သားများမှာ အပစ်ရခက်နေလေတော့သည်။ အခြားပန်ချာပီ တပ်ခွဲတစ်ခွဲက လမ်းအရှေ့ဘက်မှလာ၍ အကူအညီပေးသည်။ သို့သော် တင့်ကားများအလွယ်တကူနှင့် မကောင်းဖြတ်နိုင်သော လျှိုများ မြောင်များ ကာဆီးနေသဖြင့် ခရီးမတွင်။



www.burmeseclassic.com

www.burmeseclassic.com



ညဘက်တွင် ဤတပ်ခွဲသည် ဘီရှန်ပူ-ဆီချာလမ်းဆုံတွင်ပင် တတ်နိုင်သမျှ အကာအကွယ်ယူ၍ စခန်းချလိုက်၏။ ဤပန်ချာပီတပ်ခွဲ (၂)ခွဲကို အမှတ် (၁၂)နယ်ခြားစောင့်တပ်မှ တပ်ခွဲတစ်ခွဲက လာ၍စစ်ကူပေးပြန်သည်။ သို့သော် ရန်သူသည် နေရာကောင်းကိုရရှိနေရာ အင်္ဂလိပ်ဘက်မှ တင့်ကားများလမ်းမပေါ်သို့ပင် မထွက်နိုင်အောင် ရန်သူ့ဘက်မှ လက်သံပြောင်နေတော့သည်။

နောက်တစ်နေ့တွင် ဤတပ်ခွဲ(၃)ခွဲသည် ရန်သူကို (၃)မျက်နှာမှ ဝိုင်း၍ တိုက်ခိုက်ကြ၏။ ရန်သူ (၆၀)ခန့်နှင့် လား (၂၀၀)ခန့် အသက်ပျောက်နေကြသည်ကို တွေ့ရ၏။ မေလ (၂၃)ရက်နေ့တွင် ရန်သူသည် လမ်းဆုံမှ ထွက်ခွာသွားပြီး အရှေ့မြောက်ဘက်ရှိ တောထဲ၌ နေရာယူကြပြန်သည်။ ဤစခန်းကိုလည်း (၂)ရက်အကြာတွင် ချေမှုန်းလိုက်နိုင်သည်။

အသက်ပျောက်နေသော ဂျပန်အလောင်း (၁၂၀)နှင့် လားအကောင် (၂၀၀)ခန့်တို့မှ ထွက်နေသော အနံ့မှာ ဘီရှန်ပူကပင် မခံနိုင်အောင်ဆိုးဝါးနေတော့၏။

မေလ (၂၅)ရက်နေ့ညတွင် လူအင်အား (၃၀)ခန့်ပါရှိသော ဂျပန်အဖွဲ့တစ်ဖွဲ့သည် ဘီရှန်ပူစည်းဝိုင်းအတွင်းသို့ တိတ်တဆိတ်ဝင်ရောက်လာကြပြီး အမြောက်စခန်းမှ ဘိုဖာအမြောက်တစ်လက်ကို ဖျက်ဆီးပစ်ရန်ကြိုးစားကြသေးသည်။ သို့သော် အရှုံးနှင့်သာ ရင်ဆိုင်သွားခဲ့ကြရ၏။

ရန်သူ့အဖွဲ့သား (၃၀)တွင် နာဖျားနေသူ အချို့နှင့် ဒဏ်ရာရသူ အချို့ ပါဝင်နေသည်ကို ထောက်ခြင်းဖြင့် ရန်သူ့အခြေအနေ မလှတော့ကြောင်းထင်ရှားနေတော့သည်။ ရန်သူ့အမှတ် (၁၂၅)တပ်ဖွဲ့သည် တောင်နီတိုက်ပွဲနှင့် ဝက်ခြံတောင်ကုန်းတိုက်ပွဲများတွင်လည်း အတော်ပင် အထိနာခဲ့၏။ ရန်သူ့ဘက်မှ (၁၀၀)ခန့်ကျဆုံးပြီး တိုက်ပွဲဒဏ်ကြောင့် ကြောင်တောင်တောင်ဖြစ်နေသော ဂျပန်စစ်သား (၇)ယောက်ကို သုံ့ပန်းအဖြစ် ဖမ်းဆီးရမိသည်။





စစ်သား (၁)ယောက်က သူ့တပ်ခွဲမှ တပ်လုံးပြုတ်သွားခဲ့ကြောင်း ထုတ်ဖော်ပြောဆိုသည်။ ဘီရှန်ပူတိုက်ပွဲတွင် ဂျပန်စစ်သားများ၏ အခြေအနေမှာ အတော်ပင် ဆိုးဝါးလာခဲ့၏။ ပို့လာသမျှသောရိက္ခာများမှာ လမ်းတွင် အင်္ဂလိပ်တပ်များ၏ ဖြတ်တောက် ဖျက်ဆီးခြင်းကို ခံနေရပြီး ဂျပန်တို့၏တင့်ကားများမှာလည်း ယှဉ်ပြိုင်၍ မတိုက်နိုင်လောက်အောင် သေးငယ်နေသည်ကို တွေ့ရသည်။ တိုက်ပွဲတစ်ပွဲမှ ဒဏ်ရာရပြီးနောက် ဌာနချုပ်သို့ ဒယီးဒယိုင်နှင့်ပြန်ရောက်လာသော စစ်သားများမှာ ချက်ချင်းပင်အခြားတိုက်ပွဲတစ်ပွဲသို့ စေလွှတ်ခြင်းခံရသည်။

ဗိုလ်မှူးကြီးဆကူ၏အမှတ် (၂၁၄)တပ်ဖွဲ့တွင် ဖျားနာသူနှင့် ဒဏ်ရာရသူ (၇၀)ရာခိုင်နှုန်းရှိနေသည်။ သို့သော် သေနတ်ကိုင်နိုင်သေးသူမှန်သမျှ ရှေ့တန်းစစ်မြေပြင်တွင် ရှိနေရမည်ဟူသော အမိန့်ကြောင့် သည်အတိုင်းကြည့်နေရတော့၏။

ဖျားနာသူနှင့် ဒဏ်ရာရသူများကို စစ်မြေပြင် သူနာပြုစခန်းသို့ ပို့လိုက်ပါသော်လည်း ထိုသူများကို နောက်ပိုင်းရှိ စစ်မြေပြင်ဆေးရုံများသို့ ပို့ပေးခြင်းမရှိဘဲ ရှေ့တန်းစစ်မျက်နှာသို့သာ ပြန်၍စေလွှတ်နေလေသည်။

ယခုအချိန်တွင် ရှေ့တန်းစစ်မျက်နှာတွင်ရှိနေသော ဂျပန်စစ်သားတစ်ယောက်၏ဘဝမှာ သနားစရာပင်ဖြစ်လာတော့သည်။ ရေ့ခါးလောက်ရောက်သော ပစ်ကျင်းကလေးတစ်ခုထဲတွင် စကားပြောစရာအဖော်လည်း တစ်ယောက်မျှမရှိဘဲ တစ်ကိုယ်တည်းတာဝန်ထမ်းဆောင်နေရသည်။

စားစရာရိက္ခာလည်း နတ္ထိ။ သည်အထဲတွင်ငှက်ဖျားနှင့်ဝမ်းကိုက်သည့်ရောဂါကလည်း ဖိစီးနေပြန်သည်။ လုံလုံခြုံခြုံ နွေးနွေးထွေးထွေး ရှိရန် ယူနီဖောင်းလဲစရာမရှိ။ ကိုယ်ပေါ်တွင်စုတ်ပြတ်နေသည့်ယူနီဖောင်း တစ်ထည်သာရှိလေသည်။ တစ်ကိုယ်လုံးမှာလည်း ရွှံ့တွေပေနေ၏။

စီးကရက်ကို ပါးစောင်တွင်ခဲ၍ ဟိုမှသည်သို့လှုပ်ရှားသွားလာနေသော အင်္ဂလိပ်၊ အိန္ဒိယနှင့် ဂေါ်ရခါးစစ်သားများကို မိမိ၏ပစ်ကျင်းထဲမှ



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းသားမြင်နေရသော်လည်း မြင်တိုင်း မပစ်ရဲ။ မိမိလက်ထဲတွင် ရှိနေသော လက်ကျန်ကျည်ဆန်ကို ရေတွက်နေရသေးသည်။

နန်ကန်တွင် ဌာနချုပ်လုပ်ထားသော ဗိုလ်မှူးကြီးဆကူမှာ ပြင်းထန်သော ဘီရှန်ပူတိုက်ပွဲကို တဲထဲတွင်ထိုင်ရင်း မြင်နေရသည်။ ရောက်လာသမျှသော သတင်းများမှာလည်း တစ်ခုမျှအားတက်စရာမရှိ။

သူ၏ အမှတ် (၂၁၄)တပ်ဖွဲ့သည် ဘီရှန်ပူကိုတိုက်ရန် တာဝန်ယူထားသော အမှတ် (၂၁၅)တပ်ဖွဲ့နှင့် ပူးပေါင်း၍ တိုက်နေသည့်တိုင် သူတို့ဘက်တွင်သာ အထိနာနေသည်။

သူသည် အမှတ် (၃၃)တပ်မတစ်ခုလုံးဖြင့် ဘီရှန်ပူ-ဆီချာလမ်းတစ်လျှောက်ရှိ ရန်သူပျားအုံများကို ပထမဆုံး ဖြိုဖျက်ရန် စဉ်းစားမိခဲ့၏။ သို့သော် သူ့တွင် ထိုအချက်ကို အကောင်အထည်ဖော်နိုင်စွမ်း မရှိခဲ့။

ယခုမူ ဂျပန်တပ်များသည် ရက်ရက်စက်စက် သုတ်သင်ခြင်းကို ခံနေရပေပြီ။ တစ်ညနေတွင် ဘီရှန်ပူကို ဝိုင်း၍တိုက်နေသော သူ၏တပ်ရင်းတစ်ရင်းမှ သတင်းရောက်လာသည်။

တပ်ရင်းမှူးဖြစ်သူမှာ ယာဥချိဖြစ်သည်။ တပ်ရင်းမှာ အမည်သာကျန်တော့လျက် လူအင်အားက အမည်နှင့်မလိုက်အောင် ဆုတ်ယုတ်နေပေပြီ။ ယာဥချိက သူနှင့်အတူ လူ (၅)ယောက်သာ ကျန်တော့ကြောင်း ဆကူထံ အစီရင်ခံသည်။ ကျန်သူများမှာ ကျဆုံးသူဆုံး၊ ထွက်ပြေးသူပြေး၊ ဒဏ်ရာရသူရ ဖြစ်ကုန်ကြပြီဖြစ်၏။

ဆကူသည် ဆက်သားနှင့်အတူ စစ်သားအချို့ကို ထည့်ပေးပြီး ဘီရှန်ပူစစ်မျက်နှာသို့ပြန်ရန် အမိန့်ပေးရတော့သည်။ အဘယ်ကြောင့်ဆိုသော် သူ၏အမှတ် (၂၁၄)တပ်ဖွဲ့သည် ယခုအချိန်ထိ တိုက်ခိုက်နေကြောင်းကို သက်သေထူနိုင်ရန်တည်း။

သူထည့်ပေးလိုက်သော စစ်သားအချို့မှာလည်း ဒဏ်ရာရနေသောသူများသာ ဖြစ်တော့သည်။





လူအင်အား (၄၀)ခန့်သာရှိသော အဖွဲ့တစ်ဖွဲ့သည် ဗိုလ်ကြီးတစ်ဦး၏ကြီးကြပ်မှုကို နာခံလျက် ဘီရှန်ပူမြောက်ပိုင်းကို ဆက်လက်သိမ်းပိုက်ထားဆဲပင်ဖြစ်သည်။

"စစ်ကူပို့ပါ" ဟု သတင်းရောက်လာသော အခါ၌လည်း ဆကူသည် ဗိုလ်အဆင့်အတန်းရှိ အရာရှိတစ်ဦးနှင့် လူ လက်တစ်ဆုပ်စာကို စစ်ကူပို့ပေးခဲ့၏။

နောက်တစ်နေ့တွင် တပ်ရင်းမှူး ယာဥချိက သူ့တပ်ရင်းသည် ဘီရှန်ပူတွင် ဆက်လက်တပ်စွဲရန် မဖြစ်နိုင်တော့သည့်အတွက် တပ်ဆုတ်လာပြီဖြစ်ကြောင်း တယ်လီဖုန်းဖြင့်လှမ်း၍ သတင်းပို့သည်။ အမှန်မှာ ယာဥချိသည် သူ့တပ်ကို မထိန်းနိုင် မသိမ်းနိုင်ဖြစ်လာကာ ရက်အတန်ကြာကပင် ဘီရှန်ပူမှ ဆုတ်လာခဲ့ခြင်းဖြစ်လေသည်။

ဆကူသည် သူ၏အမှတ် (၂၁၄)တပ်ဖွဲ့ အရှုံးနှင့်တကယ်ပင်ရင်ဆိုင်ရပြီဆိုသည့်အချက်ကို သွက်သွက်ကြီးလက်ခံလိုက်ကာ ဘီရှန်ပူတိုက်ပွဲမှ သူ့တပ်ဖွဲ့ဆုတ်လာတော့မည်ဟု အမှတ် (၃၃)တပ်မဟာဌာနချုပ်သို့ အစီရင်ခံလိုက်လေသည်။ သူ၏တပ်ရင်းတွင် လူ (၃၀၀)ရှိခဲ့သည့်အနက် (၁၇)ယောက်သာ အသက်နှင့်ကိုယ် အိုးစားမကွဲဘဲ ပြန်ရောက်လာပြီး အမှတ် (၂)တပ်ရင်းတွင် လူ (၅၄၀)ရှိခဲ့သည့်အနက် (၃၇)ယောက်သာ ဌာနချုပ်သို့ ရောက်လာနိုင်ခဲ့တော့သည်။

သူ တွေးထင်ခဲ့သည့်အတိုင်းပင် ဂျပန်တပ်မတော်ကြီးသည် အရှုံးနှင့်ရင်ဆိုင်ရပြန်ပေပြီ။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၅ )

အင်ဖာသို့ချီတက်လာခဲ့သော အဓိက စစ်ကြောင်းကြီး (၃)ကြောင်း အနက် အလယ်စစ်ကြောင်းမှ ချီတက်လာခဲ့သော အမှတ် (၁၅)တပ်မ သည် လီတန်တွင် ဌာနချုပ်ဖွင့်ထားခဲ့သည်။

လွန်ခဲ့သည် (၂)လခန့်က အမှတ် (၁၅)တပ်မမှ စစ်သည်တော်များ သည် ဌာနချုပ်ဖွင့်လျက်ရှိသော လီတန်ကိုဖြတ်လျက် အင်ဖာလွင်ပြင်ဆီ သို့ ရှေးရှုချီတက်ခဲ့ကြ၏။

ထိုအချိန်က စစ်သည်တော်တို့သည် အောင်ပွဲရတော့မည်ဟူသော မျှော်လင့်ချက်ဖြင့် နတ်မြင်းပျံကဲ့သို့မြူးကြွားကြွားရှိနေခဲ့ကြ၏။ တပ်တောင် တာဗိုလ်ထုနှင့် လူစုကာ အုပ်ချုပ်လာခဲ့သော ဗိုလ်ချုပ်ကြီးယာမာဥချိ မှာလည်း အင်ဖာလွင်ပြင်တွင် အောင်သေအောင်သားစားရတော့မည်ဟု စိတ်နှလုံးရွှင်ပြုံးနေခဲ့၏။

သို့သော် မေလစောစောပိုင်းသို့ ရောက်လာသောအချိန်တွင်ကား ဗိုလ်ချုပ်ကြီးယာမာဥချိသည် မျှော်လင့်ချက်မဲ့ အခြေအနေများနှင့်သာ တစ်ဆင့်ပြီးတစ်ဆင့် ရင်ဆိုင်တိုးလာခဲ့ရကာ စိတ်နှလုံးမရွှင်ပြုံးနိုင်အောင် ဖြစ်လာရတော့သည်။

သူ၏အမှတ် (၁၅)တပ်မသည် အင်ဖာမြောက်ဘက် (၁၆)မိုင်ကွာ ရှိ ကန်ဂလာတုန်ဘီနှင့် ဥခရယ်အကြားတွင် တပ်ဖွဲ့ကလေးများအဖြစ် ပြန့်ကျဲလျက်ရှိသည်။





ကန်ဂလာတုန်ဘီနှင့် ဥခရယ်အကြားတွင် တောများ တောင်များ သာလျှင် မင်းမူနေပြီး ဤခရီးတစ်လျှောက်၌ လှည်းလမ်းကြောင်းနှင့် လူ သွားလမ်းသာ တစ်နေရာနှင့်တစ်နေရာ ကူးလူးဆက်ဆံနိုင်သည့် ပေါင်းကူး အဖြစ်တည်ရှိနေ၏။ မကြာမီ ကျရောက်လာတော့မည့် မိုးရာသီတွင် ဤပေါင်းကူးလမ်းများသည် သွားရ၍လာ၍မရနိုင်လောက်သည့် အခြေသို့ ရောက်လာရပေတော့မည်။

ကန်ဂလာတုန်ဘီ၊ နန်ရှိဂန်နှင့် မပိုရွာတစ်ဝိုက်ရှိ တောင်ကုန်းများ ကို ယာမာဥချိ၏တပ်များက သိမ်းပိုက်ထားနိုင်ခဲ့သည့်အချိန်က ယာမာ ဥချိသည် အမှန်ပင် အင်္ဂလိပ်ဗိုလ်ချုပ်ကြီးစကွန်း၏အမှတ် (၄)တပ်မကြီး ကို အာရုံကြောများပြတ်ထွက်သွားအောင် ဖြတ်တောက်ပစ်နိုင်သည့်အခြေ အနေမျိုးနှင့် များစွာပင်နီးကပ်နေခဲ့၏။

ယခုအချိန်တွင်နန်ရှိဂန်ကို အကျအဆုံးများစွာနှင့် စွန့်လွှတ်ခဲ့ရ သည့်တိုင် မပိုတောင်တန်းတစ်လျှောက်တွင် တပ်စွဲလျက်ရှိနေသေးသော ယာမာဥချိ၏စစ်သည်တော်များသည် လိုတရနိုင်သော ပြည်ကြီးသင်္ဂြိုဟ် ရွှေ အင်ဖာကို ငုံ့ကြည့်၍မြင်နိုင်သေးသည့် အခြေအနေရှိနေဆဲပင်ဖြစ်၏။

ရိက္ခာနှင့်ခဲယမ်းများကို တင်ဆောင်လာသော လေယာဉ်အုပ်စုကြီး များ အင်ဖာလေယာဉ်ကွင်းပေါ်တွင် တစီစီမြည်လျက် ဆင်းသက်နေသည် ကိုမြင်နေရသည်မှာ ဂျပန်စစ်သည်တော်များအတွက် စိတ်မသက်သာ စရာ ရှုကွင်းရှုကွက်ပင်ဖြစ်သည်။

သူတို့ကိုယ်တိုင် စားချင်, သောက်ချင်, လိုချင်နေသော စားရေ ရိက္ခာများ၊ အသုံးအဆောင်ပစ္စည်းများကို သူတို့ပြိုင်ဘက်ဖြစ်သော ရန်သူများက အစုလိုက်အပုံလိုက်ရရှိနေသည်ကို မြင်နေရပြီး သူတို့ အတွက်မူ လေယာဉ်ပျံဆို၍ မှုး၍ပင်ရှုစရာမရှိအောင်ဖြစ်နေရသည် သာမက ရန်သူက လေကြောင်းနှင့် ကြည်းကြောင်းမှ မကြာခဏ တိုက် ခိုက်ခြင်းခံနေရသောအခါ စိတ်ဓာတ်ကျချင်သလို ဖြစ်၍လာကြတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ယာမာဥချိသည် အင်ဖာမြောက်ဘက် (၁၆)မိုင်အကွာမှနေ၍ အင်ဖာ-ကိုဟီမားလမ်းကို ထွက်ပေါက်မရှိအောင် ခိုင်ခိုင်လုံလုံပိတ်ဆို့ထားနိုင်ခဲ့ပါ၏။

သို့သော် ကန်ဂလာတုန်ဘီမှ အင်ဖာသို့ ချီတက်လုပ်ကြံမည့်အရေးမှာ မည်သို့မျှမဖြစ်နိုင်။ ထို့အတူ ဌာနချုပ်ဖွင့်လှစ်ထားရာ လီတန်မှ အင်ဖာသို့ ချီတက်ရန်မှာလည်း သူ၏တတိယတပ်ဖွဲ့ မရောက်လာသေးဘဲနှင့် ချီတက်ရန်အင်အားမလုံလောက်။ ချီတက်မည့်လမ်းတစ်လျှောက်တွင် တပ်စွဲထားသော အင်္ဂလိပ်တို့၏အင်အားမှာ သံမြို့တည်ထားသကဲ့သို့ ခိုင်မာလှချေသည်။

အတိုချုံး၍ဆိုရသော် ယာမာဥချိ၏တပ်များသည် ရောက်လေရာအရပ်၌ ရှေ့သို့တစ်လက်မမျှတိုး၍မရအောင် ဘေးကျပ်နံကျပ်ဖြစ်နေလေသည်။ မိုးသာ ဖြိုင်ဖြိုင်ကျလာခဲ့သော် ဤတပ်များသည် ပို၍ဆိုးသော အခြေအနေနှင့်သာ ရင်ဆိုင်ကြရတော့မည်ဖြစ်၏။

စစ်သည်ရဲမက်တို့၏အခြေအနေ မဟုတ်သေး။ စစ်သည်ရဲမက်တို့ကို အုပ်ချုပ်နေသော ဗိုလ်ချုပ်ကြီးယာမာဥချိ၏ သုံးခြုံရေးသည်ပင် စိတ်ချလက်ချ မဖြစ်နိုင်သည့် ဘဝမျိုးဖြစ်နေသည်။

သူ့ဌာနချုပ်မှာ တိုက်ရိုက်ဗုံးကြဲတိုက်ခိုက်ခြင်းကို တစ်ကြိမ်ထက်မကခံခဲ့ရပြီး သူကိုယ်တိုင်မှာ အင်္ဂလိပ်ဗိုလ်ချုပ်ရောဘတ်၏ အမှတ် (၂၃) တပ်မမှ တက်ရောက်ဖမ်းဆီးမည့် အန္တရာယ်မှ (၂)ကြိမ်တိုင်တိုင် ကိုယ်လွတ်ရုန်း၍ ပြေးခဲ့ရသည်မှာလည်း မေ့၍မရနိုင်သော အကြောင်းပင်ဖြစ်လေသည်။

ဤအချိန်တွင် အမှတ် (၄)တပ်မကြီးမှ ဗိုလ်ချုပ်ကြီးစကွန်းသည် ဖြစ်ပေါ်လာသော အခြေအနေသစ်နှင့် ရရှိလာသော သတင်းများကို ညှိနှိုင်းလျက် သူ၏စစ်ဆင်ရေးအစီအစဉ်ကို ပြန်လည်သုံးသပ်လျက်ရှိလေသည်။





ရန်သူတို့၏ "စည်တီး . . . ပြည်ကြီး ဝင်တော်မူမည်" ဟူသော အင်ဖာသိမ်းယူရေးအစီအစဉ်မှာ ကစဉ့်ကလျား ဖြစ်နေပြီဆိုသည့်အချက်မှာထင်ရှားလှသည်။

စစ်မျက်နှာတိုင်းတွင် ရန်သူတို့၏အကျအဆုံးမှာ အတုံးအရုံးဖြစ်နေပြီး ကျဆုံးလေသူများ၏နေရာတွင် အစားဝင်လာသည့် စစ်ကူအရိပ်အယောင်ကိုလည်း တစ်ဆံခြည်မျှ မတွေ့ရချေ။

အထူးသဖြင့် ရန်သူ၏အမှတ် (၁၅)တပ်မထံသို့ မည်သည့်စစ်ကူမျှရောက်လာခြင်း မရှိသည်မှာ သေချာလှသည်။

ထို့ကြောင့် ဗိုလ်ချုပ်ကြီး စကွန်းအဖို့ ဧပြီလ (၄)ရက်နေ့က ချမှတ်ခဲ့သော အစီအစဉ်ကို အဘယ်ကြောင့် ယခုအချိန်တွင် အကောင်အထည်မဖော်ဘဲနေရန် အကြောင်းပြချက်ရှာမရ။ အကောင်အထည်ဖော်ရန် ရေကလည်းသင့်၊ လေကလည်းသင့်ပေပြီ။

အကောင်အထည်ဖော်ရမည့် အစီအစဉ်ကား ဂျပန်တို့၏အမှတ် (၁၅)တပ်မအားအမိကထား၍ ပြန်လည်ထိုးစစ်ဆင်ကာ ရန်သူအား အပြီးသတ်ချေမှုန်းရေး တိုက်ပွဲဆင်နွှဲရန်တည်း။

ကိုဟီမားစစ်မျက်နှာတွင် ပြင်းပြင်းထန်ထန် တိုက်ခိုက်နေသည့် အမှတ် (၇)တပ်မမှ တပ်အချို့အနက် အမှတ် (၈၉)တပ်မဟာမှာ အင်ဖာသို့လေကြောင်းဖြင့် ရောက်ရှိလာသောကြောင့်လည်း ဂျပန်တို့၏အမှတ် (၃၃)တပ်မကို ယခုထက်ပို၍ဖိထားမည်ဟု ဗိုလ်ချုပ်ကြီးစကွန်းက ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် ဗိုလ်မှူးချုပ်ကရောက်သာ အုပ်ချုပ်သော အမှတ် (၈၉) တပ်မဟာအား ဗိုလ်ချုပ်ဘရစ်ချ် ဦးစီးသော အမှတ်(၅)တပ်မလက်အောက်တွင် တာဝန်ထမ်းဆောင်ရန် လွှဲပြောင်းပေးလိုက်၏။ ဤသို့ပြုလုပ်လိုက်ခြင်းအားဖြင့် အမှတ် (၁၇)တပ်မမှ ကိုဝင်အား ဘီရှန်ပူတွင် တန်ပြန်ထိုးစစ်ဆင်နိုင်အောင် အားဖြည့်၍လည်း ပေးလိုက်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



တန်ပြန်ထိုးစစ်ဆင်ရမည့်ရက်ကို မိုးဖြိုင်ဖြိုင်ကျလာမည့် မေလ (၂၁)ရက်နေ့ ဖြစ်ရမည်ဟု သတ်မှတ်လိုက်သည်။

သို့ဖြစ်၍ ခြေခင်းလက်ခင်းသာမည့် ရက်များမှာ ရှေ့တွင် ရက်သတ္တပတ် (၃)ပတ်မျှသာ ရှိတော့မည်ဖြစ်သည်။ ဤရက်များကိုလည်း တန်ဖိုးရှိရှိ အသုံးချသွားမည်ဟု ဆုံးဖြတ်ထားသည်။

မိုးဖြိုင်ဖြိုင်ကျလာသည်နှင့်တစ်ပြိုင်နက် စစ်ဆင်ရေးများမှာ နှေးကွေး၍လာကာ ငှက်ဖျားကလည်း စစ်သည်ရဲမက်များအတွင်း ပြန့်၍တစ်စခန်းထ,လာမည်ဖြစ်ပြီး ရှေ့တန်းရှိ စစ်သည်တော်များအား ရိက္ခာထောက်ပံ့ရေးမှာလည်း ခက်ခဲ၍လာတော့မည်မှာ သေချာလှတော့သည်။

ဗိုလ်ချုပ်ကြီး စကွန်းအတွက် အထူးအရေးပေး၍ စဉ်းစားရသည့်ကိစ္စတစ်ရပ်မှာ စစ်သည်တော်များ၏ ကိုယ်လက်ကြံ့ခိုင်ရေးပင်ဖြစ်၏။

ရိက္ခာခြောက်များကိုသာ နေ့စဉ်ရက်ဆက်စားနေရသော စစ်သည်ရဲမက်တို့မှာ အာဟာရမဖြစ်ဘဲ အစာမကြေသည့်ရောဂါများသာ ဖြစ်လာတော့သည်။

စားလိုက်သည့်အစာသည် စားသုံးသူအား အဆီအသားမဖြစ်ဘဲ အစာဟောင်းအဖြစ်သို့သာ ရောက်သွားတော့သည်။ ထို့ကြောင့်လည်း ဝမ်းကိုက်သည့်ရောဂါက စစ်သည်တော်အများအပြားတွင် ပြန့်ပွားလာသည်။

မြေတွင်းထဲတွင်သာ ရက်သတ္တပတ်ပေါင်းများစွာကြာအောင် အိပ်လုပ်၍နေခဲ့ရသောကြောင့်တစ်ကြောင်း၊ နေ့စဉ်ညဆက် အအိပ်ပျက်ကာ တိုက်ခိုက်လာသည့်ရန်သူကိုသာ အာရုံစိုက်နေရသောကြောင့်တစ်ကြောင်း စစ်သည်ရဲမက်တို့၏ ကိုယ်လက်ကြံ့ခိုင်ရေး အခြေအနေမှာ တဖြည်းဖြည်း ညံ့ဖျင်း၍လာခဲ့ရတော့သည်။

ဤသို့သော စစ်သည်တော်များအား ဝန်နှင့်အားမမျှသောအလုပ်မျိုးကို ဆက်၍လုပ်ပါဟု တာဝန်မပေးမိရန်လည်း သတိထားရသည်။





မိုးရာသီတွင် လေယာဉ်များပျံသန်းနိုင်မည့် အချိန်သည်လည်း လျော့နည်းလာမည်ဖြစ်ရာ အင်ဖာလွင်ပြင်သို့ ရောက်လာမည့် ရိက္ခာနှင့် ခဲယမ်းလည်း ခါတိုင်းထက်လျော့ရမည်မှာ မလွဲမရှောင်သာသော ကိစ္စဖြစ်နေသည်။ ယခုပင်လျှင် တစ်နေ့ထက်တစ်နေ့ ရိက္ခာနှင့်ခဲယမ်းများ လျော့၍ ရောက်နေသည် မဟုတ်ပါလား။

တစ်နေ့တစ်နေ့လျှင် ကျွေးမွေးရသည့်လူပေါင်းမှာ (၁၅၅၀၀၀) တစ်သိန်းငါးသောင်းငါးထောင် ရှိသည်။ ယင်းအနက် (၃၀၀၀၀) သုံးသောင်းမှာ အင်္ဂလိပ်စစ်သည်တော်များဖြစ်သည်။

နေ့တိုင်း မကျွေးမမွေးဘဲထား၍ မဖြစ်သော လားနှင့်မြင်းတလည်း ကောင်ရေ (၁၁၀၀၀)တစ်သောင်းတစ်ထောင် ရှိသည်။ လူနှင့် ဝန်တင်တိရစ္ဆာန်များအတွက် တစ်နေ့လျှင် ရိက္ခာတန်ချိန် (၂၅၀)ကျော်လိုသည်။

ထို့ပြင် စစ်ပွဲကြီးတစ်ခုကို အသက်ဝင်လှုပ်ရှားနေစေရန်အတွက် ဓာတ်ဆီ၊ ရေနံဆီ၊ လက်နက်၊ ခဲယမ်း၊ ယူနီဖောင်း၊ လူ့အသုံးအဆောင်ပစ္စည်းများ၊ စက်အတွက် ပစ္စည်းများ၊ ချောစာအိတ်များ၊ စစ်ကူတပ်များ၊ လေယာဉ်နှင့် တင့်ကားတပ်များအတွက် ပစ္စည်းများလိုသည်။

အကျဉ်းချုပ်၍ဆိုရသော် တစ်နေ့အတွက် အစုစုတန်ချိန်ပေါင်း (၄၇၀)တန်လိုသည်။ သို့မဟုတ် လေယာဉ် (၁၅၇)စင်းတိုက် ရိက္ခာပစ္စည်းများလိုသည်။

မိုးရာသီဖြစ်သော မေ၊ ဇွန်၊ ဇူလိုင်လများတွင် လိုအပ်သော ရိက္ခာပစ္စည်းနှင့် လေကြောင်းမှသယ်ယူပို့ပေးနိုင်မည့် တန်ချိန်ကို ချိန်ထိုးလိုက်သောအခါ တန်ချိန်ပေါင်း (၁၅၀၀၀)လျော့နည်းနေမည်ကို တွေ့ရှိရတော့၏။

ဤခန့်မှန်းချက်အရ အင်ဖာ-ကိုဟီမားလမ်းကို ပွင့်သွားအောင် လုပ်နိုင်လျှင်လုပ်၊ မလုပ်နိုင်လျှင် အင်ဖာလွင်ပြင်ရှိ စစ်သည်ရဲမက် အရေအတွက်ကို လျှော့ပစ်လိုက်ရန် နည်းနှစ်နည်းသာရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အင်ဖာ-ကိုဟီမားလမ်းကို ပွင့်အောင်ဖွင့်နိုင်မည့်ရက်မှာ ဇွန်လ (၁၅)ရက်နေ့လောက် ဖြစ်နိုင်လိမ့်မည် ဟု ဗိုလ်ချုပ်ကြီးစကွန်းက ခန့်မှန်းမိသည်။ လမ်းမပွင့်သေးသဖြင့် စစ်သည်ရဲမက်အရေအတွက်ကို လျှော့ပစ်မည်ဆိုပြန်တော့လည်း ရန်သူမှာ လုံးဝရှုံးနိမ့်သွားခြင်းမရှိသေးသဖြင့် မည်သည့်နည်းနှင့်မျှ လျှော့၍မဖြစ်။

အင်ဖာ-ကိုဟီမားလမ်းကို ခန့်မှန်းသည်ထက်ပို၍ စောစောဖွင့်နိုင်စေရန်လည်းကောင်း၊ မိုးဖြိုင်ဖြိုင်မကျမီ ခြေခင်းလက်ခင်းသာသည့် ရသမျှ အချိန်ကလေးတွင် ရန်သူအားတတ်နိုင်သမျှဖိ၍ တိုက်နိုင်စေရန်လည်းကောင်း ဗိုလ်ချုပ်ကြီးစကွန်းသည် အရေးပေါ်စစ်ဆင်ရေးတစ်ရပ်ကို သတ်မှတ်လိုက်သည်။ ဤစစ်ဆင်ရေးသည် မိုးဖြိုင်ဖြိုင်ကျလာခါနီးသည့် အချိန်အထိသာ အတည်ဖြစ်သည်။

ပထမစစ်ဆင်ရေးအစီအစဉ်မှာ ဂျပန်တို့၏အမှတ် (၁၅)တပ်မအား အင်္ဂလိပ်တို့၏အမှတ် (၅)နှင့်အမှတ် (၂၅)တပ်မတို့ဖြင့် ဖိ၍တိုက်ရန်လည်းကောင်း. . .

ဤသို့တိုက်ရာ၌ အမှတ် (၂၃)တပ်မသည် ရန်သူရှိရာ ဥခရယ်သို့ ရိက္ခာနှင့်ခဲယမ်းလက်လှမ်းမှီ ပေးပို့နိုင်သလောက်သာ လိုက်၍တိုက်ရန်၊ မိုးဖြိုင်ဖြိုင်ကျလာခါနီးသည်နှင့် တစ်ပြိုင်နက် အင်ဖာလွင်ပြင်သို့ တပ်ခေါက်ပြီး ပြန်ရောက်နေရန်။

အမှတ်(၅)တပ်မသည် ကိုဟီမားလမ်းအတိုင်း ချီတက်တိုက်ခိုက်ရင်း. . ကိုဟီမားတွင်ခံစစ်ပြုလုပ်နေသော အင်္ဂလိပ်တို့၏အမှတ် (၃၃)တပ်မကြီး၏အစွမ်းသတ္တိပေါ်တွင် အခြေတည်၍ အင်ဖာသို့ပြန်လည်ချီတက်တိုက်ခိုက်လာရန်။

ဒုတိယစစ်ဆင်ရေးအစီအစဉ်မှာ အင်္ဂလိပ်တို့၏အမှတ် (၁၇)တပ်မက ဘီရှန်ပူစစ်မျက်နှာတွင် ဂျပန်တို့အား တန်ပြန်ထိုးစစ်ဆင်ရင်း ဂျပန်တို့၏အမှတ် (၃၃)တပ်မအားချေမှုန်းရန်။





ဤတန်ပြန်ထိုးစစ်မှာ ရန်သူအခြေအနေကိုကြည့်ရခြင်းအားဖြင့် အလွန်ပြင်းထန်သော တိုက်ပွဲများပေါ်ပေါက်လာမည်ဟု မျှော်လင့်ရလေသည်။ တတိယစစ်ဆင်ရေးအစီအစဉ်မှာ ရှန်နန်စစ်မျက်နှာရှိ အမှတ် (၂၀)တပ်မက ခံစစ်ကို စွဲစွဲမြဲမြဲပြုနေရန်။

ဤသို့အားဖြင့် နေ့စဉ်နှင့်အမျှ အကျအဆုံးခံကာ ရှန်နန်ကိုသိမ်းယူရန် ကြိုးစားနေသော ယာမာမိုတို၏တပ်ကို ပို၍အရှုံးပေါ်စေရန်။

မေလအလယ်ပိုင်းလောက်တွင် အမှတ် (၂၀)တပ်မ၏နေရာတွင် အမှတ် (၂၃)တပ်မက အစားဝင်၍ အမှတ် (၂၃)တပ်မနေရာသို့ အမှတ် (၂၀)တပ်မကို ပြောင်းပေးရန်ဖြစ်၏။

□

ရောဘတ်၏အမှတ် (၂၃)တပ်မက လီတန်လမ်းအတိုင်း ပြင်းပြင်းထန်ထန် ချီတက်တိုက်ခိုက်ရင်း ဂျပန်စစ်သူကြီးယာမာ့ဥချိ၏ဌာနချုပ်ကိုပင် လုပ်ကြံရန်ကြိုးစားနေစဉ် အမှတ်(၅)တပ်မမှ ဘရစ်ချ်ကမပိုတောင်တန်းနှင့်နန်ရှိဂန်မှရန်သူများကို မောင်းထုတ်ရန်အားထုတ်လျက်ရှိသည်။

ဤတိုက်ပွဲများအတွင်း မူဆလင်ဘာသာဝင် စစ်သည်တော်ထဲမှ အပ္ပဒူလ်ဟာဇစ်ဆိုသူမှာ ဗိတိုရိယားကရော့စ်ကို ပထမဆုံးရခဲ့၏။

ရာသီဥတုသာယာသည့်အချိန်တွင် မပိုတောင်ထိပ်မှမျှော်ကြည့်လိုက်လျှင် အင်ဖာလွင်ပြင်၏ရှုမျှော်ခင်းသည် သာတောင့်သာယာရှိလှသည်။ ထို့အတူ ကန်ဂလာတုန်ဘီသည်လည်းကောင်း၊ ကိုဟီမားသို့ရှေးရှုအပ်သော အင်ဖာ-ကိုဟီမားလမ်းသည်လည်းကောင်း မျှော်နေသူတို့၏ ဘဝင်နှလုံးကို ယူကျုံးဆွဲငင်နိုင်သော သဘာဝတို့ဖြင့် ပြည့်ကြွယ်လှလေသည်။ မပိုတောင်ထိပ်သို့အရောက် အင်္ဂလိပ်အင်ဂျင်နီယာများ ဖောက်လုပ်ခဲ့သော ဂျစ်ကားလမ်းအတိုင်း တက်ရသည်ကပင် ရာသီဥတုသာယာသည့်အချိန်ပင်ဖြစ်လင့်ကစား တာမောတာကောကြီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးရာသီရောက်လာပြီးနောက် တောင်တွင်းတစ်လျှောက်တွင် စွတ်စိုလာသည့်အချိန်တွင်ကား ဆိုဖွယ်ရာမရှိတော့ပြီ။ ခြေကလေး တစ်ဖက်ချရန်ပင် အင်မတန်ကုတ်ကတ်၍ တက်နေရတော့၏။

ထို့ကြောင့် မပိုတောင်တန်းတစ်လျှောက်ရှိ တောင်ကုန်းများကို ရန်သူ့လက်မှသိမ်းယူနိုင်ရန် ကြိုးစားရသော အင်္ဂလိပ်နှင့်အိန္ဒိယတပ်သားများအဖို့ သံမြို့ကို ဖြိုဖျက်ရသလို ရှိနေကြတော့သည်။

သည်အထဲတွင် တောင်ထိပ်ပေါ်ရှိ ဂျပန်တပ်များက ထူးချွန်စွာရဲရင့်စွာ ကျင်လည်စွာ ဖွဲ့ရှိစွာ ခုခံနေကြသောအခါ တောင်ကုန်းများကို တက်ရောက်သိမ်းပိုက်ကြရသော အမှတ်(၄) အင်္ဂလိပ်တပ်မဟာအဖို့ သံကြိုးမြို့ကို တက်၍တိုက်ရသလို ဖြစ်နေတော့သည်။

လမ်းပန်းအခြေအနေ ဆိုးသည်ထက်ဆိုးလာကာ မိုးမုန်တိုင်းကလည်း တိုး၍တိုး၍ ပြင်းထန်လာသည့်အချိန်တွင် အမှတ် (၅)တပ်မမှ ဗိုလ်ချုပ်ဘရစ်ချ်သည် ဗိုလ်ချုပ်ကြီးစကွန်းထံမှ ညွှန်ကြားချက်အရ မပိုတောင်တန်းတစ်လျှောက်ကို မတိုက်တော့ဘဲ အင်ဖာကိုဟီမားလမ်းကိုသာ အဓိကထား၍ တိုက်ခိုက်နေတော့၏။

မေလ (၁၅)ရက်နေ့တွင် အမှတ် (၇)တပ်မမှ စစ်ကူရောက်လာခဲ့သော ကရောက်သာဦးစီးသည့် အမှတ် (၈၉)တပ်မဟာအား အင်ဖာလေယာဉ်ကွင်းပေါ်တွင် ခြေချမိသည်နှင့်တစ်ပြိုင်နက် အင်ဖာမြောက်ဘက် (၁၀) မိုင်ကွာသို့ ချီတက်တိုက်ခိုက်ရန် အမှတ် (၅)တပ်မမှ ဗိုလ်ချုပ်ဘရစ်ချ်က အမိန့်ပေးလိုက်၏။

ကန်ဂလာတုန်ဘီ၏တောင်ဘက်တွင် နေရာယူထားသော ဂျပန်တပ်များသည် အင်ဖာမြောက်ဘက် (၁၀)မိုင်ကွာတွင်ပင် ရှေ့တန်းကင်းစခန်းများ ချထားလျက်ရှိနေလေသည်။

ရန်သူများသည် ယခင်က အင်္ဂလိပ်ရိက္ခာစခန်းအဖြစ် တည်ဆောက်ထားခဲ့သောနေရာတွင် အင်ဖာ-ကိုဟီမားလမ်းကို သုံးဆင့်တိုင်





တိုင်ပိတ်ဆို့ထားရုံမျှမက အင်ဖာ-ကိုဟီမားလမ်း အရှေ့ဘက်ရှိ တောင်ကုန်းများတွင်လည်း နေရာယူထားနှင့်ကြသည်။

ဤတောင်ကုန်းများနှင့် အင်ဖာ-ကိုဟီမားလမ်းအကြားတွင် နွေသော်ပုဆစ်မျှသာဖြစ်၍ မိုးသော်အင်ပြည့် ရင်ရှိုတွေ့တွေ့ ဖြစ်နေတတ်သောအင်ဖာမြစ်သည် တသွင်သွင်စီးဆင်းနေသည်။

အင်ဖာမြစ်သည် နွေကာလ၌ ခြေပုဆစ်မြုပ်ရုံမျှသာရှိသော်လည်း မိုးရာသီသို့ ရောက်လာသောအခါ ရင်ခေါင်းလောက်အထိနက်ကာ ရေစီးလည်း မြန်လာတော့သည်။

ချောင်းများဘက်ဆီမှ မိုးညို့လာသောအခါတွင်ကား အင်ဖာမြစ်သည် ရေရှူးမြောက်ကာ ကိုက် (၃၀)ခန့်အထိပင် ကျယ်လာလေတော့သည်။ ကရောက်သာ၏ အမှတ် (၈၉)တပ်မဟာ ချီတက်သွားသောအချိန်တွင် အင်ဖာမြစ်သည် သဘာဝအတားအဆီးကြီး ဖြစ်နေတော့၏။

စစ်သည်ရဲမက်တို့သည် မြစ်တစ်ဖက်တစ်ချက်ရှိ သစ်ပင်မြင့်ကြီး (၂)ခုတွင် သံမဏိကြိုးရှည်ကြီးတစ်ခုကို ချည်နှောင်ကာ ထိုကြိုးတွင် ပူလီတစ်ခုကိုတပ်လျက် ထိုပူလီကြီးတွင် သစ်သားသေတ္တာကြီးတစ်လုံးကို တွဲပြီးနောက် လူများ, လားများ, လက်နက်ခဲယမ်းများကို သေတ္တာထဲတွင်ထည့်၍ ကူးသယ်ခေါက်သယ်ကူးကြရတော့၏။

ဗိုလ်ချုပ်ဘရစ်ချ်သည် ကရောက်သာ၏တပ်မဟာအား အင်ဖာ-ကိုဟီမားလမ်းအရှေ့ဘက်ရှိ တောင်ကုန်းများပေါ်မှ ရန်သူများကို ရှင်းလင်းတိုက်ခိုက်ရန် တာဝန်ပေးပြီး အီဗန်၏အမှတ် (၁၂၃)တပ်မဟာကို သုံးဆင့်ဆက်၍ပိတ်ထားသော ရန်သူများကို မောင်းထုတ်စေသည်။

အင်ဖာမြစ်ကို ဖြတ်ကူးနိုင်သည့်နေရာမှာ တစ်နေရာတည်းသာရှိရာ ကရောက်သာ၏တပ်မဟာမှ တိုက်ကင်းအဖွဲ့များသည် ဆင်တစ်ရပ်ခန့်မြင့်ကာ ထူထပ်သော ကိုင်းပင်ကျူပင်တောကြီးထဲသို့ ဆင်း၍ဖြတ်ကူးနိုင်မည့်နေရာကို ရှာခဲ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ကင်းအဖွဲ့သည် ရန်သူနှင့် ကိုက် (၃၀၀)ခန့်သော နေရာ၌ မြစ်ကိုဖြတ်ကူး၍ရနိုင်မည့်နေရာကို တွေ့ရှိခဲ့ကြလေ၏။

ပိန်းပိတ်အောင်မှောင်နေသော ကိုင်းတောကြီးထဲတွင် ပေါက်တူး ပေါက်ပြားများ၊ သံမဏိကြိုးခွေများ၊ လက်နက်ခဲယမ်းများ၊ သံဆူးကြိုးခွေ များကိုပါ ကျောပေါ်တွင်တင်၍ သဲသဲမဲမဲရွာနေသော မိုးကို အဖော်ပြု ကာချီတက်ရခြင်းမှာ များစွာခက်ခဲလှတော့၏။ တစ်ခါတစ်ခါတွင် ကိုက် (၁၀၀၀)ခန့်ရောက်ရန်အတွက် အနည်းဆုံး (၅)နာရီမျှကြာအောင် ချီကြ ရလေသည်။ ကရောက်သာ၏တပ်မဟာသည် မေလ (၁၅)ရက်နေ့မှ (၂၀) ရက်နေ့အထိ ချီတက်တိုက်ခိုက်ပြီးနောက် အင်ဖာ-ကိုဟီမားလမ်း အရှေ့ ဘက်တောင်ကုန်းများပေါ်သို့ ရန်သူများကို မောင်းထုတ်လိုက်နိုင်သည်။

အီဗန်၏အမှတ် (၁၂၃)တပ်မဟာကလည်း အဆင့်သုံးဆင့်ခံ၍ ပိတ်ဆို့ထားသောရန်သူများကို မောင်းထုတ်နိုင်မည့်အလားအလာရှိနေ လေသည်။ သို့သော် မိုးမုန်တိုင်းများက အဆက်မပြတ်ကျလာသောကြောင့် ရန်သူများနေရာယူထားသည့် တောင်ကုန်းပေါ်သို့တက်၍ ရပ်တည်ရန် ခြေကုပ်ပင်မရနိုင်သဖြင့် တပ်များကို ပြန်ခေါ်လိုက်ရသည်။

ကရောက်သာ၏အမှတ် (၈၉)တပ်မဟာ စစ်ပန်း၍လာသောအခါ အမှတ် (၉)တပ်မဟာအစား ဝင်လာသည့် ဗိုလ်ချုပ် ဘရစ်ချ် ဦးစီးသော အမှတ် (၅)တပ်မသည် ဤတပ်မဟာများနှင့် အင်ဖာ-ကိုဟီမားလမ်း အတိုင်း မြောက်ဘက်သို့ တစ်လတိုင်တိုင် ရှင်းလင်းတိုက်ခိုက်သည့်တိုင် အင်ဖာမှ (၁၆)မိုင်အထိသာ လမ်းကိုဖွင့်နိုင်သည်။

ဘရစ်ချ်၏အမှတ် (၅)တပ်မက ကိုဟီမားလမ်းကို ရှင်းလင်းနေစဉ် ရှန်နန်စစ်မျက်နှာမှ ဂရေဆီ၏အမှတ် (၂၀)တပ်မက ဥခရယ်သို့ ပြောင်း ရွှေ့ရောက်ရှိလာသည်။ သို့သော် ဤတပ်မတွင် တပ်မဟာ(၂)ခုသာ ပါ သည်။ မက္ကာင်ဇီဦးစီးသောအမှတ်(၃၂)တပ်မဟာမှာ ကိုဝင်၏အမှတ် (၁၇) တပ်မနှင့်ပေါင်းကာ ဘီရှန်ပူစစ်မျက်နှာ၌ တိုက်ပွဲဝင်လျက် ရှိနေသည်။





ဥခရယ်စစ်မျက်နှာသို့ ပြောင်းရွှေ့လာသော ဂရေဆီ၏ အမှတ် (၂၀)တပ်မအား ဗိုလ်ချုပ်ကြီးစကွန်းက ဤသို့အမိန့်ပေးထား၏။

တပ်မဟာတစ်ခုက ယန်ဂန်ပိုကီရှိ မြင်းကုန်းနှီးသဏ္ဍာန် တောင် ကုန်းကို သိမ်းပိုက်ထားရမည်။

သို့ဖြင့် လီတန်မှ ချီတက်လာသော ယာမာဥချိ၏တပ်များသည် ရှေ့သို့မတိုးနိုင်ဘဲ ဖြစ်နေမည်။

ဤအချိန်တွင်ပင် ဒုတိယတပ်မဟာကို အီရီမြစ်ဝှမ်းအတိုင်း ဝိုင်း ပတ်၍ချီတက်ပြီးနောက် ပတ်လည်စစ်သဘောမျိုးဖြစ်အောင် ဥခရယ် လမ်းပေါ်ရှိ လီတန်အနီးထိ တပ်စွဲထားရမည်။

ဤနေရာသို့ ယန်ဂန်ပိုကီတွင် တပ်စွဲထားသော ပထမ တပ်မဟာ သည် ရန်သူများကို ချေမှုန်းပြီးသောအချိန်တွင် ချီတက်လာရမည်။

ခရီးလမ်းစဉ်အခြေအနေသာ ရုတ်တရက် မသာမယာဖြစ်မလာခဲ့ လျှင် ဤစစ်ဆင်ရေးသည် များစွာအရေးပါအရာရောက်မည့် စစ်ဆင်ရေး ဖြစ်လာနိုင်သည်။

စစ်မျက်နှာတစ်ခုမှအခြားစစ်မျက်နှာတစ်ခုသို့ တပ်ပြောင်းတပ်လွှဲ လုပ်နေရသည်ကလည်း အချိန်အတန်ကြာခဲ့သည်။ သည်အချိန်သည် တိုက်၍ခိုက်၍ ကောင်းသည့်အချိန် ဖြစ်နေခဲ့၏။

တပ်များကို ပြောင်းရွှေ့ပြီးနောက် နေသားတကျဖြစ်ကာ ဗိုလ်ချုပ် ကြီးစကွန်း၏အရေးပေါ်စီစဉ်ချက်အတိုင်း ရန်သူကို တတ်နိုင်သမျှ ဖိ၍ တိုက်ရန်ပြင်ဆင်လိုက်သောအခါ မိုးက ဖြိုင်ဖြိုင်ရွာစပြုလာတော့၏။

ဤအရေးပေါ်စစ်ဆင်ရေးသာ စီစဉ်ထားသည့်အတိုင်း ဖြောင့် ဖြောင့်ဖြူးဖြူးဖြစ်ခဲ့လျှင် အင်္ဂလိပ်တပ်များသည် ဂျပန်တပ်များ၏ ရိက္ခာ ပို့ဆောင်ရေးလမ်းကြောင်းကိုလည်း ဖြတ်တောက် ပိတ်ဆို့ထားနိုင်မည် ဖြစ်ပြီး ဂျပန်တို့၏အမှတ် (၁၅)နှင့် အမှတ် (၃၁)တပ်မနှစ်ခုလုံးကို တွေဝေ သွားစေနိုင်မည်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဤအရေးပေါ်စစ်ဆင်ရေး၏ အရိပ်နိမိတ်လက္ခဏာကို မြင်လာသော ဂျပန်ဗိုလ်ချုပ်ဆာတို၏ အမှတ် (၃၁) တပ်မသည် အင်္ဂလိပ်တပ်များ၏ ဝိုင်းဝန်းချေမှုန်းခြင်းကို မခံရအောင် ကိုဟီမားစစ်မျက်နှာမှ ကြိုတင်၍ ဆုတ်ခွာမည့်အရိပ်အယောင်ပြလာသည်။

မပိုတောင်တန်းတစ်လျှောက်နှင့် ကန်ဂလာတုန်ဘီတွင် ရှိနေကြသော ဂျပန်တပ်သားများမှာလည်း အင်္ဂလိပ်တပ်များ၏ပိတ်ဆို့ချေမှုန်းခံရမည့် အန္တရာယ်ရှိလာသည်။ သို့ဖြင့် ဗိုလ်ချုပ်ဘာရစ်ချ်၏ အမှတ် (၅) တပ်မသည် အင်ဖာ-ကိုဟီမားလမ်းကို မကြာမီပွင့်အောင်ဖွင့်နိုင်တော့မည့် အလားအလာရှိနေခဲ့၏။

သို့သော် မိုးဖြိုင်ဖြိုင်ကျလာလေပြီ။ ရှေ့တန်းစစ်မျက်နှာမှ ဒဏ်ရာရသော စစ်သည်တော်တစ်ဦးအား (၃)မိုင်သာကွာသည့် စစ်မြေပြင်ဆေးရုံသို့ ဆင်ပေါ်တွင်တင်၍ပို့သည့်တိုင် (၁၆)နာရီတိတိကြာမှ ရောက်သည့် အဖြစ်မျိုးနှင့် ရင်ဆိုင်တိုးလာရပေပြီ။

◆◆◆

(၁၈)

ရှန်နန်စစ်မျက်နှာသို့ ရွှေ့ပြောင်းရောက်ရှိလာသော ဗိုလ်ချုပ်ရောဘတ်၏အမှတ် (၂၃)တပ်မသည် ရှေ့တန်းစခန်းများဖြစ်သော ဂျီဘရော်လတာ၊ မော်လတာ၊ ဆရဂီနှင့် ကြည့်ကင်းတောင်ထိပ်များတွင် နေရာယူထားကြသည်။

နေ့အချိန်တွင် ရန်သူ့အမြောက်များက တဒိန်းဒိန်းပစ်ခတ်နေပြီး ညအချိန်တွင် လှန့်လုံးခြောက်လုံး ချော့လုံးများကိုသုံး၍ပရိယာယ်ဆင်ကာ တိုက်နေသောရန်သူများကြောင့် တောင်ထိပ်စခန်းများမှ စစ်သည်တော်များကို တစ်ပတ်လျှင် နှစ်ကြိမ်ကျစီ လူလဲပေးနေရလေ၏။

ဆရဂီနှင့် မော်လတာတောင်ကုန်းနှစ်ခုတွင် အမှတ် (၂၃)တပ်မမှ တပ်ရင်းတစ်ရင်း တပ်စွဲထားသည်။ ရှန်နန်တောင်တန်းတစ်လျှောက်တွင် အကြီးဆုံးနှင့် အမတ်စောက်ဆုံးတောင်ကုန်းဖြစ်သော ဂျီဘရော်လတာတွင် တပ်ရင်းတစ်ခုကို သပ်သပ်တပ်စွဲထားရသည်။ တတိယတပ်ရင်းတစ်ရင်းကို ရှန်နန်တောင်တန်းတစ်လျှောက်တွင် ကျောက်ရဲတိုက်ကြီးကဲ့သို့ (၅၂၅၉)ပေမြင့်သည့် ကြည့်ကင်းတောင်တွင် တပ်စွဲထားသည်။

ဤတောင်ထွတ်သည် အခြားသောတောင်ကုန်းများထက်ပို၍ မြင့်နေလေသည်။ ရန်သူသည် အရှေ့ဘက်ရှိတောင်ကုန်းများတွင် နေရာယူထားပြီး အင်္ဂလိပ်တပ်များကို အလတ်စားအမြောက်များဖြင့် ပေါက်ပေါက်ကြသလို တရစပ်ပစ်ခတ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မော်လတာတောင်ကုန်းရှိ အင်္ဂလိပ်တပ်များမှာ အမြောက်နှင့် အကြိမ် (၂၅၀)တိုင်တိုင် ပစ်ခတ်ခြင်းခံရသည့်နေ့များရှိခဲ့သလို ဂျီဘရော်လတာတောင်ကုန်းမှာလည်း (၁)နာရီအတောအတွင်း အကြိမ် (၁၀၀)အထိ ပင်ပစ်ခတ်ခြင်းခံရသည့် အချိန်များရှိခဲ့သည်။ ဤတောင်ကုန်းများတွင် တပ်စွဲနေသော တပ်ရင်းများကား ကောလင်းရစ်၏အမှတ် (၃၇)တပ်မဟာမှတပ်ရင်းများဖြစ်သည်။

အမှတ် (၂၃)တပ်မမှ ဗိုလ်ချုပ်ရောဘတ်သည် အမှတ် (၄၉)တပ်မဟာအား အင်ဖာမှ ရှန်နန်သို့သွားသည့်လမ်းကို ကာကွယ်ရန်တာဝန်ပေးထားပြီး ပုလဲလေယာဉ်ကွင်းကိုလည်း အထူးဂရုစိုက်ရန် ညွှန်ကြားထားသည်။

အခြားတပ်မဟာတစ်ခုကိုမူ ရှန်နန်မြောက်ဘက်ရှိ တောင်ကုန်းများကို ရှင်းလင်းတိုက်ခိုက်ရင်း အင်ဖာ-ရှန်နန်လမ်းကို လည်းကောင်း၊ အင်ဖာလေယာဉ်ကွင်းကိုလည်းကောင်း ရန်သူများ ရုတ်တရက်ထိုးဖောက်ဝင်ရောက်မလာနိုင်အောင် ရှေ့မှ ကြိုတင်ဟန့်တားရန် တာဝန်ပေးထားလေသည်။

**ကောလင်းရစ်၏**အမှတ် (၃၇)တပ်မဟာကို ရှန်နန်စစ်မျက်နှာ၏ရှေ့တန်းစခန်းများဖြစ်သည့် ဂျီဘရော်လတာ၊ မော်လတာ၊ ကြည့်ကင်းတောင် . . စသည်တို့တွင် တပ်စွဲ၍နေစေခဲ့၏။

ရန်သူသည် ဤတောင်ကုန်းများပေါ်တွင်ရှိနေသော ကောလင်းရစ်၏တပ်သားများကိုပင် အပ်နှင့်စိုက်၍လိုက်လံတိုက်ခိုက်သလို တိုက်ရိုက်ကြီးထိအောင် ပစ်ခတ်နေနိုင်သည်။ ထို့ကြောင့်လည်း ကျဆုံးသူနှင့် ဒဏ်ရာရသူ များပြားလှသည်။

ဆရဂီတောင်ကုန်းတိုက်ပွဲတွင် ရန်သူ့တပ်သားများနှင့် ကောလင်းရစ်၏တပ်သားများသည် တစ်ဖက်နှင့်တစ်ဖက် (၆)ကိုက်လောက်သာခြား၍နေရာယူထားကြပြီး လက်တစ်ကမ်းတိုက်ပွဲဖြစ်နေသည်။





ကတုတ်ကျင်း များတူးရန် အချိန်မရသဖြင့် မော်တာဗုံးများထည့်သည့်သေတ္တာအခွံများကို မြေထည့်၍ ဘေးပတ်ပတ်လည်မှ ကာထားကြရသည်။ ကျဆုံးသွားကြသော ရန်သူ့အလောင်းကောင်များမှ ထွက်နေသည့်အနံ့များကလည်း မခံမရပ်နိုင်အောင် ဖြစ်နေသည်။

ညစဉ်ညတိုင်း တစ်ဖက်နှင့်တစ်ဖက် တန်ပြန်ထိုးစစ်ဆင်နေကြရာ ကောလင်းရစ်တပ်သားများ၏ ရှေ့တန်းအကျဆုံး ဘန်ကာမှာ ရန်သူ့ဘန်ကာနှင့် (၈)ကိုက်မျှသာကွာတော့သည့် အဖြစ်မျိုးနှင့်လည်း ကြုံကြရလေ၏။ ရန်သူ့တပ်များသည် နီပွန်တောင်ကုန်းဟု အမည်ပေးထားသောတောင်ထိပ်မှနေ၍ ကောလင်းရစ်၏အမှတ် (၃၇)တပ်မဟာကို ချေမှုန်းတိုက်ပွဲဆင်သည်။

ထိုနေ့ကား မေလ (၂၀)ရက်နေ့တည်း။

ရန်သူသည် ဂျီဘရော်လတာ တောင်ကုန်းကို ပထမဦးဆုံးအုပ်မိရန် ကြိုးစားသည်။ ဤတောင်ကုန်းသာ ရန်သူ့လက်ထဲသို့ ရောက်သွားလျှင် မော်လတာနှင့် ဆီရဂီတောင်ကုန်းတို့လည်း ရန်သူ့ဖဝါးအောက်သို့ ရောက်သွားရပေတော့မည်။

မေလ (၂၀)ရက်နေ့ ညနေမှစ၍ သဲသဲမဲမဲဖြစ်ပွားခဲ့သော တိုက်ပွဲသည် နောက်တစ်နေ့ နေ့လယ်(၁)နာရီခွဲသို့ရောက်သောအခါ ရုတ်တရက်ရပ်သွားသည်။ ရန်သူသည် ဂျီဘရော်လတာကိုမသိမ်းယူနိုင်ဘဲ အလောင်း(၉၃)လောင်းကို ချန်ထားခဲ့ပြီး ဆုတ်သွားရသည်။

ဤရှန်နန်တောင်တန်း တိုက်ပွဲများအတွင်း သူရဲကောင်းအဖြစ်စံတင်ချီးကျူးရမည့်သူမှာ အမေရိကန် သူနာပြုတပ်ဖွဲ့မှ အရပ်သားဖြစ်သူ ဂီလီယံ ဆိုသူပင်ဖြစ်သည်။ သူ့မိဘနှစ်ပါးမှာ အမေရိကန် အမျိုးသားများဖြစ်သော်လည်း သူသည် အင်္ဂလန်ပြည်တွင် မွေးဖွားသူဖြစ်သည်။

(၁၉၄၁)ခုနှစ် နွေရာသီတွင် သူ၏ အမေရိကန်တိုင်းပြည်သည် စစ်ကြီးအတွင်း ပါဝင်လာခြင်း မရှိသေးသော်လည်း ဂီလီယံမှာ စစ်ထဲသို့



www.burmeseclassic.com

www.burmeseclassic.com



အလျှိုအလျှိုဝင်နေကြသော မိမိ၏အမျိုးသား လူငယ်များကိုကြည့်၍ အားမလို အားမရဖြစ်နေမိသည်။ သူသည် စစ်တပ်ထဲသို့ဝင်ရန် ကြိုးစားကြည့်သောအခါ အသက်မှာ တစ်နှစ်ငယ်နေသဖြင့် ဝင်ခွင့်မရဘဲ ဖြစ်နေခဲ့သည်။

တစ်ရက်သောနေ့တွင် ပရင့်စတန်မြို့ရှိ ဘားတစ်ခု၌ အမေရိကန်စစ်တပ်သူနာပြုဝတ်စုံကို ဝတ်ထားသော လူနှစ်ယောက်ကို တွေ့သည့်အချိန်မှစ၍ ဂီလီယံသည် စစ်တပ်သူနာပြုတပ်ဖွဲ့ထဲသို့ ဝင်ရောက်ပြီး ဥရောပ အရှေ့အလယ်ပိုင်းဒေသများတွင် လှည့်လည်အမှုထမ်းနေခဲ့၏။

သူသည် အီဂျစ်ပြည် ကိုင်ရိုမြို့သို့အရောက်တွင် ဗြိတိသျှဘုရင့်လေတပ်မတော်ထဲသို့ဝင်ရန် ကြိုးစားခဲ့သေးလေသည်။ သို့သော် သူ့တွင်သွေးပိုရောဂါရှိသဖြင့် လေသူရဲဖြစ်မည့် လာဘ်ကြီးမှလွဲခဲ့ရပြန်သည်။ (၁၉၄၄)ခုနှစ်တွင် သူသည် အသစ်ဖွဲ့စည်းလိုက်သော စစ်မြေပြင်သူနာပြုတပ်ဖွဲ့နှင့်အတူ အိန္ဒိယသို့ရောက်လာကာ အင်ဖာတိုက်ပွဲပြင်းထန်နေစဉ် အင်ဖာရှေ့တန်းစခန်း တစ်ခုဖြစ်သော ရှန်နန်စစ်မျက်နှာသို့ ရောက်လာခဲ့တော့၏။

ဂီလီယံသည် အနှစ်နှစ်အလလက စစ်သားတစ်ယောက်ဖြစ်လိုသောဆန္ဒကို ရှန်နန်စစ်မျက်နှာသို့ရောက်လာမှ အောင်၍အစွမ်းပြရတော့လေသည်။

သူတို့စစ်မြေပြင် သူနာပြုတပ်က အသုံးပြုသော သူနာပြုကားများမှာ ချက်ဗလက်ခေါင်းရှည် မော်တော်ကားမျိုးဖြစ်၍ ရှေ့တန်းစစ်မျက်နှာသို့ ထင်သလောက် ပေါက်ပေါက်ရောက်ရောက် မသွားနိုင်ဘဲဖြစ်နေ၏။

ချက်ဗလက်ခေါင်းရှည် သူနာပြုမော်တော်ကားကြီးများဘေးတွင် ဆေးနီဖြင့် စစ်မြေပြင်သူနာပြုမော်တော်ယာဉ်ဟု စာတန်းထင်ထင်ရှားရှား ထိုးထားခြင်းမှာ ရန်သူ့အမြောက်တပ်မှ ကျည်ဆန်များအား အဂ်လိပ်တပ်များမည်သည့်နေရာတွင် ရှိနိုင်သည်ကို အချက်ပြနေသကဲ့သို့ ရှိနေ၏။





အနောက်ဘက် သဲကန္တာရများတွင် (၂)နှစ်တိုင်တိုင် အမှုထမ်းခဲ့ဖူးသော ဂီလီယံသည် ဘရင်းကယ်ရီယာများဖြင့် လက်တွေ့လုပ်ဖူးသူဖြစ်သည်။ ရှန်နန်တောင်တန်းတိုက်ပွဲများတွင် မတ်စောက်သော တောင်ကုန်းများပေါ်မှ ဒဏ်ရာရသူများကို တောင်အောက်သို့ထမ်းစင်ဖြင့် သယ်ယူနေသည်ကို ဂီလီယံတွေ့လာသောအခါ အရေးပေါ် အစီအစဉ်တစ်ခု လုပ်လိုက်လေ၏။

ထိုအစီအစဉ်ကား ဂျစ်ကားတစ်စီးပေါ်တွင် လူနာ(၂)ယောက်တင်၍ ယူနိုင်လောက်သော နေရာပြုလုပ်ပြီးနောက် မောင်းပြန်သေနတ်ကိုင်ရဲဘော်တစ်ယောက်က အစောင့်အဖြစ်လိုက်ပါလာသည့် အစီအစဉ်ဖြစ်သည်။ သို့ဖြင့် ဂီလီယံထွင်လိုက်သော အရေးပေါ်သူနာပြုယာဉ်များသည် တောင်တက်လမ်းများ၌ လဲကျနေသော စစ်သည်တော်များကို ကယ်ယူနိုင်ခဲ့လေသည်။ ဂီလီယံသည် လူသတ်ခြင်းဖြင့် အစွမ်းမပြသခဲ့ရသော်လည်း သူ့သတ္တိကို လူ့အသက်ကို ကယ်ဆယ်ခြင်းဖြင့် အစွမ်းပြခဲ့လေသည်။

သူ အသက်ပေါင်းများစွာကို ကယ်ဆယ်ခဲ့သော ဂေါ်ရခါးတပ်ဖွဲ့က သူ့အား ဂျပန်အရာရှိတစ်ဦးထံမှ ဖမ်းဆီးရမိသော အသွားသုံးလက်မပုံလဲမြှုပ်ထားသော ဓားရိုးပါရှိသည့် ဓားရှည်တစ်ချောင်းကို ဂုဏ်ပြုပေးအပ်ခဲ့လေသည်။

ဂီလီယံသည် ဒဏ်ရာရှိသည့် စစ်သည်တော်တစ်ဦးအား ဒဏ်ရာရပြီး နာရီဝက်အကြာတွင် သူနာပြုကားပေါ်တွင်တင်၍ ရှေးဦးသူနာပြုနည်းဖြင့် ပြုစုနိုင်ကာ (၂)နာရီအတောအတွင်း ခွဲစိတ်ကုသနိုင်အောင် ကြိုးပမ်းခဲ့သူဖြစ်၏။ သူ၏ကြိုးပမ်းမှုကြောင့်လည်း စစ်သည်တော်ပေါင်းများစွာပင် အသက်ရှင်ခဲ့ကြရလေသည်။

ဂျပန်တို့သည် ဂျီဘရော်လတာကို (၂)ကြိမ်တိုင်တိုင် သဲသဲမဲမဲ တိုက်ခိုက်ပြီးနောက် ရှန်နန်စစ်မျက်နှာတလျှောက်တွင် ရက်သတ္တ(၂)ပတ်ခန့် ငြိမ်သက်နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ ငြိမ်သည်နေသည့် အခြားအကြောင်းတစ်ခုမှာ ဗိုလ်မှူးချုပ်ကင်း ဦးစီးသော တပ်ရင်း (၂)ရင်းပါဝင်သည့် အမှတ်(၁)တပ်မဟာက ပုလဲ-ရှန်နန်လမ်း မြောက်ဘက်နှင့် မျဉ်းပြိုင်ပြေးနေသော တောင်ကုန်းများပေါ်ရှိ ဂျပန်တပ်များကို လိုက်လံရှင်းလင်းနေသောကြောင့်လည်း ဖြစ်လေသည်။

ကင်း၏တပ်ရင်းများသည် ပေ (၄၅၀၀)ခန့်စီမြင့်သော ဘင်နီဗစ်တောင်ညီနောင်ကိုဖြိုရန် လေတပ်နှင့် အမြောက်တပ်အကူအညီကို ခေါ်ယူလိုက်၏။ ဂျပန်တို့သည် တောင်ထိပ်ပေါ်၌ ဖြို၍မပြိုနိုင်လောက်အောင် ခိုင်မာစွာတပ်စွဲလျက်ရှိပြီး အောက်မှတက်လာသော ကင်း၏တပ်များနှင့် မလှမ်းမကမ်းတွင်ရှိနေသည်။

ကင်းသည် သူ့အနီးတွင် အမြောက်တပ်မှ တပ်မှူးကိုခေါ်ယူထားကာ တိုက်လေယာဉ်နှင့် ဗုံးကြဲလေယာဉ်များရောက်လာသည်နှင့် တစ်ပြိုင်နက် ရန်သူများတပ်စွဲထားသည့် နေရာကို အရောင်များပါသောမှိုင်းဖြင့် အမြောက်တပ်က အချက်ပြပေးစေသည်။

ရန်သူ့တပ်နှင့် ကင်း၏တပ်မှာ နီးကပ်စွာတည်ရှိနေရာ ကိုယ့်တပ်ကို ကိုယ်ပြန်၍ လေကြောင်းမှတိုက်ခိုက်မိမည်ကို အထူးပင်စိုးရိမ်နေရတော့သည်။

ဘင်နီဗစ်တောင်ညီနောင်ပေါ်သို့ ရောက်နိုင်သည့်လမ်းမှာ လားလမ်းသာရှိရာ ကင်း၏စစ်သည်တော်များသည် နောက်မှထပ်၍ တွယ်ကပ်ကာစစ်ကူပေးကြရ၏။ ဤအတွင်း အမြောက်တပ်က ကာပစ်ပစ်ပေးနေပြီးနောက် လေတပ်က ဗုံးနှင့်အကြဲ စက်သေနတ်ဖြင့်ပစ်၍ တိုက်ခိုက်ပေးသည်။ တိုက်ပွဲသည် အသည်းဖိုစရာကောင်းနေလေသည်။

အမြောက်တပ်က နံနက် (၁၁)နာရီအချိန်တွင် အပစ်ရပ်လိုက်ပြီးနောက် (၃၅)မိနစ်အတောအတွင်းတွင် ကင်း၏တပ်သားများက ဘင်နီဗစ်တောင်ညီနောင်နှစ်ခုမှ လက်ယာဘက်တောင်ကို သိမ်းယူလိုက်နိုင်သည်။





လက်ဝဲဘက်တောင်တွင်မူ ရှေ့ပြေးချီတပ်စုများသည် ကြံ့ကြံ့ခံနေသော ရန်သူများကို မထိုးဖောက်နိုင်ဘဲ တောင်ထိပ်သို့ ရောက်ရန်ကိုက် (၂၀၀)ခန့်အလိုတွင် ရပ်တန့်နေ၏။

ကင်း၏တပ်သားများသည် တောင်တစ်ဖက်မှ တက်၍တိုက်ရန် ကြိုးစားကြည့်သည်။ သို့သော် သစ်ပင်ဝါးပင်များ ထူထပ်လှသဖြင့် တိုးမပေါက်ဘဲ ဖြစ်နေလေသည်။

ထို့ကြောင့် ရှေ့ပြေးချီတပ်များကို ဦးစီးနေသော ဗိုလ်မှူးလော့ဖ့်ကယခု ချက်ချင်းရှေ့သို့ တက်၍မတိုက်သေးဘဲ ရောက်သည့်နေရာတွင်ပင် ရပ်တန့်နေရန် အမိန့်ပေးလိုက်ပြီး အရန်တပ်အဖြစ်ထားသော တပ်ခွဲကို လက်ယာတောင်ကို တက်၍ ထိုတောင်ကြောမှ လက်ဝဲဘက်တောင်ထိပ်ကို တက်ရောက်တိုက်ခိုက်ရန် ညွှန်ကြားလိုက်သည်။

တောတောင် လျှိုမြောင်များ ထူထပ်သည့် ယခုလိုနေရာမျိုးတွင် ချီတက်မှုနှေးကွေးသည်မှာ ဓမ္မတာပင်ဖြစ်သည်။ ထို့ကြောင့် တပ်ခွဲသည် လက်ယာဘက်တောင်ကိုတက်၍ ထိုတောင်ကြောမှ လက်ဝဲဘက်တောင်ထိပ်ရှိ ရန်သူ့ဘန်ကာများကို စတင်တိုက်ခိုက်သောအခါ (၃)နာရီမျှကြာသွားခဲ့လေပြီ။ ရန်သူများသည် ဘန်ကာများကို ပုံဖျက်၍ ချောင်ကောင်းကောင်းမှပစ်ခတ်နေခြင်းဖြစ်ရာ တပ်ခွဲသည် လက်ဝဲဘက်တောင်မှ တပ်များလိုပင် အလူးအလဲခံနေရပြန်သည်။

ဤအချိန်တွင် အမြောက်တပ်ကလည်း မိမိဘက်မှစစ်သည်တော်များမှာ တောင်ထိပ်နှင့်နီးကပ်သည့်နေရာသို့ ရောက်နေပြီဖြစ်၍ ကာပစ်ပစ်မပေးနိုင်ဖြစ်နေရသည်။ အခြေအနေမှာ ဤနေ့အဖို့ ဤအတိုင်းသာ တစ်ပိုင်းတစ်စနှင့် တိုက်ပွဲကို ရပ်ထားရတော့မလို ဖြစ်နေ၏။

ညနေ (၄) နာရီတွင် လက်ဝဲဘက်တောင်ကုန်းပေါ်တွင် ရှိနေသောအေတပ်ခွဲက နောက်ဆုံးအကြိမ်အဖြစ် တောင်ထိပ်သို့ တက်ရောက်တိုက်ခိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်သူဘက်မှ ကျည်ပစ်အားမှာ အဆမတန် များပြားပြင်းထန်လှရာ အေတာပ်ခွဲတွင်ပါဝင်သော ပန်ချာပီစစ်သားများမှာ အထိအခိုက်များလာသည်။ သို့သော် ကျန်လူများက လက်မလျှော့ဘဲ ဆက်၍တက်ကြရာ ရန်သူတို့၏ သံဆူးကြိုးအတားအဆီးဆီသို့ ချဉ်းကပ်မိကြတော့၏။

ညနေ(၆)နာရီတွင် လက်ဝဲဘက်တောင်ထိပ်ကို ကင်း၏တပ်သားများက သိမ်းပိုက်နိုင်တော့သည်။

ဘင်နီဗစ်တောင်ညီနောင်တိုက်ပွဲတွင် အင်္ဂလိပ်တို့ဘက်မှ အကျအဆုံးနှင့် အထိအခိုက်များလှချေ၏။ သို့သော် အောင်မြင်သော စွန့်စားမှုကြီးတစ်ရပ် ဖြစ်သည်ဆိုသည်ကိုလည်း မှတ်တမ်းတင်ရမည်ဖြစ်၏။

ရန်သူသည် ဤတောင်ညီနောင်ကို ပြန်လည်ရရှိရန် အပြင်းအထန်ကြိုးစားလိမ့်မည်ဟု မျှော်လင့်ခဲ့၏။ သို့သော် ထင်သလောက် ပြင်းပြင်းထန်ထန် မြန်မြန်ဆန်ဆန် တိုက်ခိုက်နေသည်ကို မတွေ့ရ။ အဝေးမှနေ၍ အမြောက်ဖြင့်သာ တဖွဲဖွဲပစ်ခတ်နေသည်။

ရန်သူသည် ဂျီဘရော်လတာနှင့် ဘင်နီဗစ်တောင်ကုန်းနှစ်ခုစလုံးကို တစ်နေ့တည်းတစ်ချိန်တည်းတွင် လက်လွှတ်လိုက်ရသည်ဖြစ်ရာ ဤတိုက်ပွဲနှစ်ခုလုံးမှ ကျဆုံးသွားသောသူများအတွက် လူစားသွင်းရန်နှင့် ပြန်လည်၍အကွက်ဆင်ရန် အချိန်ယူရမည်သာ ဖြစ်လေသည်။

ရန်သူသည် ဇွန်လ(၉)ရက်နေ့အထိ စောင့်ဆိုင်းနေပြီးနောက် ရှန်နန်စစ်မျက်နှာရှိ ဆရက်ိတောင်ကုန်းကို စ၍တိုက်သည်။ ထိုနေ့မတိုင်မီ မေလ(၂၈)ရက်တွင် ဘင်နီဗစ်တောင်ညီနောင်ကို အမြောက်များဖြင့် စတင်တိုက်ခိုက်သည်။ ရန်သူသည် (၃)နာရီတိတိကြာအောင် အမြောက်များဖြင့်ပစ်ခတ်သည်။ ပန်ချာပီများ တပ်စွဲနေသော ကတုတ်ကျင်းများထဲသို့ အမြောက်ဆန်များ တိုက်ရိုက်ကျရောက် ပေါက်ကွဲနေလေသည်။

တပ်တစ်ခုလုံး ဝရှန်းသုန်းကားဖြစ်ကာ တစ်နေရာမှ တစ်နေရာသို့ ပြေးသူပုန်းသူများဖြင့် ရောထွေးနေသည်။





သို့သော် ရန်သူသည် ဤကဲ့သို့ ရှုပ်ထွေးနေသော အခြေအနေကို အခွင့်ကောင်းမယူတတ်။ နောက် (၂)နာရီခန့်ကြာပြီးမှ ခြေလျင်တပ်ဖြင့် လာရောက်တိုက်ခိုက်သည့်အချိန်တွင်ကား ဘင်နီဗစ်တောင်ညီနောင်ပေါ်မှ ပန်ချာပီတပ်သားများမှာ ပြန်လည်စည်းရုံးမှုရပေပြီ။

ကင်း၏ ပန်ချာပီတပ်သားများသည် မေလ (၂၈)ရက်နေ့က တိုက်စစ်ဆင်လာသော ရန်သူများကိုသာမက နောက်သုံးညဆက်၍ တောင်ကုန်းကို တက်ရောက်လာသော ရန်သူများကိုလည်း ချေမှုန်းပစ်လိုက်နိုင်သည်။ သို့ဖြင့် ဇွန်လ(၁)ရက်နေ့သို့ ရောက်လာသောအခါ ရန်သူသည် စောစောကလို အင်ကြီးအားကြီးဖြင့် တိုက်ခိုက်နိုင်သည့်အခြေအနေမရှိတော့ဘဲ လူနည်းနည်းဖြင့် လှန့်လုံးခြောက်လုံးများကို သုံး၍ ပုန်းလျှိုးကွယ်လျှိုးတိုက်နေတော့သည်။ ရှန်နန်တောင်တန်းနှင့် မျက်နှာချင်းဆိုင်နေရာတွင်အခိုင်အမာတပ်စွဲထားသော ရန်သူတို့သည် သူတို့၏လက်ယာတောင်ပံကို ခြိမ်းခြောက်လျက်ရှိသော တောင်ကုန်းများကို နောက်ထပ်၍ ပြန်လည်သိမ်းယူနိုင်ခြင်းမရှိတော့။

❑

အမှတ် (၃၇) တပ်မဟာ၏ တပ်မင်းဖြစ်သူ ကောလင်းရစ်မှာ ကွေတာစစ်တက္ကသိုလ်သို့ ရာထူးတိုးမြင့်ပြောင်းရွှေ့သွားရသဖြင့် တပ်မင်းအသစ်မှာ ဇွန်လ(၅)ရက်နေ့တွင် ရောက်လာသည်။

သူ့အမည်မှာ ဌာန်မရှင်ဒင်တည်း။

ဌာန်နှင့်အမှတ် (၂၃) ဘုရင့်အမြောက်တပ်မမှ ဗိုလ်မှူးချုပ်အင်ဒရူးတို့နှစ်ယောက်သည် အမိန့်ပေးစခန်းတွင်နေ၍ အမိန့်ပေးစခန်းတွင် အိပ်ကြသည်။ သူတို့နေသည့် အိပ်သည့် အမိန့်ပေးစခန်းဆိုသည်ကား တောင်စောင်းတွင် ဥမင်လိုဏ်ခေါင်းတူးကာ အပေါ်မှသွပ်ပြားမိုးထားသောမြေတွင်းတစ်ခုသာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



တွင်းထဲတွင် ရေက (၂)ပေလောက်အထိရှိနေ၏။ ကြွက်တွင်းနှင့် တူနေလေသည်။ အမိန့်ပေးစခန်းဟု ခေါ်နေသော တွင်းထဲတွင် နေရထိုင်ရသည်မှာ အနံ့အသက်ဆိုးလှသည်။ ထိုင်းထိုင်းမှိုင်းမှိုင်းရှိလှသည်။

ဂျွန်နှင့် အင်ဒရူးတို့သည် ဥမင်လိုဏ်ခေါင်းအတွင်း၌ တာလပတ်တစ်ခုသာ ခြားထားသောနေရာကို ထမင်းစားခန်းအဖြစ် သတ်မှတ်ထားကြ၏။ ညအချိန်များတွင် တွင်းဝ၌ ကန့်လန့်ကာများကို ကာထားသည်။ ဥမင်အတွင်းတွင် ထွန်းညှိထားသော လက်ဆွဲမှန်အိမ်မှ မီးရောင်ကို ရန်သူများမမြင်စေရန်ပင်ဖြစ်၏။

မိုးမှာ ဖြိုင်ဖြိုင်ကျလာပြီဖြစ်ရာ တောင်စောင်းတွင် ကြွက်ကဲ့သို့ တွင်းအောင်းနေရသော စစ်သည်ရဲမက်တော်များအဖို့ ပို၍အခြေအနေဆိုးလာတော့သည်။

ဤအချိန်အတွင်း နေရထိုင်ရပုံကို ဗိုလ်မှူးတစ်ဦးက. . .

"မိုးကသဲသဲမဲမဲရွာနေတယ်၊ ရွာတာကလဲ စဲတယ်လို့ကိုမရှိတော့ဘူး၊ တွင်းထဲမှာ မြေငွေ့က စိမ့်နေတယ်၊ အခြေအနေက တစ်နေ့ထက်တစ်နေ့ ပိုပြီးဆိုးလာတော့တယ်၊ ခံစစ်အတွက် အကာအရံအတားအဆီးတွေကလဲ လုပ်လို့ပြီးနိုင်တယ်လို့ကို မရှိတော့ဘူး၊ ဒီအထဲမှာ မိုးရေကမြေကြီးထဲစိမ့်ဝင်နေတော့ ကတုတ်ကျင်းတွေကလဲ ကမ်းပါးပြိုကျသလို တဝုန်းဝုန်းပြိုကျနေတယ်၊ ရှေ့တန်းစခန်းမှာရှိတဲ့ ပုန်းကျင်းတွေမှာဆိုရင်လဲ ရေတွေ ဗွက်တွေနဲ့ ပုန်းလို့ကို မဖြစ်အောင် ဒုက္ခရောက်နေတယ်၊ ချုံတွေနွယ်တွေ မြက်တွေကလဲ မိုးဖြိုင်ဖြိုင်ကျတာနဲ့ တစ်ပြိုင်နက် အပြိုင်းပြိုင်းထလာတော့ ကိုက် (၅၀)လောက်က ရန်သူတက်လာတာကိုတောင် မမြင်နိုင်အောင် ဖြစ်နေတော့တယ်၊ မိုးကလဲ သဲသဲမဲမဲ ရွာနေတော့ လေကြောင်းကကူပြီး တိုက်ပေးဖို့လဲ မဖြစ်နိုင်၊ အမြောက်တွေကလဲ အရင်ကလောက်ပေါက်ရောက်အောင် အကာအကွယ်မပေးနိုင် ဖြစ်နေတော့တယ်"

. . ဟု သူ့နေ့စဉ်မှတ်တမ်းတွင် မော်ကွန်းတင်ခဲ့လေသည်။





ရန်သူသည် ဇွန်လ(၉)ရက်နေ့တွင် ဆရဂီတောင်ကုန်းရှိ အင်္ဂလိပ်တပ်များကို တတိယအကြိမ်နှင့် နောက်ဆုံးအကြိမ်အဖြစ် ချေမှုန်းတိုက်ခိုက်ရန် ကြိုးစားလာပြန်သည်။

(၉)ရက်နေ့ ညနေပိုင်းတွင် ရန်သူ့ အမြောက်တပ်မှ ပစ်ခတ်လိုက်သောအမြောက်ကျည်ဆန်များသည် ရှေ့တန်းအကျဆုံးနေရာတွင် ရှိနေသောဂေါ်ရခါးစစ်သားများ၏ စက်သေနတ်စခန်းများကို တစ်ခုပြီး တစ်ခုဖျက်ဆီးလျက်ရှိသည်။ မကြာမီပင် ရန်သူများသည် ပေါက်ပြနေသောအဆီးအတားကြိုးများကို ဖြတ်၍ဖိုးဝင်လာသည်။ သူတို့သည် သဲအိတ်များထဲမှ သဲများကို သွန်ကာ လက်ပစ်ဗုံးများအပြည့်ထည့်၍ ကျောပေါ်တွင် သယ်ယူလာပြီး သဲသဲမဲမဲတိုက်ခိုက်ကြ၏။

အမေရိကန် စစ်မြေပြင်သူနာပြုတပ်မှ သူရဲကောင်း ဂီလီယံသည် ဇွန်လ (၉)ရက်နေ့ညတိုက်ပွဲတွင် ခရေစေ့တွင်းကျမှတ်တမ်းတင်ထားခဲ့လေသည်။

ဇွန်လ(၉)ရက်နေ့ ညနေဘက်တွင် ဆရဂီတောင်ကုန်းအားရန်သူက တဝုန်းဝုန်းအမြောက်ဖြင့် ပစ်ခတ်တိုက်ခိုက်နေသည်ကို မော်လဘာတောင်ကုန်းတွင်ရှိနေသော ဂီလီယံက စ၍ကြားရသည်။

သူသည် အမြောက်သံကို ခဏမျှနားထောင်နေပြီးနောက် သူ့အဖွဲ့သားများကို ခေါ်ကာ ဆရဂီတောင်ထိပ်ဆီသို့ ပြေး၍ တက်လာခဲ့သည်။

မိုးက သဲသဲမဲမဲရွာနေလေသည်။

သူသည် အမိန့်ပေးစခန်းသို့ ပြေးဝင်သွားပြီးနောက် "ဒဏ်ရာရတဲ့လူ တော်တော်များသလား" ဟု စခန်းတွင်းရှိ ဗိုလ်မှူးကြီးကို မေးလိုက်သည်။

"ရှေ့တန်းမှာ တပ်ခွဲတစ်ခွဲရှိတယ်၊ အဲဒီကိုတော့ အမြောက်ဆန်တွေ တဝုန်းဝုန်းကျနေတာပဲ ထိတဲ့လူတော့ တော်တော်ကလေးများလိမ့်မယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com

ဂီလီယံသည် ဗိုလ်မှူးကြီးစကားဆုံးသည်နှင့် တစ်ပြိုင်နက် ရှေ့တန်းခံကတုတ်ကျင်းများရှိရာသို့ ပြေးလာခဲ့၏။

ထိခိုက်ဒဏ်ရာရနေသူများအား သူနာပြုစခန်းရှိရာသို့ သယ်ယူသွားရန် စီစဉ်ပေးပြီးနောက် ဂီလီယံသည် တပ်ခွဲမှူး၏ဖိတ်ခေါ် ချက်အရ ဘန်ကာတစ်ခုထဲသို့ လက်ဖက်ရည်တစ်ခွက်သောက်ရန် ဝင်လိုက်ခဲ့သည်။ သည်အချိန်တွင်ပင် ကမ္ဘာကြီးတစ်ခုလုံး ပျက်သုဉ်းသွားသည်ဟု ထင်လိုက်ရ၏။

ရန်သူသည် ရှေ့တန်းစခန်းပေါ်သို့ အမြောက်ဆန်များကို (၂) မိနစ်မျှကြာအောင် ဆက်တိုက်ကြီး ပစ်ချလိုက်သည်။ အမြောက်သံများ ရပ်သွားသည်နှင့် တစ်ပြိုင်နက် တအုန်းအုန်းထုလိုက်သော လက်ပစ်ဗုံးသံများက ရေပွက်သလို ထ,၍ပွက်လိုက်၏။

ထို့နောက် ပြေးသံလွှားသံများ . . .

အမြောက်သံ လက်ပစ်ဗုံးသံ ပြေးသံလွှားသံများ ဆက်တိုက်ပေါ်နေသည့် အချိန်တစ်ခုလုံးအတွင်း တပ်ခွဲမှူးသည် ဘန်ကာထဲတွင် လက်ဖက်ရည်သောက်ပင်မပျက်။

ဂီလီယံကမူ ဤကဲ့သို့ လုံခြုံရာတွင် ထိုင်၍ လက်ဖက်ရည်သောက်နေခြင်းကို နည်းနည်းမျှမကြိုက်။

"ဒီအချိန်ဟာ ငါ့တာဝန်ကို ဆောင်ရွက်ရမယ့်အချိန်ပဲ"

စိတ်ထဲတွင် ဤသို့တွေးလိုက်မိသည်။

သို့သော် တပ်ခွဲမှူးကိုယ်တိုင်က ဘန်ကာထဲတွင်ထိုင်၍ လက်ဖက်ရည်သောက်နေသေးသောအခါ ဂီလီယံမှာ အပြင်သို့ထွက်သွားရန် ခက်နေပြန်သည်။ အပြင်ဘက်တွင်မူ ဂေါ်ရခါးစစ်သားများသည် တရုန်းရုန်းနှင့် ပြေးကြလွှားကြ အော်ကြဟစ်ကြ ဖြစ်နေကြ၏။ဘန်ကာ အတွင်းတွင်ရှိနေသော တပ်သားများကလည်း အပြင်ဘက်ရှိ ခံကတုတ်ကျင်းများတွင် မည်သို့ဖြစ်နေသည်ကိုထွက်ကြည့်လိုက်၊ ပြန်ဝင်လိုက်လုပ်နေ၏။



မိုးသီးမိုးပေါက်လိုကျနေသော လက်ပစ်ဗုံးသံများကို နားခံရင်း တပ်ခွဲမှူးက. . . "ဂျပုကလေးတွေ တို့ကိုလာတိုက်နေပြီဟေ့၊ ရှေ့အကျဆုံး ခံကတုတ်ကို ဒီကောင်တွေ ဝင်စီးနေပြီထင်တယ်" ဟု ဧည့်ခန်းဆောင်ရှိ လက်ဖက်ရည်ဝိုင်းတွင်ထိုင်ရင်း ပြောလိုက်ပြီး သူ့ရဲဘော်များကို တဝုန်းဝုန်း လုပ်မနေရန် အမိန့်ပေးလိုက်၏။

ချက်ချင်းလိုလိုပင် ရှေ့တန်းစခန်းတစ်ခုလုံး နေသားတကျ ဖြစ်သွားသည်။

"ရန်သူက ဘယ်လိုများလုပ်လာကြဦးမလဲ မသိဘူး"

ဂီလီယံက သွေးတိုးစမ်း၍မေးလိုက်သည်။

"ဘယ်လိုလုပ်မယ်ဆိုတာ ဘယ့်နှယ့်ပြောနိုင်မလဲ၊ ဒီဂျပုတွေက တစ်မိနစ်အတွင်းမှာပဲ တောင်ထိပ်ကို စီးချင်စီးမိသွားနိုင်တယ်ကွ"

တပ်ခွဲမှူးက အထိုင်မပျက်ဘဲ ဆက်ပြောနေရာမှ ဘန်ကာအဝတွင် ခေါင်းပြူ၍ကြည့်လိုက်ပြီး . . . "ဟေ့ . . . ဂျပုတွေ လာနေပြီ"ဟု ပြောလိုက်သည်။

အမှတ် (၁၄)ကား လာနေပြီဟု ပြောလိုက်သကဲ့သို့တည်း။

ရန်သူများသည် ဂီလီယံတို့ ဝင်၍ထိုင်နေသော ဘန်ကာခေါင်မိုးပေါ်မှ ဖြတ်ကျော်တက်နင်း၍ အပြေးတက်သွားသံကို ကြားလိုက်ရ၏။

ဂီလီယံသည် သွေးအေးသလောက် သတ္တိရှိသော တပ်ခွဲမှူးကို အံ့ဩနေမိလေသည်။

ဂေါ်ရခါးတပ်သည် ခံစစ်ကို မြားဦးသဏ္ဍာန် ဗျူဟာဆင်ထားရာ မြားဦးနှင့်တူသော ပထမခံစစ်ကြောင်းသည် ပြုတ်ထွက်သွားသော်လည်း နောက်တွင် ကပ်လျက်ရှိနေသည့် ခံစစ်ကြောင်းများက ရန်သူ့ထိုးစစ်ကို ကြံ့ကြံ့ခံ၍ ခုခံတားဆီးထားနိုင်ကြသည်။ ရန်သူသည် အင်္ဂလိပ်တို့၏ ခံစစ်ကြောင်းတစ်ခုလုံးကို အုပ်စီး၍မရသော်လည်း ဆရာဂီတောင်ထိပ်ပေါ်သို့ကား ရောက်သွားနိုင်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဂေါ်ရခါးတပ်သည် ရနိုင်သမျှသော တပ်စုတစ်စုဖြင့် တောင်ထိပ်ကို (၃)ခါတိုင်တိုင် တက်ရောက်သိမ်းယူနိုင်ရန် ကြိုးစားသည်။ သို့သော် လူအင်အားနည်းလှသဖြင့် တပ်လန်၍ချည်း ပြန်ကျလာသည့်အဖြစ်မျိုးနှင့်ကြုံနေရသည်။

ဤတိုက်ပွဲတွင် ဗိုလ် အင်ကရှုးနှင့် ဆူဗေဒါပါရာဆတ်ဂူရန် တို့မှာ သတ္တိထူးချွန်သူများဖြစ်ကြောင်းကို လက်တွေ့ပြသနိုင်သဖြင့် မီလစ်ထရီကရော့စ် သူရဲကောင်း ဆုတံဆိပ်ကို အပ်နှင်းခြင်းခံခဲ့ရလေသည်။

ရှိရင်းစွဲ ဂေါ်ရခါးတပ်က တောင်ထိပ်ပေါ်ရှိ ရန်သူ့ကိုအမျိုးမျိုးနှောင့်ယှက်တိုက်ခိုက်နေစဉ် အခြားဂေါ်ရခါး တပ်တစ်တပ်က တင့်ကားများ၊ အမြောက်များ အကူအညီဖြင့် တန်ပြန်တိုက်ခိုက်ရန် စီစဉ်သည်။

ဇွန်လ (၁၀)ရက်နေ့ ညနေ (၃)နာရီအချိန်တွင် လေတပ်မတော်က ဗုံးကြဲတိုက်ခိုက်ပြီးနောက် အမြောက်တပ်က ရန်သူ့ဘန်ကာများ ရှိမည့်နေရာများကို ပစ်ခတ်ပေးသည်။

ထို့နောက် ဗိုလ်မှူးမာတင်ဦးစီးသော တပ်ခွဲတစ်ခွဲနှင့် အခြားဂေါ်ရခါး တပ်ခွဲတစ်ခွဲက တင့်ကားများဖြင့် ဆရဂီတောင်ထိပ်သို့စ၍ ချီတက်လေသည်။

ဤအချိန်တွင်ပင် ရန်သူ့ဘက်မှ ပစ်ခတ်လိုက်သော အမြောက်ဆန်များမှာ တပ်ခွဲ (၂)ခွဲရှိရာသို့ တိတိကျကျကြီး လာရောက်ပေါက်ကွဲတော့၏။

ဗိုလ်မှူးမာတင်နှင့် အရာရှိ (၂)ဦး ပွဲချင်းပြီး ကျဆုံးသွားသည့်အပြင် ဂေါ်ရခါးစစ်သား (၄၀)ခန့်မှာလည်း သေသူသေ၊ ဒဏ်ရာရသူရဖြစ်ကုန်တော့၏။

တပ်ခွဲ (၂)ခွဲသည် ပွဲဦးထွက်ကပင် အထိနာသွားသည့်တိုင် တောင်ထိပ်ပေါ်သို့ ရောက်နိုင်သမျှရောက်အောင် ကုတ်ကတ်၍ ချီတက်တိုက်ခိုက်သည်။





ရန်သူကလည်း တစ်လက်မမျှ အရှုံးမပေးဟူသော ဇွဲဖြင့် ကြံ့ကြံ့ခံနေသည်။ တပ်ခွဲ (၂)ခွဲ၏ချီတက်မှုမှာ များစွာနှေးကွေးနေတော့၏။

မကြာမီပင် တပ်ခွဲ (၂)ခွဲ၏အင်အားမှာ ကုန်ခန်းစပြုလာပြီး ရန်သူ့ဘက်မှ စစ်ကူများ ထပ်မံရောက်ရှိလာသောကြောင့် ချီတက်တိုက်ခိုက်မှုကို လက်လျှော့လိုက်ရ၏။

ဤတိုက်ပွဲတွင် ရန်သူ့ဘန်ကာနှင့် (၁၀)ကိုက်အကွာတွင် ဒဏ်ရာရကာ လဲကျနေသော ဂေါ်ရခါးစစ်သား (၇)ယောက်ကို ဂီလီယံက ကယ်ဆယ်နိုင်ခဲ့ပြန်သည်။

အိန္ဒိယ တပ်မတော် ဆေးတပ်ဖွဲ့မှ ဆေးမှူးတစ်ဦး၊၊ . .

“ဂီလီယံကို ကြည့်လိုက်ရင် ဘယ်တော့မှမောတဲ့ လက္ခဏာမတွေ့ရဘူး၊ တစ်ခါတစ်ခါ သူဟာ ထမ်းစင်ကို ပခုံးမှာထမ်းပြီး တောင်ပေါ်ကို ပြေးတက်နေတာ တွေ့ရပြီး တစ်ခါတစ်ခါ ပျက်ပြိုနေတဲ့ ဘန်ကာထဲတိုးဝင်ပြီး အထဲမှာဒဏ်ရာရနေတဲ့ ရဲဘော်တွေကိုဆွဲထုတ် လုပ်၊ နေတာကို တွေ့ရတယ်၊ သူဟာ စစ်မြေပြင်မှာ (၃)နာရီလောက်ကြာအောင် ဒီအတိုင်းလုပ်နေပြီး ဒဏ်ရာနဲ့ကျန်ရစ်ခဲ့တဲ့ ရဲဘော်တစ်ယောက်မှ မရှိတော့ဘူးလို့ စိတ်ချမှ ပြန်ဆင်းလာခဲ့တယ်. . .

သူ ဒီလိုလုပ်နေတဲ့အချိန်မှာ ရန်သူ့ဘက်ကပစ်နေတဲ့ အမြောက်ဆန်တွေ တဝုန်းဝုန်းပေါက်ကွဲနေပြီး တခြားလူတွေကလဲ သူ့ကို ဒီအချိန်မှာ ဒါလောက် အတင့်မရဲဖို့ သတိပေးနေကြတယ်၊ ဒါတောင် သူဟာ ဒဏ်ရာရတဲ့ ရဲဘော်တွေကို သူ့အသက် ပမာနမထားဘဲ ကယ်ဖြစ်အောင် ကယ်ခဲ့တယ်”

ဟု ဂီလီယံအကြောင်းကို အမှတ်တရ ပြောဆိုခဲ့သည်။

ဂီလီယံအား ဤကဲ့သို့ စွန့်စားဆောင်ရွက်မှုကြောင့် ဗစ်တိုးရီးယားကရော့စ် သူရဲကောင်းဆုတံဆိပ်ချီးမြှင့်ရန်အတွက် သက်ဆိုင်ရာတပ်မှူးက ထောက်ခံခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဂီလီယံမှာ အမေရိကန်အမျိုးသားတစ်ဦး ဖြစ်နေသောကြောင့် ဝစ်တိုးရီးယားကရော့စ်ကိုလည်းကောင်း၊ ဂျော့ကရော့စ်ကိုလည်းကောင်း နှင်းအပ်၍မရနိုင်ဖြစ်နေသည်။ ထို့ကြောင့် သူ့အား ဂျော့ဘုရင်၏သူရဲကောင်းမှတ်တမ်းဝင် ဟူသော ဆုတံဆိပ်ကိုသာ ပေးအပ်ရတော့လေသည်။

ရန်သူသည် ဆရဂီတောင်ထိပ်ကို ရက်သတ္တ(၆)ပတ်ကြာအောင် ဆက်လက်သိမ်းပိုက်ထားနိုင်ခဲ့၏။ ဤတောင်ကုန်းတိုက်ပွဲတွင် အင်္ဂလိပ်တို့ဘက်မှ (၂၃)ယောက်ကျဆုံး၍ (၁၁၃)ယောက် ထိခိုက်ဒဏ်ရာရခဲ့သည်။

အထိနာသော တိုက်ပွဲပင်တည်း။

သို့သော် ရန်သူများဘက်မှ အထိမနာဟုဆိုက မှားမည်သာဖြစ်သည်။အဘယ်ကြောင့်ဆိုသော် ရန်သူသည် ရှန်နန်တောင်တန်း၌ တပ်စွဲထားသော ဂျွန်၏အမှတ် (၃၇)တပ်မဟာကို နောက်ထပ်၍ ထိထိရောက်ရောက် မတိုက်ခိုက်နိုင်သောကြောင့်ပါတည်း။

◆◆◆

(၁၉)

ဇွန်လ (၁)ရက်နေ့တွင် ဂျပန်တို့၏အမှတ် (၃၃)တပ်မ၌ ထိပ်တန်းရာထူးကြီး နေရာသို့ ဗိုလ်ချုပ်အသစ်တစ်ဦးရောက်လာသည်။

ဗိုလ်ချုပ်ကြီး မတ္တာဂုချီနှင့် ဗိုလ်မှူးကြီး မူရတ္တာတို့၏ အပြုံးသိုခြင်းကိုခံနေရသော ဗိုလ်ချုပ် ယာနာဂီဒါသည် အမှတ် (၃၃)တပ်မ၏ အုပ်ချုပ်ရေးမှူးအဖြစ်မှ ပြုတ်ထွက်သွားခဲ့ပြီဖြစ်၏။

သူ့နေရာသို့ ရောက်လာသူကား ဗိုလ်ချုပ်တနခါးတည်း။

ဗိုလ်ချုပ်တနခါးက အမှတ် (၃၃)တပ်မကို လွှဲပြောင်းယူရန် အစီအစဉ်များ ပြုလုပ်နေသည့် မေလ (၃၀)ရက်နေ့တွင်လည်း ထူးခြားသောအဖြစ်အပျက်တစ်ခု ပေါ်ပေါက်ခဲ့သေးသည်။

အမှတ် (၂၁၄)တပ်ဖွဲ့ကို ဦးစီးနေသော ဗိုလ်မှူးကြီးဆက္ကူက သူ၏အမှတ် (၃)တပ်ရင်းကို အုပ်ချုပ်နေသော ဗိုလ်မှူးဖူဆဒါအား ချီတက်တိုက်ခိုက်မှု နှေးကွေးနေသဖြင့် လားတပ်ဖွဲ့ကလေးတစ်ဖွဲ့တွင် လားဗိုလ်အဖြစ် ရက်ပေါင်း (၃၀)တိတိ အမှုထမ်းစေဟု အမိန့်ချမှတ်သည့် အဖြစ်အပျက်ပင်တည်း။

စောစောကမူ ဆက္ကူသည် ဗိုလ်မှူး ဖူဆဒါ အမှတ် (၃)တပ်ရင်းကို အုပ်ချုပ်နေခြင်းမှ ချက်ချင်းရပ်စဲခဲ့စေပြီး တပ်ရင်းနှင့်အတူ သူရှိရာ ဘီရှန်ပူ-ဆီချာလမ်းမြောက်ဘက်ရှိ နန်ကန်သို့ချီတက်လာရန် အမိန့်ပေးခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



အာဏာမဲ့နေသော ဖူဆဒါသည် တပ်ရင်းနှင့်အတူ ချီတက်လာစဉ် လမ်းတစ်ဝက်အရောက်၌ ဆက်ကူထံမှစေလွှတ်လိုက်သော စစ်ဗိုလ်တစ်ယောက် ရောက်ရှိလာပြီး ဖူဆဒါသည် လားတပ်ဖွဲ့ကလေးတစ်ဖွဲ့တွင် ရက်ပေါင်း (၃၀)တိတိ အမှုထမ်းရမည်ဟု နောက်ထပ် အမိန့်ထုတ်လိုက်ကြောင်း သတင်းပေးပို့သည်။

ဖူဆဒါသည် ဤအမိန့်ကို လုံးဝကျေနပ်ခြင်းမရှိဘဲ ဗိုလ်မှူးကြီးဆက်ကူနှင့် ကိုယ်တိုင် သွားရောက်တွေ့ဆုံကာ အကျိုးအကြောင်း ရှင်းလင်းတင်ပြသည်။ သို့သော် အချည်းနှီးသာ။

သူရဲဘောကြောင်သူ၊ ပျင်းရိသူဟု အစွပ်စွဲခံရရုံသာရှိသည်။

တပ်ရင်းတစ်ရင်းကို အုပ်ချုပ်နေရသော တပ်ရင်းမှူးတစ်ဦးအား လားတပ်ဖွဲ့ကလေးတစ်ခုသို့ ဆင်း၍ အမှုထမ်းစေခြင်းမှာ ပြင်းထန်လှသော အပြစ်ပေးမှုတစ်ရပ်ပင်ဖြစ်သည်။ လဲ၍သေချင်လောက်အောင်လည်း ရှက်စရာကောင်းသော အပြစ်ခံယူမှုဖြစ်သည်။

ဖူဆဒါ၏အမှတ် (၃)တပ်ရင်းကို ကြည့်လိုက်လျှင်လည်း စစ်သားရာခိုင်နှုန်းများများမှာ ဆေးရုံမှဆွဲခေါ်လာသော လူနာများနှင့် ဒဏ်ရာ‍ရနေသူများသာဖြစ်သည်။

ဤတပ်ရင်းသည် ဇွန်လ (၃)ရက်နေ့သို့ရောက်လာသောအခါ အမြောက်ဆန် တိုက်ရိုက်ထိမှန်ခံရပြီး စာစောက လူ (၂၇၀)ရှိနေသည့် အနက် (၁၀၀)ကျော်ကျော် ထိမှန်သေဆုံးခြင်းခံရပြန်သည်။

အမှတ် (၃၃)တပ်မသို့ ဗိုလ်ချုပ်အသစ်အဖြစ် ရောက်ရှိလာသော တနခါးသည် ဇွန်လ(၁)ရက်နေ့တွင်ပင် ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

*ရဲဘော်တို့ . . . ယခုအချိန်သည် အင်ဖာကို သိမ်းယူရမည့် အချိန်ဖြစ်သည်။ သေရမည်ကိုမှတစ်ပေါက်လောက်ပင် ကြောက်ရွံ့ခြင်းမရှိသော ငါတို့၏ခြေလျင်စစ်သည်တော်များသည် ရန်သူ၏ပင်မခံတပ်ကြီးကို . . .*





*ရင်မြေကတုတ် လုပ်၍ ဝင်ရောက်တိုက်နိုက်ကြပေတော့မည်။ အောင်ပွဲသည် မလွဲမသွေ ငါတို့လက်ထဲသို့ ရောက်လာရမည်သာ ဖြစ်သည်။*

*ယခုတိုက်ပွဲကြီးသည် အာရှအရှေ့တောင်ပိုင်း စစ်မြေဒေသတွင် အရှုံးနှင့်အနိုင်ကို အဆုံးအဖြတ်ပေးမည့် တိုက်ပွဲကြီးဖြစ်သည်။ ငါတို့၏ မဟာအရှေ့အာရှစီမံကိန်းကြီး အောင်မြင် မအောင်မြင်မှာ ဤတိုက်ပွဲကြီး အပေါ်တွင်တည်လျက် ရှိသည်။*

*ရဲဘော်တို့ . . ရဲဘော်တို့သည် ဤတိုက်ပွဲကြီး မည်မျှအရေးပါ အရာရောက်သည်ကို စိတ်ထဲ နှလုံးထဲတွင် အမြဲထင်မြင်လျက် အသက်ကိုဖက်နှင့်ပမာသဘောထား၍ အင်ဖာကိုပိုင်ပိုင်နိုင်နိုင်သိမ်းယူကြလော့။*

*အင်ဖာသိမ်းယူရေးတိုက်ပွဲကြီးတွင် ငါတို့၏တပ်မတစ်ခုလုံး ပြုတ်ပြုတ်ပြုန်းသွားသည့်တိုင်အောင် ငါတို့သည် ပြည့်ဝသောယုံကြည်ချက်၊ စွမ်းဆောင်သောသတ္တိ၊ ခိုင်မြဲသောဇွဲဖြင့် ငါတို့၏တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ကြရမည်။ တာဝန်လစ်ဟင်းသူများအား ကျွန်ုပ်ကိုယ်တိုင် ထိုက်သင့်သည့်အပြစ်ကို ပေးမည်။ ရှေ့တန်းစစ်မျက်နှာတွင် မိမိတို့၏ အရည်အချင်းအလျောက် ရာထူးတိုးတက်သင့်သူ၊ ဘွဲ့အမည် အပ်နှင်းထိုက် သူတို့အား ချက်ချင်း လက်ငင်းချီးမြှောက်သကဲ့သို့ အပြစ်ပေးသင့်သူကိုလည်း စစ်ဥပဒေနှင့်လျော်ညီစွာ ချက်ချင်းလက်ငင်း အပြစ်ဒဏ်ခံစေရမည်ဖြစ်သည်။*

*တပ်ခွဲမှူးများသည် မိမိတို့တပ်ခွဲ၏ဂုဏ်ရောင်ကို ထွန်းပြောင်အောင်ဆောင်ရွက်ရာတွင် တပ်ခွဲ၏ဂုဏ်သရေကို ညစ်ညူးအောင်လုပ်သူများအား မိမိတို့၏ဓားဖြင့် ဆုံးဖြတ်သည့်အခွင့်အရေးကို သုံးနိုင်ခွင့်ရှိစေရမည်။ တပ်ခွဲမှူးမှအစ တပ်မဟာမှူးအထိ ဤအခွင့်အာဏာမျိုး ရှိစေရမည်။ ရန်သူအား ဦးတည်၍ ပြင်းပြင်းထန်ထန် တိုက်နေရသည့်အချိန်တွင် မိမိတို့ဘက်မှ ရဲမက်တော်တစ်ဦးအား မိမိတို့ဓားဖြင့် သွေးမြေကျအောင်အပြစ်ပေးရမည်မှာ ရှက်ဖွယ်လိလိပင် ဖြစ်တော့၏။*



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ယခု ငါတို့ဆင်နွှဲရတော့မည့် တိုက်ပွဲကြီးသည် မည်မျှ အရေးကြီးသည်ကို နှလုံးသွင်းမိသော ရဲဘော်တိုင်း ဤသို့အဖြစ်ပေးခြင်းကို နားလည်သဘောပေါက်မိမည်သာဖြစ်သည်။

*ယခုအချိန်တွင် ငါတို့၏စစ်ကူတပ်များသည် တစ်ခါမျှ အသုံးမပြုဖူးသေးသည့် ရှိုင်ဖယ်သေနတ်များဖြင့် ငါတို့ထံ ရောက်ရှိနေပြီဖြစ်သည်။ တိုက်ပွဲစရန် အချိန်နီးကပ်နေပေပြီ။ မြားသည် လေးညို့မှလွန်၍ ထွက်ရန် အသင့်ဖြစ်နေပေပြီ။*

*ငါတို့၏ခြေလျင်တပ်ကြီးသည် စိတ်အား မာန်အား စွမ်းအားဖြင့် ရန်သူကို ချေမှုန်းသုတ်သင်ရန် အသင့်ရှိနေပေပြီ။ ဤတိုက်ပွဲကြီးသည် ငါတို့ဘုရင်ဧကရာဇ် မင်းမြတ်ကြီး၏ ကံကြမ္မာကို အဆုံးအဖြတ်ပေးမည့် တိုက်ပွဲကြီးဖြစ်သည်ကို သတိပြုကြလော့။ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သား . . . အားလုံး ရဲရဲဝံ့ဝံ့တိုက်ခိုက်ကြလော့။*

ဗိုလ်ချုပ်သစ်တနခါး၏ သွေးထိုးလှုံ့ဆော် ကြေညာချက်ကို ပထမဆုံးစ၍ အကောင်အထည်ဖော်သော ပဏာမတိုက်ပွဲမှာ ငသောက်ကုန်းရွာ. တိုက်ပွဲပင်ဖြစ်၏။ ငသောက်ကုန်းမှာ မြင့်မားသော ချောင်းကမ်းပါးတစ်ဖက်တစ်ချက်တွင် တည်ရှိလျက် သစ်ကြီးဝါးကြီးများ ဖုံးလွှမ်းနေသောရွာဖြစ်သည်။ချောင်း ဝှမ်းတစ်လျှောက်တွင်လည်း ရွံ့ဗွက်များသာ မင်းမူနေလေသည်။ ရွာအနီးတွင် ပြိုပျက်နေသော ချောင်းကူးတံတားတစ်ခုက စစ်၏သင်္ကေတကို ဖော်ပြလျက်ရှိနေလေသည်။

အင်္ဂလိပ်တပ်မှ ဗိုလ်မှူးကြီးကူးပါး ခေါင်းဆောင်သောတပ်မှာ ငသောက်ကုန်းရွာ၏မြောက်ဘက်ပိုင်းတွင် နေရာယူထားကြ၏။ ဤနေရာတွင်မူ သစ်ကြီးဝါးကြီးများ ရှားပါးနေသည့်အလျောက် ရန်သူလက်ဖြောင့်တပ်သားများအတွက် စားကျက်ကောင်းဖြစ်နေသည်။

ထို့ကြောင့် ကူးပါး၏ တပ်ရင်းဌာနချုပ်ကို အထူးဂရုစိုက်၍ ပုံဖျက်ထားရ၏။





သို့သော် ကူးပါး၏တပ်များနှင့် ခရီးအတန်လှမ်းသော အနောက်ဘက်ရှိတောင်ကုန်းများတွင် ဂျပန်တပ်များက နေရာယူနှင့်ပြီး ဖြစ်နေပြန်သောကြောင့် တပ်ရင်းမှာ မကြာခဏ ရန်သူ၏ အပေါ်စီးအမြောက်များ ဖြင့်ပစ်ခတ်ခြင်းကို ခံနေရသည်။

အမှတ် (၁၇)တပ်မ၏ရှေ့တန်းစခန်းဖြစ်သော ကူးပါး၏တပ်ရင်း အနောက်ဘက် ကိုက်(၃၀၀)ခန့်အကွာရှိ နယ်မြေအနေအထားမှာ သစ်ပင်ချုံပုတ်ငယ်များ ဖွေးကာ ရွံ့ထူသည့်လွင်ပြင်ဖြစ်နေသည်။

ရန်သူဘက်မှ အမြောက်ဆန်များ မကြာခဏ ကျရောက်ပေါက်ကွဲနေသောကြောင့်လည်း မြေမျက်နှာပြင်မှာ ကျောက်ပေါက်မာကဲ့သို့ ဖြစ်နေ၏။

ငသောက်ကုန်းရွာသို့ ရှေးရှုနေသော လမ်းတစ်ဖက်တစ်ချက်တွင် ရွံ့ဗွက်အိုင်များ၊ မြောင်းများရှိနေသောကြောင့်လည်း ဂျပန်တင့်ကားများ ထက်ပို၍ကြီးသော အင်္ဂလိပ်တင့်ကားများမှာ တစ်ခုတည်းရှိသော လမ်းမှ လွဲ၍ အခြားဘက်မှ ချီတက်၍မရနိုင်အောင် ရှိနေသည်။

ကူးပါး၏တပ်ရင်း တပ်စွဲထားသော ငသောက်ကုန်းရွာမြောက်ပိုင်းတွင် ရွာသူရွာသားတစ်ယောက်မျှမရှိတော့သော်လည်း ခရစ်ယာန်နှင့် သီတာရုပ်တုများကား ကျောင်းဆောင်တစ်ခုအထဲတွင် ရှိနေသေးသည်။

မိုးမှာ သဲသဲမဲမဲရွာသွန်းနေသဖြင့် ကတုတ်ကျင်းများ၊ ဘန်ကာများ၊ လက်နက်ကျင်းများ တူးလိုက်တိုင်း ရေပြည့်၍လာတော့သည်။ ထို့ကြောင့် စစ်သည်တော်တို့သည် ဘန်ကာများပေါ်၌ အမိုးမိုး၍ထားရလေသည်။

ရန်သူ့ဘက်မှပစ်လိုက်သော အမြောက်ကျည်ဆန်များမှာ မြေပျော့ပျော့နှင့်ထိလိုက်တိုင်း ရေအိုင်ကြီးများဖြစ်လာသည်။ ချီတက်တိုက်ခိုက်ရသော စစ်သည်တော်များအဖို့ ရန်သူက တမင်တူးထားသည့် ထောင်ချောက်နှင့် တူနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်သူ့ဘက်မှ အမြောက်ဆန်များ၊ မော်တာဗုံးများသည် ဝါးရုံပင်အုပ်ကြီးနှင့်ထိပြီး ပေါက်ကွဲလိုက်လျှင် ကျည်ဆန်၊ ဗုံးဆန် အစအန အမှန်ခံရသူအဖို့ မသက်သာတော့။ ချက်ချင်းပင် မန်းလိုက်၍လာတော့သည်။

ချောင်းရေ၊ ကန်ရေနှင့် မိုးရေက တစ်နေ့ထက်တစ်နေ့ တိုးလာသောကြောင့် စစ်သည်တော်များသည် ခြေထောက်တွင် သဲစားသည့် ဒုက္ခနှင့် တွေ့ကြရပြန်သည်။ ခြေထောက်မှ ခြေအိတ်များကိုချွတ်လိုက်လျှင် အရေပြားများသည် ဘဲခြေထောက်ကို မီးဖုတ်ပြီးနောက် အခွံချွတ်ထားသကဲ့သို့ ဖြစ်နေလေသည်။ သတင်းစာစက္ကူကို ခြေထောက်တွင် ဦးစွာပတ်ပြီးနောက် ခြေအိတ်စွပ်ပြီးမှ ဖိနပ်စီးထားလျှင် သဲစားသည့် ဝေဒနာမှ သက်သာကြောင်းတွေ့ရလေသည်။

ဇွန်လ(၇)ရက်နေ့ ဝေလီဝေလင်းအချိန်တွင် ရန်သူသည် အလတ်စားနှင့် အသေးစား စက်သေနတ်များကို သုံးကာ ငသောက်ကုန်းရွာအနောက်တောင်ထောင့်ကို လာရောက်တိုက်ခိုက်သည်။

ရန်သူသည် ချောင်းကမ်းပါး၊ မြောင်းကမ်းပါးများကို ခို၍ လက်ပစ်ဗုံးများကို လှိုင်လှိုင်ထုပေးပြီး စက်သေနတ်များဖြင့်လည်း မွှေ့နေသည်။ ရွာ အနောက်တောင်ထောင့်တွင် တာဝန်ယူထားရသော လူ (၂၀)ခန့်ပါသည့် တပ်စုသည် ကျည်ပစ်အားကောင်းလှသော ရန်သူကို ဆက်လက်မခုခံနိုင်ဘဲ ဆုတ်ပေးလိုက်ရလေသည်။

ရန်သူသည် ဗိုလ်ချုပ်သစ် တနခါး၏ လှုံ့ဆော်ချက်ကြောင့် သွေးကြွနေပုံရသည်။ လူ (၂၀)ခန့်သာပါသော တပ်စုကလေးတစ်ခုကိုပင် နှစ်နာရီခန့်ကြာအောင် ရှိသမျှ ကျည်အားကိုသုံး၍ လိုက်လံတိုက်ခိုက်နေသည်။ သို့သော် ရန်သူသည် တိုက်ခိုက်၍ရယူထားသော နယ်မြေကို တိုးချဲ့၍မရအောင် ဖြစ်နေသည်။

တပ်စုခေါင်းဆောင် တပ်ကြပ်ကြီး ဇစ်တာသည် မိမိဆုတ်ပေးလိုက်ရသော နယ်မြေကို ပြန်လည်၍သိမ်းယူမည်ဟု ဆုံးဖြတ်လိုက်ပြီး





အသက်မသေ ကြွင်းကျန်နေသော ရဲဘော်များအား ရန်သူကို လက်ပစ်ဗုံးဖြင့် ပြန်လည်တိုက်ထုတ်ရန် အမိန့်ပေးလိုက်၏။

ရဲဘော်များသည် ပါနိုင်သမျှသောလက်ပစ်ဗုံးများကို သယ်ဆောင်ကာ တစ်ယောက်စီတပ်ဖြန့်၍ ရှေ့သို့တိုးသွားကြသည်။ ရန်သူများ နီးကပ်လာသည်နှင့်တပြိုင်နက် လက်ပစ်ဗုံးများဖြင့် တအုန်းအုန်းထုပြီး မိမိအကာအကွယ်ရှိရာသို့ ပြေးလာသည်။

ရန်သူက စက်သေနတ်ကို အတွဲလိုက်ဝှေ့ယမ်း၍မွှေ့နေသည့်အကြားမှ တပ်ကြပ်ကြီးဇစ်တာသည် ဤကဲ့သို့ ချည်းငါးကြိမ်တိုင်တိုင် ရှေ့သို့တက်၍ တိုက်ခိုက်သည်။

ခြောက်ကြိမ်မြောက် ရန်သူရှိရာသို့ ပြေးတက်၍ လက်ပစ်ဗုံးများဖြင့် ထုနေစဉ် မိမိ၏တပ်ရင်းအတွက်လည်းကောင်း၊ မိမိ၏တပ်စုအတွက်လည်းကောင်း ဂုဏ်ယူအပ် ဂုဏ်ယူထိုက်သော ရဲရင့်လှသည့် သူရဲကောင်းကြီးဇစ်တာသည် ရန်သူ့လက်ချက်ဖြင့် ကျဆုံးသွားခဲ့ရရှာလေသည်။

ဇွန်လ (၇)ရက်နေ့ည ငသောက်ကုန်းတိုက်ပွဲတွင် တပ်ကြပ်ကြီးဇစ်တာသည် အနိုင်မခံလိုသောစိတ်၊ အပျက်ထက် အဖြစ်ကိုသာ ခေါင်းဆောင်၍ ဖန်တီးလိုသော စိတ်တို့ကို ရဲစွမ်းသတ္တိပြောင်မြောက်စွာ ဖော်ထုတ်ပြသနိုင်ခဲ့သဖြင့် ဗစ်တိုးရီးယား ကရော့စ်ဖြင့် သေပြီးနောက်မှ ချီးမြှင့်ခြင်းခံခဲ့ရလေသည်။

ရန်သူသည် တပ်ကြပ်ကြီး ဇစ်တာတို့ တာဝန်ယူထားသော ရွာအနောက်တောင်ထောင့်ကို ပိုင်ပိုင်နိုင်နိုင်ကြီး သိမ်းပိုက်နိုင်တော့မည့်အချိန်တွင်မှ အရှုံးနှင့်ရင်ဆိုင်လာရတော့သည်။ ရန်သူသည် အလောင်းပေါင်း (၁၀၀)နှင့် ဒဏ်ရာရနေသော သုံ့ပန်းတစ်ယောက်ကို ထားခဲ့ကာ အရှက်မတက်မီ ဆုတ်ခွာသွားတော့သည်။

ကူးပါး၏တပ်ရင်းမှ တပ်ကြပ်ကြီး ဇစ်တာအပါအဝင် စစ်သည်တော် (၁၄)ဦးကျဆုံး၍ (၃၆)ယောက် ဒဏ်ရာရရှိခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



စောစောကပင် လူအင်အားလျော့နည်းနေသော ကူးပါး၏တပ်ရင်းသည် နယ်မြေအနေအထားကလည်း မကောင်းသည့်အလျောက် ငသောက်ကုန်းစစ်မျက်နှာမှ တပ်ရုပ်၍လာခဲ့လေသည်။ ဤတပ်ရင်း၏နေရာတွင် ဒုဗိုလ်မှူးကြီးဖိလစ်တောင်ဆင်း အုပ်ချုပ်သော ဂေါ်ရခါးတပ်ခွဲ(၂)ခွဲရောက်ရှိလာသည်။ သူသည် (၁၉၄၂)ခု မြန်မာပြည်မှဆုတ်ခွာလာရစဉ် ဂေါ်ရခါးတပ်ရင်းကိုကွပ်ကဲ၍ အောင်မြင်စွာဆုတ်ခွာခဲ့သူဖြစ်သည်။

သူသည် ငသောက်ကုန်းစစ်မျက်နှာသို့ ရောက်လာပြီးနောက် တစ်ရက်နှစ်ရက်ခန့်အကြာတွင်ပင် ဒဏ်ရာရခဲ့သဖြင့် သူ့နေရာကို ဒုဗိုလ်မှူးကြီးဂွန်က ဆက်ခံသည်။

ဂွန်သည် အမှတ်(၂၀)တပ်မတွင် အထက်တန်း ဦးစီးအမှုဆောင်အရာရှိအဖြစ် ဆောင်ရွက်နေရာမှ စားပွဲတွင်ထိုင်၍လုပ်ရသည့် အလုပ်ကိုငြီးငွေ့ကာ အမှတ်(၄၈)တပ်မဟာသို့ ဒုတပ်မဟာမှူးအဖြစ် ပြောင်းရွှေ့လာသူဖြစ်သည်။ သူ၏တပ်ရင်းသည် ဇွန်လအတွင်းတွင် ဖြစ်ပွားခဲ့သော တိုက်ပွဲ (၂)ပွဲ၌ ဗစ်တိုးရီးယား ကရော့စ် (၃)ခုကိုရအောင် တိုက်ခိုက်နိုင်ခဲ့လေသည်။

တိုက်ပွဲဖြစ်ပွားနေစဉ်အတွင်း ကြိုးမဲ့ကြေးနန်းဖြင့် သတင်းပို့ရာတွင်ဖြစ်စေ၊ ဖြစ်ပေါ်လာမည့်တိုက်ပွဲနှင့် ပတ်သက်၍ အထက်သို့ အစီရင်ခံရာတွင်ဖြစ်စေ ဒုဗိုလ်မှူးကြီး ဂွန်၏သတင်းပို့ချက်များမှာ အခြားတပ်မှူးများထက် ထူးခြားသည့် စကားအသုံးအနှုန်း အယူအဆ အမြဲပါနေတတ်သည်။

"ခု. . . ကျွန်တော် တွေ့နေရတဲ့ အခြေအနေဟာ ဒါထက်တိုးပြီး ဆိုးလာနိုင်မယ့် အခြေအနေမရှိပါဘူး၊ ကျွန်တော် ထပ်ပြီး ပြောပါဦးမယ်၊ ခု. . . တွေ့နေရတဲ့အခြေအနေဟာ ဒါထက်တိုးပြီး ဆိုးလာနိုင်မယ့် အခြေအနေမရှိပါဘူး၊ ဒါကြောင့် ကျွန်တော်တို့အဖို့ ဒါထက်ကောင်းတဲ့ အခြေအနေ ဖြစ်ပေါ်လာရမယ်ဆိုတာ ဧကန်မုချပါပဲ"





ဤကား ဂွန်၏ သတင်းပို့သည့် ဟန်ကလေးတစ်ခုပင်ဖြစ်သည်။

ဂွန်၏တပ်ရင်း တပ်စွဲထားသော ငသောက်ကုန်းတံတားပျက်ရှိရာ တစ်ဝိုက်ကို တပ်စွဲသည့်နေ့တွင်ပင် ရန်သူများက မိုင်းဗုံးထောင်၍တိုက်ခိုက်သည်။ ဂေါ်ရခါးလက်ဖြောင့်တပ်သားများသည် ချောင်းကို တိတ်တဆိတ် ဖြတ်ကူး၍ ရန်သူ့စခန်းများကို လိုက်လံရှာဖွေသည်။

သို့သော် အရိပ်အယောင်မျှပင် ရှာမတွေ့။ ရန်သူ့စခန်းရှိမည်ထင်ရာအရပ်သို့ ချဉ်းကပ်လိုက်တိုင်း ဘယ်ဆီဘယ်အရပ်က လာသည်ဟုမသိရသော ကျည်ဆန်ထိပ်ဖူးများက ဂေါ်ရခါးတပ်သားများကို တစ်တောင့်ချင်း ဟန့်တားလျက်ရှိနေသည်။

(၂)ညတိုင်တိုင်ဆက်၍ ရန်သူ့တင့်ကားများ ချီတက်သံကို အာရုံမတက်မီ နားကွဲလောက်အောင် ကြားနေရသည်။ ငသောက်ကုန်းရွာသို့ ရန်သူ့တင့်ကားများ ရောက်လာလေသည်လား၊ သို့မဟုတ် တိုက်ပွဲကြီးတစ်ပွဲဖြစ်ပွားရန်အတွက် ခြေစမ်းနေလေသည်လား၊ သို့မဟုတ် ဂေါ်ရခါးတပ်သားများကို ကြောက်အောင် ခြောက်နေလေသည်လား၊ မည်သူမျှမသိ။

ဂွန်ခမျာမှာ ရန်သူ့ဘက်မှ တင့်ကားသံများကို ကြားရလေတိုင်း စိတ်မသက်မသာဖြစ်ရလေသည်။ ရန်သူက တင့်ကားဖြင့် အတင်းထိုးဖောက်ချီတက်လာလျှင် တင့်ကားကို ခုခံဖျက်ဆီးနိုင်မည့် လက်နက်များ သူ့တွင် လုံလုံလောက်လောက် မရှိသောကြောင့်တည်း။

အမှတ်(၄၈)တပ်မဟာမှူးဖြစ်သူက သူ့ထံတင့်ကားပစ်အမြောက်တပ်စိတ်တစ်စိတ်သာ ပေးပို့ထားသည်။ ဤတပ်စိတ်သည်ပင်လျှင် ရွှံ့ဗွက်ထူတပ်သော ဒေသကို အပန်းတကြီး ဖြတ်ကျော်ရောက်ရှိလာခြင်းဖြစ်၏။ ဂွန်သည် ချောင်းကမ်းပါးတစ်လျှောက်တွင် မိုင်းဗုံးများ၊ ခလုတ်တိုက်ဗုံးများကို ထူထူချထားပြီး တင့်ကားပစ် အမြောက်တပ်စိတ်နှင့် ဘဇူကာနှစ်လက်ကို ရန်သူ့တင့်ကားများတက်လာမည့်လမ်းတွင် ဆင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇွန်လ (၁၂)ရက်နေ့ အရုဏ်မတက်မီအချိန်တွင် ရန်သူ့တင့်ကားများ ချီတက်လာသံကို ကြားရပြီး နေရောင်ပြူလာသောအခါ ချောင်းဟိုမှာဘက်ကမ်းတွင် လိမ္မော်စိမ်းရောင် တင့်ကားများလှုပ်ရှားနေသည်ကို မြင်ရလေသည်။

ရန်သူ့ဘက်ကမ်းတွင် လက်ဖြောင့်တပ်သားများအဖြစ် ပုန်းကွယ်နေကြသော ဂေါ်ရခါးစစ်သားများ သည်မှာဘက်ကမ်းသို့ ပြန်ပြေးလာကြရတော့၏။

ဂျွန် တပ်စွဲထားရာသို့ ရန်သူ့ဘက်မှ အမြောက်ဆန်များ တဖွဲဖွဲကျလာသည်။ မကြာမီ ဗိုလ်ချုပ်သစ်တနခါး၏ သွေးထိုးပေးချက်ကြောင့် စိတ်ဓာတ်တက်ကြွနေဟန်ရှိသော ရန်သူ့ခြေလျင်တပ်ဖွဲ့နှစ်ဖွဲ့က တင့်ကားတပ်အကူအညီဖြင့် ချီတက်လာသည်ကို တွေ့ရတော့၏။

ရန်သူ့ဘက်မှ တင့်ကား(၅)စီးသည် ဂေါ်ရခါးတို့၏ ခံစစ်ကြောင်းကို ဖောက်ထွင်းဝင်ရောက်လာပြီး အခြားတင့်ကား(၂)စီးက ခြေလျင်တပ်အကာအကွယ်ဖြင့် ခံစစ်ကြောင်းကို အနီးမှကပ်၍ ပစ်ပေးနေသည်။

ဂျွန်၏တပ်ရင်းသည် လက်ယာဘက်တောင်ပံကို အလူးအလဲခုခံကာကွယ်နေရသော်လည်း လက်ဝဲတောင်ပံမှတက်လာသော ရန်သူများကို မူတွန်းလှန်တိုက်ခိုက်နိုင်သည်။

တပ်ရင်းဘက်မှ တင့်ကားပစ်အမြောက်နှစ်လက်က တက်လာသော ရန်သူ့တင့်ကားများကို လက်သံပြောင်ပြောင်ဖြင့် ဆီး၍ထုသည်။ သို့သော် တစ်လက်မှာရန်သူများ ဝင်ရောက်စီးနင်းခြင်းကို ခံလိုက်ရပြီးနောက်တစ်လက်ကိုမူ ရန်သူ့ရှေ့ကပင် အသေခံ၍ဆွဲယူခဲ့ရသည်။

အမြောက်တပ်ဗိုလ်သည် ဒဏ်ရာရနေသော်လည်း တင့်ကားပစ်လက်နက်ဖြစ်သော ဘဇူကာတစ်လက်ကိုဆွဲယူကာ တပ်ရင်းဌာနချုပ်ကိုလာရောက်တိုက်ခိုက်နေသော ရန်သူ့တင့်ကားတစ်စီးကို ဖျက်ဆီးပစ်လိုက်နိုင်သည်။





မီးရောင်ဖြင့်အချက်ပြ၍ စောစောကပင် ခေါ်ယူထားသော အင်္ဂလိပ်တင့်ကား(၂)စီးသည် ပျော့နေသော လယ်ကွင်းပြင်များကို အားခဲ၍ဖြတ်ကျော်ကာ ရန်သူ့တင့်ကားများနှင့် ရင်ဆိုင်ရန် ရောက်လာလေသည်။

တပ်ရင်းနှင့် တပ်မဟာဌာနချုပ်သို့ ဆက်သွယ်ထားသော တယ်လီဖုန်းကြိုးအားလုံးပြတ်ကာ ကြိုးမဲ့ကြေးနန်းစက်ကလည်း ချို့ယွင်းနေသဖြင့် အဆက်အသွယ်မှန်သမျှကို ဆက်သားလွှတ်၍လုပ်နေရတော့၏။

ယခုအချိန်တွင် ထိခိုက်ဒဏ်ရာရနေသော ဂေါ်ရခါးစစ်သားဦးရေမှာ အတန်ပင်များပြားလာပြီဖြစ်ရာ အရန်တပ်ဆို၍ တစ်တပ်မျှမရှိသောကြောင့် ဂျွန်အဖို့ ရန်သူကို မောင်းထုတ်၍မရနိုင်အောင် ဖြစ်နေရတော့လေသည်။ မကြာမီပင် ဆက်သားလွှတ်၍ စစ်ကူတောင်းလိုက်သဖြင့် တပ်မဟာဌာနချုပ်က ဂေါ်ရခါးတပ်ခွဲတစ်ခွဲကို စစ်ကူလွှတ်လိုက်လေသည်။

သို့သော် စစ်ကူလာသောတပ်ခွဲမှာလည်း ရန်သူတို့၏အလတ်စားစက်သေနတ်ကလေးများဖြင့် မီးကုန်ယမ်းကုန်ပစ်ခတ်ခြင်းကို ခံနေရပြန်သည်။ ထို့ကြောင့် တပ်ရင်းရှိရာသို့ မချဉ်းကပ်နိုင်အောင် ဖြစ်နေရလေတော့သည်။

ရိုးရိုးဂေါ်ရခါးတပ်သားကလေး ဂန်ဂျူလာမားသည်လက်ကောက်ဝတ်နှင့် အခြား(၂)နေရာတွင် ဒဏ်ရာများရနေသော်လည်း ဘဇူကာတစ်လက်ကိုဆွဲကာ သူ့ထိုးထွင်းဉာဏ်နှင့်သူ ရန်သူ့တင့်ကားနှင့် ကိုက်(၃၀)သာကွာသော ကွင်းပြောင်ပြောင်သို့ တွား၍တက်ခဲ့ပြီး ရှေ့ဆုံးမှတင့်ကားတစ်စီးကို ပစ်ခတ်ဖျက်ဆီးပစ်လိုက်သည်။ ထို့နောက် ဒုတိယတစ်စီးကိုလည်း ကျွမ်းပြန်သွားအောင် လုပ်ပစ်လိုက်သည်။

ဂန်ဂျူလာမားသည် ဤမျှနှင့်ရပ်မနေသေးဘဲ တင့်ကားနှင့်အတူပါလာသော တင့်ကားအဖွဲ့သားများကို လိုက်လံသုတ်သင်နေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



စံနမူယူထိုက်သော သူ့သတ္တိနှင့် သူ့စွမ်းရည်ကြောင့်ပင် သူတို့တပ်ခွဲသည် တပ်ရင်းနှင့်ပေါင်းမိကာ ဆုံးရှုံးသွားသော ခံစစ်ကြောင်းများကို ပြန်လည်သိမ်းယူနိုင်တော့၏။ ဤအချိန်ရောက်မှပင် ဂန်ဂျူးလာမားသည် သူ့အားလူနာအဖြစ် စစ်မြေပြင်သူနာပြုစခန်းသို့ ခေါ်ယူသွားခြင်းကို လက်ခံတော့သည်။

သူ ဆေးရုံသို့ တက်ရောက်ကုသနေချိန်တွင် ဗိုလ်ချုပ်ကြီးဆလင်း ကိုယ်တိုင် လာရောက်သတင်းမေးသည်။

ဗိုလ်ချုပ်ကြီးက ရန်သူ့တင့်ကားများ တက်လာနေသည်ကိုမြင်ပါလျက် လယ်ကွင်းပြောင်ပြောင်တွင် အဘယ်ကြောင့်ရှေ့သို့တက်၍ တိုက်ခိုက်ပါသလဲဟု ဂန်ဂျူးလာမားအား မေးမြန်းသောအခါ၊ လာမားက မိမိပစ်လိုသော ပစ်မှတ်အားထိမည်ဟု မထင်ဘဲနှင့် ဘဇူကာကိုမပစ်ပါနှင့်ဟု သင်တန်းတွင်သင်ရကြောင်း ကိုက် (၃၀)ခန့်အကွာမှဆိုလျှင် ရန်သူ့တင့်ကားကို ထိမှန်မည်ဟု ယုံကြည်၍ ရှေ့သို့ တက်ရခြင်းဖြစ်ကြောင်း ဖြေကြားသည်။

**စစ်သားကောင်းဆုရရှိပြီးဖြစ်သော ဂန်ဂျူးလာမားသည် ဤတိုက်ပွဲအတွက် *ဗစ်တိုးရီးယား ကရောစ်*ဆုတံဆိပ်ကို ထပ်မံ ချီးမြှင့်ခြင်းခံရပြန်လေသည်။**

❑

*တိုးခဒင်တောင်တန်းတစ်လျှောက်တွင်* အခြေစိုက်ထားသော **ဗိုလ်မှူးချုပ်**မတ္တင်ဇီ ဦးစီးသည့် အမှတ် (၃၂)တပ်မဟာမှ စစ်သည်ရဲမက်များမှာလည်း မစဲနိုင်အောင် တသည်းသည်းရွာသွန်းနေသောမိုးကြောင့် တိုးခဒင်တောင်တန်း၏တောင်ဘက်တွင် ရန်သူများ အခိုင်အမာတပ်စွဲထားသော လိပ်ခုံးတောင်ကုန်းကို တိုက်၍မရနိုင်ဘဲ ဖြစ်နေသည်။

ရန်သူတက်လာမည့်လမ်းတွင် ပစ်ကျင်းကလေးများတူး၍ ကင်းဖုန်းဝပ်နေသူများ၊ တိုက်ကင်းထွက်နေသူများနှင့် ရှေ့တန်းစခန်းများရှိ





ကတုတ်ကျင်းတွင် တာဝန်ကျနေသူများမှာ အမြဲပင်စွတ်စိုသည့် မိုးဒဏ်ကို ခံနေရပြီး ထမင်းပူပူ ဟင်းပူပူကိုလည်း တစ်ခါမျှ မစားကြရသောကြောင့် စစ်သည်ရဲမက်တို့ကို (၂)ရက်လျှင် (၁)ကြိမ်ကျစီ လူလဲပေးနေရလေသည်။

မည်သို့ပင်ဖြစ်စေ ရှေ့တန်းစခန်းတွင်တာဝန်ကျနေသော ရဲဘော်များသည် မိုးကြောင့် သူတို့ထက်ပို၍ဒုက္ခတွေ့နေရသော ရန်သူများကို ချုံခိုတိုက်ပွဲကလေးများ၊ တိုက်ကင်းတိုက်ပွဲကလေးများဖြင့် နေ့စဉ်ပင်သုတ်သင်နိုင်ကြသည်။

လိပ်ခုံးတောင်ကုန်းတွင်တပ်စွဲထားသော ရန်သူများသည် စောစောပိုင်းက မတ္တင်ဇီ၏တပ်မဟာကို တစ်တိုက်တည်းတိုက်နေခဲ့သော်လည်း ဇွန်လအလယ်သို့ ရောက်လာသောအခါ တိုက်စစ်မှ ခံစစ်သို့ပြောင်းလာသည့် အသွင်သဏ္ဌာန်ကို ပြလာတော့၏။

သို့သော် ရန်သူသည် ဘီရှန်ပူ-ဆီချာလမ်းကို လုံးဝပိတ်ဆို့ထားနိုင်ရန်ကား ဆတက်ထမ်းပိုး ကြိုးစားလျက်ပင်ရှိနေသေးသည်။ ဇွန်လ (၂၁)ရက်နေ့နေထွက်လာသည့်အချိန်တွင် ရန်သူသည် မော်တာတောင်ကုန်းနှင့် ထိုတောင်ကုန်းအနီးတွင်ရှိသော စမ်းရေပေါက်စခန်းကို လာရောက်တိုက်ခိုက်သည်။

စမ်းရေပေါက်သို့သွားသည့်လမ်းမှာ ရန်သူ့အမြောက်ပစ်ကွင်းအောက်တွင် တည့်တည့်ကြီးကျရောက်လျက်ရှိရာ စစ်ကူတပ်များကို လမ်းအတိုင်း မလွှတ်နိုင်ဘဲ မြောက်ဘက်မှ ပတ်၍ချီတက်ရသည်။

သို့သော် ဤလမ်းမှာလည်း လူနှင့်လားများ အသွားအလာများကာ မိုးတွင်းဖြစ်သောကြောင့် ဗွက်များဖြင့် ချောကျိနေသည်။ ဤလမ်းအတိုင်းလိုက်သွားပြီး တောင်ကုန်းမြင့်များကိုတက်ရသည့်အလုပ်မှာလည်း ပင်ပန်းသလောက် ခရီးမရောက်လှ။ ဗိုလ်မှူးချုပ်မတ္တင်ဇီသည် တပ်ခွဲ (၂)ခွဲအား ရန်သူ့လက်သို့ရောက်သွားသော စမ်းရေပေါက်စခန်းကို သွားရောက်သိမ်းယူရန် စေလွှတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



တပ်ခွဲ(၂)ခွဲသည် ပင်ပန်းကြီးစွာဖြင့် ချီတက်သွားကြရပြီးနောက် အမြောက်တပ်က ကာကွယ်ပစ်ပေးစဉ် ရန်သူ့စခန်းကို ဝင်ရောက်စီးနင်းသည်။

သို့သော် ရန်သူ့ဘက်မှကျည်အားများများသုံး၍ ပစ်ခတ်နေသော အလတ်စားစက်သေနတ်များကြောင့် ရန်သူ့အဆီးအတားကို ကြိုးစား၍ ထိုးဖောက်မရနိုင်ဘဲ အထိသာနာရတော့၏။

ရန်သူသည် ဤတပ်ခွဲ(၂)ခွဲနှင့် အခြားတပ်များကို ညအချိန်တွင် ဝင်ရောက်တိုက်ခိုက်ကာ ဘီရှန်ပူ-ဆီချာလမ်းကို စမ်းရေပေါက်စခန်းမှ မော်တာတောင်ကုန်းမှနေ၍ ပိတ်ဆို့ထားလိုက်တော့သည်။

မက္ကင်ဇီ၏စစ်သည်ရဲမက်တို့သည် လေကြောင်းမှရိက္ခာကိုလည်း လွယ်လွယ်နှင့် မရနိုင်သောကြောင့် အခက်တွေ့လာရသည်။ ဘီရှန်ပူ-ဆီချာလမ်းသည် (၅)ရက်တိတိ ပိတ်ဆို့ထားခြင်းကို ခံရတော့၏။

ဤအချိန်အတွင်း ဘုရင့်လေတပ်မတော်မှ လေယာဉ်များသည် ရာသီဥတုများစွာ ဆိုးရွားနေစေကာမူ စွန့်စွန့်စားစားလာရောက်၍ ရိက္ခာချပေးသဖြင့် မက္ကင်ဇီအဖွဲ့ အသက်ရှူချောင်သွားရ၏။ မကြာမီပင် ဂျွန်၏ အမှတ်(၄၈)တပ်မဟာမှ တပ်အချို့က မက္ကင်ဇီအား စစ်ကူပေးရန် ရောက်ရှိလာသည်။ ဇွန်လ (၂၅)ရက်နေ့တည်း။

ရန်သူ့လက်သို့ရောက်နေသော စမ်းရေပေါက်စခန်းကို ပြန်လည်သိမ်းပိုက်လိုက်သူများမှာလည်း ဂျွန်၏ စစ်သည်တော်များပင်ဖြစ်၏။ ဇွန်လ(၂၅)ရက်နေ့ နံနက် (၆)နာရီခွဲအချိန် တွင် ဆူဗေဒါနီတရာ ဗဟာဒူးခေါင်းဆောင်သော ဂေါ်ရခါးစစ်သား (၄၁)ယောက်သည် အချက်ပြဆက်သွယ်ရေးသမားများ၊ ရိက္ခာတင်လားများဖြင့် မတ်စောက်သော မော်တာ တောင်ကုန်းထိပ်သို့ ချီတက်လာကြသည်။ ထိုတောင်ကုန်းမှာ မြက်ခင်းပြင်ကြီးထဲတွင် ထီးတည်းချည်းထိုးထွက်နေသော တောင်ကုန်းဖြစ်ပြီး တောင်ထိပ်မှာ တပ်စုတစ်စုစခန်းချနိုင်ရုံလောက်သာ ကျယ်သည်။





နီတရာဗဟာဒူးတို့တပ်ဖွဲ့သည် ရန်သူ့လက်ဖြောင့်တပ်သားတစ်ယောက်၏ တစ်ချက်နှစ်ချက်ပစ်ခတ်ခြင်းကိုသာ ခံရပြီးနောက် တောင်ထိပ်တွင် တပ်စွဲနိုင်ကြ၏။

ညဦးပိုင်းတွင် လ,ကသာနေသည်။ တောင်ထိပ်ပေါ်မှနေ၍ ကြည့်လိုက်လျှင် လွမ်းစရာပင်ကောင်းနေလေသည်။ ပို၍ညဥ့်နက်လာ သည်နှင့် တစ်ပြိုင်နက် မိုးသားတိမ်တိုက်ကြီးက ဖိုးလမင်းကို ဖုံးအုပ်လိုက်သည်။

ထို့နောက် ရေကျည်တောက်ကို သွန်ချလိုက်သလို ပြင်းထန်သော မိုးသီးမိုးပေါက်များကျလာသည်။

ဤအချိန်တွင် နီတရာ ဗဟာဒူးတို့အဖွဲ့တပ်စွဲထားသောနေရာနှင့် ကိုက် (၅၀)ခန့်သာကွာသော တောင်ထိပ်စွန်းရှိ တောအုပ်တစ်ခုမှနေ၍ မော်တာဗုံးများ၊ လက်ပစ်ဗုံးများဖြင့် ပစ်ခတ်ခြင်းကို ခံရတော့သည်။

ရန်သူ့ဘက်မှ ယမ်းအားသုံးပုံကိုထောက်၍ တောအုပ်ထဲတွင် တပ်ခွဲတစ်ခွဲခန့် ရှိလိမ့်မည်ဟု ခန့်မှန်းရသည်။

ရန်သူသည် တိုက်ခိုက်ရေးတပ်သား (၄၁)ယောက်သာရှိသော နီတရာဗဟာဒူးတို့တပ်ဖွဲ့ကို လှိုင်းလုံးကြီးများဆင့်၍ဆင့်၍တက်လာသလို လာရောက်တိုက်ခိုက်တော့သည်။

ဗိုလ်မှူးကြီးဂျွန်သည် တောင်ခြေနှင့်ခပ်လှမ်းလှမ်းတွင်ရှိသော တပ်မဟာဌာနချုပ်စခန်းမှနေ၍ နီတရာဗဟာဒူးနှင့် တယ်လီဖုန်းဖြင့် အဆက်အသွယ်လုပ်နေသည်။

မော်တာတောင်ကုန်းတိုက်ပွဲနှင့်ပတ်သက်၍ ဖောက်သည်ချရမည်ဆိုလျှင် ကျုပ်ဆီကိုလှမ်းလှမ်းပြီးသတင်းပို့နေတဲ့ ဆူဗေဒါ နီတရာဗဟာဒူးရဲ့အသံဟာ တည်ငြိမ်သလောက် ပြတ်သားတယ်၊ ဖြစ်ပေါ်လာတဲ့အခြေအနေကို ဒိုးခနဲ ဒေါက်ခနဲ သတင်းပို့နေတယ်။ ကျုပ်ဟာ စောစောက စီစဉ်ထားတဲ့အတိုင်း အမြောက်နဲ့ကူပြီး ပစ်ပေးတယ်။ ဒါပေမယ့် ရန်သူက တစ်ချီပြီးတစ်ချီ လောလောပြီး ဝင်တိုက်နေတယ်။

၉



www.burmeseclassic.com

www.burmeseclassic.com



မကြာခင်မှာပဲ နီတရာ ဗဟာဒူးက ရန်သူဟာ ဖိတိုက်နေပြီလို့ သတင်းပို့တယ်။ သူ့ဘက်က ကျဆုံးထိခိုက်တဲ့ လူတွေလဲအတော်များနေပြီလို့ သိရတယ်။ ရန်သူတွေဟာ သူရဲ့အကာအကွယ်အတားအဆီးကြိုးနားမှာ စုပြုံနေတယ်။ ချက်ချင်းပဲ လူစုခွဲပြီး သူ့တပ်ကိုဝိုင်းထားလိုက်တယ်။

အမှန်ဆိုရင်တော့ ရန်သူအချို့ ကျွန်တော့်စည်းဝိုင်းထဲကိုရောက်နေပြီ။ သူတို့ကို ပြန်ပြီးမောင်းထုတ်ဖို့ကြိုးစားနေတယ်။ကျွန်တော်တို့မှာရှိတဲ့ လက်ပစ်ဗုံးတွေလည်း တဖြည်းဖြည်းနည်းလာပြီ။ အခြေအနေကလည်း ဆိုးလာပြီ။ သူ့ဆီက ဒီလိုသတင်းတွေရပေမယ့် တောင်အောက်မှာ ရောက်နေတဲ့ ကျုပ်တို့က ဘာမှမလုပ်နိုင်ဘူး။ စစ်ကူတပ်ဖွဲ့တစ်ဖွဲ့နဲ့ လက်ပစ်ဗုံးကမ်းတဲ့ လူတွေကိုလွှတ်လိုက်ပေမယ့် ဒီလူတွေတောင်ပေါ်ရောက်ဖို့က အချိန်အတော်ကြာဦးမယ်။

မိုးတွေကလည်း တဖြုန်းဖြုန်းရွာ၊ မှောင်လိုက်တာကလည်း မည်းလို့၊ တောင်ထိပ်တစ်ခုလုံးကိုလည်း ရန်သူတွေက ဝိုင်းထားပြီဆိုတော့ ကျုပ်တို့လူတွေ ဗဟာဒူးဆီရောက်ဖို့ မလွယ်လှဘူး။ ရောက်တယ်ထားဦး။ ရန်သူမှတ်ပြီး ကိုယ့်လူအချင်းချင်း ပြန်ဆော်နေမှာကိုလည်း စိုးရိမ်ရသေးတယ်။ တောင်ပေါ်က မော်တာထုသံ၊ လက်ပစ်ဗုံးထုသံတွေကို မိုးတွေလေတွေ ရွာနေတဲ့ကြားက တစ်ချက်တစ်ချက် ကြားနေရတယ်၊ တိုက်ပွဲဘယ်လောက်ပြင်းထန်နေတယ်ဆိုတာ သက်သေထူလိုက်တဲ့ အသံပဲ။

ကျုပ်ဟာ နီတရာ ဗဟာဒူးနဲ့ တစ်ညလုံးလိုလိုပဲ တယ်လီဖုန်းနဲ့ အဆက်အသွယ်ရနေခဲ့တယ်။ နောက်နေ့မနက် (၃)နာရီခွဲလောက်ကျတော့ အဆက်အသွယ် ပြတ်သွားတော့တယ်။

ရန်သူသည် ပိုင်လှပြီဟု ယူဆကာ မော်တာတောင်ကုန်းထိပ်ကို သိမ်းပိုက်ရန် သရဲမရဲစီးနေသလိုတိုက်ခိုက်နေသည်။ သို့သော် ဂေါ်ရခါးစစ်သားများက တစ်လက်မမျှ နောက်ဆုတ်မပေးဘဲ ပြင်းပြင်းထန်ထန် ပြန်၍ခုခံနေသောအခါ ရန်သူ့အဖို့ ပေါက်ရိုးကြီးဖြစ်နေတော့၏။





နံနက် (၄)နာရီတွင် စစ်ကူတပ်ဖွဲ့နှင့် လက်ပစ်ဗုံးထမ်းသူများ ဘောင်ထိပ်နားသို့ ချဉ်းကပ်လာနိုင်ကြ၏။ သို့သော် ချက်ချင်းပင် ရန်သူ၏ ဝိုင်းဝန်းတိုက်ခိုက်ခြင်းကိုခံရကာ ထိခိုက်ဒဏ်ရာရကုန်ကြတော့သည်။

ဆူဗေဒါ နီတရာ ဗဟာဒူးသည် စစ်ကူလာသူများနှင့် လက်ပစ်ဗုံးထမ်းသူများ သူ့ဆီသို့ရောက်မလာနိုင်ဘဲ အလူးအလဲ ခံနေရကြောင်း သိလျှင်သိချင်း စစ်ကူတပ်ရှိရာသို့ဆင်းလာပြီး လက်ပစ်ဗုံးများကို သူကိုယ်တိုင်ရှာဖွေ၍ တောင်ပေါ်သို့တင်ယူသည်။

ထို့နောက် တပ်စုဌာနချုပ်မှ ရဲဘော်များကိုခေါ်ကာ ရှာဖွေတွေ့ရှိသမျှသော ခဲယမ်းများ၊ ဓားကောက်များဖြင့် ရန်သူကို ဝင်ရောက်တိုက်ခိုက်လေသည်။

ရန်သူဘက်မှပစ်လိုက်သော ကျည်ဆန်ထိပ်ဖူးတစ်ခုက နီတရာ ဗဟာဒူး၏ပါးစပ်ကို လာ၍ထိသည်။ မကြာမီပင် လက်ပစ်ဗုံးတစ်လုံးက သူ့ကို တိုက်ရိုက်ပေါက်ကွဲထိမှန်ကာ ဇီဝိန်ချွေလိုက်သ ည်။

နောက်တစ်နေ့ သူ့အလောင်းကို ရှာဖွေတွေ့ရှိသောအခါ သူ့လက်ထဲတွင် ဓားကောက်တစ်ချောင်းကို တင်းတင်းပါအောင် ဆုပ်ကိုင်လျက်ရှိသည်ကို တွေ့ရ၏။ သူ့ဘေးတွင်မူ ဦးနှောက်ထွက်၍သေဆုံးနေသော ဂျပန်အလောင်း တစ်လောင်း။ မော်တာတောင်ကုန်းထိပ်တွင် ခြေချစရာမရှိလောက်အောင်ပင် အလောင်းများပုံနေလေသည်။

ဤသို့လျှင် တပ်ရင်းတွင် သတ္တိကောင်း၊ ဗျတ္တိကောင်းဖြစ်ရုံမက ဉာဏ်လည်းကောင်း၊ အကလည်းကောင်းသော နီတရာဗဟာဒူးသည် မိမိတပ်ဖွဲ့ထက် အင်အားများစွာသာသော ရန်သူများအား မိမိ၏တပ်သားကလေးများကို ခေါင်းဆောင်ကာ (၈)နာရီလုံးလုံး အရှုံးမပေးဘဲ တိုက်ခိုက်ရင်းကျဆုံးသွားခဲ့ရလေသည်။

အရှုံးမပေးသော ခေါင်းဆောင်သော ဦးဆောင်မှုကို ချီးကျူးသော အားဖြင့် သူ့အား ဗစ်တိုးရီးယားကရော့စ်ကို ချီးမြှင့်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒွန်လ (၂၆)ရက်နေ့တွင် မော်တာတောင်ကုန်းအား အလုံးအရင်းဖြင့် တက်၍သိမ်းရန် ဂွန်ကိုယ်တိုင် ခေါင်းဆောင်၍ချီတက်လာခဲ့သည်။ တောင်နှင့်မလှမ်းမကမ်းတွင် အကာအကွယ်ကောင်းသည်ဟု ယူဆကာ ဂွန်၏ဌာနချုပ်က ခေတ္တရပ်နားလိုက်သည်။

မကြာမီ ရန်သူ့ဘက်မှပစ်ခတ်လိုက်သော အမြောက်ကျည်ဆန်နှစ်လုံးက ဌာနချုပ် အလယ်ကောင်တွင် ကျရောက်ပေါက်ကွဲလာတော့သည်။ ယခုမှ ဂွန်လက်အောက်တွင် လက်ထောက်အရာရှိအဖြစ် အမှုထမ်းရန် ရောက်ရှိလာသော ဗိုလ်မှူးမက်ဂီးလ်မှာ ဂွန်ပေးသော ဘီစကွတ်မုန့်တစ်ချပ်ကို လှမ်းယူနေခိုက် ခေါင်းကို အမြောက်ဆန်လာရောက်ထိမှန်ကာ သေလောက်သော ဒဏ်ရာရရှိခဲ့လေသည်။ ဌာနချုပ်မှ ဟာဗေဒါ အဆင့်ရှိသူ (၃)ယောက်သေဆုံးကာ ရဲဘော်အချို့ ဒဏ်ရာရကြသည်။

ဂွန်သည် မော်တာတောင်ကုန်းကို အမြောက် ဖြင့်နာနာထုစေပြီးနောက် ဂေါ်ရခါးတပ်သားများအား တောင်ကုန်းထိပ်ကိုသိမ်းယူရန် အမိန့်ပေးလိုက်၏။

ရှေ့ပြေးချီ ဂေါ်ရခါးတပ်ခွဲသည် သစ်ပင်ချုံပုတ်ကလေးများပေါက်နေသော တောင်ခါးပန်းသို့ရောက်သွားပြီးနောက် ဒယ်အိုးပိုင်းလိုချိုင့်ဝင်နေသော တောင်နှာမောင်းထဲသို့ ဆင်းရပြန်သည်။ ထို့နောက်မှ တောင်ထိပ်သို့ဆက်၍ တက်ကြရ၏။

တောင်ထိပ်သို့ရောက်ခါနီးတွင် တပ်ခွဲသည် မိမိ၏တပ်စိတ်များကို လှိုင်းလုံးပမာ ဖြန့်၍နေရာယူစေပြီး ဘရင်းနှင့် တော်မီသေနတ်များကို အသင့်ကိုင်လျက် တဖြည်းဖြည်းချဉ်းကပ်လာသည်။

အခြားတောင်ထိပ်တစ်ခုမှ မော်တာတောင်ကုန်းဆီသို့ကြည့်နေသော ဂွန်မှာ စစ်ကားတစ်ကားကို ရုပ်ရှင်ရုံအပေါ် ထပ်မှနေ၍ ကြည့်နေရသလိုဖြစ်နေလေသည်။ ရန်သူသည် တရွေ့ရွေ့လှုပ်ရှားနေသော ပစ်မှတ်များကို တည့်တည့်ကြီးမှန်အောင် ပစ်နိုင်သည့်အစွမ်းရှိနေသည်။





ထို့ကြောင့် တောင်ထိပ်သို့ တက်ရောက်တိုက်ခိုက်သူများဘက်မှ ထွေးခနဲ ထွေးခနဲ ကျသွားသည်ကို မြင်နေရ၏။ ဂေါ်ရခါးတပ်သားများသည် ချီတက်နေရာမှ တုံ့ခနဲရပ်သွားလေတော့သည်။

"ပြေးတက် . . ."

တပ်ခွဲမှူး၏အမိန့်ကြောင့် ဂေါ်ရခါးတပ်သားများသည် "အရိုးဂေါ်ရခါလီ" . . ဟူသော ညာသံကိုပေး၍ မိုးသီးမိုးပေါက်လို ကျရောက်နေသောကျည်ဆန်များအကြားမှ တောင်ထိပ်ဆီသို့ တစ်ဟုန်ထိုးပြေး၍ တက်ရောက်တိုက်ခိုက်သည်။

*မကြာမီပင် တပ်ခွဲသည် တောင်ထိပ်ကို သိမ်းမိပေပြီ။*

ဤမော်တာတောင်ကုန်းတိုက်ပွဲတွင် ငရဲသားကပင် ကြောက်ရွံ့လောက်သော၊ နည်းနည်းကလေးမျှ စိတ်ကူးမယဉ်တတ်သော၊ သတ္တိအရာတွင် သူမတူအောင် ရဲရင့်သော *တပ်ကြပ်အဂန်းဆင်ရှိုင်*သည် ဗစ်တိုးရီးယားကရော့စ်နှင့် ထိုက်တန်သောခေါင်းဆောင်မှုကို ဝံ့ဝံ့စားစားပြသခဲ့လေသည်။

*အဂန်းဆင်ရှိုင်* ခေါင်းဆောင်သော တပ်စိတ်သည် တောင်ထိပ်သို့ရောက်ရန် ကိုက် (၈၀)ခန့်အလိုတွင် ရန်သူက တောင်တက်လမ်းအတိုင်းအားသွန်၍ပစ်ခတ်နေသောကြောင့် ဘေးသို့ဖယ်၍ ခဏမျှတိမ်းရှောင်လိုက်ပြီး ရန်သူ့ဘန်ကာတစ်ခုရှိရာသို့ အကာအကွယ်မရှိသော နေရာမှ ဖြတ်၍ ရုတ်တရက်ဝင်စီးလိုက်သည်။

သူ့တပ်စိတ်မှ ဘရင်းသမားက ရန်သူ့စက်သေနတ်သမားတစ်စုကို သုတ်သင်နေစဉ် အဂန်းဆင်ရှိုင်က အခြားစက်သေနတ်သမား (၃)စုကို ချေမှုန်းလိုက်နိုင်သည်။

ထို့နောက် တပ်စိတ်သည် ဆက်၍ချီတက်လာခဲ့၏။

ရန်သူ့ဘက်မှပစ်ခတ်နေသော ကျည်ဆန်ထိပ်ဖူးများမှာ တဒိင်ဒိင်မြည်ရင်း တပ်စိတ်ခေါင်းပေါ်မှ ပျံဝဲပြေးလွှားနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



တောင်ထိပ်ပေါ်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် အဂန်းဆင်ရှိုင် ခေါင်းဆောင်သော တပ်စိတ်သည် ရန်သူအားလုံးကို ချေမှုန်းသုတ်သင်ပစ်လိုက်နိုင်သည်။ သို့သော် (၃၇)မီလီမီတာ စိန်ပြောင်းတစ်လက်က အနီးမှ ကပ်၍ ဒုက္ခပေးနေပြန်သည်။

အဂန်းဆင်ရှိုင်သည် သူ့တပ်စိတ်ကို စိန်ပြောင်းရှိရာသို့ ခေါင်းဆောင်၍ တက်သွားသည်။ လမ်းတစ်ဝက်သို့အရောက်တွင် သူ့နောက်၌ လူ (၃)ယောက်သာပါတော့၏။

ရန်သူ့ဘက်မှ ပစ်အားက တောင်းရှေ့ချေသည်။

အဂန်းဆင်ရှိုင်သည် နောက်ပါ လူ (၃)ယောက်ဖြင့်ပင် ရှေ့သို့ ဇွတ်တိုး၍တက်သည်။ သူ့လက်ထဲမှ တော်မီဂန်းက ပစ်၍မရသောအခါ ရဲဘော်တစ်ယောက်ဆီမှ ဘရင်းတစ်လက်ကို ဆွဲယူပြီး ရန်သူ(၃)ယောက်ကို ထပ်၍သုတ်သင်လိုက်သည်။

ဤသို့ဖြင့် စိန်ပြောင်းသံမှာ ရပ်သွားခဲ့ရတော့သည်။

အဂန်းဆင်ရှိုင်နှင့်သူ့ရဲဘော်(၃)ယောက် လိပ်ခုံးတောင်ထိပ်ပေါ်သို့ပြန်၍ ရောက်လာကြသောအခါ စမ်းရေပေါက်စခန်းကို သွားရောက်တိုက်ခိုက်ရန် လူစုနေသော အခြားတပ်စိတ်များကို တွေ့ရ၏။

သူသည် တော်မီကိုတစ်ဖက်၊ လက်ပစ်ဗုံးကို တစ်ဖက်ကိုင်ပြီး စမ်းရေပေါက်သို့ ဆင်းလာခဲ့၏။

ရန်သူသည် တစ်ခုတည်းသာရှိနေသော ဘန်ကာအတွင်းမှနေ၍ ကျည်ပစ်အားကို လှိုင်လှိုင်ကြီးသုံးကာ ဂေါ်ရခါးတပ်သားများကို ဖိစိန်ခွေနေလေသည်။

အဂန်းဆင်ရှိုင်သည် ဘန်ကာထဲမှ ဒုက္ခပေးနေသော ရန်သူ(၄)ယောက်ကို တစ်ကြိမ်တည်းဖြင့် အပြုတ်ရှင်းနိုင်ခဲ့သည်။

သူ့လိုပင် မော်တာတောင်ကုန်းတိုက်ပွဲ၌ သတ္တိပြနိုင်သူမှာ ဂေါ်ရခါး အမျိုးသားအရာရှိ ဗိုင်းဗဟာဒူးပင်ဖြစ်သည်။





ဗိုင်းသည် (၁၉၄၂)ခု ဆုတ်ခွာရစဉ်က စစ်တောင်းတံတားတိုက်ပွဲတွင် ထူးချွန်သူဆုကို ရထားခဲ့သူဖြစ်သည်။ သူသည် ခြေထောက်တွင် ဒဏ်ရာရနေစေကာမူ သူ့ရဲဘော်များကို သဲသဲမဲမဲတိုက်ခိုက်ရန် ရှေ့ဆောင်မှုပေးနိုင်ခဲ့လေသည်။

ဇွန်လ (၂၆)ရက်နေ့ ညနေသို့ရောက်လာသောအခါ မော်တာတောင်ကုန်းနှင့် စမ်းရေပေါက်စခန်းနှစ်ခုလုံးတွင် ဂျွန်၏တပ်များက နိုင်လုံစွာ နေရာယူထားနိုင်ခဲ့ကြပေပြီ။

ရန်သူသည် ဤစခန်းနှစ်ခုကို တပ်ခွဲတစ်ခွဲဖြင့် နောက်ဆုံးအကြိမ်လာရောက်တိုက်ခိုက်သေးသည်၊ သို့သော် သူတို့သည် သူတို့ဘက်မှထိခိုက်ဒဏ်ရာရသူများကို ပခုံးတွင်ထမ်း၍ တပ်ဆုတ်ပြေးခဲ့ရသည်။

ဂေါ်ရခါးတပ်သားများအတွက် လက်တည့်စမ်း၍ကောင်းအောင် လုပ်ပေးနေသလို ဖြစ်နေလေသည်။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

## (၂၈)

မော်တာတောင်ကုန်းတိုက်ပွဲပြီး၍ နောက်တစ်ပတ်လောက်ကြာသည့် ဇူလိုင်လဆန်းတွင် အမှတ် (၂၁၄)တပ်ဖွဲ့မှ ဂျပန်ဗိုလ်မှူးကြီးဆက္ကူသည် အမှတ် (၃၃)တပ်မမှ ဗိုလ်ချုပ်သစ် တနခါးထံမှ တော့ပ်ကကားလ်ဆိုသော အရပ်သို့ ဆုတ်စေဟူသောအမိန့်ကို ရရှိလာတော့၏။

ဂျပန်ဧကရာဇ်မင်းမြတ်၏ ကံကြမ္မာသည် အင်ဖာတိုက်ပွဲကြီးအပေါ်၌သာလျှင် တည်နေတော့သဖြင့် အင်ဖာကိုဖြစ်သည့်နည်းဖြင့် သိမ်းယူကြလော့ဟု တိုက်တွန်းကြေညာခဲ့သော တနခါးသည် ဆုတ်မိန့်ကိုပေးနေရပေပြီ။ ဂျပန်စစ်သည်ရဲမက်တို့၏ အခြေအနေမှာလည်း တကယ်ပင်ဆိုးဝါးနေလေပြီ။

သာဓကတစ်ခုအဖြစ်ပြရလျှင် ဇူလိုင်လ (၂)ရက်နေ့က ဂျပန်တပ်များတပ်စွဲထားသော တောင်ကုန်းတစ်ခုကို တက်ရောက်သိမ်းပိုက်ခဲ့သော အမှတ် (၅)ဂေါ်ရခါးတပ်ရင်းမှ တပ်ခွဲတစ်ခွဲသည် တောင်ကုန်းပေါ်၌ ရန်သူတစ်ဦးတစ်ယောက်မျှမတွေ့ရတော့သော်လည်း ချက်ပြီးခါစ ထမင်းနှင့်ဟင်းများကို ဂျပန်စစ်သားများ အသုံးပြုလေ့ရှိသည့် ဟန်းကောများတွင် အသင့်ထည့်လျက်တွေ့ရသည်။ တပ်ခွဲမှူးက ဟန်းကောတစ်ခုကို ဖွင့်၍ကြည့်လိုက်သောအခါ အလွန်ထူးဆန်းသော ဟင်းတစ်မျိုးကို အံ့ဩစွာတွေ့လိုက်ရ၏။ နေ့စဉ် မြင်နေကျ တွေ့နေကျ မြက်ကို ရေလုံပြုတ်၍ချက်ထားသော ဟင်းပါတကား။





ဗိုလ်မှူးကြီးဆက္ကူသည် ဗိုလ်နဂအား တော့ပ်ကကားလ်သို့ မိမိတပ်ဖွဲ့ မဆုတ်ခွာမီ တပ်ဖွဲ့ဌာနချုပ်အတွက် နေရာထိုင်ခင်းများ စီစဉ်ထားရန် ကြို၍စေလွှတ်လိုက်၏။ ဤတွင် စစ်မြေပြင် သူနာပြုဆေးရုံတွင်ရှိနေသောလမ်းလျှောက်နိုင်သည့် လူနာ (၅၀)ခန့်က တပ်ဖွဲ့ဆုတ်ခွာသွားမည့် တော့ပ်ကကားလ်သို့ ဗိုလ်နဂနှင့်အတူ လိုက်ပါရစေဟု ခွင့်ပန်သည်။

လမ်းလျှောက်နိုင်သည့် လူနာဟုသာဆိုနေရသော်လည်း လူနာရာခိုင်နှုန်းအတော်များများမှာ လက်ပြတ်နေသူ၊ ခြေထောက်ပြတ်နေသူ၊ ကိုယ်ကို တရွတ်တိုက်၍ဆွဲနေရသူ၊ ထမ်းစင်ပေါ်တွင်ပင် တညည်းညည်းတညူညူ ဖြစ်နေသူများသာဖြစ်သည်။

ထမ်းစင်တစ်ခုပေါ်တွင် ခြေတစ်ဖက်ပြတ်နေသော ဂျပန်စစ်ဗိုလ်တစ်ဦး၏ဒဏ်ရာကို ပြောင်းဖူးဖက်များ၊ ငှက်ပျောဖက်များဖြင့် ပတ်တီးစည်းထားသည်ကို ဗိုလ်နဂ တွေ့ရသည်။

လမ်းတွင် လူနာ (၅၀)ကို စောင့်ရှောက်ပြုစုရန်အတွက် ဆေးတပ်သားနှစ်ယောက်သာ လိုက်ပါလာနိုင်သည်။ ထို့ကြောင့် ဗိုလ်နဂသည် ယုံကြည်စိတ်ချရသော တပ်ကြပ်ကြီးတစ်ဦးကို အဖော်ခေါ်လာခဲ့ပြီး သူ့ခါးကြားတွင် လက်ပစ်ဗုံးနှစ်လုံးကို ချိတ်၍ယူလာခဲ့၏။

လမ်းတစ်လျှောက်လုံးတွင် လမ်းလျှောက်နိုင်သောလူနာများ၏ ချီတက်မှုမှာ နှေးကွေးလှသည်နှင့်အမျှ ရင်နာစရာလည်းကောင်းနေတော့လေသည်။ ရှေ့သို့ ကိုက် (၁၀၀)ခန့်ချီတက်ပြီးတိုင်း ပင့်သက်ပင်မရှူနိုင်အောင်ဖြစ်နေသော လူနာများအတွက် အမောပြေအောင် အချိန်အကြာကြီးနားနေရသည်။

သို့တိုင်အောင် အချို့သောလူနာများမှာ မြေပေါ်တွင် ပြန်၍ရပ်မရသည့် ဝေဒနာကိုခံနေရပြန်သည်။ လမ်းတစ်လျှောက်လုံးတွင် တုံးလုံးပက်လက်ဖြစ်နေသော ဂျပန်စစ်သားများကို ဟိုနေရာတွင်တစ်စု၊ သည်နေရာတွင်တစ်စု တွေ့နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ ရိုက္ခာပြတ်၍လည်းကောင်း၊ ဒဏ်ရာပြင်းထန်သောကြောင့်လည်းကောင်း လမ်းဘေးတွင် ဆန့်ငင်ဆန့်ငင်ဖြစ်နေသော လူစုထဲမှ လူတစ်ယောက် မထနိုင်ထနိုင်နှင့် ထလာကာ. . .

"ကျွန်တော့်ကို ဗိုလ်ကလေးတို့နဲ့အတူ ခေါ်ရင်လဲခေါ်သွားပါ၊ မခေါ်နိုင်ရင်လဲ ဒီဝေဒနာကလွတ်မြောက်အောင် လုပ်ပေးပါ" ဟု အသံသဲ့သဲ့ကလေးဖြင့် သနားစဖွယ်တောင်းပန်သည့်အဖြစ်မျိုးနှင့် ကြုံနေရသည်။

လူနာစစ်ကြောင်းကို ခေါင်းဆောင်၍ ချီတက်ရသော ဗိုလ်နဂအဖို့ အင်္ဂလိပ်တပ်များ တပ်စွဲထားသည့် အမှတ် (၅၈၄၆) တောင်ကုန်းအောက်မှ ဖြတ်၍ ချီတက်ရသောခရီးမှာ အကြမ်းတမ်းဆုံးအဆိုးဝါးဆုံး ကန္တာရဖြစ်နေတော့၏။

ရန်သူနယ်မြေသို့ ရောက်လာသည့်အချိန်တွင် မိုးကလည်း ရေကျည်တောက်ကို သွန်မှောက်လိုက်သလို အငြိုးကြီးနှင့်ရွာလာသည်။ တုန်ယင်ချည့်နဲ့နေသော တပ်သားလူနာများသည် စောစောကထက်ပင် ပို၍ပင်ပန်းလာကာ မကြာခဏ နားကြသည်။ နားပြန်တော့လည်း တော်တော်နှင့်ပြန်ထပါဟု တိုက်တွန်း၍မရ။

သည်အထဲတွင် လူနာစစ်ကြောင်းမှာ ရန်သူ့စက်သေနတ်ဒဏ်ကို ခံနေရပြန်သည်။ ရေကျည်တောက်ကို သွန်မှောက်လိုက်သလို ရွာနေသော မိုးသည် တိုးတက်ပြင်းထန်လာကာ မှန်တိုင်းပင် ဆင်လာပြန်၏။ စစ်သည်ရဲမက်တို့သည် အရှင်လတ်လတ် ငရဲသို့ ရောက်နေသလိုဖြစ်နေကြရလေသည်။ ချမ်းလိုက်အေးလိုက်သည်မှာလည်း တစ်ယောက်နှင့်တစ်ယောက် ကျောချင်းကပ် ရင်ချင်းအပ်ထား၍ပင် ပူနွေးသော ရင်ခုန်သံကို မတွေ့မထိမိအောင် ဖြစ်နေသည်။ ဒဏ်ရာရကာ အလူးအလဲဖြစ်နေသော ဗိုလ်ကလေးတစ်ယောက်သည် ဗိုလ်နဂထံမှ လက်ပစ်ဗုံးတစ်လုံးပေးပါရန် မေတ္တာရပ်ခံသည်။





သေသည်ထက် ပို၍ဆိုးနေသောအဖြစ်ကို မြင်နေရသည့် ဗိုလ်နဂက သူ့ခါးတွင် ချိတ်ထားသော လက်ပစ်ဗုံးတစ်လုံးကို ဖြည်းလေးစွာ ထုတ်ပေးလိုက်၏။ ဒဏ်ရာရနေသော လူနာဗိုလ်ကလေးသည် ခံစားနေရသောဝေဒနာကို လက်ပစ်ဗုံးဖြင့် ဝုန်းခနဲမြည်သွားအောင် ကုစားလိုက်ရ၏။ တစ်တောလုံးသည် သုသာန်တစပြင်လို တိတ်ဆိတ်မြဲတိတ်ဆိတ်သွားပြန်လေသည်။

လူနာစစ်ကြောင်းသည် နာရီပေါင်းများစွာ ကြာညောင်းအောင် ချီတက်ခဲ့ပြီးနောက် *အင်ဂိုရက်စခန်း*သို့ ရောက်လာကြ၏။ လမ်းဘေးတွင် အစုလိုက်အပြုံလိုက် တုံးလုံးပက်လက်အိပ်နေကြသော မိမိတို့၏တိုင်းရင်းသားဂျပန်စစ်သားများက မလှုပ်မယှက်သော အမင်္ဂလာကို ကြိုဆိုခြင်းဖြင့် လူနာစစ်ကြောင်းကို မရဏအောင်မောင်းတီး၍ ကြိုဆိုနေကြသည်။

ကြည့်လေရာအရပ်တိုင်း၌ အပျက်သည်သာ မင်းမူနေလေသည်တကား။ ပုပ်ပွရောင်ရမ်းနေသော အလောင်းကောင်များမှ အနံ့အသက်များကလည်း လူနာစစ်ကြောင်းကို ပို၍စိတ်မကောင်းအောင် ဖန်တီးနေကြ၏။

တော့ပ်ကကားလ်ရွာသို့ ရောက်သည့်အချိန်တွင်ကား ဗိုလ်နဂနှင့်အတူ လိုက်ပါလာသူ လူနာတပ်သား (၅၀)အနက် (၈)ဦးသာ သူနှင့်အတူ ရှိနေတော့၏။ အချို့သော လူနာများမှာ သူ့နောက်သို့ ကြိုးစားပမ်းစားလိုက်လာခဲ့သော်လည်း လမ်းဘေးတွင် ဘယ်နှယောက်သေကာ ဘယ်နှယောက် နောက်ကျကျန်ရစ်သည်ကို ဗိုလ်နဂလည်း မသိရှိတော့။

အမှတ် (၁၂၄) တပ်ဖွဲ့သည် တော့ပ်ကကားလ်ရွာသို့ ဆုတ်ခွာရောက်ရှိလာပြီးနောက် ဗိုလ်မှူးကြီးဆကူသည် ဤရွာတွင်ပင် ဌာနချုပ်ဖွင့်ထားသော အမှတ် (၃၃)တပ်မမှ ဗိုလ်ချုပ်သစ် တနခါးနှင့် သွားရောက်တွေ့ဆုံကာ၊ အင်ဖာတိုက်ပွဲနှင့်ပတ်သက်၍ သူ့ထင်မြင်ချက်ကို ပွင့်ပွင့်လင်းလင်း အစီရင်ခံသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြောက်စရာကောင်းသော မျက်နှာအသွင်အပြင်၊ သိန်းစွန်ကဲ့သို့ စူးရှသော မျက်စိ၊ ရှေ့သို့ကော့ထွက်နေသော မုတ်ဆိတ်မွေးတို့ဖြင့် တပ်မတစ်ခု၏ အုပ်ချုပ်မှုကိုကိုင်ထားသော တနခါးသည် သူ၏အရာရှိ အရာခံ အကြပ်တပ်သားများအား အင်္ဂလိပ်ဆိုသည်မှာ တကယ်တိုက်ရဲသော သတ္တဝါမဟုတ်ဟူသော အမိပ္ပာယ်ကို ပြလိုသောသဘောဖြင့် သူ့ ဌာနချုပ်ကို အင်္ဂလိပ်တို့ တပ်စွဲထားသော ရှေ့တန်းစခန်းနှင့် ကိုက် (၁၀၀) ကျော်ကျော်မျှသာ ကွာသောနေရာတွင် ဖွင့်လှစ်ထားသည်။

ဗိုလ်မှူးကြီးဆကူက မိမိတို့၏ အင်ဖာတိုးစစ်မှာ အရှုံးနှင့်ရင်ဆိုင်နေရပြီဖြစ်ကြောင်း၊ မိမိတို့သည် ဘီရှန်ပူတစ်ဝိုက်တွင် အခြေစိုက်ထားသောရန်သူ့အင်အားကို အထင်သေးခဲ့သဖြင့် ယခုကဲ့သို့ အထိနာရကြောင်း၊ ထို့ပြင် အမှတ် (၅၈၄၆)တောင်ကုန်းတိုက်ပွဲတွင်လည်း ဤနည်းနှင်နှင်ပင် အကျနာခဲ့ရကြောင်း၊ *ထိုးစစ်တစ်ခု မစတင်မီ လုံလောက်သော စုံစမ်းထောက်လှမ်းရေးများ* မပြုလုပ်ခဲ့သဖြင့် ဤသို့သော ဒုက္ခမျိုးနှင့် ရင်ဆိုင်နေရကြောင်း၊ သူ၏တပ်ဖွဲ့သည် လူအင်အား (၄၀၀၀)ကျော်ဖြင့် အင်ဖာသို့ ချီတက်လာခဲ့သော်လည်း ယခုအချိန်တွင် (၄၆၀)ခန့်သာ ကျန်တော့ကြောင်း၊ ထို (၄၆၀)အနက် ထက်ဝက်လောက်သာ ဆက်လက်တိုက်ခိုက်နိုင်သည့် အခြေအနေရှိတော့ကြောင်းဖြင့် ရင်ထဲတွင် ခံစားနေရသမျှကို ဖွင့်အံ၍ အစီရင်ခံသည်။

ဗိုလ်ချုပ်တနခါးသည် သွင်ပြင်လက္ခဏာအားဖြင့် ကြောက်စရာ ဥပမိရုပ်ကိုဆောင်သူ ဝက်ဝံကြီးတစ်ကောင်လို ဗလအားကိုး၍ မိုက်ရူးပေါ်သူဖြစ်သော်လည်း စစ်ပွဲတစ်ခုတွင် အခြေအနေကို ကြည့်၍ ထိုးတန်ထိုး၊ ဆုတ်တန်ဆုတ်ပြုလုပ်ရမည်ကို နားလည်သော ဝါရင့်စစ်သူကြီးတစ်ဦးဖြစ်သည်။ ထို့ကြောင့်လည်း သူသည် ဗိုလ်မှူးကြီးဆကူ၏ ပွင့်ပွင့်လင်းလင်း တင်ပြနေသည့် အစီရင်ခံချက်များကို ကိုယ်ချင်းစာတရားထား၍ သည်းခံနားထောင်နေခြင်းဖြစ်၏။





ဗိုလ်မှူးကြီးဆကူက ယခုလို မိုးဖြိုင်ဖြိုင်စ၍ ရွာသည့်အချိန်တွင်ပင် စစ်သည်ရဲမက်တို့၏အခြေအနေသည် ဤမျှဆိုးရွားနေလျှင် ဇူလိုင်လ လယ် ဩဂုတ်လလယ်သို့ရောက်လာပါက ပြောမပြနိုင်သော ဒုက္ခမျိုးနှင့် ရင်ဆိုင်တိုးရတော့မည်မှာ သေချာလှသည်။ ထို့ကြောင့် ယခုလို နောက်သို့ပြန်၍ဆုတ်လျှင် ဖြစ်နိုင်သေးသည့်အချိန်တွင် နောက်ဆုတ်သင့်သည်။ လူသူအင်အား ပြန်လည်စုရုံးရေး စစ်သည်ရဲမက်တို့၏ စိတ်ဓာတ်မြှင့်တင်ရေးနှင့် ရိက္ခာအတွက် စနစ်တကျ အစီအစဉ်များ ပြုလုပ်ရေးတို့ကို အစီအစဉ်ရေးဆွဲလျက် မိုးကုန်သည့်အချိန်တွင် တစ်ဖန်ပြန်လည်ထိုးစစ်ဆင်သင့်သည်ဟု တင်ပြသည်။

ဗိုလ်ချုပ်တနခါးသည် ဗိုလ်မှူးကြီးဆကူ တင်ပြသောအချက်များကို စိတ်ရှည်လက်ရှည် သည်းခံ၍ နားထောင်နေပြီးနောက် အင်ဖာစစ်မျက်နှာမှ အပြီးအပိုင်ဆုတ်ခွာရေးမှာ လုံးဝဖြစ်နိုင်သည့်အရာမဟုတ်ကြောင်း၊ ယခု တောပ်ကကားလ်ရွာသို့ ဆုတ်ခွာလာရခြင်းမှာလည်း ယာယီဆုတ်ခွာလာခြင်းသာ ဖြစ်ကြောင်း ရှင်းလင်းပြောပြသည်။

လက်အောက်တပ်မှူးများက ဆုတ်ခွာရေးကိုသာ ဦးစားပေး၍ စဉ်းစားနေစဉ် ဗိုလ်ချုပ်ကြီးမတ္တာဂူချီ၏ ဆက်တိုက်ဟူသောအမိန့်က တပ်မှူးများ၏ခေါင်းပေါ်သို့ ဗုံးကြီးတစ်လုံးပြုတ်ကျလာသလို ကြောက်ခမန်းလိလိပေါ်လာ၏။

ဇူလိုင်လ(၆)ရက်နေ့တွင် ပြုလုပ်သော အမှတ် (၃၃)တပ်မ ညီလာခံတွင် ဗိုလ်ချုပ်ကြီးမတ္တာဂူချီကိုယ်တိုင် တက်ရောက်ကာ မင်းသားကြီးအားကြိမ်းကြိမ်းသလို တပ်မှူးများကို ကြိမ်းဝါးနေသည်။ ဗိုလ်ချုပ်ကြီး၏ အမိန့်မှာ အင်ဖာ-ကိုဟီမားစစ်မျက်နှာတွင် အရှုံးအဆုံးနှင့် ရင်ဆိုင်ခဲ့လေသမျှကို အဖတ်ဆယ်ရန် ကြိုးစားသည့်အမိန့်ပင် ဖြစ်၏။ ဂျပန်တို့၏ အမှတ် (၁၅) တပ်မတော်ကြီးကို သူကိုယ်တိုင် ကွပ်ကဲကာ သူကိုယ်တိုင် အင်ဖာကို တိုက်ခဲ့၏။ အစီအစဉ်ကိုလည်း သူကိုယ်တိုင် ရေးဆွဲခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေလီသို့ ချီတက်ကြလော့ဟူသော ကြွေးကြော်သံဖြင့် အင်ဖာအား စတင်သိမ်းယူရန် သူ၏အမှတ် (၁၅)တပ်မတော်ကြီးသည် မတ်လမှ ဇွန်လအထိ အပွဲပွဲတွင် နွံခဲ့လေသမျှ နှပ်ပစ်ခံခဲ့ရရာ ဗိုလ်ချုပ်ကြီးမတ္တာဂုချိ သည် ထိုအရှုံးအဆုံးများအတွက် မြန်မာပြည် စစ်နယ်မြေဒေသဆိုင်ရာ ဗိုလ်ချုပ်ကြီးကဝါဘီကိုလည်းကောင်း၊ ဘုရင့်စစ်အာဏာပိုင်အဖွဲ့ကိုလည်းကောင်း မျက်နှာအပြုရခက်နေတော့သည်။

ထို့ကြောင့် သူသည် ကိုယ်ရေးကိုယ်တာ-ဂုဏ်သိက္ခာကို နောက်ဆုံးပိတ် အဖတ်ဆယ်ရန် ကြံစည်လာပြန်သည်။ အမှတ် (၂၁၄)တပ်ဖွဲ့မှ ဗိုလ်မှူးကြီးဆကူသည် အမှတ် (၁၅)နှင့် (၃၁)တပ်မတို့မှ ကြွင်းကျန်နေသောလက်နက်လူသူဖြင့် လောတတ်ကန်တော်ကြီးကို ဖြတ်လျက် ပုလဲကို တိုက်ခိုက်သိမ်းယူရန်တည်း။ ပုလဲတွင် ဖရိုဖရဲနှင့် ပြိုကွဲနေသော ဂျပန်စစ်တပ်အချို့က အင်္ဂလိပ်တပ်များကို ဖြစ်သည့်နည်းဖြင့် ခုခံနေဆဲပင် ရှိနေလေသည်။

စစ်ထွက်သည့်အချိန်က လူ (၄၀၀၀)ကျော် ပါဝင်ခဲ့သော မိမိ၏ အမှတ် (၂၁၄)တပ်ဖွဲ့သည် အင်ဖာသို့ ချီတက်တိုက်ခိုက်ပြီးနောက် ဇွန်လအကုန်သို့ ရောက်လာသောအခါ လူ (၄၆၀)သာ ကျန်နေပြီး ထိုလူများအနက် ထက်ဝက်ခန့်သာ တိုက်ခိုက်နိုင်သည့် အခြေရှိနေပါလျက် ယခုတစ်ဖန် ပုလဲအား ချီတက်သိမ်းယူရန် အမိန့်ပေးခြင်းမှာ မိမိတပ်ဖွဲ့အား ဗိုလ်ချုပ်ကြီးမတ္တာဂုချိ၏ ကိုယ်ရေးကိုယ်တာဂုဏ်သိက္ခာကို အဖတ်ဆယ်ရန် စတေးခိုင်းခြင်းမှ လွဲ၍ အခြားမည်သည့် အဓိပ္ပာယ်မျှ မရှိသည်ကို ဗိုလ်မှူးကြီးဆကူက နားလည်သဘောပေါက်ပါ၏။

သို့သော် မည်သို့မျှ မတတ်နိုင်ပါ။

ဗိုလ်မှူးကြီးဆကူသည် မိမိတပ်ဖွဲ့မှလည်းကောင်း၊ အမှတ် (၁၅)နှင့်အမှတ် (၃၁)တပ်မတို့မှလည်းကောင်း ရနိုင်သမျှ လက်နက်လူသူတို့ စုဆောင်း၍ စစ်ထွက်ရန် ပြင်ဆင်ရတော့၏။





ဆကူ၏တပ်ဖွဲ့မှ တပ်မှူးငယ်တစ်ဦးသည် ဆကူရှိရာ တဲအတွင်းသို့ဝင်ရောက်လာပြီးနောက် ဤအချိန် ဤအခါမျိုးတွင် ဤလူများဖြင့် စစ်ထွက်ရခြင်းမှာ မိုက်မဲခြင်းသာ ဖြစ်ပါတော့သည်။ ဗိုလ်မှူးကြီးသည် အမှတ် (၂၁၄)တပ်ဖွဲ့၏ အာဏာပိုင်တပ်မှူးကြီးအနေဖြင့် မည်ကဲ့သို့မျှ ဟန့်တားနိုင်ခြင်း မရှိပါပြီလောဟု သနားစဖွယ် စောဒကတက်ရှာသည်။

ယခု စစ်ထွက်ခြင်းမှာ စစ်တိုက်ရန် စစ်ထွက်ခြင်းမဟုတ်ဘဲ မိမိတို့၏ စစ်သည်ရဲမက်တို့ အသက်ကို စတေးခြင်းသာ ဖြစ်ပါသည်ဟုလည်း ကန့်ကွက်ရှာသည်။ ဗိုလ်မှူးကြီးဆကူသည် တပ်မှူးငယ်နှင့်ထပ်တူထပ်မျှပင် ရင်နာသည့်အဖြစ်ကို ခံစားရပါ၏။ သို့သော် သူ့ဘဝမှာ နာကြည်းစိတ်ကို ရင်ဝယ်ဖိနှိပ်၍ ထားရသည့်ဘဝသာဖြစ်သည်။ ဖွင့်၍ဟ၍ ပြောနိုင်သည့် ဘဝမဟုတ်။

သူ့စစ်သည်တော်များသည် အခြေဆိုးအနေဆိုးနှင့်ရင်ဆိုင်တိုးကာ အသေဆိုးဖြင့် သေရမည်ကို သူ ကိုယ်တိုင် သိနေပါ၏။ သို့သော် သူသည် တပ်မှူးငယ်ကို သူ၏ဌာနချုပ် တဲအတွင်းမှ မောင်းထုတ်လိုက်ရသည်။ တပ်မှူးငယ် ဗိုလ်မှူးကြီးဆကူ၏ တဲအပြင်သို့ ရောက်သည်နှ တစ်ပြိုင်နက် လက်ပစ်ဗုံးတစ်လုံး ဝုန်းခနဲ ပေါက်ကွဲသံပေါ် လာသည်။ ဗိုလ်မှူးကြီးဆကူသည် တဲအပြင်သို့ ပြေးထွက်၍ ရ လိုက်သောအခါ မိမိရှေ့မှောက်မှ ယခုပင် မောင်းထုတ်ခြ တပ်မှူးငယ်သည် သူ့ကိုယ်ကိုသူ လက်ပစ်ဗုံးဖြင့် အဆုံးစီရင်း တွေ့ရပါတော့သည်။

ထိုနေ့ညတွင်ပင် ဗိုလ်မှူးကြီးဆကူသည် စစ်ထွ ဒဏ်ရာပြင်းထန်လာသဖြင့် ဆက်၍ မလိုက်နိုင်သူများ ချန်ထားခဲ့ရင်း ဖျားသူ နာသူ ကျိုးသူပဲ့သူများသာ အများ အိုနာကျိုးကန်းစစ်ကြောင်းကြီးကို ပုလဲစစ်မြေပြင်ဆီသို့ စေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်တနခါးက ဆက္ကူအား ပထမဦးစွာ တောင်ဘက်သို့ ချီတက်ပြီးနောက် မဏိပူရမြစ်ကို တွန်းဇန်ရွာအနီးမှ ဖြတ်ကူး၍ပုလဲသို့ ရောက်သည်အထိ မြောက်ဘက်လမ်းအတိုင်း ဆက်လက်ချီတက်ရန် ညွှန်ကြားထားသည်။ သို့သော် ဗိုလ်မှူးကြီးဆက္ကူကမူ မဏိပူရလွင်ပြင် တောင်ဘက်အစွန်းရှိ တောင်များကို ဖြတ်ကျော်ကာ ဖြတ်လမ်းအတိုင်း ချီတက်ရန်ဆုံးဖြတ်ထားသည်။

ဗိုလ်ချုပ်တနခါး ညွှန်ကြားသော လမ်းအတိုင်းဆိုလျှင် မိုင်(၁၅၀) ခန့်ကို ကွေ့၍ပိုက်၍ တစ်သီတစ်တန်းကြီး ချီတက်နေရမည်ဖြစ်ပြီး သူချီတက်ရန် ဆုံးဖြတ်ထားသည့် ဖြတ်လမ်းမှဆိုပါမူ မိုင် (၄၀)ခန့်သာ ခရီးနှင်ရမည်ဖြစ်သည်။ အားအင်ကုန်ခန်းနေသော စစ်သည်ရဲမက်တို့အား လေးဆမျှ ပို၍ဝေးသောလမ်းမှ အဘယ်ကြောင့် ချီတက်ရန်အမိန့်ပေးနေပါတော့မည်နည်း။ စစ်ထွက်၍ နှစ်ရက်မျှအကြာတွင် ဗိုလ်မှူးကြီးဆက္ကူထံသို့ ဌာနချုပ်မှ အမိန့်သစ်များ ရောက်ရှိလာလေသည်။

*"ပုလဲသို့ ချီတက်တိုက်ခိုက်ရေးအစီအစဉ်ကို ပယ်ဖျက်သည်"*

ဒ *"တီးတိန့်သို့ ချီတက်ပါ"*

အကုန်ဒလ်ချုပ်ကြီးမတ္တာဂူချီသည် အမှန်တရားကို အမှားဖြင့် ဖုံးဖိရန် အနက် ၄မွှ ကြိုးစားခဲ့ရာမှ ယခုသော် မှန်သော သစ္စာတရား၏စူးခြင်းတစ်ဖန် ပုံ၊ဟု ဗိုလ်မှူးကြီးဆက္ကူက တွက်လိုက်မိသည်။

ဗိုလ်ချုပ်ကြီ-ကတွင် အောင်ပွဲခံရမည်ဟူသော မျှော်လင့်ချက်တောင်ကြီးဆယ်ရန် စတေ ဗိုလ်ချုပ်ကြီး မတ္တာဂူချီက ထုတ်ဖော်ဝန်ခံရသည့်အဖြစ်သည်ကို ဗိုလ်မှူးပေပြီ။မတ္တာဂူချီ၏စိတ်နေသဘောထားကို သိနေခဲ့သော

သို့သော်-ည် မိမိအား ဖြတ်လမ်းမှ ချီတက်ရန် အကြံမပေးဘဲ

ဗိုလ်မှူးက်၍ ရက်ကြာကြာချီတက်ရန် ညွှန်ကြားခဲ့ခြင်းမှာ ဤကဲ့နှင့်အမှတ် (၃၁)း အလဲများကို ကြိုတင်မြော်မြင်၍သာ ဖြစ်လိမ့်မည်ဟု စုဆောင်း၍ စစ်က ယူဆမိသည်။





အကယ်၍သာ ဆက္ကူသည် ဖြတ်လမ်းအတိုင်း ချီတက်ခဲ့ပါမူ အိုနာကျိုကန်းနေသော သူ၏တပ်ဖွဲ့သည် ပုလဲသို့ စောစောရောက်ကာ ပုလဲစစ်မြေပြင်တွင် ခွေးသေကို လင်းတဆွဲသည့် အဖြစ်မျိုးနှင့် ကြုံတွေ့နေရပြီး ဆုတ်ခွာရန် အမိန့်သည်လည်း အချိန်လွန်မှသာ ရောက်လာနိုင်ပေတော့မည်။

ဗိုလ်မှူးကြီးဆက္ကူသည် ဗိုလ်ချုပ်သစ်တနခါးအား ကျိတ်၍ ကျေးဇူးတင်လိုက်မိရင်း မိမိ၏တပ်ဖွဲ့အား တီးတိန့်သို့ ပြန်လှည့်ရန် အမိန့်ပေးလိုက်ရတော့၏။

အင်ဖာသည် နောက်တွင် ဝေး၍ဝေး၍ ကျန်နေခဲ့လေပြီတကား။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

## (၂၁)

ဗိုလ်မှူးကြီးဆက္ကူ၏ အိုနာကျိုးကန်းတပ်ဖွဲ့က ပုလဲသို့ စစ်မထွက်မီ အချိန်ကလေးတွင် ကိုဟီမားကို တစ်တိုက်တည်း တိုက်၍နေခဲ့သော ဂျပန် ဗိုလ်ချုပ်ဆာတိုသည် ဗိုလ်ချုပ်ကြီးမတ္တာဂူချီထံမှ အမိန့်တစ်စုံတစ်ရာမရ ရှိဘဲ သူ၏အမှတ် (၃၁)တပ်မကို ကြည့်လေရာရာတွင် ပုပ်ပွနေသော အလောင်းကောင်များသာ ထပ်နေသော ကိုဟီမားစစ်မျက်နှာမှ တပ်မ အလိုက် ဆုတ်ခွာနေပေပြီ။

ဤအချိန်တွင် အင်ဖာအရှေ့ဘက်နှင့်မြောက်ဘက်မှ ထိုးစစ်ဆင် နေသော ဗိုလ်ချုပ်ယာမဉချိ၏ အမှတ်(၁၅)တပ်မမှာလည်း **အင်္ဂလိပ်စစ် ဗိုလ်ချုပ်ဘရစ်ဦးစီးသော** အမှတ်(၅)တပ်၏ သဲသဲမဲမဲလိုက်လံထိုးနှက် ချက်ကြောင့် ဖရိုဖရဲပြိုကွဲလျက်ရှိနေပြီး၊ ရှန်နန်တောင်တန်းကို သိမ်းယူ နိုင်ရန် အကြိမ်ကြိမ်ထိုးစစ်ဆင်နေခဲ့သော ဗိုလ်ချုပ်ယာမာမိုတို၏ အရာ မရောက်ဖြစ်နေရုံသာမက၊ ဘီရှန်ပူ-ဆီချာလမ်းအတိုင်း အင်ဖာသို့ချီတက် တိုက်ခိုက်ရန် လုံးပန်းနေသော ဗိုလ်ချုပ် တနခါး၏ ပင်မတပ်ဖြစ်သည့် အမှတ်(၃၃)တပ်မကိုလည်း ခြေထောက်ကို ရိုက်ချိုးသကဲ့သို့ ဖြစ်နေစေ တော့သည်။





အင်ဖာ-ကိုဟီမားစစ်မျက်နှာရှိ ဂျပန်တပ်မသုံးခုကဲ အသေခံတပ် များဖွဲ့၍ မိုက်မိုက်ကန်းကန်းနှင့် ကြမ်းကြမ်းရမ်းရမ်း တိုက်ခိုက်နေစဉ် ချင်းတွင်းမှ အင်ဖာစစ်မျက်နှာသို့အရောက် ရိက္ခာထောက်သည့် ကိစ္စက သည်းဂျပန်တို့၏ အမှတ် (၁၅)တပ်မတော်အတွက် အခက်တွေ့နေခဲ့ သည်။ ယခုလို မိုးဖြိုင်ဖြိုင်ကျလာသည့်အချိန်တွင် ချင်းတွင်းမှ အင်ဖာသို့ ရောက်သည့်လမ်းမှာ ရွှံ့ပင်လယ်ကြီး အလယ်မှတားဆီး၍ နေသလိုဖြစ် လာတော့၏။

ထို့ကြောင့် ရှေ့တန်းစစ်မျက်နှာသို့ရောက်နေသည့် ဂျပန်တပ်များ မှာ ရိက္ခာလည်း ဗလာ၊ ခဲယမ်းလည်း နတ္ထိဖြစ်နေရသည့်ဘဝမျိုးနှင့် ကြုံ လာကာ နောက်ထပ်၍ စစ်ကူရောက်လာစရာဆို၍လည်း မျှော်လင့်စရာ မရှိအောင် ဖြစ်နေတော့သည်။

အင်ဖာ-ကိုဟီမားစစ်မျက်နှာရှိ တပ်သုံးခု၏ ဌာနချုပ်များနှင့် ဗိုလ်ချုပ်ကြီးမတ္တာဂူချီ၏ အမှတ် (၁၅)တပ်မတော်ဌာနချုပ်တို့ ရိက္ခာကိစ္စ ခဲယမ်းကိစ္စနှင့်ပတ်သက်၍ အပြန်အလှန် ပေးပို့နေကြသော ကြိုးမဲ့ကြေး နန်းသတင်းများမှာ ရက်ကြာ၍လာလေ ဒေါသသံပို၍ ပါလာလေဖြစ်လာ သည်။

ဗိုလ်ချုပ်ကြီးမတ္တာဂူချီက အင်ဖာ-ကိုဟီမား စစ်မျက်နှာဆီသို့ အရောက် ရိက္ခာနှင့်ခဲယမ်းများကို မပြတ်အောင်ထောက်ပံ့မည်ဟု ကတိ ပေးထားခဲ့၏။ သို့သော် တစ်ခုမျှ ရောက်မလာ။

ထို့ကြောင့်လည်း အမှတ် (၃၁)တပ်မကို ဦးစီးနေသော ဆာတိုလို ဗိုလ်ချုပ်တစ်ဦးက ဗိုလ်ချုပ်ကြီးမတ္တာဂူချီ၏အမိန့်ကို အလွန်အရေးကြီး နေသည့် စစ်မြေပြင်ပေါ်တွင် ဖြစ်နေလင့်ကစား ဝံ့ဝံ့စားစား ဖီဆန်ခဲ့ခြင်း ပင်ဖြစ်၏။ ဆာတို၏တပ်မဟာသာမက အခြားတပ်မများတွင်လည်း အထက်မှပေးသော အမိန့်ကို ပေါ့ပေါ့တန်တန် သဘောထားလာသည့် အရိပ်နိမိတ်များကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဓာတ်နှင့်ပတ်သက်၍မူ တပ်မသုံးခုရှိ တပ်သားတိုင်း ယခင်တုန်းက သွေးကြွခဲ့သလောက် ယခုအချိန်တွင် ကျဆင်းနေတော့သည်။

ဤအခြေအနေနှင့် အဖြစ်အပျက်များသည် ဗိုလ်ချုပ်ကြီးမတ္တာဂူချီအတွက် မထွေးနိုင်မမျိုနိုင်သော ပြဿနာများ ဖြစ်လာလေသည်။ မတ္တာဂူချီသည် အကြံကုန် ဂဠုန်ဆားချက်ဟူသကဲ့သို့ ကိုဟီမားကို မသိမ်းနိုင်လျှင် ရှိစေတော့၊ အင်ဖာကို ဖြစ်သည့်နည်းနှင့် ရအောင်ယူတော့မည်ဟုစိတ်ကူးမိပြန်သည်။

ထို့ကြောင့် ကိုဟီမားစစ်မျက်နှာတွင်ရှိနေသော ဗိုလ်ချုပ်ဆာတိုအား အင်ဖာမြောက်ဘက်နှင့် အရှေ့ဘက်မှ တိုက်ခိုက်နေသော အမှတ် (၁၅)တပ်မမှ ဗိုလ်ချုပ်ယာမဥချိထံ ကိုဟီမား-အင်ဖာလမ်းအတိုင်း စစ်ကူပေးရန် အမိန့်ပေးလိုက်၏။

အင်ဖာလွင်ပြင်တွင်ရှိနေသော အင်္ဂလိပ်များ၏ ရိက္ခာခဲယမ်းနှင့် မော်တော်ယာဉ်များကိုသာ မိမိတပ်များက သိမ်းယူရရှိပါက လောလောလတ်လတ် မထွေးနိုင်မမျိုနိုင်ဖြစ်နေသော ပြဿနာမှာ ခဏတာအဖို့ ပြေလည်သွားစရာရှိသည်ဟု မတ္တာဂူချီက တွက်မိသည်။

သို့သော် သူ့တွက်ကိန်းသည် နောက်ဆုံးအချိန်သို့ ရောက်လာသည်အထိ ချိန်သားမကိုက်ဘဲ ရှိနေပြန်သည်။

ဆာတိုသည် ဗိုလ်ချုပ်ကြီး မတ္တာဂူချီ၏အမိန့်ကို ဘေးချိတ်ကာ သူ့တပ်များကို တောလမ်းတောင်လမ်း အတိုင်း ဥခရယ်သို့ ရှေးရှုဆုတ်ခွာနေလေသည်တကား။

ဂျပန်တပ်မတော်သည် မလေးရှားနှင့် မြန်မာပြည်စစ်မျက်နှာသို့ စတင်ဝင်ရောက်လာသည့်အချိန်မှစ၍ အောင်ပွဲများကိုသာ ဆက်တိုက်ရနေခဲ့သည်။ သို့သော် ယခုအချိန်တွင် ဂျပန်စစ်သမိုင်း၌ ရာဇဝင်အရိုင်းဆုံးဟု မှတ်တမ်းတင်ရမည့် အရှုံးအဆုံးနှင့် ရင်ဆိုင်ရတော့မလို ဖြစ်နေပေပြီ။





ဗိုလ်ချုပ်ကြီးမတ္တာဂူချီက အင်ဖာနှင့်ကိုဟီမား တိုက်ပွဲတွင် အရှုံးကြီးရှုံးရခြင်းမှာ တပ်မသုံးခုမှ တပ်မှူးသုံးယောက်၏ တာဝန်လစ်ဟင်းမှုကြောင့်ဖြစ်သည်ဟု ထင်မြင်ယူဆထားသည်။

မေလအကုန်တွင် ရာထူးမှဖြုတ်ပစ်ခြင်းခံသော ဗိုလ်ချုပ်ယာနဂီဒါလည်း အင်ဖာထိုးစစ်ကြီး၏စစ်ဦး၌ တီးတိန်တွင် တပ်စွဲထားသော အင်္ဂလိပ်ဗိုလ်ချုပ်ကိုဝင်၏ အမှတ်(၁၇)တပ်မကို အပြတ်အသတ် ချေမှုန်းရန်နှောင့်နှေးနေခဲ့သည်။ အမှတ် (၁၇)တပ်မ၏ အင်ဖာသို့ ဆုတ်ခွာရေးလမ်းကြောင်းကို ပိတ်ဆို့ထားပါလျက် ယာနဂီဒါ၏ပေါ့လျော့မှုကြောင့် ရန်သူ့တပ်မသည် အင်ဖာသို့ အတင်းထိုးဖောက်၍ ဆုတ်ခွာသွားနိုင်ခဲ့သည် မဟုတ်ပါလား။ ထို့ပြင် ဘီရှန်ပူ-ဆီချာလမ်းတိုက်ပွဲ၌လည်း ယာနဂီဒါ၏ အမှတ် (၃၃)တပ်သည် အင်ဖာသို့ ထိုးဖောက်၍ ရောက်မလာနိုင်ဘဲ လမ်းတွင်ပင် ကြန့်ကြာနေခဲ့သည်။

ယာနဂီဒါ၏နေရာတွင် တနခါးကို အစားထိုးလိုက်သော်လည်း တနခါးသည် အခြေအနေကို တိုးတက်၍လာအောင် မစွမ်းဆောင်နိုင်ဘဲ သည်ပုတ်ထဲမှ သည်ပဲပင် ဖြစ်နေခဲ့တော့၏။ အင်ဖာအား အရှေ့ဘက်နှင့် မြောက်ဘက်မှ ထိုးစစ်ဆင်နေခဲ့သော အမှတ် (၁၅)တပ်မမှ ဗိုလ်ချုပ်ယာမဥချိကိုလည်း ဗိုလ်ချုပ်ကြီးမတ္တာဂူချီက အယုံအကြည်မရှိတော့။

ယာမဥချိသည် ထိုးစစ်ကို ထိုးစစ်နှင့်တူအောင် မတိုက်ဘဲ လာရောက်တိုက်ခိုက်သည့် အင်္ဂလိပ်တပ်များကိုသာ ခံစစ်ပြု၍ နေလေခဲ့သည် မဟုတ်လား။ သူ့ကိုလည်း ရာထူးမှ နုတ်ပယ်ပစ်ရမည်။

အထက်လူကြီးကို ကလန်ကဆန်လုပ်မှုက အထက်မှပေးသော အမိန့်ကို ဖီဆန်ကာ မိမိ၏အမှတ် (၁၅)တပ်မတော်ဌာနချုပ်နှင့် ကြိုးမဲ့ကြေးနန်းအဆက်အသွယ်ကိုပင် ဖြတ်ပစ်ခဲ့သော အမှတ် (၃၁)တပ်မမှ ဆာတိုကိုလည်း ပယ်ရှားပစ်ရမည်မှာ မုချ။

ဖြစ်နိုင်လျှင် ဆာတိုကို လျှာတိုအောင်ပင် အပြစ်ပေးရမည်။



www.burmeseclassic.com

www.burmeseclassic.com



ဆာတိုသည် မိမိ၏အမှတ်(၁၅)တပ်မတော်ဌာနချုပ်နှင့် ကြိုးမဲ့ကြေးနန်းအဆက်အသွယ်ကို ဖြတ်ပစ်ရုံသာမဟုတ်သေး။ မိမိ၏အထက်အရာရှိဖြစ်သော မြန်မာပြည်လုံးဆိုင်ရာ စစ်နယ်မြေဒေသမှူးဖြစ်သော ဗိုလ်ချုပ်ကြီးကဝါဘီထံသို့ . . .

"အမှတ် (၁၅)တပ်မတော်မှ စစ်ဦးစီးအဖွဲ့ချုပ်၏ သေနင်္ဂဗျူဟာအရည်အချင်းမှာ သင်တန်းတက်နေသော ဗိုလ်လောင်းတစ်ယောက်၏အရည်အချင်းထက်ပင် များစွာအောက်ကျနေကြောင်းဖြင့်" သတင်းပို့ခဲ့သည်မဟုတ်ပါလား။

◆◆◆

(၂၂)

"နက်ဖြန်နေ့လယ် ဆယ့်နှစ်နာရီမှာ ရန်သူတွေကို လမ်းပေါ်က ရှင်းပြီးသား ဖြစ်နေရမယ်၊ နေ့လယ်နှစ်နာရီဆိုရင် တင့်ကားတွေ ချီတက်ဖို့ အသင့်ဖြစ်နေရမယ်"

ဤအမိန့်ကို ပေးခဲ့သူကား အမှတ် (၅)တပ်မမှ ဗိုလ်ချုပ်ဘရစ်ဖြစ်သည်။ ဘရစ်သည် ဇွန်လ (၂၀)ရက်နေ့တွင် အင်ဖာ-ကိုဟီမားလမ်းမိုင်တိုင်(၁၁၄)ရှိ ရွာပျက်ကြီးတစ်ခု၌ တပ်စွဲလျက်ရှိသော အမှတ် (၉)တပ်မဟာသို့ အခြေအနေကို စုံစမ်းစစ်ဆေးရန် ရောက်လာပြီးနောက် တပ်မဟာမှူးဖြစ်သူ ဆော်လမွန်အား ပေးခဲ့သောအမိန့်ပင်ဖြစ်သည်။

မိုင်တိုင် (၁၁၄)၏မြောက်ဘက် (၂)မိုင်အကွာတွင် ရန်သူများသည် အင်ဖာ-ကိုဟီမားလမ်းကို အင်အားကြီးစွာဖြင့် တားဆီးပိတ်ဆို့လျက် ရှိနေလေသည်။

အမှတ် (၃၁)တပ်မမှ ဂျပန်ဗိုလ်ချုပ်ဆာတို၏တပ်များတည်း။

ဆော်လမွန်သာ ဤအတားအဆီးကို ရှင်းလင်းပစ်နိုင်လျှင် ကိုဟီမားမှ ဆင်းလာသော သယ်ယူပို့ဆောင်ရေးယာဉ်များသည် အင်ဖာသို့ အလွယ်တကူ ရောက်နိုင်တော့မည်ဖြစ်၏။ ဤအတားအဆီးမှလွန်လျှင် နယ်မြေအနေအထားသည် လမ်းဘေးတစ်ဖက်တစ်ချက်တွင် ပြန့်ပြူးလျက် ရန်သူများအဖို့ လမ်းကို ဆက်လက်၍ အန္တရာယ်ပေးနိုင်သည့် အကွက်အကွင်း ရှားပါးနေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဤအတားအဆီးကို ဖြိုနိုင်ရန်အတွက် အချိန်အတန်ကြာအောင်ပင် ကြိုးစားခဲ့ကြ၏။ တပ်ခွဲ နှစ်ခွဲခန့် လူအင်အားတွင် အမြောက်တပ်နှင့် လေတပ်ကပါ ကူညီ၍ ဤအတားအဆီးကို ရက်သတ္တခြောက်ပတ်ကြာအောင် ဖြိုဖျက်နိုင်ခဲ့သော်လည်း ရန်သူတို့၏အတားအဆီးက မပြိုပျက်ဘဲ တပ်ခွဲနှစ်ခွဲတွင်ပါသည့် အရာရှိများနှင့် ရဲဘော်များသာ ပြို၍သွားခဲ့လေသည်။

သံမြို့ကဲ့သို့ခိုင်မာလှသော ရန်သူ၏လမ်းအတားအဆီးကို ဖြိုနိုင်ရန်အတွက် ဗိုလ်ချုပ်ဘရစ်နှင့် ဗိုလ်မှူးချုပ် ဆော်လမွန်တို့သည် တစ်ဖက်နှင့်တစ်ဖက် ခေါင်းချင်းဆိုင်၍ တိုက်သည့်နည်းထက် ပို၍ကောင်းသော ပရိယာယ်ဖြင့် တိုက်သည့်နည်းကို ရှာကြံခဲ့ကြသေးသည်။

**ဗိုလ်မှူးချုပ်**ဆော်လမွန်သည် ဇွန်လ (၂၀)ရက်နေ့ နံနက်စောစောကပင် ပန်ချာပီစစ်သားများပါဝင်သော တပ်တစ်တပ်ကို ရန်သူ့နောက်ကျောမှနေ၍ တိုက်ခိုက်နိုင်ရန်အတွက် မိုင်တိုင် (၁၁၁)သို့ချီတက်၍ နေရာယူထားရန် စေလွှတ်ထားသည်။

သို့သော် ထိုပန်ချာပီတပ်သည် ပြင်းထန်သော ရန်သူ၏ခုခံမှုကို တွေ့နေရပြီး နှေးနှေးကွေးကွေးသာ ချီတက်နေသည်ဟု သတင်းရရှိသည်။ ဇွန်လ (၁)ရက်နေ့ကလည်း ဗိုလ်ချုပ်ဘရစ်သည် အီဗန်၏ အမှတ် (၁၂၃) တပ်မဟာအား အင်ဖာ-ကိုဟီးမားလမ်း၏အနောက်ဘက်သို့ ဘယ်ဘက်သို့ တစ်ကွေ့ကြီးပတ်ဝိုက်ချီတက်ပြီးနောက် ရန်သူ့လမ်းအတားအဆီး၏ မြောက်ဘက်ကျသော မိုင်တိုင် (၁၀၆)တွင် နေရာယူထားရန် စေလွှတ်ထားသည်။

အီဗန်၏တပ်မဟာသည် တောတောင်လျှိုမြောင်နှင့် ရေပြည့်နေသော ချောင်းငယ်မြောင်းငယ်များကိုဖြတ်၍ လာလမ်းအတိုင်း ချီတက်ရမည်ဖြစ်ရာ မိုင်တိုင် (၁၀၉)သို့ရောက်ရန်အတွက် အချိန်အတန်ပင် ကြာမည်ဖြစ်သည်။





ဤတပ်မဟာတွင် ပါဝင်သော စစ်သည်ရဲမက်အတော်များများမှာ လွန်ခဲ့သည့် ကိုးလခန့်ကစ၍ အနားမရဘဲ တစ်တိုက်တည်းတိုက်နေခဲ့ရသောကြောင့်လည်းကောင်း၊ အမဲသားဘူးနှင့် ဘီစကွတ်ကိုသာ နေ့စဉ်နှင့်အမျှ စားနေခဲ့ရသောကြောင့်လည်းကောင်း စိတ်ပန်းလျက်ရှိသည်။

ထို့ကြောင့် ချောကျိနေသော တောင်ဆင်းတောင်တက်လမ်းများတွင် တဗိုင်းဗိုင်းလဲကျနေသည့် အခါမှသာ ရေရွှတ်သံ တောက်တီးသံများပေါ်လာတတ်ပြီး ကျန်အချိန်များတွင်မူ မည်သူမျှ စကားမပြောကြ၊ တောလမ်းတစ်ခုလုံးမှာ သစ်ရွက်များပေါ်သို့ မိုးရေတဖြောက်ဖြောက်ကျသံနှင့်ကျောက်တုံးကျောက်ခဲများနှင့် စစ်ဖိနပ်သံခွာတို့ ထိသံသာ မင်းမူနေသည်။

ဤချီတက်ပွဲသည် အမှတ် (၁၂၃)တပ်မဟာအဖို့ နောက်ဆုံးပိတ်အောင်ပွဲခံသည့် ချီတက်မှုမျိုးဖြစ်ပါစေတော့ဟုလည်း စစ်သည်ရဲမက်တို့သည် ကျိတ်၍ဆုတောင်းနေကြ၏။ အဘယ်ကြောင့်ဆိုသော် အင်္ဂလိပ်တို့၏အမှတ် (၂)တပ်မသည် ကိုဟီးမားမှနေ၍ အင်ဖာလမ်းအတိုင်း လမ်းတွင်တွေ့သမျှ ရန်သူများကို သုတ်သင်ရှင်းလင်းရင်း ခရီးပြင်းချီတက်လာရာ ဇွန်လ (၂၀)ရက်နေ့တွင် မိုင်တိုင် (၈၅)သို့ပင် လာရောက်တပ်စွဲနိုင်ပြီဟု သိနေရသောကြောင့်တည်း။

ယခုအတိုင်းဆိုလျှင် မြောက်ဘက်မှ တောင်ဘက်သို့ဆင်းလာသော အမှတ် (၂)တပ်မနှင့် တောင်ဘက်မှ မြောက်ဘက်သို့ တက်လာသော ဗိုလ်ချုပ်ဘရစ်၏ အမှတ် (၅)တပ်မတို့သည် အင်ဖာ-ကိုဟီးမားလမ်းပေါ်တွင် တစ်တပ်နှင့်တစ်တပ် လက်ချင်းချိတ်မိရန် (၂၅)မိုင်သာလိုနေတော့သည်။ တစ်နည်းအားဖြင့် ဂျပန်ဗိုလ်ချုပ် ဆာတို၏ အမှတ် (၃၁)တပ်မနှင့် ယာမဥချိ၏အမှတ် (၁၅)တပ်မတို့ ပူးပေါင်းပိတ်ဆို့ထားခဲ့သော အင်ဖာ-ကိုဟီးမားလမ်းကြီး ပွင့်ရန် ကြားတွင် (၂၅)မိုင်သာ ကျန်နေခြင်းပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com



ဂရွီးဗား အုပ်ချုပ်သော အင်္ဂလိပ်တို့၏အမှတ် (၂)တပ်မသည် ဇွန်လ (၄)ရက်နေ့မှစ၍ အင်ဖာ-ကိုဟီမားလမ်းကို အပြင်းအထန်ရှင်းလင်းတိုက်ခိုက်ရန် အင်ဖာလွင်ပြင်ရှိရာ တောင်ဘက်သို့ ဆင်းလာနေခြင်းဖြစ်၏။

လမ်းတစ်လျှောက်တွင် အကွက်အကွင်းကောင်းသော နေရာတိုင်းမှ ရှုပ်ရှုပ်ချွံချွံခုခံတားဆီးနေသူကား ဗိုလ်ချုပ်ဆာတို၏ နောက်ရန်တပ်မှူးကြီးအဖြစ် တာဝန်ယူထားသော ဗိုလ်ချုပ်မီယာဇကီတည်း။ တစ်ဖက်တွင် မတ်စောက်သော တောင်ကမ်းပါးယံ၊ အခြားတစ်ဖက်တွင် နက်ရှိုင်းသော ချောက်ကမ်းပါး၊ အလယ်တွင် ကွေ့ကွေ့ကောက်ကောက်၊ မော်က်မောက်မြင့်မြင့် အဆင့်ဆင့်သော လမ်းများသည် တစ်ခါတစ်ရံ ပေ (၄၅၀၀)အထိ ထိုးတက်သွားကာ ခရီးကို ပို၍ခက်အောင် ဖန်တီးနေသည်။ သည်အထဲတွင် မိုးရေပေါက်တို့ကလည်း ရေကျည်တောက်ကို သွန်မှောက်လိုက်သလို ရွာချနေပြီး ဂျပန်ဗိုလ်ချုပ်မီယာဇကီ၏ နောက်ရန်တပ်က ငြိမ်းခါနီးမီးခွက်လို တလက်လက်အစွမ်းပြနေသောကြောင့် အမှတ် (၂)တပ်မ၏ချီတက်မှုမှာ ဖင့်နွှဲနေရတော့၏။

ရန်သူသည် ရှိသမျှ တံတားများကို ဖောက်ခွဲဖျက်ဆီးထားကာ လမ်းလယ်ကောင်တွင် ချိုင့်ကြီးများ တူးထားသည်။ လမ်းဘေးတွင် ပုံထားသည့် ကတ္တရာပုံးထဲမှ ကတ္တရာများကို ထုတ်ယူကာ ထိုကတ္တရာထဲတွင် မိုင်းဗုံးများ မြှုပ်ထားသည်။ မိုင်းရှင်းရသည့်အလုပ်မှာ မလွယ်ကူလှ။

မိုင်းကို ကတ္တရာထဲတွင်မြှုပ်၍ ထောင်ထားသောအခါ ပို၍ အရှင်းရခက်နေတော့၏။

တံတားပျက်လမ်းပျက်နှင့် မိုင်းဗုံးများကြောင့် ချီတက်မှုနှေးကွေးရသည်ဟု မဖြစ်ရလေအောင် ဘုရင့်အင်ဂျင်နီယာတပ်က တံတားပျက်သည့်နေရာတွင် ဘေလီတံတားခင်းပေးသည်။ လမ်းပျက်နေသည်ကို ချက်ချင်းပြင်ပေးသည်။





ကတ္တရာထဲတွင် မြှုပ်ထားသော မိုင်းဗုံးများကိုလည်း ကျင်လည်စွာရှင်းပေးသည်။

ဇွန်လ (၆)ရက်နေ့တွင် ဗိုလ်ချုပ်ဂရွီးဗားသည် ဂျစ်ကားကလေးတစ်စီးဖြင့် သိမ်းယူပြီးသော လမ်းတစ်လျှောက်ရှိ တပ်များကို လိုက်လံကြည့်ရှုနေစဉ် အင်္ဂလိပ်အသံလွှင့်ဌာနမှ စစ်သတင်းထောက်တစ်ယောက်နှင့် သွားတွေ့သည်။ သတင်းထောက်က နော်မန်ဒီကမ်းခြေသို့ မဟာမိတ်တပ်များ တက်ရောက်မိပြီဖြစ်ကြောင်းဖြင့် ဝမ်းသာစရာသတင်းတစ်ခုကို ပြောပြသည်။

စစ်သတင်းထောက်နှင့် ဗိုလ်ချုပ်တို့ စကားလက်ဆုံကျနေကြစဉ် သူတို့နှစ်ယောက် ကပ်၍ရပ်နေသော တောင်ကမ်းပါးယံအထက်ဘက်မှ ရှုတ်ရှုတ်သဲသဲအသံများကို မမျှော်လင့်ဘဲ ကြားလိုက်ရ၏။ နှစ်ယောက်စလုံး ခေါင်းမော့၍ ကြည့်လိုက်သောအခါ တောင်စောင်းပေါ်မှဂျပန်စစ်သားတစ်ယောက်သည် သူ့ဝမ်းဗိုက်ကိုသူ လက်ပစ်ဗုံးဖြင့်ဖောက်ခွဲ၍ တောင်အောက်သို့ကျလာသည်ကို တွေ့လိုက်ကြတော့သည်။

တိုက်ပွဲများတွင် ဂျပန်သုံ့ပန်း များများစားစား ဖမ်းဆီးရမိခြင်းမရှိခြင်းမှာ ဤကဲ့သို့ မိုက်မိုက်ကန်းကန်း သတ်သေကြသောကြောင့်ပင် ဖြစ်လေသည်။

အမှတ် (၂)တပ်မသည် အိမ်တိုင်ကို နွယ်ပတ်လျက်ရှိသော ရွာပျက်များကို ကျော်ဖြတ်၍လည်းကောင်း၊ မီယာဇကီ၏နောက်ရန်တပ်များ တပ်စွဲထားသည့် စခန်းများကို ကွေ့ဝိုက်၍လည်းကောင်း ချီတက်လာခဲ့ရာ ပေ (၂၀၀)ခန့်ရှည်သော တံတားတစ်ခုကို ဂျပန်တပ်များ မဖျက်ဆီးနိုင်မီ ကြိုတင်၍ သိမ်းနိုင်တော့သည်။ ထိုတံတားကား ကရောမ်ဟု အမည်တွင်သောတံတားတည်း။ အမှတ် (၂)တပ်မသည် ဤတံတားပေါ်မှ ဘေးမသီ ရန်မခဘဲဖြတ်ကျော်ချီတက်လာကာ မိုးဟုခေါ်သော ရွာတွင် တစ်ခေတ်နားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဤရွာရှိ ဘုရားရှိခိုးကျောင်းပျက်နံရံတစ်ခုပေါ်တွင် အင်္ဂလိပ်စာ တတ်သော ဂျပန်စစ်သည်တော်တစ်ဦးက. . . .

"အင်္ဂလိပ်တွေမှာ တင့်ကားတွေ၊ အမြောက်တွေ စစ်သားတွေ အများကြီးရှိတယ်"

"ဂျပန်တွေ ဆုတ်ခွာသွားရပြီ၊ သို့သော် ခြောက်လကြာလျှင် ပြန်လာမည်"

. . . ဟုစာရေး၍ ထားခဲ့သည်ကို တွေ့ကြရလေသည်။

ဇွန်လ(၂၀)ရက်နေ့ ညနေတွင် အမှတ် (၅)တပ်မမှ ရှေ့ပြေးချီတပ်ဖြစ်သော အမှတ်(၆)တပ်မဟာသည် အင်ဖာ-ကိုဟီမားလမ်း မိုင်တိုင် (၁၀၃)သို့ ရောက်ရှိ လာသည်။ အမှတ် (၂)တပ်မနှင့် အမှတ် (၅)တပ်မတို့ လက်ချင်းချိတ်မိရန် (၈)မိုင်သာလိုတော့သည်။

အင်ဖာ-ကိုဟီမားလမ်းကြီးပွင့်ရန် (၈)မိုင်သာ ကျန်နေပေပြီ။

ဇွန်လ(၂၂)ရက်နေ့ နံနက်ခင်းမှာ ကျင်းပရလတ္တံ့သော အောင်ပွဲကိုကြိုဆိုနေသည့်အလား နေခြည်များထွန်းတောက်ကာ သာတောင့်သာယာရှိလှသည်။ နေစကြာသည် ရောင်ဝါမထွန်းနိုင်ဘဲ ရှိနေခဲ့သည်မှာ ရက်ပေါင်းများစွာ ကြာခဲ့ပြီ။ ယနေ့မှ ထူးကာ ရောင်ခြည်ပွင့်၍ လာခြင်းမှာ အတိတ်ကောင်းနိမိတ်ကောင်းပါတကား။

ရှေ့ပြေးချီ အမှတ် (၆)တပ်မဟာ စခန်းချရပ်နားနေသော မိုင်တိုင် (၁၀၃)၏ အနောက်ဘက် (၂)မိုင် (၃)မိုင်ခန့် အကွာတွင် တောင်ကုန်းတစ်ခုရှိသည်။ ထိုတောင်ကုန်းသည် ဂျပန်ဗိုလ်ချုပ် မီယာဇကီ၏နောက်ရန်တပ်များ အခိုင်အခံ့တပ်စွဲထားသော မိုင်တိုင် (၁၁၂)ရှိ တောင်ကုန်းနှင့် အမြင့်ချင်းတပြေးညီလျက်ရှိသည်။

ထိုတောင်ကုန်းပေါ်တွင် တောလမ်းတောင်လမ်းအတိုင်း ခက်ခက်ခဲခဲ ချီတက်လာခဲ့ရသော အိဗန်၏ အမှတ် (၁၂၃)တပ်မဟာသည် ရောက်ရှိတပ်စွဲလျက် ရှိနေပေပြီ။





နေမင်း၏အလင်းရောင်က နှင်းအမှောင်ကို ဖြိုခွဲ၍ ပစ်လိုက်သည်နှင့်တစ်ပြိုင်နက် ရှေ့ပြေးချီအမှတ်(၆)တပ်မဟာတွင် ပါဝင်သော ထောက်လှမ်းရေးတပ်စိတ်မှ တပ်ကြပ်ကလေး ကင်းနင်းသည် မနေ့တစ်နေ့ကပင် သူ၏ကြည့်ကင်းစခန်း ဖြစ်နေခဲ့သော သစ်ပင်မြင့်ကြီးပေါ်သို့ တက်၍ သူ့စခန်းရှိရာသို့ မှန်ပြောင်းဖြင့်ကြည့်လိုက်သည်။ ကင်းနင်းသည် အသက် (၁၉)နှစ်မျှသာ ရှိသေးသော်လည်း လူကောင်က သန်မာထွားကြိုင်းသည်။ သူသည် မြန်မာပြည်စစ်မျက်နှာတွင် ခြောက်လတိုင်တိုင် တိုက်ခိုက်ကာ အရေထူနေပြီဖြစ်သော တပ်ကြပ်ကလေးပင်ဖြစ်သည်။

လွန်ခဲ့သော ရက်အနည်းငယ်ခန့်ကပင် သူနှင့် အခြားထောက်လှမ်းရေးတပ်သားတစ်ဦးမှာ ဂျပန်တပ်များ၏လှုပ်ရှားသွားလာမှုကို တောင်ကုန်းတစ်ခုမှနေ၍ ချောင်းမြောင်းကာ အခွင့်ရတိုင်း ဒုက္ခပေးနေသော ရန်သူ့အမြောက်တစ်လက်ကို ထောက်လှမ်းရန် တာဝန်ပေးခြင်းခံရသည်။

ရန်သူသည် တောင်ထိပ်တစ်ခုတွင် ဥမင်လိုဏ်ခေါင်းတူးလျက် အမြောက်တစ်လက်ကို ပိရိစွာ ပုံဖျက်ထားခဲ့ပြီး ပစ်ခတ်နေသောကြောင့် အမြောက်စွဲထားသည့်နေရာကို ဘယ်လိုမှ ရှာ၍မတွေ့နိုင်ဘဲ ဖြစ်နေခဲ့၏။

ရန်သူသည် တစ်နေ့လုံးကြာမှ တစ်ခါနှစ်ခါသာ ပစ်ခတ်ပြီး ကျန်သည့်အချိန်တွင် လုံးဝအသံမပေးဘဲ တုံဏှိဘာဝေ ဆိတ်ဆိတ်နေသောကြောင့်လည်း တောင်ကုန်းတောင်ထိပ်များ လက်ညှိုးထိုးလျှင် မလွဲအောင်ပေါများလှသော ဤအရပ်ဒေသတွင် ဘယ်တောင်ကို ဘယ်လိုထောက်လှမ်းရမည်ကိုပင် စဉ်းစားမရအောင် ဖြစ်နေခဲ့၏။

ကင်းနင်းနှင့် သူ၏ရဲဘော်သည် ညအချိန်များတွင် ရှေ့တန်းခံ အတုတ်ကျင်းထက် ကျော်လွန်ကာ ကိုက် (၂၀၀-၃၀၀)ခန့်အထိ ပုန်းလျှိုး၍ ထောက်လှမ်းရပြီး နေ့အချိန်များတွင် ကိုက် (၃၀၀၀)ခန့်ဝေးသော တောင်ကုန်းများဆီသို့ မှန်ပြောင်းကိုယ်စီဖြင့် မြေတွင်းအောင်းနေသည့်သောနတ္တိုရ်ကို မျက်ခြည်မပြတ်အောင် ရှာဖွေနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် တပ်မဟာဌာနချုပ်နှင့် တယ်လီဖုန်းအဆက်အသွယ် ပြုလုပ်ထားပြီး မသက်ာစရာတွေ့သမျှကို သူတင်းပို့နေ၏။

တစ်နေ့တွင် ချုံကောင်းကောင်းတစ်ခုအောက်၌ ပြားပြားမှောက်၍ ပတ်ဝန်းကျင်တွင်ရှိသော တောင်ကုန်းများကို စောင့်ကြည့်နေစဉ် ပုပ်ဟောင်နံစော်လှသော အနံ့ဆိုးကြီးတစ်ခုက သူတို့နှာဝအတွင်းသို့ တိုးဝင်လာသည်။

ပြားပြားမှောက်နေရာမှ အနီးပတ်ဝန်းကျင်ကို လှည့်ပတ်ရှာဖွေကြည့်ရှုလိုက်သောအခါ ပုပ်ပွနေသော ဂျပန်အလောင်းကောင်များ တစ်နေရာတွင် ပြန့်ကျဲလျက် ရှိသည်ကို တွေ့ရတော့၏။

သို့သော် သူတို့နှစ်ယောက်သည် ဤအလောင်းကောင်များကို ဘယ်လိုမှ ဖယ်ရှားမြှုပ်နှံပစ်ရန် မတတ်နိုင်ဘဲ ထိုနေရာတွင်ပင် နှစ်ရက်နှင့်နှစ်ညကြာအောင် ကင်းပုန်းဝပ်၍ နေခဲ့ကြရ၏။

ကင်းနှင်းသည် သူနှင့်မျက်နှာချင်းဆိုင်တွင်ရှိသော တောင်ကုန်းများကို တစ်ခုပြီးတစ်ခု မှန်ပြောင်းဖြင့် လိုက်လံကြည့်ရှုနေစဉ် သူ၏မှန်ဘီလူးခွက်ထဲ မသက်ာစရာ အမည်းစက်ကလေးတစ်ခုက ရုတ်တရက်ဝင်ရောက်လာသည်။

တောင်ကုန်းတစ်ခု၏ တောင်စောင်းမြေမျက်နှာပြင်မှ မျက်လှည့်ပြလိုက်သလို ပေါ်လာသော အမည်းစက်တည်း။ ကင်းနှင်းသည် တွေ့နေရသော အမည်းစက်ကို အတန်ကြာအောင် ဂရုစိုက်၍ ကြည့်လိုက်သောအခါ တောင်စောင်းတွင် ဖောက်ထားသော အခေါင်းတစ်ခု၏ထိပ်ဝဖြစ်ကြောင်း တွေ့လာရပြီး ထိုထိပ်ဝမှာ စောစောက ပုံဖျက်ထားသော အဖုံးတစ်ခုဖြင့် ပိတ်ဆို့ထားကြောင်း နားလည်လာတော့၏။

သူသည် ပွင့်နေသော အခေါင်းထိပ်ဝကို ထပ်၍ကြည့်လိုက်သောအခါ အခေါင်းထဲတွင် အမြောက်တစ်လက်၏ သဏ္ဌာန်ကို ဝိုးတဝါးမြင်လာလေသည်။





မကြာမီပင် တောင်စောင်း၌ အမည်းစက်သဏ္ဌာန်မြင်နေရသော လိုဏ်ခေါင်းအဝမှ နှစ်ချက်သုံးချက်မျှ မီးပွင့်၍ထွက်လာသည်ကို တွေ့ရပြီး အမြောက်သံများက တစ်တောလုံးပဲ့တင်ရိုက်၍ထွက်လာကာ အမြောက်ဆန်များ သူတို့ခေါင်းပေါ်မှ ကျော်၍ သူတို့တပ်စခန်းချရာနေရာပေါ်သို့ ကျရောက်ပေါက်ကွဲသံကို ကြားရတော့သည်။

လိုဏ်ခေါင်းထဲတွင် ရှိနေသော သောနတ္တိရဲ လက်သစ်များ ပုံဖျက်ထားသော အဖုံးကို ချက်ချင်းပင်ပြန်ပိတ်လိုက်သည်။ ထို့နောက် တောအလုံးသည် တိတ်ဆိတ်မြဲတိတ်ဆိတ်သွားပြန်သည်။

ကင်းနှင်းသည် သူ မြင်ရကြားရ တွေ့ရသမျှကို ဌာနချုပ်သို့ တယ်လီဖုန်းဖြင့်သတင်းပို့လိုက်၏။ ထိုနေ့ညတွင်ပင် အမြောက်တပ်မှ တပ်ဗိုလ်တစ်ဦးသည် ကင်းနှင်းတို့ ကြည့်ကင်းစခန်းသို့ရောက်လာသည်။

နောက်တစ်နေ့ နေခြည်ထွက်လာသည်နှင့်တစ်ပြိုင်နက် အမည်းစက်ကလေးတွေ့ရသော ရန်သူ့အမြောက်ပုန်းရှိရာ တောင်ကုန်းဆီသို့ တပ်မဟာဌာနချုပ်မှ အမြောက်ဆန်များ အင်ကြီးအားကြီးဖြင့် ပျံတက်သွားကြသည်။ ထိုအချိန်မှစ၍ ရန်သူ့အမြောက်ပုန်းလက်သံကို တစ်ခါမျှ မကြားရတော့ချေ။

မနေ့တစ်နေ့ကပင် ကြည့်ကင်းစခန်းဖြစ်နေခဲ့သော သစ်ပင်မြင့်ကြီးပေါ်မှရန်သူ့တပ်စခန်းရှိရာ မိုင်တိုင်(၁၁၂)သို့ကြည့်နေသော တပ်ကြပ်ကင်နှင်းသည် ကိုဟီမားမှ တောင်ဘက်သို့ ဆင်းလာသော လမ်းဆီသို့ မှန်ပြောင်းကို ဦးတည်လိုက်၏။

သူသည် သူ့မျက်စိကိုပင် မယုံနိုင်လောက်အောင် ဖြစ်သွားမိလေတော့သည်။ ကိုဟီမားမှ တောင်တက်သို့ လိမ့်၍လိမ့်၍ ဆင်းလာနေသော အရာများမှာ အင်္ဂလိပ်တို့၏ အမှတ် (၂)တပ်မမှ တင့်ကားများပါတကား။

တင့်ကားများပေါ်တွင် ခြေလျင်တပ်သားအချို့ ထိုင်၍ လိုက်ပါလာသည်ကို တွေ့ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမှတ် (၂)တပ်မမှ စစ်သားများပင်တည်း။

ကင်းနင်းသည် သစ်ပင်ပေါ်မှ ပြေးဆင်းကာ ကျောက်တုံးတစ်ခုကိုမှီ၍ တစ်ခုသော တပ်ရင်းဆီသို့ ကြိုးမဲ့ကြေးနန်းဖြင့် ညွှန်ကြားချက်ပေးနေသော **ဗိုလ်မှူးချုပ်စမစ်**ရှေ့တွင် ရပ်လိုက်ပြီး . . .

"ခွင့်ပြုပါ မှူးချုပ်၊ ကျွန်တော် ခုပဲ ကျွန်တော်တို့တင့်ကားတွေ တောင်ဘက်ကို ဆင်းလာတာ မြင်ခဲ့တယ်"

. . . ဟု ဝမ်းသာလွန်းသောအသံဖြင့် သတင်းပို့လိုက်၏။

ဗိုလ်မှူးချုပ်စမစ်သည် ကြားရသည့်သတင်းကို ရုတ်တရက် မယုံနိုင်လောက်အောင် ဖြစ်သွားကာ "သေချာရဲ့လားကွ၊ မင်း ဘယ်ကနေမြင်ခဲ့တာလဲ" ဟု မေးလိုက်လေသည်။

"ကျွန်တော် ကြည့်ကင်းစခန်း သစ်ပင်မြင့်ကြီးပေါ်ကပါ မှူးချုပ်"

"ဒါဖြင့် ခဏနေဦး၊ ငါပါ လိုက်ကြည့်မယ်"

စမစ်သည် တပ်ရင်းနှင့် ပြောလက်စ စကားကို အဆုံးသတ်လိုက်ပြီး ကင်းနင်းနောက်သို့ လိုက်လာကာ ကြည့်ကင်းစခန်းဖြစ်သော သစ်ပင်မြင့်ကြီးပေါ်သို့ တက်နေလေသည်။

တပ်ကြပ်ကလေး ကင်းနင်း သတင်းပို့ခဲ့သည့်အတိုင်းပင် အမှတ် (၂)တပ်မမှ တင့်ကားများသည် အင်ဖာလွင်ပြင်သို့ ရှေးရှုကာ တောင်ဘက်သို့ချီတက်လာသည်။ အချို့သော တင့်ကားများက တောင်ကုန်းများပေါ်မှ ကျော်ကာ အရှေ့ဘက်သို့ ထွက်ပြေးရန် ကျန်နေသော ရန်သူ့အုပ်စုကလေးများကို လိုက်လံပစ်ခတ်နေသည်။ နံနက်ဆယ်နာရီတွင် မိုင်တိုင် (၁၀၇)သို့ချီတက်သွားသော တပ်ခွဲ တစ်ခုက ဤသတင်းကို ထပ်၍ အတည်ပြုသတင်းပို့လိုက်သည်။ နံနက်ဆယ်နာရီခွဲတွင် **ဗိုလ်မှူးချုပ် ဆော်လမွန်** ဦးစီးသော အမှတ် (၉)တပ်မဟာက ရန်သူ၏လမ်းအတားအဆီးကိုဖြိုချကာ တင့်ကားနှင့်ခြေလျင်တပ်များ ဆက်လက်ချီတက်နိုင်ရန်အတွက် လမ်းပေါက်ဖွင့်ပေးလိုက်နိုင်သည်။





ဆော်လမွန်သည် ဂျစ်ကားတစ်စီးတွင် အစောင့်နှစ်ယောက်ကိုတင်ကာ ပွင့်သွားသောလမ်းအတိုင်း မောင်းချလာခဲ့၏။ နှစ်မိုင်သုံးမိုင်ခန့်အရောက်တွင် သံခမောက်များဆောင်းထားသော အင်္ဂလိပ်တပ်များကို လမ်းဘေးတစ်ဖက်တစ်ချက်မှနေ၍ သူနှင့်မျက်နှာချင်းဆိုင်ရာအရပ်မှ ချီတက်လာသည်ကို တွေ့ရတော့၏။

ဆော်လမွန်သည် လက်များကို တယမ်းယမ်းဝှေ့၍ နှုတ်ဆက်နေသော စစ်သည်တော်များကြားမှ ဂျစ်ကားကို ဆက်၍မောင်းလာသောအခါ ရှေ့ပြေးချီတပ်နှင့် ကိုက်သုံးရာခန့်အကွာမှချီတက်လိုက်ပါလာသော အမှတ် (၆)တပ်မဟာမှ ဗိုလ်မှူးချုပ်စမစ်ကို တွေ့ရတော့၏။

စီးကရက်တစ်လိပ်ကို ပါးစောင်တွင်ခဲကာ လက်တွင် ဝါးရင်းတုတ်တစ်ချောင်းကို ကိုင်ထားသော စမစ်နှင့်အတူ အရေးပေါ်ဆွေးနွေးပွဲတစ်ခုရှိသည်ဟု နံနက်ဆယ်နာရီက သတင်းရထားသဖြင့် အမှတ် (၂)တပ်မဟာဌာနချုပ်မှ အလျင်စလို လိုက်ပါလာသော ဗိုလ်ချုပ်ဂရူးဗားသည်းပါလာသည်။

ဆော်လမွန်၊ စမစ်နှင့် ဂရူးဗားတို့သည် မြေပုံများကို ဂျစ်ကားအဖုံးပေါ်တွင် ဖြန့်ခင်း၍ မိမိတို့တပ်များ တည်နေပုံကို ရှင်းလင်းပြောပြနေကြစဉ်ပင် အမှတ် (၃၃)တပ်မမှ ဗိုလ်ချုပ်ကြီးစတော့ဖို့နှင့် အမှတ်(၅)တပ်မမှ ဗိုလ်ချုပ်ဘရစ်ချ်တို့ ရှေ့ဆင့်နောက်ဆင့် ရောက်လာကြသည်။

အမှတ် (၃၃)တပ်မကြီးသည် ကိုဟီမားတွင် ခံစစ်ပြုကာ ဆာတို၏အမှတ် (၃၁)တပ်မကို အနိုင်မခံ အရှုံးမပေးသောဇွဲဖြင့် တိုက်ခိုက်ခဲ့သောတပ်ဖြစ်သည်။

ဗိုလ်ချုပ်ကြီးစတော့ဖို့ ဦးစီးသော အင်ဖာ-ကိုဟီမားလမ်းပေါ်မှ ဆွေးနွေးပွဲတွင် အမှတ် (၂)နှင့် အမှတ် (၅)တပ်မ နှစ်ခု တာဝန်ယူရမည့် နယ်မြေဒေသ အစိတ်အပိုင်းများကို ညှိနှိုင်းဆုံးဖြတ်ကာ ရှေ့လုပ်ငန်းစဉ်များကိုလည်း အခြေခံအားဖြင့် ဆွေးနွေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤဆွေးနွေးပွဲမှ ရရှိလာသော အချက်များကို အမှတ်(၄)တပ်မကြီးမှ ဗိုလ်ချုပ်ကြီးစကွန်းထံ တင်ပြ၍ ထပ်မံဆွေးနွေးကြရန်ဖြစ်သည်။

***အင်ဖာ-ကိုဟီမားလမ်းပေါ်မှ ဆွေးနွေးပွဲမှာ ရာဇဝင်တွင် စာတင်ထိုက်သော ဆွေးနွေးပွဲပါတကား။***

ရက်ပေါင်း ကိုးဆယ်ခန့် သဲသဲမဲမဲ တိုက်ခိုက်ရပြီးနောက် အင်ဖာကိုဟီမားလမ်းကို ပြန်၍ ဖွင့်နိုင်ခဲ့ပေပြီ။

ရှေ့မီးများ တထိန်ထိန် ထိုးထွက်ထွန်းလင်းနေသော မော်တော်ယာဉ်အုပ်စုကြီးသည် ရိက္ခာများ၊ ခဲယမ်းများနှင့် အင်ဖာလွင်ပြင်တွင်ကြုံကြုံခံ၍ ရန်သူ၏ထိုးစစ်ကြီးကို ခုခံနေသောအမှတ်(၄)တပ်မကြီးမှ စစ်သည်ရဲမက်များအား အပူတပြင်းအလိုရှိနေသည့် ပစ္စည်းများကိုတင်ကာ ထိုနေ့ညတွင်ပင် အင်ဖာသို့ ဝင်လာနိုင်ခဲ့ကြပေပြီ။

အင်ဖာတိုက်ပွဲတွင် အနိုင်နှင့်ကြဲခဲ့ပြီဟု ကြွေးကြော်နိုင်ပေပြီ။

◆◆◆

## (၂၃)

ကမ္ဘာ့စစ်သမိုင်းတွင် ရာဇဝင်ရိုင်းလောက်အောင် အရှုံးကြီးရှုံးရသောတိုက်ပွဲများအနက် ဂျပန်တို့၏ အင်ဖာတိုက်ပွဲ အရှုံးမှာ အဆိုးဝါးဆုံးသော အရှုံးပင်ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

စစ်သည်ရဲမက်တို့သည် စစ်မြေပြင်တွင်လည်းကောင်း၊ စစ်မြေနှင့်ဝေးရာအရပ်တွင်လည်းကောင်း မရှုမလှ သေကြေပျက်စီးကြရသည်။

အင်ဖာမှ ဆုတ်ခွာရာတွင် အသက်မသေဘဲ ကြွင်းကျန်နေသော တပ်မှူးတစ်ယောက်သည် ကျွန်ုပ်ထံသို့ အစုတ်စုတ်အပြတ်ပြတ်နှင့်ရောက်လာသောအခါ သူသည် ယခင်က ကျွန်ုပ်နှင့် ချစ်ကျွမ်းဝင်သူ ဖြစ်ခဲ့လင့်ကစား သူ့ရုပ်ကို ကျွန်ုပ်သည် ဖမ်း၍မရနိုင်လောက်အောင်ဖြစ်နေလေတော့၏။

ဆုတ်ခွာရာလမ်းတစ်လျှောက်တွင် စစ်သည်ရဲမက်တို့သည် ရေငတ်ခြင်းကြောင့်လည်းကောင်း၊ အစာငတ်ခြင်းကြောင့်လည်းကောင်း နေ့စဉ်နှင့်အမျှ သေဆုံးနေပုံ၊ ဖျားနေသူများ၊ ဒဏ်ရာရသူများကိုလည်း ရာနှင့်ချီ၍ လမ်းဘေးတွင် စွန့်ပစ်ထားရပုံ၊ ရန်သူက ဂျပန်သုံ့ပန်းများကို ဖမ်း၍မရနိုင်စေရန်အတွက် ဤစစ်သည်တော်များအား မိမိကိုယ်မိမိ အဆုံးစီရင်ရန် အတင်းအကျပ်တိုက်တွန်းရပုံတို့ကို ကျွန်ုပ်၏မိတ်ဆွေတပ်မှူးက ပြန်လည်ပြောပြသောအခါ ကျွန်ုပ်သည် အသည်းတုန်အူတုန်ဖြစ်မိပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဤကား အင်ဖာတိုက်ပွဲနှင့်ပတ်သက်၍ ဂျပန်နိုင်ငံခြားရေးရုံးမှ ကာဆီတိုရှိကဇူး အမည်ရှိ အရာရှိကြီးတစ်ဦး၏ရေးသားချက်မှ ကောက်နုတ်ချက်တစ်ခုပင်တည်း။

ဗိုလ်ချုပ်ကြီးမတ္တာဂုချီ ကွပ်ကဲသည့် ဂျပန်အမှတ် (၁၅)တပ်မတော်ကြီး၏ အင်ဖာတိုက်ပွဲအရှုံးမှာ ကမ္ဘာ့စစ်သမိုင်းတွင် ရာဇဝင်အရိုင်းဆုံးသော အရှုံးဟုဆိုလျှင် ထိုတပ်မတော်ကြီး၏ ဆုတ်ခွာရာလမ်းတစ်လျှောက်တွင် ကြုံတွေ့ရသော ဒုက္ခအဖုံဖုံတို့မှာ မည်ကဲ့သို့စာဖွဲ့၍ မည်ကဲ့သို့တင်ပွန်းတပ်ရမည်ကိုပင် မသိနိုင်တော့ပြီ။

အဘယ်ကြောင့်ဆိုသော် အင်္ဂလိပ်တို့၏အမှတ် (၁၄)တပ်မတော်ကို ဦးစီးအုပ်ချုပ်နေသော ဗိုလ်ချုပ်ကြီး ဝီလျံဆလင်းသည် မိုးဖြိုင်ဖြိုင်ကျနေလင့်ကစား ဆုတ်ခွာနေသော ရန်သူများကိုလိုက်၍တိုက်ရန် ဆုံးဖြတ်လိုက်သောကြောင့်ပင်တည်း။

အင်ဖာသို့ လာရောက်ထိုးစစ်ဆင်သော ဂျပန်တပ်မ (၃)ခုအနက် အမှတ် (၁၅)နှင့် အမှတ် (၃၁)တပ်မတို့မှာ ဆုတ်ခွာရာတွင် အထိအနာဆုံးဖြစ်သည်။ ဗိုလ်ချုပ်တနခါး၏အမှတ် (၃၃)တပ်မသည်သာ စနစ်တကျဆုတ်ခွာနိုင်ပြီး တပ်ဖွဲ့တစ်ခုအနေဖြင့် နောက်ပိုင်းအချိန်များတွင် ပြန်လည်စုရုံးတိုက်ခိုက်နိုင်သည့် အင်အားရှိခဲ့သည်။

တနခါး၏တပ်မသည် တီးတိန်လမ်း၊ တမူးလမ်းများမှ ဆုတ်ခွာလာရန် အခွင့်အရေးရခဲ့ပြီး ဆာတိုနှင့် ယာမာဥချိတို့၏တပ်မနှစ်ခုမှာ တောလမ်းတောင်လမ်းများမှ ဖြစ်သလို ဆုတ်၍လာရသောကြောင့်တည်း၊

ဆာတို၏အမှတ် (၃၁)တပ်မသည် ကိုဟီမားစစ်မျက်နှာမှ ဆုတ်ခွာသွားသည်နှင့်တစ်ပြိုင်နက် အင်္ဂလိပ်တို့၏အမှက် (၇)တပ်မကနောက်မှ လိုက်၍ စတင်တိုက်ခိုက်သည်။

ဆာတို၏တပ်မသည် တောလမ်းတောင်လမ်းများပေါ်မှ ကျော်ကာ ဥခရယ်သို့ ရှေးရှုဆုတ်ခွာနေလေသည်။





ဤအချိန်တွင် မကြာမီက အမှတ် (၅)တပ်မ၏ လက်အောက်သို့ ရောက်ရှိနေခဲ့သော အမှတ် (၈၉)တပ်မဟာသည် အင်ဖာ-ကိုဟီမားလမ်းမိုင်တိုင် (၁၀၀)မှနေ၍ အရှေ့စူးစူးသို့ ချီတက်ကာ နောက်မှလိုက်၍တိုက်နေသော အမှတ် (၇)တပ်မကို ရှေ့မှနေ၍ အကူအညီပေးနေလေသည်၊

အမှတ် (၇)တပ်မ၏အရှေ့ဘက်တောင်ပံတွင်ရှိနေသော အမှတ် (၂၃)ခရီးဝေး ဖောက်ထွင်းချီတက်တိုက်ခိုက်ရေး တပ်မဟာကလည်း ဆုတ်ခွာနေသော ဆာတို၏အမှတ် (၃၁)တပ်မတောင်ပံကို ဝင်ရောက်တိုက်ခိုက်ကာ ဆုတ်ခွာရေးလမ်းကြောင်းကို ဖြတ်တောက်ပစ်ရန် ကြိုးစားနေလေသည်။

အင်ဖာမှ ဥခရယ်သို့သွားရာ လမ်းပေါ်တွင်ကား ဂရေဆီ၏အမှတ် (၂၀)တပ်မသည် ချင်းတွင်းသို့ရှေးရှုဆုတ်ခွာနေသော ယာမာဥချိ၏အမှတ် (၁၅)တပ်မမှ တပ်ကြွင်းတပ်ကျန်များကို ပိုက်စိပ်တိုက်၍ လိုက်လံသုတ်သင်လျက်ရှိနေသည်။

ရှန်နန်တောင်တန်းတွင်မူ ယာမာမိုတို၏တပ်များသည် မိုက်မိုက်ကန်းကန်းပင် တပ်စွဲနေဆဲရှိနေသေးသည်။

ထို့ကြောင့် အမှတ် (၂၃)တပ်မမှ ရော်ဘတ်၏တပ်များသည် ယာမာမိုတို၏တပ်များ တမူးလမ်းအတိုင်းဆုတ်ခွာမသွားမီ ဝိုင်းဝန်းချေမှုန်းပစ်နိုင်ရန် ပြင်ဆင်လျက်ရှိနေသည်။

ဘီရှန်ပူစစ်မျက်နှာရှိ တနခါး၏အမှတ် (၃၃)တပ်မသည် အထိနာနေသည့်တိုင် ကိုဝင်၏အမှတ် (၁၇)တပ်မကို တိုက်ခိုက်ရင်း တီးတိန်လမ်းအတိုင်း ဆုတ်ခွာနိုင်အောင်ကြိုးစားနေသည်။

ဤအချိန်တွင် အမှတ် (၄)တပ်မကြီးနှင့် အမှတ် (၃၃)တပ်မကြီးတို့မှ တပ်ဖွဲ့အသီးသီးသည် အင်ဖာနှင့် ကိုဟီမား နယ်နိမိတ်မှကျော်၍ ထွက်လာကာ စိတ္တဓာတ်အရသော်လည်းကောင်း၊ ကျန်းမာရေးအရသော်လည်းကောင်း ကျဆင်းနေသည့် ဂျပန်တို့၏ အမှတ် (၁၅)နှင့် အမှတ်



www.burmeseclassic.com

www.burmeseclassic.com



(၃၁)တပ်မများကို ချေမှုန်းသုတ်သင်ရန် စစ်မျက်နှာအသီးသီးသို့ ချီတက်လာခဲ့ကြပြီဖြစ်၏။

အင်္ဂလိပ်တပ်များမှာ ရန်သူ့တပ်များလောက် ကျန်းမာရေးချို့တဲ့ခြင်းမဖြစ်စေကာမူ ကြာရှည်ခဲ့ပြီဖြစ်သော ခံစစ်ကြောင့် စစ်သည်တော်အားလုံးပင် စစ်ပန်းနေကြပြီဖြစ်၏။

ဤကဲ့သို့သော အခြေအနေတွင် နယ်မြေအနေအထားနှင့် ရာသီဥတုက ရန်သူဖြစ်သော ဂျပန်လောက်ပင် ကြီးမားသော အန္တရာယ်အဖြစ် ရှေ့မှတားဆီးလျက် ရှိနေလေသည်။ အစားအသောက်မကောင်းသည့်အထဲတွင် အချိန်မှန်စားရန်လည်း မဖြစ်နိုင်သောကြောင့် စစ်သည်တော်တိုင်းလိုပင် အစာအိမ်ရောဂါကို အနည်းနှင့်အများခံစားနေကြရ၏။

များစွာသော စစ်သည်တော်များမှာ ဘာသာရေးအရ သူရာမေရိယကံကို စောင့်ထိန်းရမည့်တာဝန်ရှိသော်လည်း ယခုအချိန်တွင်ပင် ဘာသာရေးကို ဘေးချိတ်ကာ ရမ်နှင့်စည်နို့ကိုသာ အာဟာရအဖြစ် မှီဝဲနေရတော့သည်။

အာဟာရဓာတ်မပြည့်ဝသော အစားအစာကိုသာ လပေါင်းများစွာကြာအောင် စားသောက်နေခဲ့ရသော စစ်သည်တော်များမှာ ရောဂါပိုးတို့၏ တိုက်ခိုက်ခြင်းဒဏ်ကို မခံနိုင်တော့ဘဲ အလွယ်တကူနှင့်ပင် ငှက်ဖျားရောဂါ အူရောင်ဖျားရောဂါများ ရလာကြသည်။

အူရောင်ဖျားရောဂါမှာ ဆေးဝါးဖြင့် ကုသခြင်းထက် အပြုအစုဖြင့်ကုသမှ ပျောက်တင်းသော ရောဂါမျိုးဖြစ်ရာ အရာရှိနှင့် ရဲဘော်အနေတော်များများမှာ တောထဲမှ အင်ဖာဆေးရုံများသို့ မပို့ပေးနိုင်သည့်အတွက် ဤရောဂါဖြင့်သေဆုံးခဲ့ကြရ၏။ ရေမှန်မှန်မချိုးနိုင်၊ အဝတ်မှန်မှန် မလျှော်နိုင်ခြင်းကြောင့်လည်း ရဲဘော်များမှာ ဝဲနာ၊ ယားနာများဒဏ်ကို ခံကြရပြန်၏။ စောင်ဆိုသည်မှာ ရဲဘော်များအတွက် ခြုံစရာကောင်းသောအရာမှ ဟုတ်ပါလေစဟု ပြောစရာဖြစ်နေသည်။





အမြဲမပြတ်ရွာနေသော မိုး ကြောင့် လားပေါ်တွင်တင်၍ ယူလာခဲ့သောစောင်များမှာ သွေ့ရခြောက်ရသည်ဟူ၍ မရှိဘဲ လားကိုသာ ပို၍ဝန်လေးအောင် လုပ်ထားသကဲ့သို့ ရှိနေတော့သည်။

စစ်သည်တော်များသည် နေ့လယ်တွင်လည်းကောင်း၊ စခန်းချရပ်နားသည့်အခါတွင်လည်းကောင်း၊ ညအချိန် အိပ်စက်ရပ်နားသည့်အခါတွင်လည်းကောင်း ကိုယ်ပေါ်တွင် မိုးရေရွှဲရွှဲစိုနေသော ဝတ်စုံများဖြင့်ပင် ဖြစ်သလိုရပ်နားအိပ်စက်ကြရသည်။

တောင်စဉ်တောင်တန်းများ မြောက်မှတောင်သို့ သွယ်တန်းဖြာထွက်နေသော နယ်မြေတွင် စစ်ဆင်စစ်တက် ပြုလုပ်ကြရသောကြောင့်လည်း စစ်သည်တော်များသည် မြေပြန့်တွင် အေးအေးသက်သာ သွားလာလှုပ်ရှားနေရသည် မရှိဘဲ၊ ပေ (၄၀၀၀)လောက်အမြင့်ကို ဆင်းချည်တက်ချည်ဖြင့် တမော့တကော လှုပ်ရှားနေရပြန်သည်။

အကျဉ်းဆုံး (၄)ပေ၊ အကျယ်ဆုံး (၉)ပေသာ ရှိသော တောင်ဆင်းတောင်တက်လမ်းများမှာ မိုးရေကြောင့် မကြာမကြာ အစပျောက်သည့်အဖြစ်မျိုးနှင့် ကြုံနေရကာ တစ်ခါတစ်ခါတွင်မူ မိုးသားများ ဖုံးအုပ်နေသောကြောင့် လမ်းပန်းဟူ၍ မှန်းဆမရနိုင်အောင် ရှိနေတတ်သည်။

မြင့်သော တောင်ထိပ်ကျဉ်းကျဉ်းကလေးပေါ်တွင် ဖောက်လုပ်ထားသော လမ်းများအတိုင်း ချီတက်ရသောအခါ၌မူ တစ်ဖက်တွင် မတ်စောက်သော တောင်ကမ်းပါးယံ၊ အခြားတစ်ဖက်တွင် နက်ရှိုင်းသော ချောက်ကမ်းပါးကြီးခံနေသဖြင့် အသည်းတထိတ်ထိတ် ရင်တဖိုဖိုဖြင့် သွားကြလာကြရ၏။ အလှမ်းမတော်ဘဲ ခြေချော်၍ ကျလိုက်ပါမူ အသူတရာနက်သောချောက်ကမ်းပါးအောက်၌ အရိုးအသားမျှပင် ရှာ၍တွေ့နိုင်တော့မည်မဟုတ်။ တောင်ထိပ်ပေါ်တွင် ရောက်နေသည့်အခိုက် မေးတစ်ထိဆက်တုန်အောင် အအေးလွန်နေပြီး မြေပြန့်ချိုင့်ဝှမ်းသို့ ဆင်းရသောအခါ ချစ်ချစ်တောက်ပူသော ဒဏ်ကိုခံရပြီး ချွေးတပြိုက်ပြိုက်ကျကာနေရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ချောင်းဖျားဘက်မှ ညို့လာပြီးနောက် ကိုအမ္ဗုန်က မျက်နှာထား သုန်မှုန်လာသောအခါ မြေပြန့်ချိုင့်ဝှမ်းရှိ ချောင်းငယ်များမှာ ရေစီးသန်သောချောင်းကြီးများအဖြစ်သို့ ချက်ချင်းလိုပင် ပြောင်းလဲလာတတ်သည်။ သည်အခါမျိုးတွင် ဘုရင့်အင်ဂျင်နီယာတပ်မှ စစ်သည်တော်များသည် လူများနှင့် လားများအား တစ်ဖက်ကမ်းသို့ ကူးနိုင်အောင် တံတားများ ဖောင်များကို ပြင်ဆင်ပြုလုပ်ကြရသည်။

မြစ်ချောင်းအင်းအိုင် ရွှံ့ဗွက်ရွှံ့နွံများကို ဖြတ်ကျော်၍ ချီတက်ရသည့်ခရီးများ၌ ချီးမွမ်းအံ့သြဖွယ်အကောင်းဆုံးသော စစ်သည်တော်များမှာ လားတပ်မှ စစ်သည်တော်များပင် ဖြစ်၏။ ဤစစ်သည်တော်များသည် ဖျားနေ၊ နာနေ၊ ဆာလောင်မွတ်သိပ်နေသည့်တိုင် မိမိတို့လားများကို လိုရာခရီးသို့ ရောက်အောင် တဖောက်ဖောက်ပစ်နေသော ရန်သူ့ကျည်ဆန်များကြားမှ ထိန်းကျောင်းခေါ်ယူသွားနိုင်ကြသည်။

မိုးရာသီတွင် ရိက္ခာနှင့် ခဲယမ်းသယ်ယူပို့ဆောင်ရေးကို စနစ်တကျစီစဉ်ထားသည့်တိုင် ချို့ယွင်းချက်မှာကား အမြဲပင်ရှိနေသည်။ သယ်ယူပို့ဆောင်ရေးအတွက် မော်တော်ကားလမ်းနှင့် လေယာဉ်လမ်းသာရှိရာ မော်တော်ယာဉ်များမှာ လမ်းပျက်၍လည်းကောင်း၊ တောင်ပြို၍လည်းကောင်း၊ မှန်းသလောက် ခရီးမရောက်နိုင်ဖြစ်နေသလို လေယာဉ်ပျံများမှာလည်း ရာသီဥတု ဆိုးရွားမှုကြောင့် ပျံသန်းချိန်လျော့ဆင်း၍ သွားရတော့သည်။

တပ်ရင်းတစ်ရင်းမှာ လေကြောင်းမှလာ၍ ရိက္ခာချမပေးနိုင်သဖြင့် လေးရက်တိုင်တိုင် ထမင်းငတ်သည့် ဒုက္ခနှင့် ရင်ဆိုင်ခဲ့ရ၏။ နယ်မြေအနေအထားပေါ်တွင်တည်၍ ပြုလုပ်ရသောစစ်ဆင်ရေးအရ တပ်အသီးသီးသို့ ရိက္ခာချပေးရမည့် ကွင်းကျယ်ကျယ်ကို တကယ်ပင် ရှာမတွေ့နိုင်အောင်ဖြစ်နေကြရ၏။

ထို့ကြောင့် တောင်ထိပ်ပေါ်ရှိတပ်များသို့ ရိက္ခာများချပေးရာတွင် တောင်ထိပ်တည့်တည့်ပေါ်သို့သာ မိုက်မိုက်ကန်းကန်းချပေးရတော့၏။





ဤသို့ချပေးရသည့်အခါများတွင် လေထီးမပါဘဲ ချပေးရသော လားစာ၊ မြင်းစာများ၊ စစ်သည်တော်များအတွက် ဝတ်စုံများသည် အထုပ်လိုက် ကောင်းကင်မှမြေကြီးသို့ ကျလာတတ်သည်။ အရှောင်အတိမ်းသာ မကျင်လည်လျှင် အောက်မှ ပွဲချင်းပြီးမည့် လူအရေအတွက်မှာ နည်းမည် မဟုတ်။ တစ်ခါတစ်ခါလည်း လေထီးဖြင့် ကျလာသော ရိက္ခာထုပ်များကို ရန်သူနှင့် ပြိုင်၍လုရသည်မှာ အန္တရာယ်များလှသည်။

လေယာဉ်ဖြင့် ရိက္ခာချပေးရာတွင် အောက်မှစစ်သည်တော်များအတွက် အန္တရာယ်များပြားသလို လေယာဉ်ပေါ်မှ လေသူရဲများအတွက်လည်း အသက်ဘေးအတွက် စိုးရိမ်စရာများလှ၏။

တောင်ထိပ်တောင်ထွတ်များသည် မိုးတိမ်များအကြားတွင် နစ်မြုပ်ကာ ချုံခို၍စောင့်နေသော ရန်သူများသဖွယ် ဖြစ်နေတတ်သည်။ နေရာမှ ရုတ်တရက်ကြွမ်းလာသော မုတ်သုန်လေကလည်း လေယာဉ်ကို ထိန်း၍ မရနိုင်လောက်အောင် ဆိုးလာတတ်သည်။

အောက်မှ ရိက္ခာကောက်မည့် ကွင်းပေါ်သို့ တည့်တည့်မတ်မတ်ကျအောင် ချိန်ဆရသည်မှာလည်း ရာသီဥတု ဆိုးဝါးနေစဉ် အလွန်ခက်ခဲသော အလုပ်တစ်ခုဖြစ်နေ၏။ ရန်သူ့ဘက်မှ လေယာဉ်ပစ်အမြောက်တပ်လက်ချက်ကိုလည်း သတိထား၍ တိမ်းရှောင်ရသေးသည်။ လေယာဉ်ပေါ်မှ ရိက္ခာထုပ်များကို တွန်းချပေးရသူများအဖို့ ရိက္ခာထုပ်နှင့်အတူ လူပါအောက်သို့ ရောက်မသွားအောင် ဂရုစိုက်ရသည်။

တစ်ခါကမူ ရိက္ခာထုပ်များကို လေယာဉ်ပေါ်မှ တွန်းချပေးရသူများအနက် အလုပ်ဝင်ခါစဖြစ်သော ဂေါ်ရခါးတစ်ယောက်သည် လားအတွက် ရိက္ခာထုပ်တစ်ထုပ်ကို တွန်းချပေးရင်း လူပါ အထုပ်နှင့်အတူ ရော၍ ကျလာသည်ဟု အဆိုရှိသည်။ ထိုဂေါ်ရခါးအလုပ်သမားသည် လေယာဉ်ပေါ်မှ ကျလျှင်ကျချင်း အထုပ်ကို အမှတ်တမဲ့ ဖက်ထားနိုင်ပေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကံအားလျော်စွာပင် သူ ဖက်ထားမိသည့်နေရာ၌ လေထီးကြိုးပွင့်မည့်ခလုတ်မရှိဘဲ အခြားဘက်တွင် ရှိနေသည်ဆို၏။

ထိုဂေါ်ရခါး အလုပ်သမားသည် လေထီးပွင့်နေသော အထုပ်ကို ဖက်ရင်း မြေပြင်ပေါ်သို့ ကောင်းစွာရောက်လာသည်ဟု အဆိုရှိသည်။ ခြေတစ်ဖက်သာ ကျိုးသွားသည်ဟုလည်း ကြားရသည်။

တိုက်ပွဲအနိုင်ရနေသော ဗိုလ်ချုပ်ကြီးဝီလျံဆလင်း ကွပ်ကဲသည့် အမှတ် (၁၄) အင်္ဂလိပ်တပ်မတော်ကြီးအတွက် နယ်မြေအနေအထားနှင့် ရာသီဥတုက ဆိုးရွားလျက်ရှိသည်ဟုဆိုလျှင် အရှုံးနှင့်ရင်ဆိုင်နေရသော ဗိုလ်ချုပ်ကြီးမတ္တာဂူချိ ကွပ်ကဲသည့် အမှတ် (၁၅) ဂျပန်တပ်မတော်ကြီး အတွက် ဘယ်မှာလျှင် ဆိုဖွယ်ရာ ရှိပါတော့မည်နည်း။

အင်ဖာသို့ ချီတက်လာစဉ်ကပင် လမ်း၌တွေ့ရသော နာဂကျေးရွာဇနပုဒ်များမှ ရသမျှရိက္ခာကို အနုကြမ်းစီး၍ စားလာသော ဂျပန်တပ်များသည် ယခုလို သွေးရှူးသွေးတန်းဖြင့် ဆုတ်ခွာရသည့်အချိန်၌ စားပြတိုက်သလို တိုက်၍ စားစရာမှန်သမျှကို လုန်လှော လုယက်ယူကြသည်မှာ အဆန်းမဟုတ်တော့။

သို့သော် တောင်ပေါ်နေ ရွာသူရွာသားများမှာ တစ်ခါသေဖူးပြီဖြစ်၍ ပျဉ်ဖိုးနားလည်ကာ ဂျပန်တပ်များ လာနေပြီဟုသော သတင်းကို ရသည်နှင့်တစ်ပြိုင်နက် ရွာလုံးကျွတ်ပြောင်း၍ ပြေးနေကြလေပြီ။

ကျေးရွာများတွင်လည်း ရိက္ခာမရ၊ ချင်းတွင်းဘက်မှလည်း ဆန်တစ်စေ့ စပါးတစ်စေ့မျှ ရောက်မလာ။ ဖျားသူ နာသူ ဒဏ်ရာရသူများအတွက်လည်း ဆေးဝါးဆို၍ မှူးလို့ပင် ရှူစရာမရှိ။ တစ်နေရာနှင့်တစ်နေရာ ကူးသန်းသွားလာရန် ဆို၍လည်း မည်သည့်ယာဉ်ရထားမျှ မတွေ့ရ။

ကြိုးမဲ့ကြေးနန်း အဆက်အသွယ်ကလည်း ဗလာနတ္ထိ။

ဆုတ်ခွာရလေသော အမှတ် (၁၅) ဂျပန်တပ်မတော်ကြီး၏ ဒုက္ခအဖုံဖုံကို ပုံနိုင်း၍ပြစရာ ရှာ၍ပင် မတွေ့နိုင်တော့။





သို့သော် ချင်းတွင်းသို့ ဆုတ်ခွာသွားရာ လမ်းတစ်လျှောက်နှင့် တမူးလမ်း တီးတိန်လမ်းတစ်လျှောက်တွင်မူ ဆုတ်ခွာရလေသော ဂျပန်တပ်မတော်ကြီး၏ဒုက္ခအဖုံဖုံကို ခုံတင်၍ ပြထားသော သက်သေသာဓကများကိုကား ထင်ထင်ရှားရှားပင် တွေ့နိုင်ကြမည်ဖြစ်၏။

ကျူးကျော်သော စစ်၏အနိဋ္ဌာရုံမှန်သမျှသည် အင်ဖာမှ ချင်းတွင်းသို့ဆင်းရာ လမ်းတစ်လျှောက်၌လည်းကောင်း၊ အင်ဖာမှ တမူးသို့ရှေးရှုရာ လမ်းတစ်ခွင်တစ်ပြင်၌လည်းကောင်း၊ ထို့အတူ အင်ဖာမှ တီးတိန်သို့ မျက်နှာမူရာ လမ်းဘေးများ၌လည်းကောင်း မော်ကွန်းတင်၍ ရနိုင်လောက်အောင် မျက်ဝါးထင်ထင် ကျန်ရှိနေရစ်ခဲ့သည် မဟုတ်ပါလား။

ဆုတ်ခွာလာရလေသော အမှတ် (၁၅) ဂျပန်တပ်မတော်ကြီး နောက်သို့ အမဲလိုက်သလို လိုက်၍လာသော စစ်ကြောင်းများသည် အတုံးအရုံးသေဆုံးနေကြသော ဂျပန်အလောင်းများနှင့် လားသေကောင်များကို ချုံပုတ်များ ရွံ့ဗွက်များအကြားတွင် အများအပြားတွေ့ရသည်။

ထူးခြားသည်မှာ လမ်းတွင် ဒဏ်ရာကြောင့်သော်လည်းကောင်း၊ ဖျားနာ၍သော်လည်းကောင်း၊ ရိက္ခာပြတ်၍သော်လည်းကောင်း ကျဆုံးသွားရရှာသော ဂျပန်စစ်သည်တော်များ၏အလောင်းများတွင် စစ်ဖိနပ်များနှင့် စစ်ဝတ်စုံများ ကင်းမဲ့နေခြင်းပင်တည်း။

မီးလောင်ပျက်စီးနေသော မော်တော်ကားအုပ်စုများနှင့် အရိုးပြိုင်းပြိုင်းထကာ လင်းတစာဖြစ်နေသော လားသေကောင်များမှာ ဂျပန်တပ်မတော်ကြီး ဆုတ်သွားရာလမ်းကြောင်းများတွင် မင်းမူလျက် ရှိသည်။

လမ်းဘေးတစ်ဖက်တစ်ချက်တွင် သယ်ယူရန် မတတ်နိုင်တော့သဖြင့် စစ်စည်းကမ်းကိုဖျက်ကာ စွန့်ပစ်ထားခဲ့သော ရိုင်ဖယ်သေနတ်များနှင့် စစ်အသုံးအဆောင်များကို တွေ့ရသည်။

တစ်ခါတစ်ခါတွင်မူ သစ်ပင်ချုံနွယ်များအကြား၌ မြုပ်တစ်ဝက်ပေါ်တစ်ဖက်ဖြစ်နေသော အရေးပေါ်ဆေးရုံစခန်းများကို တွေ့ရတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



စခန်းပတ်ပတ်လည်တွင်ကား ပုပ်ဟောင်နေသည့် အလောင်းကောင်များ။

ဤအလောင်းကောင်များကို သေချာစွာ စစ်ဆေးကြည့်ရှုလိုက်လျှင် နဖူးတွင် သေနတ်ဒဏ်ရာတစ်ချက်စီ ရှိနေကြသည်ကို တွေ့ရမည်ဖြစ်လေသည်။

ဆေးရုံစခန်းတွင် တာဝန်ကျနေသူများသည် ဤနေရာမှ မထွက်ခွာမီ မိမိတို့လူနာများအား နောက်ဆုံးပေါ် ဆေးကုနည်းဖြင့် ကု၍ထားခဲ့ခြင်းပင်တည်း။

လူနာတော်တော်များများ ထားခဲ့ဟန်တူသော ဆေးရုံစခန်းတစ်ခုကို တောအုပ်ထူထူတစ်ခုထဲတွင် တွေ့ရသည်။ သေဆုံးနေပြီဖြစ်သော လူနာများ၏ကိုယ်ပေါ်တွင် အသားဟူ၍ တစ်ဖတ်မျှမတွေ့ရသော်လည်း အရိုးစုများသည် ထိုင်နေရင်း လဲလျောင်းနေရင်း ရုတ်တရက် ပစ်သတ်ခံသွားရကြောင်း ထင်ရှားလှသည်။

တောင်ပေါ်နေ ကျေးရွာလူထုက ဖမ်းဆီးရမိလာသော ဂျပန်သုံ့ပန်းအချို့၏ကျန်းမာရေးအခြေအနေမှာ အလွန်ဆိုးရွားလျက် ရှိသည်ကိုတွေ့ရ၏။ သူတို့ကိုယ်ခန္ဓာပေါ်တွင် စစ်ဝတ်စုံ စစ်ဖိနပ်နှင့်တူသော အဲရာဟူ၍ တစ်ခုမျှ မရှိတော့ဘဲ ဖွားဖက်တော် လုံရုံမျှ ဖုံးထားသည်။ ငှက်ဖျား၊ ဝမ်းကိုက်နှင့် ကိုယ်ရောင်ရောဂါ တစ်ခုခုကိုသော်လည်းကောင်း၊ သုံးခုစလုံးကို တစ်ပြိုင်နက်သော်လည်းကောင်း ခံစားနေရသည်ကို တွေ့ရသည်။

အချို့သုံ့ပန်းများမှာ သေနတ်ဒဏ်ရာများဖြင့် အဖျားဖက်ကာ အငတ်ငတ်အပြတ်ပြတ် ဖြစ်နေကြ၏။

ဖမ်းဆီးရမိသော သုံ့ပန်းများအနက် တစ်ယောက်မှာ ညအချိန်တွင် သံဘူးနှုတ်ခမ်းစတစ်ခုဖြင့် မိမိလည်ပင်းကို လှီးဖြတ်ကာ သတ်သေရန် ကြံစည်သည်ကို တွေ့ရသည်။





ဂျပန်စစ်တပ်များ ဥခရယ်မှ ဆုတ်ခွာမည့်ညက မြို့အစွန်သို့ ချဉ်းကပ်မိသော ပါရွှန် ခေါင်းဆောင်သည့် တပ်မဟာသည် မြို့တွင်းမှ မီးတောက်မီးလျှံကြီးများ ကောင်းကင်သို့ ထိုးထွက်လာသည်ကို မြင်ရသည်။ မိုးလင်း၍ မြို့တွင်းသို့ ဝင်ရောက်ကြည့်ရှုသောအခါ စစ်ဒဏ်ကြောင့် မပျက်မစီးဘဲ ကျန်နေသေးသည့် အစိုးရအဆောက်အအုံမှန်သမျှ မီးတင်ရှို့ဖျက်ဆီးသွားကြောင်း တွေ့ရသည်။

ထိုအဆောက်အအုံများထဲတွင် ဆေးရုံလည်း မီးတင်ရှို့ရာတွင် ပါဝင်ကြောင်း သိရှိရသည်။ နာကြည်းစရာကောင်းသလောက် စိတ်တုန်လှုပ်ဖွယ်ကောင်းသည်မှာ ဆုတ်ခွာရာတွင် မလိုက်ပါနိုင်လောက်အောင် ဝေဒနာခံစားနေရသော ဂျပန်စစ်သားများအား ဆေးရုံအဆောက်အအုံနှင့်အတူ မီးလောင်တိုက်သွင်းခဲ့ခြင်းပင်တည်း။ ဂျပန်များသည် ဥခရယ်ကို မီးတင်မရှို့မီ သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုနေသော ဆင်အုပ်ကြီးကို ကြိုးဖြေ၍လွှတ်ထားပြီး ဆင်ဦးစီးများကိုလည်း တောထဲသို့ မောင်းထုတ်လိုက်၏။ မီးတောက်မီးလျှံကြီးများနှင့် ပေါက်ကွဲသံများကို မြင်ရကြားရသောဆင်များ ကြောက်စိတ် ရိုင်းစိတ်ဝင်လာကာ မြို့ထဲသို့ ချီတက်လာမည့်အင်္ဂလိပ်တပ်များအား လိုက်လံတိုးဝှေ့နင်းချေတော့မည်ဟူသော ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခြင်းပင်ဖြစ်၏။

သို့သော် နောက်တစ်နေ့နံနက်တွင် မြို့တွင်းသို့ ချီတက်လာသော ပါရွှန်၏တပ်မဟာတွင် ဂဇာသိဒ္ဓိမန္တန်ကိုသာမက တိရစ္ဆာန်အပေါင်းနှင့် သက်ဆိုင်သော တိရစ္ဆာနသိဒ္ဓိမန္တန်ကိုပါတတ်သော တိရစ္ဆာန်ဆေးကုဆရာဝန် မက်ရေးပါရှိလာသည်ကို ရန်သူများ သိရှိနိုင်မည်မဟုတ်ချေ။ မက်ရေးသည် အိုင်ယာလန်ပြည်သားတစ်ဦးဖြစ်ပြီး၊ အိုင်ရစ်သံဝဲဝဲနှင့် စကားပြောတတ်၏။ သူစကားပြောပုံမှာ မည်သူ့ကိုပင်ပြောပြော ကလေးတစ်ယောက်ကို ချော့မြှူနေသလို နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့နှင့် ချစ်စရာကောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



တိရစ္ဆာန်ဆိုရင် ဘယ်တိရစ္ဆာန်ပဲဖြစ်ဖြစ် သူ့ကိုစပြီး နှုတ်ဆက်တာချည်းပဲ။ "ဒီလူ့မှာ တိရစ္ဆာန်တွေကိုနိုင်တဲ့ ဂါထာမန္တန်တွေများ ရှိနေရော့သလား မသိဘူး၊ သူ ခေါ်ရင် ဘယ်တိရစ္ဆာန်မဆို လာတယ်၊ သူခိုင်းရင် ဘာမဆိုလုပ်တယ်"ဟု မက်ရေးအကြောင်းနှင့်ပတ်သက်၍ ဗိုလ်မှူးချုပ်ပါရှန်က ပြန်လည်ပြောပြလေ့ရှိ၏။ မက်ရေးသည် ဥခရယ်သို့ချီတက်ရာလမ်းတွင်လည်း သူ၏ထူးခြားသောအစွမ်းကို ပြခဲ့ပြီဖြစ်၏။

နွေရာသီတွင် ခြေပုဆစ်နစ်ရုံမျှသာ နက်သော ချောင်းငယ်တစ်ခုသည် ယခုအချိန်တွင် မိုးရေကြောင့် ရေစီးသန်သော ချောင်းကြီးတစ်ခုဖြစ်လာကာ ပါရှန်၏တပ်မဟာကို ရှေ့မှနေ၍ ဆီးတားနေသည်။

တပ်မဟာတွင်ပါသော ဝန်တင်လားများသည် ရေစီးသန်သောချောင်းကို ရင်မဆိုင်ရဲဘဲ ကြောက်လန့်နေကြတော့၏။

*"ဇွန်လ (၂၃)ရက်နေ့မှာ ကျုပ်တို့ဟာ ဒီချောင်းနားကို ရောက်လာတယ်၊ ချောင်းပေါ်မှာ ဆောက်ထားတဲ့ ယာယီတံတားကလေးကတော့ တိုးလာတဲ့ရေစီးထဲမှာ မျောပါသွားပြီ၊ လူတွေက တစ်ဖက်ကမ်းကို ရောက်နေပေမယ့် လားတွေက ပေ (၁၅၀)လောက်ကျယ်တဲ့ ဒီချောင်းကို ဖြတ်မကူးရဲအောင် ဖြစ်နေကြတယ်"*

*"လားတွေကို ဖောင်ပေါ်တင်ပြီး ကူးဖို့ဆိုတာကလဲ ဖောင်ချည်းသက်သက်တောင် တစ်ဖက်ကမ်းကိုကူးဖို့ မရောက်နိုင်တော့ အတော်ခက်နေတာပေါ့၊ လားတပ်က ရဲဘော်တွေကလဲ သူ့တို့လားတွေကို လူတွေကိုင်ပြီးကူးတဲ့ ကြိုးအတိုင်း ရေထဲဆင်းပြီး အမျိုးမျိုးကြိုးစားပြီး ကူးခိုင်းပေမယ့်တစ်ကောင်မှ မကူးဘူး"*

*"ဒီတော့ မက်ရေးက ဘာလုပ်သလဲဆိုရင် အောက်ခံစွပ်ကျယ်ကလေးတစ်ထည်ကို ဝတ်ပြီး ကမ်းစပ်ကိုဆင်း၊ အဲဒီကနေ လားတွေကို တစ်ကောင်စီ တစ်ကောင်စီ နာမည်ခေါ်ခေါ်ပြီး ကူးခိုင်းလိုက်တာ၊ လားတပ်ဖွဲ့တစ်ခုလုံး ဟိုဘက်ကမ်းကို ရောက်သွားကြတော့တာပါပဲဗျာ၊ ဒီလူ*





*သားတွေရဲ့နာမည်ကို တစ်ကောင်ချင်း အလွတ်ရနေတာကိုကလဲ အတော်ချီးမွမ်းဖို့ကောင်းတယ်"*

ပါရှန်သည် မက်ရေး၏စွမ်းပုံကို သူ၏နေ့စဉ်မှတ်တမ်းတွင် အားပေးရ ရေးမှတ်ခဲ့လေသည်။ ဥခရယ်သို့ လာသည့်လမ်းတွင် အစွမ်းပြခဲ့သောမက်ရေးသည် ယခုလည်း အစွမ်းပြခွင့်ကြုံပြန်သည်။

သူသည် မြို့ထဲတွင် တွေ့ရသော သုန်မှုန်နေသည့် ဆင်နှစ်ကောင်အနီးသို့ သားမိုက်နှစ်ယောက်ကို ချော့၍ ခေါ်နေသော မိခင်ကဲ့သို့ပါးစပ်မှ တတွတ်တွတ်ပြောရင်း ချဉ်းကပ်သွားသည်။ စောစောက မျက်စိများစွေကာ နားရွက်များပေ၍ ရပ်နေသော ဆင်နှစ်ကောင်သည် နှာမောင်းကို ဦးခေါင်းထက်သို့ မြှောက်ချီ၍ မက်ရေးအား ခရီးဦးကြိုပြုသည့်အသံကို ပေးလိုက်သည်။

သူသည် ဆင်နှစ်ကောင်ကို အခက်အခဲမရှိဘဲ ထူးခတ်နိုင်ခဲ့တော့သည်။ (၂၄)နာရီအတွင်းတွင် တောထဲသို့ မောင်းထုတ်ခံရသော ဆင်ဦးစီးများ ပြန်ရောက်လာကာ အခြားဆင်များကိုလည်း ပြန်၍ ထိန်းသိမ်းထားခဲ့လေသည်။

ပါရှန်၏တပ်မဟာသည် ဆာတို၏အနောက်ရန်တပ်ဌာနချုပ်ကို ဝင်ရောက်စီးမိပြီး ဂျပန်စစ်သားများအား လခထုတ်ပေးမည့် ငွေစက္ကူသေတ္တာများ စာရွက်စာတမ်းများပါသည့် သေတ္တာများနှင့် စစ်မြေပြင်တွင် အစွမ်းရှိလျှင် ရှိသလောက်ချက်ချင်း ချီးမြှောက်နိုင်ရန်အတွက် အသင့်လုပ်ထားသော ဆုတံဆိပ်များ ထည့်ထားသည့်သေတ္တာများကို ဖမ်းဆီးရမိသည်။

ဥခရယ်မြို့အထွက်တွင် လမ်းဘေး၌ လျှို့ဝှက်စွာ သိမ်းဆည်းထားသောထင်းရှူးသေတ္တာကြီးများကိုလည်း သိမ်းဆည်းရမိသည်။ သေတ္တာကြီးများကို ဖွင့်၍ကြည့်လိုက်သောအခါ အထုပ်ပင် မဖြေရသေးသော အသင့်စက်စက် ကြိုးမဲ့ကြေးနန်းစက်များ၊ ဆေးရုံတွင် အသုံးပြုသည့် မိုင်ကာရီ



www.burmeseclassic.com

www.burmeseclassic.com



စကုပ်မှန်ပြောင်းနှင့် အင်ဖာကို တိုက်ခိုက်သိမ်းယူပြီးစီးပါက ခရီးဝေး၍ ဂျပန်စစ်ဌာနချုပ်များနှင့် အဆက်အသွယ်လုပ်နိုင်သည့် တယ်လီပရင် တာစက်ကြီးများကို တွေ့ရတော့သည်။

ဂျပန်တပ်များ ထွက်ခွာသွားပြီးနောက် သံဂဟာတ်မြို့ကို ဝင်ရောက်သိမ်းပိုက်လိုက်သော ဘမ်းဖို့ ဦးစီးသည့်တပ်မှာမူ ဥခရယ်ထက် စိတ်ပျက်စရာကောင်းသော ပတ်ဝန်းကျင်နှင့် လာ၍တွေ့ရသည်။

တစ်မြို့လုံးတွင် လူသေအလောင်းကောင်များ၊ အမှိုက်သရိုက်များ အိုးအိမ်တိုက်တာ အပျက်အစီးများဖြင့် ပုပ်ဟောင်ရှုပ်ထွေးလျက်ရှိသည်။ မတ်လတွင်ဖြစ်ပွားခဲ့သော သံဂဟာတ်တိုက်ပွဲ အမှတ် (၅၀) လေထီးတပ်မဟာမှ ကျဆုံးကျန်ရစ်ခဲ့သူများ၏ အလောင်းများကို မြှုပ်နှံခြင်း၊ ဖယ်ရှားခြင်းမပြုဘဲ သည်အတိုင်း ဖြန့်ကြဲထားသည်ကို တွေ့ရ၏။

"နေဝင်မိုးချုပ် ကျမှ ကျုပ်တို့ဟာ သံဂဟာတ်ကို မောမောပန်းပန်းနဲ့ ရောက်သွားကြတယ်၊ ဒီညအဖို့ သံဂဟာတ်မြို့ရဲ့ ကာကွယ်ရေးကို စီစဉ်ညွှန်ကြားပေးပြီးတဲ့နောက် ကျုပ်လဲ မောမောနဲ့ အိပ်ရာဝင်ခဲ့တယ်၊ မိုးလင်းလို့အိပ်ရာကနိုးလာတော့ ကျုပ်အိပ်တဲ့ အိပ်ရာဘေးမှာ စင်းစင်းကြီးလဲနေတဲ့ လူ့အရိုးစုတစ်ခုကို တွေ့တော့တာပါပဲ. . .

မြို့ထဲကို လျှောက်ကြည့်လိုက်တော့ သစ်ပင်အုပ်တွေအောက်မှာ ရပ်ထားတဲ့ လော်လီကားအစီး (၅၀)လောက် တွေ့ရတယ်၊ ကျုပ်တို့ဆီက ရသွားတဲ့ ကားတွေပေါ့။ ဒီကားတွေကို လိုက်ပြီးစစ်ဆေးကြည့်လိုက်တော့ စက်ရော ဘော်ဒီရော ဘီးရော ဘရိတ်ရော အားလုံးအကောင်းပကတိဖြစ်နေတာကို တွေ့ရတယ်၊ ဂျပန်တွေဟာ ဓာတ်ဆီတစ်စက်မှ မရှိလို့ ဒီကားတွေကို ဒီအတိုင်းပစ်ထားခဲ့တာကိုး၊ ကျုပ်တို့မှာလဲ ဓာတ်ဆီဆိုလို့ တစ်စက်မှ ပါမလာတော့ သူတို့လိုပဲ ကျုပ်တို့လဲဒီအတိုင်းပစ်ထားခဲ့ရတာပေါ့"

သံဂဟာတ်ကို သိမ်းယူခဲ့သော ဘမ်းဖို့၏ဒိုင်ယာရီတွင် တွေ့ရသော နေ့စဉ်မှတ်တမ်းတစ်ခု. . .





တီးတိန်မြို့အနီးရှိ ရွာကလေးတစ်ရွာသို့ ရောက်လာခဲ့သော ဗိုလ်မှူးကြီးဆကူ၏ အမှတ် (၂၁၄)တပ်ဖွဲ့ အကြောင်းကိုလည်း ကိုယ်တွေ့မျက်မြင်ဖြစ်သော ဂျပန်စစ်သည်တော်တစ်ဦးက ပြန်ပြောင်း၍ ပြောခဲ့သည်။

"ဒီရွာမှာ ကျွန်တော်တို့ရဲ့ ထောက်ပို့တပ်ဖွဲ့တစ်ခု ရှိတယ်၊ ဒါပေမယ့် ဒီတပ်ဖွဲ့ရဲ့အခြေအနေကလဲ အတော့်ကို ယိမ်းယိုင်နေတယ်၊ တပ်ဖွဲ့ကို အုပ်ချုပ်နေတဲ့လူတွေက ကျုပ်တို့တစ်တွေကို ရိက္ခာထုတ်ပေးဖို့ အင်မတန်တွန့်တိုနေသလို နေရာထိုင်ခင်းပေးဖို့လဲ အင်မတန်ဝန်လေးနေတယ်၊ ခြေကုန်လက်ပန်းဖြစ်နေတဲ့ ကျုပ်တို့ကို နည်းနည်းမှ သဒ္ဓါပုံမရဘူး. .

တစ်ရွာလုံးမှာလဲ စစ်ပြေးတွေ၊ တပ်ပျက်ပြီး ကိုယ့်ဖာသာကိုယ် ဦးတည်ရာ ထွက်လာတဲ့လူတွေနဲ့ ပြည့်နေတာပဲ၊ ဒီလူတွေဟာ သူတို့ ဘယ်ကနေပြီး ဘယ်လိုလုပ် ရလာမှန်းမသိတဲ့ ပျော့ပြဲနေတဲ့ သစ်သီးတွေနဲ့ ဘာသားမှန်းမသိတဲ့ အသားတွေကို လိုက်လံရောင်းနေတယ်၊ ငွေရှိရင် ငွေပေး၊ ငွေမရှိရင် ဖောင်တိန်ပင်လို တန်ဖိုးရှိတဲ့ ပစ္စည်းတစ်ခုခုနဲ့ လဲမယ်လို့ ပြောနေကြတယ်. . .

စုတ်ပြတ်သတ်နေတဲ့ စစ်သားတစ်ယောက်က ဗိုလ်နဂနဲ့ တပ်ကြပ်ကြီးကိုကုရဆီကို ဘာသားမှန်းမသိတဲ့ အသားတွဲတစ်တွဲကို လက်ကဆွဲလာပြီး ယန်းဒင်္ဂါး (၂၀၀)နဲ့ ဝယ်ပါဆိုပြီး ရောင်းနေတယ်၊ ဘာအသားမှန်းတော့ ကျုပ်လဲမသိဘူး၊ ဒီအချိန်မှာပဲ ရွာအဝင်မှာ သတိလစ်ပြီး လမ်းဘေးမှာ လဲကျန်ရစ်ခဲ့တဲ့ ဗိုလ်နဂရဲ့ အကူအညီရဲဘော်ဟာ ထိတ်စရာကောင်းတဲ့ အဖြစ်မျိုးနဲ့ ရင်ဆိုင်တိုးခဲ့ရတယ်. . .

သူဟာ သတိပြန်လည်လာပြီး သူ့အိတ်ကို သူ စမ်းကြည့်မိလိုက်တော့ သူစုဆောင်းထားတဲ့ အဖိုးတန်ပစ္စည်းကလေးတွေ မှန်သမျှ ပြောင်သလင်းခါနေတာကို တွေ့ရတော့တယ်၊ သူ့ပစ္စည်းတွေကို ဒီရွာမှာရှိတဲ့ ထောက်ပို့တပ်ဖွဲ့က ငနဲသားတွေက လုယူသွားခဲ့တာကိုး. . .



www.burmeseclassic.com

www.burmeseclassic.com



သူဟာ အားနည်းနေသေးတာနဲ့ လဲနေရာက မထသေးဘဲ ဆက်ပြီး မှိန်းနေတယ်၊ ဒီအချိန်မှာ စောစောက ငနဲသားတွေ သူ့ဆီကို ပြန်လာတာတွေ့ရတယ်၊ သူ့ကို သေပြီလို့ အောက်မေ့ပြီး သူ့အသားကို လိုးယူမလို့ လာတာလားတော့ မပြောတတ်ဘူး၊ သူလဲ မှိန်းနေရာက ဖြုန်းခနဲထထိုင်လိုက်တော့မှ ငနဲသားတွေ ချာခနဲလှည့်ပြီး ပြန်သွားကြတော့တယ်"

ဤကဲ့သို့ ငတ်နေ ပြတ်နေ, နာနေ ဖျားနေ, ခဲယမ်းမီးကျောက်များ ရှားပါးနေသည့်ကြားထဲမှ၊ ကြည့်လေရာတိုင်းတွင် အရှုံးအဆုံး အပျက်အစီး အသေအပျောက်များကိုသာ မြင်နေရသည့်ကြားထဲမှ တိုက်ရင်းသေ သည်က မြတ်သည်ဟု ယူဆကာ နောက်မှလိုက်လာသော အင်္ဂလိပ်တ များအား ရှုပ်ရှုပ်ချွံချွံ ခုခံတိုက်ခိုက်ခဲ့သော အဖွဲ့ငယ်များ အများအပြား ရှိနေခဲ့၏။

မြန်မာပြည်လုံးဆိုင်ရာ စစ်နယ်မြေမှူးဖြစ်သူ ဗိုလ်ချုပ်ကြီးကဝါ နှင့် အမှတ် (၁၅)တပ်မတော်ကြီး၏ အကြီးအကဲဖြစ်သူ ဗိုလ်ချုပ်ကြ မတ္တာဂူချိတို့နှစ်ယောက်ကမူ *"အင်ဖာတိုက်ပွဲတွင်အရေးနိမ့်ခဲ့ပြီ"* ဟူသေ သတင်းစကားကို အလျဉ်းပင် မကြားလို။ ထို့ကြောင့်လည်း သူတို့နှ ယောက်သည် ဇူလိုင်လ (၁၀)ရက်နေ့သို့ ရောက်လာသည်အထိ အင်ဖ အခြေအနေကို စောင့်ကြည့်နေခဲ့ကြ၏။

ထိုနေ့တွင် အင်ဖာတိုက်ပွဲကို ဆက်၍တိုက်နေခြင်းဖြင့် မည်ကဲ့ မျှ အဓိပ္ပာယ်မရှိတော့သည်ကို ဗိုလ်ချုပ်ကြီး ကဝါဘီက ယုံကြည်လက် လာသည်။ ထို့ကြောင့် ဗိုလ်ချုပ်ကြီး မတ္တာဂူချိအား အင်ဖာတိုက်ပွဲတွ မိမိတို့ ရှုံးနိမ့်ခဲ့ပြီဖြစ်၍ အမှတ် (၁၅)တပ်မတော်ကြီးကို တီးတိန်လ ချင်းတွင်းလမ်းအတိုင်း ပြန်လည်ဆုတ်ခွာလာရန် အမိန့်ထုတ်ပြန်ပါ ဗိုလ်ချုပ်ကြီးကဝါဘီက ညွှန်ကြားလိုက်ရသည်။ မတ္တာဂူချိသည် ဤညွှ ကြားချက်ကိုရသော်လည်း နောက်ထပ် ဆယ်ရက်ကြာသည်အထိ အခ ဆွဲထားကာ ဇူလိုင်လ(၂၀)ရက်နေ့တွင်မှ ဆုတ်မိန့်ပေးလိုက်လေသည်





ကြမ်းမှာငင်သော "ယူစစ်ဆင်ရေး" အင်ဖာထိုးစစ် အဆုံးသတ်တွင် ဂျပန်ထိပ်တန်း စစ်ဦးစီးများအဖွဲ့၌ ရာထူးအပြောင်းအလဲ များစွာဖြစ်ခဲ့သည်။ အထူးသဖြင့် ဗိုလ်ချုပ်ကြီးကဝါဘီနှင့် မတ္တာဂူချိတို့ နှစ်ယောက်သည် သူတို့၌ာနချုပ် အမှုဆောင်အရာရှိများနှင့်အတူ ရာထူးမှ ရပ်နားခြင်းကို ခံကြရတော့၏။

ဤအချိန်တွင် အမှတ် (၁၄)တပ်မတော်၏ ဦးစီးဗိုလ်ချုပ်ကြီးဖြစ်သော ဆလင်းသည် မြန်မာပြည်ထဲသို့ ထိုးစစ်ဆင်၍ ဝင်ရောက်ရန်နှင့် ရာဇဝင်တွင် စာတင်လောက်သော မန္တလေးသိမ်းပွဲကို ဆင်နွှဲရန် ပြင်ဆင်လျက်ရှိနေပေပြီ။

ဗိုလ်ချုပ်ကြီးစကွန်း၏ အမှတ်(၄)တပ်မကြီးနှင့် ကိုဝင်၏အမှတ် (၁၇)တပ်မ၊ ရောဘတ်၏ (၂၃)တပ်မတို့ကို အိန္ဒိယပြည်မကြီးသို့ပို့၍ အစားဝဝကျွေးကာ အနားလှလှပေးထားပြီး ဗိုလ်ချုပ်ကြီးစတော့ဖို့၏ အမှတ် (၃၃)တပ်မကြီးအား စစ်ရှင်နေသော အမှတ် (၁၁) အရှေ့အာဖရိကတပ်မကို စုစ်ကူပေးလျက် ဆုတ်ခွာနေသော ရန်သူများ ပြန်လည်စုရုံးခြင်းမလုပ်နိုင်မီ နောက်မှ ထက်ကြပ်မကွာလိုက်၍ တိုက်နေစေသည်။

အမှတ် (၅)တပ်မသည် တီးတိန်လမ်းအတိုင်း ဆုတ်ခွာနေသော အထိနာပြီးဖြစ်သည့် ဂျပန်တို့၏ အမှတ် (၃၃)တပ်မကို လိုက်လံတိုက်ခိုက်နေပြီး၊ ကဘော်ချောင်တွင်မူ အမှတ် (၁၁) အရှေ့အာဖရိကတပ်မသည် ရန်သူများအား ကလေးဝသို့အရောက် မောင်းထုတ်နေပေပြီ။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

## (၂၆)

ရေရှည်ဆွဲ၍ တိုက်ရသော တိုက်ပွဲကြီးတစ်ခုမျိုးနှင့် တပ်ဖွဲ့ပေါင်းများစွာပါဝင်၍ တိုက်ခိုက်ရသော တိုက်ပွဲကြီးတစ်ခု၌ ထိခိုက်သူဒဏ်ရာရသူ ကျဆုံးသူများ၏စာရင်းကို ခရေစေ့တွင်းကျ ကောက်၍ ရနိုင်ကောင်းသည်ကား မဟုတ်ချေ။

သို့သော် တိကျသေချာသော စာရင်းတစ်ရပ်ကား အင်ဖာစစ်မျက်နှာမှ ဆုတ်ခွာရလေသော ဂျပန်တို့၏ အမှတ် (၁၅)တပ်မတော်ကြီးသည် ချင်းတွင်းသို့ရောက်သည့်အချိန်၌ အင်ဖာထိုးစစ်ကြီးကို စတင်ဆင်နွှဲစဉ်က ပါဝင်ခဲ့သော လူအင်အား၏သုံးပုံတစ်ပုံမျှသာလျှင် ကျွန်းကျန်းမာမာနှင့် ကျန်ရှိတော့သည်ဟူသော စာရင်းပင်ဖြစ်၏။

အင်ဖာစစ်မြေပြင်တွင် တိုက်ခိုက်ရင်းသေသူ၊ ဒဏ်ရာရပြီးမှ သေသူနှင့် ဖျားနာ၍ သေသူများမှာ ၃၀၀၀၀ (သုံးသောင်း)အထိ စာရင်းတက်နေပြီး ဆုတ်ခွာရာတွင် ဖျားနာ၍သော်လည်းကောင်း၊ ဒဏ်ရာရ၍သော်လည်းကောင်း၊ သေဆုံးသူများနှင့်လည်းကောင်းပေါင်းလိုက်လျှင် (၅၀၀၀၀) (ငါးသောင်း)အထိ စာရင်းတက်လာသည်။

ရန်သူ့လက်မှ ဖမ်းဆီးရမိသော တင့်ကားများ၊ သေနတ်များနှင့် အခြားစစ်လက်နက်ကိရိယာများ၏ စာရင်းမှာလည်း များပြားလှသည်။

သို့သော် ဖမ်းဆီးရမိသော သုံ့ပန်းစာရင်းမှာကား မယုံကြည်နိုင်လောက်အောင် နည်းပါးလှချေသည်။





ဤအချက်သည် စရိုက်ကြမ်းကြမ်းနှင့် မိုက်မိုက်ကန်းကန်း တိုက်တတ်သော ဂျပန်စစ်သားတို့၏ဗီဇကို သက်သေခံလျက်ရှိချေသည်။

ဂျပန်တို့ဘက်မှ အသေအပျောက်နှင့် အင်္ဂလိပ်နှင့် အိန္ဒိယစစ်သားများ၏အကျအဆုံးကို နှိုင်းချိန်လိုက်လျှင် အင်္ဂလိပ်နှင့် အိန္ဒိယတို့ဘက်မှ အကြောင်းအမျိုးမျိုးကြောင့် အင်ဖာလွင်ပြင်တစ်ခုတည်းတွင် အသက်ပျောက်ခဲ့ရသူများမှာ ၁၃၀၀၀ (တစ်သောင်းသုံးထောင်) ရှိသည်။

အင်္ဂလိပ်တို့ဘက်မှ ဤမျှ အကျအဆုံး နည်းပါးရခြင်းမှာ ဆေးဝါးကုသမှုအစီအစဉ် ကောင်းမွန်ခြင်း၊ ဆေးမှူးနှင့် ဆေးတပ်သားများ၊ ဆရာဝန်ဆရာမများ၏ အပြုအစု အကုအသ ကောင်းမွန်ခြင်းနှင့် စစ်မျက်နှာတိုင်းတွင် ဒေသအလိုက် ရာသီအလိုက် ဖြစ်ပေါ်တတ်သော ရောဂါများကို ကြိုတင်ကာကွယ်ထားသောကြောင့်ပင် ဖြစ်၏။

ဤကဲ့သို့သော ကြိုတင်ကာကွယ်မှုများ ပြုလုပ်မထားပါက ဖျားနာ၍ သေဆုံးသူ လူဦးရေစာရင်းသည် ပြောမပြနိုင်လောက်အောင် တိုးတက်များပြားလာဖွယ်ရှိသည်။

လေးလတိုင်တိုင် တိုက်ခိုက်ခဲ့ရသော အင်ဖာတိုက်ပွဲကြီးကို ယခုအချိန်တွင် ပြန်ပြောင်းသုံးသပ်ကြည့်လိုက်ပါက မော်ကွန်းတင်ထိုက်သော၊ စံနမူနာယူလောက်သော အချက်အတော်များများကို တွေ့ရမည်ဖြစ်၏။

ဘုရင့်လေတပ်မတော် အိန္ဒိယလေတပ်နှင့် အမေရိကန်လေတပ်မတော်တို့၏ အကူအညီသာ မပါဝင်ခဲ့ပါက အင်ဖာတိုက်ပွဲ၏ အရှုံးအနိုင်သည် ယခုကဲ့သို့ ဖြစ်ချင်မှဖြစ်လာမည်ဟူသော အချက်ကို ပထမဦးဆုံး မော်ကွန်းတင်ထိုက်သည်။ ဤလေတပ်သုံးခုသည် ဂျပန်တို့၏ လေတပ်မတော်ကို အင်ဖာတိုက်ပွဲတွင် ပါဝင်မလာနိုင်အောင် ဟန့်တားတိုက်ခိုက်နိုင်ခဲ့သည်သာမက အင်ဖာတွင် အဝိုင်းခံနေရသော ဗိုလ်ချုပ်ကြီးစကွန်း၏အမှတ်(၄)တပ်မကြီးကိုလည်း လေးလတိုင်တိုင် အခက်အခဲ အကြောင့် အယှက် အမျိုးမျိုးကြားမှ ရိက္ခာနှင့်ခဲယမ်းများကို ပို့ပေးနိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် အလွန်အရေးကြီးသောအချိန်၌ ရခိုင်စစ်မျက်နှာမှ အမှတ်(၅)တပ်မအား ဗိုလ်ချုပ်ကြီးစကွန်းထံသို့ အချိန်မီစစ်ကူပေးနိုင်ခဲ့သည်၊ စစ်မြေပြင်မှ တိုက်ခိုက်ရေးတပ်များကို အနီးကပ်၍ အကူအညီပေးကာ ရန်သူ၏ ဆက်သွယ်ရေးလမ်းကြောင်းများကို ဖုံးကြတိုက်ခိုက်ဖျက်ဆီးခဲ့သည်။ အင်ဖာကိုသိမ်းရန် ဝက်ခေါင်းထိုး ချီတက်လာသော ရန်သူ့တပ်များအား အချိန်ဇယားမကိုက်ဘဲ မျှော်လင့်ချက်စိတ်ဓာတ် နည်းပါးသွားအောင်စစ်ရေးငင်နိုင်ခဲ့သည်။

ဒုတိယအချက်အဖြစ် မော်ကွန်းတင်ထိုက် စံနမူနာယူထိုက်သူမှာ ဂျပန်စစ်သားများပင် ဖြစ်သည်။

ဂျပန်တို့က စစ်မကြေညာဘဲ စတင်တိုက်ခိုက်ပုံ၊ ဖမ်းဆီးရမိသော သုံ့ပန်းများအပေါ်တွင် လူမဆန်သောအပြုအမူတို့ဖြင့် ဆက်ဆံပုံတို့ကို ကြည့်၍ ဂျပန်များအပေါ်တွင် ကမ္ဘာကြေသော်လည်း ဥဒါန်းမကြေ ဖြစ်နေသူပင်ဖြစ်လင့်ကစား ဂျပန်တို့၏ ဇွဲကြီးမားသော တိုက်ရည်ခိုက်ရည် ဇွဲသတ္တိတို့ကိုကား မချီးကျူးဘဲ နေနိုင်မည်မဟုတ်။

*စစ်မြေပြင်တွင် သေရခြင်းကို သူတို့က ပြင်းထန်သော ခံယူချက်တစ်မျိုးဖြင့် ရင်ဝယ်ပိုက်ထားလျက်ရှိရာ သူတို့သည် ချေမှုန်းရန် အခက်ခဲဆုံးသော ရန်သူဖြစ်လာရတော့သည်။*

ဂျပန်စစ်သည်တော်များသည် အစာရိက္ခာလည်း မလုံလောက်၊ လက်နက်ချင်းလည်းမတူ၊ လေတပ်အကူအညီလည်း လုံးဝမရပါဘဲလျက် သူတို့၏ထူးချွန်သော တိုက်ရည်ခိုက်ရည်ဇွဲသတ္တိတို့ကြောင့် ကမ္ဘာပေါ်တွင် မည်သည့်တပ်မတော်မှ စွမ်းဆောင်နိုင်မည်မဟုတ်သော အင်ဖာထိုးစစ်ကဲ့သို့သော တိုက်ပွဲကြီးမျိုးကို တိုက်ခိုက်နိုင်ခဲ့သည်။

တတိယအချက် မှတ်သားသင့်သည်မှာ ဤမြန်မာပြည်စစ်မျက်နှာသည် ကမ္ဘာအရပ်ရပ်ရှိ မည်သည့်စစ်မျက်နှာမျှနှင့်မတူသော နယ်မြေအနေအထား၊ ပထဝီအနေအထားရှိသည်ဆိုသောအချက်ပင် ဖြစ်သည်။





အနောက်ဘက် သဲကန္တာရစစ်မျက်နှာတွင် တင့်ကားများနှင့် မော်တော်ယာဉ်များ လွယ်ကူစွာ လှုပ်ရှားနိုင်သည်။ ရောဂါဘယလည်း အနည်းငယ်သာ ရှိသည်။ ရာသီဥတုလည်း ဆိုးရွားသည်ဟု မဆိုနိုင်။ သဘာဝအရဖြစ်ပေါ်နေသော အခက်အခဲမှာ ရေရှားပါးမှုတစ်ခုသာ ရှိသည်။

ဥရောပစစ်မျက်နှာတွင်လည်း ပထမတန်းစားလမ်းများ၊ ရထားလမ်းများနှင့် လေယာဉ်ကွင်းများရှိသည်။ တိုက်ပွဲများမှာ ကြီးကျယ်သော မြို့ကြီးပြကြီးများ၊ အုတ်ဖြင့် ဆောက်လုပ်ထားသည့် အဆောက်အအုံများရှိသော ရွာကြီးများ၊ ကျယ်ပြန့်သော လယ်ကွင်းပြင်များတွင် တိုက်ရသော သွေးချောင်းစီးပွဲများဖြစ်သည်။

တိုက်ပွဲများတွင် ပါဝင်တိုက်ခိုက်ရသော စစ်သားအများစုမှာ မိမိတို့ရပ်ရွာနှင့် ပတ်ဝန်းကျင်ချင်း၊ ဓလေ့ချင်းတူနေသော နယ်မြေသို့ ရောက်နေရသဖြင့် စိတ်သက်သာရာရသည်။ ရာသီဥတုချင်းကလည်း တူညီနေသောကြောင့် ရာသီဒဏ်ကို ထူးထူးခြားခြား ခံစားရခြင်း မရှိ။

ထို့ပြင် မိမိ ရောက်ရှိနေသော စစ်မျက်နှာမှာ မိမိတို့ ပြည်ရွာနှင့် နီးသဖြင့် ဒဏ်ရာရသည့်အခါ ဖျားနာနေသည့်အခါ အိမ်သူအိမ်သားများထံ အလွယ်တကူ သွားရောက်လည်ပတ်နိုင်သည်။

မြန်မာပြည်စစ်မျက်နှာတွင်ကား အားလုံးလိုလို ပြောင်းပြန်ဖြစ်တော့၏။ မြန်မာပြည်သည် စစ်သည်တော်များ၏ ကိုယ့်ရပ်ကိုယ့်ဌာနီနှင့် ကွာဝေးလွန်းလှသည်။

မြောက်မှတောင်သို့ ပြေးနေသော တောင်စဉ်တောင်တန်းများ၊ စွတ်စိုထိုင်းမှိုင်းသော တောကြီးများ၊ တံတားဖြတ်ထိုးထားခြင်းမရှိသော မြစ်ကြီးများနှင့် ရွှံ့နွံအိုင်များက စစ်တပ်များ တင့်ကားများ၏အလွယ်တကူ လှုပ်ရှားမှုကို ချုပ်ကိုင်ထားကြသည်။

ထို့ကြောင့်လည်း စစ်ဆင်ရေးတစ်ခု ပြုလုပ်တော့မည်ဆိုပါလျှင် လမ်းကို ကြို၍ဖောက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ပြေးလမ်းကြောင်းများကို ဆောက်ရသည်။ စစ်သည်တော်များနေထိုင်ရန် တဲတန်းလျားများ၊ ဆေးကုရန် ဆေးရုံများ၊ ပစ္စည်းများဝယ်ယူရရှိနိုင်မည့် စတိုးဆိုင်ကြီးများကို တည်ထောင်ရသည်။

နေ့စဉ်နှင့်အမျှ အသက်ကိုစွန့်၍ တိုက်ခိုက်နေရသော အင်္ဂလိပ်ကြည်းတပ်သားများ၊ လေတပ်သားများမှာ ယဉ်ကျေးမှုချင်း မလေ့ချင်းမတူသော တစ်နိုင်ငံ မြိုင်ယံခြားတွင် နေရရုံမက လူမရောက် သူမပေါက်သော တောကြီးမျက်မည်းတွင်နေရပြီး လပေါင်းများစွာကြာသည်အထိ မျက်နှာဖြူ အမျိုးသမီးတစ်ယောက်ကို တွေ့ရမြင်ရ စကားပြောရသည့် အခွင့်အရေးမျိုး မရှိခဲ့။

ထို့ပြင် မိုးတွင် စိုစွတ်၍ နွေတွင် ပူပြင်းလှသော ရာသီဥတုဒဏ်ကိုလည်း ခါးကော့၍ ခံနေရသည်။ အရှေ့တိုင်းမှ တိုင်းပြည်တစ်ပြည်ဖြစ်သည်နှင့်အညီ ရောဂါဘယ ထူပြောလိုက်သည်မှာလည်း ပြောစရာမရှိ။ အင်ဖာတိုက်ပွဲမှာ အသက်နှင့်အပျက်အစီးကို လောင်းကြေး အဖြစ် အလယ်တွင်ထား၍ ကြွေအံ့ကစားရသောတိုက်ပွဲဖြစ်ရာ ရှုံးသူအဖို့ အဖတ်ဆယ်မရသော အပျက်အစီးနှင့်သာ ရင်ဆိုင်တိုးရမည်မှာ ဧကန်မုချပင်ဖြစ်သလို နိုင်သူအဖို့ကလည်း ဆုလာဘ်အနေဖြင့် မှတ်တိုင်သစ်တစ်ခု ထူထောင်နိုင်မည့် ကံကောင်းမှုမှာ ဒွေးသချာနေတော့သည်။ အကယ်၍သာ အင်ဖာတိုက်ပွဲ၏ နိဂုံးကမ္ပတ် အဆုံးအသတ်သည် ယခုအတိုင်းမဟုတ်ဘဲ ပြောင်းပြန်ဖြစ်၍ နေပါက အရှုံး၏တန်ပြန်ချက်မည်မျှပြင်းထန်မည်ဟု ခန့်မှန်း၍မရနိုင်အောင် ရှိတော့သည်။

အရှေ့တောင်အာရှတွင် မဟာမိတ်တို့၏ ဂုဏ်သိန်နှင့် စိတ်ဓာတ်သည် အောက်ဆုံးသို့ ကျသွားပြီး အိန္ဒိယပြည်ကြီး၏လုံခြုံရေးသည်လည်း အလွန်စိုးရိမ်ဖွယ်ကောင်းသည့်အခြေသို့ ရောက်သွားတော့မည်ဖြစ်သည်။

အကယ်၍သာ ဂျပန်တို့၏ အမှတ် (၁၅) တပ်မတော်ကြီးသည် မိမိ၏တပ်များအား ရိက္ခာလုံလုံလောက်လောက် ပေးပို့နိုင်ခဲ့သော် ဂျပန်တပ်များသည် အနောက်သို့ ဆက်လက်ချီတက်နိုင်ကာ ကြံရွယ်ထားသော မဟာအာရှစီမံကိန်းကြီးကို အကောင်အထည်ဖော်နိုင်ပါမည်လား။





မြန်မာပြည်အား ထိုးစစ်ဆင်၍ ပြန်လည်သိမ်းယူရန် အစီအစဉ်သည်လည်း ဥရောပတွင် မဟာမိတ်များက စစ်အောင်နိုင်သည့်အချိန်ထိ စောင့်ဆိုင်းနေရလေမည်လား။

ဤကား တွေးတောချက်မျှသာပါတကား။

ဂျပန်တို့ အင်ဖာတွင် အရှုံးကြီးရှုံးရခြင်းမှာ စစ်သမိုင်း၌ ရာဇဝင်အရိုင်းဆုံးသော ဆုံးရှုံးမှုကြီးအဖြစ် မှတ်တမ်းတင်ရပေတော့မည်။

အင်ဖာတွင် ဂျပန်တို့ အရှုံးကြီးရှုံးခြင်းမှာ မြန်မာပြည်ရှိ ဂျပန်တပ်ကြီး၏ကျောရိုးကို ရိုက်၍ အချိုးခံလိုက်ရသလို ဖြစ်သွားပေပြီ။

ဂျပန်အမျိုးသားတို့ ရှေးသူဟောင်းတို့ ဆိုရိုးပြုခဲ့သော စကားပုံတစ်ခုရှိခဲ့၏။

*"ကြူတို ဒါဘိ"*

ဤစကားပုံကို ဘာသာပြန်ဆိုလိုက်လျှင် "နဂါးခေါင်းနှင့် မြွေအမြီး"ဟူသော အနက်ရသည်။ ဤအနက်အဓိပ္ပာယ်ကို - အင်ကြီးအားကြီးဖြင့် အစပြုခဲ့သောအလုပ်တစ်ခုသည် နောက်ဆုံးပိတ်၌ အဖျားရှူးသွားလေသည်တကားဟု ဝိတ္ထာရချဲ့ရမည်ဖြစ်သည်။

ဟုတ်ပါ၏။ အင်ဖာထိုးစစ်ကြီးသည် အစပထမက နဂါးအမောက်လို တထောင်ထောင် ရှိခဲ့သလောက် နောက်ဆုံးပိတ်တွင် မြွေအမြီးကဲ့သို့ အဖျားရှူးသွားခဲ့ရသည် မဟုတ်ပါလား။

**တက္ကသိုလ်နန္ဒမိတ်**

www.burmeseclassic.com

www.burmeseclassic.com



## ဇေယျာမြေစာပေတိုက်မှ မှာယူရရှိနိုင်သော စာအုပ်များ

၁။ လူမှုဆိုး၊ ကျားမှုဆိုးနှင့် တောကြီးမာယာဖြစ်ရပ်ဆန်းများ
မင်းရဲကျော် (စာပေဗိမာန်ကဗျာစာပေဆုရှင်) ၃၅ဝိ/-

၂။ အဆိပ်သင့်သွားသောအချစ်နှင့် ထောင်တွင်းတွေ့ကြုံဇာတ်လမ်းစုံ
ဘသက်ဆွေ (ထောင်မှူးဟောင်းစာရေးဆရာ) ၄၅ဝိ/-

၃။ သာမညတောင်ခြေနှင့်နိမိတ်အမြင် ဦးညွှန့်လှိုင်(ကြို့ပင်ကောက်)၄ဝဝိ/-

၄။ ချစ်လွန်းလို့ကြံမိသူ .... သော်တာဆွေ ၄ဝဝိ/-

၅။ ဘဝ, အချစ်နှင့်အိမ်ထောင်ရေး
အောင်မြင်မှုလျှို့ဝှက်ချက်များ ... ဘနင်း ၃၅ဝိ/-

၆။ ကြံကြီးစည်ရာ .... မောင်ပေါ်ထွန်း ၁၂ဝဝိ/-

၇။ သစ္စာစွမ်းအင်နှင့် စွမ်းအားထက်မြက်ယတြာများ
ဦးညွှန့်လှိုင် (ကြို့ပင်ကောက်) ၃၅ဝိ/-

၈။ ကြက်ငိုကာ ... သော်တာဆွေ ၁ဝဝဝိ/-

၉။ ဓလွန်ပြည်တော်ပြန်ဘုရားကြီး၏ဗုဒ္ဓပူဇာတ္တိနှင့်ဘုန်းတော်ကြီး
ဦးသီလ၏အံ့မခန်းသောဖြစ်ရပ်များ. . မာမက(သုတေသီ) ၄ဝဝိ/-

၁ဝ။ သင် ကုဋေကြွယ်သူဌေးကြီးဖြစ်ချင်သလား ဆွေမြင့် ၄ဝဝိ/-

၁၁။ ထူးဆန်းသောစုန်းကောင်နှင့် မှုဆိုးများ . . ကိုပိုက် ၅ဝဝိ/-

၁၂။ အရိုမေတ္တေယျမြတ်စွာဘုရား. . . နန္ဒာမိုးကြယ် ၅ဝဝိ/-

၁၃။ မြန်မာပြည်စစ်မြေပြင် . . . တက္ကသိုလ်နန္ဒမိတ် ၃၅ဝိ/-

၁၄။ မြန်မာပြည်မြောက်ဖျားမှ နဂါးမီးတောက်နှင့်
ထူးဆန်းအံ့ဖွယ် မုဆိုးဘဝဖြစ်ရပ်မှန်များ . . ဖိုးကျော့ ၆၅ဝိ/-

၁၅။ ချစ်သောသိင်္ဂီနှင့် ဂန္ထဝင်ရသစာစုများ သော်တာဆွေ ၇ဝဝိ/-

၁၆။ အမုန်းအလိုမရှိ . . မင်းလူ ၇ဝဝိ/-

၁၇။ မုဆိုးနှင့်ကျားနာ မာယာကတောကြီးနှင့်
လျှို့ဝှက်ဆန်းကြယ်မုဆိုးဝတ္ထုတိုများ . . မင်းရဲကျော် ၇ဝဝိ/-

၁၈။ ကျွန်တော်ဖော်ထုတ်ခဲ့သော ကိုယ်တွေ့ဖြစ်ရပ်မှန်
မှုခင်းများ . . . မောင်သက်နှင်း (မ/ဥ) ၆ဝဝိ/-

၁၉။ ကျားဘီလူးနှင့်တောကြီးဝက်ပါ . . . ဖိုးကျော့ ၆၅ဝိ/-





ဇေယျာမြေစာပေတိုက်မှ မှာယူရရှိနိုင်သော စာအုပ်များ

၂ဝ။ ခန်းဆောင်နီအိပ်မက်. . . ဆွေမြင့် ၆ဝဝိ/-

၂၁။ ဝက်ပါတောတွင်းဖြစ်ရပ်ဆန်းနှင့်မုဆိုးများ . . . ကိုပိုက် ၅၅ဝိ/-

၂၂။ ဖျားစွဲသောမှတ်ဆိတ် . . . သော်တာဆွေ ၆ဝဝိ/-

၂၃။ မျက်လှည့်ဘုံမှရင်ခုန်စရာများ . . . ချန်ပီယံတင်ညွှန့်. ၅ဝဝိ/-

၂၄။ သံယောဇဉ်အဖွဲ့ . . . မင်းလူ ၈ဝဝိ/-

၂၅။ အချစ်ရောင်ရင့်ရင့် . . . နေနော် ၇၅ဝိ/-

၂၆။ မုဆိုးနှင့်သားကောင် . . . မောင်မြင့်မား (ဘိုကလေး) ၆၅ဝိ/-

၂၇။ ဘဝဟောင်းကချစ်သူ . . . စုလတ်မောင် ၇ဝဝိ/-

၂၈။ ပိပိရိရိ . . . မောင်ပေါ်ထွန်း ၁၆ဝဝိ/-

၂၉။ ချစ်အဏ္ဏဝါကြောဝယ် . . . သော်တာဆွေ ၉ဝဝိ/-

၃ဝ။ နေလောင်ပန်းတစ်ပွင့်၏သမိုင်း . . . နေနော် ၈ဝဝိ/-

၃၁။ ခပ်သိမ်းသောမြစ်တို့ကဲ့သို့ . . . ဖိုးကျော့ ၈ဝဝိ/-

၃၂။ အလွမ်းကန္တာတောကန္တာ . . . ဖိုးကျော့ ၈ဝဝိ/-

၃၃။ သေမင်းတမန်လမ်းပေါ်ဝယ် . . . လင်းယုန်သစ်လွင် ၁ဝဝဝိ/-

၃၄။ ကညင်မြောင်ကဆင်ပြောင်ကြီး . . . မင်းရဲကျော် ၇ဝဝိ/-

၃၅။ ချစ်ပန်းပွင့် . . . ရွှေဥဒေါင်း ၁ဝဝဝိ/-

၃၆။ မာနစစ်ပွဲ . . . စုလတ်မောင် ၆၅ဝိ/-

၃၇။ ဘုရားနီပုရပိုက်နှင့်လျှို့ဝှက်ဆန်းကြယ်. . ကျော်မင်းနိုင် ၆ဝဝိ/-

၃၈။ တစ်ချက်မှားတော့တစ်သက်မုဆိုးများ. . ကိုပိုက် ၇၅ဝိ/-

၃၉။ လေပြင်းခြွေတဲ့နွေ . . . နေနော် ၉ဝဝိ/-

၄ဝ။ လူသားစားမိကျောင်းနှင့်မုဆိုးတိုက်ပွဲများ . . . ဖိုးကျော့ ၇၅ဝိ/-

၄၁။ ဂမ္ဘီရဆရာကြီးတောင်ဝှေးဘိုးကျော်နှင့်
အံ့မခန်းဖြစ်ရပ်ဆန်းများ . . . တပ်ကြပ်ကြီးမောင်ကို ၇ဝဝိ/-

၄၂။ မိုရှေးဒါယန်၏အာရပ်အစ္စရေးလ်
စစ်ပွဲမှတ်တမ်း. . . . အထောက်တော်လှအောင်

၄၃။ တျောက်ဘီလူးတောင်ခြေ တောခြောက်မြေ မင်းရဲကျော် ၇ဝဝိ/-



www.burmeseclassic.com